
www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ | – | ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀) |
| အဖုံးပုံနှိပ်သူ | | ရွှေရောင်လင်းပုံနှိပ်တိုက် |
| | | အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ |
| | | ဝုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၁၃ ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
သိပ်ချစ်တယ် မောင်/ သျှင်မ၊ –ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၃။
၃၈၈ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သိပ်ချစ်တယ် မောင်




### အခန်း(၁)

"ဩော် .. ပန်းသခင် ပါ ဆိုမှ ..၊ ပန်းတို့ရဲ့သခင်ပေါ့ .."

"ကြီးကြီးကျယ်ကျယ် .."

"အင်း .. အဲဒီလို မှဲ့ရွဲ့ပြောကြတဲ့ အချောအလှလေးတွေပါပဲ"

"ဘာဖြစ်လဲ .."

"ကိုယ့်ကိုယ်ကိုယ်တော့ မာနတွေကြီးလှပြီ ထင်နေတာလေ ..၊ ပြီးတော့လည်း ပန်းသခင် နဲ့ တွေ့ရင် ပါသွားတာပဲ"

"ဟွန်း .. ပါစရာအကြောင်းကို မရှိဘူး .."

သုံးယောက် လှမ်းလာကြသည့် ခြေလှမ်းတွေက ညီသည်။ ကန်ပေါင်တစ်လျှောက်မှာ ထိုင်ထသွားလာနေကြသောလူတွေကို ကြည့်မိလိုက်တာလည်း ရှိ ..၊

အမှတ်တမဲ့ ကျော်ဖြတ်ခဲ့တာလည်းရှိကာ နှင်းဆီနက် ၏မျက်လုံးတွေကတော့ ကိုယ့်ကိုယ်ကိုယ်မှလွဲ၍ ဘာကိုမှ စိတ်ဝင်တစား ကြည့်ခဲ့သည် မရှိ ..။

ကိုယ့်ကိုယ်ကိုယ်မှလွဲလျှင် တစ်လောကလုံး ဘာဖြစ်နေနေ စိတ်မဝင်စားတတ်သော ..၊ အနက်ရောင်တွေကို ထင်းနေအောင် အမျိုးမျိုးဝတ်ဆင်၍ ပေးလောက်အောင်လည်း လှသော ..၊



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီနက် ဆိုသည့် သူမအတွေးထဲမှာ လောလောဆယ် စိတ်ဝင်စားစရာ ဖြစ်နေသည်က ပန်းသခင် ဆိုသည့် ယောကျ်ား ...၊

"တွေ့လား .. အကြောင်းမရှိပါဘူးဆိုပြီး တစ်ခါတည်း ငြိမ်ကျသွားတာ .. မပါလို့ ထင်တယ်နော် .."

"ခစ် .. ခစ် .. ခစ် ..."

"မြ နော် .. ဒီလောက် စနေရင်တော့ ဆွဲဆိတ်မိတော့မှာ .."

"မလုပ်ပါနဲ့ .. ဒီက အသားထိရင် အသံဗြဲနဲ့ အော်တတ်လို့ပါ"

မြမြဖူး က ပြောရင်းနဲ့ နှင်းဆီနက် ကို ပခုံးချင်းတိုက်လိုက်ပြီး ရယ်သည်။ သူမ ဘေးကို ခြေတစ်လှမ်းစာ ယိုင်ထွက်သွားစဉ် ...

"ဖက် .."

"အို!..."

ထဘီအနားစနှင့် ခြေဖမိုးဖွေးဖွေးလေးပေါ်ကို ကွမ်းတံတွေးတွေ စင်ကျလာတာ ရဲခနဲ ...၊

"ဟာ!... ဆောရီး .. ဆောရီးနော် .."

ဖိုင်တစ်ထပ်ကိုကိုင်၍ ဖျတ်ခနဲ ခုန်ထလာသည့်လူကို မြင်လိုက်သည်နှင့် နှင်းဆီနက် မျက်နှာလေး တင်းသွား၏။

"ပန်းသခင် .."

"ဩော် .. တို့ကို သိနေတာလား .. ကောင်းတာပေါ့၊ ထပ်တောင်းပန်ပါတယ် .. ဆောရီးနော် .."

ထလာခြင်း၊ တောင်းပန်ခြင်းကို ပျာပျာသလဲ ဖြစ်နေကာ နှင်းဆီနက် ကိုတော့ သခင် က စေ့စေ့တောင် မကြည့်ပါ။ ပြီးတော့ ကိုင်ထားသည့်ဖိုင်ထဲက စာရွက်တစ်ရွက်ကို ဆွဲဆုတ်ယူလိုက်ပြီး လက်ထဲမှာ လုံးချေ၍ ...

"ပြန်သုတ်ပေးမယ် .."

လို့ပြောကာ သူမရှေ့မှာ ခြေဖျားထောက်ထိုင်ချလိုက်၏။ ယောကျ်ား





လေးအုပ်စုရော .. မြမြဖူး နဲ့ သက်တံနွေ တို့ရော ရုတ်တရက် ကြောင်တောင်တောင် ကြည့်နေမိကြ၏။

တိုက်ဆိုင်နေတာက အနက်ရောင်ကြိုက်သည့် နှင်းဆီနက် ၏ ကိုယ်မှာ ငွေခြည်ဖောက် ဇာအနက်ဝတ်စုံက ပြောင်လက်လက် ပျော့ပျော့လေးရှိနေကာ သခင့် ကိုယ်ပေါ်မှာလည်း ဘောင်းဘီရှည်အနက်နှင့် ဝတ်ထားသည့် ရှပ်အင်္ကျီက သက်တံရောင်တွေ ပြေးနေသလိုမျိုး အနက်ရောင် ...။

ခြေဖမိုးပေါ်က ကွမ်းတံတွေးကို သုတ်ပေးနေတာပေမယ့် လူစည်ကားနေသည့် ကန်ပေါင်လမ်းမှာ ရုတ်တရက်မြင်လျှင် ရှေ့မှာ ဒူးတုပ်နေတာလိုလို ...၊ ဖိနပ်ငုံ့စီးပေးနေသလိုလို ...။

နှင်းဆီနက် က တစ်ကိုယ်လုံး နက်မှောင်နေသည့် သူ့ကို အပေါ်စီးက ငုံ့မိုးကြည့်၍ လှလှပပလေး ပြုံးသည်။ ခုပဲ ပြောနေသေးတာ သူ့အကြောင်း ...၊

"ရှင် တမင်တကာ လုပ်တာတော့ မဟုတ်ပါဘူးနော် .."

မေးလိုက်တော့ သူက ဖျတ်ခနဲ မော့ကြည့်သည်။ ပြီးတော့ စက္ကူစုတ်ကို လွှင့်ပစ်လိုက်ပြီး ထရပ်ကာ ...

"အဲဒီလို ထင်စရာ ဖြစ်သွားလား .."

"ဟုတ်တယ် .."

သခင် က ပခုံးတစ်ချက်တွန့်၍ ပါးစောင်တစ်ဖက်မှာ ကပ်ထားသည့် ကွမ်းယာကို ခပ်ဖိဖိ ဝါးသည်။ ပြီးမှ ...

"မင်းတို့က တို့နောက်က လာတာလေ ...၊ ကျောကုန်းမှာတော့ မျက်စိမပါဘူး ထင်တယ် .."

"ရှင်ကတော့ ပါချင်ပါမှာပေါ့ .. ပန်းသခင် ပဲ .."

"ဟား .. ဂွတ်ဒ်တယ်ကွာ .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းသိ မာတ်သိတွေဆိုတော့ ကာရံနဘောတွေ ဘာမှ မလိုတော့ဘူးပေါ့၊ ဒါပေမယ့် စိတ်မကောင်းစရာက .. မင်း ထင်သလို တကယ် မဟုတ်ဘူး .."

"သြော် .."

"မင်းက သိနေပေမယ့် တို့က မသိဘူးလေ .."

ကွမ်းဝါးတာတောင် ဆွဲဆောင်မှုတွေ အပြည့်သုံး၍ ဖမ်းစားဖို့ ကြိုးစားနေသလား မသိ ..၊ နှုတ်ခမ်းတွေ လှုပ်တိုင်း ပေါ်လာတတ်သည့် ပါးချိုင့်နှစ်ဖက်က ကွမ်းဝါးနေတာလည်း ထင်းခနဲ .. လက်ခနဲ ..။

ပြီးတော့ ဘေးကို တံတွေးလှည့်ထွေးပြီးမှ ...

"လှတယ်နော်..၊ ဟွန်း.. ဒါပေမယ့် မင်းမျက်နှာက မာလွန်းတယ်"

"ဟုတ်တယ် .. ဒီလိုပဲ ခွဲခြားဆက်ဆံတတ်အောင် လေ့လာထားရတာ .."

"နင်းဆီ .."

သူတို့ စကားပြောနေသည့်ဘေးကို အရပ်မြင့်မြင့်၊ ပိန်သည့်ပုံပေါက်နေသည့် လူရွယ်နှစ်ယောက် ရောက်လာကြ၏။ တစ်ယောက်၏မျက်နှာသည် သူမနှင့် သက်ဆိုင်သူ ဖြစ်ပုံရှိကာ ...

"မင်းလား .. ပန်းသခင် ဆိုတာ .."

"သိနေပြန်ပြီ .."

သခင် က ပြော၍ ပခုံးတွန့်ရယ်သည်။ တစ်ဖက်လူတွေကတော့ သူ့တစ်ကိုယ်လုံးကို စားမတတ် ဝါးမတတ် ကြည့်နေလျက် ...

"လူသိများတာကို မင်းက ဂုဏ်ယူနေတာလား ..၊ လူတွေထဲမှာ ဘီလူးတစ်ကောင် ရောင်နေတော့ ဒီလိုပဲ သိသာလာတာပေါ့ကွ၊ မင်းက ပန်းသခင် မဟုတ်ဘူး .. ပန်းခြွေတဲ့ကောင် .. ပန်းစားဘီလူး .."

"ဟား .. မင်းတို့က ဘလိုင်းကြီးပါလား .."

သူငယ်ချင်းတွေ ပါလာတော့ သခင် က နောက်လှည့် လက်ကာ





ပြပြီး အပြုံးမပျက် ..။

"ကဲ .. ကဲ .. ဇေယျ တို့ကလည်း သွားကြပါ၊ ဘာမှမဟုတ်တာနဲ့"

"ဟုတ်တယ် .. မတော်တဆ ဖြစ်ကြတဲ့ဟာ .."

သက်တံ တို့က စိတ်ညစ်သွားသည့် မျက်နှာလေးတွေနဲ့ သူမ်းပြောပြီး နှင်းဆီ ကို ဆွဲခေါ်သွားကြ၏။ ယောကျ်ားလေးချင်း နှစ်ဖက် မျက်နှာချင်းဆိုင် ကျန်နေခဲ့ကြကာ ...

"ဒီမှာ ပန်းသခင် .. မင်းဘာသာ ပန်းပဲစားစား .. အသီးပဲစားစား .. ကြွေကျလာတာကို ကောက်စားစမ်းပါ၊ တမင် ချူချူပြီး မျိုချတာက.."

"ပိုကောင်းတာပေါ့ကွ ..၊ ပန်းသခင် အကြွေကောက်စားတာ ရာဇဝင် မရှိဘူး .."

"ဟိတ်ကောင် .."

"ဖက် .."

"ခွပ် .."

"ဟာ!... မင်း .."

သခင် က လှည့်ထွက်သည်။ ဇေယျ က ပခုံးလှမ်းပုတ်၏။ ဒါမျိုးဆို နောက်မကျတတ်သည့် သခင့် လက်က မျက်နှာချင်းဆိုင် ပြန်မရပ်ရသေးခင် ဇေယျ မေးရိုးကို လက်ပြန်ရိုက်ချပြီးသား ဖြစ်ကာ ...

"တော် .. တော်ကြတော့ ဟေ့ကောင်တွေ ..၊ ရဲနဲ့ တွေ့သွားလိမ့်မယ်နော် .."

နောက်ထပ် အသွားအပြန်တွေ မဖြစ်ကြခင် ကောင်းဇော် တို့ သုံးယောက်က သခင့် ကို ဖယ်၍ ကြားဝင် ရပ်လိုက်ကြ၏။

"တောက် .. မင်းလိုကောင်က .."

ဇေယျ မျက်နှာကြီး နီရဲကာ ပါးစောင်ထဲက စိမ့်ထွက်လာသည့် သွေးစကို မသုတ်ဘဲ လျှာနဲ့သပ်၍ ထွီခနဲ ထွေး၏။ ပြီးတော့ "မင်း သတိထား ဟိတ်ကောင်.." လက်ညှိုးထိုး ကြိမ်းဝါးပြီး ထွက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုချင်း မယှဉ်သာလို့ အားမတန် မာန်လျှော့သွားတာလည်း ဖြစ်နိုင်၏။ သခင် ကတော့ မချိုမချဉ်ပြုံးလျက် မနှင်းဆီ တို့ ဝင်သထိုင်သွားသည့် စားသောက်ဆိုင်ထိ သမင်လည်ပြန် ကြည့်နေသေးသ ည်။

"တကယ် သတိထားရမှာနော် သခင် ...၊ ဒီကောင်တွေက တစ်ကောင်တည်းဆို အမြီးကုတ် ပြေးပေမယ့် အုပ်စုနဲ့ ဝိုင်းဖွဲ့ရမယ် ဆိုရင် အပြစ်သိတာတွေ မဟုတ်ဘူး .."

"ဟုတ်တယ် .. ခြေခွေးတွေလိုပဲ .."

"လူတော့ တော်တော်လုစာယ် .."

ပြောနေကြတာက တခြား...၊ သခင် ငေးနေသည်က တစ်နေရာ...။

"ဟော့ကောင် .."

"ဘာလဲ .."

"ခုပဲ ပြောနေတာလေ .. အဲဒီ့တစ်ယောက်က ဆိုင်သူရှိပြီးသား.."

"ရှိတော့ ဘာဖြစ်လဲ ..၊ ဘယ်သူမဆို သက်ဆိုင်ခွင့် ရှိတယ်၊ ငါကတော့ စိတ်ဝင်စားပြီဆိုရင် ဆောင်ရန် ရှောင်ရန်တွေ မစဉ်းစားဘူး၊ လူဖို့အဖို့ ဘာဖြစ်ဖြစ် မတရားတာ မရှိဘူး .."

ဒါဟာ ပန်းသခင် ပဲ ဖြစ်လေသည်။

အလှအပ .. အနုအရွ .. အချစ်အကြမ်း .. အလွမ်း အားလုံးကို စိတ်ဝင်စားတတ်ကာ ကာရံမဲ့သည့် ရင်ခုန်သံများနှင့် အမြဲတမ်း ပျော်နေတတ်သူ ...။





## အခန်း(၂)

BURMESE CLASSIC .com

'လာခိုးလှည့်ပါ' ဆိုတော့ သခင် ခေါင်းကြီးသွားသည်။ ခိုးယူရလောက်သည့်အရာကို မဆိုထားနှင့် ...၊ မာမီ့ဆီမှာ မုန့်ဖိုးတောင်းတာတောင် တစ်ခါပြောကြည့်လို့ အင်တင်တင် စစ်မေးလာပြီဆို ပြန်လှည့်ကြည့်ခဲ့တာ မဟုတ် ...။

"မေမေတို့က စေ့စပ်ပေးပြီးတာနဲ့ သူတို့နဲ့ မန္တလေးမှာပဲ လိုက်နေရမှာလို့ အမိန့်ထုတ်ပြီးပြီ မောင် ...၊ မျိုး မှာလည်း သွားနေရလောက်တဲ့ အကြောင်းတွေက ရှိနေတော့ မငြင်းနိုင်ဘူး၊ မျိုး မောင်နဲ့ မခွဲနိုင်ဘူး...၊ မချစ်တဲ့လူကိုလည်း မယူနိုင်ဘူး သိလား .. မောင် လာခေါ်မယ်မို့လားဟင် .."

"ချက်ချင်းကြီးကွာ .."

"အခြေအနေအရ ဆုံးဖြတ်ရတာပဲ မောင်ရယ် .. အားလုံး အဆင်သင့်ဖြစ်ပြီးမှ လက်ထပ်ခဲ့ကြတဲ့ အိမ်ထောင်ရေးတွေ လက်ချိုးရေရလို့တောင် ရတယ်၊ ဒီလိုပဲ ချစ်လို့ စွန့်စားခဲ့ကြရင်း ရိုးမြေကျ ပေါင်းသွားကြတာလေ ...၊ ပြီးတော့ မျိုး တို့ နှစ်ဖက်စလုံးမှာ ပြည့်စုံတောင့်တင်းပြီးသား .. လူကြီးတွေ စိတ်ဆိုးနေတုန်း ခဏတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး မျိုး .."

"ဘာ!..."

"စေ့စပ်တာက လက်ထပ်တာမှ မဟုတ်သေးဘဲ .. အခု လော လောဆယ် မင်း လိုက်သွားလိုက်ပါ၊ ဒီကြားထဲမှာ ကိုယ်တို့ ကြံကြတာ ပေါ့ .."

"ဒီကြားထဲမှာ ဟုတ်လား .. ခုတောင်မှ မျိုး က ချိန်းမှ မောင် ရောက်လာတာ၊ မျိုး အပြင်ထွက်မရတာ သိရက်နဲ့ တွေ့ခွင့်ရအောင် မောင် မကြိုးစားဘူး .."

"ဘာလဲ .. ကိုယ်က စူပါမန်းလို မိုးပေါ်က ပျံပြီး ပြတင်းပေါက်ခွ ဝင်ခဲ့ရမှာလား ..၊ ခြံကြီးတိုက်ကြီးထဲမှာ ထည့်ပိတ်ထားတဲ့ မိန်းကလေး ကို ကျွန်တော့်ချစ်သူ ပြန်ပေးပါလို့ တောင်းလို့ရော ရမလား .."

"မောင့်ကို ပြောလိုက်ရင် ဖြစ်နိုင်ဖို့လမ်း လုံးဝကို မပါဘူး၊ မျိုး တို့ မိန်းကလေးတွေက မျှော်သာ မျှော်နေရတာပါ၊ မောင်တို့ ရောက် မလာရင် လာပါ .. ခေါ်ပါလို့ လက်တို့မှာလို့ မရပါဘူး .. ယောကျ်ား ကြိုက်တော့ စိုက်စိုက်လာတဲ့၊ မောင်ကတော့ မျိုး ကို မကြိုက်လို့ မလာ တာလား .."

အဲ့ဒါ ကိုယ့်မေးခွန်းကို ဖြေပြီးပြီပဲလို့ ပြောချလိုက်ချင်သည်။ ချစ် ကြတာ တွဲကြတာ ဘာဖြစ်လို့လဲ ..၊ ဒီလို အကျပ်အတည်းဖြစ်လာတာနဲ့ နိုးပါဆိုတိုင်း နိုးရအောင် ဘာမှလည်း လွန်ကျူး မှားယွင်းခဲ့တာ မဟုတ်..။

တစ်ခါ တစ်ခါကျတော့လည်း အချစ်က ပျော်စရာကောင်းသလို တစ်ခါတလေကျတော့ စိတ်ပျက်ဖို့ ကောင်းလေသည်။

နှင်းဆီနက် ဆိုသည့် အရပ်မြင့်မြင့် ဖြူဖြူသွယ်သွယ် ပုံစံလေးကို ဖျတ်ခနဲ မြင်ယောင်ကာ ဖျတ်ခနဲ ပြုံးယောင်သမ်း၏။ သူမနဲ့ ရှေ့ဆက် ဖို့တော့ ကြိုးစားရဦးမည်။

ဒါတောင် ပျင်းစရာကောင်းလာရင်တော့ မာမီ ညည်းညူ တိုက်





တွန်းနေတဲ့ စီးပွားရေးကိုပဲ နည်းနည်းပါးပါး စားကောင်းသောက်ကောင်း ရုံ ဟန်ရေးပြ လှုပ်ရှားရတော့မည်။

တစ်ယောက်တည်း ခမ်းနားကြီးကျယ်သော မဟာဆုံးဖြတ်ချက် ကြီး ချ၍ သက်ပြင်းနိုးချမိတုန်း ...

"မောင် .."

"ဟင် .."

ခေါ်သံ တိုးတိုးလေးကို လန့်သွားသည်။

"ဘာလို့ ငိုင်ငိုင်ကြီး ဟိုဘက်လှည့်နေတာလဲ .."

"တွေးနေတာပါ .."

"မျိုး တို့ ရှေ့ရေးကိုလား မောင်ရယ် .. မောင်က တွေးလွန်းနေ တာပါ၊ ဘာအခက်အခဲမှ ဖြစ်လာဖို့ မရှိဘူး .. မျိုး ကိုပဲ မောင် လာခိုး လှည့် .."

ဆောရီး ..၊

စိတ်ထဲမှာ အသံမြည်ရင်း ပြုံးမိလျှင် ...

"မောင် သဘောပေါက်သွားပြီလား .."

"အင်း .."

"ဒါဆို .. ဟင်!..."

"ဘာဖြစ်လို့လဲ .."

"ဟိုမှာ .. ဟိုမှာ .. မေမေနဲ့ ကိုကြီး တို့ .."

ဒါက တကယ်လက်တွေ့ ခုန်လာသည့် ရင်ခုန်သံတွေ ဖြစ်သည်။ လှမ်းမြင်လိုက်သည့် အကွာအဝေးကို မှန်းဆကာ မျိုး ရဲ့လက်ကို ပခုံး ပေါ်ကနေ ဖယ်ချလိုက်သည်။

"မျိုး ကြောက်တယ် မောင် ..၊ မျိုး ဘယ်လိုလုပ်ရမလဲ .."

"မျိုး တို့က သားအမိ မောင်နှမတွေချင်း မင်းတစ်ယောက်တည်း ကို မြင်သွားရင် ရှော့ခ် မရှိဘူး ..၊ ကိုယ့်ကို တွေ့လို့ မဖြစ်ဘူး မျိုး ..



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနော် ..”

“မောင် ..”

သူ လှည့်မကြည့်တော့ပေ။ လှိုင်းယောက် ကုန်းမို့ပေါ်ကို အပြေး တစ်ပိုင်း တက်လာကြတာကို နောက်ထပ် လှမ်းကြည့်မိရင်း အနိမ့်ပိုင်း ကို ဆင်းပြေးလျှင် ပြေးနေတဲ့သူနဲ့ မျိုး ရဲ့ခေါ်သံကြောင့် သိက္ခာတွေ အပြုံတစ်မကြီး ကျဆင်းဖွယ်ရှိရာ ...

“မောင် .. နေပါဦး ..”

ဒီကောင်မလေး ခေါ်ပြန်ပြီ ..။

ကြံရာမရဖြစ်ကာ ဘေးကို ကြည့်လိုက်တော့ မြက်ခင်းပေါ်မှာ ဘေးမှာ ထီးလေးဖွင့်လျက်သားနှင့် လက်ပ်တော့ပ်တစ်လုံး ပေါင်ပေါ် တင်၍ အလုပ်ရှုပ်နေသည့် အမျိုးသမီးတစ်ယောက် ..။

“အမလေး!...”

သူမ ဘေးမှာ လွှားခနဲ ဝင်ထိုင်ချလိုက်လျှင် နှုတ်ခမ်းနဲ့ မျက်လုံး အချိုးတူ ဝိုင်းဝန်းသွားသည့်မျက်နှာက နောက်ထပ် အသံတောင်မထွက် နိုင်ဘဲ ...

“မင်း ..”

“ခဏလေး .. ခဏလေးပါဗျာ .. နောက်က ရိုက်သတ်မယ့်လူတွေ လိုက်နေလို့ ..”

ထီးကို ကောက်ကွယ်ဆောင်းလိုက်ပြီး သူမနား ထပ်တိုးထိုင်သည်။ ထိုအခါကျမှ သူမ ခေါင်းတခါခါနှင့် ...

“မဖြစ်ဘူး .. မဖြစ်ဘူး ..၊ သွား .. ခု ထွက် .. ငါ အော်လိုက်မှာ နော် ..”

“ဟာ!... မလုပ်ပါနဲ့ .. ခဏလေးပါဆို ..”

ထပြေးတော့မလို ဖြစ်နေသည့် သူမ လက်ထဲက လက်ပ်တော့ပ် ကိုပဲ ပြန်ဖိဆွဲထားရင်း ...





“ခင်ဗျားကို ဘာမှ အန္တရာယ်မပေးဘူး .. ခဏလေးပါ ..”

သူ ပြောလို့မှ မဆုံးသေး ..၊

“ဘယ်ရောက်သွားလဲ .. နင့်ကောင်ဆိုတဲ့ လူရှုပ် ..၊ ခုနက လှမ်း မြင်လိုက်တာ နှစ်ယောက် ..”

“ပြေးခိုင်းလိုက်မှာပေါ့ .. ဒါမျိုးဆို သိပ်လျင်တာလေ ..၊ ဟွန်း.. ညည်း တွေ့မယ် .. လာခဲ့ .. လာ ..”

“မမေ့သမီးကို စေ့စပ်ပေးမနေနဲ့ .. တစ်ခါတည်း လက်ထပ်ပေး လိုက်တော့၊ ကြာရင် ကျွန်တော်တို့ လူသတ်မှုနဲ့ ထောင်ထဲ ရောက်လိမ့် မယ် ..”

“ဟုတ်တယ် .. အချိန်ဆွဲလေ .. အားလုံးမှာ အန္တရာယ်ရှိလေပဲ၊ တစ်ခါတည်း ပေးစားလိုက် မမေရာ ..”

စကားသံတွေကို ကြားနေရကာ သခင် အသံထွက်အောင် ရယ် သည်။ ပြီးတော့ ...

“ကောင်းတယ် ..”

“အံမာ .. မင်းက ..”

ဒေါကန်နေသည့် မျက်နှာလေးကို ပြန်ကြည့်မိကာ မချိုမချဉ်ဖြစ် နေမည့် ကိုယ့်မျက်နှာကို တည်တည်တံ့တံ့လေး ပြန်ပြင်ရသည်။ ပြီး တော့ ကိုင်ထားသည့် ထီးကို ပြန်ပေး၍ ...

“ခင်ဗျားကို ပြောတာ မဟုတ်ပါဘူး ..၊ ရော့ .. ကျေးဇူးပဲ ..”

“မလိုပါဘူး .. သွား .. မြန်မြန် ..”

ထီးကို ဆောင့်ဆွဲယူကာ ရှုံ့တွတွမျက်နှာနှင့် အော်ထုတ်ပုံက သခင့်မျက်နှာကို တင်းသွားစေလျက် ...

“ဘယ်လိုလဲ .. ခွေးမောင်းသလိုကြီးပါလား ..”

“မင်းက ခွေး မဟုတ်ဘူးမို့လား .. နာမနေနဲ့၊ ပြောတတ်သလို ပြောတာ ..”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပြောပုံက စကားမှားသွားလို့ တောင်းပန်တာလား .. ဂရုမစိုက်စွာ ထပ်ပြောတာလား ..။

သူ့ စဉ်းစားနေတုန်း ပြေပြေပြစ်ပြစ် ထွက်လာတာ နောက်ထပ် အသံတစ်ခု ..။

"ဟဲ့ .. သွားလေ .. ဘာလုပ်နေတာလဲ .."

ပြော[illegible] ထီးကို ခုနကအတိုင်း ပြန်ချထားလိုက်ပြီး နောက်ကို ငဲ့ကြည့်[illegible] ...

"[illegible]လိုပြဿနာတွေ ရှိတဲ့နေရာ လာထိုင်မိတာကိုက မှားတာ ..။ နေရာပြောင်းဦးမှ .."

သခင် ထရပ်လိုက်ပြီးမှ မျက်နှာမှာ ပြုံးရိပ်ထင်ကာ သူမ ဖုန်းဆက်တာကို ဒီဇိုင်း ရပ်ကြည့်နေမိ၏။

"[illegible]စော .. ရေသန့်ဘူး မတွေ့လည်း ခု ပြန်လာခဲ့ ..။ ငါ နေရာ ရွှေ့မလို့ .."

ဖုန်းကို ချထားသည့် ဆလင်းဘက်ခ်ထဲ ပြန်ထည့် ..၊ ထီးကို ပြန် ခေါက်သိမ်းကာ ပါးရိုးပေါ် ခဏခဏ ပြုဆင်းလာသည့် ပခုံးလောက် ဆံမှင်တွေကိုလည်း ခဏခဏ သပ်တင်၏။

ခုကျတော့ နှင်ထုတ်ဖို့ သတိမရတော့တာလား ..၊ တကယ်ကို လူရှိတဲ့နေရာကို စိတ်ကုန်သွားတာလား ..။ သူမပုံစံက မီးလောင်ပြေး ဒုက္ခသည်လို ချက်ချင်းကြီး ကမန်းကတန်း ..။

လှည့်ထွက်လာခဲ့ရင်း .. ဆံပင်တွေ သပ်ရင်း ရယ်မိသည်။

ဘယ်လို မိန်းမကြီးမှန်း မသိ ..။





## အခန်း(၃)

"ဘယ်လိုဖြစ်တာလဲ သား .. အိမ်နီးချင်း အဲ[illegible]ခံရလောက် အောင် မဲ့မိုသား ဆိုးနေတာတော့ မကောင်းဘူးနော် ..၊ မာ[illegible]ချော ချောလေး မွေးပေးထားတာ ရည်းစားတွေ ပွထ[illegible] [illegible]ပြီး ကောင်မလေးလှလှမြင်တိုင်း မျက်စိသရမ်း .. ပါးစ[illegible] အငြိမ်မနေ.."

"ကုန်ပါပြီ မာမီရာ .."

"ဘာကုန်တာလဲ .. ပြောပုံဆိုပုံကိုက .. စကားပြော[illegible] ညားညား တစ်နေရာမှ မရှိဘူး၊ ပခုံးတွန့်လိုက် .. လက်ခါလို[illegible] မျက်နှာတစ်ပြင်လုံး ရှုံ့တွ အငြိမ်မနေ .."

"ဟား!..."

ဒက်ဒီနဲ့ မာမီ ညှပ်ပူးညှပ်ပိတ် ထိုင်နေကြပြီး နှစ်ဖက်ညှပ်ပြောနေ သမျှ သခင် ဘယ်ဘက်ကိုမှ မကြည့်ဘဲလည်း နားတွေ အူထူနေပါပြီ။

ဒက်ဒီ အရင်ထထွက်သွားတဲ့နေ့ဆို သူနဲ့ မဆုံဖြစ်ပေ။ မာမီက လည်း ဒက်ဒီနောက်လိုက် .. ဟိုမှာဒီမှာနှင့် စားပွဲမှာ သူ တစ်ယောက် တည်း အေးဆေး ..။

သုံးယောက် ဆုံမိပြီဆိုရင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မနီလာ က မျက်နှာ တော်တော်မကောင်းဘဲ ပြောတာ ..၊ လူကြီး ချင်းက ရင်းနှီးနေတော့ ပြောမထွက်လို့ မတိုင်တာတဲ့ ..၊ အခု .."

"အခု ဘာဖြစ်လို့လဲ မာမီ ..၊ သူ့သမီးနဲ့ သားက ပထမနှစ်တည်းက ရည်းစားဖြစ်ခဲ့တာ ပြီးပြီ .."

"သခင် .."

"ဗျာ .."

ထူးသံပျော့ပျော့နှင့် မာမီ့ဘက်လှည့်ပြောနေသည့် လက်ဟန် အမူအရာတွေပါ ပြေကျသွားရသည်။ ဒက်ဒီ့ရဲ့ 'သခင် ..' လို့ မာကျောကျောခေါ်လိုက်သံ ရောက်လာပြီဆို နားလည်မှ ..။

အဆင်မသင့်လျှင် 'မိန်းမကောင်း ရန်တွေ့ ..'၊ 'မင်း ယောကျ်ားမဟုတ်ဘူးလား .. တည်တည်ခံ့ခံ့ ပြော ..' စသဖြင့်သော စကားတို့နှင့် လူကို မိန်းမလျာလုံးလုံးဖြစ်သွားအောင် ပြောခံရဖို့လည်း ရှိသေးသည်။

"လူကြီး စကားပြောနေရင် ဖြတ်မပြောရဘူးဆိုတာ ဒီအရွယ်ကြီး ရောက်မှ ပြန်သင်ပေးရဦးမလား .."

"မဟုတ်ပါဘူး .. သား ပြောချင်တာက ရင်ချစ် နဲ့ သား ရင်းနှီးခဲ့ဖူးလို့ အခု နှုတ်ဆက် ခေါ်ပြောဖြစ်သွားရတဲ့အကြောင်း .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"မရိုးမသားမှ မဟုတ်တာ ဒက်ဒီ .."

"ဘာဖြစ်ဖြစ် .. သူ့မိဘ မကြိုက်ဘူးဆိုရင် မင်း မခေါ်နဲ့ပေါ့ .."

"သားတို့က ကလေးတွေမှ မဟုတ်တာ၊ ပြုံးတောင်မပြဘဲ ချက်ချင်း မသိသလိုကြီး ဘယ်လိုလုပ် နေမလဲ ..၊ ဒါမှ မရဘူးဆိုရင်လည်း သူ့သမီး ရင်ချစ် ကိုပဲ ပြောပေါ့ .."

"အံမာ .. မင်းက ..၊ လူကြီး မတော်လို့ တားနေတာကို လုပ်မှာပဲ .. ဒီလိုလား .."

"ကဲ .. ကဲ .. အစ်ကိုလည်း ဒေါသမထွက်ပါနဲ့၊ အဲဒီကိစ္စ ခိုင်





ပြောပါ့မယ် .."

ဒေါ်ပန်းသီနိုင် က သားအဖနှစ်ယောက်ကြားမှာ အဆင်မပြေ မဖြစ်ရအောင် ကြားဝင်သည်။ ဦးခင်ထွန်း ကတော့ ဒီသားတစ်ယောက်ကိုပဲ အမြဲတမ်း စိတ်တိုင်းမကျ ဖြစ်နေရတာမို့ နဂိုတည်းကကို သိပ် ပြောမနေချင်တာ ဖြစ်၏။

ဘွဲ့ရ အလုပ်လက်မဲ့ဆိုတဲ့အဖြစ်ကို မိဘက ချမ်းသာတာနဲ့ တိုင်းတာပြီး ကျေနပ် လွတ်လပ်နေကြတာ။ သူဌေးသားဆိုတဲ့ အဲဒီလို ပုဂ္ဂိုလ်လေးတွေပဲမို့ မချင့်မရဲ ဖြစ်နေရတာ အချိန်တိုင်း ..။

ကိုယ့်သားကို ကိုယ့်ခြေရာ နင်းစေချင်သည်။ ကိုယ့်လောက် မဟုတ်ခဲ့ရင် နေ ..၊ ကိုယ့်ထက် သာလွန်ကောင်းမွန်သွားမယ်ဆိုလည်း ပွမ်းဆယ်ပတ်လောက်ထိုးပြီး အော်ဟစ် ကြွေးကြော်လိုက်ဦးမည်။ 'အဲ့ဒါ ငါ့သားကွ' လို့ ..။

ခုတော့ တက္ကသိုလ်တက်ပြီဆိုတည်းက ဖုံးဖုံးဖိဖိ ကြိုးစားနေခဲ့တာ ရည်းစား ရရှိရေး ..။ ကျောင်းပြီးသွားလို့ ထပ်တိုးလာသည့် ရောဂါကျတော့ ရည်းစား ထည့်လဲတွဲနိုင်သည့် လွတ်လပ်ရေး ..၊

"ကျွတ်!..."

"ဂျိမ်း .."

ကားပေါ်မှာ ညင်ညင်သာသာ ထိုင်လိုက်ဖို့တောင် သတိမထားနိုင်..။ တံခါးပိတ်လိုက်ပြီးမှ ခေါင်းကြမ်းကြမ်း အသံထွက်လာတာကို သတိထားမိသည်။

ဒေါ်ပန်းသီနိုင် ကလည်း ယောကျ်ားဖြစ်သူ အယ်လောက် စိတ်ပျက်သွားသည်ကို သိသည်။ ထို့ကြောင့် လွတ်လပ်ပြီဆိုသည့် မျက်နှာနှင့် ပျော်ပျော်ကြီး စားသုံးနေသော သားရဲ့သားမှာ လာပြန်ထိုင်ကာ ...

"ဖအေ စိတ်တိုသွားတာ မြင်လားသား .."

"မာမီကလည်း .."



www.burmeseclassic.com

www.burmeseclassic.com



"မာမီက မလည်းနဲ့ ..၊ သားဒက်ဒီက အောင်မြင်နေတဲ့ လုပ်ငန်းရှင်တစ်ယောက် .. အိမ်က ထွက်သွားတာနဲ့ မိသားစုအတွက် နောက်ဆံတင်းစရာ မလိုဘဲ စိတ်ကူးကောင်း .. အကြံဉာဏ်ကောင်းတွေနဲ့ ဖြစ်နေရမှာ ..၊ စိတ်လက် ထိုင်းမှိုင်းခြင်း၊ မပျော်ရွှင်ခြင်းဟာ အောင်မြင်မှုတက်လမ်းတွေကို ဘယ်လောက် လွှမ်းမိုး ပိတ်ဆို့ထားနိုင်သလဲ .."

"အကြီးကြီးဖြစ်သွားပြီ မာမီရာ ..၊ ကျွတ်!... အဲဒီ ဒေါ်နီလာ ဆိုတဲ့ အန်တီကြီး တော်တော်ကို ပါးစပ်ဖွာတာပဲ .."

စိတ်ညစ်သွားကာ တစ်ခြမ်းကျန်နေသေးသည့် ပီဇာကို ပါးစပ်ထဲ အကုန်ထည့်၍ ကော်ဖီနဲ့ ရောလိုမ့်ပစ်လိုက်သည်။ ပြီးတော့ ဝါးနေရင်း နှုတ်ခမ်းတွေက မသိမသာ တွန့်မဲ့လျက် ...

"တွေ့လား .. မင်းဒက်ဒီ မကြိုက်တာ အဲဒီလိုပုံစံတွေပဲ .."

"ဒက်ဒီက သားကို ကြိုက်ခဲ့တာ ဘယ်နှစ်ခါ ရှိလို့လဲ .."

"မာမီလည်း မကြိုက်ဘူး .."

"ဒါလည်း ဟုတ်တယ်လေ ..၊ ဒက်ဒီက အဖြူဆို မာမီ ဘယ်တုန်းက မည်းခဲ့ဖူးလို့လဲ .."

"မာမီ့ကို သားက ခွန်းတုံ့ပြန်နေတာလား .."

"သား ပြောတာ နည်းနည်းပါးပါး နားထောင်ပေး မာမီရာ .."

သခင် က ဒေါ်ပန်းသီခိုင် ဘက်ကို သေချာလှည့်ထိုင်၍ စားပွဲပေါ်တင်ထားသည့်လက်ကို ထပ်ဆုပ်ကိုင်ကာ ...

"သား ပြောရင် မဆူနဲ့ .. အဲဒီ ဒေါ်နီလာ ရဲ့သမီး .."

"ရင်ချစ် က သားကို ငယ်ငယ်တည်းက သဘောကျနေတာ .. ခုချိန်ထိ .. အဲဒါ ပြောမလို့လား .."

"မာမီ့ကျတော့ သားပြောလို့ မပြီးသေးဘဲ ဖြတ်ပြောခွင့် ရှိလား.."

"ရှိတာပေါ့ .. မာမီက မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယောက်က နှိမ့်ချ ဝေဖန်ပြောတာ မကြိုက်ဘူး၊ မာမီ့သားဆို





ပိုဆိုးတာပေါ့၊ မကြိုက်ရင် ရှောင်နေလိုက် .. ဒါကို ဂုဏ်ယူပြီး တစ်ယောက်ယောက်ကို ကြွားဝါလိုက်ရင် မိန်းကလေး ဘယ်လောက် နစ်နာလဲ ..၊ ပြောတတ်တဲ့ယောကျ်ားလေးလည်း ကောင်းလား .."

"မာမီ့လိုပဲ သူတို့သမီးကို သူတို့ သင်ပေးကြပေါ့ မာမီ ..၊ အပြောခံရအောင် နေလို့ ခံရတာ၊ ဒီလိုမနေနဲ့ .. ဒီလို မပြောနဲ့ဆိုတာတွေ .."

"သား ဘယ်လိုဖြစ်နေတာလဲ ..၊ မာမီ ဆုံးမနေတာနော် .."

သခင့် မျက်နှာ မဲ့သွားသည်။ ဒက်ဒီရော မာမီပါ စိတ်ထား နူးညံ့သိမ်မွေ့လွန်းတာ သူ့အတွက် တစ်ရန်တစ်ဆံ ..၊ သားတစ်ယောက်မွေးထားပြီး မာမီက အမျိုးသမီးထုဘက်က လုံးဝ ရပ်တည်သည်။ ဒက်ဒီက ယောကျ်ားဆိုတာ ဝါတော်ရှစ်ဆယ်ရ ပုဂ္ဂိုလ်မြတ်တို့လို ကြီးမားသည့် သိက္ခာပုဒ်များနှင့် တည်ငြိမ်ရေးကို လမ်းညွှန်၏။

အလန်းဖယားထဲမှာ ပန်းများစွာနှင့် သင်းကြူလိုသည့် ပန်းသခင်တို့အတွက် နေရာမရှိ ..။

မိသားစု သုံးယောက် တည်ဆောက်ခဲ့ကြသည့် တြိဂံလို အနားသတ် မျဉ်းသုံးဖက်က အတိုအရှည် မညီခဲ့တာလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဘယ်သဘောနဲ့မှ မဟုတ်ပါဘူး ..သခင် လို့ ခေါ်လိုက်ရတာလေးကို ကြိုက်တယ်၊ လှည့်ကြည့်ပြီး ရယ်ပြလိုက်ရင် မျက်လုံးထဲမှာ အေးသွားသလိုပဲ .."

ရင်ချစ် က အပြတ်အသတ် ခွေနေသည်။ မျက်နှာတော့ ပူသလိုလို ဖြစ်၏။ ထို့ကြောင့် ပီကေဝါးနေရင်း မျက်ခုံးခြစ်သလိုလိုနှင့် တစ်ဖက် လှည့်ပစ်မိ၏။

ထိုအခါ မျက်လုံးထဲကို တန်းခနဲ ဝင်လာတာက မျက်မှန်ဆိုင်ရှေ့မှာ နှင်းဆီနက် ..၊

"တို့ သွားမယ်နော် .. ပြောချင်တာက အဲ့ဒါ ..၊ မင်းလည်း လက်ထပ်တော့မှာဆိုတော့ လူကြီးတွေ တားဆီးချင်တာ မလွန်ဘူးလေ၊ တို့ကလည်း မဟုတ်တမ်းတရား အဆူခံနေရတာ အောက်တာပေါ့ .."

ခြေလှမ်းပြင်ပြီးကာမှ မကောင်းတတ်လို့ နှုတ်ဆက်နေရသည်။ သူမက မပြီးနိုင် ..၊

"မာမီ့ကို ရင်ချစ် ပြောပြီးသားပါ၊ ရိုးရိုး ခေါ်ပြောကြတယ်ဆိုတာ .."





"ဒါပေမယ့် မင်းမာမီ အိမ်ထိ လာတိုင်ထားတာဆိုတော့ အားလုံးကို ရပ်လိုက်မှ ဖြစ်မယ် ..၊ အိုခေ နော် .. ဠတ်ဒ်ဘိုင် .."

သူ ချက်ချင်း နှုတ်ဆက်ပစ်လိုက်သည်။ သူမ နှုတ်ခမ်းလေး ဟလျက် တစ်စုံတစ်ခုပြောဖို့ ပြင်ရင်း ကျန်ရစ်၏။

"ဟော့ .."

"အမေ့!..."

"ဆောရီး .."

ရေးကြီးသုတ်ပျာပုံစံနှင့် ဝင်တိုက်ပစ်လိုက်တာ .. သူမ ကိုင်ထားသည့် မျက်မှန်လေး ခွပ်ခနဲ ကျကွဲ၏။

"တောက် .."

"ဆောရီးပါဗျာ .. ခဏလေးနော် .. ပြန်လာခဲ့မယ် .."

သူ ဆက်ပြေးဖို့ ပြင်တာနှင့် နှင်းဆီ က ပခုံးအင်္ကျီစကို ဖမ်းဆွဲထားလိုက်ကာ ...

"မရဘူး .. ဒီမှာ ကျကွဲသွားတာကို ပြန်လျော်ပေးသွား .."

"ဟား .. ပြန်လာမယ်ဆိုတာ မရဘူးလား ..၊ ရော့ .. ဒီနာရီ ခဏယူထားလိုက် .."

နာရီဖြုတ်ဖို့ပြင်တာနှင့် သူမက ခေါင်းခါပြီးသား ..။

"ရှုပ်ရှုပ်ယှက်ယှက်တွေ မရဘူး ..၊ ဟိုရှေ့မှာ ရှင့်ယောက်ဖ ကားထိုက်သေနေတာဖြစ်ဖြစ် .."

ပြဿနာ ဤသို့ စခဲ့ပြီးသည့်နောက် ..၊

"လာမပြောနဲ့ .. ဘာမှ မလိုတော့ဘူး၊ ရှင်နဲ့ကို မပတ်သက်ချင်တာ .."

ဂမုန်းပွင့်ထဲက အတူတူ ထွက်လာခဲ့ပေမယ့် နှင်းဆီ မျက်နှာက ပွပွလေးနှင့် ခြေလှမ်းတွေ ကျဲနေ၏။

သူက အတင်းကပ်လိုက်နေရတာ သိသာလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"မဝတ်သက်ချင်ပေမယ့် အခု ပတ်သက်မိကြပြီဥစ္စာ .. ခဏဖြစ်ဖြစ်ကွာ .."

ပြောလိုက်တာနှင့် နှင်းဆီ ချက်ချင်း ကိုယ်ရှိန်သတ်ပြီး သူ့ကိုမော့ကြည့်သည်။

"ရှင် တမင်လုပ်တာများလား .."

"ဩော် .. ဒုက္ခ .."

"ဘာ ဒုက္ခတာလဲ ပန်းသခင် .. ရှင်က နာမည်ကျော် .."

"နာမည်ကျော်ပေမယ့် မင်းနောက် တကောက်ကောက် လိုက်ရလောက်တဲ့အထိ တို့နှစ်ယောက် ငြိဖို့ ရှိခဲ့လို့လား .."

"ဘယ်လို သိမှာလဲ ..၊ ဒါတွေ ရှင်ပဲ ကျွမ်းကျင်မှာပေါ့ .."

"ဘာပဲဖြစ်ဖြစ် ကော်ဖီ အတူတူသောက်ဖို့ ဖိတ်တာလေးကိုတော့ မငြင်းသင့်ပါဘူးကွာ ..၊ မင်း မျက်မှန်အတွက် လျော်ပေးခဲ့ရတာ ကိုယ့်မှာ ပါသမျှ ချွတ်ခြုံပဲ .. တစ်ပြားမှ မကျန်တော့ဘူး၊ ဝယ်မတိုက်ချင်ဘူးလား .."

"ဟွန်း .."

ဒီတစ်ခါ အတူတူလျှောက်ကြတော့ ခြေလှမ်းမှန်မှန်နှင့် ညီညာသွားသည်။

"မင်းသူငယ်ချင်းတွေက နှင်းဆီ လို့ ခေါ်သံကြားသလားလို့ .."

"တကယ် မသိတာ သေချာလား .."

ရယ်သံလေးတွေ ဖြစ်သွားခဲ့သည့်နောက် ..၊

နောက်ထပ် တစ်ဆင့်၏ ပထမ အစသည် ..၊





## အခန်း(၅)

ချစ်သူမျက်နှာလေးကို လှမ်းမော့ငေးရင်း ဂစ်တာသံညက်ညက်နဲ့ သီချင်းသံမှာ ရင်ခုန်သံတွေချည်း ဖြစ်နေခဲ့သည်။ ရင်ခုန်သံတွေကို သူ အနှစ်သက်ဆုံးမို့ ဂစ်တာတီးပြီး သီချင်းဆိုရတာကိုလည်း ကြိုက်သည်။

ဥပမာ ခုလိုမျိုး ချစ်တဲ့သူ ခြံရှေ့အရောက် တစ်ယောက်တည်းလာ၍ ကားမပါ ခြေဗလာနှင့် ရွှေနားတော်သွင်း တေးသီချင်း ဆိုရမည်ဆိုလျှင် ...

.. အိုင် .. လပ်ဗ် ယူ .. ရင်မှာလေ အရူးအမူး ..
.. ကိုယ် ချစ်သွားပြီ .. ကြင်နာသူလေး ..
.. မင်းအတွက် အိုင် လပ်ဗ် ယူ ..

သူ့ဂီတာက တေးသွားအဆုံးမှာ .. ဘေးမှာချထားသည့် ဖုန်းရဲ့ ခေါ်သံလေး ဖြစ်သည်။

ငုံ့ကြည့်လိုက်တော့ နှင်းဆီ ရဲ့ ဖုန်းခေါ်နေတာဖြစ်ကာ မော့ကြည့်လိုက်သည်နှင့် နှင်းဆီ က ဖုန်းကို ထောင်ပြသည်။

"ပြောလေ .. နှင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ကို ပြန်တော့လေ .. ညဥ့်နက်နေလိမ့်မယ် .."

"ပြန်မှာပေါ့ .."

"အဓေးကြီး ဒီတိုင်း ပြန်ရမှာကို .. ပြန်ပါတော့၊ ကိုးနာရီလောက် ဆို ဒီပတ်ဝန်းကျင်က ဂီတာ မကြိုက်ကြဘူး၊ ကို့ကို ခဲနဲ့ပေါက်ကြလိမ့် မယ် .."

"အိုခေ .. ဂွတ်ဒ်နိုက် .."

"ဂွတ်ဒ်နိုက် ကို .."

ဖုန်းကို ဂျာကင်အိတ်ထဲ ထည့်လိုက်ပြီး ဂစ်တာရော .. လက်ရော မြှောက်ပြ၍ နှုတ်ဆက်လိုက်သည်။ ပြီးတော့ ဂစ်တာကို တစ်ဖက်က ကိုင်၍ စီးကရက်သောက်ရင်း လှည့်ထွက်လာခဲ့တာ တစ်လှမ်းချင်း ..။

မည်းနက်နေသည့် ကတ္တရာလမ်းလေးပေါ်မှာ ကိုယ့်ခြေဦးထိပ်ကို ပြန်ငုံ့ကြည့်၍ ပြုံးမိသည်။ စီးကရက်တိုကို ပစ်ချပြီး ဖိနပ်နဲ့ ဖိနင်း လျှောက်ခဲ့ရင်း ...

"မင်းက ချစ်ဖို့ကောင်းတယ် နှင်းဆီ .."

နှုတ်မှ တီးတိုး ဆိုမိ၏။

ဒါပေမယ့် မင်းဆီကို တို့ ပင်ပင်ပန်းပန်း ခြေလျင်လျှောက်လာခဲ့ တာတော့ မဟုတ်ပါဘူး ..။ ဟိုဘက်လမ်းထိပ်က သူငယ်ချင်းအိမ်မှာ ကား ထားခဲ့တာ ..။

ဆက်၍တွေးဖြစ်သော စိတ်ကူးနှင့် သွားတွေပေါ်အောင် ပြုံးမိစဉ်...

"ပီတိတွေ ဖြာလာပုံ ရတယ် .."

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ လမ်းဘေး မှောင်ရိပ်ထဲက ထွက် လာကြသည့် သုံးယောက်ထဲမှာ ဇေယျ က ခေါင်းဆောင် ..၊ မှောင်ရိပ်မှာ ပျောက်အောင် အနက်ရောင်တွေချည်း ဝတ်ထားတာ မြင်တော့ သူ ပြုံးမိသည်။

"မင်းက တစ်ယောက်တည်း ဒီထိလာတယ်ဆိုတော့ သတ္တိ





ကောင်းသားပဲ .."

"ဟွန်း .. အုပ်စုနဲ့မှ မိုက်ရဲတဲ့လူတွေ အထင်ကြီးကြတာပေါ့ .. ဒီလိုပါပဲ .."

မျက်ခုံးတွန့်ထူနစ်ဖက် အကျည်းတန်စွာ ကုတ်ကျသွားသည်။ ပြီး တော့ ရှေ့ကို တစ်လှမ်းချင်း တိုးလျှောက်လာကာ ...

"အုပ်စုဆိုတဲ့သဘောက စည်းလုံးခြင်းပဲကွ ..၊ အချိန်ပြည့် ကျိုး တန်းတောင်းမှောက် လှုပ်ရှားနေတဲ့သူ တစ်ကောင်တည်း ဖြစ်နေတာ ထို ကြံဖန် ဂုဏ်ယူမနေစမ်းပါနဲ့ .."

ပြောပြီး ဇေယျ က ရွံရှာသလို မဲ့ရွဲ့ပစ်ကာ ...

"ကားပါရက်နဲ့ လမ်းမှာထားခဲ့ပြီး ခြေလျင်လာတာ ဘာလဲ ..၊ ဒါ မင်းရဲ့ ပန်းခြွေနည်းလား .."

"ဟုတ်တယ် .. မိန်းကလေးတစ်ယောက်ရဲ့အချစ်ကို ရဖို့အတွက် ကိုယ့်ဘက်က အရင် ပေးဆပ်ရတာပဲလေ ..၊ ပေးရတာက ဘာပဲဖြစ်ဖြစ် ဆားရဲ့ရတယ်၊ ဒါက ယောက်ျားအလုပ် .. မိန်းမနဲ့ နေရာလု မာနပြိုင်နေ ရင် ကျန်ရစ်ဖြစ်သွားမှာပေါ့ .."

အနာပေါ် တုတ်ကျသွားသည့် ဒေါသမျက်နှာနှင့် ဇေယျ အံကြိတ် သည်။ နှင်းဆီ နဲ့ သူ လမ်းခွဲခဲ့ကြတာ ငါးလကျော်ပဲ ရှိသေးသည်။ သူ အနိုင်ခဲ့သလို .. သူမလည်း ဒီလိုပဲ ဖြစ်လိမ့်မည်လို့ ထင်ခဲ့တာဖြစ်၏။

လက်တွေ့ဖြစ်လာတာက ဒီလိုမဟုတ်ခဲ့ဘဲ ခပ်ထော့ထော့ လှောင်ရိပ် သင်နေသည့် မျက်လုံးတွေရှေ့မှာ သူ ခံခက်စွာဖြင့် ...

"မင်းကိုယ်မင်း အောင်နိုင်သူ ဖြစ်သွားပြီလို့ .."

သခင် က ပခုံးတွန့်၍ ပုံ့လိုက်သည်။ စကားသံ မပါဘဲ ဖြေလိုက် ဟာမျိုး ..။

"အေး .. ယောက်ျားတိုင်းက မာယာမရှိတော့ မင်းလိုကောင်မျိုး အနက်စရှိ မပြောရာသေး ဖြစ်လာတာပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



စကားကို တစ်လုံးချင်း ပြောလျက် .. ဧယျ က ကုတ်အင်္ကျီနောက်ခါးကြားထဲ တစ်စုံတစ်ခု နှိုက်ယူ၏။ ဒီလောက်ထိ ဖြစ်လာမည် မထင်ခဲ့ပေ။ ထို့ကြောင့် ...

'လက်နက်' ဆိုတာ သိလိုက်သည်နှင့် စိုးရိမ်စိတ် ဝင်သွား၏။ သခင် မျက်နှာပျက်သွားတာ မြင်ကာ ဧယျ က ကျကျနနကြီး မဲ့၍ ပြုံးတော်မူလျှက် ...

"နောက်ထပ် မင်း ပါးစပ်ထဲက မာယာတွေ ထွက်မလာနိုင်တော့ဘူးဆိုရင် ရှနက်ဖြန်တွေ ပိုလှသွားမှာ .."

ပြန်ထုတ်လိုက်သည့်လက်မှာ ဓားအိမ်တပ်လျက် ဓားမြှောင်တစ်ချောင်း ...။

"နေဦး .. ဧယျ အဲဒါတော့ မင်း မသုံးနဲ့ .."

သူ့ဘက်ကလူတွေကိုယ်တိုင် ဧယျ မှာ လက်နက်ပါလာတာကို သိပုံ မပေါ် ...။ ဓားအိမ်နှင့် အစွန်းနှစ်ဖက်ကို ကိုင်လိုက်တာနှင့် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။

"ဧယျ .. ဧယျ .."

ဘယ်သူမှ ဆွဲချိန် .. တားချိန် မရလိုက်အောင် ဧယျ လှုပ်ရှားလိုက်တာ ဓားရောင်တစ်ချက်ပဲ လက်သွားသည်။

ဓားအိမ်ထဲက ဆွဲထုတ်ခြင်း၊ ထိုးချလိုက်ခြင်းက ဒေါသကြောင့် သွေးရူးသွေးတန်းဆန်နေကာ ဓားမှန်း သိလိုက်ကတည်းက သတိထားကြည့်နေသည့် သခင့် ရဲ့ဝမ်းဗိုက်ကို တန်းခနဲ ပြေးဝင်၏။

"အား!..."

"ဟာ!..."

ဘယ်သူမှ မယုံနိုင်အောင်ဖြစ်ကာ မှောက်ခုံကြီး လဲကျသွားသည့် ဧယျ နှင့် မတ်တတ်ရပ်နေသည့်အတိုင်း ရှိနေသော သခင့် ကို ပြူးကြောင်ကြည့်နေခဲ့ကြသည်။





ဓားနဲ့ ပြေးထိုးလိုက်တာကို သခင် က ဆုတ်ရှောင်လိုက်ရင်း ဓားကိုင်လက်ကို ဂစ်တာနဲ့လွှဲ၍ ပုတ်ထုတ်လိုက်သဖြင့် ဧယျ အရှိန်နဲ့ တစ်ပတ်လည်သွားခြင်း ဖြစ်သည်။

ပြီးတော့ သူ့လက်နက်နဲ့ သူ့ကံကြမ္မာကို စီရင်လိုက်သလို ဖြစ်သွားသည်က အားလုံး သက်သေ ...။

"ဟာ!... ဟို .. ဟိုမှာ ကင်းလှည့်ရဲတွေ .. ရဲတွေ လာနေပြီ .."

သူ့လူတစ်ယောက် အလန့်တကြား အော်လျှင် သခင် ဘာကိုမှ ကြည့်မနေတော့ဘဲ မှောင်ရိပ်ကြားထဲ တိုးဝင်ပြေးခဲ့၏။

ဓာတ်မီးရောင်တွေ ဝင်းခနဲ လက်ခနဲ ပြေးလွှား ရှာဖွေနေတာ တွေ့သည်။ ကိုယ့်နောက် လိုက်လာတာလား ...၊ မလိုက်ဘူးလား ...။

နီးနီးလေး ပါလာသလား .. ဝေးဝေးမှာလား ...။

သူ ဘာမှမသိဘဲ မကြုံဘူးသည့် စိုးရိမ်ထိတ်လန့်မှုကြောင့် ခြေဦးတည့်ရာ စွတ်ရွတ်ပြေးသည်။

လမ်းရယ် .. ခရီးရယ် .. ဘာမှ ဦးတည်ချက်မရှိဘဲ မှောင်ရိပ်တွေ ချည်း ခို၍ ပြေးခဲ့ရင်း ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"သြော် .. မလိုက်ချင်ပါဘူး အန်တီရယ် .. သွားကြမယ့်လူတွေက တစ်ပြုံတစ်မကြီး၊ အစ်ကိုက ဟိုမှာ အလုပ်အထိုင်ကျတာ ဘာမှ ကြာသေးတာ မဟုတ်ဘူး၊ နောက်ပြီး နိုင်ငံရပ်ခြားမှာ စီးပွားသွားရှာတာတွေ ဘုံ အစတည်းက စိတ်မှ မဝင်စားခဲ့တာ .."

ခြံတစ်ခြံရှေ့က သစ်ပင်အကွယ်မှာ မော်တော်ရပ်ခိုင်း အမောဖြေနေစဉ် စကားသံ ကြားလိုက်ရသဖြင့် ကိုယ်ကို ပို၍ ကျုံ့လိုက်မိ၏။ ပြီးတော့ ကွယ်ရာကနေ အသာချောင်းကြည့်မိသည်။

အမျိုးသမီးတစ်ယောက်၏ပုံစံသည် အရပ်မြင့်မြင့် ကိုယ်လုံးလှပေမယ့် ခုခေတ် မော်ဒယ်တွေသို လှတာမျိုး မဟုတ်ဘဲ မိန်းမငယ်လေးတစ်ယောက်လည်း မဟုတ် ..။

အချိုးကျသည့် ကိုယ်လုံးက အရပ်မြင့်တာကြောင့် ပိုလှသည်။ ဆံပင်က ပခုံးလောက်ပဲရှိကာ သူ ပုန်းနေသည့်ဘေးမှာပဲ ရပ်၍ ဆလင်းဘက်ခ်ထဲက သော့ထုတ်ယူလိုက်သဖြင့် ဒီအိမ်ထဲ ဝင်တော့မှာမှန်း သိလိုက်၏။

သူမမှာ ဖုန်းကို ပခုံးပေါ်တင်၍ နားနဲ့ကပ်ထားရသည်မို့ တံခါးဖွင့်ရင်း တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေသည်။





"ကဲပါ .. အထဲရောက်မှ ဘုံ ပြန်ဆက်လိုက်ပါ့မယ်၊ အခုမှ ပြန်ရောက်တာ အထဲတောင် မဝင်ရသေးဘူး .. နော် အန်တီ .."

"... ... ... ..."

"မလိုပါဘူး .. အဲဒီအဖြေကတော့ မပြောင်းလဲဘူး ဒါပဲလို့ .."

ဒီအသံကို သူ ကြားဖူးသည်။ နားထောင်နေရင်း တစ်မျိုးလို့ ထင်လာမိကာ ဖျတ်ခနဲ ခေါင်းထဲမှာ လင်းသွား၏။

ဘုံ ဆိုတာ .. သူမ ..။

ကန်တော်ကြီးထဲမှာ သူ ဒီတိုင်းပဲ ပြေးပေါက်မှားခဲ့ရသည့်အဖြစ်ကို သတိရလိုက်ကာ ...

"ဒီမှာ .."

"အမလေး!... ဘုရား .."

တံခါးဖွင့်ပြီး အထဲဝင်လိုက်သည်နှင့် အနားမှာ အရိပ်မည်းကြီး ပေါ်လာကာ စကားသံပါ ကြားလိုက်ရသဖြင့် ကိုင်ထားသည့် ဖုန်းလည်း လွှတ်ကျ၏။

"သွားပြီ .. သွားပါပြီ .."

မှန်းဆက် ပျက်စီးသွားပြီဆိုသည့်ဖောက အရင်ကပ်သည်။ ပြီးတော့မှ အနားမှာ အလွှန်အန္တရာယ်ပေးနိုင်သည့် ကျား ဆိုသော သတ္တဝါ ရှိနေတာကို သတိရ၏။

"ဘာလုပ်တာလဲ ..၊ ရှင် ဘယ်သူလဲ ..၊ ဒီအချိန်ကြီး .. ကျွန်မ အော်လိုက် .."

"မလုပ်ပါနဲ့ .."

သူမကို ထိတာပ်ခြင်းမပြုဘဲ ပါးစပ်ချည်းပဲ ပိတ်သွားအောင် တော်တော် အားထုတ်လိုက်ရ၏။

"ဒီမှာ မဘုံ .. ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် လူကောင်းပါဗျာ .. ယုံကြည်ပေးပါ၊ အခု ဒုက္ခရောက်လာလို့ ကူညီပါ၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကျွန်တော့်ကို သိပါတယ် .. ကန်တော်ကြီးထဲမှာလည်း ခင်ဗျား ရဲ့ထီးနဲ့ ဝင်ကွယ်ပြီး အကူအညီတောင်းခဲ့ရသေးတယ် .. ကျွန်တော့်ကို မမှတ်မိဘူးလား .."

"ဟင်!..."

အတင်း ပါးစပ်ပိတ်ထားသည့်လက်ကို မရမက ခွာချဖို့ ကြိုးစား နေသည့် သူမ လှုပ်ရှားမှုလေး နှေးကျသွား၏။

သူ့မျက်နှာကို လမ်းမီးဖြာနေသည့် အလင်းရောင်ဘက်ကို မြင် အောင် လှည့်ပြလိုက်တော့ သူမ မျက်လုံးအစုံ ပိုပြူးသွားသလို ဖြစ်၏။

"မအော်လိုက်နဲ့နော် .. ကျွန်တော် လမ်းမှာ ရန်ဖြစ်ပြီး ရိုက်မှုဖြစ် သွားလို့ အိမ်မပြန်ရဲဘဲ ထွက်ပြေးခဲ့ရတာ၊ ခင်ဗျားကို ဘာအန္တရာယ်မှ မပေးပါဘူး .."

သူမ ကြည့်နေသည့် မျက်လုံးတွေကို အကဲခတ်ရင်း ပါးစပ်ပိတ် ထားသည့်လက်ကို အရဲစွန့်၍ ဖယ်ပေးလိုက်သည်။ ပြီးတော့ ဖုန်းကို သူ့ကိုယ်တိုင် ကောက်ပေးမိရင်း ...

"တကယ် ပြောတာပါ .. ကျွန်တော် မိကောင်းဖခင် သားသမီးပါ ဗျာ .."

"မိကောင်းဖခင် သားသမီးတွေ ပျက်စီးနေတာမှ အများကြီး နေဝါဦး .. မင်းကို မြင်လိုက်ရတိုင်း ဒီပုံစံနဲ့ချည်းပဲ၊ ဒါကို မိကောင်း ဖခင်သားသမီးလို့ ပြောရဲသေးတယ် .."

"ပြောရဲတယ် .. မိဘက မိဘ .. ကျွန်တော်က ကျွန်တော်ပဲ မှန် ပေမယ့် စည်းလွတ်ကမ်းလွတ် နေခဲ့တာတော့ မဟုတ်ဘူး၊ ခဏလေး ပါ .. ကျွန်တော့်မာမီနဲ့ ခင်ဗျားရှေ့မှာပဲ ပြောမယ် .."

အိတ်ထဲက ဖုန်းထုတ်၍ သခင် က စပီကာပါ ဖွင့်ထားလိုက် သဖြင့် ပြောသမျှကို သူမလည်း ကြားနေရ၏။

"မာမီ စိတ်မပူနဲ့နော် .. သား ပြန်လာလည်း အချိန်နောက်ကျမှာ





မို့လို့ပါ၊ ဒက်ဒီ့ကို ကြည့်ပြောထားပေးပါ မာမီရာ .."

"ဘာကိစ္စတွေမို့လို့ အဲဒီထိသွားပြီး ဒီလောက်ကြာအောင် ရှင်းနေရ တာလဲ သား .."

"သိပ်မကြီးကျယ်ပါဘူး .. ဒါပေမယ့် သူငယ်ချင်းတွေဆိုတော့ ဒီတိုင်းထားခဲ့လို့ မကောင်းလို့ပါ၊ မနက်ဖြန် သား ဖုန်းထပ်ဆက်မယ် နော် မာမီ .."

သူ ဖုန်းချပြီး နောက်ထပ် ခေါ်နေတော့ ဘုံ စိတ်မရှည်တော့ပေ။ တစ်ခုခုပြောဖို့ ပါးစပ်ပြင်လိုက်တာနှင့် သူက တောင်းပန်သလို လက် ကာ၍ ...

"ဝင်းဒွေး လား .. ကောင်းဇော် အိပ်နေပြီလား .."

"အိပ်နေပြီ .. ဖေဖေ ဆူထားလို့ .."

"အေး .. ဒါဆို ဒီည ကိုကြီး ကားလာမယူတော့ဘူး၊ အထဲထည့်ပြီး သိမ်းထားပေးပါလို့နော် ..၊ အိမ်ကို ဖုန်း လုံးဝ မဆက်နဲ့လို့ .."

သူ ပြောပြီးတဲ့အထိတော့ စောင့်နေပြီးမှ ဘုံ က ခါးလေးတစ်ဖက် ထောက်၍ ...

"ဒီမှာ .. မင်းက လိုက်ပြီး မှာကြား နှုတ်ဆက်နေတာ ဒီမှာ ခိုကပ် နေလို့ ရပြီမျှား အောက်မေ့နေလို့လား .."

"ဒီတစ်ညတော့ ကျွန်တော့်ကို ဖြစ်သလို ကြုံသလို ခိုလှုံခွင့်ပေးပါ၊ မအိပ်ဘဲ ငုတ်တုတ်ပဲ နေရနေရ ဖြစ်တယ် ..၊ ခင်ဗျားယောကျ်ားရှိရင် ခဏ တွေ့ပါရစေဗျာ .. ယောကျ်ားချင်း ပြောရင် ပိုနားလည်ပေးမှာပါ"

"ဘာ!... ပြောတယ် .."

ဘုံ အသံလေး ဆောင့်ခုန်ထွက်၏။ မျက်ဝန်းလေးတွေ စူးစူးရဲရဲနှင့် ကြည့်လာပြီးမှ ...

"ကောင်းပြီလေ .. ဒီတစ်ည မင်းကို ဒီမှာ နေခွင့်ပေးမယ်၊ မိုးလင်း တာနဲ့ တန်းပြန်ရမှာ .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချလက်ချ လက်ခံပေးပါ ..၊ မယုံရင် ကျွန်တော့်ဖုန်းကိုပါ ယူထား .."

"ဘာလုပ်ရမှာလဲ .."

လက်ခံမိကာမှတော့ ကိုယ့်ဆုံးဖြတ်ချက် မှန်တာမှားတာ ကိုယ့်အပိုင်း ...။

ဘုံ တံခါးကို သေချာပြန်ပိတ်ကာ အထဲဝင်လာခဲ့သည်။ တစ်ထပ်တိုက်ပြားပြားလေးက တကယ့် သေးသေးလေးဖြစ်ကာ ခြံလေးကတော့ ကျယ်၏။

တံခါးဖွင့်၍ အိမ်ထဲဝင်လိုက်တာနှင့် ခပ်ကျဉ်းကျဉ်း ဧည့်ခန်းလေးက ဘယ်နေရာကြည့်ကြည့် လက်လက်တောက် ပြောင်လက်နေတာ သိသာ၏။

အတွင်း ဒီကရေးရှင်းပုံကလည်း အခန်းကျဉ်းလေးမို့ သင့်တင့်ရာ ပရိဘောဂလေးတွေ စုံစုံလင်လင်နှင့် မဆိုး ..။

"သမီး ပြန်လာပြီ .."

အထဲကနေ အိပ်ချင်မူးတူးမျက်နှာနှင့် မိန်းမကြီးတစ်ယောက် ထွက်လာပြီး မျက်လုံးတွေကို ဘယ်ပြန်ညာပြန် ပွတ်သပ်၍ ပြန်မော့ကြည့်လာမှ ...

"ဟင်!... ဒါ .."

"ဧည့်သည်ပါ .."

ဟိုလိုဒီလိုတွေ မေးလိုက်မှာစိုးကာ ဘုံ က ဝိတ်ပြောပစ်လိုက်သည်။

"ထိုင် .."

ထိုင်ဆိုလို့ ထိုင်ရပေမယ့် သခင် က နောက်ထပ် ထွက်လာမယ့် တစ်ယောက်ကို မျှော်ကြည့်နေမိသည်။ ဘုံ ဆိုသည့် သူမရဲ့ယောကျ်ားဆိုတာ ဘာလို့ ထွက်မလာတာလဲ ...။

ညကြီးမိုးချုပ်ထိ အလုပ်လုပ်နေတဲ့ ဇနီးမယားကို စောင့်ကြိုနေ





ရင်း အိပ်ပျော်သွားတာလား ..၊ ရန်ဖြစ် စိတ်ကောက်ထားကြလို့လား..။

မီးရောင်တွေ လင်းနေသည့် တစ်အိမ်လုံးကို မျက်လုံးဝေ့ရင်း ဟိုဒီ လျှောက်တွေးနေမိသည်။

"ဒါဆို ဧည့်သည်က ပြန်ရမှာပေါ့ .. ကြီးကြီး ဘာလုပ်ပေးရမလဲ၊ စားစရာ တစ်ခုခု .."

ဘယ်လိုပတ်သက်တာလဲဆိုတာကို သွယ်ဝိုက်သော မေးခွန်းတစ်ခု ဖြစ်သည်။ ထိုအခါ သခင် နဲ့ ဘုံ မျက်လုံးချင်း ဆုံသွားကာ ...

"သူ ဒီမှာပဲ ဒီည အိပ်မှာ .."

"ဟင်!... ဘယ်လို .."

ကြီးကြီးဆိုသည့် ဒေါ်ကြီးမျက်နှာ ထိတ်လန့်သွားသည့်ပုံနှင့် ...

"သူက ဟုတ်လား..၊ သူက ဘယ်သူမို့လို့လဲ သမီး၊ ဒီမှာ ကြီးကြီးတို့က မိန်းမသားနှစ်ယောက်တည်း .."

"ဒါနဲ့ မဘုံ က ကျွန်တော့်ကို သူ့ခင်ပွန်းနဲ့ တွေ့ပေးမှာဆို ..၊ ကျွန်တော်က ဒီတိုင်းထင်ပြီး စောင့်နေတာ .."

ဟင်!...

ကြီးကြီး က ဘုံ ကို လှမ်းကြည့်၏။ ဘုံ က မျက်နှာကို တင်းသည်ထက် တင်းထားကာ ...

"ဟုတ်တယ် .. ဒါပေမယ့် ဒီနေ့ သူ မရှိဘူး၊ ညဥ့်နက်ရင် ပြန်လာရင်လည်း လာမယ်၊ လာချင်မှလည်း လာမယ် .."

"ဩော် ..."

"ငါတို့ချင်း ကတောက်ကဆဖြစ်ပြီး ထွက်သွားတာမို့လို့ .."

"အင်း .."

သခင် အင်း .. အဲ .. လိုက်နေရင်း ငြိမ်နေလိုက်ရသည်။ ဒါကြောင့် ဒီအမျိုးသမီး ဒေါသထွက်တတ်နေတာပဲ ...။

"မင်း .. ဒီမှာပဲ အိပ်ရမှာ ..၊ အခု တစ်ခုခု စားဦးမလား .."



(TTDA)

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် .. မစားတော့ဘူး၊ ကျွန်တော့်ကို စောင်တစ်ထည်တော့ ပေးပါ၊ ဒီတိုင်း မအိပ်တတ်လို့ .."

"ကြီးကြီး စောင်တစ်ထည် ပေးလိုက်ပါ .."

ပြောပြီး အထဲဝင်သွားတော့ ကြီးကြီးက လိုက်ဝင်လာကာ ဘုံ အခန်းထဲဝင်တော့ အထဲလိုက်ဝင်ပြီး တံခါးကို သေချာပြန်ပိတ်၍ ...

"ဘာတွေလဲ .. ပြောပါဦး သမီးရယ် .. ညည်းတို့ ရိုးရိုးသားသားပဲ ဆိုတာ သိလိုက်ရလို့ .. ဘာမှမဆိုင်မှန်း သိပြီး ပိုစိတ်ပူတာ၊ ကောင်လေး က ဖြူဖြူသန့်သန့်လေး .. လူဆိုးသူခိုးလည်း မဟုတ်နိုင်ပါဘူး၊ ဒါပေ မယ့် ဘာလဲ .. တစ်ခါမှလည်း မမြင်ဖူးပါဘူး၊ ယောက်ျားလေးတွေနဲ့ ဒီလောက် ကင်းရှင်းအောင် နေခဲ့တဲ့ မိန်းကလေးက ခေါ်လာတော့လည်း ညအိပ်မယ့် ဧည့်သည်အဖြစ်နဲ့ပါလား .."

"ကဲ .. ကြီးကြီးပဲ မေး ...၊ ကြီးကြီးပဲ ထင်ကြေးတွေ ပေးတော့.."

ဘုံ က စိတ်မောသည့် မျက်နှာလေးနှင့် ကိုင်ထားသမျှ ဖိုင်တွေ၊ ဖုန်းတွေကို စားပွဲပေါ် ဖြစ်သလို ချသည်။ ပြီးတော့ မွေ့ရာစပ်မှာ နွမ်းယဲ့စွာ ထိုင်ချလိုက်ရင်း ...

"မသိဘူး .. လူဆိုးတော့ မဟုတ်နိုင်ဘူးလို့ ယုံကြည်စိတ်ရှိတာနဲ့ ကူညီဖို့ ဆုံးဖြတ်လိုက်တာ .."

အစချီကာ ပန်းခြံထဲမှာ ဆုံဖူးခဲ့တာကိုလည်း ပြောပြလိုက်သည်။ ကြီးကြီးက နားထောင်၍ ...

"ဒါဆို ခု ဖြစ်လာတာလည်း ရှည်းစားသနာကိစ္စတွေကြောင့်ပဲ နေမှာ ...၊ ကောင်လေးက ချောလိုက်တာ မင်းသားကျနေတာပဲ၊ တခြား ရာဇဝတ်မှု ကျူးလွန်ရလောက်အောင်တော့ ကြမ်းတမ်းမယ့်ပုံ မရှိပါ ဘူး.."

"မသိဘူး .. ဘုံ လည်း ဘာတွေလုပ်မိမှန်းတောင် မသိတော့ပါ ဘူး .."





"ဪ .. ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ဒီည မောင်ထွန်းထွန်း လည်း ရှိနေမှာပဲ၊ သမီး စိတ်ချလက်ချ အိပ် ..၊ ကြီးကြီးက အိပ်ပြီးပြီ၊ သတိ ဝီရိယနဲ့ စောင့်ပေးမယ် .."

"ဒါဆို အိပ်တော့မယ် .. ဘာမှလည်း မစားချင်ဘူး၊ ခြေလက် တောင် မဆေးချင်တော့တာ .."

"တော်တော် ပင်ပန်းလာသလား ဘုံ ရယ် .. အဲဒါကြောင့် သမီး ကို ပြောတာ ..၊ အထီးကျန်နေရတာ .. ရှန်းကန်ရတာတွေအားလုံးက မိသားစု စည်းစည်းလုံးလုံး ပြန်နေမယ်ဆိုရင် .."

"တော်ပါပြီ ကြီးကြီးရယ် .. အထီးပဲကျန်ကျန် .. အမပဲကျန်ကျန် ဘုံ ဒီကနေ ဘယ်မှ မသွားဘူး၊ အလုပ်ပင်ပန်းတာထက် မေမေ ခဏ ခဏ ဖုန်းဆက်ပြီး ဒါတွေ ပြောနေလွန်းလို့ ပိုပင်ပန်းတာ ..၊ တကယ်ပဲ မလိုက်ပါဘူးဆိုမှ ဒါကိုပဲ ဒီနည်းနဲ့မရရင် ဟိုနည်း .. ဘယ်ဘက်ကမှ မလွတ်ဘူး .."

"ဟုတ်လား .. သမီးအမေက ဘာပြောနေလို့လဲ .."

"တွေ့လား .. မပြောချင်ပါဘူးဆိုမှ .."

ဘုံ အိပ်ရာထဲ ဝင်လှဲပြီး အတင်း စောင်ခြုံပစ်လိုက်သည်။

'အသက်တစ်ရာ မနေရ .. အမှုတစ်ရာ တွေ့ရ' ဆိုတာ ဒါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

အပြစ်မလုပ်မိဘူးလို့ ထင်ခဲ့တာတောင် ဒက်ဒီက 'ငါ့သားလေး..' ဆိုသည့် ယုယချစ်ခင်သော မျက်လုံးမျိုးနဲ့ ကြည့်ခဲ့တာမဟုတ် ..။ ခုလို ရှုံးရောက်ဂတ်ရောက် ဖြစ်သွားခဲ့ခြင်းအတွက် သူ့ကံကြမ္မာကို ကြိုတွေး ထားခဲ့သည့်အတိုင်း ..။

"မင်းကို ဂျပန်ကုမ္ပဏီမှာ ပြောင်းထိုင်ဖို့ ချက်ချင်း စီစဉ်မယ်"

"ဟာ!... ဒက်ဒီက လုပ်ပြီ .."

"မဖြစ်ဘူး ထင်တယ် အစ်ကို ..၊ မျက်စိအောက်မှာ ထားတာ တောင် ဒီလိုပြဿနာတွေ ရှင်းနေရတာ .."

"တောက် .."

ဒေါသ ဘယ်လောက်ထွက်နေနေ တက်ခေါက်တဲ့အထိ ကြိမ်းဝါး ခဲ့သည့် ဦးခင်ထွန်း က ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း တက်ခေါက် ၏။ နိုင်ငံရပ်ခြားသွားဖို့ သူကိုယ်တိုင်တောင်မှ စိတ်အားမသန်ခဲ့တာ..၊ သားသမီးကို အမေ့တစ်ကျော့ လွှတ်လိုက်ဖို့ထိ သူ မဆုံးဖြတ်ပါ။

ဒါပေမယ့် ဒီသားတစ်ယောက်ဟာ ဆိုးသွမ်းတာလည်း မဟုတ်ဘဲ ပြန်မပြော နားမထောင်ပုံစံမျိုး ချိုးနေသည်။ ဒါလေးတစ်ခုတော့ ခွင့် လွှတ်ပါဆိုတာမျိုး ..။ အပေါင်းအသင်း အပျော်အပါးကိုတော့ ဘယ်တော့ မှ လက်လွှတ်ချင်ပုံ မရတာကြောင့် အခက်တွေ့နေရသည်။





နိုင်ငံရပ်ခြားထိ ငွေကြေးရင်းနှီးမြှုပ်နှံမှုတွေနဲ့ စီးပွားရေး ထူထောင် ထားခဲ့တာတွေ ရှိတာတောင် သူကိုယ်တိုင်သာ လိုအပ်သလို လှုပ်ရှားခဲ့ ပေမယ့် သားကို လွှတ်လိုက်ဖို့ စကားမဟခဲ့ဘူးတာ ဇနီးသည်လည်း သိနေလိမ့်မည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူကို သားသမီးဆိုဆုံးမရေးမှာ ဘယ်တုန်းကမှ ပိတ်ပင်တားဆီးခြင်း မပြုခဲ့ဘဲ ခုတျမှ ကန့်ကွက်စကား ဆိုရင်း ကြားဝင်၏။

"ခုကိစ္စက အကြီးအကျယ် ဖြစ်သွားခဲ့တာ မှန်ပါတယ်၊ ဒါပေ မယ့် အစ်ကို စဉ်းစားကြည့်ပါဦး .. သူတို့တောင် ဒီတိုင်း နေရဲသေးရင် ခိုင် တို့က သားကို ဘာဖြစ်လို့ တခြားပို့ပစ်ရမှာလဲ .."

"ခိုင် .. ဒါ ဘယ်သူပဲလွန်လွန် ဘယ်ဘက်မှာမှ မကောင်းဘူး၊ ခြံခုန်စရိုတဲ့နွား ခုန်တာပဲဆိုတာ မင်းလည်း သိပါတယ်၊ ငါ ဖြစ်ချင်တာ ဖြစ်လို့ရတယ် .. နောက်မှာ အမေရှိတာပဲ၊ အဖေရှိတာပဲဆိုတဲ့ ရန်ဖြစ်ရဲ တဲ့စိတ် အစရသွားပြီ .."

"မရပါဘူး ဒက်ဒီ .. သား ရန်လည်း မဖြစ်ခဲ့ဖူးဘူး၊ နောက်လည်း ထပ်မဖြစ်ပါဘူး .. ခုလည်း သား ဘာမှ မလုပ်ရသေးဘူး၊ သူ့ဘက်က ကောင်တွေအားလုံး သိတယ်၊ စတည်းက သူစဲ စတာ၊ သူ့လက်နက်နဲ့သူ ဖြစ်တာ .."

"ဘယ်သူက စတာဖြစ်ဖြစ် အခု မသေလို့ပေါ့ကွ၊ သေသွားခဲ့ရင် ဘယ်လို ရှင်းမလဲ .."

"မှတ်တယ် သား .. ပါလာတဲ့ ကောင်လေးတွေကိုယ်တိုင် သူ့ဘက်ကိုယ့်ဘက် မကာကွယ်ဘဲ အမှန်အတိုင်း ထွက်ဆိုပေးကြလို့ တော်သေးတာ ..၊ မဟုတ်ရင် ဒီအမှန်တရားမပေါ်ခင် မင်း အချုပ်ထဲမှာ ဝဲ နှစ်နဲ့ချီသွားနိုင်တယ် .."

ဒေါ်ပန်းသီခိုင် က သားမျက်နှာကို ကြည့်၍ ပြောနေသည့် စကား ထဲမှာတောင် စိတ်မပါနိုင်တော့ဘဲ 'ငါ့သား ရည်းစားများလို့ ဖြစ်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပါလား’ ဆိုတာ ခေါင်းထဲဝင်နေ၏။

“တစ်ခုတော့ ရှိတယ်နော် .. သားကို မာမီတို့ ဒီတိုင်းတော့ လွှတ်လပ်ခွင့် ပေးမထားနိုင်ဘူး ..”

ဒေါ်ပန်းသီခိုင် ဆုံးဖြတ်ချက်ချလိုက်သည့် မျက်နှာနှင့် တစ်ခါတည်း ပြောလိုက်လျှင် မျက်လွှာချ၍ ငြိမ်သက်နေသည့် သခင့် ကိုယ်မတ်ခနဲ ဖြစ်သွားသည်။

သူ့သားမကဘဲ ဒက်ဒီကိုယ်တိုင် အံ့သြသွားသည့်မျက်နှာနှင့် မာမီကို လှမ်းကြည့်လိုက်တာ မြင်ရ၏။ ဒေါ်ပန်းသီခိုင် ကတော့ သားဖြစ်သူကိုပဲ ကြည့်၍ ...

“သားသမီးဆိုတာ သူ့ဗီဇနဲ့သူ လာတာဆိုပြီး မာမီ လွှတ်မထားနိုင်ဘူး .. ဗီဇဆိုတာ တက်လာတဲ့ နွယ်ညွှန့်လိုပဲ၊ သူ့အတွက် မှီရပ်ကောင်းရှိရင် အညွှန့်ထောင်တက်မယ်၊ မှီရပ်မရှိရင်တော့ မြေလျှောက်ပင်ပေါ့၊ လူတွေတောင်မှ အမိဝမ်းက ကျွတ်တာနဲ့ အရှိကို အရှိအတိုင်း နေလို့ မရဘူး .. အနီးလေးထဲ ပြေးဝင်၊ အကျီဝတ်၊ ဘောင်းဘီဝတ်..”

သူ ကြည့်နေတာကို မာမီက မျက်ခုံးလေးပင့်၍ ‘ဟုတ်တယ်နော်’ လို့ မေးလိုက်သလိုမျိုး မေးဆတ်၏။ ပြီးမှ ...

“ပြုပြင် ပြင်ဆင်မှုဆိုတာ ဘယ်နေရာမှာဖြစ်ဖြစ် ရှိကိုရှိရမှာ ..၊ သားကို ဒီတိုင်းထားကြည့်တာ မရဘူးဆိုတော့ အရွယ်ရောက်နေတာတွေ၊ ဗီဇဆိုတာတွေ ဘေးချိတ်ပြီး မာမီတို့ကတော့ ထိန်းကျောင်းရမယ့် ဝတ္တရားအတိုင်း ထိန်းရဦးမှာပဲ ..”

မိန်းမပေးစားမလို့များလားလို့ တွေးလိုက်မိသေးသည်။ ဒါပေမယ့် ဒက်ဒီ ထွက်သွားတာနဲ့ မာမီ ထွက်လိုက်သွားသဖြင့် သူ ဒီတိုင်း ကျန်ရစ်ခဲ့၏။ ပြီးတော့ သူငယ်ချင်းတွေဆီ ဖုန်းဆက်သည့်အလုပ်နှင့် အချိန်ဖြုန်းနေလိုက်သည်။ ဇေယျ အခြေအနေကောင်းနေကြောင်း ကျော်သက်က သတင်းပေး၍ သူက သူ့အကြောင်း ပြော၏။





“အရေးကြီးတဲ့ အစိတ်အပိုင်းတွေ ဘာမှမဖြစ်ဘူး၊ ထိချက်ကတော့ ပြင်းတယ်ကွ .. မသေတော့ဘူးဆိုတာတော့ ငါတို့အတွက် ကံကောင်းတာပေါ့ကွာ၊ ဒီကောင် အသေလိုမ့်ခံရမှာ ..”

“သူ့အစ်မ အကြီးဆုံးက မကျေနပ်ဘူးဆို ..”

“မကျေနပ် လေဖြတ်ပစေကွာ .. အားလုံးက ဒီကောင့်ကိုပဲ အပြစ်တင်ကြတာ၊ သူနဲ့ပါလာတဲ့ကောင်တွေလည်း အဲဒီကိစ္စကို မကျေနပ်ဘူးလေ၊ လက်နက်ယူလာတာကို မပြောဘူးတဲ့၊ အပေါင်းအသင်းချင်းမို့လိုက်ပေးခဲ့ပေမယ့် လူသတ်ဖို့ထိ ရည်ရွယ်ထားရင်တော့ သူတို့ အားမပေးဘူးတဲ့၊ သူတို့ရဲ့မိဘတွေကလည်း အမှုပတ်မှာကြောက်ပြီး အမှန်အတိုင်း ထွက်ပေးကြတာလေ .. ထားလိုက်ကွာ ..၊ တော်သေးတာပေါ့.. ငါတို့က မင်း ကြောက်လန့်ပြီး ထွက်ပြေးသွားပြီ မှတ်နေတာ ..”

“ထွက်ပြေးနေရင် ငါ ဝရမ်းပြေးဖြစ်သွားမှာပေါ့ .. ဒါ ငါလုပ်တာမှ မဟုတ်တာ၊ ဘာနဲ့မှကို မထိရသေးဘူး .. သူ့ဟာသူ မသာပေါ်သွားတာ၊ မိန်းမတစ်ယောက်အတွက်နဲ့များ တော်တော်ကြောင်တဲ့ကောင်..”

“အေး .. သူ ကြောင်တာ မင်း သေသွားနိုင်တယ်နော် .. နည်းနည်းပါးပါး ခြေလှမ်းပြင်ဖို့လည်း စဉ်းစားဦး၊ အချစ်အတွက်ဆို မိုက်ရူးရဲဆန့်တဲ့ဖြစ်ရပ်မျိုးတွေ အံ့မခမ်း ရှိခဲ့တာ မမေ့နဲ့ ..”

“ဘာလဲ .. မင်းကပါ ငါ့ကို ရည်းစားမထားဖို့ ပြောချင်တာလား..၊ နှင်း နဲ့ သူ ပြီးသွားတာ ကြာပြီ၊ ငါက လုယူတာ မဟုတ်ဘူး ..”

“ရည်းစားထားတာကို ငါ မပြောပါဘူး၊ ဘာဖြစ်လဲကွ ..၊ ကြိုက်တယ် .. ချစ်မယ်၊ အဆင်မပြေရင် ဒိုးပေါ့ ..”

“ဒါဆို ဘာလဲ ..”

“မင်းတစ်ယောက်တည်း သွားလို့ ဒီလို ဖြစ်တာလေ ..”

“ဟော့ကောင် .. မင်းတို့ပါလည်း မားကိုင်ထားတဲ့ကောင်က သွားကြွနေတာ၊ သူ ကြံစည်ထားတဲ့အတိုင်း လုပ်မှာပဲ ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဒါပေမယ့် အခု မင်းဘက်က သက်သေမရှိဘူးလေ၊ ကံကောင်းထောက်မပြီး ဟိုကောင်တွေက အမှန်အတိုင်း ထွက်ပေးလို့ .."

"ဘာဖြစ်ဖြစ် ငါ ကျူးလွန်ပါတယ်ဆိုတဲ့ ခြေရာလက်ရာ ဘာမှမရှိတဲ့အတွက် ကြောက်ဖို့ မလိုပါဘူး၊ အဲဒီညက အိမ်မပြန်ဘဲနေတာက ညတွင်းချင်း ရဲတွေပါလာပြီး မာမီတို့ သိက္ခာကျ အရှက်ရကုန်မှာ စိုးလို့.."

"အေးပါ .. အဲဒါ ခဏထားလိုက်ပါဦး၊ မင်း ညက ဘယ်မှာ ဝင်အိပ်နေခဲ့တာလဲ ..၊ ကားလည်း မယူ .. လူလည်း ပြန်မလာလို့ ကောင်းဇော် ညက နှစ်နာရီခွဲကျော်ကြီး ငါ့ဆီ ဖုန်းဆက်မေးနေတာ.."

"ညဦးက သူ့ညီလေးကို ငါ မှာလိုက်ပါတယ် .. ဒီလိုပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရမ်းန်ရတာပေါ့ .."

ဒါက လျှို့ဝှက်ချက်မို့ မပြောချင် ..၊ 'ဘုံ'ဆိုသည့် နာမည်တစ်လုံးကိုပဲ သိခွင့်ရခဲ့သော မျက်မှောင်ကုတ်ကုတ် မျက်နှာပေါက်ဆိုးဆိုးနှင့် မမ ..။

"ဘုံ ဆိုတာ ကြားရင် ဘုံ လို့ပဲ မှတ်လိုက်ပေါ့၊ ငါ့နာမည် ဘာဖြစ်ဖြစ် .. မင်း သိဖို့မှ မလိုတာ" တဲ့ ..။

ပြောတာကတော့ ရင့်သည်။ သူမနဲ့ ပြောမိတိုင်းပဲ အရင့်ခံရတာပါ။ ဆုံမိကြတဲ့အခြေအနေကိုက ရာသီဥတုက ကိုယ့်ဘက်မပါတာ မတတ်နိုင် ..။ ခုလည်း ကျန်ခဲ့သေးသည်။ ညှော်ခန်းစားပွဲရဲ့ အောက်ခင်းထဲ ထိုးထည့်ထားမိသည့် ဂစ်တာ ..၊ ဆွဲစရာ လွဲစရာ ပစ္စည်းပစ္စယကများတော့လည်း ဒီလို သေးသေးကွေးကွေးလေးကို မေ့ရှာပေမည်။

ကိုယ့်အဖြစ်ကိုပဲ ပြုံးလိုက်မိသေးသည်။

ခင်ဗျားနဲ့လည်း ထပ်မဆုံချင်တော့ပါဘူး မယ်ရင့်ရင့် ..၊ ရှိပါစေတော့ ..။





## အခန်း(၈)

"ကွမ်းစားတာတော့ မတားပါနဲ့ကွာ ..၊ တစ်ပတ်လုံးမှ တစ်ယာလောက်ပဲ စားတာပါ၊ ဒါတောင် ပြန်ရင် ဒီပါးစပ်ကြီးကို အဝစာလျှော်သလို လျှော်ရတာ .."

"ဩော် .. အိမ်မှာ ကြောက်ရမယ့်လူ ရှိရင် တော်သေးတာပေါ့"

"နှင်း က ကိုယ့်ကို မိမနိုင် .. ဖမနိုင် ဖြစ်နေပြီ ထင်လို့လား ..၊ ဒက်ဒီနဲ့ မာမီ ကို အသေကြောက်ရတာ .."

"နှင်း ကလည်း နှင်း ကို ဂရုစိုက်စေချင်တာပဲ၊ ချစ်သူက တားရင် မလုပ်နဲ့ပေါ့၊ ကွမ်းစားတာ ပါးစပ်ရဲရဲကြီးဖြစ်တဲ့အထိ မဟုတ်သေးတော့ ကိုက ပိုတောင် ကြည့်ကောင်းသေးတယ်၊ ဒါပေမယ့် နှင်း နဲ့ ဆုံခဲ့တဲ့ပုံစံမျိုး နောက်တစ်ယောက်နဲ့ ထပ်ဆုံရင် ဘယ်လိုလုပ်မလဲ.."

"ဟင် .. ကွမ်းမစားစေချင်ရတဲ့အကြောင်းရင်းက ဒါလား .."

သခင့် မျက်ခုံးနှစ်ဖက် မြင့်တက်ပြီး ရယ်ကျဲကျဲမေးတော့ နှင်း က သူ့လက်မောင်းကို ဖက်ထားရင်း ရယ်ကာ ...

"ဟုတ်တယ် .."

"ဒါဆို မင်းကို တမင် ချဉ်းကပ်ဖို့ နည်းသုံးတာလို့ မထင်တော့ဘူးပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ထင်လို့ပေါ့ .. အဲဒီလိုလူဆိုရင် နှင်း ကဖြင့် မစဉ်းစားပေါင်.."

"ဪ .. ဒါဆို .. ကိုယ် တော်တော် ပိရိတာပဲ .."

"တို .. နော် .."

ရယ်နေတာက ကိုယ့်ကိုယ်ကိုယ် တကယ် သဘောကျသွားလို့ပါ။ ယုံပါသည်ဆိုတော့လည်း ညာပြောခဲ့တယ်ဆိုတာ မပြောတော့ပါဘူး။

သူ ဆံပင်သပ်ရင်း မျက်နှာမော့ ရယ်သည်။ နှင်းဆီ က သူ့ကို လိုက်မော့ကြည့်၍ မေးဖျားကနေ ဆွဲလှည့်ကာ ...

"ကို .."

"ဟင် .."

"နှင်းတို့ မိဘတွေကို ဖွင့်ပြောလိုက်ရအောင်လေ .."

လာပြီ ..။

ရယ်နေသည့်မျက်နှာက ချက်ချင်းတည်၏။ လက်မောင်းတစ်ဖက်မှာ ပါးလေးကပ်၍ မျက်လွှာချ ပြောနေသော နှင်း က သတိမထားမိ..။

"တကယ်ဆို ကိုက စပြောရမှာကို .. နှင်း က ပြောနေရတယ်"

"မဟုတ်ဘူးလေ .. ကိုယ်တို့က ချစ်ကြတာလည်း သိပ်မကြာသေးတော့ .. နောက်ပြီး .. အခု .."

"အကြာကြီး ချစ်ကြတဲ့ ချစ်သူတွေမှ လက်ထပ်ခွင့် ရှိတာလား ကို ..၊ စတွေ့ကြတည်းက အခုဆို သုံးလ ရှိပြီ .."

"မဟုတ်ဘူးလေ .. ချစ်ကြတာက .."

"ကိုက နှင်း ကို လက်ထပ်ဖို့ထိ ရည်ရွယ်ခဲ့တာ မဟုတ်ဘူးလား.."

မဟုတ်ဘူးဆိုတာ ကိုယ့်ဘက်က ရှင်းပြီးသား ..၊ ဒါပေမယ့် ဒါက ပြောရမယ့်စကားမှ မဟုတ်တဲ ..။ ချစ်သူထားကြတာ အိမ်ထောင်ဘက် ရွေးတာတော့ မဟုတ်ဘူးလို့ပဲ မြင်သည်။ ချစ်ခဲ့ကြရင် မခွဲနိုင်မခွာရက်အောင် ငြိတွယ် ခိုင်မြဲလာကြရင်တော့ တစ်မျိုး ..။

အဲ့ဒီအတိုင်း သူ့အလိုလို ဖြစ်လာတာမျိုးကိုပဲ သူ အလိုရှိသည်။





လက်ထပ်ဖို့ရည်ရွယ်ခဲ့တာ မဟုတ်ဘူးလားလို့ မေးမယ့်အစား 'လက်ထပ်ချင်ရလောက်အောင် နှင်း က ကို့ကို ဖမ်းစားနိုင်စွမ်း မရှိခဲ့လို့လား ..' လို့ မေးသင့်တာ ..။

"ကို့ .. နှင်း မေးတာ ဖြေလေကွာ .."

အင်းလျားရေပြင်က နွေးလာတာလား ..၊ ပြောနေသည့် စကားသံတွေက မအေးမြတော့တာလား ..၊ နွေးတေးတေး ဖြစ်လာတာတော့ သေချာ၏။

"မဟုတ်ဘူး နှင်း ..၊ ရည်းစားသက်တမ်းနဲ့ ဘာကိုမှ တိုင်းတာလို့ မရတာ မှန်တယ်၊ အခု ကိုယ်တို့ ပြဿနာရှိထားခဲ့ကြတာကို ထည့်မတွက်လို့ မရဘူး .."

"ဟင်!..."

"ဖေဖေ က ဆေးရုံကဆင်းသွားတာ မကြာသေးဘူး .."

"ဘာဆိုင်လဲ ကို .."

"ဆိုင်တယ်လို့တော့ ထင်တယ် နှင်း ..၊ မင်းဘက်က မသိပေမယ့် ကိုယ့်မိဘတွေဘက်မှာ ရှော့ခ် ရှိတယ် .."

နှင်း သူ့ရင်ခွင်မှာ မှီနွဲ့နေရာကနေ ကိုယ်လေး မတ်မတ်တောင့်တောင့် ဖြစ်သွားသည်။ မျက်ခုံးတန်းလေးတွေ တွန့်ချိုးစပြု၍ ...

"အဲဒါ ဘယ်လိုမျိုးလဲ .. ပြောပါ ကို ..၊ အားမနာပါနဲ့ .."

"အားနာနေတာ မဟုတ်ဘူး .. မင်း သဘောမပေါက်မှာ စိုးတာ"

"ပေါက်သလိုလိုတော့ ရှိလာပါတယ် .. ပန်းသခင် ဆိုတာ အဲဒီလို .."

"အမျိုးတူချင် တူမယ် .. အမျိုးအစားတော့ ကွဲတယ်နော် .. မင်း အဲဒါကို နားလည်မှု မလွဲဖို့ လိုတယ် .."

နှင်း မျက်နှာလေးမှာ ချစ်ကြည်နူးသည့် အပြုံးနုနုတို့ ပျောက်ဆုံးသွားခဲ့ပြီ ဖြစ်သည်။ သခင် က ထိုမျက်နှာလေးကို ပြန်ငုံ့ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ် ချစ်ဘယ် .. မင်းကို လိုချင်လို့ ကိုယ် ကြိုးစားခဲ့သလိုမျိုး ..၊ မင်းအချစ်ကို ရတဲ့နေ့က ပျော်တဲ့အပျော်မျိုး .. ကိုယ် မင်းနဲ့ကျမှ ခံစားဖူးတာ ..၊ ဒါပေမယ့် မင်း အခုပါအဝင် ကိုယ့်ရဲ့ ချစ်ခြင်းအားလုံးရဲ့ ပန်းဝင်ကြိုးဟာ ကိုယ့်မိဘတွေရဲ့ လက်ထဲမှာ .."

သူက အေးဆေးစွာ ရှင်းပြနေနိုင်ပေမယ့် နှင်းဆီ ရင်ထဲမှာ မီးတွေ လောင်နေခဲ့၏။ သူတောင် ဒီလိုဖြစ်ခဲ့ပါသည်ဆိုလျှင် နှင်း ရင်ထဲကိုရော မြင်အောင် မကြည့်တော့ဘူးလား ..။

သူ့လိုလူက ဒူးထောက် ခစားခဲ့တဲ့အချိန် ..၊ သူ့လိုလူက တယုတယ အလျှော့ပေး အလိုလိုက်တာတွေကို ရယူ ပျော်ရွှင်ခဲ့ရတဲ့အချိန်..၊ သူနဲ့ ထိတွေ့မိတိုင်းမှာ တဖျပ်ဖျပ် ခုန်ပေါက် လူးလွန့်နေတဲ့ ရင်ခုန်သံတွေကို ပြန်ကြားနေရတဲ့အချိန်တွေ ..၊ ဒါတွေကို ဘယ်လိုလူက အစားပေးနိုင်မှာလဲ ..။

နှင်းဆီ မျက်ရည်နှစ်စက် ပေါက်ခနဲ ကြွေဆင်း၏။

"ဧယျ နဲ့ ငြိခဲ့ကြတဲ့ ပြဿနာကြောင့် မင်းနဲ့ ကိုယ့်မိဘကြားမှာ ရှော့ခ်ရှိတယ် နှင်း ..၊ အဲဒါကြောင့် ကိုယ်တို့ စဉ်းစားဖို့ လိုတယ် .."

"ယောက်ျားလေးတစ်ယောက်က စဉ်းစားပါဦးလို့ ငြင်းခံရတဲ့အထိ ရူးမြွေမဲ့ခဲ့မိတာပဲ နှင်း ကိုယ့်ကိုယ်ကိုယ် နောင်တရနေပါပြီ၊ ကျေးဇူးပဲ ကို ..၊ နှင်း တို့ရဲ့ ဆုံစည်းခွင့်က ဒီလောက်ထိပဲ ရှိခဲ့တာဆိုတော့ .."

"ဟာ!... အဲလိုကြီးလည်း မဟုတ်ဘူးကွာ .. ကိုယ်တို့ ဒီလောက်ထိ ဖြစ်ဖို့ မလိုပါဘူး၊ ဒီအခြေအနေတွေ ဖြစ်နေတုန်း ဒီတိုင်းလေး ခဏ သည်းခံဖို့ပါ .."

"နှင်း ကတော့ ကို ဒီလို တကယ်ဖြစ်စေချင်တာ မဟုတ်ဘူးလို့ပဲ ထင်တယ် .."

နှင်းဆီ က နီရဲနေသည့် မျက်ဝန်းလေးတွေနှင့် သူ့ကို စိုက်ကြည့်





သည်။ ထိုမျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြည့်သိပ်နေပေမယ့် နူးညံ့ ပျော့ပျောင်းသည့်ဟန် အနည်းငယ်မျှ မရှိ ..။

"ရှင်နဲ့ထပ်တူ ခံစားနိုင်အောင် ကြိုးစားမယ် ပန်းသခင် .."

ပြောပြီး နေရာမှ ထရပ်လိုက်ကာ ...

"ဗွတ်ဒ် ဘိုင် .."

လေသံယဲ့ယဲ့လေးနှင့် ဆို၍ လှည့်ထွက်သွား၏။

"နှင်း .."

လက်ကို ကိုင်လိုက်တော့ ဖြုတ်ချသည်။ သူ အနားကနေ တောက်လျှောက် လိုက်သွားကာ ...

"ကိုယ့်စကား မှားသွားတာ တောင်းပန်ပါတယ်၊ အဲဒါကို အခု စိတ်ဆိုးနေသေးလို့ ခွင့်မလွှတ်ရင်လည်း နေ ..၊ ပြန်လိုက်ပို့မယ် .. ကားပေါ်တက်ပါ .."

"နေပါစေ ပန်းသခင် .. ဒါ ရှင့်ကို နာကြည်းစေမယ့် ခြေလှမ်းတွေမို့လို့ အိမ်ထိ ဒီတိုင်းပဲ ပြန်မယ် .."

နှင်း က ခေါင်းမာသည်။ ထိုနေ့မှစ၍ နှင်းဆီနက် နဲ့ သူ့ဇာတ်လမ်းလေး ပြီးဆုံးခဲ့ပြီ ..။

"မင်း သူ့ကြောင့်တော့ တော်တော် ခံစားလိုက်ရပုံပဲ ..၊ အခန်းအောင်းနေတာ ခုမှ ထွက်လာတယ် .."

"အလကားပါကွာ .. ဒီကောင်လား .."

ကျော်သက် နဲ့ ကောင်းဇော် က အထင်တကြီး ဝေဖန်ရေးတို့နှင့် အခမ်းနားဆုံး အင်တာဗျူးနဲ့ စသည်။

"ဟုတ်တယ် .. အစကတော့ အများနည်းတူပဲ .. သူ့လောက်လှတာ မထားခဲ့ဘူးတော့ ပိုပျော်သလိုလို .. ပိုချစ်သလိုလို၊ လက်ထပ်ဖို့ထိ စိတ်ကူးထဲ မရောက်သေးတာကလွဲရင် ပြတ်တောက်ကုန်ကြတော့လည်း ခံစားရတယ် ..၊ ဒါပေမယ့် မနင့်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာက နင့်သွားစေတာလဲ .."

"သူ မျက်ရည်လည်နေတဲ့ မျက်လုံးတွေရယ် .. သူ့စကားတွေရယ် .. တကယ်ကို ဟတ်ထိ ထိတယ် .."

ဒါတော့ တကယ်ပြောနေတာပဲဆိုတာ ငေးနေသည့် သခင့် မျက်ဝန်းတွေကို အငေါ်ခတ်တာနဲ့ သူတို့ ယုံသွားသည်။ သို့သော် ,..

"ဟိုစားပွဲမှာ ထိုင်နေတဲ့ ကောင်းကင်ပြာလေးက ငါတို့ ချောင်းသာမှာတုန်းက ဘုဘောက်ကျခဲ့ဖူးတဲ့တစ်ယောက်မို့လား .."

ရည်းစားပြတ်စဲခဲ့ရသည့်သက်တမ်း ဘယ်လောက်မှန်းတော့ မသိ..၊ သခင် နောက်ထပ် ဟတ်ထိ ထိပြန်ပြီ ..။

"ရော့ .. သခင် .. ဒီမှာ မြည်နေတာ ကြားလား .."

ကျော်သက် က ဖုန်းကို ဖွင့်လိုက်ပြီး နားနားတပ်ပေးသည်။ သခင်က လက်ထဲရောက်လာမှ ...

"ဟလို .."

"ဟလို မနေနဲ့ .. ကိုယ့်အိမ်က ဖုန်းနံပါတ် မသိဘူး လား သခင်..၊ မင်းဒက်ဒီက ပြောစရာရှိတယ်တဲ့ .. ညနေ သူ ပြန်မလာခင် အိမ်မှာ လူစုံပါစေလို့ မှာတယ်၊ အဲဒါ သား အကြောင်းတွေပြနေမှာစိုးလို့ မာမီကြိုပြောတာ .. ဒါပဲနော် .."

သူ ဖုန်းချလိုက်ပြီး ဒီဘက်လှည့်ကြည့်ကာ ...

"ဒက်ဒီ ခေါ်နေလို့ .."

"ခုလား .."

"ရပါသေးတယ် .."

"ဟိုပြဿနာပြီးတည်းက မင်းဘိုးတော်ကြီးက မကြည်ဘူးဆို .. သေချာတယ်ကွ ..၊ သူ့ကုမ္ပဏီမှာ မင်းကို ပြောင်းထားတော့မှာ .. မယား ပြော တစ်ည ဆိုပေမယ့် မင်းရဲ့ မယ်တော်ကြီးကိုက ဘာတစ်ခုမှ လွှန်ဆန်ခဲ့တာမှ မဟုတ်တာ၊ မင်း ဘိုးတော် ဆုံးဖြတ်လိုက်ပြီဖြစ်မယ် .."





ဟိုတစ်ခါ ဒီအစီအစဉ်ရှိတာ ဒက်ဒီ ပြောတဲ့အတိုင်း သူတို့ကို ပြန်ပြောပြထားတာမို့ ကျော်သက် တို့က သိနေကြသည်။ ထို့ကြောင့် ကောင်းဇော် က ...

"ဘာဖြစ်လဲကွာ .. နိုင်ငံခြားမှာ ဖြစ်သလို ကြုံသလို အလုပ်လုပ်ဖို့ သွားနေကြတဲ့လူတွေတောင် ရှိသေးတာ၊ မင်းမှာ ကိုယ့်စီးပွား .. ကိုယ့်ရာထူးနဲ့ ငါတောင် အားကျတယ် .."

ကောင်းဇော် တို့က မိသားစုလိုက် ဝန်ထမ်းတွေပဲ များတာမို့ ကြီးကျယ်သည့် စီးပွားရေးလုပ်ငန်းတော့ မရှိပေ။ ဒါပေမယ့် မွေးချင်းတွေရှိသမျှ နိုင်ငံခြားထွက်တဲ့လူလည်း တစ်ယောက်မှ မရှိခဲ့ ..။

ဘယ်သူကမှ ဒီလို သွားလာ စီးပွားရှာဖို့ မတောင့်တခဲ့ဘဲ ကောင်းဇော် ကတော့ သူ့ရှေ့မှာ ပြောတာ မကြာခဏ ကြားနေရ၏။

သခင့် မျက်နှာ မဲ့တော့မလို ရွဲ့တော့မလို နှာခေါင်းခပ်တွန့်တွန့်နှင့် ဘာမှလည်း မပြော ..၊

နိုင်ငံခြားဖြစ်ဖြစ် .. မြန်မာပြည်ဖြစ်ဖြစ် .. ဘယ်မှာပဲဖြစ်နေနေ စီးပွားရေးကို သူ အာရုံမစိုက်ချင်သေးတာ ဖြစ်သည်။

ဒီလောကထဲ ဝင်လိုက်တာနှင့် ဒက်ဒီနဲ့သူ အနေအထား အမျိုးမျိုးနှင့် နီးစပ်တော့မည်။ ဒက်ဒီအရည်အချင်းကို သူ အသိဆုံး ..၊ သူ့လို မတော်မတတ်တာတွေ တွေ့လာရင်လည်း ဒက်ဒီက စိတ်ရှည်သည်းခံမှာ မဟုတ် ..။

မလွယ်တာက တော်တော်ကို မလွယ်တာပါ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

"ဗျာ!... ဒက်ဒီ .."

သူ တအံ့တသြကြီး ဖြစ်သွား၏။

"သားကို အိမ်ထောင်ချပေးမလို့ .."

"ဟုတ်တယ် သား ..၊ မင်းဒက်ဒီကိုယ်တိုင် ရွေးချယ်လိုက်တာ.."

သခင် ဘယ်မျက်နှာကို ကြည့်ရမှန်း မသိဘဲ ဒက်ဒီနဲ့ မာမီ့အလယ်မှာ ဘယ်က ပြန်စပြီး မေးရမှန်းလည်း မသိ ..၊

အိမ်တွင်းရေးတချို့ကအစ ရပ်ကွက်ထဲက သာရေးနာရေး ဘာမဆို ဒက်ဒီ ဝင်မပါတတ်ခဲ့ပေ။ မာမီကလည်း နေရာတကာ ဒက်ဒီ့ကို နားပူစေခဲ့တာ မဟုတ် ..။

ဒီလို သားသမီး အိမ်ထောင်ရေးကိစ္စမှာမှ ဒက်ဒီကိုယ်တိုင် ဆိုတော့ ..၊

"အေး .. ဒက်ဒီကတော့ ပွကျကျသမား ..၊ မင်းအတွက် အိမ်ထောင်ဖက် တွေ့ထားတယ်၊ နံပါတ်တစ် မင်းအတွက် အဆင်ပြေမယ့် ကောင်းနိုးရာရာကို ရွေးချယ်နေချိန် မရှိဘူး၊ နံပါတ်နှစ် မင်း ငြင်းလို့ မရဘူး၊ နံပါတ်သုံး ဒါကို ငြင်းမယ်ဆိုရင် မင်း ဂျပန်သွားရမယ်၊ လက်





ထောက်အမ်ဒီနဲ့ အတူတူ သွား ..၊ မင်းအတွက် လူချိန်းပြီး သူတို့ စောင့်ရှောက် သင်ပြကြလိမ့်မယ်၊ မင်းကတော့ နှစ်နှစ်မပြည့်မချင်း ပြန်လာလို့ မရဘူး၊ ဟိုမှာ ပျော်နေပါပြီဆိုလည်း ဆက်နေခွင့် မရှိဘူး.."

ရှင်းသည် ..၊ ဒီ့ထက်ရှင်းတာတောင် ဒီလောက်ရှင်းမှာ မဟုတ်။ စိတ်မတိုစဖူး တိုသည်၊ မျက်နှာတင်းတင်းနဲ့ ဘယ်တုန်းကမှ မနေခဲ့ဖူးဘဲ တင်းခနဲ လှည့်ပစ်မိတာကို ဖုံးကွယ်ဖို့ သတိမရ ..။

ဦးခင်ထွန်း ကလည်း ဒီလောက်တော့ ဖြစ်သင့်သည်လို့ နားလည်ပေးလိုက်တာလား မသိ ..၊ သခင့် ကို တစ်ချက်တော့ စိုက်ကြည့်ကာ ပြောလိုရာကို ဆက်၍ ...

"မနက်ဖြန် သူတို့ ဒီကို လာကြမယ်၊ မင်း ဘယ်မှမသွားနဲ့ .."

ပြောပြီးမှ ထွက်ခွာသွားခဲ့၏။

မာမီကတော့ ဆက်ရန်ရှိသေးသည့်စကားကို တာဝန်ယူထားပုံရှိကာ ...

"သားကို မာမီကတော့ နိုင်ငံရပ်ခြားထိ မလွှတ်နိုင်ဘူးနော် ..၊ သားလည်း ခုံခုံမင်မင်သွားချင်မှာ မဟုတ်ဘူးဆိုတာ မာမီ သိတယ်.."

"အဲဒီတော့ .. ဒီမိန်းမကိုပဲ လက်ထပ်ရမယ် .. ဒါပဲမို့လား မာမီ.."

"သားရဲ့အိမ်ထောင်ရေးကိုတော့ မိဘသဘောကျ ဖြစ်ချင်တယ်ဆိုတာ မာမီ သားကို ဟိုအစတည်းက ပြောထားပြီးသား .."

"ဟုတ်တယ်.. အဲဒီတုန်းက သားရော ငြင်းခဲ့လို့လား .."

"ခုတော့ ငြင်းချင်နေပြီလို့ သား ဆိုလိုတာလား .."

"နည်းနည်းပါးပါး တွေ့ဆုံလေ့လာခွင့်ဆိုတာတော့ ရှိရမှာ မဟုတ်ဘူးလား မာမီ၊ အိမ်ထောင်ပြုရမှာ .. စာတိုက်ကလာတဲ့ ပါဆယ်ထုပ် ရွေးရမှာမှ မဟုတ်တာ၊ ကိုယ့်နာမည်နဲ့ ရောက်လာတိုင်း လက်မှတ်ထိုး ယူရမယ် ..၊ ဖွင့်ကြည့်ရမယ်ဆိုတာ .."

သခင် က ဆက်မပြောဘဲ မှုန်ကုတ်ကုတ် မျက်လွှာချပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ လူငယ်တွေမှာ မိဘကို အကွက်ထောက်ဖို့ .. ဆင်ခြေပေးဖို့တွေ ရှာဖွေ စုဆောင်းထားဖို့တောင် မလိုဘူးဘဲ၊ ဟုတ်တယ် .. သဘာဝစကျသလို ဖြစ်မယ် ..၊ ဒါပေမယ့် မိဘဘက်က စီမံခွင့်ရှိတဲ့ အခြေတမ်း အမှန်တရားပဲ သား ..၊ ဘယ်နိုင်ငံ .. ဘယ်မိဘရင်ထဲမှာ ဖြစ်ဖြစ် သားသမီးရဲ့အိမ်ထောင်ရေးကို အကောင်းဆုံး ဖြစ်စေချင်ကြတဲ့ ဆန္ဒတွေ ရှိကြတာ အတူတူပဲ၊ ကွဲပြားတာက တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကြတဲ့ ယဉ်ကျေးမှုတွေပဲ ..၊ ဘယ်နိုင်ငံမှာ လွတ်လပ်ခွင့်တွေ ဘယ်လိုရှိရှိ မြန်မာနိုင်ငံမှာ သားသမီးက မိဘကို ဂရုမစိုက်ဘဲ အသက်ပြည့်မီနေပါပြီဆိုပြီး ထင်သလို တွဲ ..၊ ထင်သလို ကဲခွင့် မရှိဘူး .."

"မဟုတ်ဘူး .. သား ပြောတာ အဲသလောက်ထိမှ မဟုတ်တာ၊ အခု ဒက်ဒီ ပြောသွားတာက .."

"သူ့သားအတွက် စေတနာ မေတ္တာ အပြည့်နဲ့ပဲ .."

"မာမီတို့ လုပ်ပြီ .."

သခင် ဆံပင်သပ်၍ မျက်နှာကို ပိုင့်ပစ်သည်။ မကျေနပ်တာတွေ၊ မျက်နှာမှာ ပေါ်နေမှာ သိလို့ မာမီ မမြင်စေချင် ..။

"ခုခေတ် လူငယ်တွေ ဘယ်လိုလွတ်လပ်နေပါစေ .. ဦးခင်ထွန်း၊ ဒေါ်ပန်းသီခိုင် တို့ရဲ့သားက မိဘအုပ်ထိန်းမှုအောက်မှာပဲ သေသေသပ်သပ် ကြီးပြင်းရမှာ၊ အဲဒါ မာမီတို့ မျှော်လင့်ခဲ့တဲ့ သားရဲ့အနာဂတ်.."

သူ့စိတ်ထဲမှာလည်း မိဘက ပြောချင်ရာ ပြော၊ ထင်ရာလုပ်မှာပဲဆိုတာမျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ဒါပေမယ့် ...

"သားက ချစ်သူတွေထဲက ရွေးချင်တာလား ..၊ နှင်းဆီနက်မိန်းကလေး .."

"မဟုတ်ပါဘူး .."

"ဒါဆို သားဒက်ဒီ ပြောတဲ့စကားကို အမိန့်ဆန်တယ်လို့ ထင်တာလား .."





"အဲဒီလောက်လည်း မဟုတ်ဘူး မာမီ ..၊ သား လက်ထပ်ရမယ့် မိန်းကလေး ဘာဆိုတာတောင် သိခွင့်မရှိဘဲ ချက်ချင်းကြီး .."

"သူ ရောက်လာမှာပဲ.. သားတို့ တွေ့ကြပေါ့၊ မနက်ဖြန် နေ့လယ်ပိုင်း ရောက်လာလိမ့်မယ်၊ ညစာစားပြီးမှ ပြန်မှာ .."

"ဘယ်ကလဲ မာမီ .."

"ရန်ကုန်မှာပဲ သူက စီးပွားရေးနဲ့ ဘွဲ့ရထားပေမယ့် နိုင်ငံခြားဘာသာစကား နှစ်မျိုးလောက် ကျွမ်းကျင်တယ်၊ လက်ရှိကတော့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ဖို့ ကြိုးစားနေတယ်လို့ ပြောတယ်၊ သူ့ဘဝက မိသားစု အခြေခံအင်အားတော့ နည်းတယ်၊ ဒါပေမယ့် အရမ်းကြိုးစားတယ် .. တော်တယ်၊ မင်းရဲ့ဒက်ဒီက မင်းရဲ့လက်တွဲဖော်အဖြစ် အဲဒါကြောင့် ရွေးခဲ့တာ ..၊ မာမီတို့အတွက် အရမ်းချမ်းသာနေတဲ့ ချွေးမ မလိုဘူးလေ ..၊ သားဘဝအတွက် အရမ်းတော်တဲ့ ဇနီးကောင်းပဲ လိုတာ .."

"အရမ်းတော်နေတဲ့ မိန်းမတွေက မာန်တက်တယ် မာမီ၊ ပြီးတော့ အရမ်းတော်လေ .. တစ်ကိုယ်ကောင်းဆန်လေဆိုတာလဲ မာမီ သိနေမှာပါ၊ အဲဒီလို ချွေးမမျိုး ဒက်ဒီ ရှာတာ သားအတွက် အကူအညီမဖြစ်ဘဲ အန္တရာယ်ကြီးနေရင်ရော .."

ဒေါ်ပန်းသီခိုင် က ပြုံးလိုက်ပြီး နေရာမှ ထရပ်သည်။

"ယောက်ျားတစ်ယောက်အတွက် ဇနီးမယား ရှာကြတာ အမိုသဟဲပြုဖို့မှ မဟုတ်တာ .."

အပြုံးနှင့် စကားလုံးကြောင့် သခင်၏မျက်နှာနီသွား၏။

"ယောက်ျားအပေါ်မှာ ဇနီးဖြစ်သူက မာန်တက်နိုင်တယ်ဆိုရင် မာန်တက်တဲ့မိန်းမကို လွန်တယ် ပြောမှာလား ..၊ သူ မာန်တက်လို့ရအောင် ညံ့ဖျင်းကျန်ရစ်တဲ့ ယောက်ျားရဲ့အရည်အချင်းကိုတော့ ခိုနှိုင်းမကြည့်သင့်ဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြတာပါ ..၊ ယောက်ျားက တော်နေလည်း မာနကြီးတဲ့ မိန်းမမျိုးက အချိန်မရွေး ပခုံးချင်း ယှဉ်နေတာပဲ .."

"အဲဒီတော့လည်း ဘယ်အချိန်ဖြစ်ဖြစ် ကိုယ်က သာနေအောင် ကြိုးစားရမှာပေါ့ သားရဲ့ ..၊ မာမီ့သားကို မာမီ အဲဒီလို ယောက်ျားမျိုးလို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ အရည်အချင်း ရှိတယ်၊ ထက်မြက်တယ်၊ ပင်ကိုအရည်အသွေးဆိုတာ လိုအပ်တဲ့အချိန်မှာ ပေါ်လာတာပဲ၊ သားက ပတ္တမြားမှန်ရင် ဘယ်ရွှံ့နွံမှာနစ်နေနေ အရောင်အသွေး လျော့မသွားနိုင်ဘူး၊ မင်းကို ရွှံ့ထဲက ဆယ်ထုတ်နိုင်မယ့်သူပဲ လိုတာ၊ မာမီတို့ ရွေးတဲ့ အိမ်ထောင်ဖက်ဟာ သားအတွက် အဲဒီလို လက်ပိုင်ရှင်ပါ .."

မာမီတို့ ပြောပြီဆို အဲဒီလို ရှန်းမရ .. နုတ်မရအောင် ရစ်ပတ် စည်းရုံးသွားတာမျိုး ..၊

အိမ်ထောင်ပြုဖို့အရေးအခြင် အိမ်ထောင်ဦးစီး ယောက်ျားကောင်း တစ်ယောက်ဖြစ်ဖို့ အရေးတောင် ပိုလာလိုက်သေးသည်။

ရှာလိုက်ဦး သခင် ..၊ မင်း နောက်ထပ် ငြင်းခွင့်ရှိမယ့် ဆင်ခြေ တစ်ခုခု ..။





## အခန်း(၁၀)

"နာမည် ဘယ်သူလဲ မာမီ .."

"အဲဒီလောက်တောင် စိတ်ဝင်စားတာပဲနော် .. မာမီ့သား .."

ဧည့်သည်တွေအတွက် ဟင်း စီစဉ်ပေးနေရင်း အလုပ်ရှုပ်လို့ပဲ မချေမငံ လှည့်ပြောတာလား မသိ ..၊ ဒါပဲပြောပြီး မီးဖိုဘက် ပြန်လှည့် တာ ဒေါ်နု ကို စီစဉ်မှာကြားနေတာတွေ ပြီးအောင် စောင့်နေရ၏။

ပြီးတော့လည်း ရပ်စောင့်နေတာကိုပဲ မေ့လျော့သွားတာလိုလို .. ခပ်သုတ်သုတ် ထွက်သွားသည်။

"မာမီ .."

"ဟင် .."

"သား မေးနေတယ် .. ဖြေဦးလေ .."

"ဩော် .. ခုပဲ ရောက်တော့မယ် .. ကိုယ့်ဘာသာပဲ မေးတော့.."

"ဟား!..."

မာမီက တကယ့်ကို ဖြေမသွားခဲ့ပေ။ စိတ်တိုလာသမျှ အဲဒီမိန်းမ ကိုပဲ အော်ပစ်ချင်လာ၏။ ထမင်းစားသွားတာ၊ လေ့လာကြည့်တာတွေ တ မိန်းကလေးဘက်က လုပ်ရမယ့် အလုပ်လား ..။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သွားရမှာဆို ရောက်သွားမည် ..၊ တွေ့ရမည် ဒါပဲ ..။ ခုတော့ ဘာကြီးမှန်း မသိ ..။

ပြေးကြည့်လိုက်ရတာထက် ထိုင်စောင့်နေရတာက ပိုအောက်ပါလားဆိုတာလည်း ခံစားမိလာ၏။ ဘယ်လိုပညာတွေ သုံးနေတာလဲ..။

သင်းက ဘာမို့လို့ ဒီလောက်ထိ တခမ်းတနားလဲ ..။

နာရီကြည့်တော့ လေးနာရီ ထိုးတော့မည်။ နေ့လယ်ပိုင်း ရောက်လာမည် .. ပြောဆိုကြည့်ပေါ့ဆိုလို့ ဒီမှာ ရေမိုးချိုး ပြင်ဆင်ပြီး စောင့်နေရတာတွေ ကုန်ပြီ ..။ ကိုယ့်အခန်းထဲမှာ ကိုယ် ဒေါကန်နေစဉ် တံခါးခေါက်သံ ကြားရကာ ...

"သခင်လေး ရေ .. ဧည့်သည်တွေ ရောက်လာပြီ .. ထွက်ခဲ့ပါတဲ့"

အိမ်က အလုပ်သမားတွေ အားလုံးက သူ့ကို နာမည်ချည်းပဲလည်း မခေါ်ရဲတော့ သခင်လေး လို့ပဲ ခေါ်ကြသည်။ သခင် ဆိုတာ သူ့နာမည်မှန်း မသိရင်တော့ နားဝင်ချိုမှာ မဟုတ် ..။

"ဟား!... ဘယ်မှာ ရောက်သေးလို့လဲ .."

ဧည့်ခန်းထဲမှာ လှမ်းမြင်ရသည်နှင့် သခင့် အသံက စိတ်ပျက်လက်ပျက် ..၊ ဒေါ်နု က အနားကနေ ဖြတ်သွားစဉ် ...

"ဆရာကြီး ပြောတာတော့ နောက် ဆယ်မိနစ်ဆို ရောက်ပြီတဲ့"

ကြည့်စမ်း ..၊ သူမကို အိမ်သားတွေရှိသမျှ အိမ်ရှေ့ကနေ တန်းစီကြိုနေမှာလား ..၊ ဒါတော့ မဖြစ်နိုင် ..၊

ကိုယ့်ဒေါသနဲ့ကိုယ် ဖျတ်ခနဲ ပြန်လှည့်ဝင်လျှင် ...

"ငါးမိနစ်လောက်ဆို ရောက်ပြီ .. မင်းက ဘယ်လဲ .."

ဒက်ဒီက အပေါ်ထပ်က ဆင်းလာရင်း မေးခွန်းထုတ်လိုက်သဖြင့် သခင် တုံ့ခနဲ ရပ်သွားသည်။

"သား ရှိနေတာပဲ ဒက်ဒီ .. သူ ရောက်ရင် သား ထွက်လာမှာပေါ့ .."





"သားရှင် ရောက်နေပြီ -- သမီးရေ ထွက်ခဲ့ပါဦး ဆိုတာမျိုးလား..၊ မင်းက အဲဒီလို လှမ်းခေါ်တာ စောင့်ချင်လို့လား .."

မေးချလိုက်တာ လူကို ပိတ်ထိုးပစ်လိုက်တာထက် ဆိုး၏။

"ယောက်ျားပဲကွ .. သူကတောင် ကိုယ်ရှိတဲ့နေရာကို လာတဲ့ဥစ္စာ၊ မင်း ထွက်ကြိုရမှာ အောက်ကျတယ် ထင်စရာလား ..၊ ဟိုမှာ လာပြီ.. ဟျှတ်!.. အားနာစရာကွာ ..၊ သွား .. မြန်မြန် သွားခေါ် .."

လှမ်းကြည့်လိုက်တော့ ပေါ်တီကိုအောက်ကို ထိုးရပ်လာတာ အနီရောင်မွဲမွဲ ဝက်ဝွန်းကားစုတ်လေး ..၊ စိတ်တိုနေသည့်ကြားက ရယ်ချင်သွားသည်။ သို့သော် ...

"ဟင်!..."

တံခါးဖွင့်ဆင်းလာသူကို မြင်လိုက်တော့ နှုတ်ဖျားမှ ယောင်ရမ်းအသံထွက်မိတဲ့အထိ တအံ့တဩ ..။

"ဘုံ .. မဘုံ .."

နာမည်လည်း မသိရ ..၊ ကိုယ့်ထက် အသက်ကြီးမှန်းလည်း သိနေသဖြင့် မဘုံ လို့ပဲ သူ ခေါ်ခဲ့သည်။

သူမက သူ့ကိုမမြင်ဘဲ အထဲက အနက်ရောင် ကြိုးသိုင်းအိတ်ရှည်လေးကို ပြန်လှည့်ယူသည်။ ပြီးမှ ဒီဘက် ပြန်လှည့်လျှင် ...

"ဟင်!..."

လှုပ်ရှားမည့်ဟန်ပန်အားလုံး ရပ်တန့် ပျောက်ဆုံးကုန်၏။ သူမလည်း ခုမှ သိရှာသည်ပဲ ..။

ဒါပေမယ့် မဖြစ်နိုင် ..၊

ကားထဲမှာ ဘယ်သူ ပါသေးလဲ ..၊ သေချာ ငုံ့ကြည့်လိုက်မိ၏။ အားလုံး ဆင်းလာတာ အမျိုးသမီးကြီးတွေချည်းပဲ သုံးယောက်တောင်..။

ဒီသုံးယောက်ထဲက တစ်ယောက်ယောက်နဲ့ လက်ထပ်ပေးဖို့ရှိသေးတာတော့ မဖြစ်နိုင် ..။



www.burmeseclassic.com

www.burmeseclassic.com



သခင့် မျက်လုံးတွေ သူမဆီ ပြန်ရောက်လာ၏။ ကြည်ပြာရောင်ဖျော့ဖျော့ ဝတ်စုံလေးက မြန်မာဆန်ပေမယ့် ဒီဇိုင်းဆန်းလေးမို့ သူ့ကိုယ်ပေါ်မှာ ကစ်ကစ်ချပ်ချပ်လေးနဲ့ လှနေ၏။

အပြာနှင့်ဆင်တူသော အစိမ်းရောင်သမ်းသည့် ဒေါက်နိမ့်မိနပ်လေး စီးထားသည်။ မျက်နှာမှာတော့ ဘာရောင်တင်ထားတာမှ မတွေ့ပါ။ နှုတ်ခမ်းသားလေးတွေ အရောင်နည်းနည်းလက်နေတာကိုပဲ တစ်ချက် စိုက်ကြည့်ကာ သူ ရှေ့လှေကားတစ်ထစ် ထပ်ဆင်းသည်။

"ဒေါ်ဘုံ .. ခင်ဗျားတော့ မဟုတ်နိုင်ပါဘူးနော် .."

"ဘာကို မေးတာလဲ .."

"ကျွန်တော်နဲ့ လက်ထပ်ရမယ့် မိန်းမ .."

ဘုံ မျက်နှာလေးမှာ အနီရောင်သမ်းသွားသလိုရှိကာ အံ့ဩရိပ်ဖျတ်ခနဲ ထင်၏။ ထိုစဉ် ...

"ဟော .. သားနဲ့ သမီးတို့က သိနေကြတာလား ..၊ လာလေ .. သမီး လာ .. လူငယ်တွေ စိတ်ဝင်စားမှုလေးတွေ ဖြစ်နေအောင်လို့ အန်တီတို့က နာမည်တွေတောင် တမင် မပြောဘဲ ထားခဲ့တာ .."

နာမည်ပြောလည်း သိမှာမို့လို့လား ..၊ 'ဘုံ' ဆိုတာထက် ဘာမှ ပိုသိခဲ့တာ မဟုတ်ဘဲ ယောကျ်ားရှိပြီးသား မိန်းမတစ်ယောက်လည်း ဖြစ်နေတာကို ..။

"မာမီ .."

"ဟေ .. လာလေ သား ..၊ သမီးကို ခေါ်ခဲ့ ..၊ လာပါ .. မံမိုးမြင့်တို့ ကြွပါရှင် .."

မာမီကို ပြောချင်တာတွေ ပါးစပ်ထဲမှာ ယားကျိကျိတောင် ဖြစ်လာသည်။ ဒီအမျိုးသမီးတစ်စုလုံး အကွက်ရွှေ့ကောင်းနေတာလား ..၊ မာမီတို့ကပဲ သိရက်သားနဲ့ တမင်တကာ ဟိုဟာဒီဟာ ငဲ့ညှာစရာတွေကြောင့် မသိသလို ရှေ့ဆက်တိုးနေတာလား ..။





"ကျွတ်!.."

အသံသည် ပါးစပ်ထဲမှာပဲ ဖြစ်လျက် ...

"သမီးက မှတ်ထားနော် .. သားနာမည်က ပန်းသခင် .."

'ဘယ်လိုကြီးလဲ'ဆိုသည့် အကြည့်တွေ သိသာစွာ ရောက်လာသည်။ သခင် က မျက်မှောင်ကုတ်နှင့် တုံ့ပြန်လိုက်၏။

ဒီက ပြောချင်နေတာတွေ သူမ သိကို သိရမည်။ ဘာဖြစ်လို့ ဒီလောက် အေးဆေးနေတာလဲ ..။

"သမီးနာမည်က 'ဘုံမြင့်စံ'တဲ့ သား ..၊ အားလုံးကတော့ 'ဘုံ'လို့ ခေါ်ကြတာ .."

"လူလေးက နုထွားကြီးပဲ .. ဒါပေမယ့် သမီးနဲ့ဆို အစ်မကြီးနဲ့ မောင်လေးလောက် ကွာတယ်နော် .. သိသာတယ် .."

ဘုံ ရဲ့အမေဆိုသည့် အမျိုးသမီးက ပြောရင်း သခင့် ကို ပြုံးပြသည်။ ဒါကိုတော့ သူ ပြုံးပြရင်း ...

"အဲဒီလောက် သိသိသာသာကြီး ရင့်နေတာကြီးကို လက်ထပ်ပေးဖို့ စဉ်းစားကြတာနော် .. မညှာမတာ .."

စိတ်ထဲမှာ ပြောချင်သမျှ မျက်နှာမှာ ပေါ်လွင်နေမှာလည်း ကိုယ့်ကိုယ်ကိုယ် သိသည်။ ထို့ကြောင့် ပန်းသခင် ရဲ့ စတိုင်လ်တစ်မျိုးက မျက်ခုံးပင့် ဆံပင်သပ်၍ မျက်နှာလွှဲပြီးဆို ရင်တွင်းစကားတွေ မဖွယ်ရာ ဆိုနေခြင်း ..။

"မာမီ .. သားတို့ ခြံထဲမှာ စကားသွားပြောချင်တယ် .. ခွင့်ပြုပါနော် .."

"ဟင် .. သြော် .. သွားကြလေ သား ..၊ အေးဆေး ပြောကြ .."

ဘုံ ကတော့ ထရပ်လိုက်တာ ထုံထိုင်းဆေး မိထားသည့်အတိုင်း..၊ လူကြီးတွေက ပြုံးကျန်ရစ်ပုံသည် အခြေအနေတွေ တိုးတက်လာတာ ချက်ချင်းကြီးပါလားလို့ တွေးတော ကျေနပ်သွားကြတာမျိုး ..။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းက မဟုတ် ...။

"ခေါ်ဘုံမြင့်စံ .."

"ဘာလဲ .."

"ခင်ဗျားမှာ အိမ်ထောင်ရှိပြီးသားနော် .. ကျွန်တော် သိတယ်"

"အမှာ .."

လက်ကို ဖျတ်ခနဲ ကိုင်၍ သူနိုးဖမ်းသလို မေးလိုက်သဖြင့် ဘုံ မျက်နှာ ရဲခနဲဖြစ်သွားကာ သူ့လက်ကို ခါချပစ်၏။

"ဘာလဲ .. ဘာအကြံနဲ့ လိမ်ဖို့ ကြိုးစားတာလဲ ...၊ ကျွန်တော် အိမ်ကိုရောက်တဲ့ညက ခင်ဗျားတို့ကိုယ်တိုင် ပြောခဲ့တာလေ၊ ကျွန်တော် တောင် ဝင်ခဲ့မိတာ မှားပြီလားလို့ နောင်တရနေသေးတယ်၊ သူများ လင်မယား အဆင်မပြေဖြစ်နေပါတယ်ဆိုမှ အချိန်မတော်ကြီး ရောက်ချ လာပြီး ငါ့ကိုတွေ့သွားရင် ရှင်းမရ ဖြစ်ကုန်တော့မယ်ဆိုပြီးတော့ .."

"ဟုတ်တယ် .. အဲဒီလို ဖြစ်စေချင်လို့ ပြောခဲ့တာလေ ..၊ အိမ်ထောင်ရှိပြီးသားလို့ သိစေချင်တာရယ် .. သူ့ယောကျ်ား အချိန်မရွေး ရောက်လာနိုင်တယ်လို့ ထင်သွားအောင်ရယ် .."

"ဩော .. ဩော် ..."

ဆရာ ခေါ်လောက်ပါသည်။ ကိုယ့်ရဲ့ဂုဏ်သိက္ခာ ပွန်းပဲ့ခံပြီးတော့များ ...၊

"နေစမ်းပါဦး .. မင်းက ငါ့အရိပ်နိဒ်သွားဖူးတာတောင် မဆင်မခြင် စွပ်စွပ်စွဲစွဲနဲ့ .. ကျေးဇူးမသိတတ်တဲ့အပြင် စော်တောင် စော်ကားလိုက် သေးတယ် .."

"ဟာ!... အဲဒီလို မပြောနဲ့လေ .. ကျွန်တော် မေးရှာ စော်ကားတဲ့ စကားလုံး မပါသေးဘူး၊ ခင်ဗျား ဒီတိုင်းပြောခဲ့တာပဲ မဟုတ်ဘူးလား.."

"ဒါပေမယ့် မင်း တွေးလိုက်လေ ..၊ ကိုယ့်မိဘကို မယုံကြည်ဘူး လား၊ ဘယ်လိုမိန်းမက ယောကျ်ားရှိနေရက်နဲ့ နောက်တစ်ယောက်





ထပ်ယူမှာလဲ .."

"ဒါက ပြောလို့ရမလား .. ရှိချင်ရှိမှာပေါ့၊ ဥပမိရုပ်ဆိုတာ နဖူးမှာ ကပ်ထားတာမှ မဟုတ်ဘဲ၊ ကျွန်တော့်ကို မယုံလို့တောင် ခင်ဗျား မဟုတ်ကဟုတ်ကတွေ ပြောခဲ့သေးရင် ကျွန်တော် မေးတာ မလွန်ဘူး ထားလိုက် .."

ဘုံ က ဘာမှထပ်မပြောဘဲ နှာခေါင်းလေး ခပ်တွန့်တွန့်နှင့် စိုက် ကြည့်နေ၏။

"ငါ လက်ထပ်ရမယ့်ယောကျ်ားက မင်း ဖြစ်နေတာလည်း အံ့ဩ ရောပဲ .."

"အံ့ဩရမှာ မဟုတ်ဘူး .. ခင်ဗျားအတွက် အကြီးမားဆုံးအန္တရာယ်"

"ဘာ!..."

သူမ သဘောမပေါက်သေးဘူး ထင်သည်။ ထို့ကြောင့် မတ်တတ် ရပ်နေဆဲ သူမရှေ့မှာပဲ ဒန်းပေါ်မှာ ထိုင်ချလိုက်ပြီး ခပ်လှုပ်လှုပ် လွဲ၍...

"ကိုယ့်ထက် အသက်ငယ်တဲ့ယောကျ်ားကို တော်ရုံမိန်းမတွေ မယူရဲဘူးဆိုတော့ ခင်ဗျားသတ္တိ ဘယ်လောက်ရှိသလဲလို့ မေးရမလို ဖြစ်နေပြီ ...၊ ဟွန်း .."

သူမကိုယ်တိုင် စိတ်ပျက်လှည့်ပြန်သွားရေးအတွက် သခင် စက္ကန့် ပိုင်းအတွင်း လက်နက်ခဲယမ်းတွေ ပြေးလွှား စုဆောင်းလိုက်ကာ ...

"ပိုဆိုးတာက ခင်ဗျားနဲ့ ကျွန်တော် .."

ပခုံးတစ်ချက်တွန့်လိုက်ပြီးမှ ...

"ဘယ်လိုမှ မဖြစ်နိုင်ဘူး .."

"ဟုတ်လား .. တို့ကတော့ မသိဘူး၊ ကိုယ့်ကိုယ်ကိုယ် မေးကြည့်ခဲ့ ဖူးတာ ပြန်တွေးကြည့်လိုက်တော့ အိမ်ထောင်ရေးအကြောင်း စိတ်ဝင် စားလို့ကို မရခဲ့တာ .."

"အဲဒီအတိုင်း လူကြီးတွေကို ပြောပြီး မငြင်းခဲ့ဖူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ငြင်းတာပေါ့ .. ဒါပေမယ့် ယောကျ်ားယူရမှာထက် ဆိုးတာရှိနေလို့ .."

"ဘာ!..."

"တို့ကို တစ်ယောက်တည်း မြန်မာပြည်မှာ မထားခဲ့နိုင်ဘူးဆိုတော့ ဒီလိုမလုပ်ဘူးဆိုရင် စင်ကာပူကို လိုက်နေရတော့မှာ .."

ဒန်းပေါ်မှာထိုင်ရင်း လက်ပိုက်၍ သခင် က တအံ့တသြ မော့ကြည့်နေ၏။ ဘုံ ကလည်း လက်လေးပိုက်လိုက်၏။

ဒါပေမယ့် သူ့ကို မကြည့်ပေ ..။

"နိုင်ငံခြားမှာ အပြီးလိုက်နေဖို့ဆိုတာ ငါ့အတွက် ဘယ်လိုမှ မဖြစ်နိုင်ဘူး .."

"ဘယ်သူတွေ အပြီးသွားမှာလဲ .."

"တစ်မိသားစုလုံး .."

"ဘယ်လို!..."

"မင်း မသိပေမယ့် လူကြီးချင်းတော့ သိကြမှာပါ"

ဒါဆိုလည်း နိုင်ငံခြားမလိုက်ချင်သည့် သမီးကို ဆွေမျိုးနီးစပ်အိမ်မှာ အပ်ထားခဲ့ပါလား ..၊ ဆွေမျိုးမရှိလို့ဆိုရင်တောင် ဒက်ဒီကရော ကိုယ့်မိတ်ဆွေမို့ ကူညီချင်ရင် အိမ်မှာ လာနေပါ၊ လာတည်းပါလို့ ခွင့်ပြုပေးလိုက်ရုံပဲ မဟုတ်ဘူးလား ..။

ခုတော့ ဒက်ဒီကလည်း သူ့ကို အသက်ကြီးကြီး ရာထူးရာခံရှိမိန်းမနဲ့ ပေးစားလိုက်မှ ခြေငြိမ်မည်လို့ ထင်သည်။ ဟိုဘက်ကလည်း မိသားစု အခက်အခဲတစ်ခု ဖြေရှင်းချင်လို့ ကူကွယ်ရာရှာတာမျိုး ..။

ဘာလဲ ..၊ အိမ်ထောင်ရေးက သူ လိုအပ်နေတာနဲ့ ကိုယ် လိုအပ်နေတာ လဲလှယ်ခြင်းဖြစ်မြောက်ရုံ တည်ဆောက်လိုက်ကြတာမျိုးလား ..။

လွဲနေတာတော့ သေချာပါသည်။

"ကျွန်တော်တို့ ဒီတိုင်း ရှေ့ဆက်ဖို့ မဖြစ်နိုင်ဘူး ဘုံ ..၊ အဲဒါကို





ကျွန်တော် ကြိုးစားတာထက် ခင်ဗျားက ပိုကြိုးစားသင့်တာ .."

"ဘာကိုလဲ .."

"လက်မထပ်ဖြစ်ဖို့လေ ..၊ ကျွန်တော်တို့ အသက်ချင်းလည်း ကွာတယ်၊ ပေါင်းကြဖို့ထိ .. ကျွတ်!... အဲဒီ အသက်ကွာနေတာကို ခင်ဗျားက တွေးမိရမှာ၊ ဖြစ်လာပြီဆို ကျွန်တော်က ဂရုစိုက်စရာ မလိုတဲ့ အကြာက်ကနော် ..၊ အသက်ကြီးတဲ့ မိန်းမတွေသာ .."

"ဒါကိုပဲ ပြောလှချေလား ပန်းသခင် ..၊ စိတ်တော့ မကောင်းပါဘူး ..၊ ဒါပေမယ့် မင်း ဂရုစိုက်ခိုင်းနေတာတွေကို ငါက ဂရုမစိုက်ဘူး.."

"ဘာ!..."

"ငါ့အတွက် နိုင်ငံခြားမှာ ကိုယ့်ဘဝကို အပြီးတိုင် မြှုပ်နှံလိုက်ရမှာထက် စိုးရိမ်စရာကောင်းတာ ဘာမှမရှိဘူး၊ ငါ့မိဘ .. ငါ့မွေးချင်းအသိုင်းအဝိုင်းကလည်း ဟိုကိုမှ အထင်တကြီး ရှိကြလွန်းလို့ မဟုတ်ဘူး၊ ဒါပေမယ့် သွားကြမှ ဖြစ်မှာမို့ မိသားစုလိုက် သွားကြဖို့ လုပ်တယ်၊ ငါကတော့ မသွားလည်း ဖြစ်တဲ့အတွက် မသွားနိုင်ဘူး၊ ငါ သင်ထားတဲ့ ပညာ .. ငါ့ဘဝရပ်တည်မှုအတွက် နိုင်ငံရပ်ခြားကို သွားရမယ်ဆိုရင်တောင် အဲဒါ တိုးတက်ရာတိုးတက်ကြောင်းအတွက် ခဏတစ်ဖြုတ် သွားရောက် လေ့လာတာမျိုးပဲ ..၊ တစ်ဘဝလုံး မြှုပ်နှံလိုက်ဖို့ မဖြစ်ရဘူး.."

"အဲဒီအခက်အခဲကို ယောကျ်ားကောက်ယူလိုက်တဲ့နည်းနဲ့ ဖြေရှင်းတာ အကျည်းမတန်ဘူးလား .."

"ဦးခင်ထွန်း .. ဒေါ်ပန်းသီခိုင် တို့ရဲ့သားကို ကောက်ယူလိုက်သလိုတော့ မရဘူး မှတ်လား .."

သခင် မျက်မှောင်ကုတ်သွားတာကို မတ်တတ်ရပ်ရင်း အပေါ်စီးကနေ ခပ်တည်တည်လေး ကြည့်၍ ...

"မင်း ကိုယ့်မိဘကို အထင်ကြီး လေးစားသမှုရှိတယ်ဆိုရင် သူတို့ ရွေးချယ်လိုက်တဲ့ မင်းအတွက် ဇနီးလောင်းကိုလည်း လေးစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့တော့ လိုမယ်ထင်တယ် .."

"ဟား!..."

သူ့မျက်နှာ မဲ့ခနဲဖြစ်သွားကာ နေရာမှ ထရပ်၏။ ပြီးတော့ ကော်ဖီရောင် ဆောင်းဘီအိတ်တွေထဲ လက်ထည့်၍ ...

"ခင်ဗျား တော်တော် စကားပြောလည်တာပဲ .."

သူမက 'ဟုတ်လို့လား ..'ဆိုသည့် မျက်နှာလေး ဖြစ်သွားပြီး မျက်ခုံး မသိမသာ ပင့်၏။ သခင် က စိုက်ကြည့်ကာ ...

"ကျွန်တော်ကတော့ တစ်သက်လုံး ကိုယ့်ဘေးမှာ ရှိသွားမယ့် မိန်းမကို လေးစားသမှုတွေ ထားနေဖို့ မလိုဘူးပဲ သတ်မှတ်တယ်၊ လိုအပ်ချက်က အချစ် .."

"ဟွန်း .."

"မချစ်နိုင်လို့ ကွဲကွာကုန်ကြရင် ဘယ်သူ နစ်နာမလဲ .."

"မင်းနဲ့ငါ လက်ထပ်ကြရင် ကွဲမှာပဲလို့ သေချာပေါက် ပြောနေတာလား .."

"တွေးကြည့်လေ .."

"အပိုအလုပ်တွေအတွက် တွေးကြည့်နေရတာ အချိန်ကုန်တာပေါ့ကွာ .. မလိုပါဘူး၊ လက်မှထပ်ရသေးတော့ လက်ထပ်ပြီးတဲ့နောက်ပိုင်းကို ကြိုတွေးနေတာ အပိုအလုပ်ပဲ .."

"ခင်ဗျား ဒီလိုပဲ လွယ်လွယ်တွေးနေသလား .."

"လွယ်လွယ်တွေးတော့ ဝေးဝေးမမြင်ဘူးလေ ..၊ ငါ စိတ်ဝင်စားတာ အိမ်ထောင်ရေး မဟုတ်ဘူး၊ မင်း ပြောသလို အသက်ကွာလို့ မမြဲမှာတွေ၊ မချစ်လို့ ကွဲကြမှာတွေ .. အဲဒါတွေလည်း မစဉ်းစားဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကွဲကြဖို့မှ မရှိတာ၊ ရေးစကားရှိခဲ့သလိုပဲ ချိတ်ချိတ်ချင်းမို့ ချိတ်မိတယ်ဆိုတာမျိုးပေါ့ ..၊ အကယ်၍ တစ်ဖက်က ဖြောင့်နေမယ်ဆိုရင် ချိတ်မိဦးမလား .."





သူမ ကြည့်လာပုံက မေးခွန်းထုတ်လိုက်သလိုလိုနှင့် သူမကပဲ ဆက်၍ ...

"မင်းဘက်က ဘယ်လိုဖြစ်နေနေ ငါ နေတတ်သလို နေမှာ ..၊ မင်းက ခုတည်းက ကြွေးကြော်ထားတဲ့သူဆိုတော့ ငါနဲ့ ပတ်သက်တာကိုလည်း စိတ်ဝင်စားမှာ မဟုတ်ဘူးလေ ..၊ ဒီတော့ တို့ချင်း ထိပ်တိုက်ဖြစ်ကြဖို့မှ မရှိတာ .."

သခင့် နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ခု ဖြစ်ထွန်း၏။ ဒီလိုနည်းနဲ့ဆိုရင်လည်း ဆိုးတော့ မဆိုးပါ။

"ဒါဆို ခင်ဗျားဘက်က ကျွန်တော်နဲ့ပတ်သက်ပြီး ဘယ်လိုနေနေ.. ဘာလုပ်လုပ် .. လုံးဝ ရှောင်ခွင့်မရှိဘူးဆိုတာ သေချာတယ်ပေါ့"

"အဲဒီလို ရှိထားကြရင် ဖြစ်တယ်လို့ ပြောတာ၊ ခုန တို့ ပြောပြီးပြီလေ၊ လက်ထပ်ပြီးမှ လက်ထပ်ပြီးတဲ့နောက်က မနက်ဖြန်တွေကို ဖြေရှင်းမယ် ..၊ ဒါက သဘောတူ ဆုံးဖြတ်ချက်ချတာတော့ ဘယ်ဟုတ်ဦးမလဲ .."

သခင် ရယ်လိုက်တော့ သူမက ခပ်မဲ့မဲ့ ပြုံး၏။ ဒီမိန်းမမျိုးကို အထင်သေးရမလား ..၊ အထင်ကြီးစာရင်းထဲ ထည့်သင့်သလား ..။

ဘာမှန်းမသိပေမယ့် မနက်ဖြန်တွေက စိတ်ဝင်စားဖို့ ကောင်းသွားတာတော့ သေချာသည်။

ဘဝအရေးကို ထမင်းစား ရေသောက် လက်ဆေးသလောက်ပဲ သဘောထားသလိုမျိုး ..၊ click နှိပ်လိုက်ဖို့ လက်ပြင်နေသည်။

ထင်သလို ဝင်ထွက်ချင်တိုင်း ရရအောင် လူတစ်ယောက်ရဲ့ ရင်ဘတ်ကြီးက ဖိုင်တစ်ခုလည်း မဟုတ် ..၊

ခင်ဗျား သိဖို့ကောင်းတယ် ဘုံမြင့်စံ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"တကယ် သေချာပြီလား သခင် .."

"သေချာနေပြီ ..၊ ရှောင်နေလည်း ရမှာမှ မဟုတ်တာ .."

"ချက်ချင်းကြီးပါလား .."

အံ့ဩလို့ ပြောနေရင်း ကျော်သက် နဲ့ ကောင်းဇော် တို့ မျက်နှာတွေ ပြုံးစိစိတွေ ဖြစ်လာကြ၏။

"အဲဒါပေါ့ကွ ..၊ လည်လွန်းတဲ့ဘီး ပုလင်းကွဲရှတယ် ဆိုတာ.."

"မင်းကလည်း ဟိုကောင် တင်းနေပါတယ်ဆို လျှောက်ပြောနေပြန်ပြီ၊ ဒီဂရီအမြင့်စားတွေနဲ့ ဒီလောက် သန့်သန့်ခန့်ခန့်နေတဲ့ မိန်းမကို နိုင်းစရာလား ..၊ အန်ကယ်လ်ကိုယ်တိုင် ရွေးချယ် လက်တွဲပေးတာ ဆိုတည်းက တွေးကြည့် .."

'ပေါ့စေလိုလို့ ကြောင်ရုပ်ရေး .. ဆေးအတွက် လေး' ဆိုတာလို ကျော်သက် က ဝင်ပြီး ဖေးမစကား ပြောလိုက်မှ သူမ လှလှပပလေး တွယ်သွားသည့်စကားလုံးတို့ရဲ့ အပြင်းစားရိုက်ချက်တွေက ပြန်ပေါ်လာသည်။





"မင်း ကိုယ့်မိဘကို အထင်ကြီး လေးစားသမှုရှိရင် သူတို့ ရွေးချယ်လိုက်တဲ့ မင်းအတွက် ဇနီးလောင်းကို လေးစားတတ်ဖို့တော့ လိုမယ်ထင်တယ်"တဲ့ ..။

"ဟွန်း .. ဟွန်း .."

"အံမယ် .. သူက ရယ်လို့ .."

သူတို့ကချည်း ပြောနေပြီး သခင် က မပြောမဆို ခပ်သဲ့သဲ့ရယ်လိုက်တော့ ကျော်သက် တို့ ပြန်ငုံ့ကြည့်သည်။ ပြီးတော့ သေချာ ထပ်ငုံ့ကြည့်ကာ ...

"မင်းမျက်နှာမှာ စိတ်ဆင်းရဲတဲ့အက်ရှင် လုံးဝ မရှိပါလား ..၊ ဘာလဲ .. ငါတို့ကို စိတ်ညစ်လို့ ရင်ဖွင့်နေတာလား ..၊ ပျော်လို့ လာကြွားတာလား .."

"ပျော်စရာလားကွ .."

"ဟုတ်ရဲ့လား သခင် ရာ ..၊ မင်းမျက်နှာကြီးက .."

"ဟုတ်ပါတယ် .. ဘုံမြင့်စံ ဆိုတဲ့ မိန်းမကို ဘယ်စာရင်းထဲ ထည့်ပြီး ဘယ်လို သဘောထားရမှန်း မသိလို့ ငါတို့ပြောခဲ့တဲ့ စကားတွေ ပြန်တွေးပြီး ရယ်တာ .."

"ဘာတွေ ပြောခဲ့လို့လဲ ..၊ ပြောတဲ့စကားတွေကို နားဝင်ချိုနေတယ်ဆိုတည်းက .. အင်း .."

"ဘာ အင်း .. တာလဲ .."

"ချစ်ရင် ချိုတယ်၊ မုန်းတော့ ခါးတယ်တဲ့၊ အဲဒါ ဘာပြောမှန်းတော့ မသိဘူး၊ မင်းနဲ့ သက်ဆိုင်မယ်လို့ ထင်တယ် .."

"ဟား .. ဟား .. ဟား ..."

"အေးလေ .. မင်းပုံစံက မိန်းမ ချက်ချင်းကြီး ရသွားမယ့်အဖြစ် အတွက် ဘာမှမှ မခံစားရတာ ..၊ ဒါ ဖြစ်နိုင်တာပဲ .."

"ခံစားရအောင် ငါ့အိမ်ထောင်ရေးကို ငါကိုယ်တိုင် စီးဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



**အထိတွန့်အစ** ခေါင်းထဲ မရောက်ခဲ့ဘူးလေ .."

"**မင်း** တွဲခဲ့တာတွေထဲက မခွဲနိုင်မခွာရက်အောင် ဖြစ်ခဲ့တာရှိရင် **ကိုယ်ချစ်**တာလေးနဲ့ပဲ ပေါင်းရဖို့တော့ ကြိုးစားခွင့်ရှိတာပဲကွ ..၊ မင်းမှာ အဲဒီလို ချစ်ခဲ့တဲ့ချစ်သူ ရှိကိုမရှိခဲ့တာ ပေါ်လွင်နေတာပဲ .."

"ဟုတ်တယ် .. အဲဒါကြောင့် ပြောတာပေါ့၊ သူ့ကိုတော့ ငါ ဟုတ်ထိထိတယ်၊ သူ့လို ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူးနဲ့ ..၊ ပြီးတော့လည်း ဘာမှ မဟုတ်တာတွေချည်းပဲ၊ မင်းမို့လို့ အလန်းစားလေးတွေကို ထား ခဲ့ပြီး ကိုယ့်ထက် အသက်ကြီးတဲ့ မိန်းမကို လက်ခံနိုင်တယ်၊ မိဘက စီစဉ်တာကို ကိုယ် လက်ခံနိုင်တယ်ဆိုတော့ ဖောင်းပွပေါက်ကွဲစရာ တွေတော့ မကြုံရတော့ဘူးပေါ့ ..၊ ဒါပေမယ့် .."

"ဒါပေမယ့် မနေနဲ့ .. သူ့ရုပ်ကြီးကို ကြည့်ပါဦး၊ သူ လက်ခံနိုင်လို့ ခံနေတာ .. အသိသာကြီး .."

သူတို့နှစ်ယောက်တည်း ရှေ့နေ ..၊ သူတို့ပဲ တရားသူကြီး ..။

"ငါတို့ကလည်း သတင်းထူးပြောဖို့ လာတာ ..၊ ဘာပြောရမှန်း တောင် မသိတော့ဘူး .."

"ဘာလဲ .."

ကျော်သက် က ကောင်းဇော် ကို အဖော်ညှိသလို လှမ်းကြည့်၏။ တွေ့နေကျ ဥယျာဉ်ထဲက စားသောက်ဆိုင်လေးမှာ ဆန်းဒဝှစ်ချ်တစ်ပွဲ နှင့် အအေးတစ်ဘူးစီ မှာထားပြီး ဘယ်သူမှ စားသောက်ဖို့ သတိမရ ကြသေး ..။

ကျော်သက် က စကားစပြီးမှ ဘာမှမပြောသေးဘဲ အအေးဘူးကို ဖောက်လိုက်သည်။ ထိုအခါကျမှ ကောင်းဇော် က မုန့်တစ်ခု ယူစား၏။

"ပြောလေ .. နှင်း နဲ့ ပတ်သက်နေလား .."

"စားသွားပြန်ပြီ တစ်ကွက် ..၊ ဘယ်လိုလုပ် ကြိုသိသွားတာလဲ.."

သခင့် မျက်နှာမှာ အပြုံးတွေ လျော့ရိလျော့ရဲတော့ ဖြစ်သွားသည်။





ပြီးတော့ ...

"ညက သူ ငါ့ဆီ ဖုန်းခေါ်ထားတာ တွေ့တယ် .."

ကျော်သက် တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ သူတို့ကိုလည်း ဖုန်းဆက်တာပဲ ဖြစ်၏။

"ဘာပြောသွားလဲ ..၊ မင်း မကိုင်လိုက်ဘူးလား .."

"ကိုင်တယ် .. သူ တော်တော် ခံပြင်းနေတာကွ .."

သက်ပြင်းချသံတွေ ကိုယ်စီ ဖြစ်သွားကြသည်။ သခင် ကတော့ သူမ ပြောသွားတာတွေကို မမေ့ပါ ..။

"နှစ်ဦးနှစ်ဖက် လမ်းခွဲကြတာမှာ လူကြားကောင်းမယ့်အကြောင်း ပြချက် မလိုပါဘူး၊ အဲဒါကို နှင်း နားလည်တယ် .. ဒါပေမယ့် လမ်းခွဲ ခဲ့တာမဟုတ်ဘဲ နှင်း က ထားခဲ့ခံရတာကြီး ဖြစ်သွားရင် ဘယ်လို မျက်နှာနဲ့ နေရမလဲ .."

"မင်းက ထားခဲ့လို့ တို့က ကျန်ခဲ့တာပဲ ..၊ ကိုယ့်မှာ တွဲနေတဲ့ ချစ်သူလည်း မရှိဘူးဆိုပြီး မိဘစကား နားထောင်လိုက်တာ၊ ဘယ်သူ သိသိ မသိသိ တို့နှစ်ယောက် သိကြတာပဲ နှင်း .."

"ဟင့်အင်း .. နှင်း အဲဒီလို နည်းနည်းလေးတောင် အကြည့်မခံနိုင် ဘူး၊ နှင်း တို့ ကွဲခဲ့တာ မနေ့တစ်နေ့ကမှလေ ..၊ အခု ကိုက လက်ထပ်ဖို့ ပြင်ဆင်ပြီးနေပြီ .. ဒါ မရိုးသားဘူး မဟုတ်လား .. ရှင်းရှင်း ဝန်ခံစမ်းပါ၊ ဒီဖြစ်စဉ်နှစ်ခုမှာ တစ်ခုပြီးမှ တစ်ခု ဖြစ်သွားခဲ့တာလား၊ တစ်ခုကြောင့် တစ်ခုကို ဖြစ်စေ .. ပျက်စေခဲ့တာလား .."

"မဟုတ်ပါဘူး နှင်း ရာ..၊ မင်း အတွေးတွေ အစွန်းရောက်နေတာ.."

"ခေါက်ထိုးမိုးမျှော် ပြုတ်ကျသွားပါစေ ကို ..၊ ဒီဖြစ်စဉ် အစ အဆုံးကို နှင်း သိနေတယ်၊ နှင်း နဲ့ ကို ဒီလို ပြတ်တောက်သွားခဲ့တာ လည်း ကို့ ကြောင့်ပဲ ..၊ ကိုပဲ ဖန်တီးတာ .."

"ပြောတာလည်း ဘယ်လိုမှ နားမဝင်ဘူးကွာ .."



www.burmeseclassic.com

www.burmeseclassic.com



"နားသင်စေချင်ရင် ချက်ချင်း လက်ထပ်ဖို့စီစဉ်ထားတာကို အချိန်အနည်းငယ် ဆိုင်းပေးပါ ကို ..၊ ကို တမင် ဒီအကွက်ရွှေ့တာ မဟုတ်ဘူးဆိုရင် သက်သေပြပါ၊ မဟုတ်ရင်တော့ နှင်း ထင်သလို လှျောက်လုပ်မှာ ..၊ ခပ်တုံးတုံး အညာက်ကြီးကြီးမိန်းမကို လက်ထပ်ဖို့အတွက်နဲ့ ရှင် စွန့်စားလိုက်တာ ဝန်းခင်းတဲ့လမ်းပေါ် ရောက်မလား ..၊ ဆူးခင်းလမ်းပေါ် ရောက်သွားတာလား ..၊ အဲဒါလည်း ရှင် နားလည်ရမှာပါ သိပ်မလိုတော့ဘူး.."

ပြောခဲ့ကြတာတွေကို သူ အားလုံး မှတ်မိနေသည်။ ကြိမ်းဝါးသွားတာမှန်းတော့ သိပေမယ့် သူမ စွပ်စွဲသလို ကိုယ် တကယ်မဟုတ်ခဲ့တာမို့ ခေါင်းထဲ ထည့်လောက်စရာလို့ မမြင်ခဲ့ပါ ..။

"မင်းကို ဘယ်လိုတော်ကီတွေနဲ့ ပစ်ပေါက်သွားလို့လဲ ..၊ ငါတို့ကို ပြောသွားတဲ့ အနေအထားအရဆိုရင် မင်းကို သူ မပြတ်နိုင်တာပဲကွ.."

"ဟား .. ဟား .."

"မရယ်နဲ့ .. အကောင်းပြောတာ၊ ဖုန်းထဲမှာကွာ .. ရှေရှေလည်လည် ပွားနေတာ၊ သူ့ကိုယ်သူတော့ လုံလုံပြီ ထင်မှာပေါ့ .. တင်းနေတာက ဘာကြောင့်ဆိုတာ အသိသာကြီး .."

"မင်းကတော့ .. တော်တော် ပြတ်ပြတ်သားသား ဖြစ်သွားပုံပါပဲ၊ အံ့ဩဖို့တောင် ကောင်းနေပြီ .."

သူ ရယ်နေတာကို နှစ်ယောက်သား ဝေဖန်နေကြတာ တစ်မျိုးပြီး တစ်မျိုး ..၊

နှင်း အဲဒီလို ဖောင်းပွ ပေါက်ကွဲနေတယ်ဆိုတာ ကြားလိုက်ရလို့ ရင်ထဲမှာ ဘယ်လောက် ပျော်သွားလဲဆိုတာတော့ သူ ဖွင့်မပြောဘဲနဲ့ ဘယ်သူမှ သိမှာ မဟုတ်ပေ ..။

တစ်ခုရှိတာက ဘာကြောင့် ပျော်သလို ရွှင်သလို ဖြစ်သွားတာလဲ ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ်လည်း မသိ ..။

"ဒီပုံအတိုင်းဆို ဘုံမြင့်စံ တို့ကဲ မင်းတို့ထက် အခြေအနေ အများကြီး ကွာတာပဲ .."





"အေး .. အဲဒါကို ငါတို့ အံ့ဩနေတာ၊ အသက်လည်း ပိုကြီးသေးတယ်နော် ..၊ ဒါတောင် အန်ကယ်လ်တို့က တခမ်းတနား လက်ထပ်ပေးမှာဆိုတော့ မိဘချင်းက ငယ်သူငယ်ချင်းတွေလား .."

"ဒက်ဒီနဲ့တော့ ရင်းနှီးတယ် ထင်တယ် ..၊ လူကြီးချင်းလား .. ဒက်ဒီ့ကုမ္ပဏီက အရာရှိတစ်ယောက်လား ..၊ ဟိုတုန်းကတော့ ဘာမှ ပြောသံ မကြားဖူးပါဘူး ..၊ ငါ သိနေတာ တစ်ခုတော့ ရှိတယ် .."

"ဘာလဲ .."

"ဒက်ဒီ တမင်လုပ်တာ .."

ကျော်သက် တို့ အသံတိတ် ခေါင်းညိတ်ကြသည်။

"ငါ့ကို စီးပွားရေး စိတ်မဝင်စားဘဲ အပေါင်းအသင်းတွေနဲ့ သွားလာ လွတ်လပ်နေတာ မကြိုက်ဘူးလေ၊ အဲဒါကြောင့် စီးပွားရေး ကြီးပွားရေးတွေထဲမှာ သည်းမည်း နစ်မြုပ်နေတဲ့ ဝါရင့်အမျိုးသမီးကြီးနဲ့ တွဲပေးလိုက်တာ .."

"တကယ်က အဲဒါကမှ ပိုပြီး အန္တရာယ်များတာ ..၊ ယူရဲတဲ့မိန်းမဘက်ကလည်း သတ္တိကောင်းတာပဲ .."

"အသိသာကြီးကွာ မင်းကလည်း ..၊ သူဌေးသားမို့ လက်ခံတာပေါ့၊ တစ်ဦးသော သူဌေးသား .. မင်းသားရုံးအောင် ချောတဲ့ကောင်မျိုး၊ သူ့အတွက် ကျောက်ခဲ ရေပေါ်သွားတာမျိုးပဲ .."

"ဟား .. ဟား ... ငါ အဲဒီလောက် ချောလား ..၊ ခုမှပဲ စိတ်ရင်း အမှန်လေးတွေ ထွက်လာတော့တယ် .."

"အံမာ .. ရုပ်ကြီးက"

ကောင်းဇော် မျက်စောင်းကြီးရွယ်လျက် ...

"ပြောဖို့အကြောင်းရှိလာလို့ ဦးထောင်ဖို့အတွက် ပဲ့ကို နင်းလိုက်ရတာ ..၊ ရယ်ပုံက ဟိုသတ္တဝါ အော်သွားမရှိ .."



www.burmeseclassic.com

www.burmeseclassic.com



"နွားပြာကြီး အောက်သွားမရှိ ကွာ .."

ကျော်သက် က ဝင်ထောက်ပြီး မျက်စောင်းရှယ်ပြန်သည်။

"အေးလေ .. ပြောမကောင်းလို့ မပြောတာ .."

"မသိပါဘူး .. မင်း မေ့နေလို့လားလို့၊ စကားပုံ ပျက်မှာစိုးလို့ပါ"

"ဟား .. ဟား .. ဟား ..."

ဘာပြောပြော သခင့် မျက်နှာက အရယ်မပျက် ...။

ထိုစဉ် သူ့အိတ်ထဲက ဖုန်းမြည်လာသဖြင့် ...

"ဟဲလို .."

"ပန်းသခင် .."

"ဟမ်!..."

ပြုံးနေသည့်မျက်နှာက မျက်မှောင်ကုတ်မိသွားကာ သခင် ဖုန်းကိုင်သည့် လက်တံတောင်ကို စားပွဲစွန်းမှာ တင်လိုက်ပြီး ...

"ဘုံ လား .."

ဘုံ ဆိုသည့်အသံ ကြားတာနှင့် ကောင်းဇော် တို့ သူ့ဘေး ကပ်ကပ်လေးကို အော်တိုမစ်တစ် ရောက်လာကြ၏။ သခင် က သူတို့ကြားရအောင် စပီကာ ဖွင့်ပေးလိုက်ပြီး ...

"သိပ်မကြားလိုက်ဘူး ...၊ ဂီတာ ဘာဖြစ်လို့လဲ .."

"ဂီတာလို့ ပြောလိုက်တာတောင် မမှတ်မိသေးဘူးဆိုတာတော့ မဟုတ်တော့ဘူး ထင်တယ် ...၊ မင်းရဲ့ဂီတာ အိမ်မှာ ကျန်ခဲ့တာလေ၊ ဟိုညက ..."

"သြော် .. သိပြီ .. သြော် .. သြော် ... အဟွန်း .."

"ဘာရယ်တာလဲ .."

"ဘာမှမဟုတ်ပါဘူး ...၊ အဲဒီမှာ တစ်ညအိပ်ခဲ့ပြီး လက်ထပ်ဖို့ ချက်ချင်း ဖြစ်သွားတာကို ခုမှ ဆက်စပ်ကြည့်မိလို့ .."

"ဘာကွ .."





"ဟား .. ဟား .. ဟား ..."

အော်ရယ်ပစ်လိုက်တော့ ဟိုဘက်မှာ သူမ ဘယ်လိုပုံစံ ဖြစ်သွားသည် မသိ ...၊ ပတ်ဝန်းကျင်ကလူတွေ လှည့်ကြည့်လာကြမှ သူ ပြန်ထိန်းထိုက်ရသည်။

"ကျွန်တော်ကတော့ တောင်တောင်အီအီတွေ မတွေးပါဘူး၊ အဲ.. လူကြီးတွေ ဟိုလိုဒီလိုပုံစံနဲ့ သိသွားလို့ .. ဒါတွေ ဖြစ်လာတာတော့ မဟုတ်ဘူးမို့လား .."

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့ .. မင်းကိုမှ မရရင် အဆိပ်သောက်ဒီမလို .. ကြိုးဆွဲချရတော့မလို ဖြစ်နေတော့ .."

"ဟား .. ဟား .. ဟား ..."

"လူကြီးတွေကိုပဲ အပူကပ် လောဆော်ရတာကိုး .."

ဖုန်းချသွားသည့် တတီတီ မြည်သံလေးကြောင့် အသည်းယားသွားကာ သခင် ဗိုက်နှိပ်ရယ်၏။ ကျော်သက် တို့ကလည်း ပါးစပ်ပိတ်၍ အခွီခွီ ရယ်ကြလျက် ...

"ဘယ်ဆိုးလို့တုန်း ...၊ မင်းလေဒီကြီးက ခေတ်မီသားပဲ ...၊ အသံလေးကလည်း ချစ်စရာလေး .."

"အေးကွ .. တော်တော် ပွင့်လင်းတဲ့ပုံပဲ၊ ဒါဆိုရင်တော့ မင်းရဲ့ အိမ်ထောင်ရေးအခြေအနေက ငါတို့ ထင်ထားသလောက် ဆိုးမလာနိုင်ပါဘူး .."

ကျော်သက် တို့နှစ်ယောက် အပြောအဆိုတွေ ပြောင်းလဲသွားကြသော ချက်ချင်း ...၊

ခုလောက်ဆို ဘုံမြင့်စံ ဆိုတဲ့မိန်းမ ဟိုဘက်မှာ ဖောင်းပွနှန်းတွေ ဘယ်လောက်ထိ မြင့်တက်နေပြီလဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"ဟာ!... ဘာတွေ ဖြစ်ကုန်တာလဲ .."

လူရိပ်နှင့် စကားသံကြောင့် ဧည့်ခန်းစားပွဲမှာ အလုပ်လုပ်နေရင်း ဘုံ မော့ကြည့်သည်။ အနီအနက်ကွက် စပို့ရှပ်နှင့် ဘောင်းဘီရှည်အနက် ရဲ့အောက်မှာ ကြည်စင် ဖြူနုနေသည့်မျက်နှာနှင့် သခင် သည် တစ်စစီ ကျိုးကြေနေသည့် ဂီတာချာပနကို ပြူးပြဲကြည့်၍ ...

"ခင်ဗျား .. ကျွန်တော့်ဂီတာကို .. ဟာ!..."

"သြော် .. တော်တော် နမြောသွားတဲ့ပုံပါလား..၊ တို့က ခုပဲ မှုန်း ဆက်တော့မလို့ .."

"ဘာ!... ခင်ဗျား ရိုက်ချိုး ဖျက်ဆီးပြီးမှလား .."

"အင်းလေ .."

ဖြေပုံက ဂီတာအသစ်လေးတစ်လက် လက်ဆောင်ပေးဖို့ ခေါ် တွေ့တဲ့လူလိုလို ..၊ မလိုချင်ရကောင်းလား ဆိုပြီး သူမကပဲ အံ့သြနေ သလိုလို ..၊ ထိုင်နေရာက ထရပ်လိုက်ပြီးမှ ...

"မင်းက မေ့တောင် မေ့နေပြီဆိုတော့ ငါ့မှာလည်း အိမ်က ကျဉ်း ကျဉ်းနဲ့ ဘားစရာမရှိ ဖြစ်နေတာလေ၊ အဲဒါကြောင့် အမှိုက်ထဲထည့်မလို့၊





ထည့်လို့ရအောင် ရိုက်ချိုးလိုက်ရတာ ..၊ ဘာပဲဖြစ်ဖြစ် .. ပိုင်ရှင်ကိုတော့ အကြောင်းကြားဦးမှာလို့ တွေးမိတာနဲ့ .."

"ဟုတ်ပါပြီ .. တော်ပါတော့ .."

သူမက ကြည်ကြည်သာသာ ခေါင်းညိတ်လိုက်သေးသည်။

"ပြီးရောလေ ..၊ မင်း ပြန်ရင် ခြံတံခါး သော့ခတ်ပြီး အထဲကို သော့ပြန်ပစ်ခဲ့စမ်းပါ .. တို့ မသွားချင်တော့လို့ .."

"ခင်ဗျားက ကျွန်တော့်ကို နှင်တာလား .."

"ဟုတ်တယ် .. အိမ်မှာ တို့တစ်ယောက်တည်း ရှိတာ၊ မင်းကို ကော်ဖီတိုက်ဖို့၊ ထိုင်ပါ .. စားပါပြောဖို့ ကြီးကြီးလည်း မရှိဘူး၊ ကောင်မ လေးလည်း ခုနကပဲ အပြင်ထွက်သွားတယ် .."

"ကျွန်တော်နဲ့ သက်ဆိုင်တာ ခင်ဗျားပဲ .."

"မင်းနဲ့ သက်ဆိုင်နေတဲ့ ငါပဲ ရှိနေလို့ ပြန်သင့်တာ ..၊ စေ့စပ်ထား တဲ့သူပဲဆိုပြီး အချိန်မတော် ဝင်ထွက်ခွင့်ပြုနေရင် ပတ်ဝန်းကျင်ပါးစပ် ဆိုတာ ပြောလို့ရတာ မဟုတ်ဘူး .."

"ဒေါ်ဘုံမြင့်စံ .. ခင်ဗျား စကားပြောတာ တစ်ခုခု လွှတ်နေသလိုပဲ နော် ..၊ ခုမှ ညနေ လေးနာရီပဲ ရှိသေးတာ၊ အချိန်မတော် ဘာလို့ သတ်မှတ်တာလဲ ..၊ ပြီးတော့ ခင်ဗျားမှာပဲ ဂုဏ်သိက္ခာတွေ ကြီးမားနေ တာလား .."

"ဟင်!..."

ဘုံ က နေရာမှ ပြန်ထိုင်လိုက်ပြီးမှ မျက်လွှာပင့်ကြည့်ကာ ...

"ဟုတ်တယ်လေ .. လူဆိုတာ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ကိုယ်တင်မှ ရတာ..၊ သူများတွေဂုဏ်သိက္ခာ ကြီးသလား.. မကြီးသလား၊ ရှိလား.. မရှိဘူးလား တို့က ဘယ်လိုလုပ် သိမှာလဲ .."

"ကျွတ်!..."

ဒီတစ်ခါ ရယ်မိဖို့ မေ့နေခဲ့တာက သူ ဖြစ်သွားသည်။ ရောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



...ကိုတ်သည့်နေရာမှာပဲ ခုထိ မရွေ့ရသေးပေ။ ဒါနဲ့တောင်
... – ထိုင်ဝါ ညှိဝတ်မကျေပွန်သည့်ပြင် စော်ကားမော်ကား ...။
"...ဝါ ... တို့က စကားပြောတာ တစ်ခါ တစ်ခါ အရမ်း
...ကြီးတာ" တဲ့ ...။

တောင်းပန်မှ ပိုဆိုးသည်။

ဒီအသက်အရွယ်ရှိနေတဲ့ သင်းမှာတောင် အပြောမတတ်တာတွေ ရှိနေပါသည်ဆိုလျှင် ကိုယ့်ဘက်မှာရော ရှိလို့ မရဘူးလား ...၊

ဒီအမျိုးသမီး ပွင့်လင်းတတ်တာထက်တော့ လွန်နေပြီ ထင်သည်။

အိမ်ပြန်ရောက်တဲ့အထိ မှုန်ကုတ်ကုတ် ဖြစ်နေသည့်မျက်နှာကို မာမီက အကဲခတ်မိသွားကာ ...

"ဘာဖြစ်လာတာလဲ သား ... မျက်နှာ မကောင်းပါလား"

"ဘာမှမဖြစ်ဘူး မာမီ ..."

ပြောခဲ့လို့ ပြီးပြီထင်ပေမယ့် မာမီက အခန်းထဲထိဝင်လိုက်လာသည်။

"တစ်ယောက်ယောက်နဲ့ တစ်ခုခုတော့ ဖြစ်ခဲ့တယ်မို့လား ...၊ မာမီ့ကို မညာနဲ့ ..."

"ဟုတ်တယ် ... ဒါပေမယ့် ဘာမှမဟုတ်ပါဘူး၊ သူက ခုလောက်ဆို ဘာမှရှိတော့မှာ မဟုတ်ဘူး ...၊ အဲဒါကြောင့် သားလည်း ဘာမှဖြစ်နေဖို့ မလိုဘူး ..."

သခင့် မျက်နှာက ခပ်မှုံမှုံ ဂျစ်ကန်ကန်ပုံ ပေါက်လျက် ...

"ချစ်တာ ... မုန်းတာ ... နာကျင်တာ ကိုယ့်ဘက်မှာ ကျန်ခဲ့ရင် ကိုယ် ရှုံးတာပဲ ...၊ ဘာလို့ ရှုံးရမှာလဲ ..."

"ဘယ်သူနဲ့လဲ သားရယ် ... သားကို ဘာပြဿနာမှ ထပ်မဖြစ်ပါစေနဲ့လို့ မာမီမှာ ထားတယ်လေ ..."

"ဟုတ်ပါတယ် ... ပြဿနာမှ မဟုတ်တာ မာမီရာ ... ဒေါ်ဘုံမြင့်စံနဲ့ စကားပြောမတည့် ဖြစ်လာတာ ..."







"ဘုံ ... ဘုံ ... ကိုလား ... ဘယ့်နှယ် ဒေါ်ဘုံမြင့်စံ လဲ ...၊ ကိုယ် လက်ထပ်ရမယ့် ဇနီးလောင်းကို သားရယ် ... ဘုံ က ဒီလောက်လည်း မကြီးသေးပါဘူး၊ သားနဲ့ဆို ရှေ့သွားနောက်လိုက် သိပ်ညီတာ၊ ဘုံ က ကိုယ်လုံးလှလှ ဆံပင်တွေလည်း လှတယ်၊ သူ့မျက်နှာလေးကိုက တကယ်မြင့်တဲ့ မင်းစိုးရာဇာလို သန့်သန့်ခန့်ခန့်လေး ..."

"မာမီကလည်း ဒက်ဒီသဘောကျ ခေါင်းညိတ်နေခဲ့တာ မဟုတ်ဘူးနော် ..."

"ဘယ်လို!..."

"မာမီကိုယ်တိုင် ဘုံမြင့်စံ ကို တော်တော် အထင်တကြီးရှိနေတာ ရှင်းသွားပြီ ..."

"အထင်ကြီးထိုက်သူကို ကြီးရတာပေါ့ သားရဲ့ ..."

ဒေါ်ပန်းသီနိုင် က သခင် အကျိုးချွတ်တာကို ဝိုင်းကူရင်း စကားပြောလည်း မပျက် ...။

"ပြောပါဦး ... ဘုံ နဲ့ ဘာဖြစ်လာတာလဲ ..."

"မမေးပါနဲ့တော့ မာမီရာ ... သား ပြောပြလည်း သားကိုပဲ မာမီ အပြစ်တင်မှာပါ ..."

သူမ ဒီလိုပဲ ပြောလိုက်လို့ပါ ပြောကြည့် ...၊ 'သားက ဘာသွားပြောလို့လဲ'၊ 'သူက ဘာစပြောတာလဲ' စသဖြင့်သော မေးခွန်းတွေ ထွက်လာဦးမှာမို့ ဘယ်အခါဖြစ်ဖြစ် တရားခံက သူမှ လွဲ၍ ...၊

"အေးပါ ... ကဲ ... သိပ်မဟုတ်လောက်တဲ့ ပြဿနာလို့ သားကိုယ်တိုင် နားလည်ထားရင်လည်း စိတ်ထဲမှာ မထားပါနဲ့တော့၊ ဘုံ တို့ မိသားစုက အရမ်းကို ကြိုးစားတယ်၊ ရိုးသားတယ်၊ သားဒက်ဒီရဲ့ မျက်လုံးထဲမှာဆို သူတို့က စံပြမိသားစုပဲ ..."

"မာမီ့မျက်လုံးထဲမှာရော ..."

"တစ်ထပ်တည်းပဲပေါ့ သားရယ် ... မာမီ့သားက မာမီ့ကို မင်း



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီကို မလွန်ဆန်ချင်လို့သာ ကြည့်နေရတာလို့ ထင်နေပုံရတယ် .. ဟုတ်လား သား .."

သခင် က မဖြေပါ။ မျက်လွှာချ၍ ဟိုလှျောက်မလို ဒီသွားမလိုနှင့် ဗီရိုရှေ့ ရောက်လိုက်၊ စားပွဲနားမှာ ရပ်လိုက် ...။

"မာမီတို့က စိတ်သဘောထားချင်း မတိုက်ဆိုင်ကြတာ ရှိခဲ့ရင်တောင် နေ့ရောတကာမှာ ပဋိပက္ခနဲ့ ဖြေရှင်းခဲ့ကြတာ မရှိဘူး၊ တစ်ယောက်ရဲ့ဆုံးဖြတ်ချက်အပေါ် တစ်ယောက်က မျိုသိပ်နာကျင်ပြီး ကျန်ရစ်ခဲ့တာမျိုးလည်း မရှိဘူး၊ မတည့် ခဏပဲ သားရဲ့ .. တစ်ဖက်ဖက်ကနေ အလျှော့ပေးပြီး မတိုက်ဆိုင်တာရှိရင် ပြေလည်အောင် ဖြေရှင်းယူကြတာ .."

"ဒါတောင် မိဘတွေ ပေးစားတာမို့လို့ပဲနော် .."

နှာခေါင်းတစ်ချက်ပွတ်၍ သခင် က စသလိုလို ရွဲ့သလိုလို ပြောသည်။ ဒေါ်ပန်းသီခိုင် က ပြည့်ဝသည့်အပြုံးနှင့် ...

"ဟုတ်တယ် .. မိဘပေးစားလို့ ယူရတာဆိုပြီး ဒါကြောင့် အဆင်မပြေဖြစ်ရတာလို့ အလံထူပြချင်တဲ့ မျက်လုံးနဲ့ ပြစ်ချက်ရှာနေကြမယ်ဆိုရင် အဆင်ပြေကြဖို့ ဘယ်လွယ်မလဲ .."

သခင် တို့ အကွက်ရွှေ့မှားလို့ အစားခံရပြန်ပြီ ...။

"ကောင်းစေချင်လို့ စီစဉ်ပေးတာကို ပိုကောင်းသွားဖို့ ကြိုးစားမယ်ဆိုတဲ့စိတ် မွေးရတာပေါ့၊ တစ်ယောက်နဲ့တစ်ယောက် နားလည်လက်ခံနိုင်ဖို့ ကြိုးစားတယ်၊ အနီးစပ်ဆုံး ချစ်ခြင်းနဲ့ ခိုင်မြဲအောင် ချည်နှောင်ရတယ်၊ မိဘ စိတ်ချမ်းသာသလို မာမီတို့ဘဝလည်း အရမ်းကို အေးချမ်းခဲ့တယ်လေ .."

'ဒါက တစ်ရာမှာ တစ်ယောက်ပါ' လို့ စိတ်ထဲကပြော၍ နားထင်ကို လက်နဲ့ကုတ်ခြစ်သလို လုပ်ရင်း ဟိုဘက်လှည့်၏။

"သားတို့လည်း အဆင်ပြေသွားမှာပါ .."





ဟုတ်မှာပါ ...၊ နေ့စဉ်ရက်ဆက် ရန်ဖြစ်ကြဖို့လေ ...။

သူ့မျက်နှာ မငြိမ်သက်တာကို မြင်ရလို့ ထင်သည်။ မာမီက စားပွဲရှေ့မှာ ခုံဆွဲထိုင်လိုက်ပြီး ...

"ဘုံ တို့က ချမ်းလည်း မချမ်းသာဘူး၊ ဆင်းလည်း မဆင်းရဲဘူး၊ ဒါပေမယ့် သားသမီးတွေ လူလားမြောက်လာကြတော့ လူငယ်တွေပီပီ တိုးတက်ရာတိုးတက်ကြောင်း ရှာချင်ကြတယ်လေ .."

ဘုံမြင့်စံ ရဲ့ အတ္ထုပ္ပတ္တိဆိုတော့ စိတ်ဝင်စားသွားမိပြီး ခာမီနဲ့ မျက်နှာချင်းဆိုင်မှာ ခုံဆွဲထိုင်လိုက်မိသည်။

"သူတို့က မွေးချင်းများလို့လား .."

"မများပါဘူး .. မောင်နှမ သုံးယောက်ပဲ၊ ဒါပေမယ့် ဆွေမျိုးရင်းတာတွေလည်း သူတို့နဲ့ အတူနေကြတာ ရှိတယ်၊ မမိုးမြင့် ကိုယ်တိုင်ကိုက သူ့ခင်ပွန်းဆုံးသွားပေမယ့် ခင်ပွန်းထားခဲ့တဲ့စနစ်အတိုင်း သားသမီးတွေကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်တာ ..၊ အဲဒါကြောင့် သားအကြီးနဲ့ သမီးအငယ်ဆုံးထိ ခေတ်ပညာတတ်တွေ ဖြစ်တဲ့အပြင် ရိုးသား ကြိုးစားကြတဲ့သူတွေချည်းပဲ၊ သားအကြီးဆုံးက အခု နိုင်ငံခြားကနေ လှမ်းခေါ်တာလေ၊ သူ့ညီမတွေကိုလည်း သင့်တော်တဲ့ ရာထူးနေရာတွေ ရနိုင်တယ်ဆိုပြီး အကုန်စီစဉ်နေတာ ..၊ ဘုံ တစ်ယောက်ကတော့ အဲဒါကို လုံးဝ လက်မခံတဲ့ ကန့်ကွက်မဲတစ်ခုပေါ့ .."

"သူ့အကြောင်းတွေ မာမီတို့က ဘာဖြစ်လို့ ဒီလောက် သိနေတာလဲ ..၊ သူ့မိဘအကြောင်းတွေရော .. သူ့အကြောင်းရော အိမ်မှာ တစ်ခါမှလည်း မပြောခဲ့ဖူးဘူး .."

"မပြောဖူးပေမယ့် .. ဘုံ က သားဒက်ဒီ အားကိုးရတဲ့ မန်နေဂျာတစ်ယောက်ပဲလေ ..၊ ခုတော့ မဟုတ်တော့ဘူးလို့ ပြောရမှာပဲ၊ သူက တစ်နှယ်တစ်စင်ထောင်တော့မှာကိုး ..၊ တခြား မိန်းကလေးတွေလို ဝန်ထမ်းလစာလေးနဲ့ တင်းတိမ်နေတာမျိုး၊ မတင်းတိမ်နိုင်လို့ အနေ



www.burmeseclassic.com

www.burmeseclassic.com



မတတ် အထိုင်မတော် ဖြစ်လာတာမျိုး .. ဘုံ က လုံးဝ ဘာမှမရှိခဲ့တဲ့ အပြင် သားရဲ့ဒက်ဒီ ချီးမွမ်းနေတာကတော့ သူ့ကို ဆရာတစ်ဆူလိုပဲ ကြည်ညိုမပျက်ဘူးတဲ့၊ အချိန်မရွေး ပြောဆိုတိုင်ပင်လို့ ရခဲ့တာတဲ့ .."

"ဪ .. ဒါကြောင့် ဒက်ဒီက .."

"မဟုတ်ဘူး သား ..၊ သားဒက်ဒီက သူ့စီးပွားရေး အကျိုးအမြတ် အတွက် အည့်စဉ်းစားခဲ့တာ လုံးဝ မဟုတ်ဘူး၊ သားမှာ ဖြစ်မလာသေးတဲ့ ပညာလောဘ .. စီးပွားဥစ္စာလောဘတွေက သူ့ကြောင့် ရှင်သန်လာနိုင်တယ်လို့ တွေးခဲ့တာ .."

ဘာထူးလို့လဲလို့ စိတ်ထဲက ပြောမိပြန်၏။ မျက်နှာကိုတော့ မပျက်ရဲပေ ..။

"နောက်ပြီး .. လူတစ်ယောက်ဟာ ချမ်းသာကြွယ်ဝနေဖို့ထက် စိတ်မာတ်အရည်အချင်း ပြည့်ဝနေဖို့ ပိုပြီး လိုအပ်တယ်၊ သားအတွက် ဓနီးက စည်းစိမ်ချမ်းသာပါဖို့ မလိုဘူးလေ..၊ သူ တော်နေသလို သားက ပိုတော်အောင် ကြိုးစားချင်လာတဲ့ တစ်နေ့ .. အဲဒီတစ်နေ့ဟာ မာမီတို့ရဲ့ ပန်းဝင်ကြိုးပေါ့၊ တွေးကြည့်ပါ သားရယ် .. သားတို့ လူငယ်တွေရဲ့ ရှေ့ရေးအတွက်ပါ၊ မာမီတို့က သေခြင်းတရားကို စောင့်နေကြရတဲ့ အသက်အရွယ်တွေ ရောက်နေပြီ သား ..၊ ဘာမှမလိုတော့ဘူး၊ မာမီတို့ အတွက်တင်မကဘူး သားရှေ့ရေးအတွက်လည်း ပူပန်စရာ မလိုပါဘူး။ ဒါပေမယ့် အထူးသဖြင့် အရည်အချင်းမရှိတဲ့ ယောကျ်ားဟာ အမောက်မထွက်တဲ့ ကြက်ဖလိုပဲ .. ဘယ်လိုမှ မတင့်တယ်နိုင်ဘူး .."

"မာမီတို့ သူ့ရဲ့အရည်အချင်းတွေအပေါ် ဒီလောက် မျက်စိကျနေကြတာ ..၊ သူ့စိတ်ဘဝင်ထဲမှာ မာနတွေ ဘယ်လောက်ထိ ခိုအောင်းနေနိုင်တယ်ဆိုတာတော့ ထည့်မတွေးတော့ဘူးလား .."

"မာနရှိမှ တိုးတက်တာ သားရဲ့ ..၊ တိုးတက် အောင်မြင်နေတဲ့ လူတိုင်းမှာ သူတို့ရဲ့ခံယူချက်တွေအပေါ် ယုံကြည်ကြတဲ့ မာနတစ်မျိုးစီ





တော့ ရှိကြတာပဲ၊ ကိုယ့်ကို ငုံ့ကြည့်ခံရတာ မကြိုက်ရင် သူ့လို အမြင့် တက်နိုင်အောင် ကြိုးစားရုံပဲ၊ ဒါကိုပဲ ခြေဆောင့် တက်ခေါက်နေရုံနဲ့တော့ အဲဒီမျက်စိအောက်က လွတ်မြောက်သွားမှာ မဟုတ်ဘူး .."

မာမီတို့ စကားပြောပြီဆို ဘယ်မှာမှ ထွက်ပေါက်မကျန်တော့ပါ။ စိတ်ရှုပ်လာတိုင်း သူ့မှာသာ ခေါင်းကုတ် ပါးကုတ်နှင့် ထလစ်ဖို့ အကြောင်းဖန်ရတာ အမြဲတမ်း ..။

"ပေါ့ပေါ့ပါးပါး နေပါ သားရယ် .. ဘုံ က ကိုယ့်လောက် ကြွယ်ဝတဲ့သူ မဟုတ်လို့ အထင်အမြင် မသေးပါနဲ့၊ သူ ပြောဆိုသမျှ တော်နေတတ်နေလို့ မာနကြီးနေတာလို့လည်း မမြင်နဲ့နော် ..၊ ဓနီးမယား ဆိုတာ လင်ယောကျ်ားအပေါ်မှာ ရိုသေပျဝပ်နေတတ်တဲ့အမျိုးပါ၊ ငါ့ ဓနီးပါလားလို့ မြင်ပြီး နားလည်မှုရဖို့ပဲ ကြိုးစားပါကွယ် .."

တကယ် ရိုသေပျဝပ်နေမယ်ဆိုရင်တော့ မဆိုးပါဘူး ..။

ကိုယ့်အတွေးနဲ့ကိုယ် သဘောကျသွားသည်။ သူ့စိတ်ထဲမှာ ကူးထားတာက ဒါတွေမှ မဟုတ်ဘဲ ..။

'မင်းလည်း လွတ်လပ်သလို နေ'၊ 'ငါတို့ချင်း စိတ်ဝင်စားကြတာမှ မဟုတ်တာ' ဆိုသည့် စိတ်ချမ်းသာဖွယ်စကားတွေကို သူမဆီက ကြားလိုက်ရလို့ ..။

ပိုရှင်းအောင် ပြောရပါလျှင် 'မိန်းမယူပြီးမှ ပိုလွတ်လပ်သွားဦးမှာ' လို့ တွေးခဲ့မိ၍ ဖြစ်သည်။

အဲဒီလို တကယ်ပဲ မဟုတ်ဘူးလား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ရှင် ဖောင်တော်လှတာပဲ ဒေါ်ဘုံမြင့်စံ .."
"ဟင်!..."

ရှေ့မှာ ဖျတ်ခနဲ ပိတ်ရပ်လိုက်သဖြင့် ဘုံ ခြေလှမ်းတုံ့သွားသည်။ ကိုယ့်ရှေ့မှာ အနက်ရောင်ဝတ်စုံ ကပ်ကပ်လေးနှင့် ဖြူနုလှပနေသော မိန်းကလေးတစ်ယောက် ...၊

ကိုယ်က မသိပေမယ့် သူမကတော့ ကိုယ့်ကို သိနေသလိုပါလား။ ဒါပေမယ့် လာမိတ်ဆက်တာမျိုး မဟုတ်မှန်း မီးရောင်အောက်မှာ မြင်နေရသည့် သူမမျက်နှာပေါ်က မဲ့ပြုံးကြောင့် ခံစားမိနေသည်။

"ဘယ့်နှယ် .. မင်္ဂလာဧည့်ခံပွဲမှာ အနီရောင်ကြီး ဝတ်လို့ .."

တွေးနေတုန်း နောက်ထပ် ဝေဖန်သံတစ်ရပ် ထွက်လာပြန်သည်။ အိမ်ထဲကထွက်ခဲ့ပြီး ဧည့်ခံပွဲထဲ ပြန်ဝင်မလို့ ခြေလှမ်းတွေက ရှေ့ဆက်မရဘဲ ဖြစ်နေခဲ့လျက် ...

"ညီမက ပန်းသခင် ရဲ့မိတ်ဆွေ ထင်တယ် ..၊ ဆောရီးနော် .. တို့က မသိလို့ပါ၊ ခုမှ လာတာလား .. ပြန်မလို့လား .."

"ကျွန်မက မဖိတ်ဘဲ လာတဲ့သူပါ၊ ဒီလိုပဲလေ .."





သူမက, လက်လေး ဖွဖွပိုက်ကာ ဧည့်ခံပွဲထဲကို သမင်လည်ပြန် ကြည့်လိုက်ပြီး ...

"ဒီပွဲထဲမှာ သူ မဖိတ်ဘဲ တက်ရောက်လာကြတဲ့ တခြား မိန်းကလေးတွေ ရှိဦးမှာပဲ .."

လည်ပင်းလေး ရှည်ကြည့်ရင်း ပြောပြီးမှ မျက်နှာချင်းဆိုင် ပြန်လှည့်၍ ...

"ဒေါ်ဘုံမြင့်စံ သိလား .. ပန်းသခင် က ပန်းသခင် ဆိုတဲ့ နာမည် အတိုင်းပဲနော် ..၊ ရှင် မကြောက်ဘူးလား .."

ဘုံ မျက်ခုံးလေး တွန့်သွားသည်။ သူမက ပြုံး၍ ...

"တကယ်တော့ သဘာဝမကျတာ မရှိပ့ါဘူး၊ သူ့လိုလူက ဒီတိုင်း ဖြစ်လာမှာပဲ"

ပြောပြီး ဘုံ့ ကို စိုက်ကြည့်သည်။

"သူ ဘာလုပ်လုပ်.. ဘယ်လိုနေနေ.. ဆိမ်းငြိမ်းအောင် ထိုင်စောင့်ပြီး ဘာတွေဖြစ်လာလာ လိုက်ဖြေရှင်းဖို့ ငွေထုပ်ပိုက်ထားတဲ့အထိ သည်းခံခွင့်လွှတ်ဖို့ဆိုတာ ဒီလောက် အသက်အရွယ်ကွာမှလည်း ဖြစ်မှာ .."

ဘုံ က ပြုံးလိုက်ပြီး ခေါင်းညိတ်ကာ ...

"ညီမက ပန်းသခင် နဲ့ တော်တော် ရင်းနှီးခဲ့တာပဲ ..၊ တကယ် လက်ထပ်ရတဲ့ တို့တောင်မှ မင်းလောက် သူ့အကြောင်း မသိဘူး .."

သူမ မျက်နှာတော့ ပျက်သွားသေးသည်။ သို့သော် ...

"အဟွန်း .. အကြောင်းမသိတာကတော့ အကြောင်းမသိကြဘဲ အလောသုံးဆယ် လက်ထပ်လိုက်ကြလို့ ဖြစ်မှာပေါ့၊ သိဖို့ ကြိုးစားမှ သိမှာလေ .."

"ဟုတ်တယ် .. မကြိုးစားခဲ့မိဘူး၊ ရည်းစားထားဖို့ .. လက်ထပ်ဖို့ အတွေးတွေနဲ့ ယောကျ်ားတစ်ယောက်အကြောင်း သိဖို့ ကြိုးစားရတာ.. ဈေးထဲမှာ အကျႌဝယ်ရသလို ပိုက်ဆံပေးနိုင်တိုင်းလည်း ရလာတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ ပေးဆပ်ရမယ့်အချိန်တွေနဲ့ မတန်ဘူး ..''

''ဒီလိုပြောရင်လည်း ကြားကောင်းတာပေါ့လေ ..''

''ကြားမကောင်းတာတွေ မပြောချင်လို့ပါ၊ ဥပမာ ယောက်ျားတစ်ယောက်အကြောင်း သိဖို့ဆိုရင် ယောက်ျားတွေ အများကြီးအကြောင်းကို သိထားရဦးမှာ ..''

လက်ပိုက်လေး ဖျတ်ခနဲ ပြေသွားသည်။

''ကိုယ့်ရဲ့ မိဘအုပ်ထိန်းသူက ရွေးချယ်တာဆိုတော့ အစစအရာရာအတွက် မမှားနိုင်ဘူးလို့ ယုံကြည်တယ်၊ မိဘက မိဘတာဝန်ကျေသလို.. သားသမီးက သားသမီးဝတ္တရားအတိုင်း နာခံလိုက်တာမျိုးပေါ့..''

''ခါးမနိုင်လို့ တောင်ဇေးကူရတာ မဟုတ်ဘူးလား ..၊ အသက်အရွယ်လွန်လာတဲ့ လူပျိုကြီး အပျိုကြီးတွေရဲ့ ထမင်းရည်ပူ လျှာလွှဲပြောတာမျိုးလေ ..''

''ညီမ တို့နဲ့ စကားပြောဖို့ ရောက်လာတာ ရည်ရွယ်ချက်တွေ ရောထွေးနေပြီ ထင်တယ် ..၊ ပန်းသခင် ကို ရအောင် ယူနိုင်တာကို အားကျတာလား ..၊ သူ့ကို ယူလိုက်တာ မှားသွားပြီလို့ ပြောချင်တာလား တို့အထင်တော့ နည်းနည်းစီ လွဲနေပြီ ထင်တယ်နော် ..''

''နှင်း ရောက်နေတယ် ..''

ရှေ့ဆက်ရန်ခက်နေသည့် စကားစစ်ထိုးပွဲလေးက ပန်းသခင် အသံကြောင့် ပျက်၏။ နှင်းဆီ က တမင်တကာ အမည်မတွင်စေဘဲ စိတ်ထဲမှာ ခံခက်နေသမျှ တစ်ခွန်းစ နှစ်ခွန်းစတော့ ထိုးနှက်ခဲ့ဖို့ ရောက်လာတာပါ။

ပန်းသခင် ကို ဒုက္ခပေးဖို့ရှိနေသေးတာတွေက နောက်မှ ..၊ ခုတော့ ထင်သလို ဖြစ်မလာခဲ့သည်ဖြစ်ရာ ...

''ရှင့်ရဲ့သတို့သမီး နာမည်ကျော်မို့လို့ လာကြည့်တာပါ ..''

''ကိုယ်တို့က ..''

ပန်းသခင် ဘာပြောရမှန်းမသိ ဖြစ်သွားကာ နောက်က ပါလာကြ





သည့် ကျော်သက် တို့ကို ပြန်ငဲ့ကြည့်၏။ နှင်းဆီ ကပါ နောက်ကို လှမ်းကြည့်လိုက်ရင်း ...

''လူနည်းနည်းလေး ဖိတ်ပြီး အကျဉ်းချုံး လုပ်လိုက်တော့ အံ့ဩလို့လေ ..၊ ဒေါ်ဘုံမြင့်စံ က အားလုံး ပြောကြသလောက်လည်း မဆိုးသေးပါဘူး၊ ဘာဖြစ်လို့ တခမ်းတနား မလုပ်တာလဲ ..''

''မခမ်းနားတာက မခမ်းနားချင်လို့ပေါ့ နှင်းဆီ .. ဒါ အင်တာဗျူးရမယ့်အချိန်မှ မဟုတ်တာ ..''

အစကတော့ မျက်နှာပူသွားသလို ရှိပေမယ့် သူမက မညာမတာတဲ့ရဲ့ဖို့အတွက် တမင်တကာ ရောက်လာတာကို နားလည်လိုက်သည့်နောက် ...

''မင်းသူငယ်ချင်းတွေ ရှာနေကြတယ် .. သူတို့ကို မြင်မှ မင်းရောက်နေတာ သိလို့ လိုက်ရှာရင်း တွေ့ရတာ၊ လာလေ .. ဟိုမှာ မုန့်လိုက်စားဦး ..''

နှင်းဆီ မျက်နှာလေး တည်သွားပြီး နားမလည်သလို စိုက်ကြည့်၏။

''တို့မှာ မြဖူး တစ်ယောက်ပဲ ပါတာ ..''

''ဟုတ်တယ် .. မြဖူး လည်း တွေ့တယ်၊ သူငယ်ချင်းတွေဆိုတာက မင်းလိုပဲ ကိုယ်မဖိတ်ဘဲ ရောက်လာကြတဲ့ မိတ်ဟောင်းတွေလေ..''

စိုက်ကြည့်နေသည့် မျက်လုံးတွေကြောင့် သခင် ဘာကို ရည်ရွယ်ပြောလိုက်တာမှန်း နှင်းဆီ နားလည်သွားသည်။

''ကိုယ်က ဧည့်ခံပွဲ ကျင်းဖို့ .. ကျယ်ဖို့ ..၊ ဒီပွဲ ခမ်းနားဖို့.. မခမ်းနားဖို့ ဘာမှကို ဝင်လုပ်ချိန် မရလိုက်ဘူး၊ မမလေ .. သူပဲ ဒါရိုက်တာ..''

လို့ ပြောပြီး သခင် က ဘုံ လက်လေးကို လှမ်းဆွဲသည်။ ပြီးတော့ နှင်းဆီ ရဲ့လက်တစ်ဖက်ကိုပါ ဆုပ်ကိုင်၏။ သူမ ဒီတိုင်းလေး ငြိမ်နေလိုက်မိပြီးမှ လက်ကို ဆတ်ခနဲ ပြန်ရုတ်လိုက်ကာ ...

''လက်ဖွဲ့ကောင်းကောင်း ပါမလာလို့ မစားတော့ဘူး၊ တို့က



www.burmeseclassic.com

www.burmeseclassic.com



ယူ့ကို လာအားပေးတာပါ၊ ဒါပေမယ့် အခု မလိုမှန်း သိပါပြီ၊ အဟွန်း .. ရှင်က 'နေတတ်ရင် မြတ်တယ်'ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ နေတတ်အောင် နေမယ့်သူ ဆိုတော့လေ .."

နှင်းဆီ တို့က အတင်းပွတ်ကပ် ဖွဲ့ချပြီးမှ ကျောခိုင်း၏။

ဘုံ ကို ဆွဲကိုင်ထားသည့်လက်ကို ဖြုတ်၍ သခင် က ပြုံး၏။ ပြီးတော့ ဇာတ်အကျီအဖြူစနှစ်ဖက်ကို တိုက်ဖယ်၍ ဘောင်းဘီအိတ်နှစ်ဖက်ထဲမှာ လက်တွေ ထည့်လိုက်ရင်း ...

"ဒီလောက်တော့ လုပ်သွားပါစေ .."

ပြောပြီး မျက်နှာငုံ့ ရယ်သည်။

"မင်းကလည်း မင်းပဲ .. ရှားတယ် .."

"ကဲ .. ကဲ .. မဘုံ ကို လာခေါ်တာမို့လား ..၊ သွားရအောင် .. အစီအစဉ်က ခုမှ စကြမှာ .."

သူတို့ကပဲ ဦးဆောင်ထွက်သည်။ ဘုံ ကလည်း သူ ထွက်သွားမှ နောက်ကလိုက်လာတာပေမယ့် သခင် က ရပ်စောင့်နေလိုက်ကာ ...

"အဲဒါ ကျွန်တော့်ချစ်သူ .."

"မင်းက သစ္စာဖောက်လိုက်တာပေါ့ ..၊ အဲဒါကြောင့် တို့ကို .."

"မဟုတ်ပါဘူး .. ပြတ်သွားပြီးသား .."

"ညှော်ပွဲထဲမှာ မင်း ပြောသလို နောက်ထပ် ရှိသေးသလား .."

"သုံးယောက် ရှိတယ် .."

ခြေလှမ်း အတူတူလှမ်းရင်း မျက်လုံးချင်း ဆုံသွား၏။ ဘုံ့ မျက်နှာလေးက စိတ်ပျက်ခြင်းတို့နှင့် ...

"သူ ပြောသွားတာ မလွန်ဘူးပဲ ..၊ မင်းရဲ့ ဝါသနာက ဘာလဲ .. ရည်းစားထားတဲ့ အလုပ်လား .."

သူက ပြုံးလိုက်ပြီး ခြေလှမ်းတို့ရဲ့ထိပ်ကို ငုံ့ကြည့်လျှောက်၏။

"ချစ်ကြတာက စပြီး ပြတ်စဲသွားကြတဲ့အထိ မိကောင်းဖခင်





သားသမီး ပီသစွာနဲ့ပါ .."

"ဪ .. ကြံဖန် ဂုဏ်ယူစေပါ့ .."

"ဘာဖြစ်ဖြစ် ခင်ဗျားဘက်က ရှိနေရမယ်ဆိုတဲ့ ရဲဘော်ရဲဘက်စိတ်နဲ့ ပြောပေးလိုက်တာ ကျေးဇူးမတင်ဘူးလား .."

"မဟုတ်က ဟုတ်ကတွေမှ မဟုတ်တာ .."

"ဒါပေမယ့် ခင်ဗျား ငွေဆိုမှငွေ တိုင်းတာတွက်ချက်ခဲ့တာတွေ မပါဘူးလေ .."

ဘုံ က ဂရုမစိုက်သည့်ရယ်သံလေးနှင့် ပြန်ငဲ့ကြည့်၏။ တစ်ခြမ်းစောင်းငုံ့ကပ်ကပ်လေး ထုံးဖွဲ့ထားသည့် ဆံနွယ်တို့မှာ ဝတ်စုံနဲ့လိုက်ဖက်သော ပန်းသွေးရင့်ရောင် ကပ်ပန်းလေးတစ်ပွင့်က သူမရယ်ပုံလေးနှင့်ယဉ်၏။

ဝတ်စုံသည် အနီရောင်လုနေသည့် ပန်းသွေးရောင်ရင့်ရင့်ဖြစ်ကာ မျက်နှာလေးကို ပန်းနုရောင်ဖျော့ဖျော့ ပြင်ထားသဖြင့် ကြည့်ရမဆိုးပါ။

လူတချို့ကတော့ သတို့သမီးဝတ်စုံကို အံ့သြသည့်အကြည့်တို့နှင့် ကြည့်သွားကြသည်။ ထို့ပြင် သတို့သားနဲ့ အရောင်မတူ အဆင်မတူမို့ ထူးဆန်းနေတာ ဖြစ်သည်။ ဘုံမြင့်စံ ရဲ့စိတ်ကြိုက် ဒက်ဒီတို့က ဒီလောက်ထိ ခွင့်ပြုထားခဲ့တာ ဖြစ်၏။

"လာ .. သားတို့ လာကြ ..၊ သူငယ်ချင်းတွေက ဓာတ်ပုံရိုက်ကြမလို့တဲ့ .."

"ဟုတ်တယ် ..၊ တစ်ယောက်ကိုတစ်ယောက်က မှန်နှံ့ကျွေးလေ .."

"ဘယ်ရမလဲ .. မင်္ဂလာဦးအနမ်းလေး ပါမှပေါ့ .."

မွဲက ပြီးတော့မှာပါ။ သူငယ်ချင်းတွေ ဝိုင်းနောက်နေကြသဖြင့် လူကြီးတွေက ရှောင်ထွက်သွားကြသည်။ ဒေါ်မိုးမြင့် နဲ့ ဒေါ်ပန်းသီခိုင်တို့သာ အနားမှာ ရှိနေခဲ့ကြပြီး ...

"တော်သေးတယ်နော် .. လူငယ်ချင်း တရင်းတနှီး ရှိနေကြလို့ .."

"ဟုတ်ပါတယ် မခိုင် ရယ် .. ကျွန်မဆိုရင် စေ့စပ်ကြောင်းလမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တည်းက နေ့တိုင်းကို တွေးပူနေရတာပါ၊ ခုခေတ် လူငယ်တွေက အသိအမြင်ကျယ်လိုက်ကြတာမှ ဘယ်ပညာရှိစကားမှ တိုးမဝင်ဘူး၊ သူတို့ကို လက်ထပ်ပေးခဲ့တဲ့ အကြောင်းရင်းကလည်း ပြောစရာ ဖြစ်နေတော့.."

"ဩော် .. ပညာစုံလို့ ကြင်ရာစုံတာ .. ဘာပြောစရာဖြစ်ရမှာလဲ မမိုး ရယ် .."

"ဟုတ်ပေမယ့် လူငယ်ချင်း လုံးဝ မသိကြဘဲ ကျွန်မတို့ကလည်း ပြောင်းရွှေ့ကြတော့မယ့်အကြောင်းက တိုက်ဆိုင်နေတယ်မို့လား ..၊ သားက အပေါင်းအသင်းတွေနဲ့ လွတ်လပ်ပွင့်လင်းတဲ့ လူငယ်တစ်ယောက်လည်း ဖြစ်တယ်၊ အရိုးသားဆုံး ဝန်ခံရရင် သမီးလေးက အသက်ပိုကြီးနေတာကိုပဲ စိတ်မဖြောင့်နိုင်တာ .."

ဒေါ်ပန်းသီခိုင် က ပြုံးလိုက်ရင်း လူငယ်တွေကြားထဲမှာ အပြုံးမပျက်ရှိနေသည့် ဘုံ့ မျက်နှာလေး တစ်ဖွန်းတစ်စကို စိုက်ကြည့်နေသည်။

ပြီးတော့ သူမ မျက်နှာရဲ့ဘေးမှာ သားရဲ့ ရယ်မောကြည်လင်နေသည့်မျက်နှာက အတူတူ ..။

"အားလုံး သူ့အလိုလို အဆင်ပြေသွားမယ်လို့ ကျွန်မတော့ ယုံကြည်တယ်၊ အသက်ကွာတယ်ဆိုတာလည်း ဒါကို ချမပြောရင် သိတောင် သိကြမှာ မဟုတ်ဘူး၊ သားကလည်း ဒီအဖြစ်အတွက် ငြိုငြင်တဲ့ပုံ ဖြစ်နေတာရော မြင်လို့လား မမိုး ရဲ့ .."

"ဟုတ်ပါတယ် .."

"ဟုတ်ရင် တွေးပူမနေပါနဲ့ ..၊ သမီးလေးကို ဇီဇာကြောင်တယ်လို့ တခြားလူတွေ ထင်ရင် ထင်လိမ့်မယ် .. ကျွန်မက လုံးဝ မထင်ဘူး၊ နောက်ပြီး မစာမနာပြောသလို ဖြစ်မလားတော့ မသိဘူး ..၊ မမိုး တို့ မိသားစုလိုက် ပြောင်းရွှေ့သွားကြရင် သမီးကို ကျွန်မတို့ပဲ အပိုင်ရမှာလေ၊ ကိုယ်ပဲ မိဘဖြစ်နေတော့ ကိုယ့်အရိပ်မှာ ပိုမြဲတာပေါ့၊ စိတ်ချပါ မမိုး ရယ် .. သားနဲ့ သမီးရဲ့ အိမ်ထောင်ရေး ဘာမှမဖြစ်ဘူး၊ အားလုံး





ကောင်းသွားမှာပါ .."

ပန်းပန်တာတောင် ဆံထိုးမပါ ..၊ စိန်ခွေမစိုက်ဘဲ လက်ဝတ်လက်စား ဝတ်ဖို့လည်း မလိုအောင် ပွဲထိုင်ဇာဝတ်စုံကို လည်ကပ် ချုပ်ဝတ်၏။ သူမ ငွေစကားတွေ ပြောခဲ့တာမှန်ပေမယ့် တစ်ပါးသူရဲ့ပိုင်ဆိုင်မှုအပေါ်မှာ တပ်မက်လိုချင်တာမျိုး မဟုတ်ဘူးဆိုတာ ဒီအချက်နဲ့ပဲ အကဲခတ်လို့ ရနေပါပြီ ..။

"ဘုံ့ က လိုချင်တာကို တောင်းဆိုရဲတဲ့အကျင့် ရှိပေမယ့် အခွင့်အရေးရှိတိုင်းတော့ မတောင်းတတ်ပါဘူး .."

"ဝတ်ဖို့မှ မလိုတာ အန်တီ ..၊ အကျီက ဒီလောက် ပြုံးပြက်လက်နေတာ၊ ပြီးတော့ လည်ကပ်ကြီးပေါ်မှာ ထပ်ဝတ်လိုက်ရင် လူတွေ ရယ်ကုန်မှာပေါ့"တဲ့ ..။

တမင်တကာ လည်ကပ် ပြောင်ဖြောင်လက်လက်တွေ ဝတ်ပြီး လက်ဝတ်ရတနာတွေကို ငြင်းသည်။ အစကတည်းက ခင်ပွန်းဖြစ်တဲ့သူ ရွေးချယ်လိုက်တဲ့ ချွေးမအပေါ်မှာ ယုံကြည်မှုရှိခဲ့တာ ပို၍ ခိုင်မြဲသွား၏။

အမျိုးမျိုးသော ရွေးချယ်ခြင်းတို့ဖြင့် နောက်ဆုံးမှာ အကျဉ်းချုံးသည့်ခံပွဲလောက်နှင့် လက်ထပ်ပေးလိုက်ရတာကိုလည်း သူမတို့ဘက်က မကျေနပ်ဖွယ် မရှိပါ ..။

"ဟော့ကောင်ရေ .. အကျဉ်းဖြစ်ဖြစ် အကျယ်ဖြစ်ဖြစ် ဒါ လက်ထပ်ပွဲ ထုံးစံပဲ .."

လူငယ်တွေ ဝိုင်းဝန်းသမနေကြသည့်ကြားမှာ သခင့် မျက်နှာ ရယ်ကျဲကျဲနှင့် ဘုံ့ က လည်ပင်းလေးကုတ်၏။ ကင်မရာချိန်ထားတဲ့သူက ငိုဘ်မရှည်ပုံပြကာ ရေခဲမုန့်ကိုင်တဲ့သူက မျက်နှာတွေရှေ့မှာ တဝဲဝဲ..။

"ကဲပါ .. တို့ကို ခွင့်ပေးစမ်းပါ၊ ပြီး .. ပြီးတာပဲဟာ .."

"ဟင်!..."

တကာယ့်ကို ဖီးလ်ငုတ်နေတာကို သူမက ပိုငြင်းရမှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လား..၊ သူမကိုပဲ တော်တော် ရှက်ရွံ့နေရှာမှာလို့ သူ ထင်ခဲ့တာမို့ အံ့သြမိသည်။

"သခင် လုပ်လေကွာ .."

"မင်းသားရေ .. မြန်မြန် .."

ကျော်သက် က အသံပြဲနဲ့ ဦးဆောင်အော်၏။ ဘုံ့ မျက်နှာလေးက ပြုံးနေကာ ခွံ့ကျွေးဖို့အတွက် မသိမသာ မျက်လုံးမှိတ် ခေါင်းညိတ်ပြနေ၏။

"ဟေး .. .."

သူ ရေခဲမုန့် ခွံ့ကျွေးလိုက်တာနှင့် ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ကြသည်။ ရယ်သံတွေ လွှင့်သွား၏။

"ကဲ .. မမဘုံ့ အလှည့် .."

"အို!..."

"ဟင်!..."

ဘေးမှာ အအေးဘူးကိုင်၍ ရယ်နေသူ၏ လက်ပေါ် ဘုံ့ လက်တစ်ဖက် အမှတ်တမဲ့ ကျသွား၏။ အအေးဘူးက သူမ ရဲ့ပေါင်တစ်ဖက်ကို အရင် ထိခတ်ပြီးမှ မြေဖမိုးပေါ် ကျလေသည်။

"ဆောရီး .. ဆောရီးပါ .. မမဘုံ့ နော် .."

"ရပါတယ် .. မောင်လေးကြောင့်မှ မဟုတ်တာ၊ တို့က လက်နောက်ပြန် တိုက်ချမိသွားတာ .."

"မဟုတ်ပါဘူး၊ ကျွန်တော် သတိလက်လွတ် ရယ်နေလိုက်မိလို့ပါ"

သူ့အပြစ် ကိုယ့်အပြစ်နဲ့ပဲ ဘုံ့ က ပေကျံကုန်သည့် အချိုရည်တွေကို ပွတ်သပ်ခါရင်း နှုတ်ဆက်ထွက်သွား၏။

"တကယ်ပါကွာ .. ငါ ရှောင်လိုက်ရင် ရတာကို .."

"မဟုတ်ဘူး ထင်တယ်နော်.. မမဘုံ့ က ဆွဲယူလိုက်တယ် မှတ်လို့ သီတာ တို့ ကြည့်နေတာ..၊ မတော်တဆ ဖြစ်သွားတော့ အံ့သြလို့ .."





သီတာမြင့်မောင် ပြောလိုက်မှပဲ ယောကျ်ားလေးတွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြ၏။ ပြီးတော့ လည်ပင်းတွေ ရှည်ကုန်ကြလျက် မျက်လုံးတွေက ဘုံ့ ကို ရှာကြသည်။

"ဒါတွေ လဲမှ ဖြစ်တော့မယ် .. ဆောရီးနော် .."

လို့ ပြော၍ လူအုပ်ထဲက ထွက်သွားတဲ့ သူ ..၊

ခုကျတော့ နှစ်ပိုင်းကျော်က သူမရဲ့မိတ်ဆွေတွေလို့ ထင်ရသည့် အမျိုးသား၊ အမျိုးသမီးတွေဝိုင်းမှာ စကားပြော ရယ်မောနေလိုက်တာ ဒီအတိုင်း ..၊ ဘာအဝတ်စားမှ လဲတာ မဟုတ် ..။

ရေခဲမုန့် အပြန်အလှန် ခွံ့ကျွေးရမှာကို သူမအလှည့်ကျမှ ရှောင်ထွက်သွားတာလား ..၊

ဒါဆို သီတာမြင့်မောင် ထင်သလို ဘုံ တမင်တကာများ တိုက်ချခဲ့တာလား ..။

"ပြန်ခေါ်မလား .."

"ခေါ်မနေနဲ့တော့ ..၊ ဟိုမှာ စကားပြောနေတာ .."

ကျော်သက် တို့ ပခုံးကို မျက်နှာပါ ပါအောင် ဆွဲလှည့်လိုက်ပြီး သခင် က အာရုံပြောင်းပေးလိုက်၏။

မကြာခင်မှာပဲ သူငယ်ချင်းတွေ တဟေးဟေး တဝါးဝါး ပြန်ဖြစ်လေသည်။

ဘုံ ကတော့ ဒီဘက်ကို ယောင်လို့တောင် ပြန်ရောက်မလာတော့ပါ။ သခင် ရယ်မောမပျက် ရှိနေခဲ့သော်လည်း စိတ်က တစ်ချက်တစ်ချက်တော့ သူမဆီ ရောက်၏။

ဘုံမြင့်စံ ဆိုတဲ့မိန်းမရဲ့ အတ္တက ဘာလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

"ဘုံ .."

"အမလေး!..."

မွေ့ရာ လှုပ်ခတ်သွားသဖြင့် တစ်ဆက်တည်း ခေါ်လိုက်သံက နားထဲမှာ ပြောက်အိုးကွဲသွားသလို ဘုံ ငေါက်ခနဲ ထထိုင်လိုက်မိသည်။

"ဟား!... ဘာဖြစ်သွားတာလဲ .."

ဘုံ က အိပ်ရာခင်းကို လက်ဖဝါးလေးနဲ့ ကပ်ဖိစမ်းကာ သခင့်ကို ကြည့်၍ လက်က မျက်လုံးဆီ ရောက်၏။

"မေးခနဲ ပျော်သွားတာ .."

ပြောနေရင်း မျက်လုံးကနေ မျက်နှာတစ်ပြင်လုံးကို ပွတ်ပစ်လိုက်ကာ ...

"အိပ်မက်ထဲမှာ ညဦးက ကြည့်လိုက်တဲ့ 2012 ဇာတ်လမ်းကြီးကို ပြန်မြင်နေတုန်း မွေ့ရာက သိမ့်ခနဲ လှုပ်သွားလို့ .."

"ညဦးနက်မှ အိမ်ထဲ ဝင်ခဲ့ကြတာကို 2012 ကားကို ဘယ်အချိန် ကြည့်လိုက်တာလဲ ..၊ မှန်မှန် ဖြေစမ်းပါ .."

မွေ့ရာစပ်မှာ တင်ပါးလွှဲထိုင်နေရင်း ဖက်လုံးကို ရင်ခွင်ထဲ ဆွဲယူ ပိုက်လိုက်သည့် သခင့် မျက်နှာက ပြုံးချင်ချင် ...။

"ဘာကို မှန်မှန် ဖြေရမှာလဲ ..၊ မေးပုံက .."





"ခင်ဗျား .. ဘာညာသာရကာတွေ ကြောင့်ကြပြီး ဟိ(တ်)တက် နေတုန်း လန့်ဖျန့်သွားတာမို့လား .."

ဘုံ က ခါးတစ်ဝက်မှာ တင်ထားသည့် စောင်ကို ခွာချလိုက်ပြီး မွေ့ရာပေါ်က ဆင်းသည်။ အဖြူရောင်ညဝတ်အကျီ ခါးရှည်လက်ရှည် လေးနှင့် ..၊ ရှီးရှီးထဘီလေး ဝတ်ထားကာ ဆံပင်တွေက ဒီအတိုင်း ..။

နှုတ်ခမ်းနီဆိုးတာတော့ ဝါသနာပါပုံရသည့် သူမ၏ နှုတ်ခမ်းမှာ တော့ ခုချိန်ထိ ပန်းရင့်ရောင်လေး တင်နေဆဲဖြစ်လျက် ...

"တို့က ဘာကို လန့်ရမှာလဲ ..၊ ဘာအတွက်မှ ဟိ(တ်)တက်ဖို့ မလိုဘူး .. မင်း တစ်ခုခု ပြောစရာရှိမှာပဲဆိုပြီး စောင့်နေတာ .."

"ခင်ဗျားကရော .."

"မင်း ပြောတာကို နားထောင်ပြီးမှ ပြောချင်တယ် .."

"ဒါဖြင့် အခု ကျွန်တော်က ဘာမှမပြောဘဲ အိမ်ထောင်ရေးဖြစ် ဖြစ် ဘာဖြစ်ဖြစ် .. ရှိုရင်းတိုရှင်း ဖြေရှင်းသွားမယ်ဆိုရင် ခင်ဗျားက ကျေနပ်နိုင်မယ်ပေါ့ .."

သခင် က ထရပ်လိုက်တော့ ခုတင်တစ်လုံး ခြားနေသည့် တစ်ဖက်စီကနေ မျက်နှာချင်းဆိုင် ရပ်မိကြ၏။

"မင်း ပြောချင်တာ ဘာလဲ ပန်းသခင် .."

"ခင်ဗျား သိမှာပေါ့ .."

"သိတယ် ..၊ မင်းကို တို့ စောင့်နေတယ်ဆိုတာလည်း မင်း ထည့် တွေးလေ .."

"မတွေးချင်ဘူး .."

သခင့် မျက်ဝန်းတွေက အပေါ်စီးအလင်းရောင်အောက်မှာ တိုစိပ်စိပ် မျက်တောင်ကော့တို့၏အရိပ်ကြောင့် ယောကျ်ားမဆန်အောင် လှ နေသည်။ ဒါပေမယ့် ထိမထင်သော ဂျစ်ကန်ကန်အကြည့်တွေ ဖြစ်နေ ခြင်းက အကျည်းတန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ကျွန်တော် ရင်းနှီးလို့ရနေတာပဲ၊ ဒါပေမယ့် လင်မယားလို မဟုတ်ဘူး ဖြစ်နေတယ်၊ ခင်ဗျားဘက်က မသိဘူး.. ကျွန်တော့်ဘက်က.."

ဘယ်ဘက်ရင်အုံကို လက်သီးဆုပ်တင်ပြ၍ နှုတ်ခမ်းမဲ့ ခေါင်းခါ၏။ ထိုအခါ အမြဲတမ်း ပွင့်လင်းစွာရှိနေတတ်ခဲ့သည့် ဘို့ မျက်နှာလေး ပျက်သွားခဲ့ပြီး ...

"ဟုတ်ပြီ.. မင်းမှာ ပြောစရာတွေ ရှိနေတာပဲ၊ အဲဒါကို ပြောပေါ့"

"ပြောမယ် .. ကြိုပြောဖို့ ရှိတာက .. ခင်ဗျားအတွက် အများကြီး စဉ်းစားထားတယ်ဆိုတာပဲ .."

"ငါ့အတွက်ဆို မလိုပေမယ့် .. မင်း ပြောကြည့်ပါဦး .."

"ကျွန်တော်တို့ လူကြီးတွေ ဖြစ်စေချင်သလို လက်ထပ်ခဲ့ပေမယ့် ပေါင်းကြဖို့ မလွယ်ဘူးလေ၊ ခင်ဗျား ပြောသလို လက်ထပ်ကြပေမယ့် လွတ်လွတ်လပ်လပ် နေနိုင်တယ်ဆိုတာကို ကျေနပ်ပြီး ကျွန်တော်တို့ ကိုယ့်စိတ်ကူးနဲ့ကိုယ် ကြည်ကြည်ဖြူဖြူ ဆုံးဖြတ်ခဲ့ကြတာ .. ဟုတ်တယ်နော်"

"ပန်းသခင် .."

"ဘာလဲ .."

"မင်းကိုများ ငါက ချစ်ပါရစေ .. ကြိုက်ပါရစေ ပြောလာမယ့်ပုံ ပေါက်နေလို့လား .."

"ဟာ!... နိုး .. လုံးဝ မဟုတ်ဘူး ..၊ အဲဒီလို မဟုတ်ဘူးဆိုတာ ကြိုပြောပြီးသားနော် .."

သခင်က မွေ့ရာပေါ် ဘေးတိုက် ခြေတစ်ဖက်တင်၍ ထိုင်ချလိုက်ပြီး လက်ကာပြ၍ ...

"ကျွန်တော် ပြောချင်တာက ကိုယ့်လွတ်လပ်ခွင့်ကိုပဲ ထပ်ပြီး အတည်ပြုချင်တာ ..၊ ခင်ဗျားက ကျွန်တော်နဲ့ တိုက်ရိုက်သက်ဆိုင်သူ ဖြစ်လာပြီဆိုတော့ ကျွန်တော့်ရဲ့လွတ်လပ်ခွင့်ကလည်း ခင်ဗျားနဲ့ပဲ ဆိုင်





တယ်၊ အဲဒီတော့ ပြောထားကြတဲ့အတိုင်း ကျွန်တော်တို့ လွတ်လပ်စွာ လှုပ်ရှားသွားလာရေးအတွက် တစ်ယောက်ကိုတစ်ယောက် အားနာ ငဲ့ညှာမှုတွေ နည်းပါးရအောင် ရိုးသားနေကြရင် ပိုမကောင်းဘူးလား..၊ ခင်ဗျားလည်း ကျေနပ်မှာပါ .."

"ထားလိုက်ပါ ..၊ အခု မင်း ပြောချင်တာ ဒါပဲဆိုရင် .."

"နေပါဦး ..၊ ဟို .. မာမီတို့နဲ့ ပြောဆိုဖြစ်တဲ့အခါမှာတော့ .."

"တို့ကို မင်း ဒီလောက်ထိ သင်ပေးဖို့ မလိုပါဘူး၊ အခြေအနေကို ဘယ်ဘက်က လှည့်တွေးတွေး အခု လက်ထပ်ပွဲဖြစ်ခဲ့တဲ့ ရည်ရွယ်ချက်က တို့ဘက်က အဆင်ပြေလိုခြင်းတွေက များတယ်ဆိုတော့ .."

"အဲ့ဒါတွေလည်း ကျွန်တော် မသိဘူး ..၊ ဘို့ ကို ကျွန်တော်က သူ့ဘက်ကိုယ့်ဘက် လိုတိုးပိုလျှော့တွေ လာပြနေတာ မဟုတ်ဘူး၊ လုံးဝ အေးဆေးလိုင်းနဲ့ ဆွေးနွေးနေတာ၊ အခု ကျွန်တော်တို့ အများအမြင်မှာ လင်မယားဖြစ်သွားပြီ၊ ဒီတိုင်းပဲလည်း ရှိသွားကြမှာပဲလေ ..၊ ဒီထဲကနေ နည်းနည်းပဲ ပိုလိုချင်တာ ..၊ အဲ့ဒါ ကျွန်တော်တို့ချင်း နားလည်မှု .."

"ပြီးရောလေ ..၊ အစတည်းက တို့ဘက်က ရခဲ့တဲ့ အဆင်ပြေမှုတွေအတွက် ဒီအိမ်ထောင်ရေးအပေါ်မှာ အကောင်းဆုံးဖြစ်အောင် တို့ဘက်က တွေးထားတာပါ၊ အထူးသဖြင့် မင်း အဆင်ပြေမှုလည်း နေ့စဉ် ကျော်ဖြတ်နေကြရမယ့်အချိန်တွေအတွက် စိတ်ချမ်းသာရမှာမို့လား ..၊ အခု မင်း အဆင်ပြေမှာဆိုတော့ မျှတသွားရင် ပြီးတာပါပဲ .."

သခင် က မွေ့ရာပေါ်မှာ ခြေတစ်ဖက် ထပ်တင်၍ တင်ပလ္လင်ခွေ ထိုင်လိုက်ကာ ...

"ခင်ဗျားအတွက် တကယ် .. ဘာမှ မပါဘူးလား .."

"ဘာပါရမှာလဲ ပန်းသခင် .. တို့က မိန်းမသားပဲ၊ အခု မင်း ပြောတဲ့စကားမျိုး တို့ဘက်က ပြောခွင့်ရှိလို့လား .."

"ဘယ်လို!..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. လက်ထပ်ပြီးကာမှ ကျွန်မတို့ ရိုးသားစွာ နေကြရအောင်လို့ တောင်းဆိုရင် ရပါ့မလား ..၊ ဒါက ယောကျ်ားလေးဘက်က မစောင့်ထိန်းပါဘူးဆိုရင် မိန်းမဘက်က ရှောင်မလွှတ်နိုင်တဲ့ သဘာဝတရားပဲလေ .."

ပြောနေရပေမယ့် ခုလောက်ဆို သူမ မျက်နှာ နီမြန်းနေလောက်ပါပြီ။ ဒါပေမယ့် ပြောချင်နေမိ၏။သူ ပြောသွားသမျှ စကားတွေကကိုယ် မပြောရသေးဘဲ သူ အပြောဦးသွားသည့်အတွက် မိန်းမသားဘက်မှာ ဘယ်လောက် မျက်နှာပူ အရှက်ရစေသလဲ ..။

ကိုယ့်ဘက်က ပြောခွင့်မရှိတာတွေမို့ မပြောဘဲနေပေမယ့် သူဒီလို မပြောရကောင်းမှန်းတော့ သိသင့်သည်ပဲ။ ဘာမှ ရင်းနှီးလို့ မရကြတာ သိပြီးသား ..။ ရိုးသားကြဖို့ဆိုတာ သူ့ဘက်ကပဲ လိုတာမှန်း နားလည်တတ်ရင် ပြီးပြီ ..၊ ခုတော့ ...

"ထားလိုက်ပါ ..၊ ခု မင်းပြောပြီးပြီဆိုတော့ ဒါကို ဆွေးနွေးခဲ့ပြီလို့ သတ်မှတ်မယ် .."

"နေပါဦး .. တစ်ဖက်သတ် လိုက်လျောပေးနေတာကြီးက မမိုက်ပါဘူး၊ အကယ်၍ ကျွန်တော်တို့ သမားရိုးကျ လက်ထပ်ပေါင်းသင်းနေကြပြီးမှ ကျွန်တော့်ဘက်က .."

"မင်း ခုလို ပုံစံမပျက် .. ရည်းစားထားမယ်၊ သူငယ်ချင်းတွေနဲ့ လွတ်လပ်သလို နေမယ်၊ ဒါအတွက် ပြောချင်နေတာမို့လား .."

"အဲဒီလိုကြီး ရည်ရွယ်ထားတာ မဟုတ်ပေမယ့် အကယ်၍ ဖြစ်လာခဲ့ရင် .. ဖြစ်လာကာမှ ကျိုင်တက်မှာစိုးလို့ပါ၊ ကျွန်တော်က ဒက်ဒီတို့နဲ့ နေရတာထက် ခင်ဗျားနဲ့ဆိုရင် .."

"ပိုလွတ်လပ်တယ် ထင်လို့ပေါ့ .."

"ဒီလိုလည်း မဟုတ်ဘူး ..၊ ခင်ဗျား ယုံမလားတော့ မသိဘူး ခင်ဗျားကို ကျွန်တော် ခင်ပါတယ်၊ ကိုယ့်ထက် အသက်ကြီးတာ





ပြုငြင်စိတ် မဖြစ်တာကိုက ကျွန်တော်တို့နှစ်ယောက် နားလည်ဖို့ လွယ်နိုင်တယ်လို့ တွေးခဲ့တာမျိုးပေါ့ ..၊ အဲဒါကြောင့် ခင်ဗျားက ငြိုငြင်သွားမှာလည်း စိုးတယ် .."

"အဟွန်း .."

ဘုံ က တအားရယ်လိုက်တော့လည်း သွားတန်းလေးတွေ ပေါ်နေပြီး ချစ်ဖို့ကောင်း၏။ ဘာမှတော့ မကြည်ဖြူနိုင်ဖွယ် မရှိခဲ့သော ဘုံ့ပုံစံလေးကို ကြည့်၍ သူလည်း ပြုံးမိ၏။

ပြီးတော့ နေရာမှ ထရပ်လိုက်ပြီး အဲကွန်းဘက်မှာ သပ်သပ် ချခင်းထားသည့် တစ်ယောက်အိပ် ခေါက်ခုတင်ဆီကို လျှောက်သွားပြီး ...

"ကျွန်တော် ဒီမှာ အိပ်မယ် ..၊ အားလုံး အဆင်ပြေအောင် ပြင်ဆင်ထားတာ .. ဒါကျတော့ အသုံးဝင်သားပဲနော် .."

"အင်း .. မင်း အဆင်ပြေရင် ပြီးတာပါပဲ .."

ဘုံ က အပြင်ထွက်ခါနီးမှ တံခါးဝကနေ ပြန်လှည့်ကြည့်ကာ...

"မင်း တန်းအိပ်မှာလား ..၊ ညလယ်စာ တစ်ခုခု စားဦးမှာလား"

"ခင်ဗျား စားမလို့လား .."

"အင်း .. တို့က အလုပ်လုပ်ရင် ကော်ဖီသောက်နေကျဆိုတော့.."

"ဟာ .. အိပ်ခါနီးမှ မသောက်နဲ့လေ ..၊ ဒီည အလုပ်လုပ်မှာမှ မဟုတ်တာ .."

ဘုံ က ဘာမှမပြောဘဲ ဒီတိုင်း ရပ်နေကာမှ ...

"ကျွန်တော့်အတွက် မိုင်လိုနဲ့မုန့်တစ်ခုခုလောက် ယူခဲ့ပေးပါလား"

"မင်းက လူမမာမှ မဟုတ်တာ .. အိပ်ခန်းထဲ ယူခဲ့ပေးစရာလား၊ လိုက်ခဲ့လေ .. ပြင်ထားပေးမယ်"

သူ့အဖြေကို မစောင့်ဘဲ လှည့်ထွက်သွားတော့ .. အပေါ်အင်္ကျီ ကောက်လိုက်ရင်း သူ ပခုံးတွန့်မိ၏။ သိပ်တော့ မလွယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဘုံ ဘယ်ရောက်သွားလဲ .."

"သခင်လေး .."

"ဘုံ ရော .."

"ဩော် .. သမီးလား ..၊ ရေချိုးခန်းထဲ ဝင်သွားတယ်လေ .."

"ဟင်!..."

နာရီကြည့်လိုက်တော့ ခုနစ်နာရီခွဲတော့မည်။ ဒီအချိန်ဆို အအိပ်ပုတ်တဲ့သူတစ်ယောက်တည်းသာ နောက်ကျဆုံး အိပ်ရာထချိန် ဖြစ်သည်။

"ဘုံ ခုမှ နိုးတာလား ဒေါ်ဒေါ်နု .."

"ဟုတ်တယ် .. သခင်လေး တို့နှစ်ယောက်ပဲ မနက်စာစားဖို့ ကျွန်တော့်တာ၊ ဒီနေ့ ဆရာကြီးက အလုပ်ထဲကို မမကြီးကိုပါ ခေါ်သွားလို့ နှစ်ယောက်စလုံး မရှိတော့ဘူး .."

သခင် နည်းနည်းတော့ အံ့သြသွား၏။ ပြီးတော့ မကျေနပ်ဖြစ်မိသလိုလို .. စိတ်တိုသွားသလိုလို ...။

"ဘုံ .."





"ဟင် .."

သူ ချက်ချင်း လိုက်ဝင်သွားသည်နှင့် ရေချိုးခန်းနား မရောက်ခင် ဘုံ နဲ့ ဆုံမိ၏။ မျက်ခုံးတန်းလေးတွေမှာ ရေဇတွစိုနေဆဲရှိကာ မျက်ဝန်းလေးတွေက အိပ်ရာထပေမယ့် မို့အစ် နီမြန်းနေတာမျိုး မဖြစ် ...။

သူမက ပခုံးပေါ် မျက်နှာသုတ်ပဝါ ရှိနေတာကို ဒီတိုင်းထားကာ မျက်နှာကို လက်ချောင်းလေးတွေနဲ့ ပွတ်သပ်ခါချနေရင်း မော့ကြည့်၏။

"ပြောလေ .. ဘာလဲ .."

"ခင်ဗျား ခုမှ အိပ်ရာထတာလား .."

"ဟုတ်တယ် .. ခါတိုင်း ထနေကျဆိုတော့ ဆက်အိပ်ဖို့ ကြိုးစားတာ မရဘူး .."

"ဩော် .. ဆက်အိပ်ဖို့ အစီအစဉ် ရှိသေးတယ်ပေါ့"

"အိပ်ချင်တာပေါ့ .. ညက ညဉ့်နက်မှ အိပ်ပျော်သွားတာ၊ မနက်ထဖို့ ခက်သွားတာပေါ့၊ မင်းရော ဒီအချိန် ထနေကျလား .."

"ဟုတ်တယ် .."

သူမက ခုမှ ပဝါဆွဲ၍ မျက်နှာသုတ်သည်။ ဘာမှမဟုတ်သလို မျက်နှာလေးနှင့် သူ့ရှေ့က ထွက်သွားတော့ သူလည်း ဘာမှ မေးခွန်းထုတ်မနေနိုင်ဘဲ နောက်က အသာလိုက်လာခဲ့ရင်း ...

"ကျွန်တော်က ထင်ထားတာ ခင်ဗျားကို ဒီပုံစံ မဟုတ်ဘူး .."

"ဟင် .. ဟုတ်လား .."

သူမက သွားနေရင်း ဖျတ်ခနဲ လှည့်ကြည့်၏။ ပြီးတော့ ရေစိုနေသည့် ဆံစပ်လေးတွေကို လက်ဖဝါးလေးနဲ့ ပွတ်သပ် သိမ်းဖယ်၍ ...

"ဘယ်လိုပုံစံ ထင်ခဲ့လို့လဲ .. ပြောပါဦး .."

သူမ ဝင်လာတဲ့အတိုင်း သူပါ ရော၍ အခန်းထဲ ပြန်ရောက်လာရော ...

"ဟုတ်တယ်လေ .. ခင်ဗျားက ပထမနှစ်၊ ဒုတိယနှစ်နဲ့ မိဘ



www.burmeseclassic.com

www.burmeseclassic.com



ပေးစားလိုက်လို့ အိမ်ထောင်ကျခဲ့ရတဲ့ ဆယ်ကျော်သက်လေးမှ မဟုတ်ဘဲ .."

"ဩော် .."

ဘုံ မျက်နှာလေး ပြုံးယောင်သမ်းသွားသည်။ သွားလေးတွေ ပေါ်အောင် ပြုံးလိုက်ပြီး မှန်ရှေ့မှာ ထိုင်လိုက်ကာ ...

"ဆောက်သက်မကျော်ဘူးလို့ ကဲ့ရဲ့ချင်တာများ သိုင်းဝိုင်းမနေပါနဲ့ ကွာ ..၊ ဒါ အမှန်ပဲဥစ္စာ .."

မှန်တင်ခုံပေါ်က ခရင်မ်တစ်ဘူးဖွင့်၍ လက်ညှိုးလေးပေါ် သုတ်ယူသည်။ ပြီးတော့ ပြောနေရင်း မျက်နှာပေါ်မှာ အစက်လေးတွေ ချ၍ အသာလေး ပွတ်လိမ်းနေလျက် ...

"နောက်ဆို မင်း ကဲ့ရဲ့စရာတွေ ထပ်တွေ့ဦးမှာ၊ ဘာဖြစ်လို့လဲဆိုတော့ တို့ခုချိန်ထိ ထမင်းကို ငုံ့ပြီး မချက်တတ်ဘူး၊ ဟင်းဆိုလည်း ပြုတ်တာ ကြော်တာလောက်ပဲ တတ်တာ၊ အဲ .. ကြော်တာတောင်မှ ကန်စွန်းရွက်တော့ မကြော်တတ်တာ ခုချိန်ထိပဲ .."

"ဘာ!..."

"အံမယ် .. မအံ့သြနဲ့၊ ကန်စွန်းရွက်ကို စိမ်းစိမ်းနုနုလေးအတိုင်း ပန်းကန်ထဲမှာ အငွေ့တထောင်းထောင်း ရောက်လာအောင် ကြော်တာ ဘယ်လောက် ခက်တယ် မှတ်လို့လဲ .."

"ဩော် .. ဩော် ..."

သခင့် မျက်နှာ ရှုံ့မဲ့နေတာကို မှန်ထဲကကြည့်၍ ဘုံ က အသံလေး ထွက်အောင် ရယ်သည်။ မျက်နှာကို ကရင်မ်ပတ်ဖ်တို့၍ နှုတ်ခမ်းနီဆိုးတာကအစ သူ့ကို စကားပြောရင်း လုပ်သွားတာ ချက်ချင်းပြီး၏။

ပြီးတော့ နေရာမှ ထရပ်လိုက်ကာ ...

"မပူပါနဲ့ .. တတ်သလောက် မှတ်သလောက်တော့ ချက်ကျွေးမှာပါ၊ အခု လောလောဆယ်တော့ ပြင်ထားပြီးသား ဘာရိတ်ဖက်စ်ကိုပဲ





သွားစားမယ်၊ မျက်နှာမသစ်ရသေးဘူးမို့လား .. ထမင်းစားခန်းထဲကပဲ စောင့်မယ် .."

"ခင်ဗျားပဲ စားနှင့်ပါ၊ ကျွန်တော်က မနက်အိပ်ရာထတိုင်း ရေချိုးတာ ကြာတယ် .."

သခင် က ချာခနဲ လှည့်သွားပြီး ဗီရိုဖွင့်၏။ ပြီးတော့ အလန့်တကြား ပြန်လှည့်ကြည့်ကာ ...

"ဘုံ .. ဘုံ .. နေဦး .."

"ဘာလဲ .."

"ကျွန်တော့် ကုတ်အင်္ကျီတွေ ..၊ အပေါ်ထပ်တွေရော .."

"ဟိုဘက်က ရှိုးကေ့စ်ထဲမှာလေ ..၊ အရောင်တွေ မြင်နေရတယ်၊ အသာလေး ထုတ်ယူရုံပဲ .."

သူ လှမ်းကြည့်လိုက်တော့ တစ်ရပ်စာလောက်ရှိသည့် ရှိုးကေ့စ်ထဲမှာ သူ့အင်္ကျီတွေကသာ အခန့်သား ..။

"ဘုံ ကဗျာ.. အပေါ်ထပ်အင်္ကျီတွေ ခေါက်ရိုးကျိုးတာ ကျွန်တော် သိပ်မကြိုက်လို့ ချိတ်နဲ့ထားတဲ့ဟာ မပြောမဆို ဘာလုပ်လိုက်တာလဲ.."

"ပြောဆိုပြီးမှ လုပ်ရမယ့်ကိစ္စ မဟုတ်လို့ပေါ့ .."

ဘုံ က ပြန်လှည့်လာပြီး သူ့ဘေးမှာ ရပ်၏။

"မင်း အပေါ်ထပ်တွေချည်းပဲ ဒီလောက်များတာ၊ တစ်ထည် ချွတ်လိုက်ပြီးရင် အဲဒီတစ်ထည်ကို နောက်ထပ်အလှည့်ပြန်ရောက်ဖို့က တစ်လ နှစ်လနဲ့ ရောက်မလား .."

"ရောက်ရောက် မရောက်ရောက်လေ .. ကုတ်အင်္ကျီ အပေါ်ထပ်တွေကို ဒီတိုင်းပဲ ထားကြတာပဲ .."

"အစက ထားလည်း အခု မထားနဲ့တော့ .. အင်္ကျီတွေ ချိတ်ထားတာ ကြာလာရင် နေစားတယ်၊ လေစားတယ်၊ မာဂေါက်ဂေါက် နေအောင် နံလာတာ သတိမထားမိဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဗီရိုထဲမှာ ထည့်ထားတာပဲ .."

"မင်းရဲ့ဗီရိုက ဒါတွေချည်း ထားတာလေ၊ ဗီရိုထဲဆိုပေမယ့် အဲဒီအထုပ်ကို ဘယ်မှာ ပိတ်လို့လဲ ..၊ တို့က စေတနာနဲ့ လက်ထပ်ပွဲ မလုပ်ခင် တစ်ရက်ကြိုပြီး ဒီထဲမှာ သေချာ နေရာချထားခဲ့တာ နားလည်စမ်းပါ .."

"ခြော် .. ကျေးဇူးတင်ခံချင်တဲ့ပုံပဲ .."

"မခံချင်ပါဘူး .. မစော်ကားရင် ပြီးရော .."

"အခု အဲဒီဟာထဲမှာ အခန့်သား ခေါက်ရိုးကျိုးကုန်တာ ဘယ်လို လုပ်ပေးမလဲ .."

"သွားယူကြည့်လိုက် .. ခေါက်ရိုးကျိုးရင် ကြိုက်သလို ပြော .."

အပိုင်ပြောပြီး ထွက်သွားသည်။

ယူကြည့်လိုက်တော့ ခေါက်ချိုးရာလေးတွေကြားထဲမှာ ပလတ်စတစ်ပိုက်ချောင်းလေးတွေ ထည့်ခေါက်ထားတာကို တွေ့လိုက်ရ၏။

ဒါတွေ လုပ်ဖို့ကျတော့ မိန်းမပီသနေပါလား ..။

နောက်တစ်ခေါက်လောက် ပြော့ကြည့်ရပါဦးမည်။ သူမ ကျော်ပေးမယ့် ကန်စွန်းရွက်ကြော် တစ်ခါလောက် စားရဖို့ ..။





အခန်း (၁၆)

"ခဏ နေပါဦး .."

"ဟင် .. ဘာလုပ်မလို့လဲ .."

ဘုံ က အခန်းထဲကအထွက် သခင် က ရှေ့မှာ ပိတ်ရပ်ထားကာ နောက်ကိုလည်း လှည့်ကြည့်၍ ...

"ခဏလေး .."

ထပ်ပြောပြီး အခန်းထဲ လှုဝင်ကာ တံခါးကို ပြန်ပိတ်၏။

"ဘာဖြစ်လာတာလဲ .. စောစောစီးစီး .."

"ကိစ္စရှိလို့ အပြင်သွားချင်တာ .."

"သွားလေ .."

"မာမီက စစ်ဆေးမေးမြန်းနေလို့ .. တော်ကြာ အဖြေမတတ်ရင် မလွယ်ဘူး ..၊ အဲဒါတွေ ထားလိုက်စမ်းပါ .."

"ဟဲ့ .. အို!... ဘာလုပ်တာလဲ .."

သခင် က ဘုံ့ ကိုယ်ပေါ်က ကုတ်အကျႌ စိမ်းပြာဖျော့ဖျော့လေးကို သူကိုယ်တိုင် ချွတ်တော့မလို တကယ်လုပ်၏။

ဘုံ က တွန့်ခါ ရုန်းဖယ်ရင်း နောက်ဆုတ်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက အလုပ်သွားမယ့်ပုံကြီးနဲ့ ထွက်သွားရင် ဒီနေ့ မာမီ ပွားလို့ဆုံးမှာ မဟုတ်တော့ဘူး…၊ ချွတ်လိုက်စမ်းပါ .. အဲဒါကြီးကို .."

"ဘာဆိုင်လို့လဲ ပန်းသခင် ရယ် .. ငါလည်း အလုပ်မသွားလို့မှ မရတာ၊ နားနေတာ နှစ်ရက်ရှိပြီ .."

"နှစ်ရက် မဟုတ်ပါဘူး၊ ဖုန်းဆက်လိုက် .. ခဏဆိုပြီး ထွက်သွား လိုက် .."

"အေးလေ .. ငါ သွားတိုင်း မင်းလည်း ပါတာပဲ၊ အပြင်ရောက်မှ သာ တစ်လမ်းစီ သွားတာ၊ ခုလည်း တို့အလုပ်ထဲ လိုက်မလို့လို့ပြောပြီး.."

"အဲဒါမျိုးတော့ နိုး .. ပဲ ဒေါ်ဘုံမြင့်စံ၊ စိတ်မဝင်စားတာတွေထဲမှာ ခင်ဗျားနဲ့ အဲဒီအလုပ်ဆိုတာကြီးက အဆုံးပဲ .."

"အပြင်ရောက်တော့ ထုံးစံအတိုင်း မင်း သွားချင်ရာ သွားပေါ့.."

"မာမီ အဲဒီလောက် မတုံးဘူး ဘုံ …၊ ထားပါဗျာ .. အချွန်နဲ့ 'မ' မနေစမ်းပါနဲ့၊ ဒီနေ့ ခင်ဗျား နားလိုက်ပါ၊ ဒီတစ်ရက်ပဲ .."

"အို .. မဖြစ်ပါဘူး …၊ ဖယ် .."

"ဟား!… နေပါဦး .."

ဘုံ က ရှေ့တိုးစဉ် သူက ဖျတ်ခနဲ ကာလိုက်တော့ ရင်ဘတ်ချင်း ထိကပ်ပြီးမှ ရပ်၏။

သခင့် ချက်နှာချော့ချော့က ရှုံ့မဲ့ မှုန်ကုန်နေကာ …

"မဖြစ်ပါဘူး .. တစ်ခုခုက အမြဲတမ်း ငြိငြိနေတာကို ရှင်းမှဖြစ် မှာ .."

"ရှင်းဖို့ မင်း စဉ်းစားနေတာကို တို့က ထိုင်စောင့်မနေနိုင်ဘူး၊ ကိုယ်သွားမယ့်လမ်း ကိုယ့်ဟာကိုယ် ရှင်းတတ်အောင်တော့ ကြိုးစား ပေါ့၊ တကယ်ပါပဲ .."

အကျီကို သေသပ်အောင် ပြုပြင်ကာ ဘုံ က သူ့ပခုံးတစ်ဖက်ကို တွန်းဖယ်ပြီး ထွက်သွား၏။





"ကျွတ်!…"

သခင် စုတ်သတ် ခါးထောက်ရင်း ကျန်ရစ်ခဲ့၏။ ထိုစဉ် ဘောင်း ဘီအိတ်ထဲက ဖုန်းမြည်လာပြီး …

"မင်း မလာနိုင်ဘူးမို့လား သခင် .."

ကောင်းဇော် က ရယ်ကျဲကျဲလေသံနှင့် …

"ငါ ပြောသားပဲ …၊ မမဘုံ အားကိုးနဲ့ မင်းက လွှတ်လပ်ခွင့်ရပြီ ဆင်ပေမယ့် အန်တီ ခွင့်ပြုမှာ မဟုတ်ဘူး၊ မင်း ကျပ်နေဦးမှာပဲဆိုတာ.."

"အေးကွာ .. အပြင် ခဏ သွားလာမှာတောင် မကြိုက်တော့ဘူး၊ ဒီကြားထဲ သူက အလုပ်သွားတာ တခမ်းတနားကြီးနဲ့ .. အရင်ထက် တောင် ပိုဆိုးသွားသလိုပဲ .."

"ဟား .. ဟား .. ဟား … ညစ်မနေပါနဲ့ကွာ …၊ ငါတို့တော့ လစ် ပြီ .. ဟိုရောက်မှ ဖုန်းဆက်လိုက်မယ်၊ ဒီမှာ ဟေ့ .. သခင် .. အိမ်တွင်း အောင်းမနေချင်ရင် အန်တီတို့ သဘောတူ ကြည်ဖြူမယ့်လမ်းကြောင်း ရှာပါလား .."

"ဘာလဲ .."

"မမဘုံ နဲ့လိုက်ပြီး စီးပွားရေး ကြီးပွားရေးလေး လေ့လာဆည်းပူး ဖို့ .."

"မင်းကြီးတော်ကို တတ်စေချင်ရင် ပို့လိုက် .."

စိတ်တိုတိုနှင့် ချက်ချင်း ချပစ်လိုက်မိသည်။

မဟုတ်သေးဘူး …၊ တစ်ခုခုတော့ ရှိရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဘယ်လို .. အိမ်ခွဲနေမယ် .. ဟုတ်လား .."

မာမီ အံ့သြသွားတာက ဘုံ့ ဆီကိုပဲ အကြည့်က တန်းခနဲ ..။

"သမီးကရော .. မာမီတို့အိမ်မှာ နေရတာ စိတ်ကျဉ်းကျပ်နေလို့လား .."

"မဟုတ်ပါဘူး အန်တီ .."

"မဟုတ်ဘူး .. ဘုံ့ က သူ့အလုပ်နဲ့နီးအောင် တမင်ရွေးတာ .."

ဒေါ်ပန်းသီခိုင် က သခင် ဝင်ပြောတာကို တစ်ချက်ပဲ လှမ်းကြည့်ကာ ဘုံ့ ကိုပဲ ပြန်မေး၏။

"ဒါနဲ့ မာမီတို့က တိုက်နဲ့ခြံ လက်ဖွဲ့မယ်ပြောတုန်းက သမီးက မလိုပါဘူး .. ဒီမှာပဲ နေမယ်ဆို ..၊ တိုက်ကြီးတစ်ခုလုံးမှာ သမီးတို့ရှိမှ လူလေးယောက်ပဲ မိသားစုရှိတာ သမီးရယ် .. အောက်ထပ်က အော်ခေါ်ရင်တောင် အပေါ်ထပ်က မကြားနိုင်တဲ့ဟာ ..၊ ဒီလောက် အကျယ်ကြီး.."

"ဟုတ်တော့ ဟုတ်ပါတယ် ..၊ ဒါပေမယ့်လေ ..အခုက ဝန်ထမ်းတွေကို နိုင်ငံခြားပို့တာ၊ တိုးတာတွေနဲ့ အလုပ်ရှုပ်နေကြတယ်မို့လား..၊ လုပ်ငန်းထူထောင်ကာစဆိုတာ .."





ဘုံ့ ပြောတာကို ဒေါ်ပန်းသီခိုင် နားထောင်နေပေမယ့် မျက်လွှာချ ပြောရင်း တစ်ငေါ့ အဆင်မပြေဖြစ်နေတာကို အားမလိုအားမရ ဖြစ်လာကာ ...

"ရန်ကုန်မြို့မှာ နီးတာဝေးတာ ပြဿနာမှ မဟုတ်တာ သမီးရယ် .. ဒီလိုပဲ ကားတွေနဲ့ သွားလာနေကြတာပဲ .."

"မဟုတ်ဘူး မာမီ .. ဘုံ က သားကို ပြောထားတာ၊ သူ ဒီကနေ သွားဖို့က .."

"မာမီကတော့ ဘုံ က ပြောတာဆိုရင်တောင် အံ့သြနေမိမှာပဲ"

ဒေါ်ပန်းသီခိုင် သားဖြစ်သူကို စိုက်ကြည့်ကာ နားလည်နေသည့် မျက်ဝန်းတို့နှင့် ...

"သားရဲ့အလိုကို ဘုံ က လိုက်နေတာလား ..၊ ဘုံ အလိုကျ သား လိုက်လျောနေလားဆိုတာ မသိတော့လည်း မာမီ မတားတော့ပါဘူး"

သခင် မျက်လွှာချပစ်လိုက်ရင်း .. နဖူးကုတ်သလိုလို .. မျက်ခုံး ခြစ်သလိုနှင့် ကွယ်သည်။

"အင်းလေ .. အဆင်ပြေအောင် နေရမှာဆိုရင်လည်း နေပေါ့၊ ဒါပေမယ့် ခုချိန်ကတော့ မမိုး တို့ ခရီးသွားကြမယ့်ကိစ္စတွေလည်း ရှိတယ်မို့လား ..၊ တိုက်ခန်းငှားဖို့ကိစ္စ မာမီ စီစဉ်ပေးမယ်၊ ခဏတော့ စောင့်ဦး .."

"ဟုတ်ကဲ့ .."

"မာမီကလည်း .. သူ့အမေက နောက်အပတ်ဆို သွားမှာ အားလုံး စီစဉ်ပြီးသားပဲဟာ .."

သူပဲ ပျာယီပျာယာ ထငြင်းသဖြင့် ဒေါ်ပန်းသီခိုင် ၏ မျက်မှောင်ကုတ်သည့်အကြည့်က ဒီတစ်ခါ အားလုံးသိနေပြီးဖြစ်သလို သခင့် ဆီ တည့်တည့်ကျ၏။

သခင် က တည်ငြိမ်အောင် ပြင်ဆင်ထားရသည့်မျက်နှာနှင့် မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းတွေကိုတော့ ဘုံ့ ဆီ ပို့လိုက်လျက် ...

"သူ့စိတ်တိုင်းကျ လုပ်ပေးလိုက်ချင်လို့ပါ၊ သားကို ပြောတုန်းက တော့ ညည်းညည်းညူညူနဲ့ .. အဟွန်း .."

"ဟုတ်လား .. သမီးက မာမီ့ကို အားနာလို့ မပြောဘဲ နေခဲ့တာ လား .."

"ဟို့ .."

ဘုံ့ ပြောမယ့်စကားတွေက အသံတိတ် ပြုံးပြုံး မဲ့ရွဲ့ပြနေသည့် သခင့် မျက်နှာကြီးကို လှမ်းမြင်လိုက်ရပြီး .. 'အင်း .. အဲ ..'နဲ့ ရှေ့ မဆက်နိုင် ...။

ဒေါ်ပန်းသီရိုင် မျက်ခုံးတွေ တွန့်သွားလျက် သခင့် ကို ဖျတ်ခနဲ လှည့်ကြည့်၏။ သခင့် မျက်နှာ ဟိုမရောက် ဒီမရောက်နှင့် နဖူးကို ဖက်ခနဲ ပုတ်၍ ...

"ဟာ .. ခုမှ စဉ်းစားမိတယ်၊ သား အွန်လိုင်းထိုင်ဖို့ ကျော်သက် နဲ့ ချိန်းထားတာ ..၊ ခဏနော် မာမီ .."

ထားစရာမရှိသည့်မျက်နှာကို အပေါ်ထပ် ပြေးတက် ရှောင်ထွက် ရင်း သက်ပြင်းချမိ၏။ ဘုံ့ ဆိုတဲ့မိန်းမ သေချာပြောပြထားတာတောင် ဒါလေးပြောဖို့ကို အိုးနှင်းခွက်နင်း ...။

မျက်နှာချင်းဆိုင် ပြန်ဖြစ်ကြပြီး ပြောဖြစ်သည်နှင့် သခင့် ဒေါ်သ က သူမထံမှာ ...၊

"မာမီ ရိပ်မိသွားတာ .. အဲဒါ ခင်ဗျားကြောင့် .."

"မင်းကြောင့်လို့ရော မထင်ဘူးလား .."

"ဘာဆိုင်လို့လဲ ...၊ လူကို ရန်တွေ့ရမယ်ဆိုရင် ခင်ဗျား ဆွံ့အ ကျန်ခဲ့တာ တစ်ခါမှ မရှိဘူး၊ မာမီ့ရှေ့ကျမှ မပြောဝံ့ မဆိုဝံ့သလိုလို .. အားနာခါးပါးပါနေသလိုလို ...၊ ဝင်ပြောလိုက်တော့ ဒီက အလိမ်တွေ ပေါ် ကုန်ရော .."





"အဲဒီတော့လည်း မလိမ်နဲ့ပေါ့ .."

ဘုံ့ ကလည်း မျက်နှာလေး တင်းနေကာ ...

"လူတိုင်း မှသားမကင်းကြပေမယ့် အမှတ်တမဲ့ဖြစ်ဖြစ်.. အကြောင်း တိစ္စကြီးငယ်ရှိနေလို့ ဖြစ်ဖြစ် .. မဖြစ်မနေ ပြောလိုက်ရတာ ဘာ အကြောင်းလဲ ..၊ ခုဟာက မျက်နှာတည့်တည့်ကြည့်ပြီး ကိုယ့်ရင်ထဲမှာ ဘာမှမရှိခဲ့တဲ့အဖြစ်တစ်ခုအတွက် လိမ်ပြောနေရတာ၊ မင်းက ကျေးဇူး မတင် .."

"ကျေးဇူးတင်ခံချင်ရင်လည်း အစအဆုံး ချောချောမောမော ပြီး ဆုံးသွားအောင် ကူညီပါလား .."

"မင်းတောင်မှ အနိုတိ တစ်ချက်ကြည့်တာနဲ့ ဒီလောက် အနေ ခက်ရသေးတာ .. တို့ဘက်ကို တွက်ကြည့်လေ၊ မင်း ခွဲထွက်နေမယ်ဆို တာ အခု နေရဖို့ ဖြစ်သွားပြီ၊ မပြီးဘူးလား .."

"ကျွန်တော်က ခရီးထွက်စရာရှိလို့ သူငယ်ချင်းတွေနဲ့ ချိန်းထား တဲ့ရက်ကို အမီ ပြောင်းချင်တာ .."

"မတတ်နိုင်ဘူး .."

"အဲဒါ ခင်ဗျားပဲ .."

"ဟုတ်တယ် .. ငါပဲ .."

မျက်နှာချင်းဆိုင် အငြင်းပွားရင်း ဘုံ့ က မေးဖျားလေးပင့်၍ စိန် ခေါ်သလို ကြည့်သည်။ ပြီးတော့ လူကို ရှောင်ထွက်သွား၏။

ဒေါသဖြစ်လာတိုင်းသာ ထင်သလို လုပ်လိုက်စမ်းဆိုလို့ကတော့ နားရင်းအုပ်ပစ်လိုက်ချင်တာ ဖောင်းခနဲ မြည်သွားနိုင်သည်။

"ဘုံ့ .."

ဒေါ်သက ဆောင့်အောင့်ထွက်ကာ သူပါ အပြင်ထွက် လိုက်လာခဲ့ ရင်း ...

"ကျွန်တော် ခရီးသွားမှာကိုတော့ ဘာအကြောင်းနဲ့မှ မာမီ့သိလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးနော် ..”

“တို့ကို မမေးပါစေနဲ့လို့ ဆုတောင်းလေ ..၊ မေးရင်တော့ ..”

“ဘုံ ..”

“ဘာလဲ .. ဖယ်စမ်းပါ ..”

သခင် က တုံ့ လက်ကောက်ဝတ်လေးကို ဖမ်းဆွဲထားလိုက်ကာ...

“မလုပ်နဲ့နော် .. တကယ် ပြောနေတာ၊ နှစ်ရက် သုံးရက်ပဲ ကြာမှာကို၊ ဘာလဲ .. ခင်ဗျားကိုယ်တိုင်က မသွားစေချင်တာလား ..”

“မင်း တော်တော် ပြဿနာရှာပါလား ပန်းသခင် ..”

ဘုံ က လက်ကို ရုန်းပစ်လိုက်ပြီး သူ့ဘက်လှည့်ကြည့်ကာ ...

“ကိုယ့်သိက္ခာ ကိုယ်ပြန်ချတဲ့အလုပ်မျိုး မဟုတ်ဘူးဆိုရင် ငါ့ဂုဏ်သိက္ခာကိုလည်း မထိပါးအောင် အဲဒါတွေကို မင်း ဂရုစိုက်ပေးရင် ရတယ် .. ကြိုက်သလို နေလို့ ပြောပြီးသား ..၊ အခု အန်တီနဲ့ ပြောဆိုနေရတာ အမှားအယွင်း မဖြစ်ရအောင် ဘယ်လောက် ဂရုစိုက်နေရလဲ မင်းသိလား ..၊ မင်းနဲ့ ငါ လင်မယားတော်နေရတဲ့အတွက် ငါက သူ့ရဲ့ချွေးမ၊ ခုမှ တစ်မိုးအောက်ထဲမှာ နေကြတာ၊ ချက်ချင်း ပြဿနာရှာတာမျိုး ဘယ်လိုပြဿနာနဲ့ လုပ်ရမလဲ ..”

ဘုံ တကယ် စိတ်တိုနေမှန်း သိတော့လည်း သခင် ဘာမှ မပြောရှာပါ။

“ပြီးတော့ အတူတူမနေနိုင်ပါဘူးလို့ ပြောရတဲ့ကိစ္စကြီး ..”

“အကြောင်းပြချက်က ခိုင်လုံနေတာပဲ၊ ခင်ဗျား အရင်နေခဲ့တဲ့နေရာက ကုမ္ပဏီနဲ့ နီးတာပဲ မဟုတ်ဘူးလား ..၊ အခု ဝေးလာလို့ ပြန်နီးချင်တာ ..”

“မင်းကတော့ ကိုယ့်လမ်းကြောင်း ကိုယ်ဆွဲပြီး မှန်နေမှာပေါ့ ..”

“ကဲပါ .. ကျွန်တော်ပြောတာ လွန်သွားရင် ဆောရီးပါ ..၊ မြန်မြန်ပြောင်းရအောင်တော့ လုပ်ပေး .. သဘောတူလား ..”





“သဘောတူလို့ လုပ်ပေးနေတာပဲ .. အဆင့်မတက်နဲ့ ..”

မျက်မှောင်ကုတ်ထားသည့် ဘုံ မျက်ခုံးထူထူနက်နက်လေးတွေကို ဆားတိုက်ကနေ ကြည့်ရင်း သခင် က ပြုံးသည်။ တစ်ခါတစ်ခါ အပြောဆိုးသလိုလို၊ တစ်ခါတစ်ခါကျတော့ ပြုံးနေသည့်မျက်နှာလေးက သဘောကောင်းနေပြန်သည်။

အမြဲတမ်း မပြောင်းလဲတာက သူမ မျက်နှာပေါ်မှာ အပြုံးတို့ ရှိနေသည်ဖြစ်စေ .. မရှိတဲ့အခါဖြစ်စေ ရင့်ရော် ခက်ထန်သွားတယ်ဆိုတာ မရှိခဲ့ပေ ..။

ထို့ကြောင့် အမြဲတမ်း ခင်စရာကောင်းနေသည့် မျက်နှာလေး ဖြစ်၏။ ဒီကြားထဲ ပြောတဲ့စကားတချို့က အကြောင်းကျားဖြစ်သွားလိုက်၊ ဘစ်ခါတလေ ဆရာမကြီး ဖြစ်နေလိုက် ..။

ရင်ခုန်သံတွေကို မေ့နေခဲ့ပေမယ့် သူမနဲ့ ပြောဆို အတူနေရတာတို့ သူ ပျော်ခဲ့သည်။

ဝန်လေးခြင်း၊ စိတ်ပျက်ခြင်း အလျဉ်းမဖြစ်ခဲ့သည့် ခံစားချက်တို့သည် ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဘုံ .. မီးခံသေတ္တာသော့ ဘယ်မှာ ထားခဲ့သလဲ .."

"မထားခဲ့မိဘူး ..၊ တို့အိတ်ထဲမှာ ပါလာတာ .. မင်း မလိုတော့ဘူးထင်လို့၊ အဲဒါကို ဂရုကို မစိုက်မိဘူး၊ ဘာဖြစ်လို့လဲ .."

"ဟုတ်တယ် .. အစက မလိုဘူး၊ အခု လိုနေလို့၊ ဘယ်လိုလုပ်ရမှာလဲ အဲဒါ .."

"မတတ်နိုင်ဘူး ..၊ နေ့တစ်ဝက် ပြန်ချိန်ထိတော့ စောင့်ရမှာပဲ.."

"အဲဒါကြောင့် ခင်ဗျားကို ကုတ်ဒ်နံပါတ်နဲ့ပဲ ထားပါလို့ ပြောတာ၊ ကျွတ်!..."

ဖုန်းထဲမှာ သခင့် အသံက တော်တော် စိတ်ပျက် လက်မလျှော့သွားသည့်ပုံနှင့် ...

"မမိုက်ဘူး ဘုံ ရာ ..၊ သော့တစ်ချောင်းနဲ့ နှစ်ယောက် ကိုင်ရတာ"

"တစ်ယောက်တစ်ချောင်း ယူထားတာပဲလေ ..၊ မင်းကိုင်တဲ့သော့ မင်း ဖျောက်ပစ်တာပဲ၊ အန်တီက သော့ပေးမထားနဲ့တော့ဆိုလို့ .."

"အဲဒီသော့တံကြီး လျှောက်သိမ်းနေရတာကိုပဲ စိတ်ပျက်တာ .."

"ငါကတော့ မပျက်ဘူး .. ကုတ်ဒ်နဲ့ ထားရင်လည်း အန္တရာယ်ကသေးတာ မဟုတ်ဘူး .."





"အခု ဘယ်လိုလုပ်ရမလဲ ..၊ ခင်ဗျား ခု ပြန်လာပေးလို့ ရမလား"

"ဩော် .. မရပါဘူးဆိုမှ .."

"ကျွန်တော်ကလည်း ခင်ဗျားဆီမှာ သော့လိုက်တောင်းမှာ မဟုတ်ဘူး .."

"မင်း လာတောင်းလည်း ငါက စောင့်ပေးနေဖို့ အချိန်မရတော့ဘူး၊ ခုပဲ အစည်းအဝေး တက်ရတော့မှာ .. ဒါပဲနော်"

သခင် တစ်ခုခု ထအော်လိုက်တာကို ကြားပေမယ့် ဖုန်းကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"အမျိုးသားဆီကလား .."

အနားမှာ အတွင်းရေးမှူး ဒေါ်ရီသန့် က အတူပါလာကာ ...

"မြင်တောင် မမြင်ဖူးသေးဘူး၊ မစံ ရဲ့အမျိုးသားက အရမ်းချောတာပဲဆို .."

"အဟွန်း .."

ဘုံ က ပြုံးနေပြီး ဘာမှမပြော ..၊ ကုမ္ပဏီမှာတော့ မိတ်ဆွေတော်တော်များများက 'မစံ' လို့ပဲ ခေါ်ကြတာ များကာ ဘုံ လို့ ခေါ်တာက တစ်ယောက်စ၊ နှစ်ယောက်စ ..။

"နောက်ပြီး မစံ ထက်လည်း အသက်ငယ်တယ်ဆို ..၊ မင်္ဂလာပွဲတုန်းက ကျွန်မ မရှိလို့ မလာလိုက်ရဘူး၊ ဘာသတင်းမှ မကြားလိုက်တော့ လက်ထပ်ပြီးပြီဆိုတာ အရမ်းကို အံ့သြသွားတာပဲ .."

သတင်းမေးတာလား ..၊ စပ်စုချင်တာလားတော့ မသိပါ။ ဘုံ ရုံးခန်းထဲ ပြန်ဝင်လာပြီး လိုအပ်သည့်ဖိုင်တွေ ယူလျှင် ဒေါ်ရီသန့် က လက်ပ်တော့ပ်လေးကို ဝိုင်းကူ ယူပေး၍ ...

"ကြားရတဲ့အတိုင်းဆိုရင်တော့ မမနဲ့ မောင်လေးပေါ့နော် .."

သူမကပဲ ရယ်နေကာ ...

"ဖုန်းပြောတာကို အကဲခတ်ရသလောက်ဆိုရင် အားကျစရာပဲ..



www.burmeseclassic.com

www.burmeseclassic.com



အပျွန်း ..''

''ဘာ အားကျစရာရှိလို့လဲ မမသန့် ရဲ့ ...၊ ကိုယ့်ထက် အသက်ငယ်တဲ့ အိမ်ထောင်ဖက်နဲ့ နားလည်မှုရဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ..''

''ဟုတ်လား .. မစံ တို့ အိမ်ထောင်ရေးမှာ အဆင်မပြေတာ ရှိနေလို့လား ..''

ဒါကိုပဲ သိချင်နေတာမှန်း သိနေတော့ ပြုံးမိသည်။ တမင်တကာ ပြောဖော့လိုက်တာမို့ တည်ငြိမ်စွာ ပြန်ငုံကြည့်ကာ ...

''သူ့အကြောင်းနဲ့ သူတော့ ရှိနေကြတာပဲပေါ့ မမသန့် ရဲ့ ..''

''ဒါပေမယ့် အိမ်ထောင်ကျသွားတည်းက မစံ ရဲ့ မျက်နှာလေးက ပြုံးကြည့်နေတာပဲလေ ..''

''ရက်ပိုင်းလောက်ပဲ ရှိသေးတာပါ၊ ဒါက ချစ်စခင်စ ကြင်နာစဆိုတဲ့ ကာလလေ ..''

ယောက်ျား ငယ်ငယ်ချောချောလေး ရထားပြီး ချစ်မဝ ဖြစ်နေတာမို့လား .. လို့ ရှေ့ဆက်ပြောချင်နေသည့် မျက်နှာမှာ အပြုံးက မပီပြင်..။

သခင် နဲ့လက်ထပ်လိုက်တာ မကြာသေးပေမယ့် လူတွေ ဒီလောက်တောင် သတိထားမိနေတာကို အံ့လည်း အံ့သြမိပါ၏။ အထူးသဖြင့် အမျိုးသမီးထုပဲ ဖြစ်သည်။

မိန်းမငယ်လေးတွေကတော့ တွေ့မရှောင် ပြုံးတူးပြုံတဲနေအောင် ကြည့်ကြ၏။ ဘုံ့ ကိုတော့ မဟုတ်ပါ..၊ သခင့် ကိုကြည့်ကြတာ ဖြစ်သည်။

အားလုံးသော မျက်ဝန်းတွေက သခင့် ကိုကျတော့ အထင်တကြီးငေးမောနေကာ ဘုံ့ ကိုတော့ အံ့သြမဆုံးနိုင်သည့် အကြည့်တွေနှင့် ..။

သခင် နဲ့ မထိုက်တန်လောက်အောင် ဘုံ ရုပ်ဆိုးနေလို့လား ..၊ ဒါမှမဟုတ် ရှေ့သွားနောက်လိုက် မညီလောက်တဲ့အထိ ဘုံ က ရင့်ရော်နေလို့လား ..။

တစ်ခုခုတော့ ရှိလိမ့်မည်။ ဒါပေမယ့် ဘယ်တစ်ခုကိုမှ ဂရုမစိုက်





သည့် ဘုံ အတွက်က အားလုံး၏မျက်လုံးတွေကိုလည်း ဂရုစိုက်မနေပါ။ နှလုံး တိုက်ရိုက် စပ်စုလာတာမျိုးတွေကတော့ ...၊

''ဖုန်းလာနေပြန်ပြီ မစံ ..''

နောက်ထပ် ဖုန်းဝင်လာတော့မှ ဒေါ်ရီသန့် အနားကနေ ခွာသွားဖော် ရသည်။ ဘုံ က ဖုန်းကိုကြည့်ပြီးမှ ...

''ပြော ..''

''ကျွန်တော် ကုမ္ပဏီရှေ့ကို ရောက်တော့မယ် ...၊ ခင်ဗျား ထွက်စောင့်နေလို့ ရမလား ..''

''ဟင်!...''

လာမည် မထင်ထားသဖြင့် စည်းဝေးခန်းမရှေ့ရောက်နေပြီ ဖြစ်သည့်ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားမိ၏။

''ရောက်တော့မယ် .. နှစ်မိနစ်လောက်ပဲ ..''

''ရောက်နေပြီဆိုရင်တောင် တို့ ဆင်းလို့ မရတော့ဘူး၊ အဲဒီတော့ အိမ်မှာပဲ နှစ်နာရီလောက် ပြန်နားနေလိုက်ဦး ..''

''ဘာဗျ ..''

''ခုပဲ အစည်းဝေး စတော့မှာ ..''

''ဒါဆို တစ်ယောက်ယောက်နဲ့ ပေးခိုင်းဗျာ ..''

''အို .. ဒီလိုပစ္စည်းကို လူကြုံပေးစရာလား ...၊ အလုပ်လုပ်ခါနီးဦးနှောက်ရှုပ်အောင် မလုပ်စမ်းပါနဲ့ ...၊ ဒါပဲ ..''

တက်ခေါက်သံလား ...၊ ဘာလား အသံတစ်ခုခုကို ကြားလိုက်ရသည်။ ထိုအသံရဲ့နောက်ကွယ်မှာ လေပြည်လေညှင်း ပါမလာနိုင်တာကို ဘုံ က သိပြီးသား ..။

ထင်သည့်အတိုင်း ဘုံ အိမ်ပြန်ရောက်တော့ အတွင်းတံခါး ခတ်သည့်သော့ကို ရှာမတွေ့တော့ပေ။ သော့နှစ်ချောင်းထားတာလည်း ဖျောက်မှု အဆင်မပြေတာတွေ ဖြစ်တတ်တာမို့ နှစ်ယောက်တည်း သိကြသော



www.burmeseclassic.com

www.burmeseclassic.com



နေရာတစ်ခုမှာ ထားခဲ့ကြသည်။

ဘယ်သူ အရင်ပြန်ရောက်ရောက် ဖွင့်ဝင်လိုက်ရုံ ..၊

"ဟင်း .."

ဘုံ သက်ပြင်းလေးချကာ ဝယ်ခြမ်းလာသည့် အသားတွေကို ပုပ်ကုန်မှာစိုးသဖြင့် ပန်းပင်ရေလောင်းသည့် ဘုံဘိုင်မှာပဲ အားလုံးထုတ်၍ ဆေးကြောထားလိုက်သည်။

အိမ်ထဲဝင်လို့ မရသဖြင့် အလုပ်ထဲ ပြန်သွားလို့လည်း မရ၊ ထိုင်နေရတာလည်း အဆင်မပြေဖြစ်ကာ ကြာလာလေ စိတ်က တိုလေ ..။

တွေ့ကြပြီဆိုတော့ ကိုယ်က ဒေါကန်ရမလား မှတ်ပါသည်။ သူကပဲ တစ်ပြန်စီး ..။

"ပိုက်ဆံ ဆယ်သိန်းလောက် ရဖို့ကို ဘဏ်စာအုပ် ပြေးယူလည်း အဆင်မပြေ၊ မီးခံသေတ္တာလည်း ဖွင့်ခွင့်မရှိ၊ အလွယ်တကူ ဖွင့်ယူသွားစရာရော ရှိသလား၊ တံခါးပိတ်ရုံတင်မကဘူး ခြံတံခါးပါ မပိတ်ခဲ့မိတာ တောင် နောင်တရနေသေးတယ် .."

"အဲဒါဆိုလည်း ပိတ်သွားပါလား ..၊ ဘာဖြစ်လို့ မပိတ်သလဲ၊ ငွေဆယ်သိန်းကိုများ အလွယ်တကူ ဖွင့်ယူသွားချင်သေးတယ်၊ မပြောလိုက်ချင်ဘူး .."

"ပြောပါ .. ပြောလိုက်စမ်းပါ .."

ဘုံ ဒေါပွနေသလောက် သူကလည်း ဆတူ ..။

မီးဖိုချောင်ထဲထိ ပါလာပြီး ဘုံ ရှေ့မှာ ရင်ဘတ်ကြီးက ကန့်လန့်ကန့်လန့် ..။

"ပိုက်ဆံတွေယူပြီး ကျွန်တော် ဘာတွေ လုပ်နေတယ်ထင်လို့လဲ ဒေါ်ဘုံမြင့်စံ ..၊ လောင်းကစားလုပ်နေတယ် ထင်လို့လား .."

ရင်ဘတ်ချင်း ကာ၍ မေးခွန်းတွေ ထုတ်နေသဖြင့် ဘုံ က ရှောင်ထွက်လိုက်၏။





"အပေါင်းအသင်းတွေနဲ့ အရည်မရ အဖတ်မရတွေ သုံးဖြုန်းနေတယ် ထင်လို့လား .."

လူချင်းရှောင်လို့ လွတ်တော့လည်း လက်ထဲက ကိုင်ထားသည့်မျက်နှာ ဘယ်မှာမှ လွတ်လွတ်ကင်းကင်း ချမဖြစ်အောင် ရှုပ်နေသဖြင့် မျက်နှာကို ချဉ်ချဉ်တူးတူး မော့ကြည့်မိ၍ ...

"မင်းဘာသာ ဘယ်လိုနည်းလမ်းတွေနဲ့ပဲ သုံးဖြုန်းနေနေ ကြိုက်သလို သုံး ..၊ ထင်သလို နေလိုက်တော့ ပန်းသခင်၊ ငွေရေးကြေးရေးကိစ္စတွေလည်း မင်း ထပ်ပြီး ဘာမှစိတ်မညစ်ရအောင် ငါလုပ်ပေးမယ်..၊ အခု ရှေ့က ဖယ် ..၊ မဟုတ်ရင်လည်း အပြင်ထွက်၊ ပိုက်ဆံမရလို့ ဂျစ်တိုက်နေရအောင် မင်းကိုယ်မင်း ခုချိန်ထိ လက်ဝါးဖြန့် တောင်းနေရမယ့်အရွယ် ထင်နေလား .."

ပြောပြီးဆို ဘုံ တို့က ဘယ်မျက်နှာ ဘယ်လိုဖြစ်ဖြစ် ..။

ကိုင်ထားသည့် ကြက်သားအိုးကို မီးဖိုပေါ် မတင်ဘဲ ဒီတိုင်း အသံမြည်အောင် ချထားလိုက်ကာ ...

"ငါ့ဆီက တောင်းမရလို့ ဒေါကန်နေမယ့်အစား တောင်းဖို့ မလိုအောင် ကြိုးစားသင့်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မတွေးမိဘူးလား.."

ဘုံ က ပြောချင်ရာပြော၍ ကိုယ့်နည်းနဲ့ကိုယ် ပေါက်ကွဲ၏။ ခံလိုက်ရသည့် ရင်ဘတ်တစ်စုံကတော့ မပြီးနိုင် ..။

အရှက်သည်းရခြင်း၏ အရသာကို ပထမဆုံး ခံစားရင်း .. ခါးသီးစွာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မင်းတို့ကလည်း အိမ်ခွဲနေကြတာ ရန်ဖြစ်ကြဖို့ ကျနေတာ ကွာ...၊ ခုမှ ဘယ်နှစ်ရက်မှ မရှိသေးဘူး"

"ဒါကတော့ ဖြစ်မှာပေါ့ကွ ...၊ ပွားလိုက်တဲ့ တော်ကီတွေ အပြင်းစားကိုး .."

ကျော်သက် က စိတ်ပျက်၍ ကောင်းဇော် က မခံချင်သည့်လေသံ

သခင် က ဘီယာကို ဖန်ခွက်ထဲ လောင်းထည့်ပြီး မျက်နှာရှေ့မှာ လက်ထောက် ကိုင်ထား၍ စိုက်ကြည့်နေ၏။

"ငါ ပြောတာက မမဘုံ ပြောတာကို စိတ်မဆိုးရဘူး မဆိုလို ဘူး၊ ဒါ သူ့ဆီမှာ တောင်းလို့ အပြောခံရတာလေ ...၊ ဘဏ်မှာ ကိုယ့် နာမည်နဲ့ အကောင့်ဖွင့်လို့ ရတယ်၊ ကိုယ်သုံးဖို့ သပ်သပ်ခွဲထား နိုက်သုံးလို့ ရတယ်၊ ဒီလို ဖြစ်နေရလို့ .. အခု .."

"ဒီလိုဖြစ်အောင် မာမီတို့က လုပ်နေတာ .."

သခင် က နှုတ်ခမ်းမဲ့မဲ့နှင့်ပြော၍ ဖန်ခွက်ကို မသောက်ဘဲ ပြန် သည်။ ပြီးတော့ ဆိုင်အတွင်းကနေ အပြင်ကို မျက်လုံးဝေ့ပြီးမှ ရှေ လှည့်၍ ...





"ငါ ခုမှ အမေနှစ်ယောက် ဖြစ်နေတာ ...၊ မာမီတို့ ဘာစိတ်ကူးနဲ့ ဒီမိန်းမလက်ထဲ ငါ့ကို ဝကွက်အပ်လိုက်မှန်း မသိဘူး .."

"ဒါကတော့ မင်းပဲ လက်ဝါးဖြန့်ယူခဲ့တာပါကွာ ...၊ 'ယူမလား' 'ယူမယ်' 'ရော့ .. အင့် ..'ဆိုတာမျိုး လက်ထပ်ဖြစ်သွားတာ စဉ်းစား ကြည့်ပါဦး၊ ငါတို့ကတော့ မင်းမျက်နှာမှာ ဖိအားတစ်ခုခုကြောင့် ပျက် စီးယိုယွင်းနေတာ တစ်ခါမှ မမြင်ခဲ့ပါဘူး၊ အန်တီတို့ လက်ထပ်ပေး တယ်ဆိုတာတောင် ယုံဆိုလို့ ယုံလိုက်ရတာ .."

ကျော်သက် က ဘယ်ဘက်က ရပ်တည်ပြီး ပြောနေမှန်းတော့ သိ ...။ သူ့စိတ်တွေ တိုပြီးရင်း တိုနေရတာ အမှန် ...။

"အဲဒါတွေ ထားစမ်းပါကွာ ...၊ ဒီကောင် တင်းနေတာ မြင်သားနဲ့ ဆွပေးနေပြန်ပြီ .."

ကောင်းဇော် က ကြားဝင် ဖြေရှင်းပေးလိုက်ရင်း သခင့် ကို ကြည့် ၍ —

"ဒီပိုက်ဆံကို မင်း ဘာလုပ်ဖို့လဲဆိုတာ မမေးဘူးလား ...၊ မင်းက လည်း မေးမေး မမေးမေး ပြောလိုက်ရင် ပြီးတာပဲကွာ .."

"ပြောလည်း အပြစ်က လွတ်မှာမှ မဟုတ်ဘဲ .."

ခရီးသွားကအပြန် လူတွေက ပင်ပန်းနွမ်းနယ်နေကြကာ စိတ် တွေက မကြည် ...။

တစ်ယောက်တစ်လှည့် ကားမောင်းရင်း သူ့အလှည့်ကျမှ ဆိုင် ကယ်လ်တစ်စီးနဲ့ ပွတ်ချိတ်မိခဲ့၏။

လမ်းခရီးမှာပဲ ရဲလက်ထဲရောက်ကာ အစစ်အဆေးတွေ ခံရတော့ သူတို့ကားပေါ်မှာ ဘီယာပုလင်း ပါနေသည်။ သောက်ရေခွက်တွေ၊ ဆေးလိပ်တွေ ... ရက်နဲ့ဘူးတွေနှင့် စုပြုံတွေ့ရင်း သောက်စားလာကြသည့် လူငယ် တစ်စုလို့ ခေါင်းစဉ်တပ်၏။

တကယ်က သူတို့ ကားမောင်းရင်း ဘယ်သောအခါမှ သောက်



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ဖူးတာ မရှိပါ။ ဒီတိုင်းနေရင်းနဲ့တောင် အထိမ်းအမှတ်တစ်ခုခု အကြောင်းတစ်မျိုးမျိုးနဲ့ မဟုတ်ဘဲ သောက်စားခဲ့တာ မဟုတ် ..။

ပြဿနာဖြစ်ရသည့်အချိန်မှာ သက်သေခံပစ္စည်းတွေနှင့် လက်ပူး လက်ကြပ် တွေ့သွားသဖြင့် ဆုံးသွားခဲ့သည့်လူအတွက်ရော .. ပျက်စီး သွားသည့် ဆိုင်ကယ်အတွက်ပါ နစ်ဖက် ညှိနှိုင်းသတ်မှတ်သည့် နစ်နာ ကြေးငွေက မနည်းမနော ..။

သူ လိုအပ်နေတာ ဒီငွေအတွက် ဖြစ်သည်။

အားလုံးထဲမှာ ငွေအမောင့် အများဆုံး တတ်နိုင်တဲ့လူ စစ်ထုတ် လိုက်တော့လည်း သူတို့သုံးယောက်ပဲ ဖြစ်နေခဲ့တာ ဘယ်လို ရှောင်လွှဲ လို့ရမှာလဲ ..။

"အန်တီတို့ လုပ်ပုံကလည်း တစ်မျိုးကြီးပဲကွာ ..၊ တကယ်လို့သာ မမဘုံ စိတ်ကောင်းမရှိလို့ တမင်ညစ်ထားရင် မင်း ရွာလည်ပြီ .."

"ခုရော စိတ်ကောင်းရှိနေလို့လား ..၊ ပါးစပ်တွေ ပိတ်စမ်းပါကွာ၊ ဒီမှာ တင်းနေတာ ဘယ်လိုလျှော့ရမှန်း မသိရတဲ့ထဲ .."

ပြောပြီးသည်နှင့် ဖန်ခွက်ကို ချက်ချင်း မော့ပစ်လိုက်သည်။ မျက်လုံးတွေ မှိတ်၊ အသက်ရှူမှန်သွားပေမယ့် ဒေါက်ခနဲ ဖန်ခွက်ချလိုက်သံ နှင့်ထပ်တူ သခင့် မျက်နှာ နီရဲနေပြီဖြစ်၏။

"ဒါကတော့ မင်းတို့နှစ်ယောက်က အသက်အရွယ် ကွာတာကို က အယူအဆ ချိတ်ဆက်မှုတွေ လွဲရတဲ့အကြောင်းပဲလေ ..၊ နောက်ပြီး ခုချိန်မှာ တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုရှိဖို့ သိပ်မလွယ် သေးဘူး .."

ကျော်သက် က ဘုံ ဘက်က ဖေးဖေးမမ ဝင်ပြော၏။ ကောင်းဇော် ကလည်း သခင် ဘီယာမော့လိုက်တာကို မြင်မှ စိတ်မသက်မသာ ဖြစ် သွားရကာ ...

"အပြစ်မြင်နေတာ ကောင်းတော့ မကောင်းဘူးကွ၊ မမဘုံ ကို





မင်း ပြောပြလိုက်ရင် သူ နားလည်သွားမှာပါကွာ ..၊ ငါတို့ လုပ်စရာ ရှိတာ ချောချောမောမော လုပ်နိုင်ဖို့က အဓိကပဲ .."

"ဟုတ်တယ် သခင် ..၊ ဒါမှမဟုတ်ရင် လောလောဆယ် ငါတို့နှစ် ယောက်ရဲ့ငွေပဲ အရင် ပေးပေးထားလိုက်ရင် မကောင်းဘူးလား ..၊ လူသေတဲ့အထိ ဖြစ်သွားတာဆိုတော့ သူတို့ဘက်က ဒီလောက်နဲ့ ကျေနပ်မယ်ပြောနေတုန်း ပြီးအောင် လုပ်ထားဖို့ လိုတယ် .."

သူငယ်ချင်းတွေဘက်က ပြည့်စုံပါပြီဆိုတာတောင် သူ့မှာ မပြည့်စုံ နိုင်တာ ရှက်ဖွယ်လိလိပင် ..။

သူတို့က မိဘရဲ့အရိပ်အောက်မှာ မလွတ်ကင်းသေးတဲ့ လူပျို လူလွတ်တွေ ..၊ ကိုယ်ကတော့ အိမ်ထောင်ဦးစီးဆိုသည့် ရာထူးကြီးနှင့် အိုင်ကျနေ၏။

"မင်းကိုယ်မင်း ယက်ဝါးဖြန့်တောင်းနေရမယ့်အရွယ် ထင်နေ သလား .." တဲ့ ..။

"ငါ့ဆီက တောင်းမရလို့ ဒေါကန်နေမယ့်အစား တောင်းဖို့မလို အောင် ကြိုးစားသင့်တယ်ဆိုတာ မတွေးမိဘူးလား .."

လို့လည်း မျက်နှာကို တည့်တည့်ကြည့်ပြီး မေးခဲ့သေးသည်။

တော်တော် မာန်မာနကြီးတဲ့ မိန်းမ ..။

"ခက်နေတာက မင်းကို ဘဏ္ဍာတိုက် မအပ်ရဆိုတဲ့ အမိန့်ကြီးပဲ သခင် .."

ကောင်းဇော် ကပဲ ဝေဖန်ရေး စကာ ...

"အိမ်ထောင်ရေးကို ဦးမဆောင်နိုင်သေးဘူးထင်ရင် အစတည်းက အကျိုထပ်မပေးဘဲ ထားလိုက်ရမှာလေ ..၊ ငါက သွေးထိုးစကား ပြောနေ တာ မဟုတ်ဘူးနော်၊ မင်း အန်တီ့ကို အကျိုးအကြောင်း နည်းနည်း ထင်ပြပြီး သော့ကိုင်ရာထူးလေးဖြစ်ဖြစ် ပြန်ရအောင် ကြိုးစားဖို့ ပြော ချင်တာ၊ နောက်ဆုံးကွာ .. မင်းအကောင့်ကို ပြန်ဖွင့်ပေးလိုက်ရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး .. မာမီကို့ကိုယ်တိုင်က အဲဒီလို အဆင်သင့် စားသုံးခွင့် မပြုချင်တော့တာ၊ ဒါတွေကို ဒက်ဒီ စီစဉ်နေတာပါ"

"ဒါဆို မင်းအဖြစ်က စီးပွားရေးလောကထဲကို မဝင်မဖြစ် ဝင်ရတော့မှာပေါ့ .."

"ဟုတ်တယ် .. အဲဒီလမ်းကို တည့်တည့်ဖောက်ပေးလိုက်တာ.."

"မင်း အထင်မလွဲဘဲ အဲဒီလမ်းအတိုင်း ဆက်လျှောက်မယ်ဆိုလည်း ကောင်းတာပဲ သခင် ..၊ ငါတို့က မင်း အခုလို ဒုက္ခတွေ့နေတုန်း မြက်တစ်ပင်တောင် ဆွဲစရာမရှိတာကို စိတ်မကောင်းလို့ ပြောနေမိတာ၊ အန်ကယ်လ်တို့ဘက်ကလည်း မိဘဝတ္တရားကျေချင်တာပဲ၊ ငါတို့ ဒီ ပြဿနာကို ရှင်းပြီးရင် မင်းလည်း ကိုယ့်စိတ်ကို ပြုပြင်နိုင်အောင် ကြိုးစားကွာ .."

"ဟုတ်တယ် .. ငါလည်း ချေးသေးပါအောင် ထိတ်လန့်ဖူးတာ ဒီတစ်ခါပဲ ရှိသေးတယ် .."

ကျော်သက် က ဘယ်သူမှ မမေးရဘဲ ဝန်ခံနေသည်။

"ရေရေလည်လည်ကို လန့်ဖျန့်သွားတာ၊ တော်ပြီ .. ငါတို့ မဆင်ခြင်လို့ မဖြစ်တော့ဘူး၊ လက်ရှိရည်းစားလေးတွေနဲ့ပဲ ငြိမ်းငြိမ်းချမ်းချမ်း နွေးထွေးအောင် နေတော့မယ်၊ လတ်လျှားလတ်လျား သွားတဲ့လမ်းတွေ များနေရင် ဒီလို ထပ်ဖြစ်နိုင်သေးတယ်ဆိုတော့ ဆင်ခြင်မှ .."

"ငါ့ကို ဖေဖေနဲ့ ကိုကြီးတို့က ဆူလိုက်တာကွာ ..."

ကောင်းဇော် က ပြောပြီး သခင့် ကို ကြည့်၍ ...

"မင်းက အိမ်ခွဲထွက်နေတော့ ကြောက်ရမယ့်လူ မရှိလို့ တော်သေးတယ် သခင် ..၊ ငါတို့တွေမှာ ကျောပူနားပူခံတာတောင် ပိုက်ဆံထုတ်မပေးမှာစိုးလို့ ဘယ်လောက် ပူလောင်ခဲ့ရလဲ သိလား .."

"ဟုတ်ပါတယ်ကွာ .. တကယ် ငြိမ်တာက ငါ့ကြောင့်ပါ၊ အဲဒါ ငါ သိတယ် .."





"ဟာ!... ငါက ဒါကို ပြောချင်တာ မဟုတ်ပါဘူး၊ ကိုယ့်ထက် အဖြစ်ဆိုးတဲ့လူတွေ အများကြီးရှိသေးတယ်ဆိုတာ မင်း သိဖို့ပါ၊ စိတ်တိုင်းမကျတိုင်း မမတုံ့ ကိုချည်း မကျေနပ် ဖြစ်မနေနဲ့၊ အန်ကယ်လ်တို့ကိုလည်း နားလည်ပေးလိုက်ပါ၊ မင်း အခု ကိုယ့်အလိမ်နဲ့ကိုယ် မိပြီး ပြန်မပြောရဲ ဖြစ်နေလို့လေ ..၊ ဒီလို ပြဿနာရှိမှန်းသိရင် အန်တီတို့ ဘယ်နေလိမ့်မလဲ .."

"မလုပ်ဘူး ..၊ အဲဒီလို သူများဖြစ်စေချင်တဲ့အတိုင်း ဖြစ်ကို မဖြစ်စေရဘူး၊ ပိုက်ဆံလိုလို့ မပေးရင် ရတယ်လေ .. နေလိုက်ပေါ့ .."

သူတို့ ပြောပြနေတာက တခြား ..၊ သခင် ပြောလိုက်တဲ့စကားက တစ်မျိုး ...။

ကောင်းဇော် နဲ့ ကျော်သက် တို့ မျက်လုံးချင်း ဆုံသွားကြသည်။

ဖွင့်ထားသည့် စစ်မျက်နှာတွေက များနေသဖြင့် ဘယ်ဘက်ကို စိန်ခေါ်လိုက်တာမှန်းတော့ မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မင်း ဘယ်လိုတွေ ဖြစ်နေတာလဲ ပန်းသခင် ..၊ ထင်သလို နေလို့ ရတယ်ဆိုတာ ဒီလို ရုပ်ပျက်ဆင်းပျက် ယိမ်းထိုးနေဖို့လား .."

"သောက်ပါတယ်ဆိုမှ ယိမ်းထိုးမှာပေါ့ .."

လူက မဟန်နိုင်ဘဲ ရန်တွေ့ဖို့ကလည်း ပြင်လိုက်သေးသည်။ ထို့ကြောင့် ရှေ့က ဝင်မလို့ပြင်ပြီးမှ ပြန်လှည့်ပြောလိုက်တော့ တံခါးဘောင်မှာ ပခုံးစောင်းနှင့် ပက်ခနဲ မှီကျ၏။

"ကဲ .. သွားပါ .. ဝင်အိပ်လိုက်တော့၊ မနက်မှ ပြော .."

"မနက်မှ ပြောစေချင်ရင် ခင်ဗျားလည်း မနက်ကျမှ မေးပါလား"

"ဘာမေးလို့လဲ..၊ ဘာမှမမေးဘူး သွားလိုက်တော့..၊ သွား.. ဝင်.."

"ဖယ်စမ်းပါ .."

ဘုံ က သူ့ပခုံးကို တွန်းသည်။ သခင် က ပြန်ပုတ်ချ၏။ ညဥ့်နက်နေကာမှ အာလေးလျှာလေးနှင့် ပြောနေသံက ဘုံ့ နားထဲမှာ အကျယ်ကြီးကြားနေရသလို နားဝင်ဆိုးလိုက်တာလည်း ပြစရာ မရှိ ...။

"ခင်ဗျား ခုနက မေးလိုက်တယ်လေ ..၊ ဘာလဲ .. ဘာမေးလိုက်တာလဲ ..၊ ပြန်မေး .."

"ဟား!..."





"ဘာ ဟား .. တာလဲ၊ လူကို စိတ်ပျက် စက်ဆုပ်ရွံရှာစရာကြီးလို မျိုးလား .."

"အမူးသမား ပီသလိုက်တာနော် ..၊ ငါ့မှာ အလုပ်တွေ အများကြီး လုပ်ရဦးမှာ၊ ရစ်မနေပါနဲ့ ပန်းသခင် ရယ် .. သွားပါ .. ဝင်ပါတော့ .."

ပြောပြီး အတင်းတွန်းထိုးလွှတ်တော့ ဘေးတစောင်းအတိုင်း အယိမ်းဒယိုင် ဝင်သွား၏။ ဘုံ က သခင့် ကိုယ်ကြီးကို ခုတင်ပေါ်မှာ ထိုင်ကျသွားသည်အထိ တွန်းတင်လိုက်ပြီးမှ ...

"မင်း ငါ့ကို ဒုက္ခပေးတာတွေ တစ်ကြိမ်မကတော့ဘူး သိလား..၊ နှစ်ဦးသဘောတူ လွတ်လပ်သလို နေကြဖို့ သဘောတူထားတာက မင်း ချည်းပဲ ပြည့်ဝနေပါလား ပန်းသခင် ..၊ ဘာဖြစ်လို့ ငါ့ကိုချည်း ဒုက္ခပေးနေရတာလဲ .."

"ဘာ ဒုက္ခလဲ ..၊ ခင်ဗျားမှာပဲ ဒုက္ခတွေ ဟုတ်လား ..၊ ဟား!... ဒေါ်ဘုံမြင့်စံ .."

ခေါင်းကို ဆတ်ခနဲ ခါပစ်၍ နီရဲနေသည့်မျက်နှာကို နဖူးအထက် ဆံပင်တွေထဲထိ ထိုးသိပ် ပွတ်ပစ်ကာ ...

"ခင်ဗျားပေးတဲ့ ဒုက္ခတွေနဲ့ သခင် ဆိုတဲ့ကောင် မြောင်းထဲရောက်နေတာလေ၊ ဘာလဲ .. အမှိုက်ပုံထဲ မရောက်သေးလို့ ညည်းညူနေတာလား ..၊ ဟား .. ဟား .. ဟား ..."

"အို .. အသံပြဲကြီးနဲ့ အော်ရယ်မနေစမ်းပါနဲ့ ..၊ ကျွတ်!..."

ကိုယ့်ဘာသာ ပြန်စပြောလိုက်မိတာကိုပဲ 'ပြောမိတဲ့ပါးစပ်'ဆိုပြီး ပြန်၍ ရိုက်နက်ပစ်ချင်တော့သည်။

သခင် က ခေါင်းညိတ်ရင်း ရယ်နေရင်း မပြီးနိုင် ..၊ သေချာတာ က သခင့် ရယ်သံထဲမှာ မကျေနပ်ခြင်းတွေ အပြည့်အသိပ်နှင့် ..၊

"ဒက်ဒီတို့က ကျွန်တော့်ကို သူငယ်နာမစင်သေးတဲ့ နှပ်ချေးစားလေးလို သဘောထားတယ်၊ ခင်ဗျားကတော့ လူကို မှုစရာမလိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကလေကချေ ဆန်ကုန်မြေလေး တစ်ကောင်လို ..."

"အဲဒါ မင်းကိုယ်မင်း ဂုဏ်ထူးတွေ တပ်နေတာနော် ..၊ ငါ ဘာမှ မပြောရသေးဘူး .."

"မဟုတ်ဘူး .. ခင်ဗျားပြောနေတာ ..၊ ခင်ဗျားရဲ့ မျက်လုံးတွေနဲ့ နေ့ရှိသမျှ ပြောနေတာ၊ တကယ်ပါဗျာ .. အသက်ကြီးကြီး၊ ပုံမကျ ပန်းမကျ မိန်းမမို့လို့ပဲ .. ချောချောလှလှ မော်ဒယ်လ်လေးများဆိုရင် ဟား .. ဟား ..."

"အေး .. ပုံမကျပန်းမကျမိန်းမကြီးနဲ့ မင်းလည်း ခုမှ ပတ်သက်မိပြီး စိတ်ညစ်နေရသလို ငါကလည်း လှချောလှလှ သူဌေးသား ယောကျ်ား တစ်ယောက်ကို လက်ထပ်မိတဲ့ဒုက္ခ ခုမှ သိရတာ .."

"ဟုတ်လား .."

"ဟုတ်တယ် .. အဲဒီတော့ ငါ့ကို မင်းဘက်ကကြည့်ပြီး နာကျင်မနေနဲ့၊ ငါကလည်း မင်းကို မြင်သမျှ မကျေနပ်စရာလို့ ဘာမှ မမြင်အောင် နေမယ်၊ ကိုယ် မှန်တယ်ထင်ရင် ပြီးတာပဲမို့လား .."

"ဟာ!... အဲဒီလို ရမလား ဒေါ်ဘုံမြင့်စံ ..၊ ဒက်ဒီတို့က ကျွန်တော့် တစ်ဘဝလုံးကို ခင်ဗျားလက်ထဲ အပုံလိုက် ချပေး ထည့်လိုက်တာ၊ ယောကျ်ားတစ်ယောက် ဖြစ်နေလို့ ခင်ဗျားယောကျ်ားအဖြစ် ရှိနေရတာ၊ တကယ်က ဘယ်မှာ ဟုတ်လို့လဲ .."

"ဟုတ်တာက ဘာလဲ ပြောလေ .."

"ဟုတ်တာက ကျွန်တော်က အိမ်ထောင်ဦးစီး ..၊ ခင်ဗျားက ကျွန်တော့်ဇနီး .. လူမှန် နေရာမှန်ပေါ့ .."

"မှန်ဖို့က မင်းကိုယ်မင်း ဆင်ခြင်လေ ..၊ ဘီယာဆိုင်က ထလာတဲ့ ပုံနဲ့တော့ ဘာကိုမှ ဦးစီးလို့ရမှာ မဟုတ်ဘူး .."

"ဘာကိုမှလည်း ဦးစီးဆောင်ရွက်ဖို့ စိတ်မဝင်စားဘူး၊ ကျွန်တော် စိတ်ဝင်စားတာ တစ်ခုပဲ .."





"ပြော .."

"ခင်ဗျား ကျွန်တော့်ရဲ့ပိုင်ဆိုင်မှုမှန်သမျှအပေါ်မှာ ကွန်ထရိုး လုပ်ထားတာတွေ အားလုံး လွှတ်ပေးလိုက်တော့ .."

"ငါ ဘာကိုမှ ကွန်ထရိုး မလုပ်ဘူး ပန်းသခင် ..၊ ဒါတွေကို အန်ကယ်လ်တို့က .."

ပြောလက်စနှင့် ဘုံ မျက်နှာလေး ရှုံ့မဲ့လျက် စကားရပ်ပစ်ကာ...

"တော်ပြီ ပန်းသခင် .. အဲဒါတွေ ငါ မပြောချင်ဆုံးပဲ၊ ဘာ အကြောင်းဖြစ်ဖြစ်ကွာ မနက်ကျမှ ပြောကြမယ်၊ အခု ညဉ့်နက်နေပြီ.. ခင်း အိပ်တော့ .."

"မအိပ်ဘူး .. လုံးဝ မအိပ်ဘူး .."

"မအိပ်နဲ့ .."

လုပ်လက်စတွေကို လက်စမဖြတ်ဘဲ မအိပ်တတ်တာမို့ ဒေါသ တွေကို သိမ်းကာ ဘုံ က အခန်းထဲက ပြန်ထွက်ခဲ့သည်။

"ခင်ဗျား သွားလို့မရဘူးနော် ..၊ ပြန်ဝင်လာလိုက်.. လာ .. လိုက်ခွဲ ခေါ်ဘူး ထင်နေလို့လား၊ ဟွန်း.. သခင် ဆိုတဲ့ကောင်က ဒါဆိုဒါပဲ.."

ကြွေးကြော် ကြိမ်းဝါးနေပေမယ့် လူက ခေါင်းစိုက် ကျန်ရစ်၏။ အားပွဲမှာ ပြန်ထိုင်လိုက်တော့လည်း သခင် ပြောသည့်စကားတွေသာ နားထဲမှာ စွဲနေသဖြင့် မော်နီတာတစ်ခုလုံးက မျက်လုံးထဲ မဝင် ..။

"ကျွတ်!..."

အမူးစကားဆိုပြီး မေ့ပျောက်လို့လည်းမရ၊ 'ထန်းရည်မူးမှ ကျွဲခိုးပေါ်' ဆိုတာလို မူးနေပြီဆို ဖုံးကွယ်ထားတာတွေ အကုန်ထုတ်ပြောတတ်သည်။

သခင် မကျေနပ်နေတာ ကိုယ့်တစ်ယောက်ကိုပဲဖြစ်ကာ ငွေကြေးဥစ္စာ တွေကြောင့် ဒီလောက်ဖြစ်သွားခဲ့ရသည့်အတွက် ပိုပြီး ခံရခက်နေမိ၏။

ဒါတွေနဲ့ပတ်သက်ပြီး ကိုယ့်ဘက်က မက်မောခဲ့တာရှိရင်တောင် ဒေါ်လောဘစိတ်တော့ စိုးစိမျှ မရှိခဲ့တာ အမှန်ပါ ..။ ဟိုနေ့က ယော့



www.burmeseclassic.com

www.burmeseclassic.com



တောင်းသည့်ကိစ္စမှာလည်း ကိုယ်က ဖန်တီးခဲ့တာ ဘာရှိလို့လဲ ..။

စိတ်တွေ ဟိုရောက်ဒီရောက်နှင့် အလုပ်ဆက်လုပ်ဖို့က ဘယ်လိုမှ မဖြစ်နိုင်တော့ရာ .. အားလုံးကို ပိတ်၍ ထလာခဲ့ရသည်အထိ ..။

"အံမာ .. ခင်ဗျားက ဘယ်ကိုလဲ .."

ခုတင်ပေါ်မှာ ခြေရင်းဘက်ကနေ ခြေတွဲလောင်းချလျက် ဖက်လက်ကြီး ငြိမ်သက်နေသဖြင့် အိပ်ပျော်သွားပြီလို့ ထင်ခဲ့မိသည်။

ဘုံ ခေါင်းအုံးနဲ့ စောင်ကို ယူ၍ ပြန်လှည့်ထွက်လိုက်ကာမှ စကားသံ ထွက်လာသည်။ ငုံ့ကြည့်လိုက်တော့ သူမဘက်ကို ခေါင်းလှည့်၍ မေးစင်းနေသည့် မျက်ဝန်းတို့ကို လေးကန်စွာ ဖွင့်ထားရသည့်ပုံနှင့် ...

"ခင်ဗျားက အခန်းထဲမှာတောင် မအိပ်ရဲတော့တဲ့ ဒီဇိုင်းလား .."

"ကိုယ့်ဘာသာ အေးဆေး အိပ်စမ်းပါ ..၊ ငါက အရက်နံ့ဆိုရင် ခဏတစ်ဖြုတ် သေးကဖြတ်သွားတဲ့လူဆီက ဝေ့လာတာတောင် ခံနိုင်တာ မဟုတ်ဘူး .."

"မခံနဲ့ပေါ့ ..၊ ခင်ဗျားက တခြား၊ ကျွန်တော်က တစ်နေရာ ဘာဆိုင်လို့လဲ .."

"တစ်ခန်းတည်းကို မအိပ်ချင်တာ ..၊ ကဲ .. ရှင်းပြီလား .."

"သွားလေ.. သွားပေါ့..၊ သွားကြည့်လိုက်.. ဟား.. ဟား.. ဟား..."

နဖူးက ဆံပင်တွေ သပ်နေရင်း ရယ်နေသည့်မျက်နှာကို နှာခေါင်းလေးတစ်ချက်တွန့်၍ ကြည့်မိသည်။

ပန်းသခင် ဆိုတဲ့ ယောက်ျား ..၊ မလုပ်ဘူးတာ .. မသောက်တာ ဘာများ ရှိသေးသလဲ..။ စီးကရက် သောက်သည်၊ ကွမ်းလည်း ဝါးသည်၊ ပီကေလည်း ကြိုက်သည်လို့ ကြား၏။ အခုကျတော့ အရက်သမား ..

ဘုံ စိတ်ညစ်စရာတွေချည်း တွေးနေမိကာ လိုလျှင်သုံးဖို့ အိပ်ခန်းအဖြစ်ထားသည့် အခန်းလေးထဲ ရောက်လာခဲ့၏။

ပွေ့ပိုက်လာသည့် စောင် .. ခေါင်းအုံးတွေကို စားပွဲပေါ် ပစ်ချကာ





ဇွန်ရာပေါ်မှာ အိပ်ခင်းအသစ် ခင်းလိုက်သည်။ ဒီအိမ်ကို ပြောင်းလာသည်းက အန်တီ ဒေါ်ပန်းသီခိုင် က အချိန်မရွေး ရောက်လာတတ်တာမို့ အိပ်ခန်းကျယ်ထဲမှာပဲ ခုတင်နှစ်လုံးထား၍ အိပ်ခဲ့ကြသည်။

နောက်ညတွေမှာလည်း မခွဲဖြစ်ခဲ့တာက ညလာအိပ်တဲ့အခါတောင် အန်တီက ဟိုဒီလိုက်ကြည့် အကဲခတ်နေတတ်တာကြောင့် ဖြစ်သည်။ ထို့ပြင် ...

"သမီးကိုယ်တိုင်က သားကို လက်မခံနိုင်လို့ အိမ်ခွဲနေပြီး တဖြည်းဖြည်း ပြတ်စဲကြဖို့ ကြိုးစားတာလားလို့ မာမီ တွေးမိတော့လေ စိတ်ထဲမှာ တကယ်ကို လေးလံ ထိုင်းမှိုင်းသွားတာ"တဲ့ ..။

စကားတွေ ဤသို့ အစချီ၍ ပြောခဲ့ဖူး၏။

"စည်းစိမ်ဥစ္စာ မကြွယ်ဝတာ ..၊ အသက် ပိုကြီးတာတွေအပေါ်မှာ စိတ်ဝန်းကျင် ဘာပြောပြော .. မာမီတို့ လိုချင်တာက သားရဲ့ ပြုပြင်ပြောင်းလဲလာမှုကို စောင့်ကြည့် နားလည်ပေးနိုင်တဲ့ ဇနီးကောင်းပဲ၊ သားက စာရိတ္တ မပျက်ပြားပါဘူး၊ လူပျော့လူဖျင်းလည်း မဟုတ်ဘူး၊ သမီးလို မိန်းကလေးနဲ့ အတူတူ ရှိနေလိုက်တဲ့အတွက် သား မကြာခင် ပြောင်းလဲလာမယ်လို့ သူ့အဖေက ယုံသလို မာမီလည်း ယုံကြည်တယ်၊ အချစ်နဲ့ အရာရာကို ဖန်ဆင်းနိုင်ပေမယ့် ဖန်ဆင်းမရနိုင်တာတွေလည်း ရှိနေတာပဲလေ၊ သမီးတို့က အချစ်နဲ့ စတင်ခဲ့ကြတာ မဟုတ်လို့ သားကို ပြောင်းလဲစေနိုင်မှာ မဟုတ်ဘူးလို့ သမီး တွေးမိနေလိမ့်မယ်၊ ဒါပေမယ့် ဆိုင်ပါဘူး .. ကမ္ဘာပေါ်မှာ ပြောင်းလဲနေတဲ့ အရာရာဟာ အချစ်နဲ့ချည်း သက်ဆိုင်နေတာမှ မဟုတ်ဘဲ"တဲ့ ..။

စကားလုံးလှလှလေးတွေ ပြောသွားတာကတော့ နားဝင်ချိုပါသည်။ တကယ်တမ်း ရင်ဆိုင်ကြည့်လိုက်တဲ့ လက်တွေ့မှာတော့ ...

"ဒုန်း .."

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲ ကျောချမလို့ လက်လေးတစ်ဖက်ပဲ အားပြုထောက်လိုက်ရသေးသည်။ တံခါးက ဒိုင်းခနဲ ဆောင့်ဖွင့်သွားကာ ခပ်ယိုင်ယိုင် ပြုံကျလာသည့် ကိုယ်ကြီးက ပန်းသခင် ...။

"ပန်းသခင် ..."

"သခင် လို့ လုပ်စမ်းပါ ...၊ ခင်ဗျားနဲ့ ကျွန်တော့်ကြားမှာတော့ အဲဒါလည်း ညှိနှိုင်းဖို့ လိုတယ် ..."

သခင် က ခေါင်းအုံးကို ဖက်ထားကာ ကိုယ်ကို မတ်မတ်ရပ်ရင်း ဘစ်လှမ်းချင်း လျှောက်လာ၏။ ဘုံ့ မျက်နှာလေး ရှုံ့မဲ့သွားကာ နေရာ သရပ်လိုက်၏။

"အခု ဘာလာလုပ်တာလဲ ..."

"အိပ်မလို့လေ ..."

"ကျွတ် ..."

"ဘာ ကျွတ် ... တာလဲ ...၊ ခင်ဗျားပဲ စိတ်ပျက်စရာတွေ ရှိနေတာလား ...၊ အေ့ ..."

ကြို့ထိုးတိုင်း ခေါင်းက ငိုက်သွားကာ အနားကို နီးကပ်လာတော့ ဘုံ က ဘေးကို လျှောက်ထွက်လိုက်၏။

"ခင်ဗျားနဲ့ အတူတူ နေရတာကို သေချင်စော်နံနေတာက ဒီကောင်နော် ...၊ ပြောင်းပြန်တွေ ညည်းညူမနေနဲ့ ..."

"အတူတူမနေချင်လည်း သွားပါလား ...၊ သွားစမ်းပါကွာ ... ငါ တကယ်ကို အနံ့မခံနိုင်လို့ပါ ..."

ဘုံ က သူ့ကျောပြင်ကြီးကို တွန်းပစ်သည်။ သခင် က ယိုင်သွားပေမယ့် မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်ကာ ...

"သွားပါဦးဆိုတိုင်း သွားရအောင် ဒီကောင်က သူတောင်းစားလား"

"ပန်းသခင် ..."

"သခင် လုပ်စမ်းပါ ..."





"မင်း ငါ့ကို သက်သက်ရစ်နေတာလားဟင် ..."

"ဟုတ်တယ် ..."

"သွားသေလိုက် သွား ...၊ ငါကတော့ အတူ မအိပ်နိုင်ဘူး"

"မအိပ်လို့ ရမလား ...၊ ခင်ဗျား အနံ့မခံနိုင်မှန်းသိလို့ တမင် အနံ့လာပေးနေတာ၊ တစ်ညလုံး ရေအိမ်တောင် ထမသွားဘဲ အတူတူ ရှိနေပေးမယ်၊ ဘယ်ရမလဲ ...၊ အိုးရှဲ့ စလောင်းရှဲ့ပဲ ..."

တံခါးကို ပြန်ပိတ်ပြီး ဘုံ့ လက်လေးကို ဆွဲသည်။ ခုတင်ပေါ်မှာ အတူ ထိုင်မိတဲ့အထိ ဖိဆုပ်ထား၍ ...

"ဒီဘက်မှာ အိပ် ...၊ ခင်ဗျားကို လုံးဝ လုံးဝနော် .. လုံးဝဆိုတာက အဲ .. လုံးဝပဲ ...၊ ကျွန်တော်က ဟိုဘက်မှာ အိပ်မယ် .. ထသွားဖို့ စိတ်မကူးနဲ့၊ နှာခေါင်းမပိတ်နဲ့ .. ရေအိမ် ခဏခဏ ထမသွားရဘူး၊ အွေ့.. အဲဒါတွေကို ချိုးဖောက်ရင် ခင်ဗျား ဒီ့ထက် စိတ်ညစ်ရမယ်၊ မ.. မယုံမရှိနဲ့ ..."

သူ အရင် ဘိုင်းခနဲ လှဲချလိုက်ကာ ခေါင်းအုံးရော လူရော ဟိုဘက်အစပ်ရောက်အောင် လိမ့်သွား၏။ ဒီဘက်ကနေ ဘုံ အိပ်မယ့် နေရာတစ်ခုလုံးကို တစ်ကိုယ်လုံး ပွတ်တိုက်လူးလိမ့်သွားတာ ကုန်ပြီ ...။

နှာခေါင်းလေး ရှုံ့ပွပွနှင့် ဘုံ ငုတ်တုတ်လေးကနေ မလှုပ် ...။

ဒါလား အမူးသမား ...၊ မူးနေတဲ့လူက သူများကို ဒုက္ခပေးဖို့တော့ မမေ့မပျောက် သိနေသလား ...။

"သိတယ် ...၊ ခင်ဗျား ဗိုက်ထဲမှာ တော်ကီတွေ ပွားနေပြီ၊ ဟား.. ဟား .. ဟား ... ရယ်ရတယ်ကွာ ..."

ရယ် ...၊ ရယ်လို့တော့ မသေနိုင်ပေမယ့် သေအောင် ရယ်လိုက်တော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဘုံ .."

"ဟင်!... ရှင် ..."

ဘုံ ဘယ်လိုအိပ်ပျော်သွားမှန်း မသိလိုက်ပေ။ မျက်စိရှေ့မှာ ဒေါ်ပန်းသီရိုင် ရပ်နေတာကိုတောင် ခဏတစ်ဖြုတ်လောက် ကြောင်တောင်တောင် ကြည့်နေမိ၏။ ပြီးမှ မျက်လုံးကို တစ်ချက် ဖိပွတ်၍—

"အန်တီ .."

"သမီး နေကောင်းရဲ့လား ..၊ မျက်နှာတစ်ခုလုံးလည်း နီရဲနေတာပဲ .. သားရော ..၊ ဒီနေ့ သမီးတို့ကို ပြောစရာရှိလို့ မာမီ လာခဲ့တာ .."

"ဟို .. သူ အပြင်ထွက်သွားတယ် အန်တီ .."

"ထမင်းစားချိန်ကြီး ဘာထွက်လုပ်တာလဲ ..၊ ညက ဖုန်းဆက်တုန်းကတော့ ဒီနေ့ တစ်နေကုန် ရှိနေမှာ ဆိုပြီးတော့ .."

ဒေါ်ပန်းသီရိုင် က အထဲဝင်လာကာ အိပ်ခန်းတွေဆီ ခြေလှမ်းဖြင့် ပြီးမှ ထမင်းစားခန်းထဲ ရောက်၏။ ရေခဲသေတ္တာကို အရင်သွားဖွင့်ပြီး နောက်ကပါလာသည့် ဘုံ ကို တစ်ချက် ပြန်ကြည့်၏။ ပြီးတော့ ထမင်းအိုး ဟင်းအိုးတွေဆီ ရောက်သွားသည်။





"ဘာမှလည်း ချက်မထားပါလား သမီး ..၊ ရေခဲသေတ္တာထဲမှာလည်း အသားဘူးလေး တစ်ဘူးတည်း .."

"ဒီနေ့ ဘုံ တစ်ယောက်တည်း အိမ်မှာ စားရမှာမို့လို့ပါ .."

"ဘယ်လို!..."

"တကယ်ဆို ကုမ္ပဏီသွားဖို့ကိစ္စလည်း ရှိသေးတယ်လေ..၊ ခေါင်းသိပ်မကြည်တော့ ခဏလည်း မှိန်းချင်တာနဲ့ ချက်ပြုတ်နေရမယ့်အချိန် ထပ်မကုန်အောင်လို့ .."

"သြော် ... သမီးရယ် .."

ဒေါ်ပန်းသီရိုင် တအံ့တသြ ရေရွတ်ကာ မီးဖိုချောင်တစ်ခုလုံးနဲ့ ဘုံ့ မျက်နှာလေးကို တစ်လှည့်စီ ကြည့်လေသည်။

"သူက ဘာဖြစ်လို့ အိမ်မှာ မစားရတာလဲ ..၊ အမြဲတမ်း ဒီလိုနေတာလား .."

"မဟုတ်ပါဘူး .."

ညက သူလည်း မူးနေသည်၊ သူ ရစ်နေလို့ မအိပ်တဲ့လူရော .. အိပ်လို့မရတဲ့လူပါ ဒီတိုင်း မိုးလင်းခဲ့၏။

ဤသို့သော အကြောင်းကြောင့် မနက်ထိ မအိပ်နိုင်တော့ဘဲ သူမ ဒီနေရာမှာ လာငိုက်ရကာ ..၊ သခင် ကတော့ ခုနကမှ တစ်ရေးနိုးပြီး ထွက်သွားတာ ဖြစ်သည်။

အိမ်မှာ ဘယ်တုန်းကမှ ထမင်းလက်ဆုံ မစားဖြစ်ခဲ့တာတော့ ဘယ်သူမှ သိမှာမဟုတ် ...။

"ပြောပါဦး သမီးရယ် .. မဟုတ်ရင် ဘာလဲ ..၊ မီးဖိုချောင်ကလည်း မနေ့တစ်နေ့ကမှ ချက်ချင်း ပြေးဝယ် စုဆောင်းလိုက်ရတဲ့ မီးဖိုချောင်လိုပဲ၊ အိုးခွက်ပန်းကန်တွေက မသုံးမစွဲရသေးတဲ့အတိုင်းတွေ .."

"မနေ့တစ်နေ့က မဟုတ်ပေမယ့် သိပ်မှ မကြာသေးတာ အန်တီ တာလည်း ..၊ သူလည်း လက်ထပ်လိုက်ရတာနဲ့ တည်တည်ငြိမ်ငြိမ် ခန့်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားညားကြီး ဘယ်တန်းဖြစ်လာဦးမှာလဲ ..၊ ဟို .. ဘုံ လည်း သူနဲ့ သိပ်မရင်းနှီးတော့ တော်ရုံ မပြောလို့ ဖြစ်နေသေးရင် မပြောဖြစ်ဘူး .. အဲဒါကြောင့်ပါ၊ နည်းနည်းတော့ အချိန်လိုပါသေးတယ် အန်တီရယ်.. နော် ..”

“ဟုတ်ပါပြီ .. မာမီကလည်း နားလည်ပါတယ်၊ ဒါပေမယ့် မရင်းနှီးသေးတာကို တမင် ဖန်တီးကြည့်ဖို့ မလိုဘူး သမီး၊ အချိန်ကာလတွေလည်း မယိုဘူး၊ ထမင်း လက်ဆုံစားခြင်း၊ အတူတူ အိပ်စက်ခြင်း၊ သွားလာနေထိုင်ကြခြင်း .. အဲဒါတွေထဲကနေ သူ့အလိုလို ဖြစ်လာတဲ့အရာပဲ၊ မာမီ ကြည့်နေသမျှ သမီးတို့မှာ ဘာမှကို မရှိသေးဘူး၊ အခု သမီးတို့ ထမင်းလက်ဆုံ မစားဖြစ်ကြတာကို မာမီ သိရပြီ ..”

“အို .. မ .. မဟုတ်ပါဘူး .. သူက အစတည်းက သူငယ်ချင်းတွေကို မင်တယ်လေ ..၊ ဘုံ ကလည်း ဟင်းမချက်တတ်တော့ သူ အိမ်မကပ်ချင်တာကို အဖြစ်မတင်ချင်တာနဲ့ ..”

“သမီးက ဟင်းမချက်တတ်ဘူးလား ..”

အိပ်ချင်မူးတူးစိတ်တွေလည်း ပြေကာ ဘုံ မလုံမလဲ ရယ်မိသည်။ ပြီးကော ထမင်းပေါင်းအိုးနားမှာ သွားရပ်လိုက်ရင်း ...

“ချက်တော့ ချက်တတ်ပါတယ် .. ဒါပေမယ့်လေ ဘုံ က သိပ်ဝါသနာမပါခဲ့တော့ ဘာလုပ်လုပ် စိတ်မရှည်တတ်တာက သိပ်ဒုက္ခပေးတာ၊ မချက်တတ်ဘူးဆိုတာ မဟုတ်ပေမယ့် ကိုယ့်ကိုယ်ကိုယ် လက်ရာကောင်း မဟုတ်ဘူးလို့ ထင်လာတာနဲ့ ချက်တိုင်း ကောင်းတယ်လို့ကို မထင်တော့ဘူး ..”

“မာမီ သိပြီ ..”

ဒေါ်ပန်းသီခိုင် က ချစ်စနိုးအပြုံးနှင့် ဘုံ ရပ်နေသည့်နောက်ကို အသာလေး ကိုယ်လုံးစောင်းဝင်၍ ထမင်းပေါင်းအိုးကို ဖွင့်သိုက်သည်။

အဲထဲမှာ ထမင်းကပန်းရောင်သမ်းနေကာ ငါးသေတ္တာနံ့က ထောင်းနဲ့ ထွက်လာသည်။ ပြီးတော့ မုန်လာဥနီတွေ၊ ပဲသီးတွေနှင့် ...

“ဟို .. အဲ့ဒါက ..”

“အချိန်မကုန် .. အလုပ်မရှုပ်တော့ဘူးပေါ့ ..”

ဒေါ်ပန်းသီခိုင် က အသံထွက်အောင် ရယ်လိုက်ပြီး ဒီဘက် ထွက်ာသည်။

“အစ်ကိုကတော့ ပြောသွားပဲ ..၊ စီးပွားရေးဘက်မှာ ဝါသနာကြီး တော်ကြ ထက်ကြတဲ့ မိန်းမတွေမှာ မာန်ရှိတယ်တဲ့၊ များသောအားဖြင့်တော့ မီးဖိုချောင်ထဲမှာ အချိန်တွေ မြှုပ်နှံပြီး အိမ်ရှင်မအဖြစ်တည်သွားရမှာကို ငါနဲ့ မတန်ဘူးလို့ ယူဆတာမျိုးပေါ့ ..”

“မဟုတ်ဘူး .. ဘုံ့ မှာ အဲဒီသဘော မရှိပါဘူး၊ ဘုံ ဘဝ စလာည်းကိုက ကိုယ်တိုင် ရပ်တည်၊ ကိုယ်ပဲ ရှေ့ဆက်ဆိုတာမျိုး ဖြစ်ခဲ့ာပါ အန်တီ၊ မိသားစုတစ်စု ဒါမှမဟုတ် တစ်စုံတစ်ယောက်ကို ျက်ပြုတ် ပြုစုပေးနေဖို့ထက် ပြုစုပေးနေမယ့်သူရဲ့ လိုအပ်ချက်ကို ည့်ဆည်းပေးဖို့ ကြိုးစားရတဲ့ဘက်မှာ ဘုံ ရှိနေခဲ့တာ ..”

“သိပ်တို နားလည်တာပေါ့ သမီးရယ် .. မာမီ ပြောလိုက်တာ ွားမယ်မှန်းလည်း သိတယ်၊ ဒါပေမယ့် မာမီက သမီးကို ကဲ့ရဲ့ချင်ဆိုရင် မျက်နှာချင်းဆိုင် ရပ်ကြည့်ပြီး ပြောပါ့မလား ..”

ဒေါ်ပန်းသီခိုင် က လက်ဖွေ့အိတ်ကြီးကို လက်ပြောင်းချိတ်ကာ ဝနှုံးလေးကို ဆုပ်ကိုင်၍ ...

“မာမီတို့က သမီးကို သဘောကျတယ်၊ ထမင်းဟင်း ချက်ပြုတ်ညာ သမီး မကျွမ်းကျင်ဘူးဆိုရင်တောင် သမီးမှာ မာန်မာန မရှိဘူးတာကို နားလည်ပြီးသား၊ အဲဒါ လိုလားနေတုန်းမို့ အရေးပေးပြောနေ မဟုတ်ဘူး၊ ကြည်လဲ့နေတဲ့ သမီးရဲ့ မျက်လုံးလေးတွေကို မြင်တာနဲ့ သည်နေတာ ..”

နားလည်ပေးနေပါတယ်ဆိုတော့လည်း ဘာကိုမှန်း မသိ၊ မျက်နှာ




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပူသလိုလို မနေတတ် မထိုင်တတ်ကြီး ဖြစ်ရပြန်သည်။

"ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ထိန်းချုပ်လိုက်တာ နည်းနည်း လွန်သွားပြီလို့လည်း သမီးဒက်ဒီက ပြောတယ်လေ ..၊ အဲဒါကြောင့် သမီးရဲ့စိတ်ရင်းကို သားက အထင်လွဲသွားနိုင်တယ်ဆိုတာ သတိပေးလို့ မာမီ လာတာ ..၊ သမီး ဖုန်းဆက်တဲ့အကြောင်းကို ကြားလိုက်ရမှ မာမီ တို့လည်း ဒါကိုတင်းဖို့လျှော့ဖို့ သတိရကြတယ်၊ ညက သမီးတို့ တစ်ချို့ များ ဖြစ်ထားကြသေးလား သမီး .."

ဘုံ ထိတ်ခနဲ ဖြစ်သွားသည်။ မိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်တာနဲ့ မှသာဝါဒတွေချည်း ထိုင်ပြောနေဖို့ ဖြစ်လာတာ ဘယ်လို ပြဿဒါးလဲ..

ဒါပေမယ့် ဒေါ်ပန်းသီခိုင် က မရမက မေးတာမျိုး မဟုတ်ဘဲ..

"ဘဏ်အကောင့် ပြန်ဖွင့်ပေးလိုက်ဖို့ မာမီတို့က စိတ်ကူးပြီးပါပြီ နောက်ပြီး ဒီလကုန်ပိုင်းလောက်မှာပဲ သမီးတို့ ဟန်နီမွန်း ထွက်ဖို့.."

"အယ် .. အဲဒါတော့ သွားဖြစ်မှာ မဟုတ်ဘူး အန်တီ၊ ဒီလိုပါ .. သူရော ဘုံ ရော ဘယ်သူ့မှာမှ ဆန္ဒမရှိကြတော့ ဒီခရီးကို သွားကြရင် လည်း ပျော်ဖို့ကောင်းမှာ မဟုတ်ဘူး၊ ဘုံ့ မှာ အလုပ်သစ် နေရာသစ်နဲ့ ရှုပ်ထွေးနေတုန်း အားလပ်ချိန်ရှိဖို့လည်း မလွယ်ဘူး .."

"မဟုတ်သေးဘူး သမီး .. အိမ်ထောင်ရေးမှာ စီးပွားရေးက အချက်အချာကျသလို သာယာဖြောင့်ဖြူးရေးကလည်း အရေးကြီးတာပဲ၊ ဟန်နီးမွန်းထွက်တာကို သမီးက သိပ်ခေါင်းထဲ ထည့်ပုံ မပေါ်ဘူး .."

"ဒီလိုလည်း မဟုတ်ပါဘူး အန်တီ .."

"မဟုတ်ဘူးဆိုရင် သမီးရယ် .."

"တင်း .. တောင် ..."

စကားပြောနေကြတုန်း အိမ်ရှေ့က ဘဲလ်သံ မြည်လာသဖြင့် ဘုံ တို့နှစ်ယောက်စလုံး လှမ်းကြည့်ကြ၏။

"သား ပြန်လာတာလား .."





"မဟုတ်လောက်ဘူး .."

ဘုံ တံခါးဖွင့်ဖို့ ထွက်သွားတော့ ဒေါ်ပန်းသီခိုင် နောက်က လိုက် လာသည်။ ထို့ကြောင့် တံခါးအပြင်မှာ ရပ်နေသူကို မြင်လျှင် ...

"ရင်ချစ် .."

နုတ်ဖျားမှ တီးတိုးရေရွတ်ရင်း ချက်မှောင်ကုတ်သွား၏။ ဆံနွယ် လေးတွေက ပခုံးအောက် မကျတကျ ခပ်တွန့်တွန့် အခွေလေးတွေနှင့် နှုတ်ခမ်းသားလေးတွေ ရဲနေအောင် ဆိုးထားသည်။

အဝါနဲ့အနီစပ်ကျား ရောသည့် ကိုယ်ကျပ်ဝတ်စုံလေးနှင့်လည်း လိုက်ဖက်သည်။ ဒါပေမယ့် ဒေါ်ပန်းသီခိုင် ပြုံးသည့် အပြုံးတို့က လှိုက် သို့ ဖော်ရွေမှု နည်းပါးနေခဲ့လျက် ...

"သမီး ရင်ချစ် ပါလား .."

"ဟာ .. အန်တီလည်း ရောက်နေတယ် .."

"အင်း.. သမီးက အန်တီ့နောက်လိုက်ရင်းနဲ့ ရောက်လာတာလား.."

"မဟုတ်ဘူး အန်တီ .. ရင်ချစ် က ကိုကို့ဆီ လာတာ .."

ဒါဆို ဒီကို ပြောင်းလာကာမှ သူမနဲ့ သားတို့ ဆုံကြသေးတာပေါ့၊ ဘယ်နှစ်ခေါက် ရှိနေပြီလဲ ..။ ဘုံ ကတော့ ဘာဖြစ်လို့ မသိသလိုကြီး ကြည့်နေတာလဲ ..။

ဒေါ်ပန်းသီခိုင် ဒေါ်ဝတ်ကျော့ဖို့တောင် မေ့သွား၏။

"အန်တီနဲ့ အသိတွေလား ..၊ ဆောရီးပါ ညီမလေးရယ် .. ဘယ်သူ ဝါလိမ့်ဆိုပြီး ကြည့်နေမိတာ .."

ဘုံ က တံခါးဖွင့်ပေးရင်း တောင်းပန်နေသေးသည်။ ရင်ချစ် က ရယ်လိုက်၍ ...

"အသိတွေ မဟုတ်ဘူး မမရဲ့ .. ဗာကယ့် အရင်းနှီးဆုံး ခြံချင်းကပ် လျက် ငယ်သူငယ်ချင်းတွေ၊ ဒါပေမယ့် ကိုကိုက ရင်ချစ် ကိုဆို အမြဲမ နိုင်စားတာ .. မမကတော့ ရင်ချစ် လို ခံရမှာ မဟုတ်ပါဘူး၊ ကိုယ့်ထက်



www.burmeseclassic.com

www.burmeseclassic.com



အသက်လည်း ပိုကြီးတယ်၊ အရပ်မြင့်မြင့် ကိုယ်လုံးလှလှဆိုတော့ အဟွန်း .. ရင်ချစ် က အရပ်နိမ့်တော့ တစ်ခါတလေ ချာတိတ်လို့တောင် ကိုကိုက ခေါ်သေးတာ ..၊ အခု ကိုကို မရှိဘူးလားဟင် .."

'ကိုကို'တွေချည်း မိုးရွာနေပါလား ..။

ညှော်ခန်းထဲမှာ နေရာထိုင်ခင်းပေး၍ အပြုံးမပျက်ရှိနေသည့် ချွေးမ မျက်နှာကို ကြည့်ကာ ဒေါ်ပန်းသီခိုင် စိတ်တိုင်းမကျ ဖြစ်လာ၏။

ရင်ချစ် ဆိုတဲ့ ကောင်မလေး ဘာဖြစ်လို့ ဒီလောက်တောင် အလိုက် မသိရတာလဲ ..။

"ညီမလေးက သခင် နဲ့ ချိန်းထားတာလား .."

"ချိန်းတော့ မထားပါဘူး ..၊ ဒါပေမယ့် သူက လာလည်ပါဦးဆိုလို့ လာတာလေ .."

"သခင် အပြင် ခဏထွက်သွားတယ် ညီမလေးရဲ့ ..၊ ဖုန်းခေါ်ကြည့် လိုက်ပါလား .."

ဩော် ... ဒုက္ခ ..၊

ဒေါ်ပန်းသီခိုင် ပင့်သက်ရှိုက်မိတော့သည်။ ခေါ်များ ခေါ်ပေးဦးမှာ လား ဘုံမြင့်စံ ရယ် ..၊

"ခေါ်မကြည့်တော့ပါဘူး မမရယ် .. ကိုကိုက ဖုန်းဖွင့်ထားရင် လည်း ကိုင်ချင်မှ ကိုင်တာ၊ ပိတ်ထားတာက ရှိသေး .."

ပြောပြီးတော့ ရယ်နေသေးသည်။ ရင်ချစ် ဆိုတဲ့ မိန်းကလေးက ချစ်စရာလေးပါ။ ဒါပေမယ့် မျက်နှာလေးကို ကြည့်မိလိုက်ရင် တစ်မျိုး၊ စကားပြောကြည့်မိတော့ တခြား ..၊

ဒေါ်ပန်းသီခိုင် ကတော့ အိမ်ချွင်းကပ်လျက်နေခဲ့သည့် သူမလေး အပေါ်မှာ ဘယ်တုန်းကမှ ချစ်ခင်ရင်းနှီးလို့ မရခဲ့တာ ကိုယ့်ခံစားချက်နဲ့ ကိုယ် ..။

"မမက မင်္ဂလာပွဲမှာတုန်းကနဲ့ မတူဘူးနော် ..၊ အခု ပိုပြီး လှ





တယ်၊ ကေ့စ္စ မိတ်ကပ်နဲ့မလိုက်တဲ့ မျက်နှာမျိုး ထင်တယ်၊ အခုလို ပြနေတာလေးက ပိုလှတယ် ..၊ မမကို ကိုကိုက လက်ထပ်လိုက်တော့ ရင်ချစ် ဖြင့် အရမ်း အံ့ဩတာပဲ .."

"ဘာဖြစ်လို့လဲ .."

"ဩော် .. အဟွန်း .. သူကတော့ တကယ့်အလန်းတွေကိုပဲ ငေး တတ်တဲ့သူလေ၊ မမကျတော့ ယဉ်ယဉ်ခန့်ခန့်ရယ် .. လှပေမယ့် သူ သဘောကျသွားတယ်ဆိုတာတော့ အံ့ဩဖို့ ကောင်းတာပေါ့"

ဒီကောင်မလေး ဘယ်လိုလဲ ..၊ ဒေါ်ပန်းသီခိုင် မျက်မှောင်ကုတ် သွားသလို ဘုံ မျက်ခုံးလေးမှာ ထောက်ချိုးလေးတွေ ဖြစ်သွားခဲ့၏။ ရင်ချစ် ကတော့ မရပ်သေး ..။

"ဒါပေမယ့် ရင်ချစ် တစ်ယောက်တည်း မဟုတ်ပါဘူး ..၊ ကိုယ့် အကျဆိုးတဲ့လူတွေမှ အများကြီးပဲ .."

"ဘာကို ပြောတာလဲ ညီမ ..၊ သိပ်မရှင်းလိုက်ဘူး .."

ရင်ချစ် က မဖြေသေးဘဲ ရယ်သည်။ ပြီးမှ ဒေါ်ပန်းသီခိုင် ကို စူးစူးကြည့်၍ ...

"ဩော် .. ဘာမှမဟုတ်ပါဘူး၊ ကိုကိုက ချစ်သူခင်သူတွေ ပေါတဲ့ သူလေ ..၊ ဘယ်သူမှ ကြိုမသိလိုက်ကြတော့ ရင်ချစ် လိုပဲ မယုံနိုင်အောင် ဖြစ်သွားတဲ့လူတွေ ရှိကြတာပေါ့၊ မမက သူ သဘောကျခဲ့ဖူးတဲ့ ဒီဇိုင်း မျိုးမှ မဟုတ်တာ .."

ဒေါ်ပန်းသီခိုင် မျက်မှောင်ကုတ်နေခဲ့တာ ဒီမျက်ခုံးတွေ ပြေပြေပြစ် ဖြစ်မှ ပြန်ဖြစ်ပါ့မလား မသိတော့ပါ။ လူကြီးမို့ တော်ရုံဆို ဝင်မပြောဘဲ နေခဲ့ပေမယ့် ...

"အိမ်ထောင်ရေးဆိုတာ ကိုယ်သဘောကျတာ ကိုယ်ရွေးယူလို့ ရတာမျိုးမှ မဟုတ်တာ သမီးရယ် .. မိကောင်းဖခင်သားသမီးဆိုတော့ ဘယ်သိက္ခာကလည်း မိဘက ထိမ်းမြားပေးတာကို နားလည် လက်ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ အရည်အချင်းပဲလေ၊ သားလေးက ထင်သလို နေတတ်တဲ့အကျင့် ရှိပေမယ့် နာခံတတ်တဲ့ကျင့်ဝတ်ကိုတော့ မပျက်ဘူး၊ သူကိုယ်တိုင်က လည်း ရွေးသင့်တာ ဖယ်သင့်တာကို ခွဲခြားတတ်တာ ဖြစ်မှာပါ"

မျက်နှာကို ကြည့်ပြောနေသဖြင့် ရင်ချစ် မျက်နှာလေး သိသာစွာ ပျက်ယွင်းနေ၏။

"လူကြီးမိဘ သဘောကျဖို့လည်း ဦးစားပေးကြမယ်ဆိုရင် မိဘက ရွေးချယ်တဲ့မိန်းကလေးဟာ ဘယ်လို မိန်းကလေးမျိုး ဖြစ်မလဲ .."

"အဟွန်း .. ရင်ချစ် ကတော့ ယောက်ျားလေးရှင်တွေဘက်ကို မသိဘူးလေ ..၊ ရိုးရိုးပဲ တွေးပြီး ရိုးရိုးပဲ ပြောတာပါ .."

"အန်တီကလည်း သမီးတို့ ရှုပ်ထွေးနေတယ် ထင်လို့ ရှင်းပြတာ ပါ၊ သမီးအခ်မကို ကြည့်ပါလား ..၊ ဘယ်အချိန် ထကြည့်ကြည့် ကျက် သရေရှိနေတဲ့မိန်းကလေးမျိုး မဟုတ်ဘူးလား .."

ဒေါ်ပန်းသီရိုင် ရင်ထဲကို ဘုံ နားလည်လိုက်တော့ ဒီစကားဝိုင်းက ဒီအကြောင်း တခြားရောက်သွားအောင် ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေ၏။

"အန်တီ ပြောတာနဲ့ ရင်ချစ် လာရတဲ့အကြောင်းတောင် ပြောဖို့ ခက်သွားပြီ ..၊ ရင်ချစ် က သူငယ်ချင်းတွေစုပြီး ပါတီလုပ်ဖို့လေ၊ အဲဒါ ကိုကို့ကို လာဖိတ်တာ .."

"ပါတီ .."

သံယောင်ဆိုရင်း ဒေါ်ပန်းသီရိုင် က ဘုံ့ ကို လှည့်ကြည့်၏။

"ဩော် .. သူ လာမယ်ထင်တယ်၊ တို့ ပြောပြလိုက်မယ်လေ .. ဒါမှမဟုတ် ညီမလေး ဖုန်းဆက်လိုက်ပါလား .."

"အိုခေ .. မမက အရမ်းသဘောကောင်းတာပဲ ..၊ ဒါကြောင့် ကိုကိုနဲ့ လက်ထပ်ဖြစ်တာ၊ ကိုကိုလည်း သဘောကောင်းတာပဲ၊ ရင်ချစ် ဘာပြောပြော မလိုက်လျောတာ တစ်ခါမှ မရှိခဲ့ဘူး၊ ဒါဆို ရင်ချစ် ပဲ ဖုန်းဆက်ကြည့်မယ်လေ .. နော် .."





သူမ ထပြန်သွားတာနှင့် ဒေါ်ပန်းသီရိုင် ခေါင်းတခါခါ ဖြစ်နေခဲ့ လေတော့ ...

"မတွေ့ဖူးဘူး ..၊ ဒီလိုမိန်းကလေးမျိုး တွေ့ကို မတွေ့ဖူးဘူး .."

"ငယ်တဲ့လူတွေကတော့ ဒီလိုပါပဲ အန်တီရယ် .. ပန်းသခင် ကိုယ်တိုင်ကလည်း လူငယ်ပဲလေ .."

"အသက်ကြီးတဲ့လူတိုင်း အသိမကြွယ်သလို အသက်ငယ်တိုင်း အတွေးငယ်ကြတာလည်း မဟုတ်ဘူးလေ၊ အသိခေါက်ခက် အဝင်နက် ဆိုတာ ဒါမျိုးပဲ ..၊ အခု ပါတီက ဘယ်မှာလုပ်ကြမလဲ မသိဘူး၊ သူတို့ ခြံထဲမှာ တစ်ခါလုပ်လို့ သားကို လာခေါ်တုန်းကလည်း သားရဲ့ဒက်ဒီက ခွင့်မပြုဘူး၊ မာမီကတော့ ကြည့်ကောင်းအောင် ပြောလိုက်တာပါ၊ လူ ဆိုတာ ပြောမှ သိရတာ မဟုတ်ဘူးလေ၊ ဒီထိ လိုက်လာပြီး ကဲတာတော့ အရမ်းကို လွန်နေပြီ .."

"ဒါပေမယ့် ရိုးသားကြရင် ပြီးတာပါပဲ အန်တီ ..၊ ဘယ်အရာဖြစ်ဖြစ် ခုချိန်မှာ ဘုံ က တားလိုက်တာနဲ့ သူ တစ်မျိုးမြင်သွားမှာ .."

"ခက်တယ် .. ဒါမျိုးဆိုတာကလည်း နှစ်ဦးနှစ်ဖက် ထိန်းသိမ်းမှ ဖြစ်တာမျိုး .."

မချင့်မရဲစိတ်နှင့် ညည်းညူမိသည်။ သားက ဘုံ ကို လက်ထပ်စဉ်တုန်း ကလည်း မငြိုငြင် ..၊ လက်ထပ်ပြီးတော့လည်း ကတောက်ကဆ ဖြစ် ကြတာ ဘာမှ မမြင်ခဲ့ရဘဲ ..၊

"မာမီ ဘာပြောရမှန်းကို မသိတော့ဘူး သမီးရယ် .. သားနဲ့ သမီး တို့ အခြေအနေကိုပဲ ထပ်မေးရမှာပဲ၊ သမီးတို့ အိမ်ထောင်ရေး အဆင်မှ ပြေရဲ့လားကွယ် ..၊ ဒီမှာ ခွဲအိပ်နေတာတွေ ..၊ မာမီ ရောက်လာတိုင်း သား အိမ်မှာ ရှိမနေတတ်တာတွေကရော .. မာမီ သိထားသလိုမှ ဟုတ် ရဲ့လား .."

မေးပြန်ပြီ ..၊ ဘုံ မညာချင်ဘဲ ညာနေရတာမို့ စိတ်မချမ်းသာပါ။



www.burmeseclassic.com

ကိုယ့်ကို လက်မခံနိုင်တာတွေ ရှုတ်ပြပြီး သူ့ကို လက်ထပ်ရဲသလား
မေးခဲ့ဖူးသူ ..။ ကိုယ်ကလည်း ခေါင်းညိတ် စိန်ခေါ်ခဲ့၏။ ဒီအတွ
သူရောကိုယ်ရော အဆင်ပြေခဲ့တာပဲ ..။

"သမီးတို့ အဆင်ပြေနေကြတာ ဘယ်လိုပုံစံ ဘောင်ဝင်ပြီး ပြေ
ကြတာလဲ ..၊ မာမီ စိတ်ပူလာပြီ .. မရင်းနှီးခဲ့တာကို ဆုပ်ကိုင်ထား
ဒီတိုင်းပဲ ဘာသိဘာသာ နေသွားကြလို့တော့ မဖြစ်ဘူး သမီး၊ ဒီ
ဝင်လာတဲ့ မိုင်းရပ်စ်မျိုးကို အလွယ်တကူ သတ်နိုင်တဲ့ ဆေးဖ်ဝဲလည်
မရှိဘူး၊ ဒီမိန်းကလေးရဲ့ စိတ်ရင်းမှန်ကို သမီး ခုပဲ သဘောပေါက်သွ
ပြီ၊ ဘာဖြစ်လို့ လွတ်လပ်ခွင့်တွေ ပေးနေရတာလဲ .."

"သခင် ကလည်း ကလေးမှ မဟုတ်တာ အန်တီရယ် .. သိ
လည်း စိတ်ပူမနေပါနဲ့၊ ဘုံ က မိန်းမသားဖြစ်နေတဲ့အတွက် ဘုံ ဘက်
ကြိုးစားခွင့်ကလည်း ဒီလောက်ပဲ ရှိနိုင်တာလေ ..၊ နည်းနည်းတော
အချိန်ယူရမှာပေါ့ .."

"ဟုတ်ပါတယ် သမီးရယ် .. အိမ်ထောင်ရေး အဆင်ပြေဖို့အတွ
သမီးမှာပဲ တာဝန်ရှိတာ မဟုတ်မှန်း မာမီ သိပါတယ် ..၊ ဒါပေမ
ခက်ခဲတဲ့ကြားထဲကနေ ကြိုးစားပေးပါ သမီးရယ် .. မာမီတို့ရဲ့ ယုံကြ
မှုတွေကို ခိုင်မာနေပါရစေ၊ စီးပွားရေးကိုလည်း လုပ်၊ ကိုယ့်ရဲ့ ခင်ပွန်း
လည်း ဂရုစိုက်ပေးပါ၊ ဘာဖြစ်ဖြစ် မျှတမှုရှိနေမှသာ ရေရှည်ခိုင်မာတာ

ဘုံ က ခေါင်းလေးညိတ်၍ ငြိမ်သက်နေ၏။ သူမ ရင်ထဲ
ဘာတွေရှိနေနေ ဒေါ်ပန်းသီခိုင် ကတော့ ဆုံးဖြတ်ပြီးသားပါ။

ဘုံ့ လို မိန်းကလေးမျိုးကို ဆုံးရှုံးမခံနိုင် ..၊ သူမကိုပဲ ချွေးမအ
လက်ခံနိုင်သည်။ သူမကိုသာ သမီးလေးလို မြင်မြင်ချင်းပဲ မေတ္တာ
ဝင်ခဲ့သည်။

စည်းစိမ်ဥစ္စာတွေ ပါလာတာထက် ယဉ်ကျေးလိမ္မာသည့် အလိ
အိမ်ပါ ချွေးမကောင်းလေးတစ်ယောက်ကိုသာ အလိုရှိနေမိသည်။





ဘုံမြင့်စံ ဆိုသော သူမသည်သာ ကိုယ်နှစ်သက်သော သမီးနဲ့
တူသည့် ချွေးမမျိုး ဖြစ်နိုင်မည်ဆိုတာလည်း ယုံကြည်ခဲ့၏။

"ဒါတွေ ပတ်သက်တာကို ဆက်ပြောရမယ်ဆိုရင် မာမီ့ကို မာမီ
လို့ပဲ ခေါ်ပါကွယ် ..၊ မိဘလည်း အနီးအနားမှာ မရှိဘူးမို့လား ..၊ မာမီ
တို့ကို သမီးရဲ့ မိဘတွေလိုပဲ သဘောထားပါ၊ နောက်ပြီးတော့ ကိုယ့်ရဲ့
ခင်ပွန်းကို နာမည်ခေါ်နေတာလည်း သိပ်မကောင်းဘူး သမီး .."

ဘုံ့ မျက်တောင်ဖျားလေးတွေ ပင့်တက်လာသည်။ ဒေါ်ပန်းသီခိုင်
ပြုံး၍ ...

"ဒါတွေ အကုန်လုံး တစ်ပြိုင်နက် မဖြစ်နိုင်သေးတာကို မာမီ
သိပါတယ်၊ သမီး စိတ်ထဲမှာ ဒါလုပ်ရမယ်ဆိုတာ သိထားဖို့ပဲ .."

သခင် အိမ်ခွဲထွက်လာတာကိုပဲ ကျေးဇူးတင်ရမလိုပါ။ တစ်မိုး
အောက်တည်းမှာသာဆိုလျှင် နောက်ထပ် ပြုပြင် နေထိုင်သင့်သည့်
ဘယ်လိုအချက်အလက်တွေ တိုးပွားလာဦးမည် မသိ ..။

ကိုယ်က အသက်ပိုကြီးလို့ လူငယ်တစ်ယောက်ကို စည်းရုံးပြုပြင်
မည်ဆိုရင်တောင် ဤလူငယ်လေးက ကိုယ့်ရဲ့ခင်ပွန်း ဖြစ်နေသည်။

ကိုယ်က လိုချင်လွန်းလို့ မုန့်ပေးကြိုက်ခဲ့တာလည်း မဟုတ်၊ သူ့ကို
စိတ်ဒ်လုပ်နေရသည့် ဆရာမဆိုရင်လည်း တော်သေးသည်။

မွေးလာတည်းက ပခုံးနဲ့ မမျှအောင် ပါလာသည့် တာဝန်ဝတ္တရား
တွေက မပြီးနိုင်ပါလား ..။

သူမ ဘာမှားခဲ့လို့လဲ ..၊

www.burmeseclassic.com



## အခန်း (၂၂)

"ဟုတ်တယ် .. ခင်ဗျား မမှားဘူး ..၊ ကျွန်တော်ပဲ မှားတာ

"သိရင် ပြီးတာပဲ .."

သူ့မှာမှ ဒေါသ ရှိတာလား ..၊

လျှော်စရာတွေ ထည့်ထားသည့် အဝတ်ခြင်းကို ကောက်ယူ ဘုံ က အပြင်ထွက်သွား၏။ သခင် ပီကေဝါးရင်း မဲ့ရွဲ့ကျန်ရစ်ခဲ့သည်

ပြောလိုက်ရင် သင်းကပဲ ဆရာမကြီး ..၊

သွားစရာရှိလို့ သွားနေတာ ..၊ သွားလာနေချင်လို့ပဲ မိဘအ အောက်ကနေ ရအောင် ခွဲထွက်ခဲ့တာ ..။

"မင်း လုပ်ချင်ရာ လုပ် ..၊ ငါ့ကိုတော့ မထိခိုက်စေနဲ့" တဲ့

"မင်း လုပ်နေတာတွေကြောင့် ငါ့ကို အရိပ်ထိုးလာပြီ၊ ငါ့အတွ နဲ့ မင်းအပေါ်မှာ အရိပ်မည်း ကျခဲ့ဖူးသလား" ဆိုတာက ပါသေးသည်

ဒီကောင်မလေးကရော ဒီထိ ဘာလိုက်လုပ်တာလဲ ..။

ရင်ချစ် ..၊

အများအမြင်မှာတော့ ကိုယ့်ကိုပဲ တမ်းတမ်းစွဲနေသလိုလို တကယ်တမ်းကျတော့ တစ်ယောက်ပြီးတစ်ယောက် တွဲနေတာ မ ချင်မှ အဆုံး ..။





သူမနဲ့ ချစ်သူဖြစ်ခဲ့ဖူးစဉ်က သူမက သေးညှပ်ညှပ် ..၊ ကိုယ့်ပခုံး လောက်ပဲရှိလို့ လိုက်ဖက်ညီအောင် ကိုကို လို့ ခေါ်ပါ ပြောဖူးသည်။

ခေါ်တော့ ခေါ်ပေမယ့် နောက်ပြောင်သလိုလို ..၊ တကယ် ခေါ် သလိုလို..၊ ပြီးတော့ သခင် ဖြစ်သွားလိုက် .. နင်တွေ ငါတွေ ဖြစ်လိုက်..။

ခုကျတော့ 'ကိုကို'ဆိုတာတွေ မှိုးမွှန်အောင် ခေါ်သွားသည်လို့ ဆမီက ပြောသည်။

ဘယ့်နှယ် ..၊ ဒီအိမ်ထိ လိုက်လာတဲ့လူက လာလို့ ..၊ အဆင်သင့် ရှိနေတဲ့ မာမီနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် ..။

ဖုန်းဆက်ပြောသည့် မာမီဒေါသတွေ ပစ်မှန် အိမ်ပြန်လာခဲ့တာ..၊ ဒီရောက်တော့ ဒေါ်ဘုံမြင့်စံ ပွားနေလိုက်တာ မပြီးနိုင် ..။

"ဟဲ့ .. ဖုန်းလာနေတာ ဆူညံနေတာပဲ .. မကြားဘူးလား .."

တွေးနေတုန်း ဘွားခနဲ မြင်လိုက်ရသဖြင့် အကြည့်ချင်း ဆုံသွား တာ စစ်တိုက်တော့မယ့်အတိုင်း ..၊

"ဟာလို .."

"ကိုကိုရှိလား မမ .."

"ဟင် .. ဘယ်သူလဲ .."

"ရင်ချစ် ပါ မမ .."

"ရင်ချစ် .. အင်း .. ရှိတယ် ညီမ ..၊ ခဏ ကိုင်ထားနော် .."

သူ့ကို ပေးမလို့ နားကခွာလိုက်တာနှင့် သခင် က ဖုန်းကို ဆွဲပိတ် လိုက်ကာ ...

"သူများဖုန်းကို ခင်ဗျားက ဘာဖြစ်လို့ ဝင်ဖြေရတာလဲ .."

"မင်း ရိုင်းလှချေလား .."

"ဟုတ်တယ် .. မေးတာကို ဖြေစမ်းပါ ..၊ အဲဒီကောလ်ကို ဒီက ချင်မှန်း မသိ ..၊ မဖြေချင်မှန်း မသိ ..၊ လူကို လာပေးတာ လက်ထဲ တ်အောင် မပေးဘဲနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းလက်ထဲ မထည့်ခင် ပြုတ်ကျသွားရင် ဘယ်လို လုပ်မလဲ… အရေးကြီးတဲ့ဖုန်းဆိုရင် ကိုယ်က ပြန်ခေါ်ရမှာလေ၊ မလိုအပ်ဘဲ ပိုက်ဆံကုန်တာပေါ့ .."

"ဟား!… ခင်ဗျားဗျာ .."

တမင် ကဲ့ရဲ့နေသည့်မျက်နှာကြီးက သိသာစွာ ပိုမို ရှုံ့တွသွားလျက် …

"ဒီလိုပုံစံနဲ့ ဒီလောက်ကပ်ဖဲ့သပ်တာ မထင်ရဘူး .. တကယ်.."

"မင်းကိုလည်း အံ့သြလွန်းလို့ပါ …၊ ဖုန်းတွေ တစ်နေ့လုံး တစ်ညလုံး လာတယ် …၊ လာသမျှ မိန်းကလေးတွေချည်းပဲ .."

"ရည်းစားတွေလေ .."

"သိတယ်လေ .. အဲဒါတွေကို ဒီလောက် ဝါသနာပါနေတာ … မကိုင်ချင်တဲ့ဖုန်း ရှိနေလိမ့်မယ်လို့ ထင်ပါ့မလား …၊ ဖုန်း သုံးလေးလုံးကိုင်ပြီး အကုန်လုံး ပြန့်ကျဲနေအောင် ထားတယ် …၊ မသိဘူး .. နောက်တစ်ခါ ငါ့ရှေ့မှာ ဖုန်းမြည်နေရင် နံပါတ်တွေ အကုန် ပြောပေးလိုက်မယ်၊ ကိုင်ချင်တဲ့ဖုန်းကို ကိုင် …၊ ကိုယ့်ဘာသာ ဆုံးဖြတ် .."

ဘုံ စိတ်တိုနေပြီဆို မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားကာ မေးများလေးပါ မသိမသာ ပင့်ထားတတ်၏။ ထို့ပြင် မျက်ဝန်းထောင့်လေးတွေမှာ ကော့နေသည့် မျက်တောင်ဖျားလေးတွေကိုလည်း မြင်လာရတတ်သည်။

ထို့ကြောင့် ရန်တွေ့ပြီဆို မိန်းမငယ်လေးတစ်ယောက်လိုပင် …

ဖျတ်ခနဲ လှည့်ထွက်သွားလျှင် ဆံပင်တစ်ချက်သပ်၍ လက်ဆန့်ချလိုက်ပုံက ကလေးဆန်၏။

သူမနဲ့ စကားများ ရန်ဖြစ်ရပြီဆိုလျှင် ပြောဆို ပြီးဆုံးသွားတာနှင့် ဒေါသတွေ .. စိတ်တိုတာတွေလည်း ရင်ထဲမှာ ဘာမှမကျန်ခဲ့တာ ထူးဆန်းသည်။





ဘုံ ထွက်သွားတာကို လိုက်ကြည့်နေပြီးမှ အပြင်ကို ထွက်လာခဲ့ရင်း …

"ဒေါ်ဘုံမြင့်စံ .."

"ပြော .. ပြော .."

အော်ခေါ်လိုက်တော့ သူမက အော်ထူးသည်။

"ညနေကျရင် သူငယ်ချင်းတွေ ပါလာမှာ …၊ သုံးယောက်စာ စားသောက်ဖို့ တစ်ခုခု လုပ်ပေးဦး .."

"ဟိုတယ်လ်က မှာပေးမယ်၊ တို့ ဘာမှ မလုပ်တတ်ဘူး၊ အားလည်း မအားဘူး၊ တကတည်း လျှော်စက်နဲ့ အဝတ်လျှော်ရတာတောင် ဖြောင့်ဖြောင့်တန်းတန်း မပြီးတာကို .."

"ခင်ဗျား .. ဖြောင့်တန်းတာ တစ်ခုခုရှိရင် ပြော …၊ ဆုချမလို့.."

"မင်းပေးတဲ့ဆုကို မလိုချင်လို့ကိုပဲ .. ကန့်လန့်တိုက်နေမှာ .."

တစ်ယောက်နဲ့တစ်ယောက် မမြင်ရဘဲ လှမ်းအော် ရန်ဖြစ်နေကြရင်း သခင့် မျက်နှာ ပြုံးစိစိ ဖြစ်လာသည်။

ဒေါ်ဘုံမြင့်စံ ဆိုသည့် အမျိုးသမီးနဲ့ ရန်ဖြစ်ရတာ ပျော်ဖို့တော့ ကောင်းသား …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"သခင့် ပုံစံ ကြည့်ရတာ မျက်နှာမှာ ဘယ်လို ပူပင်မှုမျိုးမှ ရှိမနေသလိုပဲနော် .."

"ဟင် .. ဘာကိုလဲ .."

"မိဘပေးစားသူနဲ့ ယူလိုက်ရတာ၊ ဘယ်သူက ပျော်နေနိုင်မှာလဲ.. သခင် ဆို ပိုမဆိုးဘူးလား၊ ချစ်သူတွေ ထည်လဲ ရှိနေတာလေ .."

သူမအတွက် ကော်ဖီပန်းကန်လေး ရွှေ့တိုးပေးရင်း သခင် က ပြုံးသည်။

"ချစ်သူနဲ့ အိမ်သူ မတူနိုင်ဘူးလို့ အစတည်းက တစ်ကန့်စီ ထားခဲ့တာဆိုတော့ သိပ်တော့ မပင်ပန်းပါဘူး၊ ပြီးတော့ သူက လူကြီးဆန်တယ် ..၊ ကိုယ်တို့က မောင်နှမလိုပဲ နေကြတာ .."

"ဟုတ်မှာပေါ့ .. အသက်လည်း တော်တော်ကွာတယ်မို့လား .."

"ဒီလောက်လည်း မဟုတ်ပါဘူး၊ ကိုယ် လက်ခံနိုင်လောက်စရာမို့လို့လဲ လက်ထပ်တာပေါ့ နှယ် ရယ် .. ဘာဖြစ်လို့ ဒါကို စိတ်ဝင်စားနေတာလဲ .."

"သခင့် ကို စိတ်ဝင်စားလို့လေ .."





နှယ် က ခပ်ရဲရဲစိုက်ကြည့်ပြီး ဖြေသည်။ ပြီးမှ မျက်နှာလွှဲ၍ ပြုံး၏။

"ဟွန်း .. လက်ခံနိုင်လောက်စရာက လက်ထပ်ပြီး မောင်နှမလို နေကြဖို့လား ..၊ သခင် တို့ကို နှယ် တစ်ယောက်တည်း စိတ်ဝင်စားတာ မဟုတ်ဘူးနော် ..၊ အားလုံးပဲ .."

"ဟုတ်လား .. ဘဝင်တောင် မြင့်ချင်လာပြီ၊ ကိုယ်ကတော့ ဒီလမ်းအသွားရင် ဒီနေရာကို ဖြတ်ရမှာပဲဆိုတဲ့အသိ ရှိထားလို့ ထင်တယ်..၊ လက်ထပ်လိုက်ရတဲ့အတွက် ဘာမှ ထူးခြားမသွားခဲ့ဘူး .."

"သခင့် အမေကလည်း ဒီလို အသက်ကြီးကြီး ပုံတုံးတုံးနဲ့ မိန်းမဆိုရင် အောက်သက်ကျေမယ်၊ အလိမ္မာအိမ်ပါ ဖြစ်မယ်လို့ တွက်တာနေမှာပေါ့နော် ..၊ ဒီတိုင်း မှန်သွားရင်တော့ ကောင်းပါတယ်"

"မမှန်ဘူး .."

"ဟင် .. ဘာမမှန်တာလဲ .."

"အလိမ္မာအိမ်ဝါ ဖြစ်ချင်ဖြစ်မယ် ..၊ ဒါပေမယ့် အောက်သက်ရောအထက်သက်ရော ဘာမှ မကျေဘူး .."

"ဘယ်လို .."

"တကယ်ပြောတာ .. ဘုံ က ဘာမှ မချက်တတ်ဘူး၊ ကိုယ်ကလည်း ထင်သလို သွားနေတော့ သူ့တစ်ယောက်တည်းဆိုရင် အသားတွေ၊ အသီးအရွက်တွေ နုပ်နုပ်စဉ်းပြီး ထမင်းပေါင်းအိုးထဲ တစ်ခါတည်း ထည့်ချက်တာ .."

"ဟယ်!... ဟုတ်လား .."

"တစ်ခါတလေ အိမ်ပြန်ရောက်မှ ဗိုက်ဆာရင် ဘယ်အိုးဖွင့်ကြည့်ကြည့် ဘာမှ မရှိဘူး၊ ထမင်းပေါင်းအိုးထဲမှာပဲ အဲဒါတွေ ရှိတယ်.."

"သခင် ရယ် .. ဘယ်လိုကြီးလဲ သူက .."

ပြောစရာ တွေ့သွားသဖြင့် နှာခေါင်းလေး ရှုံ့မဲ့လိုက်သည်။ ဒါပေမယ့် သခင့် ရယ်နေပုံက သဘောမနောခွေ့နေတဲ့အတိုင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူး နားထောင်ဦး ..၊ အဝတ်လျှော်ပြီဆိုရင်ရော ဘယ်လိုလဲ သိလား ..၊ အဝတ်ထည့်ပြီး ဆပ်ပြာမပါဘဲ ဒီတိုင်း လျှော်တယ်၊ အင်ဂျင်ဝိုင်နဲ့ ဆပ်ပြာရည် မှားထည့်တယ်၊ အဲ့ဒါ ခဏခဏပဲ .."

"ဟုတ်ရဲ့လား ..၊ သူ့ အာရုံကြော တစ်ခုခုများ ချို့ယွင်းနေတာလား .. ဟင် .."

သခင် က အသံထွက်အောင် ရယ်၍ ကော်ဖီခွက်ကို ကိုင်သည်။ အရယ်ရပ်ပြီးမှ မော့သောက်၍ ...

"ကိုယ်တောင် အံ့သြနေတာ ..၊ သူ့အလုပ် သူလုပ်နေရင် အရမ်းတိကျသေသပ်တာတဲ့၊ ဒက်ဒီ ပြောနေတာပဲလေ ..၊ လူတစ်ယောက်မှာ အားနည်းချက် တစ်မျိုးမျိုးတော့ ရှိတတ်ကြတယ်ဆိုတာမျိုးပေါ့ .."

"ဒါဆို သူက ဘာတွေ တော်နေလို့ သခင့် မိဘတွေက မက်မောနေတာလဲ .."

"ဘယ်သိမလဲ .. ဒါပေမယ့် ကိုယ်လည်း သူ့ကို ခင်တယ် .."

"ကြောင်တောင်တောင် ဂေါက်တောက်တောက် ဒီလောက် ဖြစ်နေမှတော့ ရယ်စရာကြီးကိုး .."

တစ်ခုမှ မလွတ်အောင် ထောက်ပြ ဝေဖန်လိုက်ပြီး ကော်ဖီသောက်သည်။ သခင် ကတော့ ပြုံးနေဆဲပါ ...။

ဘုံမြင့်စံ အဲဒီလို ကြောင်တောင်တောင်နိုင်တာ မဟုတ်မှန်း သူသိနေသည်။ ဘယ်တုန်းကမှ ဖိဖိစီးစီး စိတ်မဝင်စားခဲ့သည့် အိမ်ဗာဟီရတွေကို အိမ်ထောင်ကျကာမှ ထည့်သွင်းစဉ်းစားနေရသဖြင့် စီးပွားရေးက တစ်ဖက် ..၊ အလုပ်တွေက တစ်ဖက်နဲ့ သူမ ရှုပ်ထွေးနေတာ ဖြစ်သည်။

နွယ် မေးသည့် မေးခွန်းကလည်း မှန်နေတာပဲမို့ သိချင်ရင်တော့ မာမီတို့ကိုပဲ ပြန်မေးရမှာပါ ..။

ဒေါ်ဘုံမြင့်စံ ကို ချွေးမတော်ချင်ခဲ့ရသည့် အကြောင်းအချက်က ဘယ်လိုအရည်အချင်းကောင်းတွေကြောင့်လဲ ဆိုတာ ..။





"ဟား!... မျက်နှာချင်းဆိုင်လို့ပါလား ..၊ ဘယ်တုန်းတည်းက ရောက်နေတာလဲ .."

နှစ်ယောက်တည်း ထိုင်နေသည့်စားပွဲကို ကျော်သက် တို့ ရောက်လာတော့ ပွဲစည်သွား၏။

"မွေးနေ့ရှင်က ကေတ္တ လူရွေးပြီး အချိန်ပိုင်းနဲ့ဖိတ်တာ ထင်တယ်"

"ဟုတ်မှာပေါ့ .. တို့လည်း နောက်မကျပါဘူး .."

ကျော်သက် တို့ရဲ့နောက်မှာ မိန်းကလေးနှစ်ယောက် အသံက ဆက်တိုက်ပါလာသည်။ နွယ် က လှည့်ကြည့်ပြီး ကော်ဖီပန်းကန်ကို မြှောက်ပြကာ ...

"ဘာမှ မမှာရသေးဘူး၊ ဒီမှာ ဗိုက်ဆာလို့ ကော်ဖီသောက်နေတာ.."

"အေးပါ .. ခုလည်း မဆာတော့ဘူးမို့လား ..၊ အကြည့်ချင်းဆုံပြီး ပြည့်ဝနေကြတာ .."

နွယ် က သခင် နဲ့ ချစ်ခဲ့ဖူးသူမို့ သူမတို့ သုံးယောက်နဲ့က ရင်းနှီးကြပြီးသား ..၊ ဒီစားသောက်ပွဲကလည်း နွယ် ရဲ့ မွေးနေ့အထိမ်းအမှတ်ပွဲ ပဲ ဖြစ်ကာ ...

"နွယ် ကတော့ မမေ့တာ သေချာပါတယ် ..၊ မွေးနေ့ရောက်တာနဲ့ ဖိတ်ဖို့ သတိရလိုက်တာ .. သခင့် ကို တန်းခနဲပဲ .."

ချစ်သဲ က မျက်စလေးပစ်၍ မသိမသာ မေးဆတ်ပြသည်။ နွယ် နဲ့ သခင် မျက်လုံးချင်း ဆုံသွားကြ၏။ ပြီးတော့ ပြိုင်တူ ပြုံးမိကြရင်း မျက်နှာလွှဲ၏။

"ဒါပေါ့နော် .. အချစ်ဆိုတာ .."

"တော်ပါ ချစ်သဲ ရယ် .. ငါ အလကားနေရင်း ငရဲအုံ့တွေကြီးနေဝါ့မယ်"

"ဟုတ်တယ် ချစ်သဲ .. သခင့် ကိုလည်း မစော်ကားနဲ့ ..၊ သူ့ လေဒီကြီးကိုလည်း ထည့်တွေး၊ ပြောမှားဆိုမှား ဖြစ်ကုန်ရင် ငရဲကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



နော် ..၊ ငါတို့အားလုံးထက် အသက် ဘယ်လောက်တောင် ပိုကြီးမလဲ မသိဘူး၊ ရိုစီ တို့အဖေနဲ့မှ လုပ်ငန်းတူ မိတ်ဆွေတွေဆိုတော့.."

"ဖေဖေ ချီးမွမ်းခန်းဖွင့်နေတာ သူ့ကိုမှန်း မသိဘူး သိလား .. အရမ်းတော်တာတဲ့ ..၊ ငယ်ငယ်တည်းက မိဘနဲ့ အတူတူ မနေခဲ့ရတာ ဆိုပဲ၊ ကိုယ့်အားကိုယ်ကိုး .. ကိုယ့်ဒူးကိုယ်ချွန်ခဲ့တဲ့ မိန်းကလေး စုံနေ တာပါပဲ၊ သူ ဝန်ထမ်းဘဝတည်းက အလုပ်လုပ်တာ သေချာလွန်းလို့ ဘယ်ဇာတ္တမွဏီကမဆို ဘုံမြင့်စံ ဆိုရင် သူ့ဆီ ရောက်လာမလား၊ ငါ့ဆီ ရောက်လာမလား .. အားလုံးက အိုခေ ပဲတဲ့ .."

"ဒါဆို .. သက်တော် ဘယ်လောက်ရှိမှန်း မသိရတဲ့ ဝါရင့်ပုဂ္ဂိုလ် ကြီးပေါ့ .."

မိန်းကလေးတွေ စည်းရုံးဝေဖန်သံတွေက ကြာလေ နားဝင်မချို ဖွယ်တွေ ဖြစ်လာရလေ ..၊ ကျော်သက် တို့ မျက်နှာပူသလို ဖြစ်လာခဲ့ လျက် သခင့် ကို လှမ်းကြည့်ကြသည်။

သခင် က အပြုံးမပျက် ရှိနေ၏။

"သခင် ကတော့ သူ့အသက် ဘယ်လောက်ရှိလဲ သိမှာပေါ့ .."

"သိတယ် .."

"အသက် ဘယ်လောက်ရှိရှိ မမဘုံ က လှပါတယ်"

ကျော်သက် မနေနိုင်တော့ဘဲ ဝင်ပြောမိသည်။ ကောင်းဇော် က လည်း ရယ်ကျဲကျဲ မျက်နှာနှင့် ...

"ကြည့်ရင် သခင် နဲ့လည်း လိုက်တယ်၊ ဒီကောင် အရပ်မြင့် သလောက် မမဘုံ ကလည်း မြင့်တယ်၊ မျက်နှာလေးကလည်း နုနု ဖတ်ဖတ်လေးပါ၊ အသက်ကွာတယ်ဆိုပေမယ့် အဆင်းရော အချင်းရော ဘာမှ ပြောဖို့ မရှိဘူး၊ အပွန်း .. အန်တီတို့က သူ့သားလေးအတွက် တော့ ဖွယ်ဖွယ်ရာရာ စီစဉ်ထားတာပါ .."

"ကေန္တ .. ယူတို့လည်း လေဒီကြီးနဲ့ အဖွဲ့ကျခဲ့ပြီ ထင်တယ်၊





ကွတ်လား .. ကိုယ်ထင်ရင် 'ခုတင် ရွှေနန်း'လေ .."

နွယ် က ဘာမှ မပြောရဘဲ ချစ်သဲ တို့ကချည်း ဖွဲချဖို့ ပြင်နေသည်။ ဘတယ်ဆို ရည်းစားတစ်ယောက် မပြတ်သေးဘဲ သူမကို ချစ်ခဲ့ရလား ဆိုပြီး မာန်မာနအပြည့်နဲ့ ဖြတ်တောက် ကျောခိုင်းသွားခဲ့တာ နွယ် ပဲ ဖြစ်သည်။

သခင် နဲ့ နှင်းဆီနက် ချစ်သူဖြစ်သွားတုန်းကလည်း မထိခလုတ် စကားတွေနဲ့ နေရာတကာ ဟိုမှာတွေ့ .. ဒီမှာ ဆုံ၊ အမှတ်တမဲ့လား .. အခင်တကာလား ..။

ခဏခဏ ပက်ပင်းတိုးခဲ့တာတွေ ရှိခဲ့သည်။ တွေ့လိုက်တိုင်း သူမ ဆီက အုပ်စုလိုက်ကြီးဖြစ်ကာ ဤသို့သော စကားတို့ဖြင့် ..၊

"ဒါပေါ့လေ .. လူတွေက လိုလားနေရင် အသံတစ်မျိုး၊ မလိုလား ရင် တစ်မျိုး ပြောကြတာပဲ .."

ချစ်သဲ ထံမှ မချင့်မရဲ ရှုတ်ချသံလေး ထွက်လာသည်။

"ချစ်သဲ ရယ် .. တော်ကြာ တို့က မလိုလားလို့ပြောတယ် ဖြစ်ပါ့ မယ်၊ နင့်စကား သွားလာပုံကြီးက .."

ရိုစီ က ဝင်ပြောလျှင် နွယ် ကပါ မျက်စောင်းလေးထိုး၏။

"တော်ကြတော့ ..၊ သူ့ဟာသူ အမေအရွယ်ကြီးနဲ့ ယူယူ ငါတို့နဲ့ ဘာဆိုင်လို့လဲ ..၊ အခု တွေ့ကြတာက ဘော်ဒါကျွှာပဲ .."

"ဟုတ်ပါတယ် .. လွတ်လွတ်လပ်လပ် ဆွေးနွေးတိုင်ပင်ကြတာ ပါ၊ မပိတ်ပင်ပါနဲ့ .. ပြောပါစေ .."

သခင် က အပြုံးမပျက်ဘဲ လမ်းဖွင့်ပေးသည်။ ဒါပေမယ့် ဘယ်သူ မှ ဘာစကားမှ မစတော့ပေ ..။

စကားသံတွေ ခဏပြတ်တောက်ကုန်ကာမှ စားစရာမှာဖို့ သတိရ ကာ သခင့် မျက်လုံးတွေ ဟိုရောက်ဒီရောက် ဖြစ်သွား၏။ ထိုစဉ်... ဘုံ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ မလှမ်းမကမ်းမှာ ဘုံမြင့်စံ ရှိနေ၏။ သူမက အပေါ်ထပ်မှ ဖြစ်ကာ အမျိုးသားတစ်ယောက်နှင့် ဘာတွေပြောဆိုနေသည် မသိ ...

ကြက်သွေးရောင်ရင့်ရင့် ဇာအပွင့်ကျဲအင်္ကျီက သူမရဲ့ ပါးမို့ထွေး ကိုပါ ပန်းရင့်ရောင် သမ်းနေစေ၏။ အောက်ကနေ ပင့်ကြည့်နေသဖြင့် မျက်တောင်တိုစိပ်စိပ်လေးတွေ ထူနက်နေတာကိုလည်း မြင်နေရသည်။

သူမ အပေါ်စီးကနေ လှမ်းမြင်နေသလား ..၊ မမြင်ဘူးလား ..၊

သခင် မျက်နှာလွှဲပစ်လိုက်သည်။ ဒါပေမယ့် ဖျတ်ခနဲ ပြန်ကြည့် မိ၏။ သူမ မတ်တတ်ရပ်လိုက်တာမြင်လျှင် မျက်နှာပြန်လွှဲထားလိုက် သည်။

မကြာခင် ဆင်းလာတော့မှာကို သိလိုက်သလို ဒီရှေ့ကနေ ဖြတ် သွားမှာပဲ ဖြစ်သည်။ ဒီစားပွဲမှာရှိသမျှ လူအားလုံး သူမကို သိနေကြ သဖြင့် ဘုံ နဲ့ သူ ဘယ်လို ဆက်သွယ်ချက်မျိုးနဲ့ နှုတ်ဆက်ရမလဲဆိုတာ တွေးလိုက်မိသည်။

"ဟော .. ဟိုမှာ မမဘုံ ကွ ..၊ သခင် .."

"ငါ မြင်သားပဲ .."

ကောင်းဇော် က လက်တို့ပြပြီးမှ ..၊ သခင် က မြင်ပြီးသားဆိုတော့ အံ့ဩသည့်မျက်နှာကြီးနှင့် ..၊

"သူ့ဘေးက ဘဲကို ငါ သိတယ် ..၊ အဲဒါ TCM ကုမ္ပဏီက Mr. ဦးဇော်နိုင် ..၊ လူပျိုကြီးပဲကွ"

ပြောနေရင်း သူ့နားနား ကပ်လိုက်ကာ ...

"မမဘုံ နဲ့ သက်တူရွယ်တူပဲ ထင်တယ်၊ အဲဒီဘဲကလည်း မင်းလို ပဲနော် ..၊ ချူချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ရုပ်ရှိ ရေလျှံ .."

နှစ်ယောက် အတူတွဲလျှောက်လာကြတာကို သခင် တို့ သုံး ယောက်က မြင်လို့ ပြောကာမှ နွယ် တို့က လှည့်ကြည့်ကြသည်။

တကယ်တမ်းကျတော့ လှတာနဲ့ ယဉ်တာက တခြားစီပါ။ ဝတ်





သတ္တိတစ်မျိုးစီနှင့် လှနေကြတာချင်း တူရင်တောင် ယဉ်နေတဲ့ ကိုယ် ပေါ်မှာ အကြည့်တွေရောက်ပြီဆို မခွာနိုင် ..။

ကိုယ်လုံးလှသည့် မြန်မာမိန်းကလေးတို့အတွက် မြန်မာဝတ်စုံ အလှလေးတွေကသာ နဂိုအလှကို ပို၍ ထူးခြား ပေါ်လွင်စေတာမှန်း ကြည့်တတ်တဲ့သူကတော့ သိမှာပါ ..။

ကျော်သက် တို့ မျက်လုံးအပြူးသားနှင့် လှမ်းငေးနေတာကို ချစ်သဲ တို့က မဲ့ရွဲ့နေ၏။

အားလုံး၏ မသိစိတ်သည် သူမ ဒီနားရောက်လာလျှင် တစ်ခုခု ပြောဆိုဖြစ်မည်ထင်ခဲ့ကြကာ ခဏလေး ငြိမ်သက် နားစွင့်နေခဲ့သော် လည်း ...

"သွားပြီဟ .."

"သခင် .. မင်းနဲ့ ရှော့စ်ရှိလို့လား .."

"မရှိပါဘူး ..၊ နှုတ်ဆက်ဖို့လည်း လိုမှ မလိုတာ၊ သူ့မှာလည်း တွဲသည်နဲ့ .. ငါလည်း ကိုယ့်အဖွဲ့နဲ့ ကိုယ် .."

"ဒီလို မပြောပါနဲ့ ..၊ ငါတို့က သူငယ်ချင်းတွေ အဖွဲ့လိုက်ကြီး..၊ သူ့လေဒီက အတွဲနဲ့ .."

"ဟား .. ဟား .. ဟား ..."

ချစ်သဲ ပြောတာကို သခင် က အားပါးတရ ထရယ်သည်။

"ဘာရယ်တာလဲ .."

"အတွဲနဲ့ဆိုလို့လေ .."

"ယူက မထင်လို့လား ..၊ ဟိုဘဲရဲ့ မျက်နှာကြီးပေါ်မှာ လိုက်လျော ညီညွတ်ဖြူချင်နေတဲ့ မြတ်နိုးမှုတွေမှ အများကြီး ..၊ သူတို့ကမှ သက်တူ ရွယ်တူလေ .."

ချစ်သဲ တို့ လူစု၏ သဝန်တို ရှုံ့ချမှုတွေက သိသိသာသာ ..။

ဒီထဲမှာမှ ချစ်သဲ တစ်ယောက်က ဒိုင်ခံ ..၊



www.burmeseclassic.com

www.burmeseclassic.com



"အတွဲပဲဖြစ်ဖြစ် .. လက်ချင်းပဲချိတ်ချိတ်လေ ငါ့ကိုလည်း လွှ
လစ်သလို နေဖို့ သူ ကြည်ဖြူထားတာပဲ၊ သူ့ဟာသူ ဘယ်သူနဲ့တွဲ
ဘာပြောစရာ လိုလို့လဲ .."

ချစ်သဲ က နှယ့် မျက်နှာကို လှမ်းကြည့်သည်။ နှယ် က မျက်
လေးပင့် နှုတ်ခမ်းမဲ့ပြ၏။

မွေးနေ့ အထိမ်းအမှတ် စားသောက်ပွဲက အစချီနေရင်း ကြန့်ကြ
နေခဲ့ရကာ စားသောက်ရတော့လည်း မစိုပြေ ..။

နှယ် တို့ မျက်နှာ ရွှံ့မဲ့မဲ့လေးတွေ မပြေခဲ့သလို သခင် က အ
မပျက် ..။ မျိုချရင်း လည်နင်နေရတာက ကျော်သက် တို့ ဖြစ်၏။

မွေးနေ့ရှင်က စေတနာ မရှိတော့လို့လား ..။





အခန်း (၂၄)

"မနက်က ခင်ဗျား ကျွန်တော်တို့ကို မတွေ့ဘူးလား .."

"အင်း .. တွေ့တယ်လေ .."

"ဘယ်တုန်းတည်းက တွေ့တာလဲ .."

"မင်းနဲ့ ကောင်မလေးတစ်ယောက် ထိုင်နေတည်းက .."

ဒါဆို မခေါ်ချင်လို့ မခေါ်တာ ရှင်းနေတာပဲ ..။

ဂိမ်းဆော့နေပေမယ့် စိတ်က ထိုမနက်ဆီ ရောက်သွား၏။ ဘုံ
တည်း မီးပွတိုက်ပြီးသားအကျီတွေ ဗီရိုထဲထည့်နေတာ ဖြစ်ကာ
စကားပြောနေကြပေမယ့် တစ်ယောက်နဲ့တစ်ယောက်က ကျောခိုင်း
လျက်သား ..၊

"မင်း ဒီနေ့ ဘယ်မှ မသွားဘူးလား .."

"ဘာလုပ်မလို့လဲ .."

"ရေလမ်းဦးစီးနဲ့ သွားတွေ့စရာရှိလို့ ..၊ ကားက ပျက်နေတယ်"

"ပျက်မှာပေါ့ အစုတ်ကြီးမဲ့ဟာ .."

"မင်း လိုက်ပို့ပေးမလား .."

"မပေးနိုင်ပါဘူး .. မာမီ့ဆီ ဖုန်းဆက်လိုက်ပေါ့၊ ဒရိုင်ဘာနဲ့
ကားတစ်စီး လွှတ်ပေးလိမ့်မယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဇီနိုကို အသာလေးပြန်စိတ်လိုက်ပြီး ဘုံ က သူ့ဆီလျှောက်လာကာ
"ကိုယ့်ဘာသာ ခွဲထွက်နေပြီးမှ လိုအပ်တာရှိတိုင်း ဖုန်းဆက်နေ
မလား သခင် ရယ် .. မဟုတ်တာ .."

"မဟုတ်တာ ဘာမှမရှိဘူး ..၊ ခင်ဗျားဘာသာ မာနကြီး တစ်
သားနဲ့ ဒီကားစုတ်မှ ဒီကားစုတ် ဖြစ်နေတာ ..၊ အိမ်မှာ ခေါင်းရင်းတ
ခြမ်းလုံး ကားတွေ ထားစရာတောင် မရှိဘူး .."

"မင်း မသိပါဘူး သခင် ရယ် .. အန်တီက တွေ့လိုက်တာနဲ့
မဖြေနိုင်တာတွေချည်း မေးနေတာ .."

"ဩော် .. ခင်ဗျားက မာမိနဲ့တောင် မတွေ့ချင်ပြန်ဘူးလား
သခင် က မော့မကြည့်ဘဲ ဂိမ်းဆော့ရင်း ခွန်းတုံ့ပြန်နေသည်
ဘုံ က ဘေးမှာ လက်ပိုက်လေး ရပ်နေ၍ ...

"မင်းက ရင်ဆိုင်ရတာမှ မဟုတ်တာ၊ နေပစေတော့ .. ကိုယ်
ဘာသာ တက္ကဆီပဲ ငှားသွားတော့မယ် .."

ဘုံ လှည့်ထွက်သွားမှ သခင် က လည်ပင်းလိမ်အောင် လှည့်ကြည့်
သည်။ သူလည်း ကျော်သက် တို့ ဖုန်းဆက်ရင် အမြန်ရောက်သွား
ရှိသည်။ သူမနဲ့ အချိန်တိုက်နေမလားလို့ တွေးမိကာ ...

"ဘုံ .."

တော်တော်လှမ်းသွားမှ သူ ထလိုက်သွားခဲ့ရင်း ...

"ခင်ဗျားက ဘယ်သွားမှာလဲ ..၊ ကျွန်တော် အပြင်သွားစရာ
ရှိတယ်၊ လမ်းကြောင်းတူရင် လိုက်ခဲ့လေ .."

"နေပစေတော့ ရတယ် .. ငါ မင်းနဲ့လည်း မလိုက်ချင်ပါဘူး
ပေါ်တင်ကြီးပါလား ..၊

သခင့် မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။ ဘုံ ကို ကြည့်လိုက်
တော့ အေးဆေး ..။

နေလိုက်ပေါ့ ..၊





တစ်ယောက်တည်း ပန်းတွန့်ပြုံးမိရင်း ထမင်းစားခန်းထဲ ဝင်ခဲ့မိ
သည်။ ဘာမှရှိမှာ မဟုတ်မှန်း သိပေမယ့် ရှိသမျှ အိုးတွေ လျှောက်ဖွင့်
ကြည့်မိသည်။

ဒီနေ့ကျမှ ဘာဖြစ်လို့ ဆာဆာလောင်လောင် ဖြစ်နေမှန်း မသိ..၊
နှုန်းဆက်မယ့်ကောင်တွေရော ဘာဖြစ်လို့ မဆက်ကြတာလဲ ..။

ဒီတစ်ခါတော့ ပေါင်းအိုးထဲမှာ ထမင်းက ဖွေးဖွေးသန့်သန့်လေး
နေလျက် ..၊ အိုးလုံးသေးသေးလေးထဲမှာ အရွက်စိမ်းစိမ်းတွေရော ..
အယားအသားလုံးတွေရော .. ဘာတွေလဲ ..။

ကြေးအိုးချက်ထားတာလား ..၊ ခေါက်ဆွဲပြုတ်လား ..။

အိုးကို 'မ'ယူပြီး နမ်းကြည့်လိုက်တော့ အဆင်းသာလှပြီး အချင်း
ပေါ်သည့် ဟင်းက ပြုတ်စော်နံနေသည်။

အိုးကို ပြန်ချထားလိုက်ရင်း သခင့် မျက်နှာ ရှုံ့မဲ့နေ၏။ မီးဖိုချောင်
ဝင်ကာမှ ဗိုက်ဆာနေတာက ပိုပြီး သိသာလာသည်။

နောက်ထပ် ဘယ်အိုးထဲမှာမှ ဘာမှမရှိ ..။

"တော်တော် အားကိုးလောက်တဲ့ မိန်းမပဲ .."

တီးတိုးရေရွတ်ရင်း ကိုယ့်ဘာသာ ရေခဲသေတ္တာ ဖွင့်လိုက်သည်။
အထဲကနေ ဂေါ်ဖီပန်းပွင့်တွေ ထုတ်ယူကာ ကြက်အူချောင်းတွေ
– ပြည်ကြီးငါးဘူးတွေရော အကုန် ဆွဲထုတ်လိုက်၏။

ပြီးတော့ ဟင်းချက်နည်းမျိုးစုံ စာအုပ်ကြီးကို ယူဖွင့်လိုက်ရင်း
တွေပါ တိုလာသည်။ မချက်တတ်ဘူးဆိုရင်လည်း ဒီစာအုပ်ကြီး
မီးဖိုထဲမှာ ထားပြီး ဘာလုပ်ထားတာလဲ ..။

အသီးအရွက်တွေကို တတ်သလို မှတ်သလို လှီးချရင်း စားချက်သံ
ငါ မြည်နေ၏။

ဒါ .. မိဘအိမ်က ခွဲထွက်ခဲ့မိတဲ့ ဒုက္ခလား ..၊

"ဘာလုပ်မလို့လဲ သခင် .."



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကို ဘွားခနဲ ရောက်လာတော့ နက်ပြာရောင်ဝတ်စုံလေးနှင့် သူမ တစ်ကိုယ်လုံး နုသစ်နေ၏။ ခေါင်းလျှော်ပြီးစပုံ ပေါက်နေသည့် ဆံနွယ်လေးတွေက ပခုံးစပ်လေးအောက်မှာ နွဲ့ခါနေသည်။

ကရင်မ်ပတ်ဖ်ရိုက်ရုံနှင့် နုဖုံနေတတ်သော မျက်နှာလေးမှာ နှုတ် ခမ်းနီရောင်လေးတစ်ခုပဲ ထင်းနေ၏။ သခင် က သူမ တစ်ကိုယ်လုံးကို ကြည့်၍ ကိုင်ထားသည့်ဓားကို ပစ်ချကာ ...

"ခင်ဗျားက အခု သွားတော့မယ်ပေါ့ .."

"အင်းလေ .. မင်း ဗိုက်ဆာလို့လား ..၊ ဟိုထဲမှာ ကြေးအိုးပြုတ် ထားတာတွေ ရှိတယ်လေ .."

"အဲဒါတွေ စားချင်ရင် ဆိုင်မှာ သွားစားတိုင်း ရတယ်၊ အိမ်မှာ ဗိုက်ဆာနေတာ ဒါကြီးတွေ ဘာလုပ်ရမှာလဲ ..၊ ချက်ထားတာ ကောင်းကောင်းကန်းကန်း ကျနေတာပဲ .."

"အဟွန်း .."

ထင်သလို ပြောချလိုက်တာကို ဘုံ က စိတ်မဆိုးသည့်အပြင် ပြုံး လိုက်သေးသည်။ ပြီးတော့ မီးဖိုတွေဘက် လှည့်သွားကာ ...

"တကယ်ပြောတာ သခင် ..၊ ချဉ်စပ်အသုပ်တို့၊ ကြေးအိုးခေါက် ဆွဲပြုတ် ဘာဖြစ်ဖြစ် ရယ်ဒီမိတ်ဘူးတွေ ဖွင့်ထည့်လိုက်ရုံပဲဆိုတော့ မြန် အဲဒါပဲ ချက်တတ်တယ် .."

"ကောင်းပါတယ် .. မချက်နဲ့ပေါ့၊ အဲဒီမှာ ထိုင်နေ ..၊ ကျွန်တော် ချက်ကျွေးမယ် .."

"မင်းရော ချက်တတ်လို့လား .."

"တတ်တတ် မတတ်တတ် စာအုပ်တောင် ဖွင့်ကြည့်ဖော်မရတဲ့ ခင်ဗျားထက်တော့ သာတယ် .."

သူ့ စိတ်တိုနေတာကို ဘုံ က ရယ်လို့ မပြီးနိုင် ..။

"ဘာလဲ .. အစိမ်းကြော် စားချင်လို့လား .."





"ဘာဖြစ်ဖြစ် စားလို့ရရင် ပြီးတာပဲ .."

"အေးပါ .. ဖယ်ပါ ..၊ မတတ်ပေမယ့် မင်း စားချင်တယ်ဆိုရင် တော့ ချက်ရမှာပေါ့၊ အပြင်မှာ သွားစောင့်နေလေ .."

ဘုံ စားဝင်ကိုင်လိုက်မှ သခင် က ခြေတစ်လှမ်းဆုတ် ဖယ်ပေး လိုက်ကာ ...

"လုပ်နော် .. စားမကောင်းရင်တော့ အားနားပါနား မျိုချမှာ မဟုတ်ဘူး .."

သေချာ ကြိမ်းဝါးထားခဲ့ပြီးမှ သူ အပြင်ထွက်သည်။ ကွန်ပျူတာ ရှေ့မှာ ပြန်ထိုင်လိုက်ပြီး သိပ်မကြာခင် ..၊

"ဟား!... ချော်လိုက်တာ .."

နာခေါင်း ရှုံ့ပွပွနှင့် ညည်းလိုက်မိကာ ချက်ချင်း မျက်လုံးတွေ ပြူးခနဲ ဖြစ်သွား၏။

"ဘုံ .. ဘုံ .. ဘာတွေ တူးခြစ်ကုန်ပြီလဲ .."

အော်ဟစ်မေးရင်း ကမန်းကတန်း ပြေးသွားမိသည်။ သူ မီးဖိုခန်း ထဲ မရောက်ခင် ဂွမ်ခနဲ လွတ်ကျသံကြီး ကြားလိုက်ရကာ ...

"အား!..."

ကြိတ်ညည်းလိုက်သည့် နာကျင်သံလေးက ဘုံ ..၊

"ဘာတွေ ဖြစ်ကုန်တာလဲ .."

"အိုးတူးသွားတာ .."

အစိမ်းကြော်သည့် တစ်ခြမ်းသပ်သပ်လေးပဲ အစိမ်းတိုင်း လှလှပပ ကျန်ကာ တစ်ခြမ်းလုံးက တူးခြစ် မည်းမှောင်နေ၏။

ဘုံ က လက်ဖဝါးချင်း ထပ်ဆုပ်ကာ မျက်နှာလေး ရှုံ့မဲ့လျက် ...

"လက်ကို ဓားနည်းနည်းထိသွားလို့ ဆေးဗင်မှာ သွားဆေးနေတာ.."

"ဒါဆိုလည်း ဆေးပြီးမှ မီးဖိုပေါ် တင်ပါလား ..၊ အရှမ်း နာနေ ပြည်း မလုပ်နဲ့ပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တာထက် ဒေါ်သက ပိုနေတာ မစားရမှာစိုးလို့ မဟုတ်
ထိတ်ခနဲ လန့်ဖျန့် ပြေးလွှားလာခဲ့ရတာ ဘယ်လောက်ထိ ပျာယာခ
သွားခဲ့လဲ ...။

"ဘာလုပ်လုပ် ဘယ်ဟာမှကို အဆီအငေါ် မတည့်ဘူး၊ လက်
စားထိထားရဲ့သားနဲ့ ဒီအိုးကို မီးဖိုပေါ်ရောက်အောင် တင်တယ်၊ အဲ
လုပ်စရာလား .."

"မင်း ငါ့ကို ကလေးဆူသလို ဆူမနေပါနဲ့ ...၊ မင်းထက်
သိတယ် ..."

"ဩော် .. သိလို့ ဒီတစ်ခြမ်းလုံး ပျော်ကျမဲ့သွားတာပေါ့ .."

"စားထိတာ သိပ်မဟုတ်လောက်ဘူးဆိုပြီး အလုပ် ဆက်လုပ်
တာလေ၊ မီးဖိုပေါ်မှာ မွှေနေကာမှ အံ့ရမ်းနာနေလို့ ကြည့်လိုက်တော့
သွေးတွေ စိမ့်နေတာနဲ့ ကပျာကယာ သွားဆေးတာ၊ ဘာမှ မကြာ
ခဏလေးရယ် .."

"ကျွတ်!..."

"ပြန်ကြော်ပေးမယ် ခဏပဲ ထပ်စောင့် ...၊ ဒီမှာ ဆီပူတွေပါ လော
သွားတာတောင် သူ့မှာ ရှံ့မဲ့နေသေးတယ် .. ဟွန် .."

"ဘာ!... ဆီပူလောင်သေးတယ် .."

"အိုးကို ကမန်းကတန်း ဆွဲချလိုက်တာလေ ...၊ လက်ထဲက လွ
ကျသွားတော့ ဆီတွေ ခုန်ထွက်လာတာ .."

"ကဲပါ .. အဲဒါ ဘာလုပ်မလို့လဲ ...၊ ထားလိုက်ပါတော့ .."

"ပြောပြတာ .. ဘာမှ မဖြစ်ဘူး .."

ဘုံ က နောက်ထပ် ဒယ်အိုးတစ်လုံး လှမ်းဆွဲသည်။ သခင်
ပြန်ဆွဲထားလိုက်ကာ ...

"မစားတော့ဘူး ...၊ တော်ကြာ အပြင်သွားမှာ .. အပြင်မှာပဲ စာ
လိုက်တော့မယ် .."





"ဘာဖြစ်လို့လဲ .. ရွံ့လို့လား .."

"မဟုတ်ပါဘူး...၊ ခင်ဗျား ဒဏ်ရာကို ပတ်တီးစည်းလိုက်ဦးလေ.."

"မလိုပါဘူးဆိုမှ .. ပလတ်စတာ ခဏ ကပ်ထားလိုက်ရင် ရပြီ၊
ဆီပူလောင်တာက အစက်အပေါက်လေးတွေရယ် .."

"တော်ပြီ .. ဒါပဲ စားတော့မယ် .."

တစ်ခြမ်းလုံး အကောင်းကျန်နေသေးသည့်ဘက်က ယူ၍ ပန်းကန်
ထဲထည့်ကာ သူ ခုံဆွဲထိုင်လိုက်တော့ ဘုံ က ထမင်းထည့်ပေးသည်။

ပြီးတော့ ဘယ်လိုမှမထင်မှတ်လိုက်ဘဲ ထမင်းစားနေသည့် သူ့
ခေါင်းကို နောက်ကနေ ဖက်ခနဲ ပုတ်၍ ...

"လိမ္မာတယ် .. ကလေးက .." တဲ့ ...။

ကြည့်စမ်း ...၊

ကိုင်ထားသည့်ဇွန်းတောင် လွတ်ကျချင်၏။ ရိုးသားကြမယ်လို့
ပြောခဲ့တာက လူကို ကလေးကလားအရာထားပြီး ဆက်ဆံဖို့လား ...။

လွတ်လပ်သလို နေကြေးဆိုတာနဲ့ပဲ လုပ်သွားတာ ကြည့် ...၊

ကိုယ် ဘယ်လိုနေနေ စောင်းငဲ့ကြည့်သွားဖော် မရသလို သူမက
သည်း ဖရီးကြောအတိုင်း နှင်နေသည်။

"တောက် .."

သနားသဖြင့် အားနာပါးနာ မျိုချပေးမလို့ဟာ ...၊ ဇွန်းကို ပြန်ချ
ထားလိုက်ခြင်းသို့ ရောက်၏။

ဒီမိန်းမ လွန်ပြီ ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၅)

"မင်း သူ့ရဲ့လက်ဆောင်တွေကို ခုချိန်ထိ စုဆောင်းထားတည်းက သူ့အပေါ်မှာ စိတ်မကုန်သေးဘူးဆိုတာ သိသာနေတာပဲ နှင်း .."

"သိမ်းထားတာ မဟုတ်ဘူးလို့ ပြောနေတာကို ရှင် မယုံဘူးမို့လား .. ထပ်ရှင်းပြမနေချင်တော့ဘူး၊ ဘာဆက်လုပ်ကြမှာလဲ ..၊ ရှင်ပဲ ဆုံးဖြတ်.."

"ဘာ!... နှင်း .. မင်း ဘယ်လို မေးလိုက်တာလဲ ..၊ ကိုယ့်ကို ဘယ်လို ဖြေစေချင်လို့လဲ .."

"ဇေ နော် .. လူမြင်ကွင်းကြီးမှာ ရပ်ပျက်ဆင်းပျက် မလုပ်နဲ့ ..၊ လက်တွေ့ကို လွှတ် .."

"မရဘူး နှင်း ..၊ သည်းခံရပေါင်းလည်း များလှပြီ၊ ပန်းသခင်ဆိုတဲ့ကောင်ကို မင်းရဲ့သူငယ်ချင်းအတွက် ကလဲ့စားချေချင်တာဆိုလို့ ခွင့်မပြုနိုင်ပေမယ့် မင်း ထင်သလို လုပ်နေတာကို ကိုယ် ကြည့်နေခဲ့ရတယ်၊ မင်း ကိုယ်နဲ့ပြတ်ပြီးပြီလို့ ကြေညာထားတာကိုလည်း ကိုယ် ဘာမှ ချေဖျက်နှောင့်ယှက်ခဲ့တာ မဟုတ်ဘူး၊ အားလုံးရဲ့အမြင်မှာ မင်းနဲ့ ကိုယ်က ပြတ်ပြီးသား .."





"နှင်း တို့ ပြတ်ပြီလို့ ..၊ ရှင် လာပြီး စွပ်စွဲ သောင်းကျန်းတုန်းတည်းက ပြောခဲ့ပြီးသား .."

"အဲ့ဒါကြောင့် တကယ်ပြတ်ပြီလို့ မင်းကိုယ်တိုင် သတ်မှတ်ခဲ့တယ်ပေါ့ .."

"ဟုတ်တယ် .."

သူ ကိုင်ထားသည့် လက်တွေကို ပုတ်ခတ် ဖယ်ချပစ်ကာ နောက်ဆုတ်ရပ်လိုက်၏။ ပန်းခြံတစ်ခု၏ အပြင်ထောင့်လေးမှာမို့ ပလက်ဖောင်းပေါ်လည်းဖြစ်ကာ လူတွေ အသွားအလာက မပြတ် ..။

အနီရောင်ဝတ်ထားသည့် နှင်းဆီ ၏မျက်နှာလေးကလည်း ဒေါသတွေ .. ရှက်တာတွေ ရောထွေးနေကာ ...

"ရှင့်ကို ပြန်ဆက်ခဲ့မိတာ ကျွန်မ မှားတာပဲ ဇေ ..၊ တကယ်ဆို ကျောခိုင်းခဲ့ပြီးမှ ပြန်လှည့်လျှောက်ရမယ့်လမ်း .. ပိုပြီးရှည်တယ်ဆိုတာ ကျွန်မ မေ့သွားခဲ့တာ ..၊ ရှင့်ကြောင့် စိတ်ချမ်းသာခဲ့ရတာ ဘာမှ မရှိသေးဘူး"

"ဘာ!... ပြောတယ် .."

"သံယောဇဉ်လက်ကျန်နဲ့ ကျွန်မက ပြန်စဉ်းစားခဲ့တာ၊ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်တဲ့အထိ နာကျင်ပေါက်ကွဲခဲ့ရှာတယ်ဆိုပြီး ပြန်ဆက်ခဲ့တယ်၊ အခု တကယ်ပဲ စိတ်ပျက်တယ် ..၊ ရှင့်ကိုယ်ရှင် သေချာအောင် ပြန်မေးလိုက်ဦး ဇေ ..၊ နှင်းဆီနက် ကို ဘယ်လောက်ထိ ပျော်ရွှင်မှုပေးနိုင်မှ ဖြစ်မလဲဆိုတာ .."

နှင်းဆီနက် ဆိုသည့် သူမ ချာခနဲ လှည့်ထွက်သွားသည်။ ဇေယျာ လက်သီးဆုပ် ကျုန်ရစ်၏။ သူ့ရဲ့လက်သီးတစ်ဖက်ထဲမှာ နှင်းဆီ ရဲ့ ခေါင်းစွန်းက ဖြုတ်ယူလိုက်သည့် လိပ်ပြာပုံ ရင်ထိုးလေး ရှိနေခဲ့သည်။

ဒါကို ပန်းသခင် ပေးခဲ့တာမှန်း သူ မသိဘဲ နေမလား ..။

ပလက်တီနမ်နဲ့ ကွင်းထားတဲ့ စိန်ရင်ထိုး ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါလေးပေးတယ် ဆိုတုန်းက ချစ်သဲ တို့ ပါးစပ်ထဲမှာ စုတ်သပ်လို့ ...လက်ဖျားတွေ ခါလို့ ...။

"ဘယ်လောက်တောင် တန်မလဲ မသိဘူး ...၊ ဘလက်တိုင်းဒေးမှာ စိန်လက်ဆောင် ပေးတာ အံ့ရော .."

ဆိုသည့် ရိုးမွမ်းမဆုံးသော အထင်ကြီးမှုတွေ ...၊

"တော့က် .."

ဖေယျ ဆုပ်ကိုင်ထားသည့် ရင်ထိုးကို လက်ဝါးဖြန့်ကြည့်ရင်း နောက်ကို ခြေတစ်လှမ်းဆုတ်၍ လှည့်အထွက် ...၊

"အမေ့!..."

"ဟာ!..."

သူ့လက်ထဲက ရင်ထိုး ဘယ်ဆီ လွင့်ထွက်သွားသည် မသိ ...၊ ပစ်စလက်ခတ် ဝင်တိုက်ပစ်လိုက်သည့် သူမတစ်ကိုယ်လုံး ရင်ဘတ်ထဲ ရောက်လာပြီး သူပါ ပန်းခြံသံတိုင်တွေပေါ် ပြိုကျသွား၏။

"ဆော .. ဆောရီး .. ဆောရီးပါရှင် .. ဪ .. မောင် .. ဆောရီးနော် ...၊ တို့ ပြဿနာတစ်ခု ရှင်းစရာရှိလို့ ပြေးလှည့်လိုက်မိတာ .. တောင်းပန်ပါတယ် .."

"ဟား!..."

ဖေယျ 'ရပါတယ်'လို့တောင် ဟန်ဆောင်မပြောနိုင် ...၊ ပျောက်ရှသွားတာက ဆေးလိပ်တိုတစ်စ မဟုတ်ပေ။ ဒါ ပြန်မပေးနိုင်ဘဲ နှင်းနဲ့သူ ပြန်လည် နီးစပ်ဖို့လည်း မလွယ်တော့ ...။

"ခင်ဗျားဗျာ .. ကျွတ်!..."

"ဒေါသထွက်သွားလားဟင် .. ဒါဆို .. ဒီမှာ ခဏလေး စောင့်နော်...၊ တို့ ပြန်လာမယ် .. ပြန်လာမှ ဆက်တောင်းပန်မယ် .. ခဏပဲ .. သိလား .."

ရင်ခွင်ထဲကနေ ရုန်းထွက် .. လက်ကာပြရင်း သူမ ထွက်သွား





တာ အပြေးတစ်ပိုင်း ...၊ သူ ဒီနေ့ ဘာတွေ ဖြစ်နေတာလဲ ...၊ သူငယ်ချင်းတွေက နိမိတ်ဖတ်ခဲ့တာ ကြာပါပြီ ...။

"မင်းတော့ နှင်းဆီနက်ဆူး စူးပြီး အဆိပ်တက်လို့ ရူးနေပြီ" တဲ့။

အဲဒီတုန်းတည်းက ရူးခဲ့တာဆိုရင်လည်း အချစ်ရူး ရူးခဲ့တာ အမှန်ပါ။ ဒါပေမယ့် မွန်းကျပ်ရှုပ်ထွေးမှုတွေနဲ့ သွက်သွက်ခါအောင် ရူးတော့တာ ခုမှ ...၊

အနားတစ်ဝိုက်မှာ လှည့်ပတ်ရှာပေမယ့် လူတွေရဲ့ ခြေထောက်တွေ ခဏခဏ ဖြတ်သန်းသွားလာနေကြသည့်အောက်မှာ ဘာမှလည်းတွေ့ ...၊ စိတ်လည်း ပျက်သွား၏။

သစ်ပင်ချုံနွယ် မရှိ ...၊ မြောင်းဖုံးတွေ၊ ပက်ကြားအက်တဲ့ ကွန်ကရစ်အချိုင့်အခွက် ဘာမှလည်း မရှိတော့ ...၊ မျက်လုံးကစားပြီး ရှာရုံအပြင် ဘာမှ မတတ်နိုင် ...။

"မောင်လေး .. ဘာရှာနေတာလဲဟင် ...၊ တို့ကြောင့်လား .."

သူ့ဘေးမှာ ခရမ်းရင့်ရောင် ထဘီအနားစလေးနှင့် ကတ္တီပါခုံမြင့်ဖိနပ်လေး စီးထားသည့် ဖြူနုသည့် ခြေအစုံ ရောက်လာသည်။ ထိုအခါကျမှ ကုန်းကွနေသည့်ကိုယ်ကို မတ်မတ်ပြန်ရပ်လိုက်ပြီး ...

"စိန်ရင်ထိုး .."

"ဟမ်!... ဘာ!..."

မျက်လုံးလေး ဝိုင်းသွားကာ ပခုံးနှစ်ဖက်မှာ ကျနေသည့်ဆံပင်တွေကို ဘယ်လက်နဲ့ရော ညာလက်နဲ့ပါ သပ်သည်။

"စိန်ရင်ထိုး .. စိန်ရင်ထိုး ဟုတ်လား ...၊ တို့ကြောင့် .."

သူမက အနက်ရောင်ကုတ်အင်္ကျီရှည်လေးနဲ့ ဖြစ်ကာ ...၊ အတွင်းခံ ခရမ်းရောင်ပါတိတ်အင်္ကျီ၏အပေါ် ရင်ဘတ်ဖြူနုနုလေးထက်မှာ စိန်ဆော့ကတ်သေးသေးလေးနှင့် ပလက်တီနမ်ကြိုးကုံးလေးကို ဆွဲထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်မှောင်ကုတ်ကြည့်လိုက်တာနှင့် သူမက ရင်ဘတ်
လော့ကတ်လေးကို ပြန်စမ်း၍ လက်ဝါးလေးနဲ့ ဖိကပ်ထားကာ ...

"မင်း တကယ် ပြောနေတာလား ..၊ တို့ .. တို့ဆီက ပစ္စည်း
မြင်လို့ ပြောတာတော့ မဟုတ်ပါဘူးနော် .."

"ခင်ဗျားပစ္စည်းက မန်ကျည်းစေ့လောက်ပဲ ရှိတာ၊ ကျွန်တော်
ပျောက်သွားတာက အဲ့ဒီထက် နှစ်ဆ .."

"နှစ် .. ဆ .."

သူမက သံယောင်လိုက်ပြောပြီး မျက်တောင်တွေ တဖျပ်ဖျပ် ခတ်
နေ၏။ ပြီးတော့ လမ်းပေါ်ကို သေချာ ပြူးပြဲ ရှာဖွေနေကာ ...

"လမ်းကလည်း ပြောင်ပြောင်ကြီးကို .."

"ဟုတ်တယ်... ခင်ဗျားဘာသာ ယုံယုံမယုံယုံ ထားလိုက်ပါတော့
ဗျာ .. သွားမယ် .."

"သွားမယ် .."

သူမ လိုက်ပြောမိပြန်သည်။ စိန်ရင်ထိုးကြီး ပျောက်သွားတာကို
ဒီတိုင်းထားပြီး ထွက်သွားသည့်ကျောပြင်ကို တအံ့တဩ လိုက်ကြည့်
ကာ ဒါ တကယ်လား ..၊ လိမ်ဆင်ကြီးလားဆိုတာလည်း မခွဲခြားနိုင်

ဆံပင် မတိုမရှည် .. ခပ်တွန့်တွန့်နှင့် နှာတံပေါ်လွန်းသော အသား
လတ်လတ်မျက်နှာက ကုလားဆင်လို ချောတာမျိုး ..၊ ပြီးတော့
လောက်ထိ လှည့်ပတ် လိမ်ညာမည့်ပုံလည်း မပေါ်ဘဲ ...

"ဟာ!..."

"တိုက်ပြီ ဟ .."

"ကျွိ .."

"အား!...,"

ပတ်ဝန်းကျင် ဆူသွားပေမယ့် ဘုံ အသံမထွက်နိုင်ဘဲ နှုတ်ခမ်း
လေး ဝလုံးဖြစ်အောင် ပွင့်သွား၏။





ကောင်လေး ပုံခနဲ လဲကျသွားတာကို အစအဆုံး မြင်လိုက်ရကာ
လုံးတွေတောင် ပြာဝေသွား၏။

ကားနှစ်စီးလုတက်လာရင်း လူဆီကိုဦးတည်လာတော့ ကောင်လေး
ရှောင်ဖို့ ကြိုးစားတာ ဖြစ်သည်။ ဒါပေမယ့် နောက်ကားနဲ့ ပွတ်မိ
သွားခဲ့၏။

"ခဏလေး ဖယ်ပါရှင် ..၊ ကျွန်မ အသိပါ .."

သတိဝင်လာသည်နှင့် ဘုံ ပြေးလွှားသွားမိသည်။ ဇတွေ့ကတည်း
စိတ်ရှုပ်ထွေးနေပုံပေါ်သည့် ဒီကောင်လေးဟာ လမ်းကူးတာလည်း
နဲ့လူ မကာပ်ခဲ့ဘူး ထင်သည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်ကြောင့် တစ်ခုခုတော့ ထိခိုက်သွားတာ အမှန်
၍ ဘုံ ရှေ့တိုးသွားခဲ့မိသည်။

"ဆေးရုံတင်ရမှာ ..၊ ကားတစ်စီးလောက် တားပေးကြပါရှင် .."

လမ်းနဲ့ ဆောင့်မိထားသည့် နဖူးမှာ သွေးချင်းချင်းနီနေလျက် ..၊
ဘာတွေထပ်ဖြစ်သွားသေးလဲဆိုတာ မသိရသေးခင် ထိုလူငယ်
ဘုံ့ လက်ပေါ်မှာ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"ဘယ်လိုဖြစ်လို့ ဘုရားခန်းထဲချည်း ဝင်နေရတာလဲ .."

"ဟင်!..."

မျက်နှာရှေ့မှာ ပေါ်လာတော့ တစ်ယောက်တည်း စိုးထိတ်နေခဲ့သည့်စိတ်နှင့် တုန်ခနဲ ဖြစ်သွား၏။

သခင် က ဘုံ့ မျက်နှာလေးကို စိုက်ကြည့်၍ ...

"မာမီ ခေါ်ထားတယ်ဆို .."

"အင်း .. မင်း မလိုက်အူးထင်လို့ ..၊ မနက်ဖြန်မှပဲ သွားတော့မယ်ဆိုပြီး ဖုန်းဆက်ဖို့ စိတ်ကူးနေတာ .."

"အခု သွားမယ် .."

"အင်း .."

အင်း .. အဲ .. လုပ်နေသည့်ပုံစံက စိတ်နဲ့လူ ကပ်ရဲ့လား မသိ .. သူ လှည့်ထွက်မလိုပြင်ပြီးမှ ပြန်လှည့်ကြည့်မိကာ ...

"ခင်ဗျား တစ်ခုခု ဖြစ်နေတာလား .."

"တို့ကတော့ မဖြစ်ပါဘူး .."

"ဘယ်သူကတော့ ဖြစ်နေလို့လဲ .."





"မသိဘူး ..၊ မင်းအရွယ် ကောင်လေးတစ်ယောက် ကားတိုက်ခံရတာ .."

"ခင်ဗျားကားနဲ့လား .."

"ဟင့်အင်း .."

သခင့် မျက်နှာ မဲ့သွား၏။ ပြီးတော့ ချာခနဲ ပြန်ထွက်သွားသည်။ ...တ်ပြောဖို့ ပြင်နေတာမို့ ကမန်းကတန်း ပြန်ခေါ်ဖို့ ဘုံ လက်လေးပါ ...ကျက်ကြွသွား၏။

ဒါပေမယ့် မခေါ်ဖြစ်ဘဲ ကျန်ရစ်ခဲ့သည်။ ရှင်းပြနေလည်း ကိုယ့် ...နဲ့ တိုက်ခဲ့တာမဟုတ်ဘဲ ဒီလိုဖြစ်နေရလားဆိုသည့် ပြစ်တင်ခံရခြင်း ... အဖတ်တင်မှာကို တွေးမိ၍ပါ ..။

ဆေးရုံတင်ပေးခဲ့သည်အထိ ကောင်လေး သတိမရသေးပေ။ သူ့ ...အိတ်ထဲက ဖုန်းနံပါတ်တွေထဲမှာ သူ့အိမ်နဲ့ ဆက်သွယ်လို့ရသည့် ...တ်ကို ရှာတွေ့သည်ဆိုမှ သူမ ပြန်ထွက်လာခဲ့သည်။

ထိုအချိန်ထိ လူနာက သတိမလည် ..။ ဒီလူနာ ဤသို့ဖြစ်ရတာ ...ယ်နဲ့ သက်ဆိုင်သည်လား ..၊ မဆိုင်ဘူးလား ..။

နောက်ထပ် ဖုန်းဆက်မေးမြန်း၍ နောက်တစ်ခေါက် ထပ်သွား ...ည့်ဖို့ လိုသလား .. မလိုဘူးလား ..။

ဘုရားရှေ့မှာထိုင်၍ အန္တရာယ်ကင်းပရိတ်တွေ ရွတ်၍ ဆုတောင်း ...တာလည်း သခင် တောင် သတိထားမိသွားတဲ့အဖြစ် ..။

မျက်လုံးထဲမှာ စိတ်ပျက်သုန်မှုန်နေသည့် ကောင်လေးမျက်နှာကို ...တ်လို့မရနိုင်..၊ ပြီးတော့ ကိုယ့်ကြောင့် သူ့ရဲ့ စိန်ရင်ထိုး ပျောက်သွား ...တဲ့ ..။ လူကိုမြင်လိုက်ကာမှ ရင်ထိုးကိစ္စကြီး ပါးစပ်ထဲ ကောက် ...ထည့်ပစ်လိုက်တာတော့ မဟုတ်တန်ရာပါ ..။

ဒါဆို ရင်ထိုးနဲ့ ယောက်ျားလေး ဘာမှလည်း မဆိုင်ဘဲနဲ့ ..၊

"ဘုံ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

ဒီတစ်ခါတော့ ဘုံ ဘယ်လောက်ထိ လန့်သွားမှန်း သခင် သေချာ
တွေ့သွားလေသည်။

"ခုချိန်ထိ ဘုရားခန်းရှေ့မှာ ဘယ်လိုဖြစ်တာလဲ ..၊ ကားတိုက်
တာ ခင်ဗျားရည်းစား ဖြစ်နေလို့လား .."

"မဟုတ်ပါဘူး သခင် ရယ် .. ဒါပေမယ့် .."

"ဒါပေမယ့် မနေနဲ့ ..၊ မာမီ ဖုန်းဆက်တယ် .. သွားမယ် .."

ကိုယ့်ကိုပဲ စစ်လားဆေးလား လုပ်နေပြီး သူ့မျက်နှာကရော ဘာ
ဖြစ်နေတာလဲ ..၊ အိမ်မှာ ကပ်နေတာပဲ ရှိသည်။ တစ်နေကုန် ဒီမျက်
တစ်ချက်လေးမှ မကြည် ..။

ထိုမျက်နှာအတိုင်းပဲ မိဘအိမ်ကို ရောက်သွားပြီးမှ ...

"ဒက်ဒီ နေမကောင်းဘူးဆို .."

ညဦးခန်းမှာ မိဘနှစ်ပါးစလုံး မြင်လိုက်ရမှ မျက်နှာကို ပြေပြစ်
ကာ ...

"သား ပြီးခဲ့တဲ့ မန်းဒေးတုန်းက ဒက်ဒီရုံးခန်းကို ရောက်ပါတယ်
ဒက်ဒီ မရှိလို့ .."

"ဘာလဲ .. ငွေလိုလို့ လာတောင်းတာလား .."

သခင် မျက်နှာပျက်သွားကာ ချက်ချင်း နီမြန်းမြန်း ဖြစ်၏။

"အိမ်ကို မလာဖြစ်တာကြာလို့ ဝင်လာတာပါ .."

"သားဒက်ဒီ ဒီရက်ပိုင်းမှာ သိပ်မကျန်းမာဘူး သား ..၊ မင်း
တမင်တကာ ဝေးဝေးနေချင်လို့ ထွက်သွားတာမှန်း ပိုပိုပြီး သိသာ
တော့လည်း .."

"ဒီလို မဟုတ်ပါဘူး မာမီ .."

"မာမီတို့က သားတစ်ယောက်ပဲ ရှိပေမယ့် ချွေးမက သမီးပဲ
သတ်မှတ်ခဲ့တာ ..၊ ခုကျမှပဲ ချွေးမက သမီးဖြစ်ပြီး သားက သ





နေတာကိုး .."

ဒေါ်ပန်းသီနိုင် က ခပ်ယဲ့ယဲ့ပြုံးနေပေမယ့် စိတ်မကောင်းဖြစ်နေ
ည့် မျက်ဝန်းတွေက သိသာလျက် ...

"သားတို့ ခွဲထွက်သွားတဲ့အတွက် မာမီတို့ မိဘတွေမှာ သိက္ခာကျ
ကျ်ရစေတယ်ဆိုရင် သား လက်ခံရဲ့လား..၊ ဘယ်သူပဲဖြစ်ဖြစ် ချွေးမ
ယောက္ခမနဲ့မနေချင်လို့ ခွဲထွက်တယ်လို့ပဲ သုံးသပ်ကြမှာလေ၊ ချွေးမ
တစ်ယောက်ပဲ ရှိတာတောင် ပျော်ရွှင်မှုမပေးနိုင်တဲ့ ယောက္ခမမျိုးပေါ့"

"အန်တီ .."

"သား သိစေချင်လို့ပါ ..၊ သမီး အပြစ်မရှိဘူးဆိုတာ မာမီတို့
လုံး သိပြီးကြပြီ၊ အခု လက်ရှိ ရှေ့ဆက်နေကြတဲ့ သမီးတို့ရဲ့ အိမ်
ထောင်ရေး အခြေအနေထိပေါ့ .."

စိတ်ချင်းတော့ စကားပြောနေကြပြီဖြစ်ကာ ဘုံ နဲ့ သခင် မျက်လုံး
ချင်း မဆုံမိအောင် ခေါင်းတွေ ငုံ့ထားမိကြသည်။

"မိဘက သားသမီးမျက်နှာကို မြင်ချင်တယ်ဆိုတာ လိုအပ်ချက်
နေလို့ မဟုတ်ဘူးလေ ..၊ သားသမီးက မိဘဆီကို လာတယ်ဆိုတာ
ည်း ဘာလက်ဆောင်ပဏ္ဏာ .. ကန်တော့ဖို့ ပစ္စည်းမှ မလိုပါဘူး၊
ခွဲနေကြတယ်ဆိုပေမယ့် မိဘနဲ့ သားသမီးက အမြဲတမ်း မြင်တွေ့ပြီး
ရဲ့ကျန်းမာရေး၊ လူမှုရေး၊ ငါ ဘယ်လို ထောက်ပံ့ကူညီမလဲဆိုတာ
ပေါ့ ..၊ မိဘကတော့ သားသမီးဆီက သိတတ်မှုလေးတစ်ချက်နဲ့ပဲ
အားလုံး ပြည့်စုံချင်တာ .."

"ဘုံ လည်း လုံးဝကို မအားလပ်လို့ပါ အန်တီ .."

"ဒါပေမယ့် သမီး ညတိုင်း ဖုန်းဆက်မေးတယ်လေ ..၊ မာမီ
နပ်တာပေါ့ .."

ပြောပြီး သခင့် ဘက်ကို လှည့်ကာမှ ...

"သားကို မာမီတို့ အိမ်ထောင်ချပေးခဲ့တာ ကိုယ်ထင်ရာ ယ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခွင့်ပေးလိုက်တာ မဟုတ်ဘူးနော် ..၊ အဲဒါ သိရဲ့လား .."

"သား ဘာလုပ်လို့လဲ မာမီ .."

"သားပဲ သိမှာပေါ့ .."

သခင့် မျက်ခုံးနှစ်ဖက် တွန့်ကုတ်သွားသည်။ ဟိုတစ်ညနေက ရှိုင်ရယ်လ်ဂါးဒင်းမှာ သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ စားသောက်နေတုန်း ဒက်ဒီ တွေ့သွားတာကို တွေးမိလိုက်၏။

အဲဒီကတည်းက သူ စိုးရိမ်စိတ်တော့ ဝင်ခဲ့သေးသည်။ သူငယ်ချင်းတွေထဲမှာ မိန်းကလေးနှစ်ယောက် ပါနေသလို သူမတို့က သူ့ရဲ့ သူငယ်ချင်းလည်း မဟုတ် ..၊ ချစ်သူလည်း မဟုတ်ခဲ့သော ..။

မျက်လွှာပင့်ကြည့်မိကာမှ စိုက်ကြည့်နေသည့် ဒက်ဒီ မျက်လုံးတွေနဲ့ တန်းခနဲ ဆုံ၏။ အထင်အမြင်သေးသော အကြည့်တို့နှင့် ဒက်ဒီက ခပ်မဲ့မဲ့ မျက်နှာလွှဲသည်။

"အခု မာမီတို့ ခေါ်ရတာက သမီးတို့ ဟန်နီးမွန်းထွက်ကြဖို့လည်း အစီအစဉ် မရှိဘူး၊ အတူတူရှိနေကြသလားဆိုတော့လည်း ညဘက် တောင် သားက ပြန်အိပ်ချင်မှ အိပ်တာ ထင်တယ် .."

"ဟင့်အင်း .. မဟုတ်ဘူး အန်တီ၊ သခင် က အဲဒီလောက်ထိ မဟုတ်ပါဘူး၊ သူက ဘုံ့ ထက်လည်း ငယ်တော့ ကိုယ့်မောင်လေးလို သဘောထားပြီး ဘုံ့ ကိုယ်တိုင်က .."

"သူက သမီးမောင်လေး မဟုတ်ဘူးဆိုတာကိုပါ မေ့လိုက်တာ လား သမီး .. ဟင် .."

"ဟို .."

"သားက ချစ်သူတွေ ရှိခဲ့ဖူးတယ်၊ တကယ်ဆို ဒီလို ကလက်တက်တက်စကားတွေ မာမီ မပြောချင်ပါဘူး.. ဒါပေမယ့် ပြောမှကို ဖြစ်တော့မှာ၊ သမီးက သူ့ကို အရင်လိုပဲ နေပါလို့ လွှတ်လပ်ခွင့်တွေ ပေးခဲ့တာ.. သားကလည်း သမီးကို လက်ထပ်တာ .. ဒါကို ရမယ်မှန်း သိလို့ .."





ဘုံ တစ်ခုခုပြောဖို့ ပါးစပ်ပြင်နေပေမယ့် မပြောဖြစ် ..။

"တချို့ကိစ္စတွေကို မေးကြည့်ဖို့ မလိုဘူး သမီး၊ မိဘက ကိုယ့်သားသမီးမျက်နှာ ဖမ်းကြည့်လိုက်တာနဲ့ ပြေးကြည့်လိုက်သလို သိနေတာ ..၊ အဲဒီတော့ မိဘနဲ့ခွဲပြီး ကျန်ရစ်တဲ့ သမီးအတွက်ပဲ ကြည့်ဖို့ ဆုံးစားရတော့တယ် .."

ဘာပြောမှာလဲဆိုသည့် အတွေးနှင့် ဘုံ စိတ်တွေ လေးလံသွားသည်။ ခုမှ အိမ်ထောင်ရေးက စမလို့ပဲ ရှိသေးတာကို ..၊ ရှိတတ်ကြတဲ့ အဆင်မပြေမှုလေးတွေကိုတွေးပြီး နည်းနည်းပါးပါး အချိန်ပေးရဦးမှာ ပါလားလို့ ဘာဖြစ်လို့ မတွေးကြတာလဲ ..။

သခင် ဒီလို ခြေလှမ်းကျဲချင်တာ မှန်ပေမယ့် ကိုယ့်အတွက်လည်း အသက်ရှုချောင်နေသည်။ သူက မချစ် ..၊ ကိုယ်က မကြည်ဖြူနိုင်ဘဲ သင်မယားပီသအောင် ဘယ်လို ရင်းနှီးရမလဲ ..။ ဒါ မလွယ်ဘူးဆိုတာ နည်းနည်းလေးဖြစ်ဖြစ် ဖေးမ တွေးကူပေးဖို့ ..၊

"အဲဒီတော့ .. သမီး မာမီတို့နဲ့ ပြန်နေရမယ် .."

"ရှင်!..."

"သားကတော့ မိဘအရိပ်အောက်မှာ မပျော်ဘူးဆိုရင် စိတ်ချမ်းသာသလို နေပါ၊ တစ်ခုရှိတာက သား ပျော်နေတဲ့အချိန်တွေမှာ မာမီတို့ကိုတော့ လုံးဝ မေ့ထားရလိမ့်မယ် ..၊ မာမီပြောတာ သား ရှင်းရဲ့လား .."

"ဟုတ်ကဲ့ပါ .."

သခင့် မျက်နှာက အနီရောင်ရင့်သထက် ရင့်လာခဲ့သည်။ ဘုံ ဘယ်ဘက်က ဘယ်လို ဝင်ပါရမှန်း မသိ ..။

ဒီနေ့ မာမီတို့ ခေါ်တယ်ဆိုတာ ဒီလို အမိန့်ရာဇသံတွေ ထုတ်ပြန်ကြေညာဖို့ ဖြစ်နေလိမ့်မည်လို့လည်း မတွေးခဲ့မိတာ အမှန်ပင် ..။

ပျော်နေတဲ့အချိန်မှာ မိဘကို မေ့ထားရမည်ဆိုတာက ပျော်သလို နေမယ်ဆိုရင် သားအဖြစ်က စွန့်လွှတ်မယ်လို့ ပြောလိုက်တာမျိုး ..။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သမျှ အကြောင်းအရာတွေမှာ ဒီလောက်ထိ ဖြစ်သွားစရာ ဘာရှိခဲ့သလဲ ..။ ဒေါ်ပန်းသီခိုင် က နှုတ်ဆိတ်နေသည့် ဦးခင်ထွန်း ကို တစ်ချက်ကြည့်၍ သခင့် ဘက် ပြန်လှည့်ကာ ...

"တစ်အချက် ဒီအိမ်ထောင်ရေးလမ်းကြောင်း လွဲသွားအောင် ဖန်တီးခဲ့တဲ့သူက မာမီ့သားပဲဆိုတာ အခု သိလိုက်ရတယ်၊ နှစ်အချက် က ဘုံ ကု မိဝေးဖဝေး ကျန်ရစ်ခဲ့ရတဲ့ မာမီတို့ချွေးမ .. ပြောရရင် သူ က ဒီအိမ်မှာ လူစိမ်း၊ မာမီတို့က ကိုယ့်သားဘက်က ရပ်တည်ပြီး ငွေ ထုပ်ပိုက် လိုက်မနေနိုင်ဘူး .."

"သား တစ်ခု ပြောပါရစေ မာမီ .."

"ပြော .."

သားအမိနှစ်ယောက်တည်းဆို ဘာဖြစ်ဖြစ် ရှုးရှုးဒိုင်းဒိုင်း ပြောဖြစ် လိုက်ရှာသာ..။ ဒက်ဒီ ရှိနေသဖြင့် သခင့် မျက်နှာမှာ အတော်ကြီး မှိုသိပ် ထိန်းချုပ်နေရမှန်း သိသာလျက် ..၊

"လွတ်လွတ်လပ်လပ် နေချင်လို့ ဆိုတာ အဆင်ဆိုးတာ မှန်ပါ တယ် မာမီ ..၊ ဒါပေမယ့် ဒီလွတ်လပ်မှုအပေါ်မှာ သား ဘာမှ အမှား မလုပ်ခဲ့ပါဘူး၊ ငွေထုပ်ပိုက်ပြီး မာမီ လိုက်ရှင်းရလောက်အောင် .."

"ပန်းသခင် .."

ဦးခင်ထွန်း အသံက မာထန် ပြတ်တောက်နေခဲ့လျက် ...

"အမှားလုပ်တယ်ဆိုတာ မင်းက ဘာကို သတ်မှတ်တာလဲ.. ဘာနဲ့တိုင်းတာတယ်လို့ ထင်သလဲ၊ မင်းရဲ့အဖေ ငါက ဆေးလိပ်တောင် မသောက်ခဲ့ဘူး၊ မင်းကျမှ ဆေးလိပ် .. အရက် .. လောင်းကစား .."

"သား လောင်းကစား မလုပ်ဘူး .."

ဒါကိုတော့ ရဲဝံ့စွာ ငြင်းဆိုမိ၏။ လူငယ်တွေသဘာဝ တစ်ခုခု ငြင်းခုံ အနိုင်လုကြပြီဆို 'လောင်းမလား'လို့ မေးမိကြတာ သဘာဝပဲ မဟုတ်ဘူးလား ...။





တစ်ခါတလေ ဘောလုံးပွဲ လောင်းခဲ့ကြဖူးသည်။ ဒါကလည်း နိုင်တဲ့လူက ခိုင်းတာ ဘာဖြစ်ဖြစ် ရှုံးတဲ့လူက လုပ်ပေးကြေးဆိုတာမျိုးနဲ့။ အပျော်သဘောနဲ့ ဖြစ်စေခဲ့တဲ့ အရှုံးအနိုင်တွေသာ ..၊

ငွေကြေးနဲ့သတ်မှတ်တဲ့ လောင်းကစားမျိုးမဟုတ်ဘဲ ဒက်ဒီ ဘာဖြစ် ငြိ သိမ်းကျုံးပုံချလိုက်တာလဲ..၊ ပြောစရာစကားတွေကို မှိုသိပ် မျက်လွှာ ချနေသည့် သားကို ဦးခင်ထွန်း ကလည်း ခပ်ထေ့ထေ့ စိုက်ကြည့်၏။

"ဒီမှာ ပန်းသခင် .. ငွေကြေးနဲ့ဖြစ်ဖြစ် .. မင်းပါးစပ်က ငြင်းခုံ အနိုင်ရရုံလေး ပြောတဲ့ လေနဲ့ဖြစ်ဖြစ် အရှုံးအနိုင်တစ်ခုပေါ်မှာ ဇွဲစိတ် အန်လွန်းလာရင် အဲဒါ လောင်းကစားဖက်တယ်လို့ ခေါ်တယ်၊ အဲဒီ အရှုံး မိုက်လုံးကြီးလာတာပဲ၊ မင်း အခု အဲဒီလမ်းကြောင်း ပေါ်ရောက် နေပြီ၊ ဒီတော့ နှစ်ခုပဲ ရွေးချယ်ဖို့ စဉ်းစား ..၊ မိဘအရိပ်က ထွက်သွားပြ တဲ့အထိ မင်း မာနကြီးပြနိုင်သလား ..၊ မိဘဆုံးမတာကို နာခံမလား.."

ပြေပြစ်ခြင်းမရှိသည့် မျက်နှာကို စိုက်ကြည့်ပြီး ဦးခင်ထွန်း က တောက်ပျက်သည့်မျက်ဝန်းတွေနှင့် ...

"ငါ ဒီလောက် မမိုက်ခဲ့ဘူးဆိုတဲ့ မာနတွေနဲ့ မထွေးနိုင် မအံနိုင် ဖြစ်နေသလား ပန်းသခင် ..၊ မိဘ ဆုံးမတာကို နာခံလိုက်တာနဲ့ လူမိုက် ခေါ်လို့ ဝန်ခံရာ ကျသွားမလား .. တွေးနေတာရော ဟုတ်ရဲ့လား .."

သခင် မျက်လွှာပင့်ကြည့်လိုက်တော့ ဦးခင်ထွန်း က ပြုံးမဲ့မဲ့နှင့်...

"မင်း ကြိုက်သလို ဆုံးဖြတ်နိုင်တယ်၊ မင်းဟာ ငါ့ တစ်သက်လုံး မျှော်လင့်လာခဲ့ရတဲ့ သားမျိုး ဖြစ်မလာနိုင်ဘူးဆိုတာ .. ဒီကနေ မလိမ့် တဝတ် ထွက်သွားတဲ့လုပ်ရပ်ကြောင့် သိလိုက်ရပြီးတဲ့နောက်မှာ .."

"သားကို အဲဒီလောက်ထိ အစွန်းရောက် မပြောပါနဲ့ ဒက်ဒီ ..၊ သားခဲ့မိတဲ့အပြစ်က ကြီးမားခဲ့တယ်ဆိုရင်တောင် သား လိုချင်တဲ့ လွတ် လပ်မှုက ဒီလောက် မရှုပ်ထွေးဘူး .."

"မိဘနဲ့ သားသမီး လိမ်ညာတယ် .. ခွင့်လွှတ်တယ်ဆိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြပေမယ့် မင်း အခု သူများသားသမီးကို မလိုလားဘဲနဲ့ လက်ထပ်ပြီး လူကြီးတွေ ကွယ်ရာမှာ ..”

စိတ်တိုလွန်း၍ ပြောဖို့စကားတွေ ဆွံ့အသွားတာမျိုး ..၊ ဦးခင်ထွန်း မျက်နှာမှာ စိတ်ပျက်ခြင်းတို့နှင့် ပြောလက်စကို ရပ်ပစ်လိုက်သည်။

ဒီတိုင်းဆို စကားဝိုင်းကနေ ရက်စက်မြွတ်သားခြင်းတွေ တစ် ထက်တစ် ပြန့်ပွားလာတော့မှာကို တွေးမိလိုက်ကာ ဘုံ က ကိုယ်လေး ပြင်ထိုင်ကာ လည်ချောင်းရှင်း၏။

ဦးခင်ထွန်း အကြည့်တွေ သူမဆီကို ရောက်လာကာမှ ...

“ဘုံ တစ်ခုလောက် ပြောပါရစေ အန်ကယ်လ် ..၊ ဘုံ နဲ့ ပတ်သက် တာလည်း ပါလာလို့ ပြောခွင့်ပြုပါ ..”

“ပြောလေ သမီး .. ပြော ..”

ဒေါ်ပန်းသီခိုင် က ခေါင်းညိတ်ပြောရင်း ...

“သမီး ရင်ထဲမှာ ရှိတာကို ပြောပါ၊ မာမီတို့က ကိုယ့်သားအ ဘာဖြစ်ဖြစ် .. သားပဲ မှန်တယ်လို့ တစ်ဖက်သတ် ရပ်တည်မယ့် မိဘမျိုး တွေ မဟုတ်ဘူး၊ မှန်တဲ့အတိုင်း ဖြစ်ရမယ်၊ တရားမျှတစွာ ဆုံးဖြတ်ပေး မယ် .. ရဲရဲသာ ပြော ..”

ဘုံ တစ်ခုခု တိုင်တော့မည်ထင်ကာ မျက်နှာတော့ မကောင်းပေ မယ့် ဒေါ်ပန်းသီခိုင် ခွင့်ပြုရှာသည်။

“ဘုံ တို့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သခင့် ကိုချည်း အပြစ် တင်နေတာ မြင်ရတော့ .. ဟိုလေ .. ဘုံ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံ သလိုကြီး ဖြစ်လာတယ်၊ တကယ်တော့ ဘုံ တို့နှစ်ယောက် အတူ တိုင်ပင်ပြီး လုပ်ခဲ့တာပါ ..”

သခင် ကိုယ်တိုင် ဝန်ခံနေကာမှ ဘုံ ကပါ သူမ လုပ်ခဲ့ပါသည် ပြောလာတော့ ဦးခင်ထွန်း နဲ့ ဒေါ်ပန်းသီခိုင် မျက်လုံးချင်း ဆုံသွား၏။

“သခင် နဲ့ ဘုံ တို့ တစ်ယောက်ကိုတစ်ယောက် မရင်းနှီးခဲ့ကြတာ





နှစ်ယောက်စလုံးဘက်က ခံစားချက်ပါ၊ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြတာ သည်း သခင့် ဘက်က မိဘစကားကို နားထောင်မှုတာသက်သက်ဆို တာ ဘုံ ယုံကြည်တယ်၊ ဘုံ ကိုယ်တိုင်လည်း မရင်းနှီးသေးတဲ့ အိမ် ထောင်ဘက်ကို လက်ခံခဲ့တာ .. ကိုယ့်လိုလားချက်နဲ့ ကိုယ်ပဲလေ ..၊ တွေကို ရှေ့ထားပြီး ပြောရတာ အရမ်းကို အားနာပါတယ်၊ ရိုင်း သလို ဖြစ်သွားရင်လည်း ခွင့်လွှတ်ပေးပါနော် ..”

ဘုံ က မိဘနှစ်ပါးစလုံးကိုကြည့်၍ မျက်လွှာချရင်း တောင်းပန်သည်။

“ဘုံ လည်း နိုင်ငံခြားကို လိုက်မသွားချင်ဘူး၊ သူလည်း မိဘငြိုငြင် တာကို မခံချင်ဘူး၊ အဲဒါတွေကို ဆွေးနွေးပြီးမှ လက်ခံခဲ့ကြတဲ့အတွက် သခင် သွားလာ နေထိုင်တာတွေနဲ့ ပတ်သက်ပြီး ဘုံ ကျေနပ်ပါတယ်၊ ပြောချင်တာကလေ.. ဘုံ တို့အိမ်ထောင်ရေးက အန်ကယ်လ်တို့ ထင် လောက် မဆိုးသေးပါဘူး၊ ဆိုးလာဖို့လည်း မရှိဘူးလို့ ယုံကြည်တယ်”

“ဒါဆို .. အိမ်ခွဲနေတဲ့ကိစ္စက သမီးကိုယ်တိုင် ဆန္ဒရှိခဲ့တာပေါ့”

ဘုံ သခင့် မျက်နှာကို ဖျတ်ခနဲ ကြည့်သည်။ သခင် က မကျေနပ် သေးသည့် မျက်ဝန်းတွေကို လွှဲပစ်၏။

“ဘုံ ဒီအိမ်က ခွဲထွက်ချင်တာ မဟုတ်ပါဘူး အန်တီ၊ အလုပ်နဲ့ သွားရလာရ အဆင်ပြေချင်တာပါ ..”

“မဟုတ်ဘူး .. သမီး လက်ထပ်ပြီးပြီးချင်း ခွဲထွက်ဖို့ စဉ်းစားခဲ့ တယ်ဆိုတာ မာမီ မယုံဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သမီးကို မာမီက အပိုင်ရပြီဆိုပြီး ပျော်နေခဲ့တာ သမီးမေမေ သိတယ် .. အဲဒါကို သမီး လည်း သိပါတယ်၊ မိဘတွေ နယ်မြေရပ်ခြားကို ရောက်သွားကြပြီဆိုတဲ့ အသိနဲ့ မာမီက သမီးကို ချွေးမတောင်းခဲ့တာပေမယ့် သမီးအဖြစ် အပိုင် စားခွင့် ရလိုက်သလို ပျော်ခဲ့ရတာ ..”

သခင့် မျက်နှာ မဲ့ချင်ချင်နှင့် ဟိုဘက်လှည့်သွားသည်။ ကာယကံ ရှင်တာ သူလုပ်ပါသည်ပြောပြီး ဝန်ခံနေတာကောင် မယုံပါဘူးတဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး ငြင်းနေတဲ့သူကိုကျတော့ အတင်း ဝန်ခံခိုင်းနေတာ ပြည်နှင်ဒဏ် ပေးဖို့ ...။

"သမီး သွားလာဖို့ အဆင်ပြေအောင် မာမီ စီစဉ်ပေးပါလို့ ဖွင့်ပြော ခဲ့ရင်ရော မာမီတို့က ငြင်းမှာမို့လို့လား သမီး ...၊ အဲဒီလို ဆင်ခြင်နိုင်စွမ်း သမီးမှာ ရှိတယ် .. အဲဒါကြောင့် မယုံတာ၊ မာမို့သားကသာ မိဘ ကွယ်ရာမှာ ထင်သလို နေထိုင်သွားလာချင်လို့ သမီးကို အနိုင်ယူပြီး ခေါ်ထုတ်သွားတာလို့ သိလိုက်ရပြီး .. မာမီတို့ရဲ့သားအတွက် .."

"ခဏ နေပါဦး မာမီ .. သား အဲဒီလို ဟုတ်နေရင်တောင် အရူ သား ဘာတွေ ဖြစ်နေလို့လဲ .."

"အေး .. အမေးရှိတော့လည်း အဖြေရှိရတာပေါ့ကွာ .."

ဒီစကားကို ဦးခင်ထွန်း က ဝင်ပြောရင်း ...

"နှစ်ဆယ့်ရှစ်ရက်နေ့က မင်းကို တစ်ခါ မြင်တယ်၊ သုံးဆယ့် တစ်ရက်နေ့တုန်းက 'ရွှေဘဲ'မှာ မင်း ငါ့ကို မမြင်ဘူး၊ တစ်နေ့ထ မင်းမာမီနဲ့ မင်း ဘယ်မှာတွေ့ခဲ့သလဲ .."

ဦးခင်ထွန်း ပြောသမျှ နေ့ရက်တွေကို သခင် သိသည်။ ထို့ကြောင့် တစ်နေ့ရာပြောလိုက်တိုင်း မျက်နှာကို လက်နက်တစ်ခုခု လာပစ်မှန် သွားသလို ခံရခက်နေလျက် ...၊

"မှင်း လက်ထပ်ပြီးပြီဆိုတာ မင်းကိုယ်မင်း မေ့နေတာလား .. မင်းနဲ့အတူ ရှိနေတဲ့ မိန်းကလေးတွေကပဲ မေ့နေကြတာလား .."

အဆူခံနေရသည့် သခင့် မျက်နှာက ရှုပွနေသလောက် သခင့် ကို ဘာပြောပြော ကာကွယ်ပေးချင်သလို ဖြစ်နေသော ဘုံ့ မျက်နှာလေး ကိုလည်း ဒေါ်ပန်းသီခိုင် က အကဲခတ်ကြည့်နေ၏။

"မိဘက ကိုယ့်သားသမီးအကြောင်း မကောင်းပြောချင်နေတယ် ဆိုတာ ရှိမလား ပန်းသခင် ...၊ ဒါပေမယ့် မကောင်းတာကိုတော့ အကောင်းပြောမပေးနိုင်ဘူး၊ မင်း လိုချင်နေတဲ့ လွတ်လပ်ခွင့်က ဒါမျိုး





တွေ ဖြစ်နေမယ်ဆိုရင် ဘုံ က ကျေနပ်ပါတယ်ဆိုလည်း မိဘတစ် ယောက်အနေနဲ့ ခွင့်ပြုပေးလို့ မရဘူး၊ အဲဒီတော့ နှစ်ယောက်စလုံး အိမ်မှာ ပြန်ရွှေ့ရမယ် ...၊ အထူးသဖြင့် ဘုံ့ ကို ကွယ်ရာမှာ မင်းနဲ့ ပေး ထားလို့ မဖြစ်ဘူး .."

"သားလည်း အိမ်မှာ ပြောင်းနေရမယ် သား .."

ဒေါ်ပန်းသီခိုင် က ခင်ပွန်းဖြစ်သူ စကားလမ်းလွှဲသွားမှာ စိုးသဖြင့် အားဖြတ် ဝင်ပြောပေးသည်။ ပြီးတော့ ...

"မနေနိုင်ပါဘူးဆိုရင်သာ သားရဲ့သဘော ...၊ ဒါပေမယ့် မာမို့သား အဲဒီလို မိဘကို ဘက်တိုက်ထွက်သွားမယ့် သားမျိုး မဟုတ်ဘူးလို့ မာမီ ယုံကြည်တယ် .."

ဒက်ဒီ မယုံကြည်တာကိုတော့ သခင့် ရင်ထဲမှာ အောင့်နေဆဲပါ။

ချစ်ရတဲ့ အချောအလှ ကဗျာလေးတွေကို ဒီတိုင်းထားပစ်ခဲ့ပြီး မိဘစကား နားထောင်ပေးခဲ့တာ သားလိမ္မာ မဖြစ်သေးဘူးလား ...၊

မိန်းကလေးတစ်ယောက်ရှေ့မှာ ကိုယ့်သားကို အိမ်ထောင်ရေး ဖောက်ပြန်နေသလိုလို ပြောတာကရော ...၊ မိဘမေတ္တာတွေလား ...။

စိတ်ဟာ အကောင်းတိုင်း ပေါ့ပါးနေရာကနေ ရှုပ်ထွေး ပူလောင်မှု တွေ ဖြစ်ခဲ့ရပြီး သမီးမှ သမီး ဖြစ်နေသည့် မာမီတို့ကိုပဲ အံ့ဩပြီးရင်း အံ့ဩနေမိသည်။

ဒီလောက်ထိ သမီး လိုချင်နေတာ တော်ပါသေးသည်။ အားလုံး ပြောင်းလဲယူလို့ရတဲ့ IT ခေတ်ကြီးထဲမှာ သူ့ကို သမီးလေးဖြစ်အောင် ပြောင်းလဲမထားခဲ့လို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၇)

ဘုံ တို့ အိမ်ပြန်ရွှေ့လာပြီဆိုသည်နှင့် ထားခဲ့သည့်အိမ်ကို ရောင်းထုတ်ပစ်လိုက်တာ ချက်ချင်း ...၊

နောက်ထပ် စံရိပ်ငြိမ်က တိုက်ကိုရော .. အိမ်ရာတွေထဲမှာ ရှိသေးသည့် တိုက်တွေကိုပါ ဖုန်းဆက်၍ အရောင်းအဝယ်တွေ လုပ်နေတာကြားနေရသည်။

ဒေါ်ပန်းသီခိုင် က ဖုန်းပြောရင်း အိမ်ထဲနဲ့အပြင်ကို ဝင်ထွက်နေကာ ဘုံ အလုပ်လုပ်နေတာကိုလည်း လှမ်းကြည့်သွားတတ်သည်။

နေရာမှ ထ၍ ကော်ဖီခွက်ကို ကိုင်ကာမှ အနားကို လျှောက်လာကာ ...

"တန်ဖိုးကြီးတဲ့နေရာတွေမှာ ခြံနဲ့တိုက်တွေ ဝယ်ပြီး အိမ်ငှားတစ်ခြမ်းတင် .. တစ်ခြမ်းလွှတ်ထားတာတွေရော .. တိုက်တစ်လုံးလုံး ဒီတိုင်း ပိတ်ထားတာတွေရော .. အားလုံးက မာမီ စီစဉ်တာတွေလေ .. သားလေး တစ်ယောက်တည်း မွေးထားတော့ တစ်နေ့နေ့မှာ ဒီလိုပိုချဖြစ်လာမှာပဲလို့ ကြိုတွေးမိတယ်၊ ယောကျ်ားလေးတွေ အပေါင်းအသင်းမင်ပြီဆို .. မိဘ မပြောနဲ့ .. ဇနီးမယား တားရင်တောင် ဂရုစိုက်ချင်တာ မဟုတ်ဘူး သမီးရဲ့ .."





ဘုံ က ကော်ဖီပန်းကန်လေး ပြန်ချကာ ဒေါ်ပန်းသီခိုင် ထိုင်ဖို့အတွက်ပါ စားပွဲဘေးမှာ ခုံလေး ဆွဲထုတ်ပေး၏။

"သမီး အလုပ်ပျက်နေမလား .."

"ရပါတယ် အန်တီရဲ့ .. ဒီလိုပဲ နားရင်း လုပ်နေရတာ .."

နေရာမှာပဲ နှစ်ယောက်အတူ ပြန်ထိုင်မိရင်း ...

"အကယ်၍ မိဘ ဆုံးမတာကို အမြင်စောင်းပြီး အိမ်မှာ ဖင်မမြဲဖြစ်လာတဲ့အခါ တစ်ရပ်တစ်ကျေး ရောက်မသွားအောင် ..၊ နောက်ပြီး သူများအိမ်ရာမှာ မကြည်မဖြူ ခိုကပ်မနေရအောင်ပေါ့၊ သားလေးအတွက် မာမီ စီစဉ်ခဲ့တာ ..၊ ဒါပေမယ့် .."

ဒေါ်ပန်းသီခိုင် က သက်ပြင်းရှည်ကြီး ချကာ ...

"ခုတော့ သူ့ဒက်ဒီ တားခဲ့သလိုပါပဲ .. အပျော်သဘောနဲ့ စိတ်ပြေလက်ပျောက် နှစ်ရက် သုံးရက် သွားနေလိုက်တာမျိုးမှ မဟုတ်တာ၊ တခြားမှာ နေစရာရှိနေသရွေ့ အဲဒီနေရာကို အားကိုးနေရဦးမှာပဲ၊ တကယ်တမ်း ခုလိုမျိုး ခွဲထွက်နေလိုက်မျိုးကိုလည်း မာမီ ကြည့်မနေနိုင်ဘူးလေ၊ အခု မာမီ တိုက်ပိုတာတွေ တစ်လုံးပြီးတစ်လုံး ရောင်းထုတ်နေတာ သားက ဘာများ ပြောသံ ကြားသေးလဲ သမီး .."

"မပြောပါဘူး အန်တီ .."

"မာမီပဲ ခေါ်ပါ သမီးရယ် .. မာမီ့ကို သမီးမေမေ့လို သဘောထားနိုင်လို့လား .."

"မဟုတ်ပါဘူး မာမီ .. ခေါ်နေမကျသေးလို့ပါ၊ တကယ်တော့ သခင် က မာမီတို့ ထင်သလို မဟုတ်ပါဘူး .. အဲဒါ ဘုံ သိတယ်၊ သူ့ဆီမှာ တုန်းကပုံစံ မပြောင်းသေးတာ ရှိရင် ရှိမယ်၊ တခြား ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်ပြီး မာမီ စိတ်အေးအေး နေပါ"

"သူ ခုချိန်ထိ မိန်းကလေးတွေနဲ့ တွဲနေသေးတယ်လို့ပြောပြီး သူ့ဒက်ဒီ အရမ်း စိတ်ပျက်နေတာ သမီးကရော .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကောင်းတဲ့အလုပ်မှ မဟုတ်ဘဲ မာမီ၊ ကိုယ့်ကိုပဲ ချစ်စေချင်တဲ့လောဘစိတ်တော့ မရှိသေးပေမယ့် ဒီလို နေထိုင်မှုမျိုးက သိက္ခာလည်း မရှိဘူး .."

"အင်း .. ဟုတ်တာပေါ့၊ ဒါတွေ သမီးက ဘာဖြစ်လို့ နားလည်ပေးနေခဲ့တာလဲ ..၊ တစ်နေ့နေ့မှာ ငါတို့ ဘာလုပ်ကြမယ်ဆိုတဲ့ သမီးတို့ မသိအောင် ကြိတ်တိုင်ပင်ထားကြတာများ ရှိနေကြသလား .."

ဒေါ်ပန်းသီခိုင် က ပွင့်လင်းလွန်းနေသဖြင့် ဘုံ က သွားလေးတွေပေါ်အောင် ပြုံးသည်။

"ဘာလို့ ပြုံးနေတာလဲ သမီး ..၊ သမီး ဒီလောက်ထိ သဘောထားကြီးနေတာကို မာမီက ဝမ်းသာကျေနပ်နေမယ် ထင်လို့လား ..၊ အဲ့ဒါ သားအပေါ်မှာ သမီးဘက်က တပ်မက်မှု ဘယ်လိုမှ ဖြစ်မလာနိုင်တဲ့ ခွင့်လွှတ်ပြုံးတွေ .."

"ဘုံ က ဟုတ်နေရင်လည်း ဒါက ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းနိုင်တဲ့ ဆင်ခြင်တုံတရားပါ မာမီ ..၊ အထူးသဖြင့် မေတ္တာစိတ်နဲ့ပတ်သက်တာတွေကို လိုချင်သလို ပုံဖော် ထုဆစ်လို့ မရပါဘူး၊ ခုချိန်မှာ သခင် နဲ့ ဘုံ နားလည်မှု ရှိနေဖို့ထက် ဘာမှ ပိုပြီး မလိုအပ်သေးဘူး ထင်တယ် .."

"မာမီကတော့ သမီး ကိုယ့်အလုပ်တွေကိုယ် ဖိလုပ်နေပြီး သားကို လွှတ်လပ်ရေးတွေနဲ့ ပျော်အောင်ထားနိုင်တာ မကြိုက်ဘူး၊ ကိုယ့်သား ဒီလို ဝတ္တရားမဲ့နေတာ ရှက်ဖို့လည်း ကောင်းပါတယ်"

"သူကိုယ်တိုင် ရှက်ရမှန်းသိမှ ဖြစ်မှာ မာမီ .."

ဒေါ်ပန်းသီခိုင် စိတ်မသက်မသာ ဖြစ်သွားသည့် မျက်နှာနှင့် ပြန်ထွက်သွားလေသည်။ ထိုအခါ အပြင်က ပြန်လာသည့် သခင် က မာမီ့ ကျောပြင်ကို လှမ်းကြည့်ပြီး ထိုနေရာမှာပဲ ဝင်ထိုင်လိုက်ကာ ...

"မာမီ ဘာတွေ လာပွားသွားတာလဲ .."





"မင်းကလည်း မင်းပဲလေ .. အန်ကယ်လ် အိမ်မှာ မရှိတဲ့အချိန်တိုင်း မင်း အိမ်မကပ်ဘူး .."

"ခင်ဗျားက ကပ်စေချင်လို့လား .."

"မင်းနဲ့ပတ်သက်သမျှ အမြဲတမ်း ကြားနေ၊ ရှင်းနေရတာ စိတ်ညစ်လာလို့ပေါ့ .."

"အခု နောက်ထပ် ရှင်းရဖို့ ရှိသေးတယ် .."

"ဘာ!..."

သခင် က ဘုံ့ လက်လေးကို ဆွဲကာ ကိုင်ထားသည့် ကော်ဖီခွက်ကို ဆွဲယူ၍ စားပွဲပေါ် ပြန်ချထားလိုက်၏။

"ပြဿနာတစ်ခုရှိလို့ ဘုံ .. အဲ့ဒါ ခင်ဗျား ကူညီမှ ဖြစ်မှာ .."

"ပြဿနာ ဟုတ်လား ..၊ မင်းမှာ ပြဿနာတွေ အကြောင်းအရာတွေ များလှချေလား .."

"ခင်ဗျားကိုတော့ ကျွန်တော် ဒီတစ်ခါပဲ အကူအညီ တောင်းသေးတာပါ"

"မင်းကြောင့် .. ဟိုပြောင်း ဒီရွှေ့ လုပ်နေခဲ့ရတာတွေ ခုထိ ရှင်းလို့ မပြီးသေးဘူး သခင် .. ပြောရင်လည်း မကြိုက်ဘူး၊ သူများပြောတာ မခံချင်ရင် အပြောမခံရအောင် နေရတယ် .."

"ဘုံ .. ခင်ဗျားကလည်း လူကြီးမိဘ လေသံကြီးနဲ့ပါလား .."

"လူကြီးမိဘလိုနေလို့ မင်း လုပ်နေသမျှ အဆင်ပြေအောင် ပြောပေး ဆိုပေးနေတာပေါ့၊ မင်းက ဘယ်လိုပုံစံမျိုး နေစေချင်သေးလို့လဲ.."

"ဟွန်း .."

သခင့် မျက်နှာ ဖြစ်ပျက်သွားတာကို နားလည်နေပေမယ့် ဘုံ ဂရုမစိုက်သလို နေလိုက်သည်။ ပြောဆိုဝေဖန်တာကျတော့ အိမ်ထောင်ဦးစီးပီပီသသ လေးစားခံချင်နေသေးသည်။

လေးစားအောင် နေပါလားဆိုတော့ ကိုယ် ဘာတွေ လုပ်နေသလဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ရဲ့လား ..။

ဒီလိုလူကို ငါ့ယောက်ျားဆိုတဲ့ လွှမ်းမိုးချင်စိတ်နဲ့ဆိုရင် ဘယ်လို သဘောထားနဲ့ ခွင့်လွှတ်နေနိုင်မှာလဲ ..။

ဒါတွေကြောင့် မိဘမောင်နှမလို အမြင်မတော်တိုင်း ပြောဆိုဆုံး နေရတာကို နှားမလည် ..။

"အခု ဘာဖြစ်လာလို့လဲ .."

"အင်း .. အဲဒီလိုအမေးကို စောင့်နေတာ၊ ဒီက ပြောပြီးရင် ဆရာ မလုပ်နဲ့ ..၊ မကဲ့ရဲ့နဲ့ .."

"အံမယ် .."

"ကြိုပြောထားတယ်နော် .."

"မပြောနဲ့တော့ .. ကဲ့ရဲ့စရာ တွေ့ရင် ကဲ့ရဲ့မိမှာပဲ .."

"မရဘူး ..၊ မေးပြီး စလာစ်ပဲ .."

ထသွားမလို့ ပြင်လိုက်သဖြင့် သခင် က ဘုံ့ လက်လေးတစ်ဖက်ကို ဆွဲထားလိုက်ကာ ...

"ကျွန်တော့်ရဲ့ လက်စမပြတ်သေးလို့ အားနာသဖြင့် တွဲနေရတဲ့ ရည်းစားလေးတွေ ရှိတယ် .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ဖုန်း ပိုနေတာတွေ ဒက်ဒီ့အမိန့်နဲ့ မာမီက ပြန်သိမ်းလိုက်တယ် လေ ..၊ အဲဒါကြောင့် အကယ်၍ ခင်ဗျားဖုန်းထဲကိုများ ကောင်မလေးတွေ ဖုန်းဝင်လာရင် အဆင်ပြေအောင် ပြောပေးစမ်းပါ၊ ဘယ်လိုလဲ .."

"မင်းက အိမ်ထောင်ရှိတယ်လို့ မပြောဘဲ ရည်းစားထားနေတာ လား သခင် .."

ဘုံ့ မျက်နှာလေးက ဒေါသရောင်တွေ တက်လာခဲ့လျက် ...

"တို့က မလျှော့ပ်တိုင်တက်ပြချင်တာ မဟုတ်ဘူး ..၊ ဒါပေမဲ့ မင်း လူယုတ်မာဖြစ်သွားပြီ နားလည်လား၊ ဒါ မိန်းမပျိုလေးတွေ





လိမ်ညာ လှည့်ဖြားမှုပဲ .."

"ကျွတ်!.."

"မင်းကို တို့ ဘာမှမပြောခဲ့ဘူးပေမယ့် ကိုယ် လက်ထပ်ထားခဲ့တဲ့ ယောက်ျားက လူယုတ်မာ ဖြစ်နေတယ်ဆိုရင်တော့ .."

"ဟား!... ဒေါ်ဘုံမြင့်စံ .. တော်ပါတော့ဗျာ .."

နေရာမှ ထရပ်လိုက်ကာ သခင့် မျက်နှာ မီးဖိုထဲ ပစ်ကျသွားသည့် အားရေချုပ်နဲ့ တူသွား၏။

"ပြောတာကို နည်းနည်းပါးပါး နားထောင်ပါဦး၊ ဒီမှာ ဒီရုပ်ကြီး ကို ကြည့် .."

ထိုင်နေသည့် ဘုံ ရဲ့ ထိုင်ခုံကျောမှီမှာ လက်ထောက်ငုံ့ကာ မျက်နှာ ကို သေချာ ကပ်ပြလိုက်ရင်း ...

"အဲဒီလို လိမ်ညာ လှည့်ဖြားနိုင်မှ ရည်းစားထားနိုင်မယ့်ရုပ်လား.. သေချာကြည့်..၊ ယောက်ျားတွေ ဘယ်နှစ်မျိုး ဘယ်နှစ်စားလောက် ရှိ သလဲ ခင်ဗျား သိမှာ မဟုတ်သလို .. ခင်ဗျားတို့မိန်းမတွေ ဘယ်လို ကွဲပြားခြားနားကြသလဲဆိုတာလည်း ကျွန်တော် မသိဘူး၊ အရှင်းဆုံး ပြောရရင် .. ဒီမှာ .."

သခင် က ကိုယ်ကို မတ်မတ်ပြန်ရပ်၍ ဘုံ မော့ကြည့်လာတဲ့အထိ စောင့်ကာ ...

"ခါချနေရတယ် .. ယုံလား .."

ဘုံ နှုတ်ခမ်းမဲ့၍ မျက်နှာလွှဲလိုက်တော့ သူက ရယ်လိုက်ပြီး ပြန် ထိုင်သည်။

"မယုံသေးရင် ခင်ဗျား မလျှော့ပ်တိုင် တက်ပြလိုက်ပါ၊ တစ်ခုခု ရှယ်မရာ မပြောဘူးဆိုရင် ရပြီ .."

ဘုံ့ ရင်ထဲမှာတော့ ကလိထိုးနေပြီ ဖြစ်သည်။ ဘယ်လိုမိန်းကလေး မျိုးတွေလဲလို့ တွေးမိနေလို့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမိန်းကလေးတွေ ရှိနေလို့ မိန်းမသားထုတွေ ဂုဏ်သိက္ခာ ကျ ဆင်းသည်။ ဤသို့သော မဆင်ခြင်သူတွေကြောင့်ပဲ အိမ်ထောင်ရှင် မိန်းမ သားတွေ မျက်ရည်ချောင်းစီးရ၏။

ဒီအဖြစ်တွေထဲမှာ သူမ ပါနိုင်သလား ..၊

တွေးမိတာနဲ့တောင် ကြက်သီးထချင်၏။ အကယ်၍ ပန်းသခင် သည်သာ သူမရဲ့ အချစ်ရဆုံး လင်ယောက်ျားဆိုလျှင် ..၊

မချစ်နဲ့ ..၊ ဘယ်တော့မှ ချစ်ကြင်နာမိဖို့ မကြိုးစားနဲ့ ဘုံမြင့်စံ ပန်းသခင် ဆိုတဲ့လူက ဒီပုံစံ၊ ဒီအကျင့်တွေကို ဘယ်တော့မှ ပြုပြင် ပျောက်ဖျက်မှာ မဟုတ်တဲ့ ခွေးမြီးကောက်လို လူ ..၊

"ဘာကြည့်နေတာလဲ ..၊ သဘောမတူဘူးလား .."

"မင်း ပြောတာက သိပ်အပမ်းမကြီးဘူး ထင်ရပေမယ့် လူကြီးတွေ မသက်သာဖြစ်လောက်တဲ့အထိ ဖြစ်လာရင် တို့က နေ့စဉ် မုသာဝါဒတွေ ကျူးလွန်နေရမှာ ..၊ မင်း ဘာဖြစ်လို့ တို့နဲ့ပတ်သက်ဖို့ အကြောင်းတွေ ချည်း ဖန်နေတာလဲ သခင် ..၊ ငါတို့တွေ သဘောတူထားခဲ့တာ ဒီထိ လက်တွဲလျှပ်ရှားကြဖို့တော့ မပါဘူးမို့လား .."

"အခိုက်အတန့်ပဲဗျာ .. ပတ်သက်လာရင် ခင်ဗျား ပြုံးတူးပြုံးတ ထဖြစ်မှာစိုးလို့ပါ၊ ခဏခဏ မဖြစ်စေရဘူး .. အာမခံတယ် .. ရပြီလား"

မရဘူး ပြောလို့ရော ရမှာမှ မဟုတ်ဘဲ ..၊

ဘုံ သက်ပြင်းချလိုက်ရပြန်၏။





BURMESE CLASSIC .com

## အခန်း (၂၈)

"ဒေါ်ဘုံမြင့်စံ က အသက်အရွယ်နဲ့ မလိုက်ဘူးနော် ..၊ စီးပွားရေး နဲ့ပတ်သက်ရင် ပြီးခဲ့တာတွေအပေါ်မှာလည်း သုံးသပ်မှု မပြတ်ဘူး၊ ဖြစ်လာမှာကိုလည်း ခန့်မှန်းနိုင်တယ် .."

"ဟုတ်တယ် .. ကျုပ်တို့ ဒါရိုက်တာအဖွဲ့ထဲမှာ သူ ပါနေတာကို က ခေါင်းဆောင်ကောင်းတစ်ယောက် ရထားသလိုပဲ၊ လူငယ်တွေ ထောက်ပြီဆိုရင် ဝါရင့်ပညာရှင်တွေ လက်ဖျားခါရတာ .."

စည်းဝေးခန်းမကြီး ဖွင့်လိုက်သည်နှင့် ဘုံမြင့်စံ ၏ အရည်အချင်း ဆောင်းတွေက မွှေးနေသည်။

ကြားနေသည့် ဦးခင်ထွန်း ၏မျက်နှာကြီးမှာလည်း ပြည့်ဝ ကြည်နူး သည့်အပြုံးတို့နှင့် ခံညားနေလေသည်။

သို့သော် ခဏအတွင်းမှာ ကွက်ခနဲ ပျက်၏။

"မိုက်လိုက်တဲ့ သား .."

သူ့နှုတ်ဖျားမှ မချင့်မရဲ တီးတိုးရေရွတ်သံကိုတော့ ဘယ်သူမှ ကြားနိုင်မှာ မဟုတ် ..။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ ရောက်နေတယ် .."

"အေး .. သမီး .."

အများနဲ့အတူ လျှောက်လှမ်းလာသည့် ဘုံ့ ခြေလှမ်းတွေ ခပ်သွက် သွက်ဖြစ်သွားကာ ဦးခင်ထွန်း နားကို ချက်ချင်း ရောက်လာသည်။

ပန်းသွေးရောင်ရင့်ရင့် မြန်မာဝတ်စုံ ယဉ်စစလေးပေါ်မှာ စိမ်းပြာ ရောင် ကုတ်အင်္ကျီရှည်လေးနှင့် ဖြစ်သည်။

ထို့ပြင် ဆံပင် သိပ်မရှည်ပေမယ့် နောက်မှာ ကလစ်လှလှလေး သိမ်းညှပ်ထားသဖြင့် မဟာနဖူးပြေပြေလေးနှင့် မျက်နှာလေးက ရှင်း ကြည်နေ၏။

တကယ်ဆို သူမနဲ့အတူ ဘေးမှာ ကိုယ့်သားက ရှိနေရမှာ ...

ခုတော့ အိမ်မှာ သားကို မြင်ခဲ့ရတာ အိပ်ရာက ခုမှ ထပုံပေါ်ထား သီချင်းတအေးအေးနှင့် ရေချိုးနေတုန်း ...

"အကြောင်းရှိရင် ဖုန်းဆက်လိုက်ရင် ရတာပဲ ဒက်ဒီရယ်.. ရောက် နေတာ ကြာပြီလားဟင် .."

ဘုံ့ ထိုင်သည့် ရုံးခန်းထဲ ဝင်လာကြရင်း ထိုင်လိုက်ကြပြီးမှ ...

"သိပ်မကြာသေးဘူး သမီး ..၊ အစည်းအဝေးရှိတယ်ဆိုလို့ တမင် ဝင်လာခဲ့တာ၊ သမီးတို့ တူးသောင်ဇင်သာတင်းနဲ့အတွက် ပရော့ဂျက် လား .."

"ဟုတ်တယ် ဒက်ဒီ .."

"အေး .. အေး .. အဲဒါကို ကြားပြီးပါပြီ၊ သမီး ဆုံးဖြတ်လိုက်တဲ့ အတိုင်းပဲပေါ့ .."

"ဟုတ်ကဲ့ .. စီးပွားရေးအားလုံးက တံခါးဖွင့်ဝါဒ ဖြစ်သွားပြီ တော့ ဘုံ့ တို့က အရှိန်နဲ့စီးနေတဲ့ ရေကြောရေ့မှာ ရပ်နေမိသလိုဖြစ် စိုးတယ်၊ ဒီအချိန်မှာ အရင်းအနှီးသစ်တွေနဲ့ တစ်နိုင်တစ်ပိုင် ထူထော င် တာထက် ပေါ်ပေါက်လာတဲ့ လုပ်ကွက်သစ်တွေပေါ်မှာ ရပ်တည်မှ





...ောင် ရွေးချယ်ရမှာ .."

"ဟုတ်တာပေါ့ .. အားလုံး ပွင့်ကုန်ပြီ .. ရောင်းဝယ်နေကြပြီဆိုပြီး ...နေလို့ ဘယ်ဖြစ်မလဲ .."

"အဲဒီသဘောလေးတွေကိုပဲ ဒီနေ့ ရှင်းကြည့်တာပါ၊ ပြန်ရောက် ...် ဒက်ဒီကို ဒါတွေ ပြန်ပြောပြမလို့ပါ၊ ဒေတာတွေစုပြီး ခေါင်းလှုတ် ...ထားပြီးပြီ .."

"အေးပါ .. ဒက်ဒီက သမီး အရည်အချင်းကို ယုံပါတယ်၊ ရဲရဲဝံ့ဝံ့ ...တ်လုပ် ..၊ လိုအပ်တာရှိရင် ဒက်ဒီကို ပြော .."

ဘုံ့ ခေါင်းညိတ်၍ လက်ပ်တော့ပ်ဖွင့်ဖို့ ပြင်နေစဉ် ဖုန်းမြည်လာ ...၊ ဘုံ့ က ကောက်ကိုင်လိုက်ပြီး ...

"ဟဲလို .."

"ဒေါ်ဘုံ့မြင့်စံ ဆိုတာလား မသိဘူး .."

"ဟုတ်ပါတယ် .."

"ဩော် .. ဒါဆို .. သခင့် ရဲ့ဇနီး ဆိုတာပေါ့နော် .."

ဟင်!...

ဘုံ့ မျက်နှာလေး ပျက်သွားသည်။

လှမ်းကြည့်လိုက်တော့ ဦးခင်ထွန်း က သူမပြောတာကို နားစွင့်နေ ...မရှိပါ ..။

"အင်း .. ဟုတ်ပါတယ် .. ဘာပြောစရာရှိလို့လဲ .. ပြောပါ"

"မေးကြည့်တာပါ .. ဒါပဲ"

ဖုန်းချသွားပုံက ဘာကို မကျေနပ်တာမှန်း မသိပေမယ့် ဂွက် ... ..။

နားထဲကို တစ်စုံတစ်ခု ပစ်ဝင်လာသလို ပြင်းထန်သဖြင့် ဘုံ့ မျက် ...လေးတွန့်သွားကာ ဖုန်းကို ပြန်ကြည့်နေမိ၏။ ရင်ထဲမှာ တကယ်... ...ောင့်သက်သက် ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပြောဆို မှာကြားသွားတာဆို သခင့် ကို ပြန်ပြောပြပေးဦး အဆင်သင့်ပင် ..။

ခုတော့ ဒီလိုလည်း မဟုတ် ..။

"ဘာဖြစ်လို့လဲ သမီး .."

သတိလက်လွတ်ကြီး ငေးငိုင်သွားသဖြင့် ဦးခင်ထွန်း သတိထား မိသွားသည်။

ဘုံ ခုမှ သတိရကာ ...

"မုန်းသရဲ ထင်ပါတယ် .. ဘာမှမဟုတ်ပါဘူး .."

ပြောလိုက်ရပေမယ့် ရင်ထဲမှာ အဟုတ်တကယ် စွဲထင် ကျန်ရစ် သည့်အသံကို ပြန်ကြားနေရဆဲ ..။

'မေးကြည့်တာပါ .. ဒါပဲ ..'လို့ ပြောသွားပုံက ..၊

BURMESE CLASSIC .com





အခန်း (၂၉)

.. ငါ တစ်နေ့တော့ မင်းဆီ ပြန်ခဲ့မယ်.. အချိန်အခါတွေ အခြေအနေတွေ.. .. မင်းနဲ့ ငါ့အတွက် .. ဘယ်လိုရှိ .. နေ ..

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံကြောင့် သီချင်းသံက တိခနဲ ပြတ်တောက်သွား သည်။

"သခင် .."

"ဗျာ .. တံခါးဖွင့်ထားတယ် .."

တံခါး ဟသွားပေမယ့် ဘုံ က အထဲကို ဝင်မလာပေ ..။

"အပြင် ခဏထွက်ခဲ့စမ်းပါ .."

"ဘာလုပ်မလို့လဲ .."

"ဪ .. ထွက်ခဲ့ပါဆိုမှ .."

ဂီတာကို အိပ်ရာပေါ်မှာ ချထားလိုက်ပြီး သခင် ကလည်း ခြေ လှမ်းကျဲတွေနှင့် လျှောက်လာသည်။

"ကြက်သား ချိုချဉ်ကြော် လုပ်ထားတာတွေ တူးကုန်ပြီ၊ တို့ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး .."

"ဘာဖြစ်လို့ တူးသွားတာလဲ ..၊ ဒေါ်နု က ဘာလုပ်နေလို့လဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါ်နု ကို မာမီ အပြင်ခေါ်သွားတယ်၊ ဒီနေ့ ဓမ္မာရုံအလှူထ
နဲ့ မာမီက မအားဘူးလေ ..၊ တော်ကြာ ဒက်ဒီ ထမင်းစားပြန်လာမှာ"

"ဟာ!... အဲဒါ ခင်ဗျားက မချက်တတ်ဘဲနဲ့ ဘာလို့ ကြီးကြ
ကျယ်ကျယ်တွေ လျှောက်လုပ်နေတာလဲ .."

"မဟုတ်ဘူး .. မဟုတ်ဘူး .. တို့ချက်တာ မဟုတ်ဘူး၊ ဒေါ်ဒေါ်
အားလုံး လုပ်ပေးခဲ့တာ၊ မီးဖိုပေါ်တင်ပြီး မွှေပေးရုံပဲ၊ အဲ့ဒါ .. အဲ့ဒါက
အဲဒီလို ဖြစ်သွားတာ .."

"ဟော် .. ဗျာ ..."

မီးဖိုခန်းထဲ တောက်လျှောက် ဆွဲခေါ်လာရင်း တတွတ်တွတ် ပြော
လာခဲ့သည်။ တူးခြစ်နေသည့် ဟင်းအိုးနားမှာ အတူတူ ပြန်ရပ်ကြ
သခင် ဘာလုပ်ရမှန်း မသိဘဲ ဆံပင်တွေပဲ တွင်တွင်ဖွ၏။

"တစ်ခုခု ပြောဦးလေ ..၊ ဘာလုပ်ရမှန်း မသိတော့ဘူး .."

"နေပါဦး .. ကြက်သား ပြန်ထုတ်လိုက် .. ကျွန်တော် ဟင်းရွက်
တွေ လှီးပေးမယ် .."

"ဩော် .. ကြက်သား ရှိနေမှတော့ ကိုယ့်ဘာသာ ရှာကြံလုပ်
ပေါ့၊ ဒီနေ့ ရေခဲသေတ္တာထဲမှာ အဲဒီကြက်သားနဲ့ ဟင်းရွက်တွေက လ
ကျန်ပဲ၊ ဒါကြောင့် ဖွယ်ဖွယ်ရာရာ ချက်စရာမရှိလို့ ချိုချဉ်ကြော်လေ
လုပ်ပေးလိုက်ပါလို့ မာမီ မှာနေတာ တို့ ကြားတယ်၊ ဒီနေ့ကျမှ မာမီ
အလုပ်ရှုပ်နေတယ်၊ ဒီနေ့ကျမှ ဒက်ဒီက အိမ်မှာပြန်စားမယ်၊ ဧည့်သည်
တစ်ယောက်တောင် ပါချင်ပါလာဦးမှာ ..၊ အဲ့ဒါ ငါ့ကြောင့် .."

"ကဲပါ .. ကျွန်တော် ဈေးပြေးလိုက်မယ်၊ ခင်ဗျား .. လုပ်စရာ
တာ မြန်မြန် လုပ်ထားလိုက် .."

"ဈေးသွားတာ ဘယ်လောက်ကြာမှာလဲဟင် .. ကြည့်လုပ်ပါ
ငါ တစ်ယောက်တည်း ဘာမှ မကြံတတ်ဘူးနော် .."

"ဆိုင်က ဝယ်လာရင်ရော .. ဘယ်လိုလဲ .."





"ဟာ!... မဖြစ်ဘူး ..၊ မာမီက ဆိုင်နဲ့တွေ သိတယ် .. ဒက်ဒီက
လည်း မကြိုက်ဘူးတဲ့၊ ကဲ .. မြန်မြန်သွားလိုက်ပါ၊ ကား .. ကား ..
ကြိုက်မောင်းဦးနော် .."

သူ ကားသော့ဆွဲထွက်လာတော့ ဘုံ တောက်လျှောက် ကပ်လိုက်
ပြီး ကားထဲဝင်တဲ့အထိ ဘေးကနေ မှာလို့ မဆုံး ...။

"ဒီနားမှာ အောရင့်ရှုစူပါမားကက် ရှိတယ်၊ ဒါပေမယ့် ကားတော့
တယ်၊ ပါကင်ကျပ်မှာ သိလား ..၊ သတိထား မောင်းနော် .. ဟိုဟိုဒီဒီ
တွေ ပေါ်လာပြီး အိမ်ကိုလည်း မေ့မနေနဲ့ဦး .. မြန်မြန်သွား ..
မြန်ပြန်ခဲ့နော် .."

"ဒါပေမယ့် ကား သတိထားမောင်း .. သိလား .."

"သခင် .. ကားမောင်းရင်း ဖုန်းမပြောနဲ့နော် .."

"ဟား!..."

ခြံထဲက ကွေ့ထွက်ခဲ့ရင်း သခင် မျက်နှာ မဲ့သွားသည်။ ပြီးတော့
ယ်ရင်း ခေါင်းခါမိ၏။ ပြောရင်လည်း နားရကျင်ရမှန်း မသိ ...။

တကယ်ကို ဘယ်လိုစိတ်ဆိုးလို့မှ မရအောင် သူမပဲ သိ .. သူမပဲ
တ်..၊ ထိတ်လန့် ပျာယာခတ်ပြီဆိုလည်း ဘယ်လိုမှ ဖုံးဖိ ဟန်မဆောင်
တတ်သူ ...။

"ဒေါ်ဘုံမြင့်စံ က ချစ်စရာလေးပဲ .."

"ဆံပင်တိုတိုလေးနဲ့ဆိုတော့ မျက်နှာလေးကလည်း နုတယ်၊
သက်သိပ်ကွာတယ် မထင်ရပါဘူး၊ သခင် နဲ့ ဘယ်လောက်ကွာလဲဟင်"
ဆိုတာမျိုး ...၊

"မင်းက အထုပ်အပိုးတွေနဲ့ ဘယ်က ပြန်လာတာလဲ .."

သခင် အိမ်ပြန်ရောက်တော့ ဒက်ဒီကားက ရှေ့က ဝင်သွားတာနှင့်
ဆင့်နောက်ဆင့် ...။ ဘုံ ပြောသလို ဧည့်သည်တစ်ယောက် ပါလာ
ပြင့် သူပါ ရောယောင် ခေါင်းကြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခုနကမှ ထွက်သွားတာပါ၊ ဒက်ဒီ ထမင်းစား
လာတာလား .."

"ဟုတ်တယ် .. ချည့်သည်နဲ့ အိမ်မှာပဲ အေးဆေး ဆွေးနွေးဖို့ရှိ
ကိုဆန်းမြင့် .. ထမင်း အရင်စားလိုက်မလား ..၊ ပြောဆိုစရာရှိ
နောက်မှ ပြောလို့ ရတယ် .."

လူကြီးတွေက အတူတူ တွဲ၍ ရှေ့ကနေ ဝင်သွားကြသည်။
ဘာကြောင့်မှန်း မသိတာနှင့် ဖုန်း ကပျာကယာ ထုတ်၍ ...

"အေး .. ငါ အချိန်မီ လှမ်းပြောတာ ..၊ မင်းတို့ နောက်တစ်
လောက်ကြာမှ လာကွာ ..၊ ဒက်ဒီတို့နဲ့ လန့်ချီ ဆုံနေလို့ .."

ဖွင့်မထားသည့်ဖုန်းကို နားမှာကပ်ပြော၍ ရင်ခုန်သံတွေက အ
တို့ဆီက အသံ ..၊

"မင်းက အိမ်မှာ လန့်ချီစားဖို့ ချိန်းထားတာလား .."

"ဟုတ် .. ဒက်ဒီ .. ရပါတယ် ..၊ ဒက်ဒီတို့ အိမ်မှာ ပြန်စား
မှန်း မသိလို့ .."

"ဟာ .. ဒါဆို ရတယ်လေ ကိုထွန်း ..၊ ကျွန်တော်တို့ အေးအေး
တံခါးပိတ် ဆွေးနွေးကြတာပေါ့၊ ဘာမှ မဆာသေးတာကို .."

ချည့်သည်လူကြီးက အားနာသည့်လေသံနှင့် ပြောကာ ...

"လူငယ်တွေက အများကြီး စုရုံးဖို့ ချိန်းထားရတာ ..၊ ကျွန်
တို့က နှစ်ယောက်တည်းသမား .."

"ရတယ် အန်ကယ်လ် ..၊ သားတို့က အရေးမကြီးပါဘူး .. နှစ်
တစ်ခါတည်း ပြင်လို့ရတာပဲ၊ ခဏပဲ အချိန်ပေးရင် ရပြီ .."

ဒက်ဒီက နာရီကြည့်၍ ခေါင်းမညိတ် .. ခေါင်းမခါ ကျန်ရစ်
သည်။ လူကြီးတွေရှေ့မှာ ပြုံးရယ်လျှောက်လာခဲ့သည့် ခြေလှမ်းတွေ
ကွယ်ရပ်လေးရောက်သည်နှင့် မီးဖိုခန်းဆီ ပြေးလွှားသွား၏။

"ပါလာလား .."





"ပါတယ် ..၊ မြန်မြန်လုပ် .. ချည့်သည် ပါလာသေးတယ်"

မတတ်တာတွေ မေ့ကုန်သည်။ မသိတာတွေလည်း ဒေါသချိတ်ကာ
ကို ရှေ့မှာချကာ နှစ်ယောက်သား ခေါင်းချင်းဆိုင်သွားလိုက်၊
တာ ပြေးယူလိုက်နှင့် ...

"ရော့ .. ဒါလေး .. ဒီလောက်ထည့် .."

"ဟာ!... အဲလောက် မထည့်ရပါဘူး .. မင်း မသိဘဲနဲ့ .."

"အံမာ .. ဘာမသိစရာ ရှိလို့လဲ ..၊ အဲလောက်ပဲ ထည့်လို့ မွှေးမှာ
ဘူး .."

"မွှေးပါတယ် ..၊ ပေး .. ခရမ်းချဉ်သီး စိတ်ပြီးသားတွေ .."

ဘုံ က လှယူလိုက်ပြီး ကိုယ်တိုင်ခတ် .. ကိုယ်တိုင် မွှေသည်။
တာချင်းတူပေမယ့် မိန်းမက မိန်းမပဲမို့ ချက်ပြုတ်တဲ့နေရာမှာ
ဆက မှန်ပြီးသား ..။

"အင်း .. အနံ့ကတော့ လမ်းကြောင်းမှန်နေပြီ"

သခင် က အကျီလက်မောင်းစတွေ ဆွဲတင်ပြီး နှာခေါင်းတွေ ပွစိ
နေအောင် ရှူရှိုက်နေ၏။ ပြီးတော့ ဘုံ ရဲ့နံဘေးမှာ ထမင်းဆာလို့
နေသည့်ကလေးလို ခြေလှမ်းရွှေ့တိုင်း အတူတူ ကပ်ပါနေကာ...

"အရောင်အဆင်းလည်း ထွက်လာပြီ ..၊ ခင်ဗျားနဲ့ ကျွန်တော်
ယောက်ပေါင်းရင် ဟင်းတစ်အိုးတော့ ဖြစ်ပြီ .."

ဘုံ က ရယ်လိုက်ပြီး မော့ကြည့်ကာ ...

"မင်း သူငယ်ချင်းတွေကို ကျွေးရမှာမို့လား..၊ ဖုန်းဆက်လိုက်လေ"

"မကျွေးပါဘူး .. ပြီးမှ အဆင်ပြေသလို ပြောလိုက်လို့ ရတယ်၊
ိုးက ကျွန်တော်တို့ရဲ့ ချွေးနဲ့စာအိုး ..၊ ဒီလောက်တန်ဖိုးကြီးနေတာ
စရာလား .."

ကလေးဆန်နေသည့်မျက်နှာကို ဘုံ သေချာကြည့်မိသည်။ သခင်
ပြန်ကြည့်တာနှင့်ဆုံကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လူကို ကြည့်မနေနဲ့ ..၊ ဒီတစ်ခါ တူးသွားရင် ပြေးဝယ်ထ
မဟုတ်တော့ဘူး .."

ဘုံ က ရယ်လိုက်ပြီး ခေါင်းခါသည်။

"မီးပိတ်ပြီးသွားပြီ .. တူးဖို့ မရှိတော့ဘူး၊ မင်းကို ကြည့်ရ
ချာတိတ်လေးနဲ့ဘူလို့ .."

"တော်တော့ .. မတည့်ရာမတည့်ကြောင်း လာမစနဲ့ .."

"ဟင့်အင်း .. မင်း ထင်သလိုမျိုး မဟုတ်ပါဘူး၊ အရမ်းလိမ္မာ
မောင်လေးတစ်ယောက်နဲ့ တူနေတာကို ပြောတာ .."

"လိမ္မာတာ မဟုတ်ဘူး၊ အဲဒီလို ပြေးလွှား စွန့်စားနေတာတွေ
ဒီကောင်က စိတ်ဝင်စားတာ .."

"ဟုတ်ပါပြီ .. တို့လှုပ်ရှားလိုက်တာ အချိန် ဘယ်လောက်ကြ
သွားလဲ ကြည့်ပါဦး .."

သခင် က နာရီကို ပင့်ကြည့်လိုက်ပြီး ...

"မိနစ် နှစ်ဆယ် .."

"တော်တော် ကြာသွားတာပဲ ..၊ ငါးမိနစ်အတွင်း ထမင်းဝိုင်း
လို့ ပြီးမလား .."

"ပြီးပါတယ် .. မင်း သွားတော့လေ ..၊ ရေမိုးချိုးထား ..၊ ဒက်ဒီ
ပြီးရင် စားလိုက်ပေါ့ .."

"ရပါတယ်၊ ခင်ဗျားအေးချမ်းသွားအောင် ပြီးဆုံးတဲ့အထိ ကူပေးမယ်

ထမင်းဝိုင်းမှာ မွှယ်မွှယ်ရာရာ တည်ခင်းပြီးတဲ့အထိ သခင် စိတ်
လက်ရ ကူညီသည်။ ဘာပဲဖြစ်ဖြစ် ဒီနေ့ မောလည်း မောသည်၊ ပျော်
လည်း ကောင်းပါ၏။

သူနဲ့ ဘုံ ရင်းနှီးခဲ့ကြတာက ဘယ်လိုမှန်းတော့ မသိပေမယ့် ဒါ
အမှတ်တရ ..။





## အခန်း (၃၀)

"ရှင် အဲဒီလောက်တောင် အောက်တန်းကျတယ် ဟုတ်လား .."

"ကိုယ် အဲလိုမဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ နှင်း ..၊ အဲဒီ
နေရာမှာ မင်း ထွက်သွားတာနဲ့ တစ်ချိန်တည်းပဲ .."

"မယုံဘူး .. လုံးဝ မယုံဘူး ..၊ ရှင်က လောင်းကစားလည်း မလွတ်၊
အသောက်အစားလည်း မကင်းတဲ့လူ ..၊ ဒါကို စိန်မှုန်း သိလို့ .."

"မင်း .. အထပ်ထပ် စော်ကားမနေနဲ့ .."

စကားသံတွေ တစ်ခုပြီးတစ်ခု ကြားတိုင်း ဘုံ မျက်လုံးလေး ပိုပို
ဝိုင်းတက်သွားသည်။ ဒီအသံကို သူမ သိနေသည်။ ပြောနေကြတဲ့
အကြောင်းအရာတွေက ကိုယ်နဲ့ သက်ဆိုင်နေတာလည်း ပေါ်လာသည်။

ထို့ကြောင့် ကားဆီကိုသွားနေသည့် ခြေလှမ်းတွေက နောက်ကို
ရှောတ်ခနဲ ပြန်လှည့်သည်။ ကြည့်လိုက်တော့ ကုမ္ပဏီဝင်းထဲက ခရေပင်
အုပ်လေးရဲ့ တစ်ဖက်မှာပဲဖြစ်ကာ အဝင်အထွက်နေရာနှင့် သိပ်မကွာ..။

မိန်းကလေးသည် သပြေညိုရောင် ကိုယ်ကျပ်ခါးရှည်ကို စတော့
တင်နှင့် ဝတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးကို ပခုံးစွန်းတစ်ဖက်ကိုပဲ မြင်ရသဖြင့် သူမ ရှေ့ဆက်တိုးလိုက်သည်။

"စိန်ဖြစ်ဖြစ် .. ပြည်တန်ပတ္တမြားဖြစ်ဖြစ် .. မင်းကောင် ပေးထားတဲ့လက်ဆောင်ကို ကိုယ်က .."

"တန်ဖိုးကြီးမှန်း သိသွားလို့လေ .."

"မင်း .. .."

"ရှင် .. ရှင်က လက်ဈွယ်ရအောင် .. ကဲဟယ် .."

"မလုပ်ပါနဲ့ .."

နီးနီးလေး ကပ်မြင်လိုက်တာမို့ တအားလွှဲတင်လိုက်သည့်လက်ကို ဘုံ ပြေးကိုင်ထားလိုက်၏။

ခုံးပွင့်ဆိုင် မျက်ဝန်းတွေ တအံ့တသြ ဆုံစည်းကုန်ကြကာ ဘုံ က ဇေယျ ကိုပဲ စိုက်ကြည့်ရင်း ...

"တို့လေ .. မင်းရဲ့လက်စွပ် ပြုတ်ကျအောင် ဝင်တိုက်လိုက်တဲ့ သူ .."

ပြီးတော့ ဒေါသတကြီးရှိနေဆဲ မျက်နှာလှလှလေးကို တောင်းပန် သလို ပြန်ကြည့်ကာ ...

"စိန်ရင်ထိုးမို့လားဟင် .. သူ ပြောနေတာ တကယ် အမှန်ပါ ညီမရယ် .. ပလက်ဖောင်းထောင့်လေးမှာ တို့က ရေးကြီးသုတ်ပျာ ဖြတ် ထွက်လိုက်ရင်း သူ့ကို ဝင်တိုက်လိုက်မိတာ ..၊ သူ့လက်ထဲက တကယ် လွတ်ကျသွားတာပါ .."

"ဟွန်း .."

နှင်းဆီ မျက်ဝန်းတွေက စိန်ပျောက်သွားတာထက် ပို၍ စူးလက် သွား၏။ ပြီးတော့ လက်ကို ဆောင့်ခနဲ ခါချပစ်၍ ...

"နှစ်ယောက် မျက်စိရှေ့မှာ လွတ်ကျသွားတယ်ပေါ့ ..၊ အဲဒါ ရှင်ကိုယ်တိုင် မြင်တယ် .. ဟုတ်လား .."





"မမြင်ပေမယ့် သူ လွတ်ကျသွားတယ်လို့ပြောပြီး တော်တော် ...ဆင်းရဲသွားတာ သေချာလို့ပါ၊ တို့ကလည်း ကိစ္စတစ်ခု အရေးကြီး ...တာနဲ့ ဝိုင်းရှာမပေးခဲ့နိုင်ဘူး .."

"အဲ့ဒါနဲ့ပဲ ဒီရင်ထိုး တကယ် ပျောက်သွားတာပါဆိုတာကို နှင်း ... အတည်ပြုပေးရမယ်ပေါ့ .."

"မဟုတ်ဘူး .. ဟိုလေ .. ညီမလေးတို့ချင်း ဘယ်လိုပတ်သက်ကြ ...ယ်တော့ တို့ မသိပါဘူး၊ ဒါပေမယ့် ဒီရင်ထိုး ပျောက်သွားခဲ့တာက ...တယ်ပဲဆိုတာ .."

"ကျွန်မက လက်မခံနိုင်ဘူးဆိုရင်ရော .."

"ဟင်!..."

"အခု ရှင်လည်း မြင်တယ်ဆိုတော့ ရှင့်ကြောင့် ဖြစ်ခဲ့ရတာလည်း ...သေချာတယ်ဆိုရင် ဒီပြဿနာကို ရှင်းပေးဖို့ ရှင် တစ်ခုခု ပါဝင်ပတ် ...ဆက်ရတော့မှာ နားလည်လား .."

"နှင်း .."

"နှင်း သူ့ဆီကစကားကို ကြားချင်တယ် ကိုဇေ .."

"မဆိုင်တာတွေ မင်း ဆွဲမထည့်နဲ့လေ .."

"သူတောင်မှ ဆိုင်တယ်ထင်လို့ ဝင်ရှင်းနေတာပဲ..၊ ရှင်က မဆိုင် ...ပေမယ့် သူက ဆိုင်ချင်လို့ နေမှာပေါ့ .."

နှင်း မျက်နှာက လိုတာထက် ပိုတင်းနေသည်။ ဘုံ တစ်ကိုယ်လုံး ...ကို စူးစူးရဲရဲ စုန်ချီဆန်ချီ ကြည့်နေပုံက ခုမှ တွေ့ဖူးလို့ ကြည့်တာမျိုးနဲ့ ...တူဘဲ ရိုင်းစိုင်းသည့်သဘောတွေ ဆောင်နေသလိုလို ...။

ဘုံ က နှစ်ယောက်စလုံးကို မျက်မှောင်ကုတ်ကြည့်နေပြီးမှ တွန့် ...နေသည့် မျက်ခုံးတန်းလေးတွေ ပြေကျသွားခဲ့ပြီး ...

"ဆိုင်ချင်တာတော့ ဟုတ်ပါ့မလား ညီမရယ် .. ကျူးလွန်ပါတယ် ...လို့ စွပ်စွဲခံရပြီဆိုရင် ကာယကံရှင်ကိုယ်တိုင် ငြင်းနေတာထက် ပတ်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်သက်သေ တစ်စုံတစ်ရာကြောင့် လွတ်ငြိမ်းခွင့်ရသွားတဲ့ ဖြစ်မှု
တွေ အများကြီးပဲလေ .."

"ဒါက ခုံရုံးပေါ်မှာ မဟုတ်ဘူး အန်တီ .. ကျွန်မ ကျေနပ်မှုဖြစ်
မယ့် ကင်းလွတ်ခွင့် .."

"ဒါဆိုရင်လည်း မင်း ကျေနပ်မှုမရမချင်း စွပ်စွဲလိုက်ပါ၊ လမ်းပေါ်
မှာ ကျရှောက်တဲ့ပစ္စည်းကို လမ်းပေါ်မှာရှိသမျှလူတိုင်း တာဝန်ယူ
မယ်ဆိုရင် မင်းကိုယ်တိုင် ပြဋ္ဌာန်းတဲ့ဥပဒေကို အတည်ပြုနိုင်တဲ့တစ်နေ့
အဲဒီရင်ထိုးအတွက် ထည့်ဝင်ဖြေရှင်းပေးမယ့်လူတွေ ပေါ်လာလိမ့်မယ်.."

ဘုံ က နီမြန်းမြန်းဖြစ်သွားသည့် မျက်နှာလေးကို စူးခနဲ ကြည့်ပြီး
ကျောခိုင်း၏။

"မမ .."

မှုန်ကုတ်ကုတ်ရှိနေသေးပေမယ့် ဇေယျ မျက်နှာက အားနာဟန်
တွေနှင့်ဖြစ်ကာ ...

"ဆောရီးပါ .. မမ .."

"ရတယ် .. မင်း အဆင်ပြေဖို့ပဲ ကြိုးစား .."

ဘုံ လှည့်ထွက်သွားတော့ နှင်းဆီ က မဲ့သည်။ မဆိုင်တဲ့ပြဿနာ
တွေမှန်း သိသည်။ ဒီဖြစ်ရပ် .. ဒီစကားလုံးတွေနဲ့ သူမ မသက်ဆိုင်တာ
ကိုလည်း မသိလို့ မဟုတ် ..။

သိနေတာက ဘုံမြင့်စံ ဆိုသည့် သူမကို ဖြစ်သည်။ သူမမှန်း သိ
လိုက်ကတည်းက ဘယ်လို ခံစားချက်မှန်း မသိသည့် ပူလောင်မှုက
ဒေါသအဖြစ် ပွက်ပွက်ဆူ၏။

အချစ်ကိုလား ..၊ လူကိုလား ..။

ဘာကိုမှန်း မသိပေမယ့် သူမ ကိုယ့်ဆီက ဖြတ်စားသွားသည်။
သူမက ရယူသွားနိုင်သူဖြစ်ကာ သူမကြောင့် ကိုယ်က ကျန်ရစ်ဘဝ
ရောက်ခဲ့သည်။





ဘယ်သူ သိသိ .. မသိသိ တမင်တကာ ဟုတ်သည်ဖြစ်စေ ..
မဟုတ်သည်ဖြစ်စေ ဒါက ရှုံးနိမ့်ခြင်းပဲ ဖြစ်၏။

"ရှင် သူနဲ့ သိနေတယ်ပေါ့ .."

တင်းမာသည့်မျက်နှာနှင့် မေးခွန်းထုတ်လိုက်တော့ ဇေယျ ပြန်
ကြည့်ပုံကလည်း မညင်သာ ..။

"မင်းလည်း သူ့ကို သိနေတဲ့ပုံပဲ .."

"မေးတာကိုပဲ ဖြေစမ်းပါ"

"မလိုဘူး နှင်းဆီ .."

နှင်း လို့ ခေါ်ရာကနေ 'နှင်းဆီ' ချက်ချင်းဖြစ်သွား၏။

"မင်းက မလိုအပ်ဘဲ ပြဿနာရှာတတ်တဲ့ မိန်းမမှန်း ငါ အခု
သိသွားပြီ .."

"ဘာ!.."

"စိတ်မထင်ရင် ဆိုင်ဆိုင်မဆိုင်ဆိုင် လူတွေကို လှောက်ပတ်ရမ်း
တတ်တဲ့အကျင့် မင်းမှာ ရှိတယ် ..၊ အဲဒီလိုလူမျိုးတွေနဲ့ ပတ်သက်တဲ့
ခံစားချက်တွေ ငါ့မှာ ရှိတယ် နှင်းဆီ၊ ဒီလိုလူတစ်ယောက်ကြောင့်လည်း
ငါတို့မိသားစု အသိုက်ပျက်ခဲ့ရတာ ..၊ မင်းကို ငါ ပြန်ဆက်ခွင့်ရဖို့
တကောက်ကောက်လိုက်နေခဲ့တာ မင်းလည်း စိတ်ညစ်မှာပါ၊ ဒီနေ့
နှုတ်ဆက်တယ် နှင်းဆီ .. ဂွတ်ဒ်ဘိုင် .."

"ကိုဇေ .."

နှင်းဆီ အသံလေး စူးသွားသည်။ ပြီးတော့ ဇေယျ လက်မောင်း
အင်္ကျီစကို ခပ်ရိုင်းရိုင်း ဆောင့်ဆွဲလိုက်ရင်း ...

"ရှင် အဲဒီလို နှုတ်ဆက်မသွားနဲ့ .. နှင်းဆီနက် ဆိုတဲ့ မိန်းမက
သူများနှုတ်ဆက်တာကို ငေးငိုင်ရပ်ကျန်ခဲ့တာ ထုံးစံမရှိဘူး သိရဲ့လား.."

"ဒါပေမယ့် အသုဘလိုက်ပို့ရင်တော့ နှုတ်ဆက်မခံနိုင်ဘူးဆိုပြီး
ရှေ့က ပြေးမထွက်ဘူးမို့လား .."



www.burmeseclassic.com

www.burmeseclassic.com



နာကျင်သည့် မဲ့ပြုံးတို့နှင့် ဧယျ က စိုက်ကြည့်ကာ ...

"စကားကို တရားလက်လွှတ် မပြောရဘူးကွ ...၊ မပြောင်းလဲတဲ့ သဘောတရားဆိုတာ မရှိဘူး၊ ခုလည်း မင်းမာနတွေနဲ့ ခံရသက်သာအောင် ကိုယ့်ကို သေလူအဖြစ် သဘောထားလိုက် .. ရတယ် .."

ဘယ်လိုလုပ် သဘောထားရမလဲ ...၊ လူကို ကျကျနန စိုက်ကြည့်ပြီး လက်ပြ နှုတ်ဆက်သွားမှာတဲ့ ရှင်က အသုဘာရုပ်ကြွင်းကြီးမှ မဟုတ်တာ...။

ခုနှ မိနစ်ပိုင်းလေးတုန်းကပဲ အထပ်ထပ် ရှင်းပြ တောင်းပန်နေသေးသည်။ နောက်ထပ် ရှေ့ဆက်ဖို့ ကြိုးစားနေတာ သေလုမြော့ပါး...။

တစ်နေရာတည်း .. တစ်ထိုင်တည်းမှာပဲ ဖွတ်ဒ်ဘိုင် လုပ်သွားတာ ဘာကြောင့်လဲ ...၊

နှင်းဆီ မျက်နှာ တစ်ပြင်လုံးသည် တင်းမာမှုကြောင့် တစ်ခုခု အော်ဟစ်သောင်းကျန်းတော့မလား ထင်ရ၏။

ကိုယ်နဲ့ပတ်သက်ခဲ့သော ယောကျ်ားနှစ်ယောက်နှင့် ဘုံမြင့်စံ ...။





အခန်း (၃၁)

ဖုန်းမြည်သံ ကြားနေရပြီး ဘယ်နေရာကမှန်း မသိ ...။

အခန်းထဲဝင်လာသည့် သခင် က ဘုံ့ စားပွဲကိုလှမ်းကြည့်ပြီး ဗီရို ဆွဲဖွင့်နေရင်း ...

"ဖုန်းလာနေတာ မကြားဘူးလား .."

"ကြားတယ် .. ဒီမှာ ထလို့ မရလို့ .."

ဘုံ က ကွန်ပျူတာရှေ့မှာ ကုန်းကွအလုပ်လုပ်ရင်း ပြီးမှ ခါးမတ် မတ်စန့်ကာ ...

"ဖုန်းက ဘာဖြစ်လို့ အပေါ်အင်္ကျီအိတ်တွေထဲ ရောက်နေလဲ မသိပါဘူး၊ တစ်ခါမှ အဲဒီလို ထည့်မထားဖူးဘဲနဲ့ .."

ပြောနေရင်း ချိတ်တွေနဲ့ထားသည့် လက်တစ်လော ဝတ်သော ရှုတ်အင်္ကျီလေးငါးထည်ဆီ လက်က ရောက်သည်။

တစ်ထည်ပြီးတစ်ထည် ဆွဲကြည့်ရင်း အိတ်တွေထဲ နှိုက်ကာမှ...

"ဟင်!... ဒါ .. .."

ဖုန်းမဟုတ်ဘဲ လက်ထဲမှာ ပါလာတာက ရင်ထိုးလေး တစ်ခု...။



www.burmeseclassic.com

www.burmeseclassic.com



တဖျတ်ဖျတ်လက်နေသည့် ရင်ထိုးလေးကို ငုံ့ကြည့်ရင်း နှင်းဆိုသည့် ကောင်မလေးနဲ့ ကိုဇေ ဆိုသော ကောင်လေးကို အာရုံထဲမှာ မြင်ယောင်လာ၏။

"စိန်ဖြစ်ဖြစ် .. ပတ္တမြားဖြစ်ဖြစ် .. ဒါ မင်းကောင်ပေးတဲ့ လက်ဆောင် .."

"တန်ဖိုးကြီးမှန်း သိသွားလို့လေ .."

ပြောနေသည့် စကားသံတွေပါ ကြားယောင်လာခဲ့သည်။ သူတို့ဒါကြောင့် ဖြစ်နေကြတာ ..။

"ဘာဖြစ်တာလဲ .."

သခင် က မေးတော့မေးပြီး ဖြေတာကို မစောင့်ဘဲ အပြင်ပြန်ထွက်သွား၏။ ဖုန်းသံလည်း ရပ်သွားပြီမို့ ဖုန်းရှာနေခြင်းကို မေ့သွားပြီ ဖြစ်သည်။

ဒီရင်ထိုး ကုတ်အင်္ကျီအိတ်ထဲ ရောက်နေရခြင်းအကြောင်းကသာ-

"မဖြစ်နိုင်ပါဘူး .."

လက်ထဲမှာ ဖိဆုပ်ထားရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ ဒါ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ..၊ ရုတ်တရက်ကြီးမို့ လက်ခံလို့မရအောင် ဖြစ်နေမိသည်။ ဒီအင်္ကျီကို အဲဒီနေ့က သူမ ဝတ်ခဲ့မိသည်လား ..။

သေချာ စဉ်းစားလိုက်တော့ ပေါ်လာသည်။ ဒီအင်္ကျီနဲ့ပဲ ကိုဇေဆိုသောကောင်လေးနဲ့ သူမ တိုက်မိခဲ့တာပါ။

"ဒုက္ခပါပဲ .."

ကိုယ့်နှဖူးလေး ပြန်ကုတ်ရင်း ညည်းညူလိုက်မိသည်။ ဒီပြဿနာထဲကိုပဲ ဘာဖြစ်လို့ အကြိမ်ကြိမ် ဝင်ပတ်သက်မိနေတာလဲ ..။

တိုက်ခဲ့မိသည့်နောက်ပိုင်းမှာ ထပ်မဆုံဖြစ်ခဲ့ကြရင်လည်း အကောင်းသား ..၊ ခုတော့ ပြဿနာတွေ တက်ခဲ့ကြပြီးမှ ..။





"ဘုံ .."

"အမလေး!..."

ခေါ်သံနှင့်အတူ မျက်နှာရှေ့မှာ ဖွေးဆုတ်ဆုတ်မျက်နှာကြီးတစ်ခု ပေါ်လာသဖြင့် လန့်ဖျန့်သွားသည်။

"ဘာဖြစ်တာလဲ .. မျက်နှာပေါင်းထားတာ မမြင်ဖူးဘူးလား .."

"မြင်ဖူးပေမယ့် ရုတ်တရက်ကြီး လန့်သွားလို့ပေါ့ ..၊ ဘာလဲ .."

"တော်ကြာ မွေးနေ့သွားဖို့ ရှိတယ် .. အဲ့ဒါ ခင်ဗျား ပြင်ထားဖို့ အမိ ပြောခိုင်းလို့ .."

"ဟင်!... တို့ လိုက်ရမယ် .."

"ဟုတ်တယ် .. ကျွန်တော်တို့နှစ်ယောက် သွားရမှာ .."

"မင်းနဲ့ .."

တအံ့တဩ မေးလိုက်သဖြင့် ဝင်လာရင်း သခင် က ပြန်လှည့်ကြည့်သည်။

"ကျွန်တော်နဲ့သွားတော့ ဘာဖြစ်မှာလဲ .."

"ဘာမှမဖြစ်ပါဘူး .."

အူကြောင်ကြောင် မျက်နှာလေး ရှုံ့မဲ့နေတာကို သခင် က သေချာကြည့်သည်။ စိတ်ညစ်ရမှာက ဒီကအလုပ် မဟုတ်ဘူးလား ..၊ မေးချလိုက်ရရင် မကောင်းဘဲ ရှိတော့မည်။

ဒီပွဲမှာ ကိုယ်နဲ့ ပတ်သက်ရာပတ်သက်ကြောင်းတွေ ရှိနေနိုင်မှာကို သေချာနေသည်။ သိသာသိစေ .. မမြင်စေနဲ့တဲ့၊ တကယ်လို့ တွေ့ကြရင် ရှောင်ခ် နည်းနည်းတော့ ရှိနိုင်သည်မို့ ပြင်ရင်းဆင်ရင်း အကြံထုတ်နေခဲ့တာလည်း ခုထိ မရနိုင် ..။

"သခင် .."

"ဟာ!... ဘာလာလုပ်တာလဲ .. ဒီထိ .."

"ဆောရီး .. ဆောရီးပါ .. သခင် ရယ် .."



www.burmeseclassic.com

www.burmeseclassic.com



စိတ်လောကြီးက သူ အဝတ်လဲသည့် ကန့်လန့်ကာနောက် ရောက်နေတာကို အမေ့တလျှော့ လိုက်ဝင်သွားမိ၏။

ဘောင်းဘီရှည်ကို ကိုင်ထားလျက်..၊ အပေါ်အင်္ကျီမပါသည့် ကိုယ် တစ်ပိုင်းနှင့် သခင့် မျက်နှာ ရှုံ့မဲ့နေကာ ...

"ဘာတွေ လာဖြစ်နေတာလဲ ဘုံ ရာ.. ပုံစံက အိပ်မက်ထဲမှာ လျှောက်နေတဲ့အတိုင်းပဲ .."

"ဟုတ်ပါတယ်.. တို့လည်း ဒီမှာ စိတ်ရှုပ်စရာရှိနေလို့ပါ၊ ဟိုဟာ တို့ မလိုက်လို့ မရဘူးလားလို့ .."

"မရဘူး .. ဒီမှာလည်း အဲဒါကို စဉ်းစားနေတာ ..၊ ခင်ဗျား အတူတူသွားရင် ရှော့ခ် ရှိတယ် .."

"တို့ကလည်း မလိုက်ချင်ပါဘူး ..၊ တစ်ခုခု ကြုံပါလား .."

"ဘာ တစ်ခုခုလဲ .."

"မသိဘူးလေ ..၊ တော်ကြာ အဲဒီမှာ မင်းကောင်မလေးတွေ ယောက်ယောက်နဲ့ဆုံရင် ဘယ်လိုလုပ်မလဲ .."

"အဲဒါက ခင်ဗျားပူဖို့ မလိုပါဘူး၊ နေပါဦး .. ခင်ဗျား မလိုက်ချင် တာက .. အဲဒါကြောင့်ပဲလား .."

ကိုယ် မခေါ်ချင်တာ .. မလိုက်စေချင်တာတွေ ပြောနေရတုန်း လွတ်လပ်ရေး ရနေခဲ့သည်။ သူမက မလိုက်ချင်ပါဘူးဆိုတာကျမှ မျက် မှောင်ကုတ်နှင့် ကြည့်မိသည်။

ဘုံ က စာကြည့်စားပွဲရှေ့မှာ ရပ်နေရင်း လှည့်မကြည့်ဘဲ ...

"ဟုတ်တယ် သခင် .. မင်းနဲ့ ပတ်သက်နေရတာ သိပ်စိတ်ညစ် ကောင်းတာ .."

"ဘာတွေဖြစ်လို့လဲ .."

"မသိဘူး .. မပြောတတ်ဘူး၊ အဲဒါတွေကို မင်္ဂလာပွဲမှာတည်း လန့်သွားတာ၊ နောက်ပြီးတော့ ဟိုတစ်နေ့က ရုံးမှာဝင်လာတဲ့ ဖုန်း





– ဘယ်သူတွေမှန်းလည်း မသိဘူး၊ သူတို့ ဘာတွေ ဒေါကန်နေမှန်း လည်း မသိဘူး၊ မင်းနဲ့ ပတ်သက်နေတာတော့ သေချာတယ် .."

"ဟုတ်တယ်လေ .. ခင်ဗျားက ကျွန်တော့်မိန်းမ ဖြစ်နေတာကိုး"

အင်္ကျီလဲပြီး ထွက်လာတော့ သခင် က ဘုံ ရှေ့မှာ သွားရပ်ရင်း...

"ဒါပေမယ့် ကျွန်တော်က မိန်းမ မရှိဘူးလို့ ဘယ်သူ့ကိုမှ ပြော တာ မဟုတ်ဘူးနော် ..၊ အဲဒီလို အမှန်အကန် လှုပ်ရှားနေတာဖြစ်တဲ့ အတွက် ခင်ဗျားဘက်ကလည်း စာင်းတာရှိရင် နည်းနည်း လျှော့ပေါ့"

သူ ပြောနေတာကို စိတ်ဝင်စားသွားလိုက် .. ဆုပ်ကိုင်ထားမိသည့် ရင်ထိုးဆီကို စိတ်က ရောက်လိုက် ..။

မျက်လုံးထဲမှာ ရန်လိုနေသည့် မျက်နှာလေးတစ်ခုကို မြင်နေမိ သည်။ သူခိုးလို့ စွပ်စွဲခံနေရသည့် ကောင်လေး ဘယ်အခြေအနေ ဖြစ် ပြီလဲ ..။

ထိုအချိန်လေးမှာ အကယ်၍သာ သူမ ဆုပ်ကိုင်ထားသည့်ရင်ထိုး သခင် မြင်လိုက်မည်ဆိုလျှင် ..၊ သုံးပွင့်ဆိုင်ပြဿနာရဲ့အစကို ဘုံ သွားမှာဖြစ်သည့်ပြင် ရှင်းရမှာက လေးပွင့်ဆိုင် ဖြစ်သွားနိုင်၏။

သို့သော် ...

"ကျွန်တော် အခု အပြင်ခဏသွားမလို့ ..၊ ပြန်လာရင် အင်္ကျီလဲပြီး မှာနော် .. ခင်ဗျားလည်း ပြင်ထား ..၊ ကျွန်တော့်အတွက်လည်း စုံ ထုတ်ပေးထား၊ မွေးနေ့က လူကြီးမွေးနေ့ဆိုတော့ အဆင်ပြေ င် ဝတ်ဖို့ .."

မှန်ရှေ့ကို သွားရပ်ကာ သူ့မျက်နှာပေါ်က အဖြူဖတ်တွေကို ခွာချ ပြီးတော့ ခေါင်းဖြီးသည်။ ဘုံ က သူလုပ်နေတာကို လည်ပင်း လိမ်အောင် လိုက်လှည့်ကြည့်နေရင်း ...

"မင်းကို ချောလိုက်တာလို့ ပြောနေကြတာ ဒါတွေကြောင့်လား"

"ဟုတ်ပေမယ့် ဒါက ထိန်းသိမ်းတာပါ၊ နဂိုရှိလို့ နကိုင်းစွက်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မကြားဖူးဘူးလား..၊ ပန်းသခင် ဆိုတဲ့ကောင်က အစတည်းက ပန်းဝတ်မှုန်တွေနဲ့ မွေးလာတာ ..''

''ဒါကြောင့် ရည်းစားတွေ သောက်သောက်လဲ ထားတာပေါ့''

သခင် က ရယ်သည်။ ပြီးတော့ ဒီဘက်လှည့်လာကာ ...

''သောက်သောက်လဲအဆင့်ထိတော့ မဟုတ်သေးပါဘူး ..၊ ဒါပေမယ့် မိန်းမယူပြီးမှ မပြတ်နိုင် .. မသားနိုင်သေးတာလေးတွေ ရှိတော့ ရုပ်ဆိုးတာပေါ့ ..''

''ကိုယ့်ကိုယ်ကိုယ် သိရင်လည်း ဆင်ခြင်ဖို့ စဉ်းစားဦး ..၊ မင်းနဲ့ ငါ အဆင်ပြေနေပေမယ့် ငရဲက မနေဘူး ..''

''ကျွန်တော်တို့က တကယ့်လင်မယားမှ မဟုတ်တာ .. ရည်းစားထားတယ်ဆိုတာလည်း စားသောက်ဆိုင်ထိုင်ရုံ .. အတူလျှောက်လည်ရုံပဲ ..''

''ဘာဖြစ်ဖြစ် ခုချိန်မှာ မင်းကို တခြားတစ်ယောက်နဲ့ တွဲနေတာမြင်ရင် မိဘကို ပုတ်ခတ်ပြောမှာပဲ ..၊ နောက်ဆိုရင် နှင့်ယောကျ်ားက ဘယ်လိုလဲဆိုပြီး တို့ကိုပါ ပြောလာကြမှာ ..''

''အဲဒါ ပြန်ဖြေစရာ စဉ်းစားထားလေ ..၊ သေချာ သဘောတူပြီးသားကို ..''

''မင်းက ရည်းစားထားခြင်းအလုပ်ကို လုံးဝ မစွန့်လွှတ်နိုင်တာလား ..''

''အဲလို မဟုတ်ပါဘူး .. ခုတော့ ရှေ့ဆက်နေရဦးမှာပဲလေ .. အဟွန်း .. အားနာစရာတွေက ရှိနေသေးတော့ ..''

သခင် က မျက်နှာက ခွာချထားသည့် အဖက်စတွေကို လုံးထွေးယူကာ ဘုံ့ လက်ထဲ ထိုးသိပ်ထည့်ပြီး ရယ်သည်။

''အဲဒါတွေကြောင့် အကြောင်းကြောင်း .. ပြုံးတူးပြဲတဲ့နဲ့ ဘုံမြင့်စံ ဆိုတဲ့ အပျိုကြီးကို ရှာထားတာ ..''





''အံမယ် .. လူကို ..''

သူ ရယ်နေတာကို ကြည့်လိုက်မိရင်း ဘာမှလည်း ဆက်မပြောဖြစ်ပါ။ ပါးချိုင့်လေးနှစ်ဖက်ကြောင့် ရယ်နေတိုင်း ချောနေသည့် မျက်နှာ ဆံပင်ရှည်တွေကလည်း သူ့အတိုင်း ပုံကျ သေသပ်နေသည်။

အဆီပိုမရှိသော ဗိုက်သားရုပ်ရုပ်နှင့် အရပ်မြင့်သည့်ပုံစံက လမ်းလျှောက်သွားပြီဆို ဘယ်ကကြည့်ကြည့် ထင်းနေအောင် ပေါ်လွင်သည်။

တကယ်တော့ အသက်ချင်း ဒီလောက်ကွာလှတာမဟုတ်ဘဲ ချောနေသည့် သူ့ရဲ့ပေါ်လွင်မှုကြောင့်သာ ဘုံ က မြင့်သထက်မြင့် ..၊ ရင့်ပြီးရင်း ရင့်နေရခြင်း ဖြစ်သည်။

ဟိုနေ့က နှင်း ဆိုသည့်ကောင်မလေး 'အန်တီ' ခေါ်သွားတာလွှမ်းမိတော့ ခပ်ယဲ့ယဲ့ ပြုံးမိသည်။

ကိုယ်ကရော တကယ်ပဲ သခင် ပြောသွားသလို ခပ်ရင့်ရင့်ကြောင်ကြားပုံ ပေါက်နေတာလား ..၊

အသက်မတူ .. အသွင်မတူကြပေမယ့် တွဲတော့ တွဲနေရဦးမှာပဲ ..တော့ ဒီည အတူတူ တွဲသွားရဖို့ရှိတာက .. မွေးနေ့ပွဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ဟော.. သားတို့ လာကြ ..မာမီတို့ ပါမလာကြဘူးလား သား
"မပါဘူး အန်တီမြတ်..၊ ဒက်ဒီက နယ်ဘက်ကို ရောက်နေတာ
မာမီလည်း မအားလို့ပါ .. သားတို့လာတာ မရဘူးလား .."
"အမလေး ရတာပေါ့ သားရယ် .. ရလိုက်တာမှ ...၊ လာ .. သ
လည်း လာ.. ဒီမှာ ထိုင်ကြ၊ သားကြီးရေ.. ဒီမှာ မင်းညီ လာတယ်ကွ
မွေးနေ့ရှင် ဒေါ်စုမြတ်ဝင်း က ဖော်ရွေသည်။ အိမ်ဘက်က
ဆုံးစားပွဲမှာ နေရာပေးကာ သားဖြစ်သူ ကိုကိုမောင့် ကိုပါ လှမ်း
သေးသည်။
ထိုအခါ ဦးသက်ဝင်း နှင့် ကိုကိုမောင် တို့ သားအဖ အတူရော
လာကြလျက် ...
"ထိုင် .. လူလေးတို့ .."
"ဟာ!... ဘုံ မို့လား .."
"ကိုမောင် .."
နှစ်ယောက်က အသိတွေ ဖြစ်နေကြပြန်၏။ ဦးသက်ဝင်း နှင့်
မြတ်ဝင်း တို့က ဘုံ နှင့် သားဖြစ်သူ သိနေကြတာကို ဝမ်းသာအား
သွားကြလျက် ...





"ကဲ .. ဒါဖြင့် သားကြီးက ကိုယ့်ညှော်သည်တွေကို ညှော်ခံပေတော့၊ နဲ့သမီးတို့ ဘာမှ အားမနာရဘူး .. လိုအပ်တာ ပြောနော်၊ မတူး .. ဒီဝိုင်းအတွက် မိစိုး တို့ကို ခိုင်းပါဦး .."
ညှော့်သည်လာသလောက် ဘယ်သူ့ကိုမှ မလွတ်အောင် ညှော့်ခံ၏။ ကိုမောင် ကတော့ ဘုံ တို့နဲ့အတူ ခုံဆွဲထိုင်လိုက်ပြီဖြစ်ကာ ...
"အန်ကယ်လ်ထွန်း ရဲ့သား အိမ်ထောင်ကျသွားပြီလို့တော့ ကြား ယ်၊ ဘုံ နဲ့မှန်း မသိဘူးကွ .. တကယ် အံ့သြတယ်ကွာ .. ဘုံ လုပ်ချ ကိတာ .."
အံ့သြတာလား ..၊ ရင်နင့်နေတာလား မသိ ...။ ယောကျ်ားချင်းမို့ နေတာကို ပြောရမည်ဆိုလျှင် ကိုကိုမောင် က ခပ်ပွေ့ပွေ့ လူတစ် ယောက်ပါ။
ဘုံ နှင့် သက်တူရွယ်တူ ဖြစ်မလား ..၊ အသက်ပိုကြီးမလား ...။ ချာတာက ကိုကိုမောင် က အသက်ပိုကြီးဖို့ များနေခြင်း ဖြစ်သည်။
"ညီလေးနဲ့ဆိုတော့ ပိုပြီး အံ့သြတာပေါ့ .."
"ဘာဖြစ်လို့လဲ ကိုမောင် .."
"ဩော် .. ကိုယ်က သူလိုချင်တဲ့ လိုက်ဇ်စတိုင်လ်မျိုးကို သိတယ် ..၊ အခုကျတော့ တစ်မျိုးကိုး .."
အသွင်မတူဘဲ လက်ထပ်ထားရသလားဆိုသည့် ဝေဖန်ခြင်းကို ကိုမောင် က ပေါ်တင် ထုတ်ပြော၏။ သခင် ကလည်း အပြုံးမပျက် စကားဝင်ပြောလိုက် .. စားစရာ မှာလိုက်နှင့် ..။
"ကျွန်တော်က ဘူဖေး ထင်တာ .."
"ဟုတ်တယ် ညီလေးရ .. ဒါပေမယ့် မေမေက အဲဒါကို မကြိုက် ညှော့်သည်ကို အိမ်ရှင်က နွေးထွေးစွာ ကြိုဆိုတဲ့ပုံ မပေါက်သလိုပဲ ..၊ ကိုယ့်ယဉ်ကျေးမှုပဲ ကောင်းတယ်တဲ့ .."
"ကိုမောင့် စေ့စပ်ပွဲလည်း ပါတယ်ဆို .. ဒီရောက်မှ ကြားတာ.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်.. ကိုယ့်အစွမ်းအစနဲ့ကိုယ် အချစ်မရှာနိုင်တော့လည်း မိဘ အားကိုးရတာပေါ့ကွာ .."

"ဟား .. ဟား .. ဟား ..."

ပြက်လုံးတစ်ခု ကြားလိုက်ရသလို သခင် က အသံထွက်အော ရယ်ပစ်လိုက်သည်။ ဘုံ့ စကားပြောခွင့် မရသေးဘဲ သူတို့မျက်နှာ ကြ နေရင်းနဲ့ပဲ ဘယ်ဘက်က ဝင်ပြောရမှန်းလည်း မသိ ..။

"ဟုတ်မှလည်း ပြောပါ ကိုမောင် ရာ.. ကိုမောင့် လိုလူက အချ မရှာနိုင်ဘူးဆိုတာ ဟား .. ဟား .. ဟား ..၊ ကမ္ဘာလုံးကြီး ကိုးဆယ့်ဒီ စောင်းကျသွားပြီလို့ ကြားလိုက်ရသလိုပဲ .."

ကိုကိုမောင် က အားကျမခံ လိုက်ရယ်ကာ မျက်နှာလည်း တ စက်လေးမှ မပျက်ခဲ့ဘဲ ...

"မင်း ထင်လို့ပါ ညီလေးရာ .. မိန်းမတွေ ပေါပေမယ့် အချစ် ရှားတယ်ကွ ..၊ အချစ်လို့ ထင်ရပေမယ့်လည်း ရင်ခုန်သံကို နားထော လို့မရရင် သေပြီ ..၊ တကယ်ဆို ကိုယ့်စကားကို မင်း ပိုနားလည်ရမှာ ဘယ့်နှယ် .. မေးခွန်းတွေ လာထုတ်နေတာလဲ .."

အောင်နိုင်သည့်အပြုံးနှင့် မျက်နှာက ဘုံ့ ဆီကို ရောက်သွားပြ ဟ ...

"ဘုံ့ က မင်းနဲ့ လိုက်ပါတယ်၊ နှစ်ယောက်စလုံး ချောချောလှလှ လေးတွေ .. ကိုယ် အံ့ဩတာက .."

"မအံ့ဩနဲ့ ..၊ ဘုံ့ က ကျွန်တော့်စိတ်ကြိုက် ဇနီးမျိုး .."

"ဟုတ်လား .. ဘုံ့ ကရော .. အပွန်း .. ရင်းနှီးလို့ မေးတာနော် စိတ်မဆိုးကြေး .."

ကိုယ့်အလှည့် ရောက်လာပါလားဆိုသည့်အတွေးနှင့် ဘုံ့ က ပြုံ လိုက်သည်။

"ကိုမောင့် ကို ဘုံ့ ပြောခဲ့ဖူးပါတယ်၊ အိမ်ထောင်ရေးနဲ့ပတ်သတ်





ပြီး ခေါင်းထဲမှာ တခမ်းတနား ထည့်ထားတာ ဘာမှမရှိဘူးလို့ .."

"ဩော် .. ဩော် ... ကိုယ့်လိုပဲ မိဘက စီစဉ်လိုက်တာပေါ့၊ ကိုယ်က ဘုံ့ ကို ရန်ကုန်မှာ တစ်ယောက်တည်းလို့ပဲ သိထားတာလေ၊ ဒီလိုမျိုး မိဘနဲ့ မြန်မြန်ဆန်ဆန် ဆက်သွယ်မိပြီး ဖြစ်မြောက်သွား လိမ့်မယ် မထင်ဘူး၊ ကိုယ့်ထက်တောင် စောတယ်နော် .."

အလွမ်းသယ်နေကြတာလား ..၊ အလွမ်းသင့်ပြီး ကျန်တာ အားလုံး ဆို မေ့သွားတာလား ..၊ မျက်ခုံးပင့်၍ သခင့် မျက်နှာ မချိုမချဉ် ဖြစ်သွား သည်။ တကယ်တော့ ရယ်ချင်တာ မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။

ဘာကို ယားကျိကျိ ဖြစ်နေမှန်းမသိဘဲ ထသွားချင်သလိုလို ..၊ တစ်ခုခု ခနိုးခနဲ့ ဝင်ပြောချင်လာသလိုလို ..၊ ဒီနေရာမှာ မနေလိုခြင်းက တော့ သိသာစွာ ဖြစ်၏။

"ကိုကြီး .. ရေခဲမုန့် ယူတော့မယ်မို့လား .."

"အင်း .. သီးစုံနော် .."

စားစရာတွေ နှစ်မျိုး လာချသွားသည်။ တို့တိတိနဲ့ပဲ တစ်ပွဲပြီး တစ်ပွဲ လဲရခြင်းသို့ ရောက်၏။

စားပွဲဝိုင်းတွေကြားမှာ ပန်းအိုးအလှလေးတွေ ဝိုင်းပတ်ခြားကာ ပွဲဝိုင်းမှာ လူတွေ ပြည့်နေပြီ ဖြစ်သည်။ စေ့စပ်ပွဲနဲ့စပ်လျဉ်းသဖြင့် လူကြီးမွေးနေ့ပေမယ့် လူငယ်တွေပဲ များနေသည်။

"သားကြီးရေ .. ကြည်ပြာ တို့ သားအမိတွေ ရောက်လာကြပြီ"

"သားတို့ စားကြနော် .. စေ့စပ်ပွဲလေး ကြေညာချင်လို့..၊ အေးဆေး နေကြ .. မပြန်ရသေးဘူးနော် .."

ဒေါ်စုမြတ်ဝင်း က သေချာ မှာသွားသေးသည်။ ကိုကိုမောင် က ထသွားခါနီးမှ ဘုံ့ ကို ပြန်ငုံ့ကြည့်၍ ...

"ကိုယ်နဲ့ စေ့စပ်မှာ ဘယ်သူလဲ သိလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"မင်း သိပါတယ် ဘုံ .."

သူနဲ့ ဘုံ မျက်လုံးချင်းဆုံတော့ ဆွေးရိပ်သမ်းနေသည့် ကိုကိုမောင် မျက်လုံးတွေက ဖုံးဖိဟန်ဆောင်ဖို့ မေ့နေသည် ထင်၏။

"တကယ်တော့ လူရှုပ်လူပွေဆိုတဲ့ ကောင်တွေပဲ ခံလိုက်ရတာ ဘုံ ရယ် .. ရိုးသားအေးချမ်းမှုတွေနဲ့ အနိုင်ယူသွားတဲ့သူတွေကတော့ ရသွားကြတာ တစ်လုံးပဲ .."

ပြောချင်တာ ပြောပြီးမှ သခင့် ကို တမင်တကာ လှည့်ကြည့်၍

"ဆောရီး သခင် .."

တော်သေးတာပေါ့ ..၊ တောင်းပန်ဖော် ရသေးသည်။

"အဟွန်း .."

"ဘာရယ်တာလဲ သခင် .."

"ကျွန်တော်ကတော့ ကျွန်တော် ရလိုက်တာထက် ပေးလိုက်ရ တာတွေက တစ်လုံးကြီးပဲ ထင်တာ .."

ပြုံးနေသည့်မျက်နှာက မဲ့သလိုလို ရွဲ့သလိုလို ..၊ ပြီးမှ ...

"ကျေပြီနော် ..၊ ပြီးတော့မှ ခင်ဗျားချည်းပဲ လိုက်လျှော့နေရတယ် မပြောနဲ့ .."

ဘုံ က ပျက်ကျ ကြေကွဲနေသည့်မျက်နှာလေးနှင့် ငြိမ်သက်နေ သည်ထင်လိုက်တော့ သူ့မျက်နှာ တည်သွားလျက် ...

"ဘာလဲ .. အဆက်ဟောင်းကြီးလား .."

"မဟုတ်ပါဘူး .."

"မဟုတ်ဘူးဆိုရင် ဒါထက် ပိုတာပဲဖြစ်မယ်၊ ခင်ဗျား မျက်နှာကြီး ကြေကွဲပြီးကျပြီး တစ်စစီ ပြုတ်ကျလာတော့မယ့်အတိုင်းပဲ .."

"အဲဒီလိုဖြစ်တော့မယ်ထင်ပြီး မင်း ကြည့်နေလို့ပါ .."

"မထင်ရဘူးနော် .."





"ဘာလဲ .."

"တော်တော် ရိုးအကြိုးစားနေတဲ့ အဖြူထည်လေးလိုပဲ .."

"အဲဒီလိုပါလို့ မင်းကို ဘယ်သူ ပြောခဲ့လို့လဲ .."

"ဟား .. ဟား .. ဟား ..."

ရယ်နေသည့်မျက်နှာကို စိုက်ကြည့်ရင်း ဘုံ မျက်မှောင်လေး ကုတ် ၏။

"ဝန်ခံတယ်ပေါ့ ဟုတ်လား ..၊ ကိုကိုမောင် ဘယ်လိုလူမျိုးလဲဆို ဘာလည်း သိပြီးတဲ့ပုံပဲ၊ အဟွန်း .. ဟိုလူကတော့ ခင်ဗျားကို တော်တော် ချစ်လင့်ခဲ့တာ သေချာတယ်၊ ဘာဖြစ်လို့ မဆုံခဲ့ကြတာလဲ ..၊ ပြောမပြ ချင်ဘူးလား .."

"ဘာတွေလျှောက်ပြောနေတာလဲ သခင် ..၊ ငါတို့က မင်းပြော သလောက် ဘာမှမဟုတ်ခဲ့ဘူး၊ ဒက်ဒီဆီမှာ အလုပ်လုပ်နေတုန်းက သူ လည်း အလုပ်သင် ခဏ ရောက်လာဖူးတယ်၊ ခင်ခင်မင်မင် ရှိခဲ့ရုံအပြင် ဘာမှ မပိုဘူး .."

"ဟုတ်လို့လား ဘုံ ..၊ ကိုမောင့် မျက်နှာပေါ်မှာ မှတ်တမ်းရှည်ကြီး ပေါ်နေတာ မြင်ရတယ်နော်၊ သူကတော့ ဝန်ခံသွားတာ ခင်ဗျား တင်ပဲ၊ ကျွန်တော့်ကိုတောင် 'ဆောရီး' ပြောသွားသေးတယ်၊ မဆိုင်ခဲ့ ဘူးဆိုရင် ပြောဖို့ လိုလို့လား .."

"မင်းကရော ဒါကိုပဲ ဘာဖြစ်လို့ စိတ်ဝင်စားနေရတာလဲ .."

"မဝင်စားလို့ ရမလား ..၊ ခင်ဗျားက သူလိုကိုယ်လို နေလိုက်ရင် တော်သေးတယ်၊ အပီအပြင်ကြီး ခံစားနေရတာကို မြင်ပြီး ဖုံးဖိနေတော့.."

"မင်းနော် .."

နှစ်ယောက်တည်း ရန်ကြိုတ်ဖြစ်နေရသည်။ ပြီးတော့မှ ကိုမောင် ကိုယ်ကိုယ် ကလေးဆန်နေပြီမှန်း တွေးမိကာ ဆင်ခြင်ဖို့ သတိရ၏။

ဒီကြားထဲ သတို့သမီးလောင်း ရောက်လာပြီး နှစ်ဖက်မိဘအလယ်



www.burmeseclassic.com

www.burmeseclassic.com



မှာ အတူယှဉ်တွဲရပ်နေကြတာတောင် ကိုကိုမောင့် မျက်လုံးတွေ ဘုံ ဆီမှာ တဝဲဝဲ ..။

သူတို့ကို ကြည့်နေရင်း သခင် မချင့်မရဲ ဖြစ်လာသလို ခံစားလာ တာ အမှန် ..။ ရည်းစားတွေ သူ ထားခဲ့သမျှ သက်တမ်းတစ်လျှောက် မှာ ဘယ်ရည်းစားကိုမှ ဒီလိုမျက်လုံးမျိုးနဲ့ မကြည့်ခဲ့ဘူးသလို ..။ ဒီမျက် လုံးမျိုး ဖြစ်ပေါ်လာရသည့် အကြောင်းရင်းကိုလည်း နားမလည်နိုင် ..

အချစ် .. အလွမ်း .. အကြမ်း ဒါမှမဟုတ် ချစ်၍ မလွမ်းသော မလွမ်းခဲ့ပေမယ့် ချစ်နေကြသော အထူးထူးသော ခံစားချက်တွေနဲ့ ပတ် သက်ပြီး သူ ဘာမှ ဂရုမစိုက်မိခဲ့တာလား ..။

တစ်ထိုင်တည်းမှာ မြင်ရသည့် မျက်ဝန်းနှစ်စုံနှင့် ပတ်သက်၍

"ဟာ!..."

မျက်လုံးတွေကို နောက်က တစ်ယောက်ယောက် လာပြီး လက် နှစ်ဖက်နဲ့ ပိတ်ကွယ်ထားလိုက်သဖြင့် မြင်မြင်သမျှ အားလုံး အမှောင် ကျသွားသည်။

"ဘယ်သူလဲ .."

"အဟွန်း .."

နူးညံ့သည့် လက်ခုံနုနုလေးကို ကိုင်မိသည်။ ရယ်သံမျှင်းမျှင်းလေး ကို ကြားလိုက်ရ၏။ ထို့ပြင် ...

"ကိုမောင် .."

"လာပါ .. သူ့မိတ်ဆွေတွေလည်း ရှိနေပြီပဲ .. ခဏလေးပါ"

စကားသံတွေကို ကြားလိုက်ရ၏။ မျက်လုံးရှေ့မှာ ပိတ်ကွယ် ထားသည့် လက်ပိုင်ရှင်ကို စိတ်မဝင်စားတော့ဘဲ ဘုံ ဒီနားက ထသွား သလား .. မသွားဘူးလားဆိုတာကို ပြေးလွှား သိချင်သွားသည်။

လက်ကို အားစိုက်၍ ဖိဆွဲကြည့်လိုက်ပေမယ့် တစ်ဖက်ကလည်း အတင်းဖိကပ်ထားလိုက်သဖြင့် ရုတ်တရက် ဖယ်လို့ မရ ..။





"ဘယ်သူလဲကွာ .."

"ဒါတောင် မသိဘူးကွာ .. တကယ် တင်းတယ် .."

ဒေါသသံလေးနှင့်အတူ လက်က ရုတ်ခနဲ ဖယ်သွား၏။ မျက်လုံး တွေ ဖွင့်လိုက်တော့ သူ့ရှေ့မှာ ရင်ချစ် ..။ ပြီးတော့ ချက်ချင်း ရွေ့လျားသွား သည့် အကြည့်တွေက .. ဘုံ ဘယ်ရောက်သွားလဲဆိုသည့် ရှာဖွေခြင်း..။

ကိုမောင့် နောက်ကနေ ကောက်ကောက်ပါသွားသည့် ဘုံ သည် စေ့စပ်သည်ဆိုသော သတို့သမီးလောင်းနှင့် သုံးပွင့်ဆိုင် မတ်တတ်ရပ်မိ တာမှ နောက်ကို တစ်ချက်ပြန်ကြည့်၏။

သခင် မျက်နှာလွှဲလိုက်ကာ ...

"ဆောရီးကွာ .. ရုတ်တရက်ဆိုတော့ စိတ်က တခြားရောက်နေ တုန်းလေ .."

"ဘာလဲ .. မမဘုံ ဆီကိုလား .."

"မဟုတ်ပါဘူး .."

"ဟွန်း .. မဟုတ်ဘူးသာဆိုတယ် .. မပြောလိုက်ချင်ဘူး .."

ရင်ချစ် က ပန်းနုရောင်ဂါဝန်ရှည်လေးနှင့်ဖြစ်ကာ ဆံပင်တွေကို နဖူးကနေ သိမ်းလှန်၍ နောက်မှာ အလိမ်တွေ နှစ်ထပ်လောက် ဆင့် ထား၏။

ထိုပေါ်မှာမှ ပန်းရင့်ရောင်အမှုန်လက်လက်လေးတွေ ဖြန့်ကြဲထား တာ နားကွင်းဝိုင်းကြီးကလည်း ပန်းရောင်ပဲဖြစ်လျက် ..။ ပခုံး မရောက် တရောက်ထိ ရှည်ကျနေသည်။

သူမ မျက်နှာလေးက သွယ်သွယ်လေးမို့ ပြင်ဆင်ထားတာနဲ့ လိုက်ဖက်မှု ရှိသည်။ ဒါပေမယ့် သခင် က တစ်ချက်ပဲကြည့်ပြီး မျက်နှာ လွှဲလိုက်သဖြင့် နှုတ်ခမ်းလေး တင်းခနဲ ဖြစ်သွားကာ ...

"ကိုကို့ .."

"ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



"ချစ် မလှဘူးလားဟင် .."

"လှတယ် .."

"သူငယ်ချင်းတွေ ဟိုဘက်မှာ ရှိတယ် ကိုကို .."

"အဲဒီတော့ ဘာဖြစ်လဲ .."

"ကိုကိုနဲ့ မိတ်ဆက်ချင်လို့တဲ့ .."

"မိတ်ဆက်ရအောင် ကိုယ်က မင်းသားမှ မဟုတ်တာ .."

"အို .. ကိုကိုက မင်းသားတွေထက် ချောပါတယ်၊ ချစ် အဲဒီလို တမ်းတမ်းစွဲ ပြောလွန်းလို့ သူတို့က ခင်ချင်နေကြတာ၊ လာပါ .. ခဏ လိုက်ခဲ့ .."

ကြည့်လိုက်တော့ ဖြူနီဝါပြာ မိန်းကလေးတွေ စားပွဲတစ်ဝိုင်းတည်းမှာ ရှိနေကြသည်။ သခင် လှည့်ကြည့်တာမြင်သည်နှင့် နှစ်လိုဖွယ် အပြုံးလေးတွေနှင့် တစ်ယောက်က လက်ထောင်ပြသည်။

"ရင်ချစ် .."

"ရှင် .. ကိုကို .."

"မင်းနဲ့ကိုယ် ဘာမှ မဟုတ်တော့ဘူးနော် ..၊ သူများတွေ အထင်လွဲစရာ ခေါ်ပြောနေကြတာတွေက သိပ်မကောင်းဘူး .."

"ကိုကိုက ဟုတ်မှာပေါ့ ..၊ ဒီတစ်ယောက်ပြီးရင် နောက်တစ်ယောက်က အဆင်သင့်လေ ..၊ ခုချိန်ထိ ကိုကို့ကို သည်းခံစွဲလမ်းပြီး တွဲလျက် တွဲဆဲ တွဲနိုင်တဲ့သူ ရှိနေသေးတာလည်း ချစ် သိတယ် .."

"ဒါပေမယ့် ကိုယ်တို့က ချစ်သူတွေလို တွဲနေကြတာ မဟုတ်ဘူး အထူးသဖြင့် မင်းနဲ့ အဲဒီလိုသတင်းမျိုး မထွက်ချင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ကိုယ်တို့က အိမ်နီးချင်းတွေလေ ..၊ မိဘချင်း ဒီလောက် ရင်းနှီးနေတာ၊ ကိုယ် လူယုတ်မာ ဖြစ်မယ်..၊ လူကြီးချင်း မျက်နှာပျက်ကြမယ်"

"တခြားသူနဲ့တွဲရင်တော့ ဒါတွေ မဖြစ်ဘူးပေါ့၊ ဟုတ်လား ကိုကို"





ရင်ချစ် က ဘုံ ထိုင်ခဲ့သည့်ခုံမှာ ဆတ်ခနဲ ထိုင်ချလိုက်ကာ ...

"ကိုကို့ရဲ့ ရည်းစားဦးက ချစ် ပါ ..၊ အဲဒါ ချစ် သိတယ် .."

"ဟုတ်တယ် .. ကိုယ်တို့က အလယ်တန်းကျောင်းသားအရွယ်တွေတည်းက အတူတူ ကျောင်းသွား .. ကျောင်းပြန်လေ .."

"နီးစပ်လို့ ချစ်ကြတယ်ပေါ့ .."

"ပြောပြတာ .."

"ချစ် ကလည်း ပြောဖို့ ရှိတာပဲ၊ ကိုကိုက တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားလို့ မေ့ရင် မေ့မယ်၊ ချစ် ကတော့ ကိုကို့ကိုသာ အချစ်ဆုံး .. ဘယ်မျက်နှာကိုမှ ကိုကို့လောက် ရင်ခုန်ခဲ့တာ-မဟုတ်ဘူး၊ မသိဘူးကွာ .. ကိုကို လေစိမ်းမတိုက်နဲ့ .. အခု ထဆိုထ .."

ရင်ချစ် က ထရပ်ပြီး သူ့ကိုပါ အတင်းဆွဲထူသည်။ မလွဲသာလို့ ထရပ်လိုက်ရရင်း မျက်လုံးရောက်သွားပြန်ရာ ဘုံ က လှမ်းကြည့်တာနှင့် ဆုံလျက် ..၊ သူမက ခေါင်းညိတ် ခွင့်ပြုနေသေးသည်။

ဘာလုပ်ဖို့ ခွင့်ပြုနေတာလဲ ..၊ ကြီးကြီးကျယ်ကျယ် ...။

မဟုတ်မဟတ်လေးကို ဒေါသက ခုန်ပေါက်ထွက်၏။ သူ ခွင့်ပြုမှပဲ ဒီက လိုက်သွားခွင့်ရမှာလိုလို ...၊

အရွတ်ဆန်ချင်သည့် ခြေလှမ်းတွေက ရင်ချစ် ဆွဲထားသည့်နောက်ကို ကောက်ကောက်ပါသွားခဲ့၏။

ကြိုတင် ရည်ရွယ်ခဲ့တာတော့ မဟုတ်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၃)

"ဘာလိုက်ရှာနေတာလဲ ဘုံ .."

"ဟို .. သူ ဘယ်ရောက်သွားလဲလို့ .."

"အန်ကယ်လ်စိုး သမီးတွေအဖွဲ့နဲ့ ရှိနေမှာပေ့ါ၊ လာပါ .. ကိုယ်တို့ အေးဆေး စကားပြောလို့ ရတာပေ့ါ .."

"ပြန်ချိန်ရောက်နေပြီ ကိုမောင် .. အေးဆေးလို့ မဖြစ်တော့ဘူး"

ရွှန်းတောက်စိုလက်နေသည့် နက်ပြာရောင်ဝတ်စုံလေးနှင့် ဆံပင်တွေကို နားသယ်စပ်နှစ်ဖက် သိမ်းလှန်ထားသည့် ဘုံ့ မျက်နှာလေးက မီးရောင်အောက်မှာ ဝင်းဝင်းစက်စက်လေး လှနေ၏။

စေ့စပ်ပွဲနှင့် တွဲစပ်ထားသည့် မွေးနေ့ပွဲဖြစ်သည့်အလျောက် လူကြီးလူငယ်တွေစုံကာ အမျိုးမျိုး ဝတ်စားပြင်ဆင်လာကြသည့်ထဲမှာ ဘုံ က မြန်မာဝတ်စုံလေးပဲ ဖြစ်သည်။

အပါးသားတွေဘာတွေ ခံမထားဘဲ စီးကွင့်လေးတွေနှင့် အလှခြယ်ထားသဖြင့် အချိုးကျ လှပသည့် သူမကိုယ်ပေါ်မှာ ဝတ်စုံနှင့်လူက ထင်းနေသည်။

ဘုံ က သခင့် ကို လှည့်ပတ်ရှာဖွေနေသလောက် ကိုကိုမောင် က ဘုံ့ တစ်ကိုယ်လုံးကို ငေးရင်း သက်ပြင်းချလျက် ...





"လုံးဝ ပြန်မဆုံကြတော့ရင်လည်း အကောင်းသား ဘုံ ရယ် .."

တိုးတိုးတိတ်တိတ်စွာ ညည်း၏။ ဘုံ က ဖျတ်ခနဲ ပြန်ငဲ့ကြည့်ကာ ...

"ကိုမောင် တစ်ခုခု ပြောလိုက်တာလား .."

"မကြားတာပဲ ကောင်းပါတယ် .."

"ဒါဆိုရင်တော့ ကိုမောင် ပြောတဲ့စကားကို ဘုံ ခန့်မှန်းမိပြီ၊ ...အပ်တဲ့စကားတွေနဲ့ ပတ်ဝန်းကျင် တစ်မျိုးမြင်ကုန်ရင် မကောင်းပါ... ကိုမောင် ..၊ ဘုံ တို့က ကလေးတွေလည်း မဟုတ်ဘူး .."

"ဟုတ်ပါတယ် .. ဘုံ့ အတွက် မလိုအပ်တဲ့စကားတွေပါ၊ ကိုယ် ...မြဲတမ်း လိုအပ်ခဲ့ပေမယ့် မင်းက မလိုအပ်ခဲ့ပါဘူး .."

ကိုကိုမောင် က ဘယ်လိုတားတား ဒီအကြောင်းကိုပဲ ဦးတည် ...တာ ...

"သခင် က ပေါ့ပေါ့ပါးပါးနေတတ်တဲ့သူပါ၊ ကြည်ပြာ ကလည်း ...နဲ့ ကိုယ့်အကြောင်း .."

"ကိုမောင် .."

"သိပြီးသားလို့ ပြောမလို့ပါ၊ ရုံးမှာ စပြီး ဆုံစည်းကြတည်းက ...က ကိုယ့်ကို ကြည်ပြာ နဲ့ပဲ တွန်းတွန်းထိုးထိုး ပို့ချခဲ့တာလေ၊ ...ကြီးတွေသဘောတူလို့ ကိုယ် လက်ထပ်ရမယ့်သူကလည်း ကြည်ပြာ ဖြစ်နေတယ် .."

"အဲဒီတော့.. ချစ်သူနဲ့ လက်ထပ်သူ တစ်ယောက်တည်းပဲ ဖြစ်ရ... မကောင်းဘူးလား .."

"မင်း သဝန်တိုလာမလားလို့ ကိုယ် တွဲပြခဲ့တာပါ၊ အဲဒါတွေက ... လူပြောသူပြောတွေနဲ့ ချစ်သူဘဝ ရောက်သွားကြတာ၊ ကိုယ့်ရင်ထဲ... အမြဲတမ်း ရှိနေတာက .."

"ဘုံ သခင့် ကို သွားရှာဦးမယ် .."

"အတူတူ ရှာလိုက်ပေ့ါ ဘုံ ရယ် .. မောင်က ကူညီချင်လို့ နေ...



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ..."

ကြည်ပြာ ထပ်ရောက်လာတော့ ဘုံ စိတ်ညစ်သွားတာ ပြစရာ အောင်ပင် ..၊ ဟိုအရင်တည်းက ကိုကိုမောင် ဘုံ့ နားမှာ ရှိနေတဲ့အ တိုင်း ကြည်ပြာ က ငေးကြည့်နေခဲ့သူဖြစ်ကာ ဤသို့သော မချိ အပြောတွေနဲ့လည်း အနားရောက်လာခဲ့ဖူးသည်။

ကိုကိုမောင် ကွယ်သွားတာနှင့် သူမရင်ထဲက သယ်ဇာတ အကြောင်း တစ်စွန်းတစ်စ ဖွင့်ဟခဲ့တာလည်း ရှိ၏။ ချစ်ရေးချစ်ရာ ကို ဘုံ စိတ်မဝင်စားခဲ့တာက ကိုယ့်ဘဝနဲ့ ကိုယ်ပါ။

ပညာကို အစဉ်တစိုက် ကြိုးစားခဲ့သည့်ရည်ရွယ်ချက်ကိုက အော မြင်သည့် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်လာဖို့ ..။

"ဘယ်လိုဖြစ်သွားတာလဲ ဘုံ .."

"ဆောရီးပါ ကိုမောင် ..၊ ကြည်ပြာ့ ကိုလည်း အားနာပါတယ် အရမ်းကြာနေပြီဆိုတော့ သူ ပြန်သွားတာ သေချာတယ် .."

"ကိုယ့်ဇနီးကို ထားခဲ့ပြီး သူ ပြန်ပါ့မလား ဘုံ ရယ် .."

"ဟုတ်ပါတယ် ဘုံရယ် .. အဓိပ္ပာယ်မရှိတာ ..၊ ဒါမှမဟုတ်လည်း လူရှင်းတဲ့စားပွဲမှာ ခဏ ထိုင်နေလိုက်ပါ၊ ကြည်ပြာ ကောင်လေးတွေကို ရှာခိုင်းလိုက်ပါ့မယ် .."

"အို .. နေပါစေ .."

ကိုယ်ထိုင်နေတော့လည်း အနားမှာ ကိုကိုမောင် က ရှိနေမည် သူ့ကို ရှာတွေ့ရင်လည်း မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာ သေချာ သလောက်ရှိတာမို့ ရှာခိုင်းလို့ မဖြစ် ..။

နှစ်ယောက်စလုံး သိက္ခာကျနိုင်ဖွယ်ရှိသည့် နည်းလမ်းတွေကို ရှောင်ကြဉ်ကာ ဘုံ တစ်ယောက်တည်း ထွက်ခွင့်ရအောင် ရှာကြံ ကြိုး စားခဲ့၏။ ခပ်သုတ်သုတ်လျှောက်ရင်း ဖုန်းဆက်ကြည့်တော့လည်း ပိတ် ထားသည်။ တားကို လှမ်းမြင်လိုက်တော့ သော့က သူ့ဆီမှာမှန်း တွေး







ကာ ဆက်မရသည့်ဖုန်းကို လက်ကိုင်အိတ်ထဲ ပြန်ထည့်ရင်း နှုတ်ခမ်း လေး မဲ့သွား၏။

ဒီကားနားမှာ ရပ်ရင်း သူ ရောက်လာအောင် ဘယ်လောက်ထိ စောင့်ရဦးမည် မသိ ..၊ ဒီကြားထဲ ကိုမောင် နဲ့ ကြည်ပြာ တစ်ယောက် ယောက် ရောက်လာမှ အမှောင်ရိပ်ကျကျမှာ ဝိုပြီး ရှင်းရခက်ဦးမည်။

အနက်ရောင် ဆပ်ဖ်ကား၏ဘေးကို ရောက်လာသည်နှင့် မတ် တတ်ရပ်ဖို့ နေရာယူမိစဉ် တံခါးတစ်ဖက် ဖျတ်ခနဲ ပွင့်သွား၏။

"သခင် .."

ခြေလှမ်းရွှေ့လိုက်ရင်း ဝမ်းသာအားရ ဖြစ်သွားမိ၏။ ချက်ချင်းပဲ ကားထဲ ဝင်ထိုင်လိုက်မိကာ ...

"ဒီထဲ ရောက်နေတယ် .."

"ခင်ဗျားကို စောင့်နေတာ .."

"ဖြစ်ရလေ သခင် ရယ် .. တို့ကလည်း မင်းကို ပတ်ရှာနေတာ"

"မြင်သားပဲ .."

"ဘာ!..."

သခင်က ဘာမှမဟုတ်သလို မျက်နှာနှင့် ကားကို အသာလေး တွေ့ထွက်လိုက်သည်။ ခြံအဝင်ဝမှာ ကားတွေ ရပ်ထားတာမို့ တိုက်ကြီး ရဲ့မျက်နှာစာ နီးနီးမှာ ခင်းကျင်းထားသည့် ညွှေ့ခံပွဲနဲ့ဆို အလှမ်းကွာ နေသေးသည်။

ဒါပေမယ့် ဟိုက လှမ်းကြည့်လို့ မရတာပဲ ရှိမည်။ ဒီက ကြည့်ရင် တော့ မြင်နေရမှာ ဖြစ်သည်။

"ဖုန်းခေါ်တော့လည်း ပိတ်ထားတယ် .."

"ကျွန်တော် အပြင်ထွက်ရင် ဖုန်းပိတ်ထားတာ များတယ်၊ ခင်ဗျား သိဘူးလား ..၊ နှောက်ဆံတင်းရမှာ စိုးလို့ .."

သူ့မျက်နှာတင်းတင်းကို ကြည့်၍ ကားထဲမှာ လာစောင့်ပေးလို့



www.burmeseclassic.com

www.burmeseclassic.com



ကျေးရှူးတင်မိတာတွေတောင် ပျောက်သွားသည်။

"နောက်ကြောင်းမှာ သေရေးရှင်ရေး တစ်ခုခုဖြစ်နေရင် မင်း ဘယ်လိုလုပ်မလဲ သခင် .."

"ခုထိတော့ မဖြစ်ဘူးသေးပါဘူး .."

"ဖြစ်ခဲ့ရင် မင်း ဘယ်လို ဖြေမလဲလို့ .."

"ဖြစ်မှ မဖြစ်သေးတာ ..၊ ဘယ်လိုပြော်ရမလဲ .."

"ခုရော .. ငါ ဟိုမှာပဲ ထိုင်စောင့်နေမိရင် မင်းလည်း ဒီတိုင်း ထိုင်နေမှာလား .."

"ခင်ဗျား တစ်ညလုံးတော့ ပဲပေးမနေလောက်ဘူးဆိုတာ သိပြီး သားပါ"

"ဘာ!... ပြောတယ် .."

ဘုံ့ အသံ မာသွားတော့ သူက မျက်နှာရှေ့က နေကာကို ဆွဲချကာ မီးပွင့်စေလျက် ...

"ရန်ဖြစ်တာလည်း မျက်နှာကြည့်ဖြစ်ရမှ အရသာရှိတာ .."

"သြော် .. မင်းက တမင် ရန်ဖြစ်ဖို့ စောင့်နေတာပေါ့ .."

"ဟုတ်တာပြောရင် ခင်ဗျား ခုလို ထဖြစ်မှာ သိနေလို့ပါ"

"ကိုမောင် နဲ့ အတူလျှောက်လာတာကို လှမ်းမြင်ပြီး ထင်ရာစွတ် ပြောမနေနဲ့ ..၊ သူ့ဇနီးလောင်းနဲ့ တို့က သူငယ်ချင်း .."

"ခင်ဗျားကိုပဲ ကြိုက်နေတဲ့ဘဲက ဟိုတစ်ယောက်နဲ့ တွဲဖြစ်သွား တာမို့လား ..၊ ဒါမျိုးတွေက ရိုးအီနေပြီ .."

ကြည့်စမ်း ..၊ တစ်ထွာပြတာနဲ့ တစ်တောင်မကာ မြင်နေတာ ပါလား ..။

ဝါရွှေသည့် မီးရောင်ပြေပြေအောက်မှာ သူ့မျက်နှာကို စူးစိုက် ကြည့်မိပေမယ့် ဘုံ ဘာမှလည်း မပြောချင်တော့ဘဲ မျက်နှာလွှဲနေမိ၏။

အသံတိတ်သွားကာမှ ကားမောင်းနေရင်း သူက လှည့်ကြည့်ကာ—





"ပြောစရာ မရှိတော့ဘူးလား .."

"ရန်ဖြစ်ဖို့ ပြောနေမှန်း သိနေကာမှ ဆက်ပြောနေရင် ဖြစ်ကြရုံပဲ ပေါ့တာ .."

"ဘာဖြစ်လို့လဲ ..။ အဖွားန်း .. ကျွန်တော်က နောက်တာပါ၊ ခင်ဗျား ကြောင်မှ ကျွန်တော့်ကို ခွင့်လွှတ်နားလည်ပေးခဲ့သေးတာ .. ကျွန်တော် က ဘာလို့ နားမလည်နိုင်ရမှာလဲ၊ ချစ်ခဲ့တာဖြစ်ဖြစ် .. ချစ်နေဆဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းပေါ့ .."

"သခင် .."

"ပြောပါ .. ပြောပါလို့ ပြောနေတာကို .."

မျက်နှာက ဘာကို လှောင်ရယ်ချင်နေတာလဲ ..၊ ပြုံးမလို မဲ့မလို သော်တထိ မေးဖျားလှုပ်ရုံ ပြုံးနေသောဟန်ပန်က အသည်းယားစရာ..။

ကိုမောင် နဲ့ တကယ်ချစ်ခဲ့သည်ထင်လို့ နောက်နေတာလား ..၊ ဒါမှမဟုတ် ကြွားချင်နေတယ်ထင်လို့ လှောင်တာလား ..၊ စိတ်တိုလာ သခယ့် စွပ်စွဲရခက်နေကာ ...

"မင်း လုပ်ချင်ရာလုပ်လို့ ရနေသားနဲ့ ငါ့ကို လက်ညှိုးထိုးစရာ ရှာအောင် ကုတ်ကပ် စွပ်စွဲနေတာလား .."

"ဟား .. ဟား .. ဟား ..."

ရယ်သံတွေထဲမှာ ဒီတစ်ခါ မှန်းစရာအကောင်းဆုံးပဲ ထင်သည်။ ပြီးတော့ ဖျတ်ခနဲ လှည့်ကြည့်ပြီးမှ ရှေ့ပြန်လှည့်ကာ ...

"ကုတ်ကပ်စွပ်စွဲနေစရာ လိုလို့လား ဘုံ ရာ.. ခင်ဗျားတို့ ဒီလောက် ထင်းလ်မြင့်နေကြတာ၊ ဟိုဘဲဆိုရင် မျက်နှာကြီးတစ်ခုလုံး မီးလောင်ပြင် ကျနေတာပဲ .. စာကယ် ရယ်ရတယ် .."

"ဘာရယ်ရတာလဲ ..၊ သူ့ဟာသူ မီးလောင်ပြင်ဖြစ်ဖြစ် မီးတောင်ပဲ ကွဲကွဲ .. တို့နဲ့ ဘာမှ မဆိုင်ဘူး .."

"ကျွန်တော်လည်း အဲ့ဒါကို အံ့သြတာလေ၊ မဆိုင်ခဲ့ကြဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သိတော့ ပိုအံ့ဩတာပေါ့၊ အချစ်ဆိုတာ ခင်ဗျားတို့မျက်နှာတွေပေါ်မှ မြင်ရမှပဲ ဖြူသလား .. မည်းသလား သိတော့တယ်၊ တကယ် အလန့်
"ကဲကွာ .. ထင်ချင်သလို ထင် ..၊ ပါးစပ်ကိုပိတ်ပြီး ကား ဂရုစိုက် မောင်း ..၊ ဒီပွဲကို လာမိတာကိုက မှားတာ .."
"မှန်သွားတာပေါ့ ..၊ ကိုမောင် က အန်ကယ်လ်ဝင်း တို့ သားမှန်း အစတည်းက သိနေတာ မဟုတ်ဘူးလား .."
"မသိဘူး ..၊ အန်ကယ်လ် ဦးသက်ဝင်း ကို သိပေမယ့် ကိုမောင် အဖေအဖြစ်နဲ့ တွဲသိထားတာ မဟုတ်ဘူး၊ ပြီးတော့ ရင်းနှီးခဲ့ကြတာ မဟုတ်တာ .. အဟုတ် ပြောတာပါ သခင် ရယ် .. မင်း ထင်သလို ဘာလုပ်လုပ်ပါ၊ ငါ့ကို အဲဒီလိုကိစ္စကြီးနဲ့တော့ မနှောက်ပါနဲ့ .."
"ဘာဖြစ်လဲ .. နှောက်တော့ .."
"အို.. ဒါ ဂုဏ်ယူစရာမှ မဟုတ်တာ၊ ပြီးတော့ ငါက မိန်းမသား လက်နဲ့ဖြစ်ဖြစ် .. ပါးစပ်နဲ့ဖြစ်ဖြစ် ဘာနဲ့မှ သိက္ခာကျ ထိခိုက်မခံနိုင်ဘူး"
ကိုယ်ကတော့ သိက္ခာ တစ်ပြားသားမှ မရှိခဲ့ဘူးပေါ့။ ကြိုက်သလို ထိခိုက်ခံနိုင်တယ်ပေါ့ .. သခင် က ကိုယ့်စိတ်ကူးနဲ့ကိုယ် ပခုံးတွန့်ရပါ သည်။
သူကရော ဘာဖြစ်နေတာလဲ ..၊ ခုကျမှ သိက္ခာတွေ ပဓာနတွေကို ဘာဖြစ်လို့ တမ်းတနေတာလဲ ..။
"မင်းရဲ့ ရင်ချစ် ရော .. အုပ်စုလိုက် ဘယ်ရောက်ကုန်ကြတာလဲ"
"ပြန်သွားကြပြီ .."
"ဟင်!..."
ရင်ချစ် တို့ကို မြင်လိုက်ရတဲ့ပုံက ဒီလို ရုတ်ခနဲ ပျောက်ကွယ်သွား ကြမယ့်ပုံ မဟုတ်ပါ။
ခဏတော့ ကြည့်နေပြီးမှ ဘုံ ရှေ့ကို ပြန်လှည့်သွားလျှင် ...
"သူတို့ လာလိုက်လို့ အလစ်ငိုက်စောင့်ပြီး ထသွားတာလား .."





"မဟုတ်တာ သခင် ရယ် .. ဘာတွေ လာပြောနေမှန်းကို မသိ ဘူး၊ မင်းလည်း သူ ရောက်လာတယ်၊ တို့ကိုလည်း ကိုမောင် ခေါ်တယ် .."
"ပြောသွားလို့ ရတာပဲ ..၊ ခင်ဗျား ဒီတိုင်း ထသွားတာ ကောင်း .."
"မင်းက အဲဒါကို စိတ်ခုနေတာလား .."
"မခုပါဘူး ..၊ ဘယ်သွားမှန်းမသိလိုက်တော့ ဟိုကြည့်ဒီကြည့် သွားတယ်၊ ကြောင်တာပေါ့ .."
"ဆောရီးပါကွာ.. သူကလည်း မင်းကို စနေတာဆိုတော့ တကယ် မင်း ငါ့ကို အားနာနေရမှာစိုးတာလည်း ပါပါတယ် .."
"ဘာ!..."
"အမေ့!.."
ဘရိတ်နင်းလိုက်သဖြင့် ကားက သိမ့်ခနဲ ဆောင့်ရပ်သွားသည်။ ကိုယ်လေး ရှေ့ကို စိုက်ကျသွားကာ ဒတ်ရှ်ဘုတ်သာ ခံမနေလျှင် မှန်ထဲကနေများ ခုန်ထွက်သွားမလား မသိ ..။
"ဘယ်လိုလုပ်လိုက်တာလဲ သခင် ရယ် .. ဆံထုံးများ ထုံးလာခဲ့မိ ကုန်ပြီ .."
"နောက်ဆို အဓိပ္ပာယ်မရှိတာတွေ ပြောပြီး အကြောင်းမပြနဲ့ ..၊ သခင် က အားနာဖို့ဆိုတာ ဘယ်စာရင်းမှာမှ မရှိခဲ့သေးဘူး၊ အဲဒါ ကြောင့် ခင်ဗျားလည်း အားနာဖို့ မလိုဘူး၊ နောက်ဆို ကျုပ်ကို အသိ သွားတဲ့အကျင့်လေး တစ်ခုပဲ လုပ် .."
ကြည့်စမ်း ..၊
'ကျုပ်'ဆိုတဲ့ စကားကြီးက နားထဲမှာ ခါးသွားသည်။ သူပဲ ပြော ရော ပြော ..၊ သူပဲ ဒေါကန်နေသည်။
ငယ်သူမို့လည်း အပြစ်ယူမနေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့မှာပဲ ဒေါသတွေ .. မာနတွေရှိတာ မဟုတ် ..

ကားပေါ်က ဆင်းကြသည်နှင့် တစ်ယောက်တစ်ဖက်ကနေ ထွ
လာကြကာ ဘုံ က အခန်းထဲဝင်ကာ သူက ရေခဲသေတ္တာဆီ လျှော
သွားသည်။ အပြင်က ပြန်လာတိုင်း သစ်သီးတစ်ခုခု ယူဝါးပြီး ဧည့်ခ
မှာ ခဏတစ်ဖြုတ် ထိုင်တတ်တာ သူ့အကျင့်မို့ ဘုံ ကလည်း လှ
မကြည့်တော့ပါ။

"သားတို့ ပြန်လာကြပြီလား .."

"ဟုတ် .."

"မာမီတို့ကို မေးသေးလား သား..၊ သေချာ ပြောပြလိုက်ရဲ့လား"

"ပြောလိုက်ပါတယ် ..၊ သူ့သားရဲ့ စေ့စပ်ပွဲနဲ့အတူ လုပ်မယ်ဆို
ကျတော့ မာမီ သားတို့ကို မပြောလိုက်ဘူး .."

"ဟုတ်လား .. မာမီ မပြောလိုက်မိဘူးလား ..၊ စိတ်တွေများ
တာနဲ့ သားရယ် .. အခု တစ်ခုခု အဆင်မပြေခဲ့တာရှိလို့လားဟင် .."

"မရှိပါဘူး ..."

ပြောလိုက်ရပေမယ့် ကိုကိုမောင် ဆိုတဲ့လူ ကိုယ့်ကို ဖွဲ့လိုက်
တော့ ခုချိန်ထိ ခိုးလိုးခုလု ဖြစ်နေတုန်း ...။

ကိုယ်က ဘုံ နဲ့ပဲ မထိုက်တန်တဲ့လူလိုလို ...၊

ဒေါ်ပန်းသီခိုင် က သားမျက်နှာကို တစ်ချက်တော့ စိုက်ကြည့်
သည်။ အချိန်မရှိတော့ပြီမို့ ဘာမှလည်း မပြောတော့ဘဲ လှည့်ထွက်သွား၏။

"ဘုံ .."

"ဟင် .. ဝင်ခဲ့လေ .."

"မဝင်ချင်ဘူး .. ခဏထွက်ခဲ့ပါဦး .."

ဘုံ အလုပ်စားပွဲထိုင်ခါနီးမှ ပြန်ထွက်လာရကာ ...

"မင်းက အဝတ်အစား မလဲတော့ဘူးလား ..၊ ဘာလဲ .."

"ဗိုက်ဆာလို့ တစ်ခုခု လုပ်ပေးစမ်းပါ"





"ဟင်!... ဗိုက်ဆာလို့ .."

"ဟုတ်တယ် .. ဘာဖြစ်တာလဲ ..၊ ဗိုက်ဆာတယ်ပြောတာပဲ ပြူး
ကျားပြဲတဲ .."

ရှုံးသိုးသိုးဖြစ်နေသည့် သခင့် မျက်နှာကို ကြည့်ကာ ဘုံ စိတ်ညစ်
သွားသည်။ ဘယ်တုန်းကမှ အချိန်မတော် စားစရာ မလုပ်ခဲ့ဘဲနဲ့ ...

"ခုလေးတင်ပဲ စားသောက်လာကြတာကို ဆာတယ်ဆိုတော့ .."

"စားခဲ့ပေမယ့် အခု ထပ်စားလို့ မရဘူးလား .."

စားလို့ ရပေမယ့်၊ အဲဒီလို တာဝန်ကျေရအောင် အချိန်မတော်
အဆာပြေစားဖို့အတွက် ထွေလီကာလီတွေ ဘုံ မလုပ်တတ်ပေ ...။

"ကဲ ဗျာ .. ကြာလိုက်တာ .."

သခင် က ဘုံ့ လက်လေးကို ဆွဲခေါ်ကာ မီးဖိုခန်းထဲကို တောက်
လျှောက်သွား၏။ ဘုံ ကလည်း တစ်လျှောက်လုံး စဉ်းစားလာကာ မီးဖို
ခန်းထဲ ရောက်တဲ့အထိ ဘာလုပ်ရမှန်းမသိ ဖြစ်နေဆဲနှင့် ...

"ဘာစားချင်လို့လဲ သခင် ရယ် .. တို့ ဘာမှ မလုပ်တတ်တာ
သိရဲ့သားနဲ့ .."

"သိတယ် .. ခင်ဗျား အပြစ်မရှိဘူးဆိုတာ .."

"သိရင်လည်း ခဏခဏ သိက္ခာကျအောင် ခိုင်းမနေနဲ့ပေါ့၊ မာမီ
တို့ရှေ့မှာသာဆို မတွေးရဲဘူး .."

လက်ကိုလွှတ်၍ သခင် က ရယ်ကျဲကျဲမျက်နှာနှင့် လှည့်ကြည့်
သည်။

"မရတော့ဘူး ..၊ မာမီတို့ရှေ့မှာဖြစ်ဖြစ် .. နှစ်ယောက်တည်းဖြစ်
ဖြစ် .. လုံးဝ ချောင်ခိုနေခွင့် မပေးနိုင်ဘူး .."

"သခင် နော်..၊ တို့ အစတည်းက ပွင့်ပွင့်လင်းလင်း ပြောပြီးသား.."

"ဒါပေမယ့် .. အခု မရဘူး .."

သခင် က အသားဘူးတွေ ဆွဲထုတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပေါင်မုန့် ရှိတယ်..၊ အသားတွေ အရွက်တွေထည့်ပြီး ဟမ်ဘာဂါ လုပ်ပေး .."

"ဟမ် ဘာ ဂါ .."

"အင်း .."

"သခင် .. မင်း ငါ့ကို တမင်ဒုက္ခပေးတာတော့ မဟုတ်ပါဘူးနော်.."

"ဟုတ်တယ် .."

ဘုံ့ မျက်လုံးတွေက တအံ့တသြဖြစ်နေလျက် ..၊ သခင် က မတည် မပြုံး ပုံခုံးတွန့်ပြ၍ ...

"ရတယ် .. လုပ်တတ်သလို လုပ် ..၊ စားပေးမယ် .."

"မီးဖိုခန်းထဲမှာ ဘာတွေလုပ်နေကြတာလဲ .. ဟင် .."

ဘုံ့ အသက်ရှူချောင်ဖို့အတွက် ရောက်လာသလို ဒေါ်ပန်းသီခိုင် အခန်းထဲဝင်လာသည်။

"သား ဗိုက်ဆာလို့ မာမီ .."

"ဗိုက်ဆာလို့ ဟုတ်လား ..၊ ညနေ့ခံပွဲက ပြန်လာပြီးတော့ .."

ဒေါ်ပန်းသီခိုင် တအံ့တသြမေးပြီး မျက်နှာတွေကို လိုက်ကြည့်၏။ ဘုံ့ က ရှုံ့မဲ့မဲ့လေး ရပ်နေကာ သခင် က စားပွဲမှာ ခုံဆွဲထိုင်နေတာ အကျအန ..။

ပြီးတော့ အသားဘူးတွေ ထုတ်ထားတာကို မြင်ကာ ...

"ဒါ ဘာလုပ်မလို့လဲ .."

"ဟမ်ဘာဂါ စားချင်လို့ .."

"သားရယ် .. ထွေလီကာလီတွေ အချိန်မရှိကာမှ ..၊ သမီးက ဒါ သူ့အလုပ်ချိန်လေ .."

"သူ့အလုပ်ချိန်တွေထဲက သား ယူလို့မရဘူးလား မာမီ..၊ ဒါလေး လုပ်ခိုင်းတာကို .."

"ရပါတယ် မာမီ .. ဘုံ လုပ်လိုက်ပါ့မယ်၊ မကောင်းရင်တော့





မပြစ်မတင်နဲ့ .."

"မတင်ဘူး .. လုပ် .."

"ဩော် .. ခက်တော့တာပဲ .."

တားတော့ တားမလို့ပေမယ့် ဒေါ်ပန်းသီခိုင် မျက်နှာ ပြုံးယောင် သန်းလာခဲ့ပြီး ပြန်ထွက်သွားလေသည်။ ဆလတ်ရွက်တွေ အတုံးလိုက် အတစ်လိုက် ဖြတ်ချကာ ခရမ်းချဉ်သီးလှီးဖို့ ပြင်တော့ သခင် က ရယ်၍...

"ခရမ်းချဉ်သီးကို အဲဒီလိုကြီး ကိုင်မှတော့ ဘယ်လိုလုပ် အကွင်း ညီညီ လှလှပပ ရတော့မှာလဲ .."

"လှလှမလှလှကွာ .. မင်း ဝါးစားမှာ မဟုတ်ဘူးလား .."

"ဟာ .. ဘယ်ရမလဲ ..၊ ဟမ်ဘာဂါ လုပ်ကာမှတော့ ဟမ်ဘာဂါနဲ့ တူရမှာပေါ့၊ ဟာ .. နေဦး .. ကြက်အူချောင်း မထည့်နဲ့တော့လေ၊ ကြက်အသည်းအမြစ်နဲ့ ဘဲဥ ရောပေါင်းလိုက် .. ပြီးမှ ထည့် .."

"အဲ့ဒါကျတော့ ဟမ်ဘာဂါ တူသွားရောလား .."

"တူတူမတူတူ ကြက်အူချောင်းမှ မကြိုက်တာ .."

"ကြိုက်ကြိုက်မကြိုက်ကြိုက် မျိုချကွာ ..၊ ကြက်သားပေါင်းဖို့ အလုပ်ဖို့နဲ့ အချိန်တွေ ဒီလောက် စတေးရမှာကို .."

"ဘာဖြစ်လို့လဲ .. ကြက်ပေါင်းရည်ယူမှာမှ မဟုတ်တာ၊ မိနစ် နှစ်ဆယ်လောက်ပဲကို .."

"သခင် ရာ .. မင်း သက်သက်ညစ်နေတာ သိလား၊ ငါ့ပါးစပ်ထဲ အမြင်းဖို့တောင် ငါ ဘယ်တော့မှ ဓာမချဲ့ဘူး .."

"အဲဒါ ခင်ဗျားအတွက်လေ .. ယောကျ်ားရပြီဆိုတော့ ခင်ဗျား ယောကျ်ားအတွက် မချဲ့လို့ မရတော့ဘူး၊ နောက်ထပ် စိတ်မကောင်း စရာက ကျွန်တော်က ဇီဇာကြောင်တယ် .."

ဘုံ ဘာမှမပြောတော့ဘဲ အလုပ်ပြီးအောင်သာ အာရုံစိုက် လုပ်နေ လိုက်သည်။ သေချာလုပ်တတ်တာ မဟုတ်ပေမယ့် ကိုယ်ကြိုက်တဲ့မုန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်မို့ ပါဝင်သည့်ပစ္စည်းတွေအတိုင်း တတ်သလောက် မှတ်သလောက် လုပ်ပေးလိုက်၏။

သခင် က အကြာကြီး တိတ်ဆိတ်နေရတာကို မနှစ်မြို့ဖြစ်ဟန် ကာ စားပွဲမှာ ထိုင်ရာကနေ ထလာပြီး အနားမှာ စစ်ဆေးရေးဝင်သည့် လက်ပိုက် လာရပ်ကြည့်နေ၏။

"ရော့ .. မြည်းကြည့်ဦး .. သုံးခု လုပ်လိုက်တယ်၊ မကုန်ရင် ဖြစ် ထည့်ထားလိုက်ပေါ့ .."

"ခင်ဗျားလည်း စားလေ .."

"မစားချင်ဘူး .."

"ဘာလဲ .. တင်းပြတာလား .."

"မဟုတ်ပါဘူး .. အလုပ်တွေ မပြတ်မှာ စိုးရိမ်နေလို့ .."

ဘုံ က ဘောဇင်မှာ လက်သွားဆေးကာ ပြန်လှည့်ထွက်လိုက်လျှင် သခင် က သူ့ကိုယ်နဲ့ ရှေ့က ကွယ်ထားကာ ...

"ခဏ ထိုင်ပါဦး .. စားရတာ အဖော်မပါရင် မမြိန်ဘူး .."

ပန်းကန်ကို တစ်ဖက်ကကိုင်၍ ဘုံ့ လက်ကို စားပွဲခုံဆီ ဖြန်ဆွဲခေါ် ၏။ ဒါတော့ လွန်ပြီထင်သည်။ ဘုံ စိတ်ဆိုးသွားက ခြေစုံရပ်ပစ်လိုက်ပြီ လက်ကို ပြန်ဆွဲရုန်းကာ ...

"သက်သက်ကြီး ငတုံ့တုတ်ထိုင်ခိုင်းနေတာလား သခင် ..၊ မထိုင် နိုင်ဘူး .."

"ဟာ .. ဘယ်လိုဖြစ်တာလဲ .."

"ငါဖြစ်တာ မဟုတ်ဘူး မင်း ဖြစ်နေတာ ..၊ ပြန်လာပြီး ဘာလို့ မကျေနပ် ဖြစ်နေတာလဲ၊ တို့ကို ဘာလုပ်စေချင်တာလဲ ..၊ ကျုန်တော် ဘာဖြစ်ဖြစ် ပြောစမ်းပါ ..၊ အလုပ်နဲ့ပတ်သက်ပြီး တမင်တကာ နှောင့် ယှက်တာတော့ တကယ် လွန်လွန်းတယ် .."

"အလုပ်လုပ်နေတာကို မကြိုက်တာ ..၊ မလုပ်ဖြစ်အောင် တမင်





လုပ်တာ၊ အဲဒီတော့ ဘာဖြစ်သွားနိုင်လဲ .."

"မင်း .."

ဘုံ့ မျက်လုံးလေးတွေ ရူးရူးရဲရဲ ဝိုင်းတက်လာ၏။

"ဒီစကားတွေကို အိမ်ထောင်ဦးစီးဖြစ်တဲ့ မင်းက ပြောတယ် ဟုတ်လား .."

သခင် က ပန်းကန်ကို စားပွဲပေါ်မှာ ချထားလိုက်ပြီး မိုက်တိမိုက် ကန်း ပြန်စိုက်ကြည့်၏။

"ဘယ်သူက အိမ်ထောင်ဦးစီး ဖြစ်ချင်ပါတယ် ပြောခဲ့လို့လဲ .."

"မင်း မဖြစ်ချင်လို့ .. ငါပဲ လုပ်နေရတာလေ၊ အဲဒါကိုတော့ မင်း နားလည်ရမှာပေါ့ .."

"ဟား .. ဟား .. ဟား ..."

သခင် က လှောင်ရယ်သည့်မျက်နှာနှင့် ခေါင်းမော့ရယ်သည်။ ပြီးမှ ...

"မိန်းမယူပြီး ကိုယ့်နေရာကို ပေးထားရအောင် ကျွန်တော်က ခန့်ဒူးမှ မဟုတ်တာ ဒေါ်ဘုံမြင့်စံ၊ ဒီမှာ ကျွန်တော် ဘာလုပ်ဖို့မှ စိတ် ထင်စားသလို ခင်ဗျားလည်း လုပ်ဖို့ မလိုဘူး၊ ကျွန်တော် အိမ်ထောင် ဦးစီး ပီသဖို့ မပီသဖို့လည်း မမျှော်လင့်နဲ့ ..၊ ခင်ဗျား မိန်းမပီသတဲ့ ပေးသတဲ့အချက်တွေကိုလည်း ကျွန်တော် မလိုချင်ဘူး၊ လက်ထပ်ကြ တုန်းက မိဘတွေ သဘောကျ လက်ထပ်ခဲ့ကြတယ်၊ တို့ ဘယ်လို နေထိုင်ကြမယ်လို့ သဘောတူပြီးသား .. ဒါပဲ မဟုတ်ဘူးလား၊ ပြော.."

"မင်း ဘယ်လိုစကားတွေ ပြောနေတာလဲ သခင် ..၊ မင်းရဲ့ ယောက်ျားခြမ်းကို မင်းဘဝ မင်း ဘယ်လိုပဲ သတ်မှတ်ထားထား ငါက မိန်း မလေး၊ အိမ်ထောင်သည်ဖြစ်သွားခဲ့ရင် အိမ်ထောင်သည်ဘဝကို လက်မခံလို့ မရဘူး ..၊ မင်းနဲ့ငါ ဘယ်လိုအခြေအနေတွေပဲ ရှိရှိ .."

"ဟုတ်ပြီ .. ဆက်ပြော .."



www.burmeseclassic.com

"ငါ့အလုပ် ငါ လုပ်နေတာလေ ..၊ မင်းနဲ့ လက်ထပ်လိုက်တဲ့ အတွက် ပိုကြိုးစားနေတာလည်း မဟုတ်ဘူး၊ အရှင်းဆုံး ပြောရရင် ငါလုပ်နေတဲ့ စီးပွားရေးဟာ အများသူငါလို ဝင်ငွေစုဆောင်းဖို့ တစ်ခု တည်း မဟုတ်ဘူး သခင် .."

"ဘာတွေ ပါသေးလဲ .."

"ဝါသနာနဲ့ အရင်းခံခဲ့တာ ..၊ ငါ့အလုပ် ငါ ဘယ်လောက် လုပ်ရ လုပ်ရ .. ဘယ်လိုအာရုံစိုက်နေနေ .. ဒုက္ခကြီးတယ်၊ ပင်ပန်းတယ်ဆို တာ မရှိဘူး .."

"ကျွန်တော်က လုံးဝ မမြင်ချင်ဘူး .."

"ဒါဆို ဒီမုန့်တွေ လုပ်နိုင်းတာလည်း တမင်လုပ်ခဲ့တာပေါ့ .."

"အဲဒီသဘော သက်ရောက်သွားမယ် ထင်တယ် .."

ဒီလိုနေ့မျိုးမှာ ဖြစ်ရသည့် စိတ်ပျက်ခြင်းမျိုး ဘယ်နေ့ ဘယ်အခါ ကမှ မဖြစ်ခဲ့ဘူး ထင်သည်။

ဘာစကားမှ မပြောချင်တော့အောင် စိတ်ပျက်မိရင်း ဘုံ့ မျက်နှာ လေး ညှိုးကျသွားသည်။

ပိုက်ဆံ ချမ်းသာကြွယ်ဝ၍ ခပ်ငယ်ငယ် နွတ်တရွတ်ဆန်သော ချောမောတင့်တယ်သည့် ယောကျ်ားတစ်ယောက်ကို လက်ထပ်မိသည့် ကောင်းကျိုးချမ်းသာတွေလား ..။





အခန်း (၃၄)

"ဪ .. ညှိုးသည်ဆိုလို့ .."

"အံ့ဩသွားလား ဘုံ .."

"အဟွန်း .."

အံ့ဩတာ မဟုတ်ပါဘူး ..၊ စိတ်ညစ်သွားတာလို့ အသံတိတ်ပြော လိုက်မိသည်။

"ထိုင်လေ .. ကိုမောင် .."

"မထိုင်တော့ဘူးလေ ..၊ ကိုယ် ဘုံ့ ကို လာခေါ်တာ .."

"ဟင်!... ဘယ်ကိုလဲ .."

"ဘုံ အခု ပရင့်ထုတ်ထားတဲ့ဖိုင်ကို ဘယ်သူ့လက်ထဲ ထည့်ရမှာလဲ"

ဘုံ့ မျက်လုံးတွေ ကိုယ့်စားပွဲပေါ်က အသစ်စက်စက် တွဲထား သည့်ဖိုင်ဆီ ရောက်သွားခဲ့၏။ ကိုကိုမောင် က ပြုံးလိုက်ကာ ...

"သူက ကိုယ့်မန်နေဂျာပါ .."

"ဟင်!... ဦးခိုင်ဝင်း က .."

"ဟုတ်တယ် .. ဖေဖေ့လုပ်ငန်းတွေကို ကိုယ် ဦးစီးလိုက်ပြီဆိုတော့ ဦးခိုင်ဝင်း က ကိုယ့်မန်နေဂျာ ဖြစ်သွားတယ်လေ၊ အခု သူက ကိုယ့်စား



www.burmeseclassic.com

www.burmeseclassic.com



လှယ်တွေနဲ့တွေ့ဖို့ကိစ္စအတွက် ဘုံ တို့ဆီကလည်း အပ္ပိုင့်မင့် ယူထား တယ်ဆိုလို့ ..”

“ဩော် .. သိပြီ ..၊ ကိုမောင် က ကိုယ်တိုင် ထလိုက်လာတာလား”

“ဘုံ့ အတွက်ပါ ..”

ပြောပြီး သူက ဦးစားပေး လိုက်လျောသည့် အပြုံးတို့နှင့် ...

“ကိုယ်စားလှယ်တွေနဲ့ ဘုံ တို့ အဆင်ပြေစေချင်လို့၊ ကိုယ်တို့ တော့ သူတို့က ကိုယ့်ဧည့်သည် ဖြစ်သွားပြီလေ ..”

“ကျေးဇူးပဲ ကိုမောင် ရယ် .. ဗိုအဆင်ပြေသွားတာပေါ့၊ ဒါဆို ခုပဲ သွားလိုက်ရအောင်လေ ..”

ဘုံ တက်ကြွသွားတာကို ကြည့်ကာ ကိုကိုမောင် က ပြုံးနေရင်း ခေါင်းညိတ်သည်။

“စုစု ရေ .. ပရိုမိုးရှင်းအတွက် မေရီ ပို့လိုက်တဲ့ ဖက်စ် ရောက် လာရင် မမကို ဖုန်းဆက်နော် ..”

“ဟုတ်ကဲ့ မမ ..”

အပြင်ကို အတူတူ ထွက်လာခဲ့ရင်း ဘုံ က ဖုန်းခဏပြောသည်။ ပြီးမှ လက်ကိုင်အိတ်ထဲ ပြန်ထည့်ပြီး ပခုံးမှာ ချိတ်လိုက်ကာ ...

“ဦးခိုင်ဝင်း က ကိုမောင် တို့ ‘မိုးမစဲ’ ကုမ္ပဏီမှာ လူသစ်လားဟင်၊ သူ့ကို သိပ်မသိတော့ အခု သွားဖို့ကိစ္စအတွက် ဘုံ စိတ်စောနေတာ သိလား ..”

“သိတာပေါ့ ..၊ ကိုယ်ကလည်း မင်းနာမည်ကို တွေ့လိုက်က တည်းက အားလုံးကို ချထားခဲ့ပြီး ထထွက်လာတာ ..”

မျက်လုံးချင်း ဆုံသွားသည်။ ရီဝေဝေးမောနေသည့် မျက်ဝန်းတွေ ကို အားနာသည့်အပြုံးတစ်ချက်နှင့် ဘုံ က မသိကျိုးနွံ ပြုလိုက်သည်။

“မင်း ကိုယ့်ကားနဲ့ မလိုက်ဘူးမို့လား ..၊ ကားထားခဲ့မယ်နော်..”

“ဟုတ် ..”





နောက်ထပ် အားနာနာနဲ့ပဲ ဘုံ ကိုယ့်ကားထဲ ကိုယ် ဝင်သည်။ ...ာ တစ်ဖက်က ဝင်ထိုင်ကာ ...

“သူဌေးချွေးမကလည်း ကားလေးဘာလေး လဲပါဦး ..”

“လဲမှာ ကိုမောင် ..၊ စိတ်နဲ့ အချိန်နဲ့ အဆင်မပြေသေးတာနဲ့..”

“ဒီကိစ္စမျိုးကို သခင် လုပ်ပေးမှာပေါ့ကွာ ..၊ သူ အခု ဘာလုပ် ...လဲ ..၊ အန်ကယ်လ်ထွန်း ကိုတော့ အရင်အတိုင်းပဲ မြင်နေတာပဲ၊ ...ည့်ရတာ သူလည်း အရင်အတိုင်းပဲ ထင်တယ် ..”

ဘုံ က ကားမောင်းနေရင်း ခေါင်းညိတ်ပြသည်။ ပြီးတော့ ဘာမှ ...ဘဲ နေ၏။

“မင်းတို့အိမ်ထောင်ရေး အဆင်ပြေရဲ့လား ..”

“ပြေပါတယ် .. သူနဲ့ ဘုံ ဘာမှ ပြဿနာမရှိဘူး ..”

“နှစ်ဦးသဘောတူ လွတ်လပ်သလို နေကြတာလား ..”

ဘုံ အသံတိတ်သွားပြန်သည်။

“ဟိုတစ်ခါ ကိုယ့်ဈေးစပ်ပွဲမှာ ဆုံပြီးတည်းက ကိုယ်တို့ ရင်းနှီးခဲ့ဖူး ...တွေကို အသစ်ကနေ ပြန်ပြီး သတိရနေတယ် ဘုံ ..၊ အနားမှာ ...စ်ယောက်ရှိနေကာမှ မင်းမှမင်း တမ်းတမ်းတတ ဖြစ်နေတာ ..”

“ကိုမောင် ..”

“ပြောပြရုံလေးပါ .. ကိုယ် တောင်းပန်ပါတယ်၊ ပြီးတော့ ဒါကို ...ပြောချင်လို့လည်း မဟုတ်ဘူး၊ အဲဒီနောက်နေ့ကစပြီး သခင့် အကြောင်း ...ိုယ် စပ်စုကြည့်ခဲ့တယ်၊ သူ အရမ်းလွတ်လပ်နေတာ မင်းအတွက် ...နှ့ရာယ် ရှိတယ်၊ အဲဒါကို မင်း ကြောက်တတ်မှဖြစ်မယ် ဘုံ..၊ သခင် ... အရမ်းချောတယ် .. ပေါ်လွင်တယ်၊ မင်းထက်လည်း အသက်ငယ် ...ယ်၊ ယောကျ်ားချင်း အတင်းအဖျင်း မပြောချင်ပေမယ့် သူ့ရဲ့ ကာရိုက် ...ာမျိုးနဲ့ မင်း လုံးဝ မအပ်စပ်ဘူးကွာ ..”

...ားမထောင်ချင်ပေမယ့် တစ်ကားတည်း စီး၊ တစ်ခရီးတည်း



www.burmeseclassic.com

www.burmeseclassic.com



သွားနေကြတာမို့ ဘုံ ဒီတိုင်း ငြိမ်ငြိမ်လေး နေလိုက်ရသည်။ ကိုကိုမေ
က ရင်မောသည့် သက်ပြင်းရှည်ကြီးနှင့် ...

"သူ အခု တွဲနေတာ ကိုယ့်ညီမဝမ်းကွဲရဲ့ သူငယ်ချင်း ..၊ သူ
မြင်လိုက်တည်းက မင်း ဘယ်လိုသဘောထားကြီးထားခဲ့သလဲဆို
ကိုယ် တွေးမိတယ် .."

ဘုံ မျက်နှာလေးကို သူ သေချာ ပြန်ကြည့်မိကာ ...

"မင်း စိတ်ဆင်းရဲမှုတွေ ကြိတ်ခံစားနေရသလား ဘုံ .."

"ဟင့်အင်း .."

"ဒါဆို မင်း သူ့ကို နည်းနည်းမှ စိတ်ဝင်စားမှု မရှိဘဲ လက်
တာပေါ့၊ ဘာအတွက်ကြောင့်လဲ .."

"ဘာအတွက်ကြောင့်မှ မဟုတ်ဘူး ..၊ မေမေတို့က သူနဲ့ လ
ထပ်ပေးခဲ့နိုင်မှ စိတ်ချမယ်ဆိုလို့ပါ၊ ချောတာငယ်တာလေးတို့
သဘောကျတာ မဟုတ်ပေမယ့် သူ အပါအဝင် မိဘ အသိုင်းအဝိုင်း
အစ ဘာမှ ငြင်းလောက်စရာ မဟုတ်လို့လေ .."

"ဒါဆို ပန်းသခင် ဆိုတဲ့ လူငယ်တစ်ယောက်ရဲ့ စိတ်ဓာ
အကျင့်စရိုက်ကို ဘာမှကို စိတ်မဝင်စားခဲ့ဘူးပေါ့ .."

"ဝင်စားပါတယ် ..၊ မိန်းမတစ်ယောက် ဖြစ်နေတဲ့အတွက် ကို
ဘဝအရေးကိုတော့ အလေးအနက်မထားလို့ ဘယ်ရမလဲ ..၊ ဒါပေမ
သခင် က ခင်ဖို့ ကောင်းပါတယ်၊ ဖျတ်ဆတ်ဆတ်စိတ် ရှိပေမ
ပွင့်လင်းတယ်လို့လည်း ထင်တယ် .."

"ပွင့်လင်းတိုင်း မကောင်းဘူးကွ ..၊ တစ်ခါတလေ ပွင့်လင်းတ
က စော်ကားနေတာနဲ့ တူတယ်၊ မင်းနဲ့သူ့ကိုဆို ပတ်ဝန်းကျင်မှာ ပို
အဆင်ဆိုးတာပေါ့၊ စီးပွားရေးအခြေအနေအရ မင်း သူ့ကို မမီ
အသက်အားဖြင့် သူ့ထက် ပိုကြီးတယ်၊ လက်ထပ်ပြီးတာနဲ့ သူက တွဲ
တဲ့မိန်းကလေးနဲ့ တွဲနေတော့ .."





"လက်ထပ်ထားတာလည်း မကြာသေးပါဘူး ကိုမောင် ရယ်.. ဘုံ
ချင်း ရင်းနှီးဖို့လည်း လိုပါသေးတယ်၊ ပြီးတော့ ဘုံ ကိုယ်တိုင်တောင်မှ
သို့အလုပ်ကိုပဲ လွတ်လွတ်လပ်လပ် မလုပ်ရမှာ စိုးနေသေးတာ .."

"သူ ဒီလိုနေတာ မင်းအကြိုက်ပဲလို့ ပြောလိုက်တာလား .."

ဘုံ က အပြစ်ရှိသည့်ကလေးတစ်ယောက်လို ပြုံးလိုက်ပြီး လှည့်
ကြည့်သည်။ ပြီးတော့ ရှေ့ကို ပြန်ကြည့်၍ မောင်းနေရင်း ...

"ဘုံ နဲ့သူ အဆင်ပြေပါတယ် .."

"အင်း.. ကိုယ်ပြောဖို့ မရှိတော့ဘူးဆိုတော့လည်း မပြောတော့ပါဘူး"

ကိုကိုမောင် က တကယ်ကို နောင်ထပ် ဘာမှမပြောတော့ဘဲ
ထိစားလှယ်တွေနဲ့ တွေ့ဆုံလမ်းခွဲခဲ့တဲ့အထိ ဂရုစိုက် ကူညီခဲ့သည်။

သူပါလာခြင်းကြောင့် အစစ ပို၍ အဆင်ပြေသွားသဖြင့် ဘုံ့ မျက်
လေး ပြုံးကြည်နေကာ ...

"ကျေးဇူးပဲနော် .. တကယ် စိတ်ရင်းနဲ့ပါ .."

"ဟုတ်ပါပြီဗျာ.. နောက်တစ်ခါ ကိုယ့်ကိုမြင်လိုက်တာနဲ့ ဘာလာ
ပြန်ပြီလဲဆိုတဲ့ မျက်လုံးစိမ်းကြီးနဲ့မကြည့်ဘူးဆိုရင် ကျေနပ်ပါပြီ"

ကားဆီ အတူလျှောက်ခဲ့ကြရင်း ကိုကိုမောင် က ရှေ့ရေးအတွက်
ချည်နှောင်ပြီးသား ပြောသည်။ ဘုံ စကားပြန်ဖို့ ခက်သွားမိစဉ် ...

"ဟင် .. ကိုယ်တို့ကား ထွက်ဖို့ ခက်ပြီကွ"

ကိုကိုမောင် ပြောမှ လှမ်းကြည့်လိုက်တော့ ဘုံ့ ကားရှေ့မှာ ကန့်
ဖြတ် ပိတ်ရပ်ထားသည့် ကားတစ်စီး ..။

"ဒါ သခင့် ကားပဲ .."

"ဘာ!... သခင့် ကား .."

"ဟုတ်တယ် .."

ကိုကိုမောင် မျက်မှောင်ကုတ်သွားသည်။ ဒါ တမင်လုပ်ထားခဲ့တာ
ဆိုတာ သိလိုက်၏။ ဘုံ ကတော့ လည်ပင်းလေးရှည်၍ ဟိုဒီ မျှော်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၏။

"သူ ဟိုတယ်လ်ထဲမှာပဲ ရှိမှာပေါ့ ဘုံ..၊ ဟော့ ပါကင်ဝန်ထမ်း

"ဗျာ .. ဆရာ .."

ဂျူတီဝတ်စုံနှင့်လူက ပြေးလွှားရောက်လာကာ ကန့်လန့်ဖြစ်နေသည့်ကားကို မြင်တော့ မျက်စိမျက်နှာပျက်လျက် ...

"ဒါ ဘယ်လိုဖြစ်သွားတာလဲ .."

"ဆရာ.. ဟို.. ကျွန်တော် .. ဟိုဘက်ဂိတ်ဝမှာ ပြဿနာရှိလို့ ခဏ ပြေးသွားမိတုန်း ထားသွားတာ ထင်တယ်၊ တကယ် မမြင်လိုက်လို့ပါ

"ကဲ .. မြင်တာ မမြင်တာထားကွာ ..၊ ဒါ ဘယ်လိုလုပ်မှာလဲ ကျွတ်!..."

ဝန်ထမ်း၏ မျက်နှာမှာလည်း ဆီးရွက်လေးလောက် ငယ်ကျသွား သလိုဖြစ်ကာ ...

"ခဏလေးပါ ဆရာ .. ခဏပဲ သည်းခံစောင့်ပါ"

ပြောပြီး လှစ်ခနဲ ပြေးသွား၏။

"သူ မင့်ကားမှန်း သိတယ် ဘုံ .. တမင်လုပ်သွားတာ၊ ဒါ သခင့် ကားတော့ သေချာတယ်မို့လား .."

"ဟုတ်တယ် .. သူစီးတဲ့ကားတွေ ဘုံ သိတယ် .."

"လာပြီ ဆရာ .. လာပြီ ..."

ပါကင်စောင့် ပြေးထွက်လာပြီး ခြေမကိုင်မိ လက်မကိုင်မိ လှုပ်လှုပ် ရွရွ ဖြစ်နေ၏။ သို့သော် သူ့လည်ပင်းသာ ညှောင်ရေအိုးလို ရှည်ထွက် လာသလား မသိ ..။ အထဲကတော့ ဘယ်သူမှ ထွက်ပါမလာခဲ့ပေ ..

"ဒုက္ခပါပဲဗျာ .. ခုပဲ ထလိုက်လာတော့မလိုလို ကျွန်တော်ရှေ့တင် ခဏလေးနော် .."

နောက်ထပ်တစ်ခေါက် ပြန်ဝင်ပြေးသွားတော့ ကိုကိုမောင့် မျက် နှာ ရှုံ့မဲ့သွား၏။ ဘုံ က မျက်နှာလေး မသက်မသာနှင့် မော့ကြည့်၍..





"ဆောရီးပါ ကိုမောင် ရယ် .. သူ တမင် လုပ်ခဲ့တာ ဟုတ်ချင်မှ ဟုတ်မှာပါ .."

"ဒီနေရာမှာ မင်း မဟုတ်ရင် ခုလို အရှုးကွက်နင်းလို့ မရဘူး ခင်းကောင်လေး တမင်လုပ်တာ .. ဒါ လမ်းဘေးလက်ဖက်ရည်ဆိုင် ဟုတ်ဘဲ .. အမိပ္ပာယ်မရှိ .."

ကိုကိုမောင့် မျက်နှာမှာ သည်းခံနိုင်ခြင်းတွေ ကုန်ဆုံးနေပြီမှန်း လာ၏။ ပါကင်မှာ ကားတွေ နေရာတကျ ထိုးထားကြတာမို့ မလွတ်မလပ် ပိတ်ရပ်လိုက်တာနှင့် ဘယ်လိုမှ ထုတ်မရတော့ ထို့ကြောင့် ကားပိုင်ရှင် လာပြန်ရွှေ့ပေးတဲ့အထိသာ စောင့်ရတော့ ဖြစ်လျက် ...

"ဟိုမှာ လာပြီ .."

ဘုံ က ဝမ်းသာသွားသည့်အသံလေးနဲ့ပေမယ့် ကိုကိုမောင့် မျက် တင်းသွားသည်။

သခင် ကဲ အဖြူရောင် လက်စကလည်ကပ်ဆွယ်တာ အဖြူဖွတ် ဘောင်းဘီရှည်အဖြူနှင့် မင်းသားအတိုင်း..။

ပြီးတော့ မျက်မှန်နက်ကို စွပ်ထားသဖြင့် နီမြန်းသည့်နှုတ်ခမ်း တို့နှင့် ခိုင်ကြည်သည့်မေးရိုးနှစ်ဖက်က အထူးသဖြင့် ကြည့်ကောင်း သည်။ လက်တစ်ဖက်မှာ စီးကရက် ..၊ တစ်ဖက်မှာ ကားသော့နှင့်..၊ ထို့ပြင် လက်ဝဲရံ လက်ယာရံ နှစ်ယောက်နှင့် လျှောက်ထွက်လာ အေးဆေး ..။

"လုပ်ပါ .. မြန်မြန်ရွှေ့ပေးပါ ညီလေးရာ .. ဒီဆရာတွေ စောင့်နေ ကြာလှပြီမို့လို့ပါ .."

"ရတယ် .. ပြဿနာ မရှိပါဘူး၊ ခင်ဗျား သွားတော့ .."

ပါကင်စောင့်က ကြောင်တက်တက်အကြည့်တို့နှင့် နှစ်ဖက်စလုံး ကြည့်နေရင်း နောက်ဆုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း တို့ဂကားမှန်း သိတယ်မို့လား သခင် .."

"သိတယ်လေ .. ကျွန်တော်လည်း ပါကင် အဝေးကြီး သွားမထိ

ချင်လို့၊ ခင်ဗျားကားရှေ့မှာ တမင် ရပ်ခဲ့တာပဲ .."

"မင်းကွာ .."

"ဘာဖြစ်လို့လဲ ..၊ ကိုယ့်အချင်းချင်း ပြဿနာမရှိနိုင်ဘူးထင်

ထားခဲ့တာ၊ အခု ဘာတွေ ဖြစ်သွားလို့လဲ .."

"ဘာမှတော့ မဖြစ်ပါဘူး ညီရာ .. ဒါပေမယ့် ကိုယ်တို့က အ

အခါနဲ့ ပြေးလွှားလုပ်ကိုင်နေကြရတာ အလုပ်ကိစ္စ နှောင့်နှေးတာ

သခင့် မျက်လုံးတွေကို မမြင်ရပေမယ့် ကိုကိုမောင့် မျက်နှာ

ကြည့်လိုက်ပြီး နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့နှင့် ....

"ဆောရီးပဲ .. ကျွန်တော့်လို ဟိုတယ်လ်မှာ အချိန်လာဖြုန်းတ

ထင်လို့ .."

ပေါ်တင်ကြီး ပြောချလိုက်တော့ ရုတ်တရက် ဘုံ မျက်လုံး

ဝိုင်းသွားပေမယ့် ဘာမှ ပြန်မပြောနိုင် ..။

သူတို့ကားထွက်သွားမှ ခုချိန်ထိ ငုတ်တုတ် မေ့ကျန်ခဲ့တာ

သတိရသည်။ ကိုကိုမောင့် သက်ပြင်းချသံကြီးက ရှည်လျားစွာ ..

"မင်းတော့ ချောင်ပိတ်မိပြီ ဘုံ..၊ ဒီလောက်ဆို ကိုယ် အကဲခတ်

ပြောလိုက်ရင်း ဘုံ့ လက်ထဲက ကားသော့ကို သူ ဆွဲယူကာ

"ကိုယ်ပဲ မောင်းမယ် .. မင်း စိတ်လှုပ်ရှားနေလို့ .."

ဘုံ စိတ်မလှုပ်ရှားပါ။ ဒါပေမယ့် တဆစ်ဆစ် နာကျင်နေခြင်း

ရက်စွဲ့မိခြင်းလား ဘာလား မသိဘဲ မျက်နှာတစ်ပြင်လုံး ပူရှိန်း

ဖြစ်ကျန်ရစ်၏။

သခင် ကြည့်သွားသည့်မျက်လုံး ..၊ ပြောသွားသည့် စကား

သူမ ဘာမှားခဲ့လို့လဲ ..။





အခန်း (၃၅)

"သမီးရေ .. ဒီမှာ ဧည့်သည် သမီး .."

"ရှင် .. ဒေါ်ဒေါ်နု .."

"ဒီမှာ .. သခင်လေး ကို မေးလို့ .."

ဒေါ်ဒေါ်နု က တစ်ခုခုပြောချင်နေသည့် အမူအရာမျိုး ဖြစ်သော်

ည်း ဘာမှမပြောဘဲ လှည့်ထွက်သွားသည်။ သခင့် ကို မေးသည်ဆိုတာ

ဘုံ အပြင်ကို ကမန်းကတန်း ထွက်ခဲ့မိ၏။

ဧည့်ခန်းထဲမှာ ဒက်ဒီ ရှိနေသည်။ ကိုယ့်ဧည့်သည် .. ကိုယ့်

ကြောင်း မဟုတ်လျှင် စပ်စပ်စုစု မလုပ်တတ်သော်လည်း မြင်နေ

ားနေမှာတော့ အမှန်ပဲဖြစ်ရာ ...

"ညီမလေး .. လာလေ .."

ဒေါ်နု လည်း သူမကို တမင် အထဲမခေါ်ဘဲ တိတ်တိတ် လာ

ကြောင်းကြားတာမို့ ဘုံ ကလည်း ဘာမှ မမေးဘဲ တံခါးဖွင့်ပေးလိုက်

...

"လာ .. စကား အေးဆေးပြောရအောင်နော် ..၊ တို့က မနက်

ည်းက စောင့်နေတာ .. လာ .."



www.burmeseclassic.com

www.burmeseclassic.com



"သော် က ပန်းသခင် နဲ့တွေ့ဖို့ လာတာ .."

"သိတယ် .. သူ မှာထားလို့လေ ..၊ ညီမလေးကို မမ စောင့်နေ

လာ .. အထဲ သွားရအောင် .."

ဦးခင်ထွန်း က အနီရဲရဲဝတ်စုံလေးနှင့် ဆံပင်တွေကိုပါ အနီ ဆိုးထားသော မိန်းကလေးကို မျက်လုံးတစ်ချက်ပဲ လှန်ကြည့် ဂျာနယ်ကိုပဲ ဆက်ဖတ်နေ၏။

ဘုံ က ဦးခင်ထွန်း ကို အသိပေးသလိုမျိုး လှမ်းကြည့်ပြီးမှ လေးငံ့၍ သော့် လက်ကိုဆွဲရင်း အထဲဝင်ခဲ့သည်။

သော် ဆိုသည်မှလွဲ၍ တစ်ခါမှ မမြင်ဘူး၊ မသိခဲ့ဘူးဘဲ ကိုယ့် မိတ်ဆွေလို ကြိုဆိုလက်ဆွဲ၍ အိမ်ထဲကို ခပ်သုတ်သုတ် ဝင်ခဲ့ပေမဲ့

"ဧည့်သည် ရောက်နေတာလား .."

"မာမီ .."

နွားနို့ဖန်ခွက်လေးနဲ့ ဇွန်းကို ကိုင်လျက် ဒေါ်ပန်းသီခိုင် ဘွား ပေါ်လာတော့ ဘုံ လန့်သွားသည်။

ထို့ပြင် ဒေါ်ပန်းသီခိုင် သည် မိန်းမသားပီပီ အကဲခတ် စုံစမ်းသ မျက်လုံးတွေကို စူးစိုက် အလုပ်ပေးလျက် ...

"သမီး ဧည့်သည်လား .."

"ဟုတ်ကဲ့ .."

"သော် က ကို့ဆီကို လာတာပါ .."

"ဘယ်လို .."

"ပန်းသခင် လေ .. ဖုန်းဆက်ထားပြီးတော့ ရောက်မလာလို့ -

ဒေါ်ပန်းသီခိုင် မျက်နှာကြီး အညိုရောင်သမ်းသွား၏။ ဘုံ ဖျတ် အတွေးဝင်လာကာ ...

"အဲဒါကို ရှင်းပြမလို့ ဘုံ ခေါ်လိုက်တာပါ မာမီ .. ဟို .. သူ ချိန်းထားကြတာ ဟုတ်တယ် .. အားလုံး လူစုံနေကာမှ သခင်





သွားနိုင်တာနဲ့ .."

"မိုးချုပ်ခါနီးမှာမှ ဘာလုပ်ကြဖို့ ချိန်းကြတာလဲ .."

"အဲဒါ .."

"တီ .."

ကားဟွန်းသံတစ်ချက်က အားလုံး၏စကားတွေကို ဖြတ်တောက် သွားစေခဲ့၏။ ဘုံ ကတော့ မျက်လုံးလေး အဝိုင်းသားနှင့်ပါ။

တစ်သက်လုံးက ခုတစ်မျိုး တော်ကြာတစ်မျိုးလို့ အပြောမခံခဲ့ရ ပါဘဲ ကိုယ်နဲ့မသက်ဆိုင်သည့် ဘာမှန်းမသိသော ကိစ္စလေးကျမှ ...

"သား ပြန်လာပြီ .."

ဒေါ်ပန်းသီခိုင် အသံကလည်း 'သိရပြီပေါ့'လို့ ကြွေးကြော်လိုက် သောမျိုး ..၊

သခင် က ပန်းနုရောင်ရုပ်လက်တိုပွပွ ဘောင်းဘီအညိုရောင်နှင့် ဖြစ်ကာ လက်ထဲမှာ စာအုပ်ရှည်တစ်အုပ်ကို ကိုင်ထား၏။

ဧည့်ခန်းကိုကျော်လွန်သည်နှင့် ဘုံ တို့ သုံးယောက်ကို သူကလည်း အန်းခနဲ မြင်သည်။ သော် ဆိုသည့် အနီရောင်လေးက သူများအိမ်ရာ ဆိုတာကို မေ့နေသလား မသိ ..။

သခင့် ကို မြင်လိုက်တာနှင့် သူမကပဲ ဆီးကြိုသလို လျှောက်သွား သာ ...

"ကို ဖုန်းမကိုင်လို့ သော် လိုက်လာတာ .."

"ဘာကိစ္စ ရှိလို့လဲ .."

သခင် က ချိန်းထားသည့်ပုံလည်း မရှိပါ။ သော့် မျက်နှာကို အံ့ဩ သလိုကြည့်ကာ ဘုံ တို့ကိုပါ လှမ်းကြည့်၏။

"ခိုင် ရေ .. လာကွာ .."

"ရှင် .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. အစ်ကို .."

အားလုံး မျက်နှာစုံညီ ဖြစ်သွားလျှင် ရှင်းမရဖွယ်ရှိသည့်ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



က ခြည့်ခန်းထဲက ဦးခင်ထွန်း ခေါ်သံကြောင့် ဒေါ်ပန်းသီခိုင် ခပ်သုတ်သုတ် ထွက်သွားရလျှင် ...

"တော်ကြာ မာမီတို့ အပြင်သွားကြမှာ သခင် ..၊ မင်းတို့ အ ခဏဖြစ်ဖြစ် ခြံထဲဆင်းလိုက်ပါလား ..၊ ပြီးမှ အပေါ်မှာ ပြန်ထိုင်ကြပေါ့"

သခင် ဘာမှမပြောဘဲ ကြည့်နေတာကို ဘုံ က အားမလိုအားမ ဖြစ်လျက် ခပ်သွက်သွက်ပြောပြီး ရှေ့ထွက်လာခဲ့၏။ ကိုယ့်ပြဿနာ ကိုယ် ရှင်းနိုင်တယ်ဆိုပြီး အိမ်ထိ ခေါ်လာရသလား ..။

လူကြီးတွေ မေးနေသမျှ ဘာမှမဟုတ်ပါဘူး၊ အဆင်ပြေပါတယ် လို့ ဒိုင်ခံ ဖြေနေခဲ့ရတာက ကိုယ် ..၊ အိမ်ပေါ်ရောက်လာကာမှ မသိပါ ဘူး ပြောလိုက်လျှင် ဒီယောက်ျား ဒီလောက်ရှုပ်နေတာကို မသိကျိုးကျွံ ပြုနေရသလားလို့ ဖြစ်ဦးမည်။

ဒါတောင် ခြံထဲဆင်းသွားကြသည့်နှစ်ယောက်ကို ဦးခင်ထွန်း ထ နွားနို့ဖန်ခွက် ကိုင်ထားပြီးမှ မသောက်သေးဘဲ မျက်မှောင်ကုတ်နှင့် လိုက်ကြည့်၏။

"အိမ်ထိ ဘာလာလုပ်တာလဲ .."

လို့ မေးလျှင် ဒေါ်ပန်းသီခိုင် က အနားရောက်လာသည့် ဘုံ့ ကို မော့ကြည့်၏။

ဖြေရမှာက ကိုယ့်တာဝန်မို့ ..၊

"ဟို .. သူတို့ ဘာလုပ်ကြမှာလဲတော့ မသိဘူး ဒက်ဒီ ..၊ တစ် နေရာမှာ သူငယ်ချင်းတွေ ချိန်းထားကြတာ ဖြစ်မှာပါ၊ သခင် က မသွား ချင်ဘူးထင်တယ်၊ အဲဒါ ဖုန်းဆက်ပြောပေးဆိုတာကို သူက ကိုယ်တိုင် ရောက်လာတော့ ရှုပ်ကုန်တာ .. အဲ့ .. အဲ့လို .."

"ဘာကိစ္စတွေဖြစ်ဖြစ် .. သမီး ဝင်မပါနဲ့ .."

"ရှင်!... ဟုတ်ကဲ့ .."

"အချိန်ကုန်တယ် .. အလုပ်ရှုပ်တယ် ..၊ ကိုယ့်အလုပ်ကိုသာ





အာရုံစိုက် .. အလကား .. ဘာတွေမှန်း မသိ .."

ဦးခင်ထွန်း က အခြေအနေကို နှစ်မြို့ပုံ မပေါ်။ နွားနို့ကို နည်း နည်းပဲသောက်ပြီး မျက်နှာတင်းတင်းနှင့် ထထွက်သွား၏။ ဒေါ်ပန်းသီ ခိုင် ကလည်း မှောင်ရီဖျိုးဖျ အပြင်ဘက်ခြံထဲဆီကို မျက်နှာ မသာမယာ နှင့် ကြည့်ကာ ...

"ဒီကောင်လေးတော့ ခက်ပါပြီ .."

လို့ ခေါင်းတရမ်းရမ်းနဲ့ ညည်းလေသည်။

လူကြီးတွေ အပြင်ထွက်ပြီလား နားစွင့်ရင်း ဘုံ အလုပ်လုပ်ရတာ လည်း စိတ်မဖြောင့်နိုင် ..။

"ဒေါ်ဒေါ်နု ရေ .."

"ဟော .. သမီး"

ဒေါ်နု က သုတ်သီးသုတ်ပျာ ထွက်လာကာ ...

"သမီး ဘာခိုင်းစရာရှိလို့လဲ .. ခဏလေးနော်၊ ဟင်းအိုးတန်းလန်း မို့လို့ .."

"ဟုတ်လား .. ဒါဆို ရပြီ ..၊ ထွက်မလာနဲ့တော့ ဒေါ်ဒေါ်နု .."

ခြံထဲမှာ မှောင်နေပြီမို့ အိမ်ပေါ်တက်လာလို့ ရပြီဆိုတာ ပြောခိုင်း ဖို့ပါ။ ဘုံ ကိုယ်တိုင်ပဲ ခြံထဲကို ဆင်းလာခဲ့ရင်း ...

.. လေပြည်သုင်းတွေ တိုက်ခတ်မှ .. သာယာပါတယ် ချစ်သူအပြုံး..
.. အချိန်တိုင်းမှာ မင်းရှိ .. သာယာပါတယ် .. ချစ်သူအပြုံး ..

မီးတိုင်တွေထားပေမယ့် အလင်းရောင် အားနည်းနေသဖြင့် ဘယ် မှာမှန်း မသိဘဲ လျှောက်လာခဲ့စဉ် ဂီတာနဲ့ သီချင်းသံကြောင့် အသံလာ ရာ လှမ်းကြည့်ရင်း အံ့သြသွားသည်။

သခင် ဘယ်တုန်းက ဂီတာ တက်ယူလိုက်တာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



.. တစ်ယောက်တည်းသာ .. မင်း တစ်ယောက်တည်းကို .. ချစ်တာ

.. တစ်ယောက်တည်းသာ .. မင်း တစ်ယောက်တည်းကို မြတ်နိုးတာ

.. မင်း တစ်ယောက်သာ .. ငါ့ဘဝမှာ အလိုချင်ဆုံး ..

.. မင်း တစ်ယောက်သာ .. ငါ့ဘဝအတွက် အလိုအပ်ဆုံး ..

သီချင်း နားသွားတဲ့အထိ ရပ်စောင့်နေပြီးမှ ဘုံ ရှေ့ကို မတိုးဘဲ ရပ်နေရာကနေ လှမ်း၍ ...

"ညှို့သည် အပေါ်ခေါ်ခဲ့တော့ သခင် .. ခြံထဲမှာ မှောင်နေပြီ.."

သီချင်းသံ လုံးဝ တိတ်ကျသွားသဖြင့် ကိုယ် ပြောတာ ကြားသွားပြီမှန်း သိလိုက်ပြီး ပြန်အလှည့် ..၊

"ဒေါ်ဘုံမြင့်စံ .."

ဟင်!...

ထူးလိုက်တာ မဟုတ်ဘဲ တစ်ယောက်တည်း အသံထွက်ကာ နောက်ပြန်ကြည့်မိ၏။ သူတို့အတွက် အကျိုးဆောင်ပေးလိုက်တဲ့လူကို ကျေးဇူးမတင်တဲ့အပြင် ခေါ်သံက ရန်လိုနေသလိုကြီးပါလား ..။

သစ်ပင်အကွယ်ကို စူးစိုက်ကြည့်ရင်း ရှေ့ထပ်တိုးလာမိစဉ် ...

"လာပါ .. ခင်ဗျားကို ကျေးဇူးတင်ချင်လို့ .."

"ဩော် .. ဩော် ... အထူးတဆန်းပဲနော် ..၊ ကျေးဇူးခေါ်တင်တဲ့ လူမျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ် .."

စိတ်တိုတိုနှင့်ပြောရင်း လျှောက်သွားမိသည်။ ဒါပေမယ့် သစ်ပင်အောက်က ခုံတန်းမှာ ဘေးမှာထောင်ထားသည့် ဂီတာတစ်လက်ရယ်..၊ သခင် ရယ် .. တခြား လူမိုမရှိ ..။

"ကောင်မလေးရော .."

"မပြန်ချင်ဘူးဆိုလို့ အိပ်ခန်းထဲ ထည့်ထားလိုက်တယ် .."

"ဟယ်!... တကယ် .."





"ဟုတ်တယ် .. ဒီည ခင်ဗျား သူနဲ့အတူတူ မအိပ်ချင်ရင် အပြင်ထွက်အိပ်ရမှာ .."

"သခင် .."

"ပြော .."

ခုံတန်းရဲ့ကျောမှီမှာ လက်နှစ်ဖက် ဆန့်တင်ကာ သခင် နေပုံက တခမ်းတနား ..။

ဘုံ က သူ့ရှေ့ထိ သွားရပ်ပြီးမှ မျက်နှာလေး ငုံ့၍ ...

"အဲဒီလိုတော့ မလုပ်နဲ့လေ ..၊ ခုတောင်မှ ငါ ဘယ်လောက်မှသားသုံးလိုက်ရသလဲ သိလား ..၊ မင်း .. ဩော် ... ဒုက္ခပါပဲ .."

ဘုံ ဖြစ်ပျက်နေတာကို သူက မော့ကြည့်နေပြီး ဘာမှမပြော ..။

"မင်းနဲ့ သူက ဘယ်လိုအခြေအနေထိလဲဟင် .. ငါ့ကိုလည်း နည်းနည်းပါးပါး ပြောပြပါဦး၊ ဘာတွေ ဆက်လုပ်ချင်တာလဲ .. ငါက ဘယ်အပိုင်းက ဝင်ကူရဦးမှာလဲ .."

"ကျွန်တော် သူနဲ့ အတူနေချင်တယ်ဆိုရင် ခင်ဗျားက ကူပေးမှာလား .."

ဘုံ အသံလေး တိတ်သွားသည်။ သခင် က ထိုင်ရာကနေ ထရပ်လိုက်ပြီး ခပ်နွဲ့နွဲ့ ခါးထောက်၍ ...

"ကျွန်တော် ပြန်မေးမယ် ဘုံမြင့်စံ .. ခင်ဗျား ဘာဖြစ်ချင်တာလဲ"

"ဘာ!..."

"ခင်ဗျား အထင်ကြီးလောက်တဲ့ အရည်အချင်းအပေါင်း ခညောင်းနေတာ ကိုကိုမောင် လေ..၊ အခု နိုင်ငံခြားကို လိုက်မသွားချင်တဲ့ပြဿနာကလည်း ပြီးပြီ၊ ဟိုဘဲနဲ့လည်း ပြန်အစပေါ်ပြီဆိုတော့ .."

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ .."

"သိသာမြင်သာနေတာတွေကို ပြောပြနေတာ၊ ခင်ဗျား ကျွန်တော့်ကို တစ်ယောက်ယောက်နဲ့ ငြိသွားအောင် တွန်းထိုးနေတာတွေ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ပီပြင်လာလို့ ..."

"မင်းဘာသာ ငြိချင်တိုင်း ငြိလာတာတွေကို ငါက လူကြီးတွေနဲ့ ထပ်မငြိရအောင် ကြိုးစားနေတာ သခင် .."

"မလိုပါဘူး .. ခင်ဗျားကို ဘယ်သူက ကယ်ပါ ယူပါ ပြောနေလို့လဲ .."

"မင်းက မပြောပေမယ့် မင်းကို တည့်မတ်ပေးစေချင်တဲ့ဆန္ဒတွေနဲ့ လူကြီးတွေက မျှော်လင့်တကြီး ရှိနေကြတာ .. ကောင်းတော့မှာလား ကောင်းဖို့ရှိပြီလားဆိုတဲ့ မေးခွန်းတွေ မေးလာတိုင်း .."

"ဘယ်လို ဖြေလိုက်သလဲ .."

"ငါ ဘာမှမ မတတ်နိုင်တာ ..၊ အစတည်းက ထင်ရာစိုင်းချင်လို့ မင်း ငါ့ကို လက်ထပ်ခဲ့တာ၊ ငါကလည်း ငါ့လိုအပ်ချက်အတွက် ခေါင်းညိတ်ခဲ့တယ်၊ အဲဒါကိုလည်း မင်းနဲ့ငါ နားလည်ပြီးသား၊ လူကြီးတွေဖြစ်ချင်တဲ့ဆန္ဒအတွက် ဘယ်လိုအာမခံချက်တွေ ပေးရမှာလဲ .."

"ဒါဆို ခင်ဗျားက ဖြေဆေးကျွေးပြီး ညာနေတာပေါ့"

"မရည်ရွယ်ပေမယ့် အခု ဒီတိုင်း ဖြစ်နေပြီလေ၊ ငါက မင်းရဲ့ဆန္ဒကို သိသိကြီးနဲ့ .. ဒီလိုမနေနဲ့ ..၊ ဒီလိုနေပါလို့ ဘယ်လိုပါဝါတွေနဲ့ တားရမှာလဲ ..၊ ကျွန်မတို့က ဒီတိုင်း နားလည်ပြီး လက်ထပ်ခဲ့ကြတာလို့ ပြောဖြပြန်ရင်လည်း မကောင်း .."

"ဒါဆိုရင် ဒီအိမ်ထောင်ရေးကို ခင်ဗျား ဘယ်လို ရှေ့ဆက်ချင်သလဲ ..၊ ကျွန်တော်နဲ့ပဲ နှစ်ဦးသဘောတူ တိတ်တိတ်ကွာရှင်းပြီး ဟိုလူနဲ့ တွဲချင်သလား .."

ဘုံ အသံတိတ်သွားပြန်သည်။ မှောင်မိုက်နေပြီမို့ မျက်နှာတွေကို သဲကွဲစွာ မမြင်ရတော့ဘဲ စူးစိုက်ကြည့်မိ၏။

သူ ဘယ်လိုသဘောနဲ့ မေးလိုက်တာလဲ..၊ ကွာရှင်းစေချင်လို့လား..၊ တမင် တရားခံ ရှာတာလား ..။





"ဖြေလေ .. ခင်ဗျား ဖြေတာကို နားထောင်မလို့ မေးနေတာ ..၊ ကျွန်တော်က တခြားတစ်ယောက်နဲ့ မှားယွင်းဖောက်ပြားဖို့ထိ ကာရိုက်တာပျက်မှာ မဟုတ်တော့ ခင်ဗျားစိတ်ကူးတွေ နှစ်ချို့သွားမှာ .."

ခုနကစဲ အိပ်ခန်းထဲ ထည့်ထားတယ် ပြောသည်။ ခုတစ်ခါ တစ်မျိုး ပြောပြန်ပြီ ..။

သူက ဘုံ့ ကို စိုက်ကြည့်ပြီး ဟွန့်ခနဲ မဲ့ကာ ...

"ဒီမှာ ဘုံ .. မိန်းကလေးတွေ ထည်လဲတွဲနေတဲ့ကောင်အတွက် မိန်းမတစ်ယောက် အနားမှာရှိထားဖို့ လိုမလား ..၊ အဲဒီမိန်းမကို ကိုယ့်ရဲ့ပိုင်ရှင်အဖြစ် ကြေညာချင်ပါ့မလား .. နည်းနည်း တွေးကြည့်စမ်းပါ .."

သူက ရှေ့ကိုမျက်နှာငံ့ပြီး နားနားကပ်မေးသည်။ ပြီးတော့ ဒီတိုင်း ငုံ့နေပြီး ဆက်၍ ...

"အရေးတကြီး ငပိုအပ်တဲ့ မိန်းမတစ်ယောက်ကို ဘာဖြစ်လို့ လက်ထပ်ယူလိုက်တာလဲ ..၊ သူ့မိဘက ဖြစ်စေ .. သူကိုယ်တိုင်ဖြစ်စေ.. အဲဒါ သူတို့ သတ်မှတ်လိုက်တဲ့ တန်ဖိုးပဲ .."

ဘုံ မျက်နှာ မော့လိုက်တော့ သူ့မျက်နှာနဲ့ နီးနီးလေး ဖြစ်သွား၏။

"ခင်ဗျားကို မချစ်ခဲ့တာက သပ်သပ်ပဲ ဘုံ ..၊ ဒါပေမယ့် ကျွန်တော် တန်ဖိုးထားတဲ့မိန်းမက ခင်ဗျား ..၊ စတွေ့တည်းက လက်ထပ်တဲ့ အချိန်အထိ ခင်ဗျားကို တကယ့်အဖြူထည်သက်သက်ပဲ စိတ်ထဲမှာ ထားတာ၊ လုံးဝ ရိုးစင်းတဲ့လိုင်းမှာ ဘာနဲ့မှ မပူးဘဲ သီးသန့်ထားခဲ့တာ၊ ခင်ဗျား ကျွန်တော့်အနားမှာ ရှိနေတဲ့အတွက် ကျွန်တော့်စိတ်မှာ ဘာမှ အနှောင့်အယှက် မဖြစ်ခဲ့ဘူး .. ဝန်မလေးခဲ့ဘူး .."

သူ့စကားသံတွေက ပုံမှန်လို့ ထင်ရပေမယ့် အံကြိတ်ထားသလိုလို၊ မဲ့ရွဲ့ပြောနေသလိုလို ..။

"ခင်ဗျားကို အစ်မလိုသဘောထားပြီး ခင်တယ်၊ သူငယ်ချင်းလို



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးလို့ ရတယ်၊ အားလုံးက ခင်ဗျားနဲ့ပတ်သက်သမျှ ကျွန်တော့်ရင်ထဲမှာ ထားတဲ့ တန်ဖိုးတွေ ..."

"အဲဒီတန်ဖိုးတွေ ကြီးမားလွန်းလို့ မင်း ငါ့ပတ်ဝန်းကျင်မှာ ရှည်းစားတွေ ထည်လဲ တွဲနေခဲ့တာလား .."

"ဒါတွေက တစ်လိုင်းစီပါ .. မပူစမ်းပါနဲ့ ...၊ ပန်းသခင် ရဲ့ဇနီးဟာ မီးမလောင် နေမခရတဲ့ မိန်းမ ...၊ အဲဒီကောင် ဘယ်လောက်ပွေပွေရှုပ်ရှုပ် သူ့မိန်းမကို ဘယ်ကောင်မှ မျက်လုံးစွေကြည့်လို့ မရဘူး၊ တစ်ခါတည်း ပြောလိုက်မယ် ဘုံ .. ခင်ဗျားကို ဒီနေ့ကစပြီး အရင်လို နေခွင့်မပေးနိုင်တော့ဘူး .."

"ဘာ!.. ဘယ်လိုပြောလိုက်တယ် .."

"ကျွန်တော့်အပြစ်တွေကို ဘောက်ပြပြီး လက်ခါခြေခါ ရှန်းထွက်ဖို့လည်း စိတ်မကူးနဲ့ ...၊ ဘာအကြောင်းနဲ့မှ ကွာမပေးဘူး၊ ခင်ဗျားစိတ်ကူးတွေလည်း ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး .."

"မင်း ပြောနေတာတွေ မိုက်ရိုင်းလှချေလား ...၊ ငါက မြန်မာမိန်းကလေးတစ်ယောက် ...၊ ခုပဲလက်ထပ် နောက်နေ့ကွာရှင်း လုပ်ရအောင် ငါ့ကို ဘယ်လိုမိန်းမလို့ ထင်နေသလဲ .."

"ဟွန်း .. ဟန်ကြီးပန်ကြီးနေပြပြီး ရင်ခုန်သံတွေကို ဖုံးဖိ မျိုသိပ်နေတဲ့မိန်းမလို့ ထင်တယ် .."

"မင်းရဲ့ မနာလိုစိတ်တွေကိုပဲ ဖုံးဖိနိုင်အောင် ကြိုးစားစမ်းပါ၊ ကိုမောင် နဲ့ ငါ့ကို မဟုတ်ကဟုတ်ကတွေထင်ပြီး ချောင်ပိတ် ကြိုးတုပ်ဖို့ ကြိုးစားနေတာ အရှင်းကြီး .."

"ဟွန်း .. အဲဒီလို ထင်စရာ ဖြစ်သွားသလား .."

"ထင်စရာ မဟုတ်ဘူး .. ရှင်းနေတာ၊ ငါ့မိန်းမ ငါထားသလို နေရမယ်ဆိုတဲ့ မာနတွေနဲ့ မဏ္ဍုပ်တိုင်တက်ပြချင်တာ .."

"အဲဒီလောက်ထိ လိုလို့လား .."





"တစ်ခု စိတ်မကောင်းစရာရှိတာက မင်း နားမလည်သေးတာကို လူကြီးတွေက နားလည်တယ် သခင် ...၊ ယောက်ျားတစ်ယောက်နဲ့ မင်း ယိုးစွပ်ဖွယ်ဖြစ်လောက်အောင် ငါ တွဲနေရတယ်ဆိုရင်လည်း အဲဒါ ငါ့အလုပ်သဘောပဲ၊ ဒီတော့ မင်းနဲ့ငါ့ကို လူကြီးတွေသဘောကျ စီမံခဲ့တာဖြစ်သလို .. ငါ့အလုပ် ငါ့စူးစိုက်မှုနဲ့ပတ်သက်ပြီး မင်းသဘောနဲ့ ချုပ်ကိုင်ဖို့ မစဉ်းစားနဲ့တော့ .."

"ဟား .. ဟား .. ဟား ..."

သူ ခေါင်းမော့ရယ်နေတာကို ကျောခိုင်းထွက်လာခဲ့သည်။ နောက်မှာ ရယ်သံက ထွက်နေဆဲဖြစ်ကာ ရုတ်တရက် ဂစ်တာခတ်သံကြီး ကျယ်လောင်စွာ ထွက်လာခဲ့ပြီး ...

.. အမျိုးကြီး .. တကယ် လုပ်မှာလား .. ပြောစမ်းပါ .. မရေရာတဲ့ .. မင်းအကြောင်းတွေ ..

.. တကယ်လို့ မပေါင်းဖြစ်ရင်တော့ .. အားကျမခံ လူပျိုကြီးပဲ သုပ်တော့မယ် ..

သေလိုက် ...၊

ခြေလှမ်းလေးတုံ့၍ နားထောင်နေပြီးမှ ဘုံ တီးတိုး ကျိန်ဆဲလျက်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

"ဟလို .."

"သခင် လားဟင် .."

"အို .. မဟုတ်ဘူး .."

ဖုန်းကို အလန့်တကြား ပြန်ကြည့်မိသည်။ ဒါကတော့ ပုံမှန်မဖြစ်နိုင်တော့တာ သေချာပါပြီ။ အလုပ်ထဲမှာလည်း ဒီဖုန်းကိုကိုင်မိတိုင်း ကိုယ့်ဆီကို မဟုတ်ဘဲ သခင့် ဆီကိုခေါ်သည့် မိန်းကလေးတွေချည်း ဖြစ်နေ၏။

စိတ်က အလုပ်ကိုချည်း အာရုံရောက်နေသဖြင့် ဖုန်းကိုင်လိုက် ပြန်ချလိုက်နှင့် ဒီဖုန်းမှာ ရှိနေနိုင်သည့် ပြဿနာကို တွေးချိန်မရ ..။

ရေချိုးပြီးသည့်မျက်နှာကို ရေတောင် စင်အောင် သုတ်ချိန်မရဘဲ အင်္ကျီ ကမန်းကတန်း ပြီးအောင် ဝတ်လိုက်သည်။ ဆံပင်တွေကို လက်နဲ့ပဲ တစ်ချက်နှစ်ချက်သပ်၍ ဖုန်း ပြန်ကိုင်လိုက်၏။

ဒါပေမယ့် တစ်ဖက်က ကိုင်မည့်လူမရှိဘဲ လူကြီးမင်းနဲ့ တိုးလေသည်။ ဘုံ ဒီတိုင်း အကြာကြီး ငိုင်နေပြီးမှ သခင့် ကို သတိရသွား၏။

ထို့ကြောင့် အပြင်ကို ထွက်လာခဲ့ပြီး ...

"ဒေါ်ဒေါ်နု .. ခုနက ကားသံကြားတာ သခင် ပြန်လာတာလား ဟင် .."





"ဟုတ်တယ် သမီး .. ဗိုက်ဆာလို့တဲ့ ထမင်းစားခန်းထဲ တန်းဝင်သွားတယ်၊ အားလုံး ပြင်ထားပြီးသားလေ၊ သမီး ရေချိုးပြီးရင် တစ်ခါတည်း စားလိုက်ပါလား .."

"ဟုတ် .."

ဘုံ စားမယ်ဆိုသည်နှင့် ဒေါ်နု က အတူလိုက်လာသဖြင့် ...

"ရတယ်.. ဘုံ ကိုယ့်ဘာသာ ထည့်စားလိုက်မယ်လေ၊ မာမီတို့ရော.."

"ဆရာကြီးက ဘုရားခန်းထဲမှာ ..၊ မမကြီးကတော့ သခင်လေး ပြန်မလာခင်လေးကပဲ ထွက်သွားတာ၊ တစ်နေကုန် သွားလာနေရတော့ ခေါင်းပန်းလို့ နားမယ်နဲ့တူတယ် .."

အိမ်မှာ ထမင်းချက်သည့် ဒေါ်ဒေါ်နု ရယ် .. သန့်ရှင်းရေး မိန်းကလေးတစ်ယောက်ရယ် .. ဒါပဲ ရှိသည်။ ဒေါ်ဒေါ်နု က တစ်အိမ်လုံးမှာ အိမ်သားလိုပဲနေပေမယ့် သန့်ရှင်းရေးသမားကျတော့ အလုပ်ချိန်မဟုတ်ဘဲ အိမ်ထဲကို လာခွင့်မပြု ..။

ခုချိန်မှာတော့ ဘုံ မာမီတို့ကိုလည်း မရှိစေချင်ပေ။ ဘာဖြစ်လို့လဲဆိုတော့ ဒီဖုန်းပြဿနာဟာ တကယ်ပဲ သခင့် လက်ချက်မှန်ခဲ့လျှင်..၊

"ဟုတ်တယ်လေ .. ကျွန်တော်ပဲ၊ ဘာဖြစ်သွားတာလဲ ကိုမြှောင်.. ပြောစရာရှိတာ ပြောလို့ ရပါတယ် .."

"... ... ... ..."

ထမင်းစားခန်းရှေ့ကို ရောက်သွားတာနှင့် ထမင်းစားနေရင်း သခင် ဖုန်းပြောနေတာကို မြင်လိုက်ရ၏။ တံခါးဘက်ကို တစောင်းပေး ထိုင်နေတာမို့ ဘုံ ဝင်လာတာကို လှည့်ကြည့်နေရင်း ...

"ခဏခဏ ကျွန်တော်နဲ့ပဲ တွေ့တာပေါ့ .. ဒီဖုန်းကို ကျွန်တော်ပဲ ထိုင်ထားတာကိုး .."

"... ... ... ..."

"ဆောရီးဗျာ .. ပြန်မပြောရသေးဘူး၊ ဒီတစ်နေ့လုံး မဆုံဖြစ်ကြ



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ ..''

ပြောရင်း စားလက်စ ပန်းကန်ကိုပါ ဘေးရွှေ့ထားလိုက်ကာ —

''ကြည့်ပြာလင်း နဲ့တော့ ထရေးဒါးရှေ့မှာ ဆုံဖြစ်သေးတယ်၊ ခင်ဗျား သုံးခါမြောက်ခေါ်ပြီးတဲ့အချိန်ပဲ၊ ဒါပေမယ့် ကျွန်တော် ဘာမှ မပြောလိုက်ပါဘူး .. အဟွန်း ..''

''... ... ... ...''

''အော် .. သြော် ... မသိဘူး .. ကျွန်တော်ကတော့ ဖုန်းဆက်တဲ့ အကြိမ်ရေတွေ ဒီလောက်များနေတာကို သူ သိရင် တစ်မျိုးတစ်မည် တော့ တွေးသွားမှာပဲထင်လို့ မျှိသိပ်ပေးလိုက်တာ ..''

''... ... ... ...''

''ဒါပေါ့ .. အလုပ် အတူတူလုပ်နေကြတာကိုး ..၊ ဒါပေမယ့် စီး တဲ့ရေကို လက်ခုပ်လေးနဲ့တားရင်သာ မရတာနော် .. တားလို့ရတဲ့နည်း တွေ အများကြီးရှိတယ် ..''

''... ... ... ...''

''အိုခေ .. ခင်ဗျား သဘောပေါက်လွယ်သားပဲ ..''

ဘုံ မျက်လုံးလေးပြူးနေရင်း လက်တွေပါ ဆုပ်ကြည့်လို့မရအောင် အင်အားမဲ့လာ၏။ သခင် ဘာဖြစ်လို့ ကိုမောင့် ကို တိုက်ခိုက်နေတာလဲ။

''ဘာကြည့်နေတာလဲ .. ဖုန်းပြောရင်း စားရတာ အေးစက်စက် ကြီး ဖြစ်ကုန်ပြီ၊ အသစ် ပြန်လဲပေးစမ်းပါ''

သူက ဖုန်းကိုချထားလိုက်ပြီး ထိုင်သည့်ခုံကို နေရာပြန်ဆွဲ၍ အကျ အန ပြင်ဆင်သည်။ ဘုံ က သူမကိုင်လာသည့် ဖုန်းကနေ နံပါတ်တစ်ခု ခေါ်ကြည့်လိုက်လျှင် ...

.. သနပ်ခါးကို ထူထူလိမ်း .. ဆံထုံးလေးကို ထုံး ..

.. မြန်မာရင်ဖုံးလေးနဲ့ လိုက်ပါတယ် ..

သခင် ချထားလိုက်သည့်ဖုန်းက ထမြည်လာတော့ နှစ်ယောက်





မျက်လုံးချင်း ဆုံသွား၏။

''မင်း .. ငါ့ရဲ့ဖုန်းကဒ်ကို ..''

''ဟုတ်တယ် ..''

သိပြီးသားပေမယ့် ဝန်ခံလိုက်သည့်ပုံစံကြောင့် ဒေါသက ထောင်း ထွက်၏။ ပြီးတော့ ကိုမောင့် ဆီက အလုပ်နဲ့ပတ်သက်သည့် ရေး မှတ်စရာတွေ သူ ဘာမှပြန်မပြောဘဲ ထားခဲ့တာကို ခုပဲ ကြားလိုက် ဖြစ်လျက် ...

''မင်း ဘာတွေ လျှောက်လုပ်နေတာလဲ သခင် .. ဟင် .. ကိုမောင် ငါ မင်း ထင်သလို မဟုတ်ဘူးလို့ ငါ ပြောပြီးပြီ၊ အဲဒီလိုနည်းနဲ့ ဖမ်းတာ .. မင်းကိုယ်မင်း တော်လှပြီ ထင်နေသလား ..''

''ဟုတ်တယ်.. ကိုယ့်ကိုယ်ကိုယ် တော်မှန်း ခုမှ ပိုသိတယ်၊ နှစ် လများ မြုပ်ကွယ်နေခဲ့တဲ့ နားလည်စွန့်လွှတ်မှုတွေကို ဖော်ထုတ် နိုင်တာ နည်းတဲ့ အရည်အချင်းလား ..''

''ဘာ!...''

''ဒီမှာ ..''

သခင် က နေရာမှထရပ်လိုက်ကာ ဘုံ့ ပခုံးလေးတစ်ဖက်ကို သူ့ တိုက်ပစ်လိုက်ပြီး ...

''ခင်ဗျားပုဂ္ဂိုလ်ကြီး ဒီနေ့ ဖုန်းခေါ်တာ ဘယ်နှစ်ခါရှိပြီလဲ သိလား..''

သူပဲ ဘုံ့ မျက်နှာလေးနား ကပ်ကာ လက်ငါးချောင်း ထောင်ပြ၍...

''ငါးခါ ..''

''ဒီလိုပဲ ပြောနေရတာ တစ်နေ့ ဘယ်နှစ်ခါမှန်းတောင် မသိဘူး၊ ဘာဖြစ်လို့ ..''

''ပြောတဲ့အခါတိုင်း အလုပ်ကိစ္စပဲလား ..၊ ကြင်နာတာ သနားတာ ဘာမှ လုံးဝ မပါဖူးဘူးလား ..''

ဘုံ မျက်လုံးဝိုင်းလေးနှင့် ပြန်ကြည့်တော့ သခင် က မဲ့ရွဲ့နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို လွှဲပစ်ကာ ...

"ဟွန်း .. အဲဒီလို ကျွန်တော် သူ့ကို မေးပစ်လိုက်တယ်၊ သူ ဘာပြ
ပြောလဲ .. သိလား .."

"အို.. မသိချင်ဘူး၊ သူများ ကိုယ်ရေးကိုယ်တာတွေကို မင်း ဝင်
တာကိုက လွန်နေပြီ၊ မင်း မေးလိုက်တဲ့ပုံစံအတိုင်း ဟိုက ပြန်ရှဲ့ချင် ရှဲ့
ပေါ့၊ အဲဒီသူတွေ ဘာဖြစ်ဖြစ် ငါ့ဘက်က အလုပ်ထက် ဘာမှမပိုဘူး"

"မှိုင်မပိုပို .. ခင်ဗျား သိသိမသိသိ .. တစ်ဖက်သတ် ထိုးကျွေး
တာကို သာယာနေတာရော .. ခင်ဗျားမှာ အပြစ်မရှိဘူး ထင်လို့လား"

ဘုံ အော်သလို သခင် ကလည်း ပြန်အော်သည်။ ဤိုခဏလေး
အတွင်း နှစ်ယောက်စလုံး၏ အသိထဲမှာ ပတ်ဝန်းကျင် .. မိဘ ဘာကို
သတိမရတော့ဘဲ ...

"ဒီဘဲပုံစံကို ဒီက သိပြီးသား ..၊ တစ်ချက်လောက် လည်ပင်းညှ
လိုက်တာနဲ့ ထွက်ကျလာတဲ့ နှစ်ချို့အလွှမ်းတွေ .. တောက်!.."

"သခင် .."

"လာမပြောနဲ့ .. မသိတာတွေ၊ မကြည့်တာတွေ၊ ခင်ဗျားဘက်
ဘာမှမဟုတ်တာတွေ ..၊ ခင်ဗျား မဟုတ်နေတာကို မဟုတ်ကြောင်း
ဘယ်နှစ်ခါ ငြင်းမလဲ ..၊ ဘယ်ကို ရှောင်မလဲ ..၊ ဟုတ်ချင်နေတဲ့လူ
လမ်းကြောင်းတွေရှာပြီး မြှောင်းသွယ်လိုက် .. တံတားခင်းလိုက် ..

သူချည်းပဲ ဒေါကန်နေသည်။ မဟုတ်ကဟုတ်ကတွေ ပြော
စွပ်စွဲခံနေရသည့် ဒီမှာရော သိက္ခာတွေ၊ မာနတွေ မရှိတော့ဘူး ထင်
သလား ..။ ဘုံ သူ့စကားကို ထိုးဖောက်တုံ့ပြန်ဖို့ ဟန်ပြင်နေမေ
ဘယ်လိုမှ တိုးမပေါက်ခဲ့ဘဲ ရှိုက်ကာ ...

"ပြောချလိုက်တော့ ဒီကကောင် အဆင့်အတန်း မရှိဘူး..၊ အဆ
အတန်းနဲ့လူတွေ ကတ်သီးကတ်သတ် ပိုးပန်းနေတာကျတော့ စည
မစောင့် .. ငရဲမကြောက် .."





"သခင် .. မင်း တော်တော့နော် .. မင်း ပြောနေတာတွေ သေးလှ
ကြားရင် အားလုံး သိက္ခာကျ အရှက်ရမှာ၊ ထားလိုက် .. အဲ့ဒီ ဖုန်းကဒ်
ဆဲတဲ့ကိစ္စ ထားလိုက်တော့ .. သူ ပြောခိုင်းတဲ့ အလုပ်ကိစ္စနဲ့ ပတ်သက်
တာတွေ ဘာလို့ ငါ့ကို ပြန်မပြောတာလဲ .."

"မပြောချင်လို့ .."

"အေး .. လိမ္မာတာပေါ့ကွ .."

ရုတ်တရက် ဦးခင်ထွန်း တို့ ဘယ်လိုရောက်လာကြမှန်း မသိလိုက်..၊

"အဲ့ဒါ မပြောချင်ဦး .."

"ခွပ် .."

"အမလေး!... သား .. .."

"ဒက်ဒီ မလုပ်ပါနဲ့ .."

မထင်မှတ်လိုက်ဘဲ လက်သီးနှစ်ချက် ဆက်တိုက်ကျသွားသည်။
ရှောင်လိုက်မိသည့် တစ်ချက်က ပွတ်ထိသွားပြီး နောက်တစ်ချက်ကို
သခင် က မရှောင် ..။

ထို့ကြောင့် ပက်ခနဲ လန်ထွက်သွားလျက် ..၊ နှာခေါင်းမှာ သွေး
တွေ ဖြာကျလာ၏။ ပြီးတော့ နှုတ်ခမ်းထောင့်မှာ စိမ့်ထွက်လာကြသည်။

"သားရယ် .. ဖြစ်ရလေ ..၊ အစ်ကိုကလည်း စိတ်ကို ထိန်းပါဦး
ရှင် .."

ဒေါ်ပန်းသီခိုင် မျက်ရည်တွေ ပြည့်အိုင်လာကာ သားကို ပြေးတွဲ
ရင်း ခင်ပွန်းဖြစ်သူကိုလည်း မပြောရဲရှာ ..။

ညသည် ရုတ်တရက် ဆူညံပွက်ထသွားခဲ့လျက် ပြန်လည် ငြိမ်
သက်သွားသည့်အခါ မုန်တိုင်းပြီးသွားသော ပင်လယ်ပြင်ကြီးကဲ့သို့ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

အဲကွန်းဖွင့်ထားပါလျက်နှင့် ပူလောင်လာသည်ထင်ကာ ပန်ကာ
ထပ်ဖွင့်မိသည်။ မွေ့ရာစပ်မှာထိုင်၍ မျက်နှာမူထားသဖြင့် ရင်ဘတ်
ဟိုက်ထားသည့် အင်္ကျီစအဖျားက အသားမှာ ပိကပ်ပြားကာ ဆံပင်
က လေထဲမှာ ပျံ့ဝဲ လွင့်မျောနေ၏။

မျက်ရည်စက်တွေ တပေါက်ပေါက် ကျနေတိုင်း ဒေါ်ပန်းသီ
၏ ကတုန်ကယင် ပြုံဆင်းနေသော မျက်ရည်တွေကိုသာ မြင်နေမိ
မိခင်တစ်ယောက်က သားအတွက် ကျရတဲ့ မျက်ရည်တွေ၊
မှတ်ချစ်သည့်သားကို သွေးထွက်သံယို ထိုးကြိတ်ပစ်လိုက်သော
တစ်ယောက်၏ မျက်ဝန်းထဲက ကရုဏာဒေါသ ..၊

ဒါတွေအားလုံး ဖြစ်ပျက်သွားခဲ့ရတာ ဘယ်သူ့ကြောင့်လဲ ..၊

မျက်ရည်နှစ်စက် တစ်ပြိုင်တည်း ကြွေဆင်းသွား၏။

'ငါ့ကြောင့်..'ဆိုသည့် အသံတွေက ကိုယ့်အသံတွေပဲဖြစ်ကာ ကို
ကိုယ်ကိုယ် ခွင့်မလွှတ်နိုင် ..။

အရွတ်ဆန်ချင်သည့် လူငယ်တစ်ယောက်ရဲ့ဒေါသက မှားခဲ့တာ
လား ..၊ မဆင်မခြင်ပြောလိုက်သည့် လူကြီးတစ်ယောက်ရဲ့ တုံ့
ပြိုင်လိုခြင်းက မှားတာလား ..။





ခေါင်းထဲမှာ ကိုကိုမောင် ဘာတွေပြောခဲ့သလဲဆိုတာကို အထပ်ထပ် မေးနေမိသည်။ ဒီအိမ်မှာ အခုလောလောဆယ် မှားနေခဲ့တာက သူမသာ ဖြစ်နေသည်လို့ တွေးမိနေရင်း ...

"မျက်ရည်တွေက ဒီလောက်တောင် ပေါသောနေလား .."

စကားသံကြောင့် နောက်လှည့်ကြည့်လိုက်မိသည်။ သခင် က သူ့မှန်ရှေ့မှာ ရပ်ကာ ရောင်ကားနေသည့် ပါးချိတ်နားကို လက်ချောင်းတွေနဲ့ ထိစမ်းနေ၏။

ဖွေးနု ချောမွတ်နေတတ်သည့်မျက်နှာသည် ခုတော့ နှာခေါင်းထိပ်ဖျားမှာ နီညိုရောင်သမ်းကာ နှုတ်ခမ်းထောင့် ရောင်သည့်နေရာမှာလည်း ညိုမည်းနေတာ မြင်မကောင်း ..။

"တို့ တောင်းပန်ပါတယ် .."

သခင် က မှန်ထဲကနေ လှမ်းကြည့်ကာ ...

"ဘာအတွက်လဲ .."

"ပြဿနာဖြစ်ရတာ တို့ကြောင့် .."

ဘုံ က ပြောရင်း ငိုသံလေး ပါလာသည်။ သူက ဒီဘက်လှည့်လျှောက်လာရင်း ...

"မဟုတ်ပါဘူး .. ကျွန်တော့်ကြောင့်ပါ .."

နှုတ်ခမ်း သိပ်လှုပ်နိုင်ခြင်း မရှိသဖြင့် စကားသံက တစ်မျိုးကြီး ဖြစ်နေသည်။ ပြီးတော့ သူပဲ ပန်ကာကို ပိတ်ပစ်လိုက်ကာ ...

"ဆောရီးပဲ .. ကျွန်တော်လည်း ဘာဖြစ်သွားမှန်း မသိဘူး .."

သခင့် ပုံစံကတော့ သူ ဘာမှမဖြစ်ခဲ့သည့်အတိုင်း ဆံပင်တွေ သပ်၍ ပေါ့ပါးဟန်နှင့် ရယ်ဖို့ ကြိုးစားသေးသည်။ ဒါပေမယ့် မငအောင် မြင်အဲ မျက်နှာ တစ်ချက်မဲ့သွား၏။

"ကျွတ် .. ကျွတ် .. ဗိုက်က ဆာနေပြီ ..၊ ပြဿနာပဲ .."

"ဘာဖြစ်လို့လဲဟင် .. ပါးစပ်က စားလို့ မရဘူးလား .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ် ရမှာလဲ .."

ပြောသံကိုက ရေငုံထားပြီး ပြောတာမျိုး ..၊

ဘုံ က နေရာမှ ထရပ်လိုက်ကာ ...

"ကော်ဖီရော .."

မျက်ရည်တွေကို လက်ခုံနဲ့သုတ်ပစ်ရင်း ရေရွတ်နေကာ ...

"အိမ်ချိန်ရောက်နေကာမှ မဖြစ်သေးဘူး၊ ဟို .. ကွေကာအုပ်သောက်မလားဟင် .."

"လူမမာစာကြီး မစားချင်ပါဘူး .. ကော်ဖီပဲ လုပ်ပေး .."

"ပူတင်းပျော့ပျော့လေး လုပ်ပေးရမလားဟင် .."

"မဝါးနိုင်တာမှ မဟုတ်တာ၊ ပါးစပ်ကို မဟနိုင်တာ .. ထစမ်းပါ။ ကော်ဖီပဲ ဖျော်ပေး .."

ဘုံ့ ပခုံးလေးကိုတွန်း၍ သူလည်း နောက်က လိုက်လာသည်။ ရန်ဖြစ်တာလည်း ဝုန်းဒိုင်းကြဲ ..၊ ပြီးတော့လည်း သူပဲ ဘာမှမဟုတ်သလို လို ..။

ဒဏ်ရာတွေနဲ့ မျက်နှာကို ပြန်ငဲ့ကြည့်ကာ ဘုံ ငိုချင်လာပြန်သည်။ ထို့ပြင် ဒေါ်ပန်းသီနိုင် အပေါ်ထပ်က ဆင်းလာပြီး လှေကားတစ်ဝက်ကနေ ငုံ့ကြည့်နေတာ မြင်ရတော့ ပိုဆိုး၏။

သူ့သားလေး ဒဏ်ရာရနေရှာတယ်ဆိုပြီး အိပ်မပျော်နိုင်ဘူးထင်သည်။ သခင် ကိုယ်တိုင် ဘယ်ပျောက်နေမှန်း မသိဘဲ ခုမှ အခန်းထဲ ပြန်ဝင်လာတာ ဖြစ်၏။

"ဘုံ .."

"ဟင် .."

"ကျွန်တော့်ကို စိတ်ဆိုးသလား .."

ဘုံ က ကော်ဖီကို ရေနွေးတည်ပြီးတော့ပဲ ဖျော်ကာ သူ့ကို ကမ်းပေးရင်း ဘာမှမဖြေ ..။





"ပြောစမ်းပါ .. ခင်ဗျား အလုပ်ကိစ္စတွေ တော်တော် ပျက်စီးသွားတယ်ထင်တယ်၊ ဒက်ဒီ ဒေါသ ဒီလောက်ထွက်နေတည်းက သိတယ်၊ ဟိုဘဲကလည်း ပညာသုံးသွားတာကိုး .."

သခင် က ကော်ဖီခွက်ကိုယူ၍ စားပွဲပေါ်ချထားလိုက်ပြီး လက်ဒိုက်၏။ စားသောက်စရာ လုပ်ခိုင်းပြီဆို အသည်းအသန် ..။ ပြီးတော့ စားဖို့က အဓိကမဟုတ်တော့ဘဲ မတည့်ရာမတည့်ကြောင်းက ပြန်စတတ်၏။

ဘုံ သူ့မျက်နှာကို စူးစိုက်ကြည့်ကာ ...

"ပြဿနာစတာက မင်း ဖြစ်ပေမယ့် တို့ကြောင့် ပိုဆိုးကုန်တာ.."

"ကျွန်ကော် အဲဒီပြဿနာကြီးကို မေးနေတာ မဟုတ်ဘူး .."

"တို့က အဲဒါကိုပဲ ဖျောက်လို့မှ မရတာ ..၊ မာမီ ငိုနေတာ တို့သိတယ် ..၊ အဲဒါ .."

"ထားလိုက်ဗျာ .. ကျွန်တော် မေးတာကို ဖြေ .."

"ဆိုးတယ် ..၊ အဲ့ဒါ မင်း ထင်တာတွေနဲ့ ဘာမှမဆိုင်ဘူး၊ တို့အလေးထားတဲ့အလုပ်ကိုမှ .."

"ရပြီ .. မပြောနဲ့တော့ .."

"ဒီမှာ သခင် .."

ဒေါသက သူ့အတွက် သပ်သပ်ပြန်စလာကာ လက်မောင်းကိုစိတ်လိုက်မာန်ပါ ဆုပ်ကိုင်လိုက်မိ၏။ ပြီးမှ ပြန်လွှတ်၍ ...

"တို့ ဘာမှမဟုတ်ခဲ့တာကို ဘယ်သူ ဘယ်လိုပုံစံပဲပြောပြော မင်းနားလည်အောင် တို့ ရှင်းမပြတတ်ဘူး၊ နောက်ကို ဒါမျိုး မလုပ်ပါနဲ့.."

"လုပ်ရမှာမို့လို့ မပြောချင်ဘဲ ပြန်ပြောနေရတာ .."

"ဘယ်လို .."

"ဦးကိုကိုမောင် နဲ့ပတ်သက်ရမယ့် အလုပ်ကိစ္စတွေအားလုံး ခင်ဗျားဘာမှမလုပ်ရဘူး .."

www.burmeseclassic.com



"သခင် .. မင်း .. .."

"ခင်ဗျား ဆက်လုပ်နေရင် ကျွန်တော် မတားနိုင်ဘူးလို့ ထင်လား

"မင်း ပြဿနာရှာဖို့ ပြန်စပြန်ပြီလား သခင် .."

"ဟုတ်တယ် .. ခင်ဗျား ဆက်လုပ်လေ ..၊ ဒီညလို ပြဿနာ ညတိုင်း ဖြစ်နေမယ်၊ ညတိုင်း လက်သီးစာမိပြီး ဒီမျက်နှာ စုတ်ပြ သွားပစေ .."

"အဲဒါ ဘာဖြစ်တာလဲ ..၊ ငါ့အလုပ်ကိုပဲ မင်း ဘာဖြစ်လို့ .."

"ဦးကိုကိုမောင် ဆိုတဲ့လူ ပြောရဲတာကို ကျွန်တော် အရှုံးမပေး ဘူး၊ သူ ဒီလိုပြောရဲတဲ့အတွက် ကျွန်တော်က မတားနိုင်ရင် ငတုံး ဖြ သွားမှာပေါ့ .."

"သူ .. သူက ဘာပြောလိုက်လို့လဲ .."

ဘယ်လိုမှ မမျှိသိပ်နိုင်တော့လို့ မေးလိုက်ပေမယ့် ကြားလည် မကြားရဲ ..၊

သခင် က ဘုံ့ မျက်နှာတွေကို စိုက်ကြည့်ကာ ...

"ခင်ဗျားက သူ အသက်လောက်ချစ်တဲ့ မိန်းမတဲ့ .."

ဘုံ့ မျက်နှာ ဖျတ်ခနဲ ငုံ့သွားသည်။ သခင် က လက်ပိုက်ဖြေ ဘောင်းဘီအိတ်တွေထဲ လက်နှိုက်ရင်း မဲ့လိုက်၏။

"ခင်ဗျားက သူ့ကို ပြန်ချစ်ခဲ့တယ်ဆိုရင်တော့ ဒီပွဲက ပျင်းစရာ ကြီး နေမှာပါ၊ ခုတော့ .. ဟွန်း .."

"မင်းတို့က ဒါကို ဂိမ်းတစ်ခုလို့ သတ်မှတ်လိုက်တာလား သခင် ငါ့ကိုလေ .."

"ဘာဖြစ်လို့ မှတ်ရမှာလဲ ..၊ သူ့ကို မချစ်ခဲ့တဲ့မိန်းမက ကျွန်တော် လက်ထဲမှာ .."

"ဟုတ်တယ် .. ဒါဆိုပြီးပြီ .. မဟုတ်ဘူးလား ..၊ တို့က မင်းရဲ့ သူနဲ့ ဘာမှလည်း မဆိုင်ခဲ့ဘူး၊ ခုလည်း .."





"သူ ပြန်ကြိုးစားနေတာကို ကြေညာတယ်လေ ..၊ ဒါ ကစားပွဲ တစ်ခု မဟုတ်ဘူး၊ ဒါပေမယ့် သူက ပြိုင်ဆိုင် အနိုင်လုဖို့ ကြိုးစားလာ ရင် .."

"တော်ပါတော့ .."

"အိုခေ လေ .."

သူက ကော်ဖီပန်းကန်ကို ပြန်ကောက်ယူပြီးမှ ငဲ့ကြည့်ကာ ...

"ခင်ဗျားလည်း တော်ဖို့ပဲ စဉ်းစားပါ"

သူ ထွက်သွားတော့ ဘုံ ဒီတိုင်းလေး ရပ်ကျန်ခဲ့၏။ ပြဿနာက ဒီမှာတင် မပြီးသေးဘူးလား ..၊ ရင်ထဲမှာ လေးလံသွားသည်။

ကိုမောင် ဒီအချိန်ကျကာမှ မပြောသင့်တာတွေ ဘာလို့ လျှောက် ပြောလိုက်တာလဲ ..၊ ဘယ်သူ့မှာ အကျိုးရှိမှာမို့လို့လဲ ..၊ မိန်းကလေးတစ် ယောက်အတွက် ဘယ်လိုတွေ ရင်ဆိုင်ရနိုင်တယ်ဆိုတာကို မတွေးဘဲ မထောက်ထား မစာနာ ..။

ဖြစ်လာသည့်ပြဿနာတိုင်းမှာ ငယ်တဲ့သူဘက်ကို ဖေးမ တွေးပေး ခဲ့မိတာ ကိုယ်က အကြီးနေရာ ရောက်နေလို့ပါ။ သူလည်း ဒီတိုင်းပဲ ရှိသင့်တယ် မဟုတ်ဘူးလား ..။

လေးလံသည့်ခြေလှမ်းတွေနဲ့ အခန်းထဲ ပြန်ဝင်လာတော့ သူက သူ့အိပ်ရာပေါ်မှာ ခေါင်းအုံးတွေဆင့်၍ ခပ်လျော့လျော့ မှီနေလျက် ...

"ဒီမှာ ကော်ဖီတောင် မျိုချလို့ မကောင်းဘူး .. အရမ်းနာနေတယ်၊ တစ်ခုခု လုပ်ပေးစမ်းပါ"

"နာနေတယ် .."

သူ့မျက်နှာ မဲ့နေသဖြင့် ဘုံ ချက်ချင်း ပြန်ထွက်သွားကာ ဝင်လာ တော့ ရေနွေးဇလုံနှင့် ပဝါလေးတစ်ခု ပါလာ၏။ ပြီးတော့ လိမ်းဆေး ဗူးလင်းလေးက တစ်ဖက် ..။

"အဲဒါကြီးက ဘာလုပ်မလို့လဲ စိုစိုစိစိနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ရေနွေးဖက် ကပ်ပေးမယ်လေ ..၊ ပြီးရင် ဆေးလိမ်းလိုက်ရင် သက်သာသွားမှာ .."

"ပါးစပ်ထဲမှာ ပေါက်ပြဲနေတာကို ဒါကြီး ဝင်လိမ်းမှာလား .."

"သခင် ရယ် .. အထဲကို လိုက်လိမ်းစရာလား ..၊ မင်း ပါးရိုးကြီး ရောင်နေတာကို အပြင်ကနေလိမ်းပေးတော့ အရောင်ကျတာပေါ့၊ ပါးစပ်ထဲမှာ ဖြစ်တဲ့အနာဆိုတာ အပျောက်မြန်ပါတယ် .."

"ဟာ!... မလိမ်းနဲ့.. ဆေးစော်နံတာလည်း မခံနိုင်ဘူး၊ လုပ်မနေပါနဲ့ .. အဲဒါတွေ ထားလိုက်၊ ကြပ်ထုပ်ထိုးပေးရင် ရပြီ .."

"ကြပ်ထုပ်ထိုးရမယ် .."

ဘုံ က ကိုင်လာတာတွေကို ပြန်ငုံ့ကြည့်ပြီးမှ ခေါင်းညိတ်၍ ...

"အင်း .. အဲဒါလည်း ကောင်းပါတယ် .."

ပဝါသန့်သန့်လေး ဆွဲယူပြီး ဘုံ သူ့ဘေးမှာ ထိုင်လိုက်ကာ ...

"ဒီဘက် နည်းနည်းတိုး .."

နည်းနည်းတိုး ဆိုတာကို တိုးပစ်လိုက်တော့ မျက်နှာချင်း ပြေးတိုက်မိတော့မယ့်အတိုင်း ..။

ဘုံ နောက်ကို နည်းနည်း ပြန်တိုးလိုက်ရ၏။

"ခင်ဗျား ဒီနေ့ ဘာမှ မလုပ်ရတော့ဘူးနော် .."

"ဒီလောက် စိတ်ညစ်နေရတာ .. ဘာလုပ်လို့ ရဦးမှာလဲ .."

"ခုလည်း စေတနာမရှိဘဲ လုပ်ပေးနေရတာလား .."

မျက်နှာချင်းကပ်နေသဖြင့် လူကို စိုက်ကြည့်နေတော့ နေရခက်မိသည်။ ပြီးတော့ ပဝါကို စုလုံးပြီး ပါးတွေဖောင်းလာအောင် လေပူမှုတ်နေရသည့်အဖြစ်ကလည်း အဆင်မပြေ ..။

"ဟုတ်လို့လား .."

"ငါ့ပုံစံက စူစူဆောင့်ဆောင့် လုပ်ပေးနေရတာနဲ့ တူနေလို့လား.."

"ဟုတ်တယ်.. အဝတ်ကို မှုတ်နေတာ မျက်နှာက စူပုပ်နေတာပဲ"





"အဲဒါဆို မင်းမျက်လုံးကြီး ဘေးကို လွှဲထားလိုက် .."

"အ!..."

စကားပြောရင်း ဒေါပါသွားသဖြင့် ကြပ်ထုပ်နဲ့ ဒဏ်ရာကို ဖိမိသွား၏။ သခင် တွန့်ခနဲဖြစ်သွားကာ ဘုံ့ လက်လေးကို ဖမ်းဆုပ်ထားလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ..၊ လူနာကို စိတ်မရှည် လက်မရှည်နဲ့ .."

"လူနာကလည်း ပါးစပ်ရော လက်ရော တစ်ချက်မှကို အငြိမ်မနေဘူးလေ .. ဟွန်း .."

မျက်စောင်းထိုးလိုက်တာကို စိုက်ကြည့်ပြီး သခင် က ရယ်သည်။ ပြီးတော့ ...

"တွေ့လား .. ကြပ်ထုပ်ထိုးလို့ မဟုတ်ဘူး၊ မျက်စောင်းထိုးခံလိုက်ရတာနဲ့တင် ရယ်နိုင် ပြုံးနိုင်သွားပြီ၊ ကုပေးတဲ့လူရဲ့ စေတနာတွေ .."

စိတ်တိုရမယ့်အစား ဘုံ ရယ်ချင်သွားကာ မျက်နှာလေးငုံ့၍ ပြုံးလိုက်မိသည်။ စူးစိုက်ကြည့်နေသည့်မျက်လုံးတွေကိုတော့ သတိမထားမိခဲ့ပေ ..။

သခင် ကလည်း သူမ ပြန်မော့မလာခင် မျက်နှာလွှဲပစ်လိုက်ပေမယ့် ဆုပ်ကိုင်ထားခဲ့သည့် လက်လေးကိုတော့ မလွှတ်မိဘဲ ...

"ဒါပေမယ့် မျက်စောင်း ထပ်မထိုးနဲ့တော့ .."

ပြောလိုက်ပြီး ဆံပင်တွေ သပ်နေရင်း ရယ်သည်။ ပြီးတော့ ...

"မလွှယ်ဘူး .."

လို့ တစ်ယောက်တည်း ရေရွတ်၏။

ဘာမလွှယ်တာလဲတော့ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ဆောရီးပါ ဘုံ ရယ် .. မင်းချာတိတ်က အရမ်းရိုင်းတာ .. ကိုယ်လည်း .."

"ရှင်က ချာတိတ်မှမဟုတ်တာ ကိုမောင် ..၊ ဘုံ စိတ်ဆိုးလို့ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီအကျိုးဆက်ကြောင့် ဘုံ့ ဘက်က မှားယွင်းမှုတစ်ခုခုရှိရင်တော့ ကိုမောင် စိတ်ဆိုးစရာဖြစ်မယ် ထင်တယ်.."

"အဟွန်း .."

သူ့ဘက်က မချိတရိရယ်သံကို ကြားရသည်။ ခဏ ငြိမ်နေပြီးမှ—

"ဒါဆို ကိုယ်တို့ အလုပ်အတူတွဲလုပ်ကြဖို့ ကိစ္စတွေကိုရော.."

"စဉ်းစားရတော့မယ် ကိုမောင်၊ အဲဒါ ကိုမောင့် ဘက်က နစ်နာဖို့ မရှိပါဘူး၊ ကိုမောင် က တွဲခေါ်မယ့်သူ .. ဘုံ ကသာ သူများရဲ့လက်တစ်ဖက် မဖြစ်မနေ လိုအပ်နေတဲ့သူပါ .."

"နှိမ့်ချ ပြောမနေပါနဲ့ ဘုံ ရယ် .. လုပ်ငန်းကြောင့် ဒီလို အနေအထား ရှိရင်ရှိမယ်၊ အန်ကယ်လ်ထွန်း ရဲ့ချွေးမအနေနဲ့ဆိုရင် မင်းဘက်မှာ ကွန်နရှင်တွေ အားကောင်းပါတယ်"

"ဘုံ အဲဒီလို အမှီသဟဲမျိုးကိုတော့ မလိုချင်ဘူးဆိုတာ ရှင် သိပါတယ် .."





"အင်း .. သိတယ် .. မင်းအကြောင်း ကိုယ် အသိဆုံးပါ .."

ကိုယ် စကားမှားသွားတာကို နောင်တရမိရင်း ဒီလို အနှောင့်ွားမလွတ်သည့် စကားမျိုးတွေနှင့် သခင် နဲ့ ငြိခဲ့တာမှန်းလည်း လည်သွားခဲ့သည်။

"ဘုံ ပြောချင်တာက ဒီလိုပါ .."

"ပြောချင်လို့ ပြောလိုက်တာရော .. မပြောဖြစ်တဲ့စကားတွေရော ယ်.အားလုံး သိနေပါတယ် ဘုံ ရယ် .. မင်းနဲ့ပတ်သက်ရင် စကား ာဖြစ်ဖြစ် .. တမင်တကာ ရန်လိုတာဖြစ်ဖြစ်ပါ .. ကိုယ် အားလုံး ခွင့်လွှတ်တယ်၊ အဲဒီလိုစကားတွေ ပြောနေမိလို့လည်း ကြည်ပြာ ့ကို သိပ်မကြည်တာ ..၊ သူနဲ့ကိုယ် အခု အဆင်မပြေဘူး .."

ဘုံ စိတ်ညစ်သွားသည်။

ကြည်ပြာ နဲ့ သခင် တွေ့ကြသည်ဆိုတာကို တွေးမိကာ ဒီဖုန်း ခံပြောမိတာ မှားလေခြင်းဟု နောင်တရ၏။

"ဆောရီးနော် .. ဆောရီး .. ဘုံ အသံတိတ်သွားတာ ကိုယ် လန့် ်၊ ကိုယ်နဲ့ ဖုန်းပြောမိတာ မှားပြီလို့ တွေးနေပြီထင်တယ်၊ ကိုယ် င်မခြင် ပြောမိတာ ဆောရီးပါ .."

သူ ချက်ချင်း ရိပ်မိသွားတာကို အံ့သြသွားမိသည်။ ကိုကိုမောင် ပျာပျာသလဲ တောင်းပန်၍ ...

"မင်း ဖုန်းမဆက်ဘဲ ကိုယ် မခေါ်ပါဘူး .. အလုပ်လုပ်ကြမှာကို ့ မဖျက်လိုက်ပါနဲ့ကွာ၊ မင်းအတွက် ကိုယ် ဘာမှ လုပ်မပေးရသေး ဒီတိုင်းကြီးတော့ ပြတ်တောက်မသွားချင်လို့ပါ၊ မင်း ရပ်တည်တဲ့ ားရေးကွန်ယက်မှာ မင်း ဖြစ်ချင်တဲ့ နိုင်မာမှုမျိုး ရတဲ့အထိ .."

"လောဘမကြီးတော့ဘူးလို့ ဆုံးဖြတ်လိုက်တာ အဲဒီညတည်းကပဲ ာင် .. ဘုရားတောင်မှ အမှီရှိမှ ပွင့်တာပါ၊ ဘုံ ကိုယ့်ကိုယ် တလွဲ တွေများ ထားနေမိသလားလို့ တွေးမိလာတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကြောင့်လား ဘုံ .. ကတိပေးတယ်ကွာ ..၊ ကိုယ် နော
ထပ် မင်းနဲ့ ဒီလိုပြဿနာမျိုး .."

"အဲဒီလောက် ပြောနေဖို့ မလိုပါဘူး ကိုမောင် ရယ် .. မနေတ
အောင် မလုပ်ပါနဲ့၊ ဘုံ တို့ချင်း အလုပ်သဘောပဲဆိုရင်တောင် မသ
တော်တာတွေ ရှိလို့ပါ .."

"အယ်လိုမှ ဓာက်မခံချင်တော့တာလား ဘုံ .."

ဘုံ ဘာမှမပြောဘဲ ငြိမ်နေလိုက်မိသည်။ ကိုကိုမောင် ဘက်
လည်း ခဏတော့ ငြိမ်သက်သွား၏။ ပြီးမှ ...

"ဟုတ်ပါပြီ .. ဘုံ စိတ်ချမ်းသာသလို နေပါ၊ ဒါပေမယ့် ကို
ကတော့ မင်းအတွက် ကိုယ့်ဘက်က တတ်နိုင်သရွေ့ အမြဲတမ်း အဆ
သင့်ပဲ .."

ပြောပြီး ခဏစောင့်သည်။ ဘုံ ဘာမှမပြောဘူး ထင်မှ ...

"ပြောပြထားတာပါ .. မင်းဆီက ခွင့်ပြုချက်ယူနေတာ မဟုတ်
ဘူး" တဲ့ ..။

ဘုံ နဲ့ တွေ့လိုက်တဲ့ ယောကျ်ားနှစ်ယောက် ..၊ ဘာဖြစ်လို့ ဒီ
အချိုးမျိုးတွေပဲ ဖြစ်နေတာလဲ ..။





## အခန်း (၃၉)

"ကြည့်ရတာတော့ .. ဒီဘဲ မင်းပြောတဲ့အတိုင်းပဲ ထင်တယ် .."

"ပိုတောင် ပိုသေးတယ် ..၊ ရောဂါက လုံးဝ ရင့်နေပြီ .."

ကောင်းဇော် က မြင်ကွင်းတည့်တည့်မှာရှိနေသည့် ကားနဲ့ ကိုကို
မောင့် ကို စူးစိုက်ကြည့်ရင်း နှုတ်ခမ်းရော နှာခေါင်းပါ ရှုံ့တွ ကဲ့ရဲ့သည်။

ကျော်သက် က တစ်ကားလုံး ပျံ့နှံ့နေသည့် စီးကရက်ခိုးတွေကို
လက်တစ်ဖက်နဲ့ ဘယ်ညာခါထုတ်နေရင်း နောက်ခန်းထဲကနေ မရိုးမရွ
ဖြစ်နေသည့်အသံနှင့် ...

"ကုစရာဆေး မရှိတော့တာ သေချာတယ် သခင် ..၊ ဒီဘဲ သူ့ဖြေ
ဆေးရှိတဲ့နေရာမှာ ဖွဲ့နပဲနဲ့ ကပ်ငြိနေဦးမှာ၊ မင်းနဲ့ မမဘုံ ဒီလောက်
အဆင်ပြေနေတာ မြင်တာတောင်မှ ဘာကြီးလဲကွ .."

"အဆင်ပြေပေမယ့် မပြေသေးတာတွေရှိတာ သိလို့ ဖြစ်မှာပေါ့ ..၊
ဒီဘဲက အံတိုနေပြီ .. မမဘုံ အပျိုမှန်း သိကို သိတယ် .."

"ဟာ!... အခိပ္ပာယ်မရှိတာ ..၊ အပျိုနဲ့ အအိုကို ကြည့်ရုံနဲ့တော့
လုံးဝ မသိနိုင်ဘူး၊ ဆရာကြီးလေသံနဲ့ လာမရှိုးနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"သိသိမသိသိကွာ ..၊ ဒီကောင် တစ်ယောက်နဲ့ တစ်ယောက်နဲ့ ကဲနေတာ မြင်မှတော့ .. အခြေအနေကို သူ့ဘာသာ သုံးသပ်ပြီး အန်တာ ခေါက်ဖို့ ကြိုးစားတာ နေမှာပေါ့၊ အစတည်းက အသည်းအသန်ကြိုက် ခဲ့တဲ့ဟာ .."

စကားပြောနေရင်း စီးကရက်ငွေ့တွေကိုလည်း မနားတမ်း ခါ ထုတ်နေရသဖြင့် ကျော်သက် စိတ်မရှည်ဖြစ်လာကာ ...

"ကဲ .. ဒေါသတွေနဲ့ ထုတ်လွှတ်နေတာလား ..၊ တစ်ကားလုံး မီးပုံးပျံ ဖြစ်တော့မယ် .."

ရှေ့ကိုပဲ စူးစိုက် မည်းကြည့်နေသည့် သခင် က သူ့စကားကို ကြားကာမှ နောက်ထပ် တစ်ရှိုက် ကပ်ယူသည်။ ပြီးမှ တံခါးတစ်ဖက် ဖွင့်၍ ပစ်ချလိုက်၏။

"ဟိုမှာ ရန်ကြွ ပြင်ဆင်နေပြီ သခင် ..၊ မမဘုံ နဲ့ ချိန်းထားလို့ လာစောင့်နေတာလား .. ဒါမှမဟုတ် .."

"ဘာဖြစ်ဖြစ် .."

သခင် က ကူရှင်မှာ မှီလိုက်ကာ တံခါးကို ခြေထောက်တစ်ဖက်နဲ့ ဖွင့်ကန်ထားလိုက်ပြီး ဖုန်းထုတ်၏။ ကောင်းဇော် နဲ့ ကျော်သက် တို့က သူ ဘာလုပ်မယ်မှန်း မသိသဖြင့် လှည့်ကြည့်နေကြသည်။

"ဦးကိုကိုမောင် .."

"... ... ... ..."

"ကျွန်တော်တို့ တွေ့ကြဖို့ လိုတယ်လို့ မထင်ဘူးလား .."

"... ... ... ..."

"ကောင်းတယ် ..၊ ရွှေတောင်ကြား (... ...)လမ်းထောင့်မှာ ဆုံ တာပေါ့"

ဖုန်းကို ပစ်ချလိုက်ပြီး ချက်ချင်း ဂီယာချိန်းသည်။

"မင်း သတိထားဦးနော် သခင် ..၊ မမဘုံ ရဲ့သိက္ခာက ရှိသေး





တယ် .."

"ဟုတ်တယ် .. သူ့အဖေနဲ့ မင်းအဖေမျက်နှာတွေကို မေ့လို့ မဖြစ် ဘူး၊ တခြားနည်းနဲ့ ရှင်းလို့ရတာကို .."

ကိုယ့်သူငယ်ချင်းမို့ ဘယ်ခြေလှမ်းပြင်လိုက်လျှင် ဘာလုပ်တော့ မယ်ဆိုတာ သိကြသည်။

သူတို့ သတိပေးပေမယ့် ကားက လမ်းပေါ်ကို သိမ့်ခနဲ ဝိုက်တက် သွား၏။ ဘောင်းဘီအနက်၊ ဂျာကင်အနက်နှင့် ညာဘက်လက်ခုံမှာ သက်ပတ်အနက် တပ်ထားသည့် သခင့် ကို ဘေးကနေ ငုံကြည့်ပြီး ကောင်းဇော် နဲ့ ကျော်သက် မှန်ထဲကနေ မျက်လုံးချင်း ဆုံသွားသည်။

သခင့် မေးရိုးနှစ်ဖက်မှာ တင်းခနဲ တင်းခနဲ ခိုင်ကြည်သွားခြင်း သည် ပီကေဝါးနေတာကြောင့် မဟုတ်မှန်း သူတို့ နားလည်သွားသဖြင့် ပို၍ စိုးရိမ်မိကြသည်။ ဒါပေမယ့် ...

"ဟိုဘဲ ထွက်သွားတယ်ကွ ..၊ ဘယ်က ပတ်ဝင်မှာလဲ မသိဘူး.. ဒါမှမဟုတ် သူ့အခြေအနေကို ရိပ်မိပြီး အဖော်တွေ ပြေးခေါ်နေသလား ဒဲ .."

"ခေါ်ပေ့စေကွာ .. သူ့လုပ်ပုံကလည်း မျက်စိနောက်စရာပဲ၊ သခင် ရသာ ချ .. အလွန်အကျွံသာ မဖြစ်စေနဲ့ .."

"ကောင်းဇော် .."

"မတားနဲ့ .. လုပ်ပေ့စေ .."

ကားသည် အရှိန်နဲ့ပြေးနေရင်း လမ်းဘေးကို ဟဲခနဲ ထိုးဆင်းသွား ကာ ...

"ဆင်းကြ .."

"ဟင် .. ဘာဆိုင်လဲကွ .."

"အေးလေ .. ငါတို့က ဝိုင်းဆော်မယ် ပြောနေလို့လား ..၊ ကားပေါ် မှာ အေးဆေးနေမှာ ..၊ ပြန်မောင်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းကြကွာ .. မစ္စတာဂစ်တာမှာ ပြန်ဆုံမယ် .."

"ဟား!... အဓိပ္ပာယ်မရှိတာ .."

"လုပ်မနေနဲ့ .. တက္ကစီနဲ့ လိုက်မှာ .."

တစ်ယောက်တစ်ခွန်း ပြော၍ ဆင်းနေခဲ့ကြပေမယ့် မကျေမနပ် မျက်နှာတွေနှင့် ...၊

သခင် က ကားကို လမ်းအတိုင်း မောင်းလာခဲ့ပြီးမှ အင်းလျားကန် ဘက်ကို ပြန်တက်သည်။ ပြီးတော့ နာရီတစ်ချက်ကြည့်ပြီး နားကျပ် တပ်လိုက်ကာ ...

"သခင် လားဟင် .. တို့ အလုပ်ရှုပ်နေလို့ ...၊ ခဏနေမှ ပြန်ခေါ် မယ်နော် .."

"ဘယ်သူနဲ့ အလုပ်ရှုပ်နေတာလဲ .."

"ရုံးခန်းမှာပဲပေါ့ ...၊ ဧည့်သည်တွေရှိနေလို့ .. ဒါပဲနော် .."

ကိုကိုမောင် ကုမ္ပဏီရှေ့မှာ ရောက်နေသည့်ကိစ္စ ဘုံ မသိဘူးလား၊ ဒါမှမဟုတ် ဧည့်သည်တွေကိစ္စက ကိုကိုမောင် နဲ့ပဲ ပတ်သက်နေသည် လား ...။

ဒီလူ ဘုံ့ ကို အများကြီး ကူညီနေသည်ဆိုတာ ကြားလိုက်ရတိုင်း ဒေါသကြောင့် ဖျင်းခနဲ ဖြစ်၏။

ထိုအချိန်လေးမှာ ရပ်ထားသည့် ကိုကိုမောင့် ကို လှမ်းမြင်လိုက်ရ ဖြစ်ရာ ...

"ကျွိ .."

ဘရိတ်အုပ်လိုက်သံကြီး ဆူညံသွားသည်။ ပြီးတော့ ရပ်ထားသည့် ကားဘေးမှာ ပွတ်ထိမတတ် ဘေးချင်းယှဉ်သွားပြီးမှ နောက်ပိုင်း တစ်ပတ်လည်၍ ခေါင်းချင်းဆိုင်၏။

ကားရပ်သွားတဲ့အထိ မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိရင်း ဒေါသက အထွတ်အထိပ်သို့ ဆောင့်တက်သွားသည်။





"တောက် .. မိုက်ရိုင်းလိုက်တဲ့ကောင် .."

ကိုကိုမောင် တက်ခေါက်၍ ကားထဲက ဆင်းလိုက်သည်။ သခင် က ပီကေဝါးနေရင်း သူ ထွက်လာတာကို စူးစိုက်ကြည့်နေကာ တုတ် တုတ်မျှ မလှုပ် ...။

"ပန်းသခင် .."

ကားဘေးကို ရောက်လာပြီး တံခါးကို လက်ခုံနဲ့ခေါက်၏။ သခင် က ပီကေကို အံကြားထဲမှာ ဖိကြိတ်လိုက်သလို မေးနှစ်ဖက်မှာ တင်းခနဲ ဖြစ်သွားလျက် ...

"ဒုန်း .."

တံခါးကို ဆောင့်ဖွင့်လိုက်၏။

"မင်း .."

ကိုကိုမောင် တံခါးနဲ့တိုက်မိကာ ကိုးယို့ကားယား ယိုင်ထွက်သွား သည်။ သူ သေချာ မတ်မတ် ပြန်မရပ်ရသေးခင် ...

"ဒီမှာ ကြည့်ဦး .."

အင်္ကျီရင်ဘတ်စကို စုဆွဲလိုက်သဖြင့် သူ့ကိုယ်သည် သခင့် လက် ထဲမှာ ကြွခနဲ ပါသွားပြီး မျက်နှာချင်းဆိုင် ဖြစ်၏။

"ခွပ် .. ခွပ် .."

ဘာမှ ပြင်ဆင်ချိန် မရလိုက် ...၊

တွေ့ဆုံဖို့ဆိုတာ အဆင်ပြေနိုင်ဖို့ မရှိမှန်း ကြိုတွေးထားခဲ့ပေမယ့် ဒီလို မြန်မြန်ဆန်ဆန်ဖြစ်ကြဖို့ထိ ဘယ်လိုမှ မထင်မှတ်ခဲ့ရာ ကိုကိုမောင့် မျက်နှာတစ်ပြင်လုံး သွေးစတွေနှင့် အနီရောင် လွှမ်းသွား၏။

သခင် တွန်းလွှတ်လိုက်တာနှင့် သူ့တစ်ကိုယ်လုံး ကားဘော်ဒီမှာ ပစ်ကပ်သွားသည်။ ပြီးတော့ တအိအိ ယိုင်နဲ့လာ၏။

လူက မပာန်နိုင်တော့ပေမယ့် သခင့် ကို ကြည့်သည့် မျက်လုံးတွေ က မီးဝင်းဝင်းတောက်နေဆဲနှင့် ...



www.burmeseclassic.com

www.burmeseclassic.com

"မင်း .. လူ .. လူမဆန်တဲ့ကောင် .."

"လူမဆန်တဲ့ကောင်က လူ့စည်းလူ့ကမ်း မသိတဲ့ ကောင်တွေ အဲဒါ ကျုပ် မဟုတ်ဘူး .."

သခင် က သူ့ရှေ့မှာ ခြေတစ်လှမ်းပြန်ဆုတ်၍ လက်ညှိုးထိုးကာ—

"ခင်ဗျား အိမ်ပြန်ရင် ကိုယ့်မျက်နှာကို သေချာ ပြန်ကြည့်၊ နဖူးမှာ စာတမ်းပေါ်နေပြီ .."

"တော်က် .."

"ဒီပြဿနာကို ခင်ဗျား ကြိုက်သလို ဖွလို့ ရတယ်၊ ပန်းသခင် ဘာကြောင့် ဆုံးမသွားသလဲဆိုတာ .."

နောက်ထပ် ခြေတစ်လှမ်း နောက်ပြန်ဆုတ်ပြီးမှ ကားဆီ ပြန်လှည့်သည်။ လမ်းဝအထိ အဖြောင့်အတိုင်း ဆုတ်သွားပြီးမှ သူ့နားကနေ ဝေါခနဲ ပြေးထွက်သွားသည့်ကားကို ကိုကိုမောင် စူးစိုက်ကြည့်နေကာ—

မင်းနဲ့ ငါ မပြီးသေးဘူး ..၊





အခန်း (၄၀)

"သမီးအလုပ်တွေ ရှိတယ်မို့လား.. သွားလုပ်တော့ သမီး.. ရပါပြီ"

"မဟုတ်တာ မာမီရယ် .. ဒက်ဒီ ခုမှ အဖျားကျသွားတဲ့ဟာ ..၊ မာမီပဲ သွားနားပါ၊ ဘုံ ဘာမှမသိဘဲ တစ်နေ့ကုန် အလုပ်ထဲမှာ နေခဲ့မိ ဘာတောင် နောင်တရလို့ မဆုံးဘူး၊ ဖုန်းလေး တစ်ချက်လောက် ဆက်လိုက်ရင်ရတာပဲ မာမီရယ် .. နောက်ဆို ဘုံ့ ကို သမီးရင်းလိုပဲ သဘောထားပေးပါ၊ ဘုံ လည်း ရှိနေကာမှ မာမီတစ်ယောက်တည်း ပင်ပန်းနေရတာ သဘာဝ မကျပါဘူး .."

"သမီးရယ် .."

ဒေါ်ပန်းသီခိုင် ပီတိဘို့ဖြင့် ပြုံးမိသည်။ ဘုံ က ဦးခင်ထွန်း ရဲ့ ခြေဖျားတွေကို ဆုပ်ကိုင်စမ်းကြည့်ပြီးမှ စောင်ပါးလေး ထုတ်ယူပြီး သေချာ ခြုံပေးသည်။

"ပူပေမယ့် လေစိမ်းတိုက်လို့ မကောင်းသေးလို့ပါ၊ ခဏလေးတော့ ဒီတိုင်း နေပါဦး ဒက်ဒီရယ် .. နော် .."

စောင်ခြုံပေးသည့်ကိစ္စနှင့် ဒေါ်ပန်းသီခိုင် ကို ဦးခင်ထွန်း ပြောနေသံ ကြားသဖြင့် ဘုံ က စောင်ခြုံပေးရင်း တောင်းပန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်မှာ ဆင်စွယ်ရောင်ကပ်ဇာပွင့်တွေပါသည့် ခိုပြာရောင် အိမ်နေရင်းအင်္ကျီပွပွလေးနှင့် ဆံပင်တွေကို နောက်မှာ သားရေကွင်း လေးနဲ့ စည်းထားသည်။

နားသယ်စပ် ဆံစလေးတွေကတော့ မညီမညာ ပြန်ကျနေတာ လည်း ရှိကာ ...

"သမီး ပင်ပန်းနေပါပြီ ..၊ ခုထိ ရေမချိုးသေးဘူးမို့လား .. သွား သမီး သွား .."

"ရပါတယ် .. ဒက်ဒီ ဆေးသောက်ချိန် တစ်ခါပြီးသွားမှပဲ ချိုး မယ်၊ မာမီ သွားနားလေ ... နော် .."

အလုပ်က ပြန်ရောက်လို့ ဦးခင်ထွန်း နေမကောင်းဘူးဆိုတာ သိ လိုက်တည်းက ဆရာဝန်ပေးသွားသည့်ဆေးတွေကို မေးသည်။ သူ့ ကိုယ်တိုင်ပဲ လိုအပ်သမျှ လုပ်ကိုင်ပေးသွားတာ လူမမာစားဖို့အထိ ပါ၏။

"ချက်ပြုတ်တာ မကျွမ်းပေမယ့် လူမမာအတွက် စီစဉ်တာတော့ ဘုံ လုပ်တတ်ပါတယ် မာမီရဲ့ ..၊ ဒက်ဒီ့ကို ဘာကျွေးသင့်တယ်ဆိုတာ သိပါတယ်၊ မာမီ ဒက်ဒီ့နားမှာပဲ စိတ်ချလက်ချ ထိုင်နေပါ"

လို့ ပြော၍ ဒေါ်ဒေါ်နု ကို သူမကပဲ ပြန်ခိုင်းနေသေးသည်။

"ဒက်ဒီ ဘာဖြစ်လို့လဲ မာမီ .."

ဒေါ်ပန်းသီခိုင် ကျေနပ်ခြင်းများစွာနှင့် မျက်နှာတစ်ခုလုံး ပြုံးရွ ဆဲ ..၊ ရှေ့မှာ သခင် ရောက်လာ၏။

"ဆရာဝန် ပင့်ရတယ်ဆို .."

"ဟုတ်တယ် သား..၊ တစ်နေ့လယ်လုံး ဘယ်ပျောက်နေတာလဲ"

"သား နေ့လယ်ပိုင်းကျမှ ထွက်သွားတာပါ၊ မနက်က ဒက် အလုပ်သွားတာပဲဟာ .."

"ဟုတ်တယ် .. သွားပြီး ချက်ချင်း ပြန်လာတာပဲ၊ ခရီးသွားထား လို့ နားပါဆိုတာ ရမှ မရတာ .. ပင်ပန်းပြီး ဖျားတာပေါ့၊ ဒီလထဲမှာ





လည်း ခရီးသွားနေရတာ ဘယ်နှစ်ခါရှိပြီလဲတောင် မသိဘူး .."

ဒေါ်ပန်းသီခိုင် က အောက်ထပ်ကို ဆင်းမလို့ပြင်ပြီးမှ လှေကား ထိပ်မှာ ရပ်၍ သခင့် ကို ပြန်ကြည့်ကာ ...

"တကယ်ဆို ဒီအလုပ်တွေကို သား ဦးစီးလုပ်ကိုင်နေတာ ဖြစ်ရ မှာ၊ ဖအေက ဒီအချိန်ထိ မနားရသေးတာ သားဖြစ်သူရဲ့ ဝတ္တရား မကျေ ပွန်မှုပဲ .."

သခင် က မျက်နှာ ခပ်လွှဲလွှဲနှင့် ဆံပင်သပ်သည်။ နေရခက် .. ပြောရခက်ပြီဆို လက်က ဆံပင်တွေဆီ အလိုအလျောက် ရောက်သွား တတ်ကာ ...

"သား လုပ်မှာပါ မာမီရာ .. အရှိန်တော့ ယူရဦးမှာပေါ့"

"ဘာ အရှိန်လဲ ..၊ သားဒက်ဒီ မသင်နိုင် မပြနိုင်တဲ့အချိန်ထိ လား .."

"ဟာ!... မာမီကလည်း .. ဒက်ဒီက အလတ်ကြီး ရှိသေးတာကို"

စကားရောဖောရောနှင့် သခင် က ဦးခင်ထွန်း အခန်းထဲ ဝင်သွား ၏။ ဒါပေမယ့် သူ့ခြေလှမ်းတွေ တံခါးဝမှာတင် တုံ့ခနဲ ဖြစ်သွားခဲ့သည်။

"သေခါနီးမှ မှာနေရင် ကိုယ်မှာတဲ့အတိုင်း နောက်လူတွေ လိုက် နာရဲ့လား ..၊ တကယ်လုပ်ရဲ့လားဆိုတာ ဘယ်လို သိနိုင်တော့မှာလဲ သမီးရယ် .. ဒက်ဒီ လောလောဆယ် မသေနိုင်ဘူးလို့ ထင်ရပေမယ့် သေရေးရှင်ရေးဆိုတာ မျက်တောင်တစ်ခတ်မှာလည်း ဖြစ်ပျက် ပြောင်း လဲသွားနိုင်တာပဲလေ .."

"ဟုတ်ပါတယ် ဒက်ဒီ .. ဒါပေမယ့် လူတစ်ယောက်ရဲ့ စိတ် ခံစား ခံယူချက်တွေ ပြောင်းလဲဖို့ဆိုတာကလည်း အချိန်တော့ လိုတယ် မို့လား၊ အချိန်က လူကို မစောင့်ပေမယ့် လူတွေကတော့ နာရီဆိုတာ မရှိမဖြစ်ပစ္စည်း ဖြစ်နေကြတော့ .."

"ဟုတ်ပါတယ် .. အဲဒါလည်း ဒက်ဒီ သိတယ်၊ ဒါပေမယ့် ဒက်ဒီ့



www.burmeseclassic.com

www.burmeseclassic.com



သားက ပေါ့ပျက်လွန်းပါတယ်၊ သမီးလို မိန်းမသားတစ်ယောက်နဲ့ ယှဉ်မိရင် အရှမ်းကို ရှက်စရာကောင်းမနေဘူးလား ..၊ ပြုပြင်ဖို့ ကြိုးစားလေ ပိုဆိုးလေ ..၊ သမီးကို အားနာပေမယ့် ဒက်ဒီ သားတစ်ယောက်လိုပဲ အားကိုးရတော့မယ်၊ အခု သမီး ထူထောင်ထားတဲ့ စီးပွားရေးရဲ့ အနာဂတ်ကို သမီးကိုယ်တိုင် ရှေ့ဆက်ပါ၊ ဒါပေမယ့် ဒက်ဒီရဲ့ခေါင်းမိုး အောက်ကနေ ခွဲထွက်နေတဲ့ ခေါင်းမိုးစွန်းတစ်ခုတော့ မဖြစ်စေချင်ဘူးကွယ် ..”

“ဘုံ က ..”

“ခုဆိုရင် ဘုံမြင့်စံ ဆိုတာ စီးပွားရေးလောကမှာ ခြေကုပ်ယူနိုင်ချေ ရှိနေတဲ့ အမြင့်စံ ပန်းတစ်ပွင့်အဖြစ် သမီးရဲ့ကြိုးစားမှုတွေ အရောင်ထင်နေပြီ ..၊ အဲဒီအချိန်မှာ ကိုယ့်သားက ..”

“ရှေ့ရေးဆိုတာ မျှော်တွေးကြည့်ရင် ကိုယ်လိုရာအတိုင်း ပုံပေါ်နေတာပဲ ဒက်ဒီ ..၊ အဲဒီတော့ ဒက်ဒီလည်း စိတ်ဆင်းရဲစရာတွေ မတွေးဘဲ ပြီးပြည့်စုံမယ့် အနာဂတ်ကိုသာ မျှော်လင့်ထားလိုက်ပါ ..”

“ပွင့်ပွင့်လင်းလင်း ပြောရရင် ဒက်ဒီ စိုးရိမ်တာက .. သမီးနဲ့ သားရဲ့ အိမ်ထောင်ရေးပဲ ..”

“ဘုံ တို့ချင်း ပြဿနာ မရှိပါဘူး၊ သူ မလိမ္မာဘူးဆိုရင် ဘုံ့ မှာလည်း အိမ်ထောင်ရှင် မပီသနိုင်တဲ့ အရည်အချင်းတွေ ချို့တဲ့တာပါပဲ၊ ရုန်းကန်ကြိုးစားရတာကို ဝါသနာပါတယ်၊ သိမ်းထုပ်သေချာဖို့အတွက်လည်း ဖြစ်သေးတယ်၊ အိမ်ထောင်ရေး သာယာဖို့ဆိုရင် လင်ယောကျ်ားအတွက် အစစအရာရာ ကျေပွန်ရမယ့် မယားဝတ္တရား ဘာမှ မကျေပွန်နိုင်ဘူး၊ ချက်ပြုတ်တာကအစ မကျွမ်းကျင် မပိုင်နိုင်တာတွေရော .. ဒါတွေလည်း သူ နားလည်ပေးထားရတာ၊ ဘုံ တို့ချင်း နားလည်မှုရှိကြတယ်ဆိုတာ အဲဒါကို ပြောတာပါ ..”

“လူတစ်ယောက်မှာ ပြည့်စုံကောင်းမွန်တဲ့ အရည်အချင်းတွေ





ချည်း စုပြုံ ရှိမနေနိုင်ဘူးလေ၊ သမီးရဲ့ ဒီချို့ယွင်းမှုတွေကို ဒက်ဒီတို့က ချို့ယွင်းမှုလို့ မြင်ခဲ့တာမှ မဟုတ်တာ ..၊ သားဘက်က ချို့ယွင်းချက်တွေကတော့ ..”

“စိတ်မပူပါနဲ့ ဒက်ဒီ .. ဘေးလူအမြင်မှာ အကြီးကြီး ဖြစ်နေပေမယ့် ဘုံ့ အတွက် ပြဿနာမရှိပါဘူး၊ သူ့ကို ဘုံ့ ရဲ့မောင်လေးလို သဘောထားတော့ ဘာဖြစ်ဖြစ် အပြစ်လို့ မမြင်တော့ဘူး၊ ဘုံ စိတ်ရင်းနဲ့ ပြောတာပါ ..”

ဒက်ဒီ ဘဝင်ကျသွားသလား ..၊ ကျေနပ်သွားသလား ..။

ကြားနေရသည့် နားထဲမှာတော့ ပူလောင် စပ်ခါးသွားသလိုဝင်..၊ အထင်အမြင်သေးနေတဲ့လူနဲ့ အသင်မကြီးတဲ့လူ ပြောတဲ့စကားတွေက အပြိုင်အဆိုင် သဘောထားတွေ ပြည့်ဝနေကြကာ ..၊ သူသာလျှင် သုံးစားမရသူ ..။

ဒေါသတွေ လှိမ့်ထွက်လာကာ ကိုယ့်အခန်း ကိုယ်ပြန်၍ ဘုံ ပြန်လာရင် ဒုက္ခပေးဖို့ အားကြိုးမာန်တက် စောင့်နေလိုက်၏။

ဘုံ အခန်းထဲ ဝင်လာတော့ ည ကိုးနာရီ ထိုးတော့မည်။

“ဘုံ ..”

“ဟင် ..”

“ဗိုက်ဆာတယ် .. တစ်ခုခု သွားလုပ်ပေး ..”

အလုပ်စားပွဲဆီ ဦးတည်နေသည့် ခြေလှမ်းတွေက တုံ့ခနဲ ဖြစ်၏။ သခင် က ညဝတ်အင်္ကျီ ဆွဲချကာ ဝတ်လဲသည့် ကန့်လန့်ကာနောက် ဝင်သွားသဖြင့် စောင့်နေရသေးသည်။ ပြန်ထွက်လာမှ ...

“ဟာ .. ခုထိ နေရာမရွှေ့သေးတာလား ..”

“မင်း ဗိုက်ဆာတာကလည်း ညအိပ်ခါနီးမှ မကြာမကြာ ပါလား၊ ဦးတော့ စားတာလည်း မဟုတ်ဘူး ..”

“စားတာ မစားတာက ခင်ဗျားရဲ့အရည်အချင်းတွေပဲလေ၊ စား



www.burmeseclassic.com

www.burmeseclassic.com



ချင်အောင် လုပ်ပေါ့၊ အပြင်မှာချည်း စားလာပြီဆို မာမီက ပြောတယ်၊ အိမ်မှာ စားချင်စရာဖြစ်အောင် ချက်ပြုတ်ဖို့ကျတော့ ခင်ဗျား ဘာ မှတတ်ဘူး .."

သခင် က မဲ့ရွဲ့နေသည့်အပြင် သူမျှား မခံချင်စရာ လက်ဖဝါးပေ ဖြန့် .. ပခုံးတွန့်နေသေးသည်။

"တစ်ခုခု လုပ်ပေးပါဆို တစ်ခုမှ မတတ်ဘူး၊ ဘာစားချင်တ ခေါင်းစဉ်တပ်ပေးလိုက်တာလည်း ဘာမှမတတ်ဘူး၊ ဘာတတ်တာရှိ မေး ..၊ ဘာမှ တတ်တာ မရှိဘူး .."

"ကဲ .. ဘာမှမတတ်တာတွေ တော်ပါတော့၊ အခုလည်း ဘာလု ပေးရမှန်း မသိဘူးဆိုတော့ .. မစားနဲ့တော့ .."

"မနေနိုင်လို့ပေါ့ ..၊ ခင်ဗျားက အစ်မကြီး ဖြစ်ချင်တာမို့လား

"ဩော် .. ဒါဆို မင်းက ငါ့မောင်လေးပေါ့ .."

"အထားအသိုမတည့်တော့လည်း နေရာလွဲနေတာပေါ့ .."

"ဟွန်း .."

သခင် ခုနက ပြောတာတွေကို ကြားသွားတာမှန်း ဘုံ သိလို သည်။ ထို့ကြောင့် မဲ့မဲ့လေး ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။

"ပြောတာကို မှတ်ထား ..၊ မောင်လေးဆိုရင် လူကြီးက ဆုံးမ ကို နာခံရမယ်၊ နေရာတကာ မောင်လေးလိုပဲ နေ .."

"ဟား!... နေရာဆိုတာ ကိုယ် လိုချင်တဲ့နေရာ ကိုယ် ယူရ လေ၊ သူများ သတ်မှတ်ပေးတဲ့နေရာ ဘာလုပ်ဖို့လဲ .."

မီးဖိုခန်းထဲ ဝင်လာတော့ ဘုံ က ဟင်းအိုးတစ်အိုးကို မီးဖွင့် တင်ထားလိုက်သည်။ ပြီးတော့ ကြက်ဥနှစ်လုံးယူပြီး ပန်းကန်လုံး ထဲ ဖောက်ထည့်၍ အရသာထည့် ခေါက်လိုက်၏။

"အနံ့ထွက်နေတာ တစ်မျိုး၊ ဒီကြက်ဥက ခေါက်ပြီး ဘာလု လဲ .."





"အနံ့ထွက်တာက စွပ်ပြုတ်လေ ..၊ ဒက်ဒီ ဆေးသောက်ချိန် ကျန်သေးတယ်၊ အစားနည်းနည်းတော့ ဝင်မှ ဖြစ်မှာမို့လို့ မင်းအတွက် ကြက်ဥပေါင်းပေးမယ် ..၊ ကော်ဖီနဲ့ သောက် .."

"ဘယ်သူက ကြက်ဥပေါင်း စားပါ့မယ် ပြောလို့လဲ .."

"မစားချင်လည်း ဒါပဲ စား ..၊ ငါ့အစွမ်းအစက ဒါပဲရှိတာ .."

"မိန်းကလေးဖြစ်ပြီး မချက်တတ် မပြုတ်တတ်နဲ့ မရှက်ဘူး လား.."

"မလုပ်တတ် မကိုင်တတ် ကောင်လေးနဲ့ အတူတူနေရတာဆို တော့ ဘာရှက်စရာရှိလို့လဲ .."

မီးဖိုဘက်ကိုလှည့်၍ လုပ်ကိုင်ရင်း ပြောနေတာမို့ သခင် အသံ တိတ်သွားလည်း သတိမထားမိ ..၊

"ခဏနေရင် စားလို့ရပြီ .."

ပြောပြီး နောက်ပြန်လှည့်လိုက်မှ မျက်မှောင်ကုတ်၍ ခါးထောက် ရပ်နေသည့် သခင့် ကို ဘုံ အံ့ဩသလို ကြည့်၏။ ဘာကြောင့်ဆိုတာ လည်း ချက်ချင်း တွေးမိသွားကာ ...

"ဆောရီး .. ဆောရီး .. ချစ်လို့စတာ ချာတိတ်ရဲ့ .."

နဖူးကို လက်ဖဝါးလေးနဲ့ ကပ်ရိုက်ပြီး ချစ်စနိုး ပြောသွား၏။

သခင့် မျက်လုံးတွေ စူးရဲသွားတာ တစ်ချက်မှ ပြန်ငဲ့မကြည့် ..၊

သူ့ရာထူးက တကယ်ပဲ ဒီနေရာလား ..။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၁)

"တောက်!..."

ဖုန်းကို ပစ်ချပြီး တက်ခေါက်လိုက်တော့ ကျော်သက် က ဖုန်းကို ပြန်ကောက်ပြီး သူ့ကို ကြည့်သည်။

"ဘာတွေဖြစ်နေတာလဲ သခင် .."

"ငါ ပြန်တော့မယ် .."

"ဟ .. ဘယ်လိုဖြစ်လို့လဲ ..၊ ခုနကပဲ ရောက်တယ်၊ ဖိုးကောင်း လာအောင် မစောင့်တော့ဘူးလား .."

"ငါ သွားစရာ ရှိသေးလို့ပါ .."

"မင်း ဒိုက်တင်ပလေးဖို့ ချိန်းထားတာတော့ မဟုတ်ပါဘူးနော်.."

ခေါင်းခါလိုက်ပြီး ဖုန်းကို လက်လှမ်းတော့မှ ကျော်သက် က ဝင်ထားသည့် ကောလ်တွေကို ဖွင့်ကြည့်ကာ ...

"ဟား!..."

"ပေးစမ်းပါကွာ .."

"ဟ .. ဟ .. ဘာလုပ် .."

ကျော်သက် တစ်ခုခုပြောမလို့ ပါးစပ်ပြင်လိုက်စဉ် တအုံ့တသြ အလန့်တကြား တားဆီးရလေသည်။ သို့သော် ...





"သခင် .. မင်း ဘာလုပ်လိုက်တာလဲ .."

"လွှင့်ပစ်လိုက်တာ .."

ဖုန်းထဲက နာမည်တွေ ဖတ်ပြီး စကားလေး ပြောမလို့ဟာ ..၊ ...ချင်းကြီး ဆွဲလွဲယူပြီး လွှင့်ပစ်လိုက်သဖြင့် ဖုန်းက လွင့်ခနဲ မြောက် ...တ်သွားကာ အင်းလျားကန်ကြီးထဲ အသံတိတ် ခုန်ဆင်းသွား၏။

သခင် က ဘောင်းဘီအိတ်ထဲက ကားသော့ကို လက်နှိုက်ယူရင်း ...ည့်ထွက်သွားပြီ ဖြစ်၏။

"သခင် .."

"ဘာလာဖြစ်တာလဲ ..၊ နမြောရင် ရေငုပ်ပြီး သွားရှာ .."

"မင်းကလည်းကွာ .. တင်းလာရင်လည်း ပြောပေါ့၊ ငါတို့ ဗိုင်း ...ပေးလိုက်ရင် မင်း သက်သာမှာကို .."

သခင် သွားနေတာကို အလုအယက် လိုက်ပြောနေရရင်း ကား ...ရောက်လာမှ ကိုယ်တော်က ဒီဘက်လှည့်ဖော် ရ၏။

"ဘာဖြစ်လို့လဲ .."

"အကြောင်းရှိလို့ပါ၊ တစ်ပတ်လောက် ငါ့ကို မေးရင် အဆက် ...သွယ်မရှိဘူး ပြောလိုက် .."

ဘယ်သူတွေကိုပြောပေးဖို့ မှာနေတာမှန်း သူတို့ချင်းတော့ သိသည်။

"ဖိုးကောင်း ကတော့ မင်းဆီ သူလာမှာပဲ .."

"မလာနဲ့လို့ ..၊ ငါ ဖုန်းဆက်လိုက်မယ်လို့ ပြောလိုက်ကွာ၊ အရမ်း ...နေတယ် .."

သခင့် မျက်နှာကို ကြည့်ကာ ကျော်သက် စိတ်မကောင်းဖြစ်သွား ...ည်။ တစ်ခုခု အကြီးအကျယ် ငြိခဲ့တာတော့ရှိပြီလို့ တွက်မိကာ မေး ...တော့ မေးချင်ပေမယ့် ဖြေမှာ မဟုတ်မှန်းလည်း သိနေသည်။

ဒီမှာ ထိုင်ကတည်းက ဝင်လာသည့် ဖုန်းတွေကို ဖွင့်ကြည့်ပြီး ...တန်နေတာလည်း ကြောက်စရာ ..၊ ဟိုတစ်ခါ မျက်နှာမှာ ဖူးရောင်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာဖြစ်တဲ့အထိ အိမ်နဲ့ ကွိုင်တက်သည်။ အဲဒီကတည်းက အကျိုး ဆက်တွေ ခုထိ အရှိန်မကုန်တာလား ..။

သခင် ကိုယ်တိုင် ကားမောင်းထွက်ခဲ့ပြီးမှ ကျော်သက် ဒီတိုင်း ရပ်ကျန်ခဲ့တာကို စိတ်မကောင်းတော့ ဖြစ်မိ၏။

ကောင်းဇော် ရောက်လာဦးမှာသာ မဟုတ်လျှင် ကျော်သက် အတင်းတက်လိုက်လာမှာကို သူ သိနေသည်။

ဘာမဆို ပြောဆိုတိုင်ပင်နေကျ သူငယ်ချင်းတွေပါ။ ခုကျမှ ခွဲခြားခွဲခြား လုပ်ထားခဲ့မိသည်။ ကိုယ့်ကိုယ်ကိုယ် ဘာတွေ ရှုပ်ထွေးပြီး အလိုလို စိတ်တိုနေမှန်းလည်း မသိ ..။

ဘာကိုမှ မကျေနပ်တာတော့ အသေအချာပင် ..။

သူ့စိတ်တွေ နောက်ပြန်ရောက်နေတုန်း ဖုန်း ဝင်လာ၏။ ဒီဖုန်းဆို ရင်တော့ အိမ်ကပဲ ဖြစ်နိုင်တာမို့ သူ ထုတ်ကိုင်လိုက်သည်။

"ဟလို .."

"သခင် .. မင်း ဘယ်ရောက်နေလဲ .."

"လမ်းပေါ်မှာ .."

"သိတယ်လေ ..၊ မင်း ဖုန်းတွေ ခေါ်တာ နှစ်လုံးလုံး မရဘူး ဘာတွေဒီလောက်တောင် ရှုပ်နေလို့လဲ .."

"ရှုပ်နေတာ မဟုတ်ဘူး .. မရှိတော့တာ .."

"ဘာ!..."

"ခင်ဗျား ဘာကိစ္စရှိလို့လဲ .."

"ကားပျက်နေလို့ ..၊ ဝေဇယန္တာလမ်းပေါ်မှာ .."

"နေရာပြော .."

သူ ကားကို ချက်ချင်း လမ်းကြောင်းပြောင်းလိုက်သည်။ အရှိန်မြှင့် ၍ မောင်းနေသဖြင့် သိပ်မကြာလိုက်ဘဲ ဘုံ ရှိနေသည့်နေရာကို ရောက် လာ၏။ သို့သော် ...





အနီရောင် ဝက်ဝွန်းလေးဘေးမှာ အပြာရောင် ပြိုင်ကားလေးနှင့် ကိုကိုမောင် က ပြုံးရယ်လျက် ..၊

"တောက်!..."

သူ ကြည့်နေတုန်းမှာ ဖုန်းထုတ်ကိုင်လိုက်ပြီး တစ်နေရာကို ခေါ် နေသည်။

"ဟော .. သခင် ရောက်လာပြီ .."

"ပန်းသခင် .."

သခင် လို့ ခေါ်လိုက်ကာမှ ပန်းသခင် လို့ လိုက်ဖြည့်ပြီး ဖုန်းခေါ် နေသည့်လက်ကပါ ဆန့်ကျသွားလျက် ...

"မြန်သားပဲ ပန်းသခင် .."

ကားပေါ်က ဆင်းလာသည့် သခင် နှင့် ကိုကိုမောင် က မျက်နှာ ချင်းဆိုင်ဖြစ်ကာ ဘုံ နဲ့ဆို တြိဂံပုံ ရင်ဆိုင်မိကြလျက် ...

"ဒဏ်ရာတွေ ပျောက်ကုန်ပြီလား .."

"ဟွန်း .."

ကိုကိုမောင် က မဖြေဘဲ ခပ်မဲ့မဲ့ရယ်ပြီး ဘုံ့ ကို မျက်လုံးစွေကြည့် သည်။ ဘုံ က တစ်ခုခုကို စဉ်းစားမိသွားသလို မျက်ခုံးလေးတွေ တွန့်ကျ နေကာ ...

"ကိုမောင် တို့က .."

နှုတ်ခမ်းဖျားလေးတွေ လှုပ်ခတ်သွားသည့် စကားသံက ဝါကျ မဆုံးဘဲ ရပ်သွား၏။ သခင် ကတော့ ဘယ်ကိုမှ မကြည့်ပေ ..။

"ခင်ဗျားကို လူချောလို့ပဲပြောနေကြတာ.. သူတို့ မသိလို့ဖြစ်မယ်"

"ဟုတ်လား .. ဘာဖြစ်လို့လဲ ..၊ ပြောပါဦး .."

"ချောတာ မဟုတ်ဘူး .. ပြောင်နေတာ ..၊ ဒဏ်ရာ မပျောက်ခင် ကလည်း ပြောင်တယ်၊ ဒဏ်ရာတွေ မရှိတော့လည်း ကြောင်တုန်းပဲ၊ မျက်နှာပြောင်ဖို့အတွက် အပတ်တကုတ် ကြိုးစားထားပုံပဲ .."



www.burmeseclassic.com

www.burmeseclassic.com

"သခင် .."

"ပြောပါစေ ဘုံ ...၊ ကိုယ်တို့က လူကြီးတွေပဲ .."

ရဲခနဲ တင်းမာသွားသည့် သခင့် မျက်နှာက ဒေါသတွေနှင့် ...
နေကာ ကိုကိုမောင့် မျက်နှာက ခပ်ထွေထွေ မတည်မငြိမ်ရှိလျက် ...

"မင်းပဲ ကိုယ့်ကို ချာတိတ်နဲ့ပြိုင်ပြီး မဆိုးပါနဲ့ဆို ...၊ ကိုယ် ...
မင်း စကားတစ်ခွန်းကိုပဲ .."

"ဟာ!... ကဲကွာ .."

"ခွပ် .."

"ဘုန်း .."

"သခင် .. သခင် မောင်လေး .. မလုပ်ပါနဲ့ .."

အတားအဆီးမဲ့သော လက်သီးချက်တို့အပြင် ကိုကိုမောင့် ကိုယ် ...
လုံးကြီးသည် ဘွန်းနက်ပေါ် ပစ်ကျကာ ကားမှန်နှင့်ခေါင်း တိုက် ...
လိုက်သလို ဖြစ်ခဲ့ပြီး ...

"ချွမ်း .."

"ဟာ!..."

"ဟေ့ .. ဟေ့ .. တော်ကြ .. လုပ်ကြပါဦး .."

လမ်းမဘေးမှာမို့ လူတွေ ဝိုင်းကူဆွဲကြ၏။ ကိုကိုမောင် သည်
အဝတ်အစားတွေပါ ရုံ့ရွဲ့လျက်...၊ မျက်နှာမှာ သွေးစတို့နှင့် မြင်မကောင်း ...

သခင် က တက်ခေါက်နေတုန်း ...၊

ဘုံ ရှက်လွန်းလို့ အသားဆတ်ဆတ်တုန်ကာ ...၊ မျက်ရည်တွေ
အားကောင်းစွာ ပြိုဆင်းလာခဲ့၏။

နေပူကျဲကျဲမှာ .. သွေးစ နီနီတို့နှင့် ...။





## အခန်း (၄၂)

"မလျှော့နဲ့ .. ဘယ်သူမှ လာထုတ်ဖို့ မလိုဘူး၊ အဲဒီလူကို လုံးဝ
...တောင်းပန်နဲ့နော် .."

သားဆီက ပြန်လာပြီး ဒေါ်ပန်းသီခိုင် ရင်တွေတုန်နေကာ မျက်
...ည်တွေကျနေတာလည်း ကျမှန်း မသိ ...၊ ကိုယ့်ကိုယ်ကိုယ် အသက်ရှူ
...မှု မေ့နေသလားတောင် ထင်မိလေသည်။

"တစ်သက်နဲ့တစ်ကိုယ် ရုံးပြင်ကနားရောက်ဖို့ နေနေသာသာ...၊
...ဘယ်လိုလူနဲ့မှလည်း ခွန်းကြီးခွန်းငယ်တောင် မဖြစ်ဖူးပါဘူး .."

"ဟုတ်ပါတယ် .. ဘုံ သိပါတယ် ...၊ စိတ်ကို ဖြေပါ မာမီရယ်..
ဒီပြဿနာ ဘုံ့ ကြောင့် ဖြစ်ရတာပါ .."

"မဟုတ်ဘူး .. မဟုတ်ပါဘူး .. ပြဿနာဆိုတာ ပြောမှားဆိုမှား
ဖြစ်တိုင်း ရှိတတ်တာပဲ၊ မဆင်ခြင်နိုင်တဲ့လူမှာပဲ အပြစ်ရှိတာ၊ ရန်ဖြစ်
ရတာ ဂုဏ်ယူစရာမှ မဟုတ်တာကွယ် ...၊ မိုက်လိုက်တဲ့ သား .."

အိမ်မှာ ဖအေလုပ်သူက တစ်မျိုး ...၊ သားက အချုပ်ထဲရောက်နေ
သည်။ ဖအေရော သားရော တစ်ယောက်တစ်မျိုး ပြနေသည့် ဒေါသ...
မာနတွေနှင့် ...။


www.burmeseclassic.com

www.burmeseclassic.com



"သမီး ဘယ်လောက်ထိ စိတ်ထိခိုက်နေမယ်ဆိုတာလည်း သိပါတယ်၊ အသိသက်သေတွေ အားလုံး ထွက်ဆိုကြတဲ့အတိုင်း က စပြီး ကျူးလွန်တာ .."

"ဟုတ်တယ် .. အဲ့ဒါကြောင့် ဒီကောင့်ကို ထားလိုက်တော့ .."

ဦးခင်ထွန်း က ဆင်းလာပြီး လေ့ကားတစ်ဝက်ကနေ လှမ်း သည်။ ပြီးတော့ ပြန်လှည့်တက်သွား၏။

ဖြသနာကို မရှင်းလို့တော့ မရပါ။ ဘုံ ကိုယ်တိုင် သခင့် မှာ ခွင့်မလွှတ်နိုင်ပေမယ့် မိဘနှစ်ပါးမျက်နှာက ရှိသေးသည်။ ကြောင့် ကိုကိုမောင့် တို့ဆီကို ကိုယ်တိုင်သွား၍ တောင်းပန်ရ၏။

သူတို့ဘက်ကလည်း ကားစီးလုံး လျှော်ပေးပါမည်ဆိုတာ လူကြီးတွေက မကျေနပ်နိုင် ..၊ ကိုကိုမောင် ကိုယ်တိုင်က အားလုံး ရပ်တည်ပေး၍သာ ..။

"ကျေးဇူးတင်ပါတယ် ကိုမောင် ရယ် .. ဒီကိစ္စမှာ သခင် လွန်တယ်လို့ပဲ ထားလိုက်ပါ၊ ကိုမောင့် ဘက်က လုပ်ပိုင်ခွင့်တွေ အ ကြီး ရှိတာကို လျှော့ပေးလိုက်တဲ့အတွက်လေ .. ဘုံ က .."

"အပွန်း .. ခဏ .. ခဏလေး .. ဘုံ .."

ကိုကိုမောင် က ဒဏ်ရာတွေနဲ့ မျက်နှာကို လက်ဖဝါးတစ်ဖက် စမ်းကိုင်နေရင်း ပြုံး၍ ...

"ဘုံ ဆိုလိုတာက သခင့် ဘက်ကလည်း မလွန်ဘူး .. ဟုတ်လား နှစ်ယောက် အတူတူထွက်လာခဲ့ကြပြီး ကိုကိုမောင် တို့ ခြံတံခါး မှာပဲ မျက်နှာချင်းဆိုင် ပြန်ရပ်မိကြတာ ...

"အဲ့ဒီသဘော ပါသွားလို့လား ကိုမောင် .."

ဘုံ ကလည်း မျက်နှာကို တည့်တည့်ကြည့်ပြီး ပြန်မေး၍ ...

"သခင် ကတော့ အမြဲတမ်း မှားဖို့ အသင့်ဖြစ်နေတဲ့ ကောင် ပါ၊ ဒါပေမယ့် အဲဒီနေရာမှာ ကိုကိုမောင် လည်း မလိုအပ်တဲ့စကား





ပြောခဲ့တယ်မို့လား .."

"ဟွန်း .."

ပြုံးလိုက်သည့်မျက်နှာကို ဘုံ က မျက်မှောင်ကုတ်ကြည့်၍ ...

"မခံချင်စရာစကားဆိုတာ သည်းမခံတတ်တဲ့ လူတစ်ယောက် တွက် အမျိုးမျိုးသောအပြစ်တွေ ကျူးလွန်လို့ ရတယ်၊ ကျူးလွန်လိုက် ပြစ်မှုတွေကို လက်ဆုပ်လက်ကိုင် ဖမ်းလိုက်လို့ရပေမယ့် သူ ဘာ ကြောင့် ကျူးလွန်ရတယ်ဆိုတဲ့ တစ်ဖက်က မခံချင်စရာ စကားတွေကျ တော့ ပြစရာမရှိဘူး .."

"ဘုံ က ကိုယ့်ကြောင့်လို့ ပြောချင်တာလား ..၊ ကိုယ် ကျေအေး လိုက်တာ ကိုယ်လွန်လို့ မဟုတ်ဘူးနော် ဘုံ ..၊ မင်းကြောင့် .."

ဘုံ က မဲ့ပြုံးလေးနှင့်ကြည့်၍ ...

"အဲဒီ 'မင်းကြောင့် ..' ဆိုတာကို မကြားချင်လို့ ဒီကိစ္စအတွက် တိုင်းနေလိုက်ချင်တဲ့စိတ်တွေတောင် ပေါက်ခဲ့သေးတာ .."

"ပန်းသခင် အတွက် လာခဲ့ရတယ်ပေါ့ .."

"သူက ဘုံ့ ယောကျ်ားပဲ ကိုမောင် .."

"စေတနာတွေလည်း ပိုနေပါတယ်ကွာ ..၊ မင်း သူ့ဘက်ကပဲ အမြဲတွေးပေးခဲ့တာ မသိမသာလေးမှ မဟုတ်ဘဲ .."

"'ငါ မယုံ .. ငါ့မယား မေးကြည့်' ဆိုတဲ့စကား ကိုမောင် ကြား ဖူးမှာပါ"

မချိသည့်အပြုံးနှင့် ခေါင်းညိတ်ပြီး ကိုကိုမောင် က လမ်းပေါ်ကို အဓိပ္ပာယ်မဲ့ ငေး၏။ ပြီးမှ ...

"မင်းကောင်လေး ကိုယ့်ကို ဘလိုင်းကြီး စော်ကားခဲ့တာ ဒါနဲ့ဆို နှစ်ကြိမ် ရှိပြီ၊ အားလုံးက ကိုယ့်အလွန်လည်း ပါတယ်ပေါ့၊ ကိုယ်က တော့ မင်းနဲ့ပတ်သက်ပြီး ဘာတွေဖြစ်ဖြစ်ဆိုတဲ့ နားလည်ခြင်းနဲ့ ခွင့်လွှတ်နေခဲ့ရတာတွေအပေါ် ကျေနပ်နေခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆိုရင် ဘုံ နဲ့ ပတ်သက်ဖူးခဲ့တာတွေကိုပါ မေ့လိုက်ပေး ပါ ကိုမောင် ..၊ ဘယ်လိုခေါင်းစဉ်ပဲတပ်တပ် .. မရိုးသားခြင်းနဲ့ပဲ ပတ်သက်နေတာ ဘုံ မလိုချင်ဘူး၊ ဟိုတုန်းကတောင် ဒီကိစ္စတွေအပေါ်မှာ ဘုံ စိတ်မဝင်စားခဲ့တာ ကိုမောင် သိပါတယ် ..၊ အခုဆိုရင် .."

"စိတ်မဝင်စားခဲ့ဘူးဆိုတာ သိခဲ့တယ်လေ ..၊ ဒါပေမယ့် ကိုယ် လက်လျှော့ခဲ့တာ မဟုတ်သလို ခုလိုမျိုး သူများစူးစားဖို့အတွက် ရှက်ဖွယ် သီးလုပ်ထားခဲ့တာလည်း မဟုတ်ဘူး ဘုံ၊ ဟိုအရင် သုံးပွင့်ဆိုင်ရှိခဲ့ကြတဲ့ ဖိလ်လင်မှာလည်း ကိုယ့် ဘယ်သူ့ဘက်ကိုမှ ယိုင်ခဲ့တာမဟုတ်ဘူး၊ ကိုယ် လက်ထပ်ရမယ့်သူက သူပဲ ဖြစ်လာခဲ့တာ မရည်ရွယ်ခဲ့တဲ့ကိစ္စ .."

ဘုံ ခေါင်းခါလိုက်တော့ သူက လက်ကာ၍ ...

"နေဦး ဘုံ .. ကိုယ် မင်းကို ခုချိန်ထိ မရိုးသားစိတ်တွေရှိရင် ရှိ နေမယ်၊ မင်းအတွက် ဘာမဆို ဖြည့်ဆည်းချင်တဲ့ဆန္ဒတွေကလည်း မရိုးသားမှု ပါနေနိုင်တယ်၊ ဒါပေမယ့် ရယူလိုတဲ့ ယုတ်ညံ့တဲ့သဘော ထား လုံးဝ မပါဘူးဆိုတာ ယုံပါ၊ ကိုယ့်ဘက်က ဖြူစင်မှုနဲ့ပါ .."

"ဒါကို ဖြူစင်မှုလို့ ဘာလို့ ပြောနေသေးတာလဲ ကိုမောင် ..၊ ဘုံ့ အတွက်ဆိုတာနဲ့ပဲ ဘုံ့ ယောက်ျား အချုပ်ထဲရောက်နေတာကို ဘုံ နေ သာသလို နေလိုက်ရမှာလား ..၊ တော်ပါတော့ .. ဟောဒီရှေ့ကနေ ကိုမောင့် ကို ကျေးဇူးတင်တဲ့ ပီတိတွေနဲ့ပဲ ဘုံ ပြန်သွားပါရစေ .."

"ကိုယ့်ကို အဆက်အဆံ လုံးဝ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက် တာလား ဘုံ .."

ဘုံ က သူ့မျက်ဝန်းတွေထဲကို တောင်းပန်နှုတ်ဆက်သောအကြည့် တို့နှင့် ခဏ ငေးရင်း ...

"နားလည်ပေးပါ .."

ပြီးတော့ ဒီစကားနဲ့ပဲ လှည့်ထွက်သွားကာ စောင့်နေသည့် တက္ကစီ ပေါ် တက်၏။





သူသည်သာ နာကျင်သည့်မဲ့ပြုံးတစ်ရပ်နှင့် ခြံတံခါးဝမှာ ငေးကြည့် ကျန်ရစ်ခဲ့သူ ..။

ကိုယ် သိနေတယ် ဘုံ ..၊ မင်း ဒီကို တက္ကစီနဲ့ ရောက်လာရတဲ့ အကြောင်းရင်း ဘာလဲဆိုတာ ..။

သူ ခြံထဲ ပြန်လှည့်ဝင်ခဲ့ရင်း အပေါ်အင်္ကျီထဲက ဖုန်း ထုတ်လိုက် သည်။

"ကိုယ်ဆိုးရင် လူဆိုးလို့ ခေါ်လိုက်တော့ ဘုံ ..၊ ဒီ့ထက် ပိုကောင်း အောင် ဆိုးဖို့ ကိုယ်က သူတော်စင် မဟုတ်ဘူး .."

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ရင်း ဖုန်းကို နားမှာ ကပ်၍ ...

"စခန်းမှူးလား .."

"... ... ... ..."

"ဟုတ်ကဲ့ .. ကျွန်တော် မိုးမခ က ကိုကိုမောင် ပါ ခင်ဗျာ .."

နားထောင်နေရင်း ပြုံးလိုက်မိသည်။ ပြီးတော့ စခန်းမှူး နဲ့ အဆင် ပြေဆုံး ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ .. မိတ်ဆွေရင်းတွေမို့လို့ပါဗျာ .. အားလုံး ပြီးသွားပြီ ဆိုတော့ ကျေးဇူးတင်ပါတယ် စခန်းမှူးရယ် .."

သူ ဖုန်းတစ်ချက်နှိပ်၍ နံပါတ်ပြောင်းလိုက်သည်။

အားလုံး ပြီးသွားလည်း ငါ မပြီးနိုင်ဘူး ပန်းသခင် ..၊ မင်းလို ကောင်ကို ဒုက္ခရောက်အောင်လုပ်ဖို့က လွယ်လွယ်လေး ..။

❀ :•♥•♥•♥• ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၃)

"ဘာလဲ .. မင်း ဘာဖြစ် .. အမေ့!..."

"ဂျိမ်း .."

လူကို လက်တွေနာကျင်အောင် ဆုပ်ဆွဲခေါ်လာကာ အခန်းထဲ ရောက်တော့ အရှိန်နဲ့ လူကို လွှတ်ပေးလိုက်သည်။ ဘုံ မွေ့ရာဆီ ယိုင်ကျ သွားခြင်းနှင့် တစ်ပြိုင်တည်း တံခါးပိတ်ပစ်လိုက်သံက ဂျိမ်းခနဲ ..။

"မင်း ဘာဖြစ်လာတာလဲ သခင် ..၊ လူကို ခွေးဆွဲသလို ဆွဲလာတာ ဘာလုပ်တာလဲ .."

ရှက်ခြင်းနှင့် ဝမ်းနည်းခြင်းက သူ့ရင်ဘတ်ကို တအားပြေး၍ ထု ရိုက်ပစ်မိသည်အထိ ဖြစ်၏။ ပြီးတော့ မျက်ရည်တွေပါ ကျလာကာ—

"ငါ မင်း ပြန်ရောက်နေပြီဆိုလို့ ဒက်ဒီနဲ့ တစ်ခုခု စကားပြော အဆင်မပြေဖြစ်မှာစိုးလို့ .. အိမ်ကို တန်းပြန်လိုက်လာတာ၊ မင်းကို စိတ်ပူလို့ .. နားလည်လား .."

မေးရင်း ထုရင်းနှင့် ဘုံ ရှိုက်၍လည်း ငို၏။

"မင်းကို မြင်လိုက်လို့ ပျော်သွားတဲ့ ငါ့ရဲ့စေတနာကို အဲဒီလို မိုက်ရိုင်းတဲ့နည်းနဲ့ တုံ့ပြန်တာလား .."





"ခင်ဗျား ပျော်လာတာ အစတည်းက မဟုတ်ဘူးလား ..၊ ကိုကို မောင် ဆိုတဲ့လူနဲ့ ပြေရာပြေကြောင်းတွေ ပြောဆို ကျေနပ်ပြီးတော့လေ.."

ဘုံ့ ပခုံးလေးနှစ်ဖက်ကို ပြန်ဆုပ်ခါပစ်ကာ ...

"ပြောစမ်းပါ ..၊ ကျွန်တော် အရှုံးမပေးနိုင်တဲ့လူကို ခင်ဗျားက တော့ ကိုယ့်နည်းကိုယ့်ဟန်တွေနဲ့ စည်းရုံးပြီး ဒီကောင်ပဲ မိုက်ရိုင်းတာ..၊ ဒီငမိုက်သားကို ခွင့်လွှတ်ပေးပါ ..၊ ဒီကကောင်က သူငယ်နှပ်စား .."

"မင်း .. မင်း .. ငါ့ကို လွှတ်စမ်း .."

နှစ်ယောက်စလုံး အပြိုင်အဆိုင် အော်မိကြရင်း ဆွဲလားရုန်းလား တွေ ဖြစ်နေကြ၏။ ဘယ်သူ မှားသည်၊ မှန်သည် ဆုံးဖြတ်ကြဖို့မဟုတ် ဘဲ ဖုံးလွှမ်းနေတာက သခင့် ဒေါသတွေပဲ ဖြစ်၏။

"အဲဒီလူကြီးကို ကျွန်တော် မုန်းတယ် ..၊ ဒီလိုစိတ်ဓာတ်မျိုးကို အရမ်းကို ရွံတယ်၊ အဲဒါတွေ အားလုံး ခင်ဗျားနဲ့ပဲ ပတ်သက်တာ .. ခင်ဗျားကြောင့်တွေပဲ ..၊ ဒေါ်ဘုံမြင့်စံ .. ခင်ဗျားကတော့ သွားမပျက် လာမပျက်နဲ့ .."

"အဲ့ဒါ မင်းကြောင့် .."

"မလိုဘူး လာမပြောနဲ့ ..၊ ခင်ဗျား အဲ့ဒီစကား ထပ်ပြောရင် .. တောက် .."

"အား!..."

ထိန်းချုပ်နေရင်း ပေါက်ကွဲချင်နေသည့် ဒေါသက ဘုံ့ ကိုယ်လေး ကို ဆောင့်လွှတ်ပစ်လိုက်မိ၏။ ဘုံ သည် ကြမ်းပေါ်ကို ခွေခနဲ ပုံကျ သွားပြီး ...

"လူရမ်းကား .. မင်း .. မင်းကို မထင်ဘူး သိလား ..၊ ငါ အရမ်းကို အံ့ဩတယ် .. မင်းကို .."

နေရာလေးမှာပဲ အပုံလိုက်လေးရှိရင် ဘုံ ဟီးခနဲ ငိုချလိုက်၏။ သူ့ကိစ္စအတွက်နဲ့ မိန်းမသားနှစ်ယောက် ဘယ်လောက်ထိ ပြဿနာများခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သလဲ ..။ လွတ်မြောက်အောင်လုပ်ဖို့ မလိုဘူးလို့ သားက ခါးခါးသီး ငြင်းနေသည်။ ဖအေကလည်း ဒါကို လုပ်ဖို့ ခွင့်မပြု ..။

ဒီထဲမှာ ဒေါ်ပန်းသီနိုင် ဘုရားပြေးလိုက်၊ ဗေဒင်ဆရာဆီ သွားလိုက်နှင့် ရှူးမတတ် ဖြစ်နေရှာ၏။ ကြိုးစားပေးဖို့ တာဝန်ရှိတဲ့သူက ကိုယ်ပဲ ကျန်တော့တာ မဟုတ်ဘူးလား ..။

သူ့လုပ်ရပ် မှန်သည်ဖြစ်စေ .. မှားသည်ဖြစ်စေ အချုပ်အနှောင် ကျူပြီဆို လွတ်မြောက်ခွင့်ကို ကြိုးစားရမည်သာ ..။

"အေး .. မင်း သိထားဖို့က မင်း ရှုပ်သမျှ ငါ တဖားဖားလိုက်ပြီး ဖြေရှင်းပေးခဲ့တာတွေဟာ မင်းကို မက်မော မြတ်နိုးလွန်းလို့ မထင်နဲ့..။ ခွင့်လွှတ်တတ်လွန်းလို့လည်း မမှတ်လိုက်နဲ့ သခင် ..၊ ဒေါသတွေ နာကျင်တာတွေ ငါ့မှာလည်း ရှိတယ် .."

မျက်ရည်သုတ်ရင်း ဘုံ က နေရာမှ ထရပ်လိုက်သည်။

ဒေါသတွေ လှိုင်းတံပိုးလို ထန်နေခဲ့သည့် သခင့် မျက်လုံးတွေက သူ့မျက်နှာရှေ့မှာ နီးနီးလေး ပြန်ရပ်လိုက်သည့် ဘုံ့ မျက်နှာလေးကြောင့် ခဏတစ်ဖြုတ် ငြိမ်သက်သွား၏။ ဘုံ က သူ့ကို စိန်းစိန်းကြီး ကြည့်ကာ...

"မင်းနဲ့ပတ်သက်ပြီး ဒီလိုစော်ကားခံရဖို့ ငါ ထပ်လုပ်မိရင် ကိုယ့်ကိုယ်ကိုယ် တိုင်နဲ့ခေါင်း ပြေးဆောင့် သေလိုက်မယ် .."

ပြောပြီး ချာခနဲ လှည့်ထွက်၏။

"ဘုံ .."

"ဖယ်စမ်း .."

"မရဘူး ..၊ ခင်ဗျားနဲ့ ကျွန်တော် ရှင်းကြတာ ဟိုလူ့ပြဿနာ၊ မဆိုင်တာတွေ ဆွဲပြောမသွားနဲ့ .."

"လွှတ်နော် .. ငါ့လက်ကို လွှတ်စမ်း ..၊ ဒီတစ်ခါ မင်း လုပ်သမျှ ငါ ငြိမ်ခံနေမှာ မဟုတ်ဘူး .."

"လုပ်စမ်းပါ ..၊ ခင်ဗျားကို ကျွန်တော် နာကျင်စေချင်လို့ လုပ်နေ





ခဲ့တာ မဟုတ်ဘူး၊ အဲဒါကို စိတ်ဆိုးတယ်ဆိုရင် .. ခင်ဗျား စိတ်ဆိုးတယ်ဆိုတာက တခြားတစ်ခုခုနဲ့ ပတ်သက်နေတာပဲ ဖြစ်မယ် .."

"မင်း .. တော်နော် .."

"ခင်ဗျားလည်း ဆင်ခြင်ပြော ..၊ ဦးကိုကိုမောင် ဆိုတဲ့လူ ပါမလာရင် ခင်ဗျားနဲ့ ကျွန်တော် ဘာရှော့ခ်မှ မရှိဘူး .."

"ဟွန်း .. မင်း စော်ကားလိုက်ရလို့ ကျေနပ်သွားတဲ့ပုံပဲ .."

ဘုံ လေသံပြောင်းသွားပြီး နာကြည်းသည့်မဲ့ပြုံးနှင့် ပြောကာ ကိုင်ထားဆဲ လက်တွေကိုပါ ဆောင့်ရုန်းပစ်လိုက်သည်။

သူက ကျေနပ်သွားပေမယ့် မကျေနပ်ခဲ့သည့် မျက်ရည်တို့က တျာလာလျက်ပဲရှိကာ ...

"မင်း ထွက်သွားမလား .. ငါ သွားရမလား သခင် ..၊ ငါ တစ်ယောက်တည်း ငိုနေပါရစေ .. မင်း သွားပါ .."

ရှောင်ထွက်လိုက်တာနှင့် သခင် က လိုက်ပိတ်ထား၏။ ပြီးတော့ လက်ကောက်ဝတ်လေးကို လှမ်းဆွဲလိုက် ..၊ ပခုံးကို ကိုင်ဖို့ ပြင်လိုက်နှင့် ဘယ်ကိုမှလည်း ဘုံ က အထိမခံ ..။

"မင်း ငါ့ကို ဘာမှ ထပ်ပြောဖို့ မကြိုးစားနဲ့ ..၊ ဘယ်တော့ဖြစ်ဖြစ် ခင်းပဲ ပေါက်ကွဲ .. မင်းပဲ မိုက်ရိုင်းခဲ့တာ ..၊ ကိုယ် ဘာမှ မဟုတ်တာ မလုပ်ခဲ့ဘဲ မှားမိသလိုလို သည်းခံနေခဲ့ရတဲ့ ငါ့ရင်ထဲကို မြင်ကြည့် .."

ပြောနေရင်း မျက်ရည်သုတ်သည်။ ငိုရလွန်းသည့် မျက်နှာပြင်လေး တစ်ခုလုံး နီရဲပူထူနေကာ မျက်ရည်ကျနေလို့တောင် ကျမှန်း မသိတော့အောင်ပင် ..။

"ငါ မာမီတို့ကို သနားလို့ ဘာဖြစ်ဖြစ် မျိုသိပ်နေခဲ့တယ်၊ သူ့သားလေးဖြစ်ရင် မိဘက စိတ်ဆင်းရဲမှာပဲဆိုပြီးတော့ .."

"ခင်ဗျား အဲဒီလို ဘေးဘီ လက်လှမ်းမှီရာတွေ ဆွဲလွဲ ဖြည့်တွေးတာလား ..၊ ကျွန်တော်ကတော့ မရဘူး .. တားတားချင်း၊ လုံးလုံးချင်းပဲ.."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ .. ဓားဓားချင်းလဲ ..၊ မင်းကို သူများက ပါးစပ်နဲ့ပြောတာ၊ စကားတစ်ခွန်း ကျူးရင် လက်သီးတစ်ချက်နဲ့ ဘုံပြန်တာက မင်း .."

"ဟား!... အဲဒါ နည်းသေးတာ ..၊ သခင် တို့ရဲ့ စိတ်သွားတိုင်း ကိုယ်မပါသေးကဲ့ လက်သီး .."

"ဘာ!..."

"ကိုယ့်မိန်းမကို ချစ်ပါတယ်လို့ တွင်တွင်ပြောနေတဲ့ စကားတွေလေ ..၊ အဲဒါတွေကို ပန်းနဲ့ပေါက်နေတယ်ထင်ပြီး ပြုံးနေရမလား ..၊ ဒီမှာ .."

သူ ရှေ့ကို ဖျတ်ခနဲတိုးကာ ဘုံ့ ပခုံးလေးနှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဖိဆုပ်၏။

"ခင်ဗျားကို ကျွန်တော် ဘယ်သူ စောင်းကြည့်တာမှ မကြိုက်ဘူး၊ အဲ့ဒါ ဘာဖြစ်နေတယ် ထင်သလဲ .."

"အို .. ဖယ် .."

"ခင်ဗျားကို ချစ်နေမိလို့ .."

"ဟင့်အင်း .. ဖယ် .. လွှတ် .."

ဘုံ အတင်းမြန်ရုန်းသည်။ သခင် က ပွေ့ပိုက်နမ်းရှိုက်ဖို့ ကြိုးစား၏။ နောက်ဆုတ် ရှောင်ပြေးဖို့ ခြေလှမ်းတို့နှင့် ရှေ့တိုး သိမ်းပိုက်ဖို့ ခြေလှမ်းတို့က တစ်ထပ်တည်းဖြစ်လျက် ..၊ ဘုံ့ ကိုယ်လေး နံရံမှာ ကျောပြင်လေးနဲ့ ပစ်ကပ်သွား၏။

"ဟင့်အင်း .. ဖယ်နော် .. မရဘူး .. အား!..."

ဘုံ အတင်းရှောင်ပစ်ကာ အားရှိသမျှနှင့် သူ့ကို တွန်းထုတ်ပစ်လိုက်၏။ ထို့နောက် တစ်ဆက်တည်း ...

"ဖြန်း .."

ရိုက်ချပစ်လိုက်တာ အညှာအတာမဲ့ ..၊

"အဲ့ဒါ မှတ်ထား ..၊ ငါ့ကို နင်တို့ အရှုံးအနိုင် သတ်မှတ်ဖို့ ပန်းဝင်





ကြိုးတစ်စလို .. ဖြတ်ချင်သလို ဖြတ်ထွက် ကျော်လွှားဖို့ မတြိုးစားနဲ့ မင်းက ငါ့မောင်လေးလိုနေရင် သူခိုး ဂျပိုး ဘိန်းစားလေး ဖြစ်နေနေ .. ငါ့နည်းငါ့ဟန်နဲ့ ဖြူပြင် တည့်မတ်ပေးဖို့ ကြိုးစားမှာ၊ မတည့်ဖို့ စကား မပြောဘဲ မင်းစိတ်ကြိုက် လိုက်လျှောနေမှာ၊ အဲဒီအခါမှာ ငါက မင်း ပြောပြောနေတဲ့ အကြောင်းကျားမိန်းမကြီးပေါ့ .."

ဘုံ က ပါးတစ်ပြင်လုံး နီရဲနေသည့် မျက်နှာကို စိမ်းကားစွာ ကြည့်နေဆဲနှင့် ...

"ငါ့ရဲ့ အိမ်ဦးနတ်လိုနေမယ်ဆိုရင်တော့ နည်းသေးတယ် သခင်..၊ မင်းရဲ့ဒီပုံစံနဲ့ ငါ့ရဲ့ အိမ်ဦးနတ် အရှင်သခင်ဖြစ်ဖို့ မင်းမှာ ဘာမှ မရှိဘူး၊ အဲဒီတော့ ဆောရီးပဲ .."

ဘုံ က ကျကျနန ထိုးနှက်တိုက်ခိုက်ပြီးသည်နှင့် ချာခနဲ လှည့်သွားသည်။ သခင် က ဘုံ့ လက်လေးတစ်ဖက်ကို ဆောင့်ဆွဲပစ်လိုက်၏။

"အား!..."

ဘုံ့ ကိုယ်လေး ယိုင်ခနဲပြိုကျလာသည်နှင့် ဇွေ့ခနဲ ပွေ့ယူလိုက်ကာ...

"မရဘူး .."

"ဟင့်အင်း .. ဟင့်အင်း .."

ဘုံ သတိလစ်မတတ် ရှက်ရွံ့ကာ သူ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ ထုသည်။ အကြောက်အကန် ပြန်ရုန်း၏။ ထိုစဉ် မွေ့ရာပေါ်ကို တစ်ကိုယ်လုံး အိခနဲ ပစ်ကျသွားတာ ပက်လက်လေးအတိုင်း ..။

"မင်း .. မင်း ထွက်သွားနော် .. သွား .."

ဘုံ လူးလဲပြန်ထကာ ခေါင်းရင်းကို လက်ထောက်ဆုတ်သွားရင်း စားပွဲပေါ်က ရှိသမျှပစ္စည်းတွေကို ဆွဲယူသည်။ သူ့ကို ချိန်ရွယ်ပြီးတော့ မဟုတ်ဘဲ ဆွဲယူလို့ ပါလာသမျှနှင့် ကမူးရှူးထိုး ပြန်လှည့်ပေါက်ရင်း...

"လူကို စော်ကားဖို့ မကြံနဲ့ .. ထွက်သွား .."

"ဒုန်း .. ဒေါင် .."



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်သံတွေ ဆူညံစွာ ထွက်ပေါ်လာပြီး ...

"မာမီရေ .. ဒေါ်ဒေါ်နု .. လာပါဦး .."

ဆူညံသံတွေကြောင့် အခန်းရှေ့မှာ ရောက်နေကြပြီဖြစ်သော လူကြီးတွေ ချက်ချင်း လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြကာ ...

"ဒုန်း .. ဒုန်း .."

"သား .."

ဒေါ်ပန်းသီခိုင် နောက်ထပ် မခေါ်လိုက်ရဘဲ တံခါးက ပွင့်သွား၏။ သခင် သည် တင်းမာသယောင်ရှိပေမယ့် စိတ်ပျက်တာနှင့် ပုံတူနေသော မျက်နှာနှင့် တံခါးနားမှာ ...၊

ဘုံ က မွေ့ရာပေါ်မှာ ထိတ်ထိတ်ပျာပျာပုံစံလေးနှင့် လက်ထဲမှာ လည်း စာအုပ်တွေ အထပ်လိုက် ကိုင်ထား၏။ လူကြီးတွေကို မြင်ကာမှ ကိုင်ထားတာတွေကို ပစ်ချကာ ...

"မာမီ .."

"ဘာဖြစ်ကြတာလဲ သမီးရယ် .. သားတို့ ဖြစ်နေကြတာ ဆူနေ တာပဲ၊ ဘာတွေ ဖြစ်နေကြမှန်း မသိလို့ .."

ဘုံ့ ကို ကြည့်လိုက် ...၊ သခင့် ကို ကြည့်လိုက်နှင့် ဒေါ်ဒေါ်နု ထ တော့ ဝင်မပြောရဲရှာ ...။

"အမှုကိစ္စတွေ ပြီးသွားပြီလို့ ဖုန်းရတာနဲ့ မာမီ တန်းပြန်လာတာ အပေါ်တောင် မတက်ရသေးဘူး၊ သားတို့ ဒက်ဒီ သိရင်တော့ .."

"ငါ အားလုံး သိတယ် .."

"ဟင်!..."

ဦးခင်ထွန်း က မိုးပြာရောင်ဖဲသား ညဝတ်အင်္ကျီပွပွကြီး တဖားဖားနှင့် အခန်းထဲ ရောက်လာ၏။ ပြီးတော့ ကွဲကြေရှုပ်ပွနေသည့် တစ်ခန်းလုံးကို နေရာအနှံ့ လိုက်ကြည့်ပြီး တင်းခနဲ အံကြိတ်သည်။

"ခိုင် .. သမီးကို ခေါ်သွား .."





"ဒက်ဒီ အဲဒီလို မလုပ်ပါနဲ့ ...၊ ကျွန်တော်တို့က .."

"ဟော့ .. မင်းပါးစပ် ပိတ်ထားစမ်း၊ ခေါ်သွား .."

ဒေါ်ပန်းသီခိုင် က ဘုံ့ လက်လေးကို ဆွဲ၍ အခန်းထဲက ထွက်သွား၏။ ဒေါ်ဒေါ်နု မျက်နှာမကောင်းဘဲ ဦးခင်ထွန်း ကို မရဲတရဲ ကြည့်သွားသေးသည်။

ဦးခင်ထွန်း ရဲ့မျက်လုံးတွေကတော့ သခင့် ထံမှာ အေးစက်စက် အငွေ့အသက်တို့နှင့် ...၊

"မင်း ဒီနေ့ကစပြီး ဘုံ နဲ့ အတူတူ မနေရဘူး .."

ယတိပြတ် အမိန့်ထုတ်သည်။ မျက်လုံးတို့သည် စူးစိုက်ရာကနေ တစ်ချက်မှ မရွေ့လျားဘဲ ...

"ဘုံ က မင်းထက် အသက်ပိုကြီးတယ်၊ အခြေအနေ အဆင့် အတန်းချင်းလည်း ကွာတယ်၊ မင်းက ဒါတွေအပေါ် အခွင့်အရေးယူပြီး အရင်ကထက် ပိုဆိုးလာတယ်၊ မိဘစကား နားထောင်လိုက်တဲ့အတွက် တဂျီဂျီ ဆုံးမပြောဆိုနေတဲ့ အပြစ်တင်သံတွေကို မကြားရတော့ဘူးပေါ့ ဟုတ်လား ...၊ မင်းလုပ်ရပ်တွေက မင်း ကြိတ်ကြံခဲ့တဲ့ ရည်ရွယ်ချက်တွေ ကို ဖွင့်ပြနေတာပဲ သခင် .."

"အဲဒါ ဘုံ နဲ့ သား အစကတည်းက ပွင့်လင်းကြပြီးသား ဒက်ဒီ၊ သား လိုချင်တဲ့ လွတ်လပ်ခွင့်ဆိုတာလည်း ချုပ်နှောင်မှု တစ်ခုခုထဲမှာ ပြုပြင်ထိန်းသိမ်းမှုတွေနဲ့ မွန်းကျပ်မနေချင်တာ တစ်ခုပဲ၊ ဒက်ဒီ ပြောနေ သလောက်ကြီး လုံးဝ မဟုတ်ဘူး .."

"ငါ လိုချင်တာ ဟုတ်တယ် .. မဟုတ်ဘူး ဒါပဲ၊ ဘာလက်ခံ အော် ဒိုက်တ်ပေါ့၊ ကြားရောင်တွေ မပါဘူး .."

"ဒါပေမယ့် အခု သားတို့ ပြောနေကြတာက အိမ်ထောင်ရေး.."

"ကြားကောင်းအောင် ဟစ်မနေနဲ့ သခင်၊ ဘုံ က မင်းအတွက် အစက ဘာဖြစ်ခဲ့ဖြစ်ခဲ့ .. အခု ဘယ်နေရာမှာပဲ ရှိနေနေ .. နောင်မှာနေ့



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ မင်းရဲ့ဇနီး မဖြစ်စေရဘူး .."

စိတ်တိုသွားတာက ပြစရာမရှိ ..။

ဒါပေမယ့် မျက်နှာတည့်တည့်ကြည့်ပြောနေတဲ့သူက ကိုယ့်ရဲ့ မွေးသဖခင် ဖြစ်နေသည်။

"မင်း လွတ်လာမှာပဲဆိုတာ ငါ သိတယ်၊ လွတ်အောင် လုပ်နိုင်တဲ့ သူက ဘုံ ဖဲ ဖြစ်မယ်ဆိုတာလည်း သိတယ်၊ ကိုကိုမောင် တို့ ကျေအေး ပေးလိုက်ဖို့ သူ ဘယ်လိုရင်းနှီးခဲ့ပါစေ ဒီအချိန်မှာ မင်း ကျေးဇူးတင်ရ မယ် .."

တင်းခနဲ အံကြိတ်လိုက်တာဟာ မသိမသာလေး မဟုတ်တော့ ဦးခင်ထွန်း က စိုက်ကြည့်နေ၏။ ဒီသားအတွက် အမြဲတမ်း မချင့်မရဲ ကရုဏာဒေါသတွေ ဖြစ်နေခဲ့ရသမျှ အရေထူနေပြီ ထင်၏။

"ငါတို့ သူ့ကို ချွေးမအဖြစ် တောင်းယူထားလိုက်တာ မင်း အတွက် နာနိုင်ငှားလိုက်တာ မဟုတ်ဘူး၊ ကိုကိုမောင် တို့နဲ့ယှဉ်ပြီး မင်း ကိုယ်မင်း မရှက်ဘူးလား သခင်၊ ဘုံ နဲ့ယှဉ်ပြီး မင်း လိုက်လို့မီတာ ဘာရှိလဲ .."

သခင့် မျက်နှာ လွှဲထားပေမယ့် တကျိုကျို အံကြိတ်နေတာကို ဦးခင်ထွန်း မြင်နေသည်။

"မင်း နေတတ်သလို နေပေမယ့် မိဘတွေ လူတောထဲ မတိုးနိုင် တော့ဘူး၊ အဲဒီတော့ မင်း လိုချင်သလို မင်းလည်း နေမြဲအတိုင်း နေ ဘုံ ကိုလည်း ငါတို့ ပြန်သိမ်းမယ်၊ သူ ဘာလုပ်ချင်မလဲ ..၊ ငါတို့ ဘာ လုပ်ပေးရမလဲဆိုတာ မေးမယ် .."

"ဒက်ဒီ .."

"နှစ်နည်းပဲ ရှိတယ် ..၊ သူ မင်းကို မေတ္တာမရှိတာလည်း သေချာ နေတော့ ဒီမှာ ငါတို့ရဲ့သမီးအဖြစ် ဆက်နေမလား ..၊ နိုင်ငံခြားကို လိုက်သွားချင်မလား .."





"သူ လုပ်ချင်တိုင်း လုပ်လို့ မရဘူး .."

"ရတယ် .. သိပ်ရတာပေါ့၊ ဘုံ က ငါ့ချွေးမ ဖြစ်မလာခင်တည်း က ငါ့ရဲ့သားတပည့် ..၊ သားမွေးပြီး သားနဲ့တူတာ မရခဲ့ပေမယ့် သမီးနဲ့ တူတဲ့ ချွေးမကိုပဲ ငါ့သမီးလို မှတ်မယ်၊ မင်း ပျော်သလို နေ .."

ဦးခင်ထွန်း အခန်းထဲက ထွက်သွားသည်။

မင်း ဒီတိုင်း ကျန်ခဲ့မလား သခင် ..။

ခေါင်းထဲမှာ ပိတ်သိပ်ရှုပ်ထွေးကုန်သည်။ ကိုကိုမောင့် မျက်နှာကို မြင်ယောင်သွားတော့ တက်ခေါက်မိ၏။

လူယုတ်မာ ..၊

"မင်း အပြင်ရောက်သွားပြီလား ပန်းသခင် ..၊ ကျားသနားလို့ နွား ချမ်းသာတာနော်၊ ဒါပေမယ့် ငါက မင်းကိုတော့ မသနားပါဘူး၊ ဘုံ့ မျက်နှာလေးကို မြင်လိုက်တာနဲ့ ငါ့ဘက်က လိုက်လျောဖို့တွေက အသင့်ဖြစ်နေတာ .."

"ခုလေးတင် ဘုံ ပြန်သွားတာကွ ..၊ ငါ မင်းအတွက် ခွင့်လွှတ်ပေး လိုက်ရကျိုး နပ်ပါတယ်၊ ဘာဖြစ်လဲဆိုတော့ ငါ့အပေါ်မှာ ဘုံ နားလည် သွားပြီလေ ..၊ ငါ ဘယ်လောက်ချစ်ခဲ့ .. ချစ်လျက် .. ချစ်ဆဲပဲ ဆိုတာ တွေ .."

"တောက် .."

"ဒုန်း .. ခွမ်း .."

နောက်ဆုံး ငုတ်တုတ်လေး ကျန်ရစ်နေသည့် နှစ်ပေပတ်လည် မှန်စားပွဲလေးက သူ့ကန်ချက်အောက်မှာ နှစ်ပတ်လောက် လိမ့်ထွက်၍ ကွဲကြေသွားသည်။

ဘာတွေကွဲကွဲ .. ကိုယ့်ရင် အကွဲမခံနိုင်ဘူးဆိုတာ ဆုံးဖြတ်ချက်..။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

တစ်ညလုံး လူးလူးလွန့်လွန့်နှင့် အိပ်မပျော်ခဲ့သဲ မိုးလင်းတော့လည်း အိပ်ချင်စိတ် မရှိ။ မျက်နှာသစ် ရေချိုးပြီး အပြင်ထွက်လာတော့ ဘုံ က ကားပေါ်ရောက်နေပြီ ဖြစ်၏။

သူ နောက်ကျတာမဟုတ်ဘဲ ဘုံ တမင်တကာ အစောကြီးထွက်တာ ဖြစ်သည်။

"ဘုံ .. ခဏနေဦး .."

ဒရိုင်ဘာက သူ လှမ်းတားလိုက်တော့ ထွက်မသွားသေးဘဲ စောင့်နေ၏။

"ဘာလုပ်မလို့လဲ .."

နောက်ကနေ ဒက်ဒီ အေးစက်စက်အသံကြောင့် အင်အားနှင့် ပြင်ဆင်လိုက်သည့် ခြေလှမ်းတွေက တုံ့ခနဲ ပြန်ဖြစ်သွားသည်။

နောက်လှည့်မကြည့်မိပေမယ့် ဒရိုင်ဘာ မောင်းထွက်သွားတည်းက ဒက်ဒီ အမိန့်ပေးလိုက်တာမှန်း သိလိုက်သည်။ သူ ကြည့်လိုက်တော့ ဒက်ဒီကို မတွေ့တော့ပေ ..။

"သား .."





မာမီက ညှော်ခန်းမှ ထလျှောက်လာပြီး ...

"ခဏတော့ သားဒက်ဒီ ပြောသလို နေလိုက်ပါဦး သားရယ် .. အခု ဘုံ ကိုယ်တိုင်က သားရဲ့လုပ်ရပ်အတွက် .."

"သား ဘာလုပ်လို့လဲ မာမီ ..၊ မနေ့ကအဖြစ်က .."

"သားတို့ အော်ဟစ် ရန်ဖြစ်နေကြတာတွေ သားဒက်ဒီ အားလုံးကြားတယ်၊ မာမီကတော့ နောက်မှ ရောက်လာတာပါ၊ ကိုကိုမောင်တို့ဘက်က လျှော့ပေးလိုက်လို့ သား လွတ်လာတော့ ဘုံ မာမီ့ဆီ ဖုန်းလှမ်းဆက်တယ်၊ အရမ်း ပျော်နေတဲ့ပုံပဲ သားရယ် .."

နားထောင်နေသည့် သခင့် မျက်နှာကတော့ မဲ့သွားလိုက်.. အံကြိတ်လိုက်နှင့် ..။

ဒေါ်ပန်းသီခိုင် ကိုယ့်သားရင်ထဲကိုလည်း နားမလည်နိုင်တော့ပါ။ ဘုံ့ ကို ချစ်လှချည်ရဲ့ဆိုတာ ရှိခဲ့လို့ သဝန်တိုနေတယ် ပြောရအောင် ဒီလိုမဟုတ်တာလည်း သိနေသည်။

ကိုကိုမောင် တို့ မိသားစုတွေနဲ့ ရန်ငြိုးရန်စရှိခဲ့တယ်ဆိုရင်လည်း ဟော်သေးသည်။ ပြောရမယ်ဆို လုပ်ငန်းချင်းတောင် ဆက်စပ်မှု ရှိနေပါသေးသည်။

"သား ကျူးလွန်လိုက်တဲ့ အပြစ်တွေနဲ့ဆိုရင် သူတို့ဘက်က လျှော့လိုက်တာကို ကျေးဇူးတင်ရမှာပဲ သားရယ် ..၊ ဒါကို သားက မော်ပြီး ပြန်လာတဲ့သူကို ရင်ဝ ဆီးကန်တာမျိုး ..၊ ကိုကိုမောင် နဲ့ပတ်သက်ပြီး အော်ဟစ်သောင်းကျန်းနေတာလည်း ရစရာ မရှိဘူးဆို .."

"ဟုတ်တယ် .. လူကြားအောင် အော်မိတဲ့လူက လွန်တာပေါ့၊ ဒီလူ ဘာတွေပြောလိုက်သလဲ မာမီ သိလား .."

"မသိဘူးလေ ..၊ သား ပြောပြမှ သိမှာပေါ့ .."

"မပြောဘူး မာမီ ..၊ သူများပြောတာကို ပြန်တိုင်ပြောပြီး [illegible]ကူ ခေါ်စရာ ဘာအကြောင်းမှ မရှိဘူး၊ အခုဖြစ်ခဲ့တာ စဖြစ်တည်းက အခု



www.burmeseclassic.com

www.burmeseclassic.com



ချိန်ထိ သား မမှားခဲ့ဘူး၊ မှားနေတာက ဘုံမြင့်စံ .."

ဒေါ်ပန်းသီခိုင် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။

"သူ့ကို ဒီလူကြီးဆီ မသွားနဲ့ ..၊ မတောင်းပန်ရဘူးလို့ သား အတန်တန် ပြောထားတာ .."

"မင်း ထောင်ကျသွားမှာပေါ့ သား .."

"ဟား!... ကျစမ်းပါစေ မာမီ ..၊ အပြော မဟုတ်ဘူး .. လုံးဝတို ဂရုမစိုက်တာ၊ ဒီလိုလူကို အောက်ကျခံပြီး ရလိုက်တဲ့ စကားလုံးတွေ ထက် .. ထောင်ထဲမှာ ကျောက်ခဲတွေ သွားထုပစ်လိုက်မယ် .."

"ကျောက်ခဲထုရင်း ထောင်ကထွက်လာမယ့်အချိန်ကို စောင့်လို့ ရပေမယ့် မင်းရဲ့ဘဝ အညွန့်ကျိုးပြီလေ၊ ထောင်ထွက်ဆိုတဲ့ .."

"တော်ပါတော့ မာမီ ..၊ အဲဒီပြဿနာက ပြီးသွားပြီ၊ အခု ဘုံ ကို သားနဲ့ ခွဲထားတာ ဘာလုပ်တာလဲ .."

"အခိုက်အတန့်တော့ .."

"ဒီပြဿနာနဲ့ ဒီလုပ်ရပ် ဘာမှမှ မဆိုင်တာ .."

"မင်းပဲ ဘုံ့ ကို ပြဿနာရှာနေတာ မဟုတ်ဘူးလား၊ ဘုံ့ ကို ဆွဲခေါ်သွားတယ်တဲ့ ..၊ အခန်းတံခါးပိတ်ပြီး နှိပ်စက်ကလူ .."

"သား သူ့ကို ဘာမှမလုပ်ဘူး မာမီ၊ ဒေါသထွက်သလောက် ဖျက် ဆီးပစ်နေတာ ပစ္စည်းတွေ ..၊ သူ့ကို လက်ဖျားနဲ့ မထိဘူး .."

"အဲဒါဟော့ မသိဘူး ..၊ ဘုံ ခြေထောက်တစ်ဖက် နာနေတယ် ဆေးလိမ်းပြီး ပတ်တီးစည်းထားရတယ် .."

သခင် မျက်နှာပျက်သွားသည်။ မရိုက်နှက်မိပေမယ့် တွန်းထိုး ဆောင့်ခါပစ်ခဲ့တာတွေတော့ ရှိခဲ့တာမို့ ချက်ချင်းကြီး ဆောက်တည်ရာမဲ့ ပူလောင်သွား၏။ အဲ့ဒီလောက်ထိ ဘုံ ဖြစ်သွားတာလား ..။

"သား ဘုံ နဲ့ တွေ့ချင်တယ် မာမီ၊ သား မှားတယ်ဆိုရင် တောင်း ပန်ခွင့်တော့ ရှိရမှာပေါ့၊ ကျွန်တော်တို့က လင်မယားချင်း .."





"လင်မယားချင်းပေမယ့် ချစ်ချင်တိုင်း ချစ်လို့ မရဘူး သား .. နှိပ်စက်ချင်တိုင်းလည်း နှိပ်စက်ခွင့် မရှိဘူး၊ အခု ပိုဆိုးတာက ဘုံ ကိုယ် တိုင် သားကို မတွေ့ချင်ဘူး ဖြစ်နေတာ .."

"ရတယ် .. ဒက်ဒီ ခွင့်မပြုဘူးဆိုရင် ဒက်ဒီ မမြင်နိုင်တဲ့နေရာမှာ သွားတွေ့မယ် .."

"သား .."

ဒေါ်ပန်းသီခိုင် လှမ်းဆွဲမိမလို ဖြစ်သွားပြီးမှ လက်ပြန်ချမိသည်။ ချစ်နေတာလား ..၊ ဒေါသတွေ ကျန်နေသေးတာလား ..။ လူငယ်တွေကို လည်း အကဲခတ်လို့ မရ ..။

ဘုံ ကတော့ မျက်ရည်ကျနေပေမယ့် ဘာမှ အများကြီး မပြောပါ။

"ဘုံ သူနဲ့ ခဏတော့ ဝေးဝေးနေချင်တာ အမှန်ပဲ မာမီ၊ ခုလို နေလိုက်ကြတာ လောလောဆယ် ကောင်းပါတယ်၊ အဲဒါ ဒက်ဒီ ပြော လို့ မဟုတ်ဘူး" တဲ့ ..။

သားကတော့ မနေနိုင်တဲ့ပုံပါလား ..၊

ကလေးတွေကို အကဲခတ်ဖို့ မပြောနှင့် ..၊ ကိုယ့်ယောက်ျားကို လည်း အံ့သြမိသည်။ ဒီအိမ်ထောင်ရေးကို အဆင်ပြေစေချင်ကြတာ မဟုတ်ဘူးလား ..။

ခကျမှ ဘုံ ပြန်ချင်တယ်ဆိုလည်း သူ့မိဘတွေရှိတဲ့ဆီ ပြန်ပို့လိုက် တော့မည်ဆိုတာ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၅)

"မင်း ဘယ်မှာလဲ သခင် .."

"ရွှေအိမ်စည် မှာ .."

"ထင်သားပဲ .. ဆယ်မိနစ်လောက် စောင့်၊ ငါတို့ လာခဲ့မယ်"

ကောင်းဇော် ဖုန်းချသွားသည်နှင့် သူ့ဘေးမှာ အရိပ်တစ်ရိပ် ..။

"တော်သေးတာပေါ့ ရင်ချစ် က ကိုကို အချုပ်ထဲရောက်နေတယ် ဆိုလို့ ညည အိပ်လို့ကို မပျော်ဘူး၊ နီးနီးလေးမို့ ကူးလာမလို့ဟာ .. အန်ကယ်လ်ထွန်း မျက်နှာကြီးက မာထန်နေတော့ .. မေမေတို့ကလည်း မသွားနဲ့တဲ့ .."

ရင်ချစ် က သူမဘာသာ ဝင်ထိုင်လိုက်ပြီးတဲ့အထိ ပြောလာတဲ့ စကားက အမျှင်မပြတ် ..။

ပြီးတော့ အာလူးကြော်နဲ့ ရေခဲမုန့် စားနေသည့် သခင့် မျက်နှာကို သေချာကြည့်သည်။

"ကိုကိုတို့ လင်မယား ကွိုင်တက်နေတယ်ဆို ..၊ အဲ့ဒါ ဦးကိုကို အမောင် .."

"မင်း ပြန်တော့ ရင်ချစ် .."



"ဟင်!..."

"ငါ အခုရက်ပိုင်းမှာ ဘာပြောပြော .. ဘာလုပ်လုပ် ပြဿနာတွေ ...နည်း တက်နေတာ၊ မင်းနဲ့လည်း ပြောမှားဆိုမှားတွေ ထပ်မဖြစ်ချင်ဘူး"

"ကိုကိုကလည်း .. ရင်ချစ် တို့က လူစိမ်းတွေမှ မဟုတ်တာ .."

"ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ ..၊ ကျွတ်!..."

ပြောနေတုန်း ဖုန်းဝင်လာသဖြင့် ငုံ့ကြည့်လိုက်သည်။ နွယ့် ဖုန်း ...နံ့ သိလိုက်သဖြင့် တမင် ကောက်ဖွင့်လိုက်ကာ ...

"ပြော .. နွယ် .."

"... ... ... ..."

"ဟုတ်တယ် .. ကိုယ် ပြောခိုင်းလိုက်တာ၊ မင်း ကိုယ့်ကို မေ့လိုက် ...ကွာ ..၊ အစတည်းက ကိုယ့်မှာ အိမ်ထောင်ရှိနေတာ မင်း သိပါတယ်၊ ...ကိုယ်တို့ ဘယ်လိုတွဲတွဲ မသင့်တော်ဘူးလေ .."

"... ... ... ..."

"ဟုတ်တယ် .. ကိုယ် အားလုံးကို မေ့လိုက်ပြီ၊ မပြောရသေးတာ ...င်းပဲ .."

"... ... ... ..."

"ဆောရီး .."

သူ ဖုန်းချထားလိုက်ပြီး ခပ်တည်တည်လေး ကြည့်နေသည့် ရင်ချစ် ...ကို မျက်တောင်ဖျားတို့ စင်းကြည့်၍ မေးဆတ်လိုက်သည်။

"ကိုယ် ပြီးနေပြီ .. မင်း နေခဲ့မလား .."

ရင်ချစ် က စကားတစ်ခွန်းမှ မပြောဘဲ စူးစိုက်ကြည့်နေ၏။ သူပဲ ...ခါင်းညိတ်ကာ နေရာမှ ထရပ်သည်။

ထိုစဉ် ကောင်းဇော် တို့ ရောက်လာကြပြီပေမယ့် အခြေအနေကို ...မြင်ကာ တံခါးရှေ့ကနေပဲ ပြန်ထွက်စောင့်နေကြ၏။ သူ ထွက် ...လာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး မင်းနောက်ပဲ လျှောက်လိုက်နေတာ လွန်တယ်"

"အေးလေ .. ခြံချင်းကပ်နေတာတောင် လူကြီးချင်း မရင်းနှီးတာ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ နားမလည်ဘူးလား မသိဘူး .."

"ကဲပါကွာ .. အဲဒါကြီး ထားလိုက်စမ်းပါ၊ မင်း အခု ဘာလုပ်မှာလဲ .."

"ဘာမှ လုပ်မရသေးလို့ ငုတ်တုတ် မေ့နေတာ .."

"မမဘုံ က တင်းနေတုန်းလား .."

"တင်းတင်းမတင်းတင်း ဂရုမစိုက်ပါဘူး .. ငါ သူ့နားကို ကပ်လို့ကို မရတာက ကွိုင် .."

"အေးကွာ .. ဒေါသကြီးပြီဆိုတော့လည်း အန်ကယ်လ်က တစ်ဆုံးပဲ၊ သဘောတူတုန်းကလည်း သူပဲ .."

"အန်တီကရော .. မင်း အန်တီနဲ့ ပြန်ကပ်ကြည့်ပါလား .."

"အေးလေ .. မင်းအဖြစ်ကလည်း အစတုန်းက အားလုံးပဲ သဘောတူ ကြည်ဖြူနေကြတာ အေးဆေး၊ ဝုန်းခနဲ ထဖြစ်သွားတာနဲ့ပဲ တစ်ယောက်နဲ့အများ ဖြစ်သွားတာ မယုံနိုင်စရာ .."

ကောင်းဇော် နဲ့ ကျော်သက် တို့ပါ ဦးနှောက်ခြောက်ကုန်ကြသည်။ ရုံးကို လိုက်သွားတော့လည်း တွေ့ပေမယ့် စကားပြောချိန် မရ၊ အချိန်ရအောင် သေချာ သွားစောင့်တော့လည်း ဘုံ က ရှောင်ထွက်သွား၏။

သခင် ပြန်ပြောမှ သိရပေမယ့် ဒီသုံးယောက် သူ့အပူ ကိုယ့်အပူဆိုတာ မရှိ ..။

"မင်းကရော ပြောစမ်းပါဦး .. မမဘုံ ကို ဘယ်အချိန်တည်းက ချစ်နေတာလဲ .."

"မသိဘူး .."

"ကိုကိုမောင် ဆိုတဲ့လူနဲ့ ပြိုင်ဆိုင် အနိုင်လုပြီး ချစ်တာလို့ မမဘုံ ထင်တာလည်း ထင်စရာပဲ၊ မင်းက အချက်မပြ .. ဟွန်းမတီးနဲ့ ဖြုန်း





ဒိုင်းဆို လမ်းကြောင်းပြောင်းလိုက်တာကို .."

"ချစ်ချင်လို့ ချစ်တာ ငါက ဘာအချက်ပြရမှာလဲ ..၊ ဘယ်အချိန် ဘိချစ်ချစ် ငါ့အခွင့်အရေး .."

"အခု အခွင့်အရေးတွေ နည်းနေပြီလေ ..၊ ကိုယ့်မိန်းမကိုတောင် ပြန်ခိုးရတော့မလို ဖြစ်နေပြီ၊ မင်း သူ့ကို ချစ်လို့ သဝန်တိုနေတာတောင် သဝန်တိုတယ် ထင်လို့လား ..၊ အန်ကယ်လ်တို့ အန်တီတို့တောင် မယုံကြတာ .."

"အေးလေ .. ချစ်ရိပ်ချစ်ယောင်ဆိုတာ ရှိတာပဲ .."

"ငါ သူ့ကို လက်မထပ်ခင်တည်းက ဆုံဖူးခဲ့တာ .."

"အင်း .."

"သူ့အကူအညီ ယူခဲ့ရတာပဲ နှစ်ခါ၊ လက်ထပ်ပေးမယ်ဆိုတော့လည်း သူနဲ့မှန်း သိလိုက်တည်းက ဘာကြောင့်မှန်း မသိဘူး ... ပေါ့ပေါ့ ပါးပါး လက်ခံဖို့ အဆင်သင့် ဖြစ်နေခဲ့တာ .."

"အစတည်းက မိဘ သဘောတူတာပဲ ယူမှာလို့ မင်း ဆုံးဖြတ်ထားတာပါ"

ကျော်သက် က ပို၍ သေချာအောင် မေးခွန်းထောက်လိုက်သည်။ သခင် က ကားနားရောက်မှ မတက်သေးဘဲ ကျောပေးမှီလိုက်ကာ ...

"ဘာဖြစ်ဖြစ် သူ့ကို ငါ လက်ခံနိုင်ခဲ့တဲ့ မသိစိတ်မှာ အစတည်းက ရင်းနှီးနေခဲ့တာလေ၊ လက်ထပ်ပြီးတော့လည်း ငါ့ တစ်ခါမှ ငြိုငြိုငြင်ငြင် မဖြစ်ခဲ့ဘူး၊ ငါနဲ့သူ ဘာပြဿနာမှလည်း မရှိခဲ့တာ သူတို့ သိတယ်၊ မချစ်ခင် မရင်းနှီးဘဲ လက်ထပ်ပေးခဲ့တာ သူတို့ပဲ ..၊ ချစ်ချစ်မချစ်ချစ် မင်းဇနီးပဲလို့ မာမီပဲ ပြောခဲ့တာ၊ ခုကျမှ ..."

သုံးယောက်စလုံး ငိုင်သွားကြသည်။ ပြီးမှ ကျော်သက် က ...

"ငါတို့ ကန်ပေါင်မှာ သွားထိုင်မယ်လေ ..၊ ဖိုးကျောင်း နောက်ကလိုက်ခဲ့တော့ .. ငါ ဒီကောင်နဲ့ပဲ လိုက်သွားမယ် .."



www.burmeseclassic.com

www.burmeseclassic.com



သခင် က ကောင်းဇော် ကို ကြည့်၍ ...

"မင့်ကားနဲ့ လာကြတာလား .."

"အေး ..၊ ဒါဆို သွားမယ်လေ .."

ကောင်းဇော် က သူ့ကားရပ်ထားတဲ့ဆီ လျှောက်သွားသည်။ ကျော်သက် ကလည်း ကားထဲဝင်ဖို့ တစ်ဖက်ကို ပတ်သွားပြီဖြစ်၏။ သို့သော်—

"ကျော်သက် .."

"ဟင် .."

ကျော်သက် က တံခါးကို ကိုင်ထားပြီးမှ သူ့ကို လှမ်းကြည့်၏။ သခင် က ဘာမှမပြောဘဲ တစ်နေရာကို ကြည့်နေသောကြောင့် သူပါ လိုက်ကြည့်မိလျှင် ...

"ဟာ!... မမဘုံ .. ဟော့ကောင် .. လိုက် .. လိုက် .."

တက်ကြွစွာ တိုက်တွန်းကာ တံခါးကိုင်ထားသည့်လက်ကို ပြန်ရုတ်သည်။ သခင် က ခေါင်းညိတ်ပြီး ကားထဲ တန်းဝင်၏။

မကြာခဏ ဖြစ်နေကျအတိုင်း ကျော်သက် ဒီတိုင်းပဲ ရပ်ကျန်ခဲ့လေသည်။ ပြီးတော့ ခေါင်းတစ်ချက်ကုတ်၍ ကောင်းဇော် မောင်းထွက်လာသည့်ကားဆီ လှည့်ကြည့်မိ၏။

ကိစ္စမရှိ ..၊ နောက်ကား ရှိသေးသည်။





အခန်း (၄၆)

"ဦးလေးဘခိုင် .. နောက်မှာ ဘခင့် ကား ပါလာတာလား .."

ဒရိုင်ဘာ ဦးဘခိုင် က ဘက်ခ်မှန်ကို တစ်ချက်ကြည့်ကာ ...

"ဟုတ်တယ် သမီး .. ဘေးချရပ်လိုက်ရမလား .."

ရုတ်တရက် မရပ်နဲ့လို့ ပြောမလို့ ပါးစပ်ပြင်လိုက်သေးသည်။ ...ာ်လာသည့်ကားရဲ့ အမြန်နှုန်းကို ပြန်ကြည့်လိုက်တော့ ဘာပြောရ ...သိ ဖြစ်သွား၏။

"ကားတွေ ဒီလောက်ကျပ်နေတာကို ဘာဖြစ်လို့ ကျော်ခွတက်ဖို့ ...ားနေရတာလဲ မသိဘူး .."

"လူလေးက ဒီလိုပဲ သမီး ..၊ ကားမောင်းလည်း ကျွမ်းပါတယ်၊ ...မယ့် စိတ်မရှည်တတ်ဘူး၊ သူ့ ဘာမှတော့ မဖြစ်ခဲ့ဖူးပါဘူး၊ ထိ...ိုင် ကားပဲ နည်းနည်းပါးပါး .."

ဒါကြောင့် ဂိုဒေါင်ထဲမှာ ကားအကောင်းစားကြီးတွေက တန်းစီ...ကိုး ...၊

ဘုံ တွေးလိုက်မိတုန်း ဦးဘခိုင် က ရယ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ကားထိသွားလို့ ဘော်ဒီရုံရောက်ရင်လည်း ဒီကားထိုးထားပြီး နောက်ကား စီးရမှ၊ သူ့အတွက် ကားတွေ ဒီလောက် ထားပေးတာ တောင် အပတ်မလည်ကာ ကြည့် .."

ဒီလိုတွေ ခဏခဏ ဖြစ်တတ်နေတာကို ..၊ ကြာရင် လူကိုပါ ထိခိုက်ဒဏ်ရာ မဖြစ်တော့ဘူးတဲ့လား ..။

"တီ... တီ .."

"ဟွဲ့ .."

နောက်က ကားဟွန်းသံတွေကြောင့် ဘုံ့ ကိုယ်လေး ကြွခနဲ ဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်း အတင်းပွတ်ကာ ကျော်တက်လာသည့် သခင့် ကားကြောင့် ကားတွေ ကတိမ်းကပါးတွေ ဖြစ်ကုန်တာ ဖြစ်၏။

"ဒုက္ခပါပဲ ဦးလေးဘခိုင် ..၊ ရှေ့က လမ်းချိုးမှာ ရပ်ဖို့နေရာ ရှာလိုက်ပါဦး .."

"အေး .. အေး .."

ဘုံ တို့ကားလေး ညာဘက်ယာဉ်ကြောကနေ ဖရိုးကြောထဲ ဖဲ့ဆင်း၍ ကွေ့ထွက်လိုက်လျှင် နောက်က ဆူညံသံကြီး တစ်ခု ..၊

"ဝုန်း .. ဒုန်း .."

"ဟာ!... တိုက်ကုန်ပြီ .."

ဘုံ တစ်ကိုယ်လုံး တောင့်ခဲသွားသည်။

"ဘုရား .. ဘုရား .. မဟုတ်ဘူး .. သူ မဟုတ်ဘူး ..."

လှည့်မကြည့်ရဲဘဲ ရင်ဘတ်လေးဖိ ခေါင်းခါနေစဉ် ...

"သမီး လူလေး ကားတိုက်မိပြီ .."

ဘုံ့ ရင်ဘတ်ထဲမှာ အုန်းခနဲ မြည်သွားသလား ထင်ရအောင် ဆောင့်ခုန်သွားသည့် နှလုံးသားက ပြုတ်ထွက်မတတ် ..။

သခင် ချည်းပဲ ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်နေသည်။





ပြဿနာတိုင်းကလည်း ကိုယ့်ကြောင့်ချည်းပဲ ဖြစ်နေခဲ့ရာ ..၊

"ဘာတဲ့လဲ သမီး .. ဟင် ..၊ ဘာတွေ ဖြစ်ကုန်တာလဲ ..၊ မာမီ့ကို ပြောပါဦး .."

ဆေးရုံကို ပြေးလာပြီး ဘုံ့ လက်ကို ဆုပ်ကိုင်မေးသော ဒေါ်ပန်းသီခိုင် လက်တွေက အေးစက်နေ၏။ ဘုံ ပြန်၍ ဆုပ်ကိုင်ထားလိုက်ကာ...

"အသက်အန္တရာယ် မစိုးရိမ်ရဘူးတဲ့ မာမီ ..၊ အဲ့ရဲဘက်ဂ် ဖွင့်သွားတော့ အပေါ်ပိုင်း ကြိုးကြိုးမားမား ဘာမှမဖြစ်ဘူး .."

"ခြေထောက်ရော .. ခြေထောက်တွေ .."

"စစ်ဆေးနေတယ် မာမီ ..၊ စိတ်မပူနဲ့နော် .."

"ဘယ်လိုတွေ့လာတာလဲ သမီးရယ် .. တော်သေးတာပေါ့၊ အနီးအနားမှာ သမီးတို့ ရှိနေလို့၊ မဟုတ်ရင် ဆေးရုံကို အချိန်မီ ရောက်ချင်မှ ရောက်မှာ .."

အရေးပေါ် စမ်းသပ်ခန်းကို မျှော်ကြည့်ကာ ဒေါ်ပန်းသီခိုင် ဘုရားစာတွေ ရွတ်နေရှာ၏။ သူ ဘုံ့ ကားနောက်ကိုလိုက်တာ မဟုတ်ပါစေနဲ့လို့ ကြိတ်ဆုတောင်းကာ လိုက်လာမှန်းလည်း စိတ်က သိနေသည်။

ဒါပေမယ့် ဒေါ်ပန်းသီခိုင် မေးတာကို ဘုံ မဖြေနိုင်ခဲ့ပေ ..။

သူ့ကို စောစောတည်းက ကားရပ်ပြီး မစောင့်ခဲ့မိလို့လား ..၊ သူမတွေ့ဝေနေပြီးမှ ကားရပ်ပေးလိုက်ဖို့ ဆုံးဖြတ်တာ နောက်ကျသွားတာလား ..။

ကိုယ့်ကြောင့်ဆိုတဲ့ ပြဿနာတွေကို ဘုံ ကြောက်ရွံ့နေပြီဖြစ်၏။ ဒါမှမဟုတ် သခင့် ရဲ့ တစ်ရှူးထိုး ဇွတ်တရွတ်ဆန်တာတွေကို လန့်နေတာလား ..။

ပေါ့ပါးစွာ ဆုံးဖြတ်ခဲ့သည့် အိမ်ထောင်ရေးက ခေါင်းထဲမှာ အကြီးကြီး နေရာယူနေပါပြီ ..။

"သမီး ..၊ သမီး ဒီမှာ သမီးဒက်ဒီ မေးနေတယ် ..၊ ဖြေလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး .. မာမီ စကားပြောလို့ မရတော့ဘူး"

ကိုယ့်အတွေးနဲ့ကိုယ် ပူလောင်နေတုန်း ဒေါ်ပန်းသီခိုင် က ခေါ်ခဲ့ သည့်ဖုန်းကို လက်ထဲ လာထည့်သွား၏။

"ဟလို ဒက်ဒီ .."

"... ... ... ..."

"အသက်အန္တရာယ် မရှိဘူး ဒက်ဒီ ..၊ အရိုးအကြောတွေမှာ ပြဿနာ ရှိမရှိ .. အခု စစ်ဆေးနေတုန်းပဲ .."

"... ... ... ..."

"ရှင် .. ဟုတ် .. ဟုတ်ကဲ့ပါ .."

ဘုံ့ နားမှာ ဒေါ်ပန်းသီခိုင် က လာရပ်နေကာ ဖုန်းချလိုက်မှ —

"ဘာတဲ့လဲဟင် .. သူ့သားကို စိတ်ပူနေမှာပေါ့ .."

"ဟိုလေ .. ဟိုဘက်ကား ဘာဖြစ်သွားသလဲလို့ မေးတာ .."

"ဟင်!..."

ပြောလိုက်ရတာ ဘုံ စိတ်မကောင်းပါ။ ဒါပေမယ့် သူ့ဘာသာ အခြေအနေ မစိုးရိမ်ရမှန်း သိလိုက်လို့ ဟိုဘက်ကိုပဲ စိတ်ပူတာလို့လို့ လုပ်သွားတာ ဖြစ်နိုင်သေးသည်မို့ ...

"သခင် ဘယ်လိုလဲလို့ မေးပြီးမှ ဟိုဘက်လူကို မေးတာပါ၊ လျော် စရာရှိရင် လျော်ပေးလိုက်တဲ့၊ ဟို .. အမှုအခင်းလုပ်ကြမယ်ဆိုရင်တော့—"

"သူ့ထိုက်နဲ့ သူ့ကံ ဘာမှ ဂရုစိုက်ပေးမနေနဲ့တော့လို့ မပြောဘူးလား"

ဒေါ်ပန်းသီခိုင် ငိုသံပါကာ ပြောပြီးတာနှင့် တစ်ဖက်လှည့်သွား၏။

ထိုနေ့က သခင် ကလည်း မနေချင်ဘူးဆိုကာ အိမ်ကိုပဲ ပြန်ခေါ်လာခဲ့ ကြသည်။

ခါးရိုးမှာ ဒဏ်ဖြစ်သွားလျက် ဒူးဆစ်ပိုင်းမှာ ရောင်နေသည်။ မသက်သာမချင်း စမ်းသပ်ချက်တွေကတော့ လုပ်နေရဦးမှာပဲ ဖြစ်သည်။

အိမ်ရောက်တော့ ဦးခင်ထွန်း က သခင့် မျက်နှာကို စူးခနဲ စိုက်





ကြည့်ပြီး ဘုံ့ ဆီ အကြည့်လွှဲလိုက်၏။

"ဟိုဘက်က တက္ကစီဆို .."

"ဟုတ်ကဲ့ ဒက်ဒီ .. လူကို မထိပါဘူး၊ ကားအတွက် ကျေနပ် လောက်အောင် လျော်ပေးလိုက်တယ် .. ပြီးပါပြီ"

"အေး .. လိုက်လျော်ကြပေါ့ ..၊ ကျေးဇူးရှင်ဆိုတော့ ကျေးဇူး ကြီးမားပေတာကိုး .."

ဒေါ်ပန်းသီခိုင် သခင့် လက်မောင်းကို လှမ်းတွဲသလို ဆုပ်ဖက် ထားရင်း ဖအေ ဆူသွားတော့ သားမျက်နှာကို မော့ကြည့်၏။

"လာ သား .. လာ .."

ဘုံ့ က မတွဲဘဲ ဒေါ်ပန်းသီခိုင် နဲ့ ဒရိုင်ဘာ က တွဲပြီး သခင့် ကို အခန်းထဲ လိုက်ပို့သည်။

သခင် က မွေ့ရာစွန်းမှာ ခပ်ဖြည်းဖြည်း ထိုင်လိုက်ပြီးတာနှင့် ...

"ဘုံ့ ကို ခဏခေါ်ပေး မာမီ .."

"ဘုံ ရေချိုးတော့မယ် ထင်တယ် ..၊ ခဏနေမှ လာလိမ့်မယ်လေ၊ သား ဘာစားချင်သလဲ ..၊ မာမီ ဘာလုပ်ပေးရမလဲ .. ပြောလေ .."

သခင့် မျက်နှာက မှုန်ကုတ်ကုတ် ဖြစ်သွားကာ ...

"မာမီတို့က ဘုံ နဲ့ သားကို တကယ်ခွဲကြမလို့လား .."

ကားပေါ်ကဆင်းတော့လည်း 'သမီး မတွဲနဲ့ ဖယ်' ဆိုပြီး မာမီက ဦးဘာခိုင် ကိုသာ ကူတွဲခိုင်းခဲ့သည်။ ဒက်ဒီက ဘယ်လောက်ထိ တားမြစ် ထားလို့လဲ ..၊ သူ့အခြေအနေ ဘယ်ထိ ဆိုးနေပြီလဲ ..။

ဒါကို သူ သိရမှ ဖြစ်မည်။

"မဟုတ်ပါဘူး သားရယ် .. သားဒက်ဒီ စိတ်ဆိုးတုန်းမို့ပါ၊ ဘုံ ကိုယ်တိုင်က တိုင်ထားတာလေ ..၊ ပြီးတော့ ကိုကိုမောင် တို့ဘက်နဲ့ မျက်နှာပျက်ရတာကို စိတ်မကောင်း ဖြစ်နေတာ .."

"ဒါဆို ကိုကိုမောင် ဘာလုပ်လုပ် သားက ငြိမ်နေပေးရမယ်ပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုမောင့် ကို ထိခိုက်သွားလို့ သားကို ဒီလောက်တင်းနေတာ ဟုတ်လား .."

"သားရယ် .. ဒီလိုလည်း ဘယ်ဟုတ်မလဲ ..၊ သားကိုယ်တိုင် ကိုယ့်မိန်းမကို မပိုင်တဲ့အဖြစ်မျိုး ရောက်နေတာ ထည့်တွေးပါဦး၊ သား ဘက်က လွန်ကျူးမှုတွေအတွက် ချွေးမကိုလည်း မျက်နှာပူ၊ တစိမ်း ကိုလည်း အားနာနဲ့ ..၊ သားဒက်ဒီ ရင်ထဲမှာလည်း ကောင်းပါ့မလား .."

"သား မသိဘူး .. သားလည်း ရင်ထဲမှာ မကောင်းလာရင် မျိုးသိပ် ခံစားနေမှာ မဟုတ်တော့ မျိုးသိပ်ထားတယ်ဆိုတာကို ကိုယ်ချင်းစာ မရဘူး .."

"သားရယ် .."

"လင်နဲ့မယား ဘာတွေဖြစ်နေနေ ကြားလူ မဝင်သင့်ပါဘူး .."

"အခုဟာက ဘုံ ကိုယ်တိုင် .."

"သူ ဖြစ်နေတာကို ကျွန်တော့်ဘက်က ဘယ်လိုဖြစ်ဖြစ် ရှင်း တားဆီးလို့ ရတယ်၊ ဘာဖြစ်လို့ သားနဲ့ ဘုံ ကို တွေ့ခွင့်မပေးတာလဲ နေပစေ မာမီ.. အခု မာမီ ထွက်သွားတာနဲ့ တံခါးပိတ်ထားမယ်၊ ဘယ် သူ့မှ မလွှတ်နဲ့တော့ .."

ဒေါ်ပန်းသီခိုင် စိတ်ဆင်းရဲစရာတွေပဲ ထပ်ကြုံရပြန်ကာ မျက် မသာမယာနှင့် အခန်းထဲက ထွက်လာခဲ့၏။ ထိုအချိန်မှာပဲ ဘုံ နက်ပြာရောင်ဝတ်စုံလေးနှင့် ဖိနပ်ငုံ့စီးနေတာကို လှမ်းမြင်လိုက်ရကာ

"သမီး .."

"ရှင် .."

အလှမ်းကွာနေသဖြင့် ဘုံ က ဖိနပ်ပြန်ချွတ်ပြီး အိမ်ထဲပြန်ဝင်လာ

"သမီး ဘယ်သွားမလို့လဲဟင် .."

"ကုမ္ပဏီ ခဏဝင်ပြီး ရန်ကုန်ဟိုတယ်လ်မှာ ဒင်နာရှိသေးတာ မာမီ ..၊ မိုး သိပ်မချုပ်ပါဘူး .."





"သမီးရယ် .. အဲ့ဒါကို ဖျက်လိုက်လို့ မရဘူးလားဟင် .."

"မရဘူး .. ငါ့အလုပ်ကိစ္စတွေပါ ထည့်သွင်းဆွေးနွေးဖို့ ရှိတာ၊ နောက်ကျခံလို့တောင် မဖြစ်ဘူး .."

ဦးခင်ထွန်း က ဧည့်ခန်းဘက်ကို အေးဆေးသည့် ခြေလှမ်းများနှင့် လှမ်းလာရင်း ...

"မင်းက ဘာကိစ္စတွေရှိလို့ အလုပ်ကိစ္စကို ဖျက်ခိုင်းရတာလဲ .."

"အစ်ကိုရယ် .. သားက နေထိုင်မကောင်း ဖြစ်နေတဲ့ဟာ .."

"အဲဒါ ဘယ်သူ ဝင်ခံပေးလို့ ရသလဲ ..၊ ကိုယ်ဖြစ် ကိုယ်ခံပဲ သူ သိတယ်၊ သမီး သွားစရာရှိတာ သွား .."

ဘုံ ကလည်း ဒေါ်ပန်းသီခိုင် ကို တစ်ချက်ပဲကြည့်ပြီး လှည့်ထွက် သွားလေသည်။ ဦးခင်ထွန်း အထဲဝင်ဖို့ ပြန်လှည့်သော်လည်း ...

"ကိုထွန်း က သားသမီးအပေါ် တော်တော် ပြတ်သားနိုင်တယ် နော် .."

အစ်ကိုခေါ်လိုက် .. ကိုထွန်း ခေါ်လိုက် ဖြစ်နေပေမယ့် နာမည် ထည့်ခေါ်ပြီဆို စိတ်အချဉ်ပေါက်နေတဲ့ကာလဖြစ်မှန်း ဦးခင်ထွန်း က နားလည်သည်။ ထို့ကြောင့် ခြေလှမ်းတွေ ရပ်သွားပြီး ပြန်လှည့်လာရင်း...

"အေးပေါ့ .. မင်းပဲ ချစ်တတ်တာကိုး .."

"ချစ်တတ်တဲ့လူက ဒီလောက်ထိ မပြတ်သားနိုင်ဘူး ကိုထွန်း..၊ ဘုံ က သားကို စိတ်ဆိုးနေလို့ တစိမ်းဘက်က ရပ်တည်ပေးခဲ့တယ် ဆိုတာ ခိုင် လက်ခံတယ်၊ ဒါပေမယ့် တစ်ကြိတ်တစ်ခါတော့ ခွင့်ပြု ကြည့်သင့်တယ် မဟုတ်ဘူးလား ..၊ သူတို့ချင်း နားလည်မှုရဖို့ ဘယ်လို မှ မဖြစ်နိုင်တော့ဘူးလို့ တွက်ထားရင်တောင် မဖြစ်နိုင်တာ ရှိသလို .. ဖြစ်နိုင်တာလည်း ရှိသေးတာပဲ၊ ဘုံ ကလည်း အငြိုးတကြီးနဲ့ တေးမှတ် ထားတဲ့စိတ်မျိုး မရှိဘူး၊ လင်မယား တွေ့လိုက်ရင် ပြေလည်သွားနိုင် တယ်လေ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို ထပ်ပြီး လမ်းကြောင်းမပြနဲ့တော့ ခိုင် ..၊ သူ့အချိုး မပြင်ဘဲ ဘုံ့ ကို သူ့လက်ထဲ ပြန်ထည့်လို့ မဖြစ်ဘူး၊ ဒီမိန်းကလေးကို စိတ်မဝင်စားဘဲ လက်ထပ်ခဲ့ရှာတာလို့ ငါတို့ ထင်ခဲ့တာတောင် အခု သဝန်တိုတာပါလို့ ခေါင်းစဉ်တပ်ပြီး မိုက်ရဲတိုက်ရဲနေပြီ၊ နောက်ပိုင်းမှာ ဆို မတွေးရဲဘူး .."

"ခိုင် ကလည်း ကိုယ်မွေးထားတဲ့ သားအကြောင်း ကိုယ် အသိ ဆုံးပဲ ..၊ အဒီလိုဖိအားမျိုး ပေးလို့ရော ပြုပြင်ပြောင်းလဲလာမှာတဲ့လား.. ပိုရွဲ့ .. ပိုဆိုးလာဖို့ပဲ ဖြစ်မှာ ..၊ သားက သူ့ကို ဖိအားပေးဟာ လုံးဝ မကြိုက်ဘူး .."

"ဟ .. ဖိအားတစ်ခုခုဆိုတာ မရှိလို့ ရမလားကွ ..၊ သတ္တဝါတွေ ရပ်တည်ဖို့တောင် လေထုဖိအားရှိမှ ဖြစ်တာ .. စည်းလွတ်ကမ်းလွတ် ဖြစ်ကုန်မှာပေါ့၊ ဒီ့ထက်သာ ပိုဆိုးရင် မင်းနဲ့ငါတို့ အိမ်ထဲက အိမ်ပြင် တောင် ထွက်ရဲတော့မှာ မဟုတ်ဘူး၊ တော်ပြီကွာ .. ထားလိုက်၊ သူ ဘာလုပ်သင့်တာ သူ့ကိုယ်သူ သိလာတာပဲ ကောင်းတယ် .."

ဦးခင်ထွန်း က ဘာမှ ဆက်ပြောလို့မရတော့အောင် ပြန်လှည့်ဝင် သွား၏။

ရာသီဥတုက ဘာမှန်းမသိ ..၊ မှန်တိုင်းဆင်နေတာလား ..၊ ခငြိမ် မသက်ဖြစ်နေခြင်းတွေကို ဝိပြား ပျောက်ကွယ်စေမှာလား ..၊

ရင်မောစရာတို့နှင့် အချိန်တိုင်းသည် ..၊





## အခန်း (၄၇)

"ဘာ!..."

ထစ်ခနဲဆို ဒေါ်သက မထောင်းခနဲဖြစ်ချင်တာ အကျင့်ပါနေပြီဖြစ် ၏။ အသံကျယ်သွားမှ ဗီကေကို ဖိကိုက်လိုက်သလိုလိုနှင့် နှုတ်ခမ်းစေ့၍ မျက်နှာလွှဲသည်။

နှင်းဆီ က သုံးယောက် အတန်းလိုက်ထိုင်နေသည့် ရှေ့မှာ ..၊ အစွန်မှာရှိနေသည့် သခင့် ဘေးမှာ ကပ်ကပ်လေး ရပ်နေ၏။ ပြီးတော့ သူမ လက်ထဲမှာ အနီရောင်ကတ်ထူဘူးလေး ကိုင်လျက် ...

"သိစေချင်လို့ ပြောပြတာပါ၊ သခင့် လက်ဆောင်တွေကို ပြန်ပေး မလို့ စုလိုက်တော့ ဒါကျမှ ကျန်နေခဲ့ရင် တန်ဖိုးကြီးတာကို ချန်ထား လိုက်တယ်လို့ ထင်သွားမှာလည်း စိုးတယ်၊ အဲဒါကြောင့် ဒီထဲမှာ ရင်ထိုးပါမလာရတဲ့အကြောင်းကို ရှင်းပြတာ .."

ပြောပြီး သခင့် ဘေးမှ ခုံတန်းလေးအစွန်မှာ ဘူးလေးကို ချထား လိုက်သည်။

"အဲဒီနေ့က သခင် ပေးတဲ့ ရင်ထိုးကို ပြန်ထိုးခဲ့မိလို့ ..၊ သူ ဒီလို လုပ်ခွင့်ရသွားတဲ့အတွက် ဆောရီးပါ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို ထားခဲ့ပြီပဲ နှင်းဆီ .. အခု ဘာလုပ်ဖို့လဲ..၊ စိန်ရင်ထိုးဖြစ်ဖြစ် .. စိန်လည်တုံဖြစ်ဖြစ် ထားခဲ့ပြီးရင် တို့ခေါင်းထဲမှာ မရှိတော့ဘူး .."

စိတ်က ထွေနေတော့ သခင့် မျက်နှာကလည်း မကြည် ..၊ နှင်းဆီက သူ့ကိုသာမကဘဲ ကျော်သက် တို့ဆီကိုပါ ငေးကြည့်၍ ...

"ထားခဲ့ပြီဆိုတာ ဟုတ်တယ်လေ ..၊ အခု သူ့အဖေက တို့ဒကာမ်နေရာမှာ ဝင်လိုက်တော့ ယူ့အဖေ အန်ကယ်လ်ထွန်း နဲ့ အကျိုးတူလုပ်ငန်းသမားချင်း ဖြစ်သွားပြီ .."

သခင် မျက်မှောင်ကုတ်သွားသည်။ ဒါကိုတောင် သူ မသိလိုက်ပါလား ..။ ဟိုအစတုန်းက အဖေချင်း ရင်းနှီးပေမယ့် နှင်းဆီ နဲ့ သူက မရင်းနှီးပေ။ ချစ်ကြပြီးမှသာ သူ့အဖေနဲ့ ငါ့အဖေက ရင်းနှီးပါလား ဆိုတာ သိခဲ့ကြသည်။

ပြီးတော့ စီးပွားရေးကိစ္စ ..၊ မိဘလုပ်ငန်းတွေအပေါ်မှာ စိတ်မဝင်စားကြတာချင်း နှင်းဆီ နဲ့ သူနဲ့က အတူတူ ..။

ချစ်သူသက်တမ်း မရှည်ကြာခဲ့ရသည့်အကြောင်းနဲ့ ပတ်သက်တာကတော့ ..၊

"အဲဒါ သခင် သိပြီးပြီ ထင်ပါတယ်၊ နောက်ဆိုရင် သူနဲ့ သခင် တို့ ခဏခဏ ဆုံဖြစ်ကြဖို့အကြောင်းတွေလည်း ရှိလာမှာပဲလေ၊ အန်ကယ်လ်ထွန်း လိုပဲ ကိုဇေ့ အဖေကလည်း အရမ်းအောင်မြင်တာ၊ ဒေါ်ဘုံမြင့်စံ ကို အန်ကယ်လ်ထွန်း ရင်းနှီးသလိုပဲ ကိုဇေ့ အဖေနဲ့လည်း ရင်းနှီးနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ 'ပင်မြင့်စံ' ထူထောင်တုန်းက အမိတတက်ရောက်ကြတဲ့ လုပ်ငန်းရှင်တွေထဲမှာ အမိကငါးဦးအဖြစ် သူ့အဖေလည်း ပါတယ်လေ .."

ဘုံမြင့်စံ နာမည် ပါလာပြန်ပြီ ..။

ငြိမ်သက်နေခဲ့ကြသည့် ကျော်သက် နဲ့ ကောင်းဇော် တို့ မျက်လုံးချင်း ဆုံသွားကြ၏။

ဒါတော့ မရိုးသားတော့ဘူး ထင်သည်။

"ဘာပဲဖြစ်ဖြစ် .. သခင် တို့ သုံးယောက် ထပ်ဆုံကြမှာပဲလေ၊ ဒီရင်ထိုးကို ကိုဇေ့ လက်ထဲမှာ မြင်လိုက်ရင် ပထမဆုံး အထင်မြင်သေးခံရမှာက နှင်း ရယ် .."

"နေပါဦး မနှင်းဆီ .."

ကောင်းဇော် က မနေနိုင်တော့သဖြင့် နှင်းဆီ မတ်တတ်ရပ်နေတာကို လှမ်းကြည့်ကာ ...

"ဒီရင်ထိုးကို ခင်ဗျားရင်ဘတ်က ဖြုတ်ယူသွားတယ်ဆိုတည်းက သူနဲ့ခင်ဗျား ပတ်သက်ခဲ့ကြတာ အရှင်းကြီးပဲ၊ သခင် နဲ့ ပြတ်သွားတယ်ဆိုပေမယ့် .."

"အဟွန်း .. တစ်ယောက်နဲ့ ပြတ်တာနဲ့ တစ်ယောက်ဆီ တန်းပြန်ရောက်သွားတယ်လို့ ပြောချင်တာလား ..၊ သခင် နဲ့ တွဲနေတည်းက သူ တောက်လျှောက် တွယ်ကပ်နေခဲ့တာ ရှင်တို့လည်း သိတာပဲ၊ နှစ်ယောက်တည်း ရှင်းမှုဖြစ်မယ့်ကိစ္စရှိရင် ရှင်းရမှာပဲလေ ..၊ လမ်းဘေးမှာ စကားရပ်ပြောနေတုန်း သူ ဖြုတ်သွားတာ သက်သေရှိပါတယ်၊ အဲ့ဒါ ဘယ်သူ့ ထင်လို့လဲ .."

မျက်ခုံးလေးပင့်၍ မေးနေတာကို ကျော်သက် အသည်းယားနေမိသည်။

"သူက ဒေါ်ဘုံမြင့်စံ .."

"ဘာ!..."

သခင့် ထံမှ နောက်ထပ် 'ဘာ ..'တစ်လုံး ဆောင့်ခုန်ထွက်လာ၏။ ကြည့်သည့်မျက်လုံးတွေက နှင်းဆီ စကားပြောမှားသွားတာနှင့် သေနအောင် ရိုက်သတ်တော့မည့် ဒေါသတွေအပြည့် ..၊

"နှင်း တကယ်ပြောတာ ..၊ ယူ့တို့ သုံးယောက်လို့ ခုနက ထည့်






www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာ ဒေါ်ဘုံမြင့်စံ ပါနေလို့ပေါ့၊ သူနဲ့ ကိုဇေ တို့ ရင်းနှီးတယ် ထင်တယ်၊ ရင်ထိုးကိစ္စ ပြဿနာဖြစ်ကြတော့ ကိုဇေ့ ကို သူပဲ လာဆွဲခေါ် သွားတာ ..''

"မနှင်းဆီ .. ခင်ဗျား စကားပြောတာ ဆင်ခြင်သင့်တယ်ဗျာ .. ဒီကောင့်စိတ်ကို သိရဲ့သားနဲ့ ..''

"ဟုတ်တယ် .. သူ့အိမ်မှာ ပြဿနာတွေ တစ်ခုပြီးတစ်ခု ပေါ်နေတုန်း ခင်ဗျား ဒါတွေ လျှောက်ပြောသွားတာ ရှော့ခ် ရှိပါယ်နော် ..''

"လျှောက်ပြောတာ တစ်ခွန်းမှ မပါဘူး ကိုကောင်းဇော်၊ ကိုဇေ က နှင်း မကြိုက်လို့ထားခဲ့တဲ့ ချစ်သူဟောင်းပေမယ့် ဒေါ်ဘုံမြင့်စံ နဲ့ငဲ ထပ်ပြီး ပတ်သက်နေတာတော့ နည်းနည်းတင်းတယ် ..''

သူမ ပြောပုံက သခင် နဲ့ ဘုံ လက်ထပ်သွားခဲ့တာကို ဘယ် လောက်ထိ ခံစားခဲ့ရကြောင်း ဝန်ခံလိုက်တာမျိုး ..။

"ဘယ်လောက်ထိလဲ သိလား ..၊ သူတို့ ဘာကြောင့် ရင်းနှီးနေတာ ရော ..၊ ဘယ်တုန်းတည်းက ရင်းနှီးခဲ့တာလဲဆိုတာရော အားလုံး ခေါင်း ထဲကို ရောက်လာတယ်၊ ဒီလိုပြောလို့ နှင်း ကို တစ်မျိုးတော့ မတွေးနဲ့ နော် ..၊ အချစ်နဲ့ မသက်ဆိုင်တဲ့ မာနနဲ့ပတ်သက်တာ တစ်ခုခုပေါ့၊ ယူ့လေဒီကို ကိုဇေ က ဘယ်လိုခေါ်လဲဆိုတာရော သိချင်သေးလား .. 'မမ'တဲ့ ..''

အနီရောင်ရင့်တက်လာသည့် မျက်နှာကို နှင်းဆီ က မျက်တောင် ဖျားတို့ စင်း၍ စိုက်ကြည့်၏။ ဘာဖြစ်လို့ ဒီလောက်ထိ ထိန်းသိမ်းထား နိုင်တာလဲဆိုတာ တွေးရင်း နှုတ်ခမ်းမှာ မဲ့ပြုံးတွေလည်း ဖြစ်မိ၏။

အစတုန်းက ဘာလိုလို ကြွေးကြော်သံတွေနဲ့ လက်ထပ်ခဲ့ပြီးမှ ဒီမျက်နှာက ဘာဖြစ်လို့ နီရဲလာရတာလဲ .. ဒေါသဖြစ်နေတယ်ဆိုရင် လည်း ဝှန်းဒိုင်းပေါက်ကွဲလိုက်လို့ ရတာပဲ။

လုပ်စမ်းပါ ..။





"ဒါပဲနော် .. ဒီလက်ဆောင်တွေ ပြန်လက်ခံပေးလို့ ကျေးဇူးပဲ အားလုံး၏ မျက်နှာတွေကို နောက်ဆုံး တစ်ပတ်ဝေ့ကြည့်ပြီးမှ နှင်းဆီ က လှည့်ထွက်သွား၏။

စစ်စိမ်းရောင်ပုတ်ပုတ် အပျော့သားလေးကို ခြေသလုံးတစ်ဝက် လောက် တစ်ဆက်တည်း ကိုယ်ကျပ်လေး ဝတ်ထားသော နှင်းဆီ ၏ ဒီ.ပ်ဟန်နွဲ့နွဲ့က ဒေါက်မြင့်ဖိနပ်ချွန်ချွန်လေးနှင့် ရှုမငြီးအောင် လှနေ ား.

ဒါပေမယ့် သခင် စိုက်ကြည့်နေတာက သူမရဲ့အလှအပတွေကို ရှုမငြီးနိုင်လို့ မဟုတ်ပေ။ ကြည့်သာကြည့်နေ မမြင်ရဆိုတာလို ..၊ သူ့ မျက်အာရုံထဲမှာ မြင်နေတာက ဇေယျာ နဲ့ ဘုံ က တစ်လှည့်စီ ..။

"သခင် ..''

ကျော်သက် က ထိုင်နေရာကနေ ထ၍ သခင့် ရှေ့မှာ လာရပ်ကာ...

"မဘုံ နဲ့ ဇေယျာ ရင်းနှီးကယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ..''

"မင်းကလည်း .. နှင်းဆီ ပိုပိုသာသာ ပြောသွားတာသာ ရှိရင်ရှိ မယ်၊ ဒါကြီးကိုတော့ မဟုတ်ဘဲ ပြောမှာ မဟုတ်ဘူး ..၊ သခင် .. မင်း အဲဒီပုံစံ နည်းနည်းမှ မဖြစ်ဖူးဘူးလား ..''

မျက်မှောင်ကုတ်ထားရင်း သခင် က ခေါင်းခါပြသည်။

"လုံးဝ မထင်ခဲ့ဘူး ..''

"အေးလေ .. ကိုကိုမောင် နဲ့တုန်းကလည်း မွေးနေ့ပွဲမှာ ပြန်ဆုံ တာမှ တကယ့်ချစ်ဖူးသူတွေလို အလွမ်းရင့်ကုန်ကြတာ ..၊ အဲဒီလိုသာ အကျွမ်းတဝင် ပတ်သက်ခဲ့ကြတာဆို မင်းလည်း နောက်ထပ် ကျိုင်ပတ် ဦးမှာပဲ ..''

"ဘယ်လိုဖြစ်တာလဲ ..၊ မဘုံ က အဲဒီလောက်တောင် ဆွဲဆောင် မှု ရှိနေလို့လား ..၊ တကယ့်ကောင်တွေနဲ့ချည်းပဲ ငြိတာ .. လန်တယ်..''

"လန့်မနေပါနဲ့ .. ဟုတ်ချင်မှ ဟုတ်မှာကို ..''



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချည်းပဲ ဝေဖန်နေကြစဉ် သခင် က အသံတိတ်နေ၏။ ပြီးတော့မှ ...

"ဘို့ ဘက်က မဖြစ်နိုင်ပါဘူး .."

"ဒါလည်း ဟုတ်တယ်ကွ .. လူငယ်ပေမယ့် ဦးကိုကိုမောင် လိုဘဲကြီးကိုတောင် မမဘုံ တုံ့ပြန်ခဲ့တာမှ မဟုတ်တာ၊ နောက်ပြီး မင်းကိုတောင် ခုချိန်ထိ အဝါကတ်ပြထားတဲ့ဟာ ..၊ ဇေယျူ နဲ့ ငြိခဲ့တာ သိဝ်တော့ မဖြစ်နိုင်ပါဘူး .."

ကျော်သက် က ကောင်းဇော် ပြောတာကို အပြည့်အဝတော့ မထောက်ခံ ..။

"မဖြစ်နိုင်တာ မရှိဘူးဆိုတာလည်း မမေ့ကြနဲ့ ..၊ မင်းက ပိုပြီး သတိထား သခင်၊ မမဘုံ ကို မင်း လုံးဝ အေးဆေးလိုင်းထဲ ထည့်ပိတ်ထားခဲ့တာနော်၊ ကိုကိုမောင် ဆိုတဲ့ လူကြီးကြောင့် ကိုယ့်ရင်ဘတ်ကို ငုံ့ကြည့်ဖြစ်တာ မဟုတ်ဘူးလား ..၊ ကိုယ့်လိုလူတောင် ဒီလောက် ဖြစ်သွားခဲ့တာ သူများလည်း ဖြစ်တာပဲဆိုရင် ဖြေနိုင်အောင်သာ ကြိုးစားထား .."

"ဘာလို့ ဖြေရမှာလဲ .."

သခင့် မျက်နှာက တင်းနေကာ ဘေးမှာချထားသည့် နှင်းဆီ ပြန်ပေးခဲ့သော လက်ဆောင်ဘူးကို ရေပြင်ဆီ ဗိုးခနဲ လွှဲပစ်လိုက်သည်။

"ဟာ!... သခင့် .."

"လုပ်ပြီ .. တွေ့လား .."

ကျော်သက် တို့ တစ်ယောက်တစ်ခွန်းအသံတွေ ထွက်သွားကြကာ ...

"ဒေါသလျှော့သင့်နေပြီလို့ ခုပဲ ပြောနေကြတာ ပါးစပ်မပိတ်သေးဘူး .."

"အေးလေ .. နှမြောစရာ .."





သခင် နှမြောနေတာက နှလုံးသားတစ်စုံပဲ ဖြစ်သည်။ အရိုးသားဆုံးလို့ သူ ထင်ထား မြတ်နိုးခဲ့သည့် ဘုံမြင့်စံ ဆိုသော မိန်းမ၏ နှလုံးသားထဲမှာ တခြားသူတွေ ဆေးရောင်ခြယ်ထားပြီးဖြစ်နေတာကို နာကျင်နေမိသည်။

သူ တကယ်ကို မတွေးခဲ့ဘူးတာပါ။

စပြီး ဆုံခဲ့ကြစဉ်တည်းက ဘုံ ပြန်ကြည့်တဲ့အကြည့် ..၊ ပြောတဲ့ ခပ်တိုးတိုး အူကြောင်ကြောင် စကားတွေ ..၊ နောက်ပြီး အံ့သြသွားပြီဆို ပြူးတူးပြဲတဲ့ မျက်နှာ ..။

"ကျွတ်!... ကွာ .."

သူ နေရာမှထရပ်ကာ ကန်ပေါင်အုတ်ခုံကို ခြေစောင်းနှင့် လွှဲကန်ပစ်မိသည်။

"မမ တဲ့ .."

'မမ'လို့ ခေါ်တာက ဘာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄၈)

ကုမ္မဏီက အိမ်ပြန်နောက်ကျသဖြင့် အခန်းထဲဝင်လာတာနှင့် လက်ကိုင်အိတ်ကို စားပွဲပေါ်မှာတင်လိုက်ကာ အပေါ်ထပ်အင်္ကျီကို ချွတ်သည်။ ပြီးတော့ ချိတ်တစ်ချောင်းယူ၍ ပုံပန်းတကျ ချိတ်နေတုန်း ...

"ခဏဝင်မယ် .."

"ဟင်!..."

ခွင့်တောင်းတာမဟုတ်ဘဲ အသိပေးသလိုပြော၍ လှည့်ကြည့်လိုက်တဲ့အချိန်မှာ သခင် က ဝင်လာနေပြီ ဖြစ်၏။ တမင်ဘာကာ အခန်းခွဲ အိပ်နေကြတာကို မပြောမဆို ..။

"ဘာလုပ်ဖို့လဲ သခင် ..၊ မင်း အဲဒီလိုပြုမူတာ အရမ်းရိုင်းတယ် နော် .."

"မတတ်နိုင်ဘူး"

မျက်နှာက တင်းနေသည်။ ပြီးတော့ လက်ကိုင်အိတ်ဆီကိုလျှောက် သွားကာ ...

"ဘာလုပ်တာလဲ .."





အိတ်ကို ဆိုးဆိုးဆတ်ဆတ် ဖွင့်ကြည့်နေသဖြင့် ဘုံ တအံ့တဩကြည့် သွားကာ ဒေါသဖြစ်ဖို့တောင် မေ့၏။ ထိုစဉ် သခင့် လက်ထဲမှာပါလာ တာ သူမ အပြင်သွားတိုင်း ထည့်ယူသွားတတ်သည့် ဇေယျ ရဲ့ရင်ထိုး..။

"ဒါ .. ဘယ်သူပေးထားတာလဲ .."

မျက်လုံးက စူးစူးရဲရဲဖြစ်ကာ လူပဲ ထသတ်တော့မလိုလို မေးလိုက်တော့ အံကြိတ်သံနှင့် ..၊

"ဖြေစမ်းပါ ..၊ ဒါ ဘယ်သူ့ဟာလဲလို့ .."

ကြည့်စမ်း ..၊ မေးပုံက မဖြေရင် ရိုက်စစ်တော့မယ့်အတိုင်းပါ လား ..။

ဒီရင်တိုးပိုင်ရှင် ကိုဇေ ဆိုတာကောင် ကြားကော့ကြားခဲ့လိုက်ပြီး အစဖော်မရလို့ မနည်း ပြန်စဉ်းစားခဲ့ရတာ ..။

"ဘုံ .."

ဖျတ်ခနဲ အနားရောက်လာပြီး လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင် အော်လိုက်သဖြင့် ဘုံ လန့်သွားကာ ရှက်စိပ်ကြောင့် လူက မှုန်ဟူသွား သည်။

"ဘာလဲ ..၊ လွှတ်စမ်းပါ လက်ကို .."

"ခင်ဗျားကို မေးနေတာလေ ..၊ ဒီရင်ထိုး ဘယ်သူ့ဟာလဲ .."

မေးပုံက သွေးရူးသွေးတန်း ဆန်လာသည်။ ဘုံ ကိုယ်တိုင် အဖြေ ပျောက်သွားမှာကို အထိတ်တလန့်ဖြစ်သွားမိကာ ရင်ထိုးနဲ့ သူ့ကို ဆက်စပ် ကြည့်ရင်း ...

"ဒါ .. သူများဟာ .."

"သိတယ် .. ခင်ဗျားလက်ထဲ ရောက်နေရတဲ့အကြောင်းကို မေး နေတာ .."

"ကိုဇေ ဆိုတဲ့ ကောင်လေးကို .."

"သမီး .. သမီးရေ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နု ၏ ငိုသံပါကြီးနှင့်ခေါ်သံကြောင့် နှစ်ယောက်စလုံး ဆတ်ခနဲ ဖြစ်သွားကြသည်။

"ဒေါ်ဒေါ်နု ဘာဖြစ်လို့လဲ .."

ဘုံ ကမန်းကတန်းသွားပြီး တံခါးဖွင့်လိုက်လျှင် ဒေါ်နု က မျက်ရည်စွေနေသည့် မျက်နှာနီနီကြီးနှင့် ...

"ဆရာ .. ဆရာကြီး မူးလဲပြီး ဆေးရုံတင်လိုက်ရတယ်တဲ့ ..၊ အသက်အန္တရာယ် စိုးရိမ်ရတယ်တဲ့ .."

"ဟင်!... မာမီရော .."

"မမကြီး ဘုရားကိုးဆူသွားတာ ပြန်မလာသေးဘူးလေ .."

ထိုညနေမှာ အရာခပ်သိမ်းကို ထားခဲ့ပြီး ဆေးရုံကို အားသွန်ခွန်စိုက် ပြေးလိုက်ရသဖြင့် ပြဿနာက မပြီးသေးဘဲ ရပ်တန့်သွားသည်။

ဦးခင်ထွန်း အခြေအနေကတော့ သတိသာ ရလာသည်၊ အာရုံကြောထိခိုက်သွားသဖြင့် စကားမပြောနိုင်တော့သည့် ဝေဒနာဆိုးကြီး ကျန်ရစ်ခဲ့လေသည်။

အဆိုးအကောင်းများနှင့် ဒွန်တွဲဖန်ဆင်းသော လောက၏ပဋ္ဌလက်တို့သည် ..၊





## အခန်း (၄၉)

"မငိုပါနဲ့ မာမီရယ် .. ဘုံ တစ်ယောက်လုံး ရှိပါတယ် ..၊ ဒက်ဒီ လုပ်ငန်းတွေနဲ့ ဘုံ မစိမ်းသက်ပါဘူး .."

"စိမ်းစိမ်းကျက်ကျက် .. ခင်ဗျား ကိုယ့်မာနနဲ့ကိုယ် တစ်နွယ်တစ်စင်ထောင်ခဲ့တာပဲ၊ ဒက်ဒီအလုပ်ကိစ္စတွေကို ခေါင်းထဲထည့်ပေးဖို့ မလိုပါဘူး .."

လူမမာကို ရှေ့မှာထားပြီး ခုတင်ရဲ့ ဟိုဘက်နဲ့ဒီဘက် မျက်လုံးချင်းဒိုင်းခနဲ ဆုံ၏။ နာကျင်မှုနှင့် ဒေါသတို့ကြောင့် သခင့် မျက်နှာက နီရဲခက်ထန်နေကာ ဘုံ က နားမလည်တာရော ..၊ အထင်မြင်သေးတာတွေရောလျက် ...

"ဟိုအစတည်းက ငါ့အလုပ်ကို ငါ လုပ်ကိုင်ဦးစီးနိုင်ဖို့ ကြိုးစားလေ့ကျင့်ခဲ့တာပါ ..၊ မင်းနဲ့လက်ထပ်ပြီးမှ မာန တမင်ပြတာ မဟုတ်ဘူး .."

"ဟုတ်ပါပြီ.. အဲဒီတော့ ကိုယ့်အလုပ်ပဲ ကိုယ်ဆက်လုပ်၊ ဦးနှောက်ခြောက်ခံပြီး အပိုတွေ ထည့်မစဉ်းစားနဲ့ .."

"သား .. တစိမ်းတွေလည်း မဟုတ်ဘဲနဲ့ကွယ် ..၊ မင်းဒက်ဒီ နာမကျန်းဖြစ်နေတုန်း ဆင်ခြင်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"နာမကျန်းဖြစ်နေလို့ ဒီအလုပ်ကိစ္စတွေ ကျွန်တော့်ခေါင်း[illegible] ထည့်လိုက်တာ မာမီ ...၊ သားတစ်ယောက်ရှိလျက်နဲ့ မာမီ ဘယ်သူ့ကို[illegible] အားကိုးဖို့ မလိုဘူး .."

"ဟွန်း .. ဟွန်း .."

ဘုံ ထရယ်လိုက်သည့်လေသံကြောင့် သခင့် မျက်နှာ တင်းခဲ့[illegible] သွားသည်။ ပိုဆိုးသွားတာက ရှေ့ဆက်လာသည့် စကားလုံးတွေကြောင့်[illegible]

"လိုအပ်လာမှ မင်းခေါင်းထဲ ကောက်ထည့်လိုက်လို့ အားလုံး[illegible] အဆင်ပြေ ချောမွေ့သွားမှာလား သခင် .."

ဘုံ က ပြောနေရင်း နေရာမှ ထရပ်လိုက်တော့ ...

"အပြောနဲ့လက်တွေ့ မတွေ့နိုင်ဘူးဆိုတာ[illegible] မင်း နားမလည်[illegible] သေးဘူး .."

တစ်လုံးချင်းပြောပြီး အခန်းပြင် ထွက်သွား၏။ သခင် မျက်[illegible] ထရပ်လိုက်၏။

"သား .."

"ဆွေးနွေးမလို့ပါ .. မာမီ အေးအေးနေ .."

ပြောပြီးတာနှင့် အပြင်ကိုထွက်လိုက်ခဲ့သည့် ခြေလှမ်းတွေက [illegible] မာနအပြည့်နှင့် ..၊

"ဒေါ်ဘုံမြင့်စံ .."

ဘုံ လှည့်မကြည့်ပေမယ့် ခြေလှမ်းတွေ တုံ့သွား၏။ ဒီလိုခြေ[illegible] တွေနဲ့ နောက်က ထက်ကြပ်မကွာ ပါလာမှာပဲဆိုတာ သိနေပြီးသား[illegible] ပြုံးမိသည်။ ဒါပေမယ့် သူ ကိုယ့်ရှေ့ရောက်လာတော့ ဘုံ က တည်[illegible] သည့်အကြည့်တို့ဖြင့် ပြင်ဆင်ပြီးဖြစ်ကာ ...

"ဘာလဲ .."

"အပြောနဲ့လက်တွေ့ တစ်ထပ်တည်းကျအောင် ကျွန်တော် လုပ်[illegible] မယ် .."





"လုပ်ပေါ့ .. မင်းက ပြောနိုင်တဲ့သူပဲ၊ လက်တွေ့ဆိုတာတော့ အနာ ဂတ်မှာလေ"

"ဟွန်း .. ခင်ဗျားရဲ့မဲ့ပြုံးတွေကိုသာ ဆက်လက်ထိန်းသိမ်းထားနိုင် အောင် ကြိုးစားစမ်းပါ၊ ခင်ဗျားက 'ပင့်မြင့်စံ'မှာ ပင်တိုင်စံဖြစ်သလို ကျွန်တော် လုပ်ပြမယ့် လက်တွေ့ကလည်း ဦးခင်ထွန်း ရဲ့သား မဟုတ် ဘူး .. 'ပန်းသခင်'ကိုယ်တိုင် ဘုရင် .. ကိုယ်တိုင် သခင် .."

"ဟား .. ဟား .. ဟား ..."

သွားတန်းလေးတွေပေါ်အောင် ရယ်ရင်း မျက်နှာလေးမော့လိုက် တော့ သခင် အံကြိတ်သည်။ ဒီမိန်းမကိုမှ သူ ဘာဖြစ်လို့ ချစ်မိသွားတာ လဲ ...၊ နားသယ်စပ်မှဆင်းသော ရှိန်းမြမြ ဆံယဉ်စတို့သည် ပါးမို့ပြေပြေ လေးနားထိ ရှိန်းဖြာဖြန့်ခင်း၍ မျက်နှာလေးတစ်ပြင်လုံးက အပြစ်အနာ အာမှမရှိ ...။

သိပ်တော့လှတာ မဟုတ်ဘဲ ကိုယ့်နှလုံးသားကို ဘယ်လိုအရာနဲ့ ဆွဲဆောင်သွားခဲ့တာလဲ ...၊ မြတ်နိုးစိတ်တွေ သောင်းသောင်းဖျဖျ ဖြစ်လာ ပြီဆိုမှ ဒီပါးပြင် .. ဒီနှုတ်ခမ်းလေးတွေက မျက်လုံးထဲမှာ အလှဆုံးဖြစ် လာတာကို မကျေနပ်ချင် ...။

သူမသည် ကျေနပ်အောင် ရယ်နေပြီးမှ စိုက်ကြည့်နေသည့် သခင့် မျက်နှာပေါ် အကြည့်တွေ ပြန်ရောက်၍ ...

"ဒါဆို ဒက်ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး တို့ မလိုအပ်ဘူးပေါ့ .. ဟုတ် လား .."

သခင် က ဟွန့်ခနဲ မဲ့လိုက်ပြီး ခပ်ချဉ်ချဉ်စိုက်ကြည့်သည်။ တစ်ခွန်း မှ ပြန်မဖြေမှ ဘုံ က ခေါင်းညိတ်၍ ...

"ကောင်းပါတယ်.. တို့လည်း တာဝန်ပေါ့တာပေါ့၊ ဒါပေမယ့် မာမီ့ ကိုတော့ ဒါ မင်း ဆုံးဖြတ်တဲ့အတိုင်းပဲဆိုတာ အသိပေးမှ ဖြစ်မှာနော်.."

သခင် က ကြည်လှဲ့နေသည့် သူ့မမျက်ဝန်းလေးတွေကို စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ချာခနဲ လှည့်ထွက်သွားသည်။

ဘုံ့ မျက်နှာလေး ပြုံးနေရာကနေ တဖြည်းဖြည်း တည်သွားခဲ့ သခင့် မာနတွေ ရှန်းကြွလာတာဟာ စီးပွားရေးအပေါ် စူးစိုက်လာခြင်း ဝမ်းသာစရာပါ။ ဒါပေမယ့် ဒီလောကထဲကို အစိမ်းသက်သက်ကြီး ထ ယောက်တည်း ဝင်ရပ်တည်ဖို့က မဖြစ်နိုင် ...။

စိုးရိမ်စိတ်တွေနှင့် ဘုံ နေရာမှာပဲ မလှုပ်မယှက် ရပ်နေခဲ့မိသည် သခင် ပြောတဲ့အတိုင်း သူမ မဆိုင်သလို နေလိုက်လို့ ဖြစ်ပါ့မလား ...

ဒက်ဒီနဲ့ မာမီ့မျက်နှာကို မငဲ့မညှာလုပ်ချလိုက်ဖို့အတွက် သခ က ဆုံးဖြတ်ရဲရင်တောင် ကိုယ်က လူငယ်တစ်ယောက်လို တစ်ဇွတ် မာနတွေထားလိုက်ဖို့ မဖြစ်နိုင် ...။

ဒါဆို ဘယ်လိုလုပ်ရမလဲ ...၊ သခင် ကတော့ 'လေ့ခွက်ချည်း အလံမလှဲ'ဆိုသည့် မာနနှင့် မရမကလုပ်တော့မှာ သေချာသည်။ ဒီထဲ ဖြစ်နိုင်ခြေကို ဘယ်လောက်ပါစန့်နဲ့ ထားကြည့်နိုင်မလဲ ...။

"သမီး .."

"ရှင် .."

ဒေါ်ပန်းသီခိုင် က စိတ်ပူနေသည့်မျက်နှာနှင့် ဘုံ့ ကို သေချာ ခတ်ကာ ...

"သားက ဘာတွေပြောသွားတာလဲ ...၊ သမီးတို့ စကားများကြ လားဟင် .."

"မများပါဘူး မာမီ .. သူ ဒက်ဒီ့ကိုယ်စား ဦးဆောင်လုပ်မယ် ပြောသွားတာ"

"ဟင်!... ဘယ်လို .."

ပြောတဲ့စကားနဲ့ ဘုံ့ မျက်နှာလေးကို ကြည့်လိုက်တာနဲ့ သား သွားနိုင်သည့်ပုံစံကို ဒေါ်ပန်းသီခိုင် တွေးမိလိုက်၏။

"သမီးရယ် .. သားဘက်က စကားပြောမှားတာတွေရှိရင်





စိတ်ထဲမှာ တတ်နိုင်သမျှ မေတ္တာနဲ့ ကြည့်ပေးပါကွယ် .. နော်၊ တတ်နိုင်ဆုံးပေါ့ .. အဆုံးစွန်ထိ သည်းခံပါလို့တော့ မာမီ မပြောပါဘူး၊ သူ့ဒက်ဒီ ခုလို ရုတ်တရက်ကြီး ဖြစ်သွားတော့ .."

"မာမီ .."

ဘုံ က ဒေါ်ပန်းသီခိုင် လက်ဖဝါးကို ထပ်ဆုပ်ကိုင်လိုက်ကာ ...

"ဘုံ အားလုံးကို နားလည်ပါတယ် မာမီ၊ ဒက်ဒီက ဘုံ့ အတွက် ဆရာလည်း ဟုတ်၊ မိဘဆိုလည်း ဟုတ်တာပဲ၊ သခင် ကလည်း ဘုံ့ ရဲ့ ခင်ပွန်းပါ"

"အေးပါ သမီးရယ် .."

ဒေါ်ပန်းသီခိုင် ခင်ပွန်းသည်အတွက် ယူကျုံးမရစိတ်တို့နှင့် ဝမ်းနည်းဝမ်းသာ ရောထွေးကာ မျက်ရည်တွေပါ ကျ၏။ ထို့ကြောင့် ဘုံ က ပခုံးလေးကိုဖက်၍ ...

"ဟိုရက်ပိုင်းတုန်းက သခင့် အပေါ်မှာ ငြိုငြင်မိတဲ့စိတ်တွေ ဖြစ်ခဲ့တာကိုလည်း ဒီအချိန်မှာ ဘုံ နားလည်နိုင်အောင် ကြိုးစားမှာပါ၊ မာမီ ဘာမှမပူနဲ့နော် .."

"ကျေးဇူးတင်ပါတယ် သမီးရယ်.. ဝမ်းလည်း သာပါတယ်၊ မာမီ့ဆန္ဒကတော့ သမီးရဲ့စီးပွားနဲ့ မာမီတို့စီးပွား နှစ်ရပ်ပေါင်းပြီး သားနဲ့သမီးတို့က ဦးစီးသွားမယ်ဆိုရင် အတိုင်းထက်အလွန်ပဲလို့ မျှော်လင့်မိတာ၊ သား မကျွမ်းကျင်သေးတာတွေက သမီးလက်ထဲမှာပဲရှိနေတော့ ဗူးနွှေ မပျက် ရိုင်းပင်းသွားလို့ ရတယ်မို့လား .."

ဘုံ မျက်နှာလေး ပျက်သွားသည်။ လုပ်ငန်းချင်းဆိုတာက တကယ်တော့ မယှဉ်သာသည့် အတိုင်းအဆတွေပါ။ ကိုယ်ကိုယ်တိုင်က ကိုယ်တိုင်ကြိုးစားပြီး အမီလိုက်ချင်တာ ဖြစ်သည်။

ခုချိန်ကျမှ ပေါင်းစည်းလိုက်ပြန်ရင်လည်း အခွင့်ကောင်းရသွားသည်လို့ ပြောကြမှာဖြစ်သလို သူမကိုယ်တိုင်က ဒီလိုအဖြစ်မခံနိုင်ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သခင် ကိုယ်တိုင်က လက်ခံမှာ မဟုတ်တာလည်း သေချာပါသည်။ ဦးဆောင်သူမဲ့သွားသည့် ဒက်ဒီ့ကုမ္ပဏီကို မကျွမ်းကျင်တဲ့သူ ဦးဆောင်လို့ ဖရိုဖရဲ တိမ်းစောင်းသွားခဲ့ရင်ရော .. စိတ်ထဲမှာ လေးလံသွားမိသည်။ ပြိုင်ဘက်မဟုတ်သည့် အားနည်းတဲ့ဘက်အပေါ် အပြိုင်အဆိုင် လိုက်မိတာရော ဒါ ဘာကောင်းလို့လဲ ...၊

"သမီး .. မာမီပြောတာ ဘယ်လိုလဲ ...၊ ခု မပြောနိုင်သေးရင်လည်း ခေါင်းထဲ ထည့်ထားပေးပါကွယ် .."

"ဟုတ်ကဲ့ပါ မာမီ .. အလုပ်ကိစ္စတွေကြောင့် ထပ်ပြီး စိတ်ပင်ပန်း မခံပါနဲ့တော့၊ ဒက်ဒီ့ကျန်းမာရေးကိုပဲ ဂရုစိုက်ပါ၊ သခင် နဲ့ဖြစ်ဖြစ် အလုပ်ကိစ္စတွေ ဘယ်လောက်ရှုပ်ထွေးလာလာ ဘုံ က မာမီတို့ရဲ့သမီးလို့ မှတ်ပြီး ယုံကြည် စိတ်ချလိုက်ပါ"

ဒေါ်ပန်းသီခိုင် ငိုမျက်ဝန်းနှင့် ပြုံးရှာသည်။

"ပြီးတော့လေ .. ဘုံ နဲ့ သခင် ဘာကိစ္စကိုပြောပြော စကားအနိုင်လု ပြောမိတာတွေလည်း ရှိမှာမို့လို့ .. အဲဒါတွေကိုလိုက်ပြီး မာမီ စိတ်ဆင်းရဲ မနေနဲ့နော် ...၊ ဘုံ က စိတ်ထဲရှိသလို ပြောတတ်ပေမယ့် အကြာကြီး မွေးမြူမထားတဲ့သူပါ .."

စကားကိုတော့ အကုန်ပြောမိပါပြီ။ မာမီ စိတ်ချမ်းသာစေချင်လို့ပါ။ ဒါပေမယ့် သခင့် နှုတ်ဖျားက တစ်ဖက်သားအပေါ် အနိုင်ယူ ဖိစီးလွန်းသည့်စကားတွေ ပြောလာတိုင်း သည်းခံနိုင်ပါ့မလားဆိုတာ ကိုယ့်ဘက်က မသေချာသေး ...။

သေချာပေါက် စိတ်ချမ်းသာသွားပုံရသည့် မာမီ့မျက်နှာက အပြုံးကတော့ တော်တော်ကြာတဲ့အထိ နိုင်မြဲနေခဲ့ပြီး ...

"သမီးလေး စိတ်ချမ်းသာ ကိုယ်ကျန်းမာနဲ့ ပြည့်စုံပါစေ" တဲ့ ...





အခန်း (၅၀)

"ပြည့်စုံမှုဆိုတာ ဘယ်မှာမှမရှိဘူး မာမီ .. မိုးပေါ်က သိကြားမင်းကို သွားမေးကြည့်ဦးမလား ...၊ သူ့အတွက် နတ်သမီးတွေ နည်းနေသေးလို့ ညည်းလိမ့်မယ် .."

ကော်ဖီပန်းကန်ကို ခွက်ခနဲချ၍ မျက်လုံးက ဘုံ့ ဆီ ရောက်သည်။

"အဲဒီတော့ ဖြစ်ဆဲကာလမှာ ဘာကိုမှ ဆုံးဖြတ်လို့မရဘူး၊ ဘယ်လို ဆုဖော်လောင်ဘက်မှလည်း မလိုဘူး၊ ပြည့်စုံတာ မစုံတာ.. ဖြစ်လာတာ လောတာ .. ဘာအတွက်ဖြစ်ဖြစ် .."

ပြောပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

"မုန့်လည်း မစားဘူး ...၊ ဘယ်ကိုလဲ သားရယ် .."

ဘုံ နဲ့ အလုပ်တွဲစေချင်လို့ စကားစရုံပဲ ရှိသေးသည်၊ ဘုံ ကလည်း ဘာတစ်ခွန်းမှမပြောရသေးဘဲ သူချည်းပဲ ဆုံးဖြတ်၊ သူပဲ အတည်ပြုလို့...၊

"မနက်စောစောက သား ဒက်ဒီနဲ့ဝင်တွေ့လိုက်တယ်မို့လား၊ ဘာတွေ ပြောခဲ့တာလဲဟင် ...၊ လူမမာကိုတော့ ဒီလိုစကားမျိုးတွေ သွားမပြောလိုက်ပါနဲ့ကွယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ခက်တာပဲ မာမီ .. ဒက်ဒီ စိတ်အေးအောင်လို့ သား တစ်ယောက်လုံးရှိပါတယ်၊ သား လုပ်နိုင်ပါတယ်လို့ ကတိတွေပေးရတဲ့ကိစ္စ ဘုံမြင့်စံ ခိုင်းတဲ့အတိုင်း လုပ်မှာမို့လို့ စိတ်ချပါ ပြောပေးရမှာလား -"

"သြော် .. သားရယ် .."

"ပူမနေနဲ့ မာမီ .. မာမီ့သားက စိတ်မဝင်စားဘူးဆိုရင် လုံးဝအရှင်း .. လုပ်ပြီဆိုရင်လည်း မတ်တတ် ဓောက်ထိုး ဘယ်လိုပုံစံကျကျ 'အောင်မယ်လေး' ဘယ်တော့မှ မအော်ဘူး .."

ပြောလိုက်ကာမှ မုန့်တစ်ခု ကောက်ယူပြီး ထွက်သွားသည်။ ဒေါ်ပန်းသီခိုင် ပင့်သက်မျှင်းမျှင်းချလိုက်ရင်း ဘုံ့ ကို ကြည့်ကာ ...

"သား ဘာတွေစီစဉ်ပြီး ခိုင်မာနေတာလဲ မသိဘူး သမီးရယ် - ဒီလောကမှာ သူ့ကို ပံ့ပိုးနိုင်မယ့် အသိမိတ်ဆွေလည်း ရှိတာမဟုတ်ဘူး သူ့အဖေရဲ့မိတ်ဆွေတွေတောင် သူ့ကိုသိတဲ့လူ သိပ်ရှိတာ မဟုတ်ဘူး-"

"စိတ်မပူပါနဲ့ မာမီ .. သခင် က ဇွဲရှိတဲ့သူပါ၊ ဘယ်အရာဖြစ်ဖြစ် ဇွဲနဘဲနဲ့ ကြိုးစားမှုဟာ အချည်းအနှီး မဖြစ်ပါဘူး၊ ဘုံ ပါဝင်ဖို့ကတော့ သူပြောသွားတာ မာမီ ကြားသားပဲ .."

"အေးပါ သမီးရယ် .. သူက မလိုဘူးဆိုမှတော့ ဘယ်သူက ဘာတတ်နိုင်ပါ့မလဲ .."

ကော်ဖီကို လက်စသတ်ပြီး အပြင်ထွက်လာတော့ သူ့ကား ထွက်သွားတာကို မြင်လိုက်ရသေးသည်။

ဘုံ ကတော့ ဝက်ဝွန်းအနီရောင်လေးနဲ့ မဟုတ်တော့ပါ။ ဒေါ်ပန်းသီခိုင် စီစဉ်ပေးသည့် သခင် စီးနေကျ ကားများထဲက တစ်စီးဖြစ်သည်။

ပြီးတော့ သွားဖြစ်သမျှ ဒရိုင်ဘာနဲ့ချည်းဖြစ်ကာ ကိုယ်တိုင်မောင်းတာက ရှံဖန်ရံခါ ..။

"ဦးဘခိုင် ခဏလေး အရှိန်ချလိုက်ပါဦး .."

ဘုံ ကားပေါ်ကနေ လှစ်ခနဲ မြင်လိုက်တာက သခင့် ကားလေး-





ဆိုင်ထဲကို ဘာမှမမြင်ရသဖြင့် လည်ပင်းလေးရှည်ကြည့်ပြီး ဒီတိုင်း ပြန်ထိုင်ချလိုက်ရကာ ...

"မောင်းတော့ ဦးဘခိုင် .."

နေ့တိုင်း ကုမ္ပဏီကို သွားနေတယ်ဆိုတာ ဒီနေရာတွေမှာ အချိန်ကုန်ပြီးမှလား ..၊

ဒက်ဒီ အိပ်ရာထဲလဲနေသည့်ကာလတွေမှာ သူ တာဝန်ကျေအောင် ကြိုးစားနေတယ်ဆိုတာ ဘာလဲ ..၊

စိတ်ပူလာမိသည့်အလျောက် လူကြီးတွေမျက်နှာကို ပြန်မြင်ကာ ဘုံ့ စိတ်တွေ နောက်ပြန်ရောက်နေမိသည်။

သူမ ဒီတိုင်းနေလို့တော့ မဖြစ်တော့ဘူးထင်သည်၊ ဒါဆို ဘယ်လို လုပ်မလဲ ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၁)

"ဒေါ်ဘုံမြင့်စံ အပြင်ခဏထွက်ပေးပါလား ..၊ ဒက်ဒီနဲ့ ပြောစရာရှိ လို့" တဲ့ ..။

မနေ့ညနေက အလုပ်ကအပြန် ဒက်ဒီ့အခန်းထဲမှာ မာမီနဲ့အတူ ရှိနေတုန်း သခင် ထဝ်ရောက်လာခဲ့သည်။ ပြီးတော့ ပေါ်တင်ပြောပြီး အပြင်ထွက်ခိုင်းသည်။

ဒက်ဒီနဲ့ပြောစရာ ဘာရှိလို့လဲ ..၊ ဒက်ဒီက စကားလည်း မပြောနိုင်၊ မွေးတဲ့အနံ့ နံ့တဲ့အနံ့ ဘာမှလည်း မရတော့ပေ။ ထို့ပြင် အာရုံကြောများ ကို ထိခိုက်သွားသဖြင့် လှုပ်ရှားမှု ထိန်းမထားဘဲ ထိုင်နိုင် ထနိုင်တာ မဟုတ် ..

ဒါပေမယ့် ဘုံ သာမကပါ၊ မာမီလည်း အပြင်ထွက်လိုက်လာခဲ့ရပြီး မျက်နှာမကောင်း။ မနေ့ကအဖြစ်တွေကို ပြန်တွေးနေရသဖြင့် ဒီမနက် ဘာလုပ်လုပ် အဆင်မပြေပါလား ..။

စိတ်ညစ်နေရသည့်ကြားထဲမှာ ဒက်ဒီ့အတွင်းရေးမှူး ဗျာများနေ တာကို ဒီနေ့ မြင်ခဲ့ရသဖြင့် စိတ်ပူနေမိတာ ထိုင်နေလို့တောင် မရတော့ တဲ့အဖြစ် ..။

"မမစံ ဖုန်းလာနေတယ် .."

အတွင်းရေးမှူးအသစ် စန္ဒာခင် က လှမ်းပြောမှ ချိတ်ထားသည့် ကုတ်အင်္ကျီထဲက ဖုန်းမြည်နေသံကို သတိထားမိသည်။





ကြည့်လိုက်တော့ သခင့် ဆီက ဖြစ်နေ၏။ သူ့အကြောင်း တွေးနေ တုန်း တိုက်ဆိုက်ဆိုင်ဆိုင်မို့ ..၊

"သခင် ပြောလေ .."

"ခင်ဗျားအိတ်ထဲမှာ ကျွန်တော့်ဖုန်း ပါသွားတယ်မို့လား၊ ကာဗာ အနီရစ်လေးနဲ့"

"ဟင့်အင်း .. မင်းဖုန်းကို တို့က ဘာလို့ ယူထည့်ထားရမှာလဲ.."

သခင့် မှာ ဖုန်းတွေ လေးငါးလုံး ရှိသည်။ ဘာတွေ ဒီလောက်ရှုပ် သုက်ခတ်အောင် သုံးစွဲနေမှန်းကို မသိပါ။ တစ်ခါတလေ သူ့ကိုယ်မှာ ရင်ဘတ်က မြည်၊ ဘောင်းဘီအိတ်ထဲက မြည်နှင့် တစ်ပြိုင်တည်း ထ မြည်ကြတာ ကြားလို့မကောင်း ..။

ဒါတွေကြောင့် ပြဿနာတက်ရတာလည်း အကြိမ်ကြိမ် ..။

ဒီတစ်ခါ ဘယ့်နှယ် ကိုယ်နဲ့ လာငြိရတာလဲ ..။

"သေချာပြန်ကြည့်ပါဦး .. ခင်ဗျားအိတ်ထဲကို .."

"ကြည့်ဖို့မလိုဘူး သခင် .. မဖြစ်နိုင်တာ .."

"ပြီးရောနော်.. နောက်ကျမှ တွေ့လို့ ဘာလေးညာလေးနဲ့ လေပြည် မထိုးနဲ့ .."

ဖုန်းချသွားသည့် မြည်သံလေး ကျန်ရစ်၏။ မဆီမဆိုင် စွပ်စွဲခံ လိုက်ရသဖြင့် ဒီက မေးချင်တာတောင် မမေးလိုက်ရ ..။

ဒက်ဒီ့ကျန်းမာရေး မညီမညွတ်ဖြစ်ပြီးတည်းက သခင် နဲ့ သူမရဲ့ အဆင်မပြေမှုတွေကို ဆွေးနွေးမှုမလုပ်ရဘဲ အပြီးသတ်ခဲ့ကြသည်။

ထို့ကြောင့် ဟိုအရင်အတိုင်းပဲ အခန်းထဲမှာ ခုတင်တစ်လုံးစီနှင့် နေခဲ့ကြပြီး ခေါ်ထူး မေးပြောထက် မပိုခဲ့ကြပေ။

ဒါပေမယ့် သူ့အခန်းနဲ့ ကိုယ့်အခန်း ဘာမှ ရောနှောဖို့မရှိဘဲ ဒီဖုန်း ပါလာစရာ ဘာအကြောင်းရှိလို့လဲ ..၊ အဓိပ္ပာယ်မရှိ ..။

"ဟင်!..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုနေပေမယ့် လက်ကတော့ အိတ်ကိုဖွင့်ရှာနေခဲ့တာမို့ ဖုန်းကို တကယ်တွေ့လိုက်တော့ ဘုံ မျက်လုံးတွေ ပြူးကျယ်သွားသည်။

မဟုတ်တာ ..၊

ဘုံ ခေါင်းခါရင်း ဖုန်းကို ကောက်ကိုင်လိုက်မိသည်။ ဘယ်လောက် ဦးနှောက်ခြောက်ရတဲ့အလုပ်မျိုး လုပ်နေရပါစေ .. ဘုံ ဒီလောက်ထိတော့ သတိမမေ့တတ်သေးဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံသည်။ စိတ်ထဲမှာ တစ်စုံတစ်ခုကို တွေးမိလိုက်သဖြင့် ထိုဖုန်းနဲ့ပဲ သူ့ဆီကို လှမ်းခေါ်လိုက်၏။

"ဟလို .."

"မင်း ငါ့အိတ်ထဲကို တမင်ထည့်လွှတ်လိုက်တာမို့လား .."

"ဖုန်းတွေ့လို့လား .. ဒီမှာ ဘာမှမပြောအားသေးဘူး၊ ရွှေအိမ်စည်မှာ လန့်ချ်စားရင်း ဆုံမယ် .. အိုခေနော် .."

"အို .. မင်း အိုခေတိုင်း တို့ မအိုခေပါဘူး၊ နေဦး .."

ဟိုဘက်က ရယ်လိုက်တာလား .. ဘာလား၊

ကြားလိုက်ပေမယ့် မေးချိန် မရလိုက်ပေ ..။

"ဘာလဲ ဘုံ .. ခင်ဗျား သူများကြိုးစားနေတာကို နှောင့်ယှက်ချင်တာလား .."

"မဟုတ်ဘူး .. မင်းဖုန်းကို တို့က .."

"အနားမှာ လူကြီးတွေရှိနေတယ်၊ ဘာတွေဆက်ပြောဦးမလို့လဲ"

"ဟင်!..."

သူ ဖုန်းချသွားတော့ ဘုံ ဒီတိုင်း ငေးကျန်ခဲ့ပြန်သည်။

ပြောတော့ပြောသွားတာ လေတစ်လုံး မိုးတစ်လုံး..၊

ဟုတ်တာ မဟုတ်တာ ဘာမှန်းမသိ ..။





## အခန်း (၅၂)

"သြော် .. မမစံ ဒီနေ့ အပြင်မှာ သွားစားမှာလား .."

"ဟုတ်တယ် .. နည်းနည်းကြာမယ် စန္ဒာ၊ တင်ဒါကိစ္စအတွက် နယ်က ဖုန်းလာဖို့ရှိတာတွေ ညီမပဲ လုပ်ထားလိုက်တော့ .."

"ဟုတ်ကဲ့ မမ .."

အပြင်ကို တစ်ခါတစ်ရံ ထွက်စားဖူးတာတောင် အလုပ်ကိစ္စအတွက် ရှိတတ်တာမို့ ဒီနေ့ တမင်ထွက်လာရတာကို စိတ်တိုမိသလိုလို။

'ရွှေအိမ်စည်' ဘယ်နားမှာမှန်းမသိလို့ ရှာလိုက်ရတာပဲ အချိန်ကုန်သွားတာ မနည်းမနော။

"အစ်မ .. ကားကို ဒီကြားထဲထိ ဆုတ်လိုက်ပါခင်ဗျာ"

"တော်ပြီပေါ့၊ အဲဒီလောက် ကတ်သီးကပ်သပ်ဆုတ်လိုက်လို့ တို့ကားဖင်ထိသွားရင် ဘယ်လိုလုပ်မလဲ .."

စိတ်ကမကြည်သလောက် စကားကောင်းလည်း မပြောမိတော့ပေ။ ပါကင်စောင့်သည့်လူ ခေါင်းကုတ်နေတာကိုတောင် မျက်မှောင်ကုတ်နှင့် ကြည့်လိုက်မိသေးသည်။

ကြေးဥစိမ်းရောင် အပေါ်ထပ်ပျော့ပျော့ကို အတွင်းခံ လည်ပိုက်အနက်လေးနှင့်တွဲဝတ်ကာ စိမ်းပြာရောင်သမ်းနေသည့် မျက်မှန်ကို ဆိုင်ထဲဝင်ကာမှ ကောက်တပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို သခင် ကလည်း ဆိုင်ထဲဝင်လာတည်းက လှမ်းမြင်သည်။ ဆံပင်အလယ်ခွဲ ပခုံးအောက်ပျော့ပျော့လေးနှင့် ဘုံ့ မျက်နှာလေးက သူ့ထက် အသက်ပိုကြီးသည်ဆိုရင် သိပ်တောင် ယုံချင်စရာ မရှိပါ။ စီးပွားရေးလောကမှာ အောင်မြင်မှုလေးရလာလို့ သူမကပဲ ပိုပြင်လာတာလား။ ဒါမှမဟုတ် အစတည်းက ဒီတိုင်းပဲကို သူ မကြည့်လို့ မသိခဲ့တာလား။

စားပွဲပေါ်မှာလက်တင်၍ လက်ဖဝါးချင်းဆုပ်ထားရင်း သူမ ဝင်လာတာကို စိမ်ပြေနပြေ ငေးကြည့်နေမိသည်။

ဒေါ်သတွေ မာနတွေနဲ့ အရင်းခံခဲ့ကြပြီး သူမနဲ့သူ တင်းတင်းပြတ်ပြတ်နေခဲ့ကြတာတောင် ရက်တွေကို လစားခဲ့ပြီဖြစ်သည်။ ထို့ပြင် –

အိမ်မှ ဒက်ဒီအခြေအနေကို အားမရလို့ မာမီကိုယ်တိုင် စင်ကာပူ ဆေးရုံထိ တက်ကုဖို့ စီစဉ်နေတာ ခရီးသွားဖို့ အားလုံး အဆင်သင့်ဖြစ်နေပြီ။

ဘုံ နဲ့ သူရော ဒီတိုင်း ဘယ်လောက်ထိ ဆက်နေကြမလဲ၊ ဆက်နေမယ်ဆိုရင်ရော သူ့ဘက်က ဖြစ်မလား.. မဖြစ်ဘူးလား ..၊ ဘုံ ကရော ပြောင်းလဲနိုင်မလား .. မပြောင်းလဲဘူးလား ..။

မာမီ ပြောသလို သူကိုယ်တိုင်က မာနတွေနဲ့ ပြန်ပြီးတုံ့ပြန်ခဲ့မိတာ မှန်သည်။ ဒါကြောင့် ပိုပြီး တင်းမာကုန်ကြတာကိုလည်း ဂရုမစိုက်ခဲ့ဘူး။

စိတ်က ချိုးနှိမ်ကဲ့ရဲ့ခံလိုက်ရခြင်းအတွက် တုံ့ပြန်နိုင်ဖို့တစ်ခုတည်း အပေါ်မှာသာ စူးစိုက် အချိန်ကုန်ခဲ့သည်။

သွေးဆူလွယ်သော တဏှာရူးတစ်ယောက်လို ခါးခါးသီး ငြင်းပယ်ခံရခြင်းအပေါ်မှာ ရှက်ခဲ့သည့် ယောကျ်ားမာနက သူမကို မေ့စေခဲ့၏။

ဒါတွေ ဒီလောက်နဲ့ ပြီးသင့်ပြီလား ..၊ မပြီးဘဲ ဒီတိုင်း ရှေ့ဆက်မလား၊ ပြောင်းရွှေ့ခဲ့သည့်အချိန်ကာလက ဘာမှတော့ မရှိသေးပေမယ့် ကိုယ်လည်း လွယ်လွယ်ပြောမထွက်သလို ကိုယ်မလိုလားတဲ့စကား ပြောလာမလားဆိုသည့်အတွေးက နှိပ်စက်လာသည်။





လူကြီးတွေ ခရီးထွက်သွားကြရင် သူနဲ့သူမ ဘယ်လိုရှေ့ဆက်မလဲ ဆိုတာကတော့ မေးဖို့လိုနေတာ သေချာပါပြီ။

သူ အချိန်ကိုက် မှာထားသည့် စတော်ဘယ်ရီမစ်ရှိတ် ရောက်လာသည်။ ဘုံ လည်း သူ့စားပွဲကို တန်းတန်းမတ်မတ်လျှောက်လာပြီဖြစ်၏။

သူမက လွယ်ထားသည့် ဆလင်းဘက်ခ်ကို ပခုံးကဖြုတ်ချပြီး တစ်ခုခု နှိုက်ယူနေ၏။ ဘာယူတာလဲဆိုတာ သူ သိသည်။

ပြီးတော့ သူမ ဒါကိုချပေးပြီး ချက်ချင်းပြန်တော့မည့် အချိန်မရခြင်းကိုပါ သရုပ်ဖော်နေတာမို့ ပြုံးလိုက်မိ၏။

ခင်ဗျား ခုချိန်ထိ နေနိုင်တုန်းပဲ ဘုံ ..၊

"ကဲ .."

ဘုံ က သူ့ရှေ့ရောက်လာသည်နှင့် မျက်မှန်ကိုပါ ချွတ်လိုက်ကာ စားပွဲပေါ်က အအေးနှစ်ခွက်ကို ဝေ့ခနဲ ကြည့်၏။ ထို့ပြင် ဖန်ခွက်ရှိနေသည့်ခုံမှာ နီးကပ်စွာ ရပ်လိုက်ပြီးမှ သေးကို ခြေလှမ်းရွှေ့၏။

"ရော .."

"ဘယ်လိုဖြစ်တာလဲ .. မထိုင်တော့ဘူးလား"

"သိပ်ထိုင်တာပေါ့ ..၊ ပြောစရာတွေမှ အများကြီးပဲ .."

ထိုင်စေချင်တာက တစ်ယောက်၊ ဝင်ထိုင်ချလိုက်တာက ရင့်ချစ်..၊ သခင် မျက်မှောင်ကုတ်သွားသည်။ ဘုံ က သေးကို တစ်လှမ်း ထပ်ရွှေ့ရပ်ကာ ...

"အဲဒီမှာ မင်းရဲ့ဖုန်း ..၊ ငါ့အိတ်ထဲ ဘယ်လိုရောက်နေမှန်း သိကိုမသိတာ၊ နောက်ကို ကိုယ့်အတွက် ဒီလောက်အရေးကြီးနေတဲ့ပစ္စည်း၊ ဟိုချ ဒီချ မချမိစေနဲ့ .."

ဘုံ က ရင့်ချစ် ကို စောင်း၍တောင် မကြည့်ပါ။ တကယ်ပဲ သူ ရင့်ချစ် နဲ့ချိန်းထားတယ်လို့ ထင်သွားမှန်း သခင် ချက်ချင်းသိလိုက်၏။

သူ ဘယ်လောက်ပဲပြောင်းလဲဖို့ ကြိုးစားပါစေ၊ ဘုံ့ မျက်လုံးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှမပြောင်းလဲခဲ့ဘူးလား ..၊ ဒါမှမဟုတ် ..

ကံတရားကိုက ပြောင်းလဲခွင့် မပေးခဲ့တာလား ..၊

နာကျင်မှုတွေရော ဒေါသတွေပါ ပေါင်းဆုံလျက် သူ ဆတ်ခနဲ ထရပ်သည်။

"ဒီမစ်ရှိတ်က ခင်ဗျားအတွက် မှာထားတာ၊ ရင်ချစ် ကို စောင့်နေတာ မဟုတ်ဘူး ..၊ ခင်ဗျားကို စောင့်နေတာ .."

လို့ ပြောမလို့ စကားတို့သည် ...

"ဟင် .. ဟိုမှာ သူ .."

ဘုံ က ပြန်လှည့်ထွက်မလို့ ဆလင်းဘက်ခ်ကြိုးလေးကို ပခုံးပေါ် ထပ်ဆွဲတင်လိုက်ပြီးမှ ဆိုင်အပြင်ဘက်ကို မှန်ချပ်ထဲကနေ လှမ်းကြည့်၍ ဝမ်းမြောက်ဝမ်းသာ ..၊

"အတော်ပဲ .."

"ဘာလဲ ဘုံ .."

သူ လှမ်းကြည့်လိုက်တော့ ကိုကိုမောင် နဲ့ လူကြီးနှစ်ယောက်တို့ စကားပြောရင်း လျှောက်သွားကြ၏။ ပြန်ကြည့်လိုက်တော့လည်း ဘုံ က အပြေးတစ်ပိုင်း လှည့်ထွက်သွားလျှင် ...

"ဘုံ .. ခင်ဗျား နေဦး .."

"သြော် .. မင်းကလည်း တစ်မျိုး ..၊ ဖယ်စမ်းပါ"

သူ့လက်ကို ဖယ်ချပစ်ခဲ့သည်။ ပြီးတော့ အပြေးတစ်ပိုင်း ထွက်ခဲ့ ဒီလောက်ထိ အမူအခင်းဖြစ်လောက်အောင် ငြိခဲ့ဖူးတဲ့လူနဲ့မှ ..၊

"တောက်!..."

ဘောဘီပတ်ဝန်းကျင်ကို မေ့ကာ တက်ခေါက်မိ၏။ ထို့ပြင် –

"ဒုန်း .."

စားပွဲခုံကို လက်သီးဆုပ်နဲ့ ထုပစ်မိသည်။

"ကိုကိုတို့က ဘယ်လိုကြီးလဲ .."





"ဘယ်လိုဖြစ်ဖြစ် .. မင်း သွားလိုက်တော့ ရင်ချစ် .."

"ရင်ချစ် က ..."

"သွားဆို သွားကွာ ..၊ ကိုယ် ဒီ့ထက် မရိုင်းချင်ဘူး"

ရင်ချစ် ကလည်း မျက်နှာလေးနီလျက် ချက်ချင်း ထရပ်သည်။

"အန်ကယ်လ်ထွန်း စင်ကာပူသွားဖို့ ပါရဂူနဲ့ ကွန်တက်တ်လုပ်ထားတဲ့ကိစ္စ ဖေဖေတို့ ပြောခိုင်းလို့ ရင်ချစ် က လာတာပါ"

"အဲဒါတွေ အိမ်မှာ သွားပြော ..၊ မင်း နောက်ကို ငါရှိတဲ့နေရာ လုံးဝ မလာပါနဲ့ ..၊ ရှင်းတယ်နော် .."

သူ ငါးထောင်တန်တစ်ရွက် ထုတ်၍ ဒီတိုင်းချထားခဲ့ပြီး ထွက်လာခဲ့သည်။

ရင်ချစ် က စားပွဲပေါ်မှာ ဒီတိုင်းကျန်ရစ်သည့် ဖုန်းကို ကောက်ယူကာ အမှတ်မထားနိုင်သည့်မေတ္တာစိတ်တို့နှင့် အမောတကောလိုက်၏။

ဘယ်လောက်ထိမြန်သည့် ခြေထောက်လဲဆိုလျှင် ဆိုင်ပြင်ရောက်သွားမှပဲ သခင့် ကို မီခဲ့၏။

"ကိုကို ဒီမှာ ဖုန်းကျန်ခဲ့တယ်"

"ဟာကွာ .. ပေး .."

"ဟယ်!..."

ဆတ်ခနဲ ဆွဲယူကာ အနီးဆုံးမှာရှိနေသည့် ခုံတန်းလေးပတ်ထားသော ခရေပင်ကြီးဆီ တအား လွှဲပေါက်ပစ်လိုက်သည်။

ခွမ်းခနဲ အသံနှင့်အတူ ဖုန်းက တစ်စစီ ကွဲလေသည်။

သွားပြန်ပြီ နောက်ဖုန်းတစ်လုံး၊ ဒါပေမယ့် ဆက်ရန် ကျန်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၃)

"ဒီဘက် ထွက်သွားတာပါ"

ခြေရာပျောက်သွားသဖြင့် ဘုံ လှည့်ပတ်ရှာနေမိသည်။

"ဘယ်ရောက်သွားပါလိမ့် .."

"မမ ဘယ်သူ့ကို ရှာနေတာလဲ .."

"ဟင်!..."

နောက်ကအသံကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိကာ ဖေယျ ထို တွေ့လိုက်တော့ ဝမ်းသာသွား၏။

"တော်သေးတာပေါ့ မောင်လေးရယ် .. မင်းကို တို့ အပြင်ထွက် တိုင်း လိုက်ရှာနေတာ .."

"ဟုတ်လား .. ဘာဖြစ်လို့လဲ .."

"ဩော် .. ဘာဖြစ်ရမှာလဲ၊ ဒီမှာ မင်းပျောက်သွားတဲ့ ရင်ထိုးလေး"

"ရင် .. ထိုး ..."

ဖေယျ တအံ့တသြမျက်နှာ ဖြစ်သွားသဖြင့် ဘုံ က သွားတွေဖော် အောင်ရယ်ကာ ဆလင်းဘက်ခ် အတွင်းဇစ်လေးထဲမှာ ထည့်ပိတ်သိမ်း ထားသည့် ရင်ထိုးကို ထုတ်ပြလိုက်၏။

"စိန်ရင်ထိုး .."





"ဟုတ်တယ် .. မင်းကို တို့ ဝင်တိုက်လိုက်တော့ လွတ်ကျသွား တယ်ဆိုတာလေ၊ အဲဒါ တကယ်တော့ အဲဒီနေ့က တို့ဝတ်ထားတဲ့ ကုတ် အင်္ကျီဘေးအိတ်ထဲ စဉ်ကျသွားတာ .."

ဘုံ က ဘယ်လိုပုံလေးဖော်ထားမှန်းတောင် မသိဘဲ ရင်ထိုးလေး ကို ခုမှ သေချာကြည့်သည်။ ပြီးမှ ဖေယျ လက်ထဲ ထည့်လိုက်ကာ ...

"ရော့ .."

"မမကို ကျေးဇူးတင်ပါတယ်၊ ဒါကို ပြီးခဲ့တဲ့ခြောက်လလောက်က ပြန်တွေ့ရင် ဒီ့ထက်တောင် ပိုပြီး ကျေးဇူးတင်မိမှာ၊ ခုတော့ ..ဒီရှော့ခ်က ပြီးသွားပြီ .."

"ဒါဆို မလိုချင်တော့ဘူးလား .."

ဘုံ တရင်းတနှီး ပြောတော့ သူက ရယ်ကာ ...

"မမကို ကျေးဇူးဆပ်လို့ မရဘူးလား .."

"မလိုပါဘူးကွာ .. ဒါကို ချက်ချင်းပြန်မပေးနိုင်တာတောင် တို့မှာ အာဝန်ရှိနေပါပြီ၊ တို့လည်း စင်ကာပူကို သွားလိုက်တာ သုံးလကြာတယ်၊ မင်းကို သတိရနေပေမယ့် နာမည်လည်းအစုံ မသိ၊ ဖုန်းနံပါတ်လည်း မသိတော့ ..."

"အိုခေ .. ကျွန်တော့်နာမည်က ဖေယျ ပါ၊ ဖုန်းနံပါတ်က .."

"ရပြီ .. ရပြီလေ ..၊ ကိစ္စတွေ ပြီးသွားပြီဥစ္စာ"

ဘုံ က ဆလင်းဘက်ခ်လေး ပခုံးပေါ်ထပ်ဆွဲတင်ကာ လှည့်ထွက် သွားခဲ့သည်။ ဖေယျ ခဏရပ်ကျန်ခဲ့ပြီးမှ နောက်က ထပ်လိုက်လာကာ...

"မမကိုတော့ လေးစားတယ်ဗျာ .."

"ဟင် .. ဘာဖြစ်လို့လဲ .."

"မသိဘူး .. တစ်ထိုင်တည်းနဲ့တင် အရမ်းလေးစားပြီး ခင်သွားတာ၊ အစ်မ ဘယ်မှာနေတာလဲ ..၊ နာမည်လေးဖြစ်ဖြစ် မသိရဘူးလား .."

ဘုံ ခြေလှမ်းတုံ့သွားကာ ဖေယျ မျက်နှာကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဧယျ .."

"ဗျာ .."

"မင်းရဲ့ရင်ထိုးကို လိုက်ပေးတာ တို့ကို တစ်မျိုးတစ်မည်တော့ မထင်ပါဘူးနော် .."

"ဟာ .. မဟုတ်တာ မမရာ ..၊ ကျွန်တော် ကမန်းကတန်းပြောတာ တွေကြောင့် မမက တစ်မျိုးထင်တာပါ၊ ကျွန်တော် စိတ်လောသွားတာ က မမနဲ့ကျွန်တော် ဘာမှသိမထားကြဘဲ မျက်စိအောက်က ပျောက်သွား ရင် သတိရတာတောင် စကားပြောခွင့်လေး မရလိုက်မှာစိုးလို့ပါ၊ အဲဒါ လည်း မမကို လေးစားပြီး ခင်မင်တဲ့စိတ်ပါ၊ လုံးဝ မရိုးသားတာ မပါဘူး"

"ဒါဆိုရင်တော့ ကျေးဇူးတင်ပါတယ်၊ မင်းရဲ့ပစ္စည်းကို တန်ဖိုး ကြီးမှန်းသိလို့ ဒါပြန်ပေးဖို့ပဲ ခေါင်းထဲရောက်နေခဲ့တာလေ၊ အဲဒါကြောင့် ဒါကို အပြင်ထွက်တိုင်း ပါအောင် ယူရတာတွေ၊ မပျောက်ရအောင် ထိန်းသိမ်းရတာတွေရော တို့ ဝန်လေးလွန်းလို့ မင်းကို မြင့်လိုက်တာနဲ့ ပြေးထွက်လာတာ၊ မင်းနဲ့ ဟိုတစ်ခါ အတူရှိနေတဲ့မိန်းကလေးများ အခု ထပ်ရှိနေရင် တို့က အမှတ်မရှိတဲ့သူ ဖြစ်ရဦးမှာ"

"ဟုတ်ပါတယ် .. ဒါ သူ့ပစ္စည်းပါ၊ သူနဲ့ကျွန်တော် အဲဒီနေ့က ပြဿနာတစ်ခုကြောင့် စကားများပြီး ..."

ပြောပြချင်ပေမယ့် ဘာဆက်ပြောရမှန်းလည်း မသိ၊ သူမက စကားကို ပြောလိုက်၊ ဆက်သွားလိုက်မို့ သူမသွားနေသည့်တစ်နေရာရာကို ရောက်ထား နှင့် စကားပြောခွင့်က ပြီးပြီ။ ထို့ကြောင့် လိုရင်းတိုရှင်းပြောဖို့ စဉ်းစားကာ ..

"သူကလည်း သူများပေးထားတဲ့လက်ဆောင်ကို ကျွန်တော့်ကြောင့် ဖြစ်သွားတော့ မပြေမလည်တွေ ဖြစ်ကုန်တာလေ၊ ဒါ ဘယ်လောက်ထား မလဲ မမ ခန့်မှန်းပေးပါလား၊ သူ့ကို ကျွန်တော် အစားပြန်ဝယ်ပေးလိုက် တာ တန်ဖိုးကြီးသွားရင် အကြောင်းမဟုတ်ပါဘူး၊ နည်းသွားရင် မကောင်း ဘူးလေ .."





သူက လက်ဝါးဖြန့်ပြတော့ ဘုံ က စူးစိုက်ကြည့်၍ ...

"တို့လည်း သိပ်တော့မသိဘူး၊ အဖြူသန့်တွေဆိုတော့ ရင်ထိုးလေး ပေမယ့် နှစ်ဆယ် အစိတ်လောက်တော့ ရှိမှာပေါ့ .."

ဧယျ က ဘုံ့ မျက်နှာလေးကို စိုက်ကြည့်သည်။ သူမမှာ ကြိုးပါး လေးတစ်ကုံး စိန်လော့ကက်သေးသေးလေးတစ်ကုံးပဲ လည်တိုင်မှာ ရှိ သည်။ တခြားလက်ဝတ်လက်စား ဘာမှဝတ်မထားပေ ..။

ဒါပေမယ့် ဖြူစင်နူးညွတ်နေသည့် မျက်နှာနုနုလေးနှင့် သူမ ပြောဆိုပုံ က စိန်လိုတောက်ပနေသည်၊ သိမ်မွေ့ ထည်ဝါသည်။ ဘယ်အရာကိုဖြစ် ဖြစ် ညီညွတ်မျှတစွာ ကြည့်တတ်သည့် မျက်ဝန်းညိုလေးတွေကလည်း မြင်တာနဲ့တောင် ခင်မင်ဖို့ကောင်းနေတာ ဆွဲဆောင်မှုတစ်မျိုး ဖြစ်နိုင်သည်။

မျက်ဝန်းလေးတွေမှာ မာယာမရှိသလို မိန်းကလေးပီပီ အရာခပ် သိမ်းအပေါ်မှာ လောဘတကြီး မဖြစ်တတ်တာလည်း အကဲခတ်လို့ ရ သည်။ သူ ကျေနပ်စွာပြုံးမိရင်း သူမ မျက်စိအောက်က ပျောက်သွားမှာ ကို စိုးရိမ်စိတ်တွေ ဖြစ်လာ၏။

"မမ အခု ဘယ်သွားမှာလဲဟင် .."

ချက်ချင်း ဆက်လျှောက်သွားတော့ သူ ထပ်လိုက်နေမိကာ ...

"ကျွန်တော်က ရိုးသားပါတယ်လို့ ကတိပေးပါတယ်၊ နာမည်လေး ဖြစ်ဖြစ် ပြောလို့မရဘူးလား .."

"ဘုံမြင့်စံ"

"ဘုံမြင့်စံ တဲ့လား ..၊ တော်တော်ခန့်ညားတဲ့ နာမည်လေးပဲ၊ ဖုန်း နံပါတ်မပေးရင်လည်း ရပါတယ်၊ ဒါပေမယ့် တစ်ခုထပ်မေးလို့ ရမလား မသိဘူး၊ 'ပင်မြင့်စံ' ကုမ္ပဏီက မမနဲ့ ..."

"ဟုတ်တယ်.. ဒါပေမယ့် အလုပ်နဲ့ပတ်သက်တာကလွဲပြီး ယောကျ်ား လေးမိတ်ဆွေ တို့က မထားတတ်ဘူး၊ နောက်ပြီး တို့ အမျိုးသားကလည်း သဝန်တိုတတ်တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

ဧယျ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ကိုယ့်ကိုယ်ကိုယ် ဆောင်ပြုံးထားဖို့တောင် သတိမရလိုက်ပေ။ သူမ တမင်တကာ ကွယ်ပြောလိုက်တာလား ..၊ ဒါမျိုးကို မရှိဘဲ အရှိလုပ်ပြောမှာ မဟုတ်နိုင်။ သူ ခဏပဲ ငိုင်သွားမိကာ ...

"ကျွန်တော်ကလည်း လုပ်ငန်းသမားပါပဲ၊ ပုဂ္ဂလိက အထွေ အာမခံလုပ်ငန်းမှာ ပထမဆုံးအောင်မြင်ခဲ့တဲ့ ဦးအောင်ဇေ က ကျွန် အဖေ့ အခု ဖေဖေက အနားယူနေပြီ၊ ကျွန်တော်ပဲ ဦးဆောင်နေတာ

"ဩော် .. ဟုတ်လား .."

မျက်ဝန်းလေးတွေမှာ အထင်အမြင်မသေးတော့သည့် ရယ် လေးတစ်ချက် လက်သွားသဖြင့် ဧယျ အားတက်သွားသည်။

"ဘယ်စီးပွားရေးလုပ်ငန်းဖြစ်ဖြစ် ကျွန်တော်တို့နဲ့ တစ်နည်း တော့ ပတ်သက်မှုရှိလာနိုင်ပါတယ်၊ ဒါဆို ဆက်ပြီး ခင်မင်လို့ရပြီ

ဟု ခေါင်းညိတ်လိုက်သည်။ လမ်းခွဲ ကျန်ရစ်ခဲ့စေချင် အတော်ကြီးကပ်လိုက်လာသဖြင့် ဘယ်တွေရောက်လို့ရောက်မှန်း တော့ပေ ..။ ဆိုင်ထဲဝင်ထိုင်လိုက်လျှင် ဒီကောင်လေး အကူပါလာ သိနေသဖြင့် ဆက်လျှောက်နေခဲ့ရသည်။ ဗိုက်ထဲမှာ သံစုံမြည်နေပြီ

အိမ်ထောင်ကျကာမှ ဒီလိုအနှောင့်အယှက်တွေချည်း ကြုံလာ ကို အံ့လည်း အံ့သြမိသည်။ စိတ်လည်း ညစ်၏။

နောက်ဆုံး မတတ်နိုင်တော့ဘဲ ချစ်တီးထမင်းဆိုင်မှာပဲ လိုက်ရသည်။ ဒါတောင် စန္ဒာခင် ဖုန်းဆက်လာသဖြင့် ရှိင်းရှိင်း လျှင် ထမင်းစားရတာ ဖွတ်မျို လိပ်မျို။

ဒါမျိုးကျမှပဲ ထမင်းကလည်း စားလို့ကောင်းလိုက်သည့်ဖြစ်





## အခန်း (၅၄)

"မာမီ စိတ်ချမယ်နော် သမီး .."

"စိတ်ချပါ မာမီ .. မာမီ စိုးရိမ်ခဲ့သလို သခင် လည်း အလုပ်ထဲမှာ အကြီးအကျယ် ခက်ခဲတာမျိုး မဖြစ်ခဲ့ဘူးမို့လား၊ အားလုံး အဆင်ပြေ သွားမှာပါ"

ဒေါ်ပန်းသီခိုင် ခေါင်းညိတ်သည်။ သခင် က ကွန်ပျူတာသုံးစွဲရာ မှာ ပရိုဂရမ်မာ ဟက်ကာတွေလောက် ကျွမ်းကျင်မှုရှိထားသူ ဖြစ်သည်။ ဆိုပြင် ...

ဖြတ်ထိုးဉာဏ်လည်း ကောင်းသည်။ သူ စိတ်ဝင်စားပြီဆို ဒါကို ယ်လိုရအောင်ယူမလဲဆိုသည့် စိတ်ကူးကောင်းတစ်ခု ချက်ချင်း ရသွား တတ်သည့်ပါရမီလေးလည်း ရှိ၏။ ဒါတွေကြောင့်ပဲ နေမှာပါ။ ခုဆို ခုခွဏီမှာ တော်တော်လေး ထဲထဲဝင်ဝင် ပါဝင်လှုပ်ရှားနိုင်နေပြီ ဖြစ်၏။

"အလုပ်လုပ်ချင်တဲ့စိတ် ရှိနေဖို့ပဲ လိုတာပါ သမီးရယ် .. အခု သူ ကြိုးစားနေတာ မြင်ရတာနဲ့တင် မာမီ ပီတိဖြစ်နေရပါပြီ၊ သူ့အဖေ လည်း ခေါင်းတညိတ်ညိတ်နဲ့လေ၊ အဲဒါတွေက သမီးကြောင့်ပါ"

"အို .. မဟုတ်ပါဘူး မာမီရယ်၊ သခင် က ဘုံ့ ကို စကားဟပ အောင်ပြောတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူ သမီးနဲ့ယှဉ်ပြီး မကျန်ခဲ့ချင်ဘူးလေ၊ သူ့ သူလုပ်နေပေမယ့် သမီးကို ဂရုစိုက်တာလည်း သိသာပါတယ်၊ သူ့ ကိုလည်း ဟိုအရင်ကထက် ပိုပြီး နွေးထွေးလာတယ်၊ နောက်ပြီး ဖုန် တဠွမ်ဠွမ်နဲ့ အရင်လိုရှုပ်တာတွေလည်း သိပ်မကြားရတော့ဘူး၊ အ က သမီးနဲ့ပတ်သက်တယ်၊ ဒါကို မာမီတို့က မသိဘဲ နေပါ့မလား

ဘုံ့ကတော့ မယုံပါ။ တစ်ခန်းတည်းမှာနေပြီး အိပ်ရာဝင်ကြတဲ့ မေးထူးခေါ်ပြောလောက်နဲ့ အပြုံးအရယ်တွေ မဲ့ခဲ့တာတောင် ကြာ

သူ့ဆီက အကြင်နာကို မျှော်လင့်တာမဟုတ်ပေမယ့် တစ်ခါကျတော့လည်း 'ငါက ဒီအိမ်မှာ ဘာလဲ' လို့တောင် တွေးမိခဲ့

ကိုယ်ကလည်း ခွင့်မပြုချင်၊ သူကလည်း ဒီတိုင်းနေသွားဖို့ အစဉ်ရှိနေပြီဆို ဆွေမျိုးတော်စရာလည်း ရှိမှမရှိတော့တာ ..၊

ကိုယ့်ကိုယ်ကိုယ် ဘာတွေလုပ်နေမိတာလဲဆိုတာ မတွေးဘဲ မရတော့သည့်အဖြစ်မျိုး ..၊ ဒါဟာ မရင်းနှီးခဲ့ဘဲ ရွေးချယ်သင့်သူ သတ်မှတ် လက်ထပ်ခဲ့မိသည့် ကံတရားလား..၊ ထို့ထက်ဆိုးတာက ချမ်းသာကြွယ်ဝသည့် တစ်ဦးတည်းသောသူဌေးသား ဖြစ်နေသည်

"သမီး မာမီပြောတာ ကြားပါတယ်နော် .."

ဘုံ့ ငိုင်ငိုင်လေးဖြစ်သွားတော့ ဒေါ်ပန်းသီခိုင် က စိုက်ကြည့်

"မာမီတို့က ဆေးကုဖို့သွားတာဆိုလည်း ဟုတ်တယ်၊ ဟိုမှာ တဲ့ လုပ်ငန်းတချို့ကိုလည်း သားနဲ့ချိတ်ပေးရအောင် အလုပ်ကို ကျန်းမာရေးရောပေါ့ကွယ်၊ တကယ်လို့ သားက သူ့အဖေခြေရာ ခဲ့ရင် လင်နဲ့မယား တစ်စီးပွားစီ လုပ်နေကြတာ သင့်မသင့် သမီး ပေးရမယ်၊ အဲဒါတော့ မာမီ့ကို ကတိပေးပါ"

"ရှင်!..."

ဒီစကားမျိုး ပြောလာပါလိမ့်မည် မထင်သဖြင့် ဘုံ့ အံ့သြ သည်။ သူမမှာ အသိုင်းအဝိုင်းဂုဏ်၊ မနဂုဏ် ဘာမှမရှိခဲ့ဘဲ ဒီလို





ည်အချင်းတွေကြောင့် ပညာတတ် အောင်မြင်သူတွေကြား လုံးနဲ့ ရပ်တည်နိုင်ခဲ့တာ ဖြစ်သည်။

ဒါကို ဖျက်သိမ်းစေချင်တာ ဘာကို ရည်ရွယ်တာမျိုးလဲ ..

ဘုံ့ မျက်ဝန်းလေးတွေကို ဒေါ်ပန်းသီခိုင် က ကြည့်၍ ...

"မစာမနာပြောတာ မဟုတ်ပါဘူး သမီးရယ်၊ မာမီတို့က တော်နေ ကို သဘောကျတယ်၊ ဒါကြောင့် ရလာမယ့် အကျိုးအမြတ်တွေကို မျှော်လင့်ဘူး၊ ငွေကြေးစည်းစိမ်ဥစ္စာ သမီးတို့ တစ်သက် သုံးဖြုန်းမကုန် ောင် ရှိတယ်၊ သားနဲ့သမီးတို့ကို မာမီက ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေထိုင်သွားစေချင်တယ်၊ ဒီပုံစံအတိုင်းဆိုရင် သမီးတို့အိမ်ထောင်ရေးမှာ တွေးမှုရှိလာဖို့ မလွယ်ဘူး၊ မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ဖို့ ရင်သွေး နာဆိုတာလည်း ရှိရမှာလေ ..၊ သမီး စိတ်ထဲမှာ ဒီအောင်မြင်မှုတွေ ကြောင့် ရင်သွေးဆိုတဲ့အပေါ်မှာ စိတ်ဝင်စားမှုရှိလာမှာလည်း မဟုတ်ဘူး"

ဘုံ့ မျက်နှာလေးပျက်လျက် ငုံ့သွားလျှင် ဒေါ်ပန်းသီခိုင် က တောင်း သည့်အကြည့်တို့နှင့် လေသံကို ပို၍ လျှော့ချကာ ...

"မာမီ တစ်ကိုယ်ကောင်းဆန်သလို ဖြစ်သွားရင် တောင်းပန်ပါ ယ်၊ ဒါပေမယ့် သားလည်း ဒီတိုင်းပဲ ဖြစ်စေချင်တာမှန်း မာမီ သိနေ ယ် သမီး၊ သူ ပြန်ရောက်လို့ သမီးကိုမတွေ့ရင် .. ရှိနေရမယ့်အချိန်မှာ မှာရှိမနေရင် သားပုံစံ ဘယ်လိုဖြစ်ပျက်လှုပ်ရှားနေတာ မာမီပဲ မြင် တာ၊ သားက သမီးကို မြတ်နိုးနေရှာတာပါ၊ သူ့စိတ်ကိုက တစ်ဇွတ် ဆန်ချင်တာနဲ့ အပြောအဆိုမတတ်တာနဲ့ သူ့မာနနဲ့သူ ဒီလိုဖြစ်နေတာ"

ဘုံ့ စိတ်ထဲမှာ ဘယ်လိုသဘောထားသလဲဆိုတာတော့ မမေးတော့ လား မာမီ ..၊ ကျဉ်းကျပ်မိသည့်စိတ်ထဲမှာ ဒီစကားလုံးတွေကိုလည်း ထောင်ချင်တော့ပေ။ ကိုယ် လက်ထပ်ခဲ့တုန်းက လက်ထပ်ခြင်း ဘာဝအတိုင်းအပြင် ဘာမှ ထည့်တွက်ခဲ့တာ မပါ ..။

အိမ်ထောင်ရေးကို ဒီလိုကောက်ကွေ့ ဖောက်ထွက်ကြဖို့ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



စခဲ့တာလဲ ..၊ ရည်းစားထားရမြင်းအလုပ်ကို မစွန့်နိုင် မခွာနိုင်သည့် သူကိုယ်တိုင် ဒီဇယားအတိုင်း ချရေးခဲ့တာ မဟုတ်ဘူးလား ..။

"မာမီတို့မရှိတဲ့အချိန်တွေမှာ သမီးတို့ အဆင်ပြေကြပါစေလို့ မာမီ ဆုတောင်းနေမယ်နော် .."

ဘုံ့ မျက်နှာလေး မသာမယာပေမယ့် ဒေါ်ပန်းသီခိုင် ကတော့ စည်းသား တောင်ခတ်သွားခဲ့လေသည်။

တစ်ယောက်တည်း ညှော်ခန်းမှာကျန်ခဲ့စဉ် ဖုန်းသံမြည်လာ၏။ ထို့ကြောင့် ကောက်ယူခဲ့ရင်း နေရာမှထွက်လာခဲ့သည်။ မီးရောင်အောက်မှာ ကြည့်လိုက်တော့ ကိုယ်မသိသည့်နံပါတ်မို့ ဖွင့်၍နားထောင်လိုက်လျှင်—

"ဟလို"

"မမ လားဟင် .."

ယောက်ျားသံနှင့် 'မမ'လို့ ခေါ်လိုက်သဖြင့် ဘုံ မျက်နှာတစ်ခုလုံး တန်းခနဲ မြင်လိုက်သည်။

"ဇေယျ လား ..၊ တို့ဖုန်းနံပါတ် ဘယ်ကရတာလဲ .."

"မမ စိတ်ဆိုးသွားမှာပဲ စိုးတာပါ၊ လိုချင်တဲ့ဖုန်းနံပါတ်နောက် လိုက်ရတာ သိပ်မခက်ပါဘူး၊ 'ပင်မြင့်စံ'ကို ကျွန်တော် သိနေတာပဲ"

သိပ်တော့မနီးစပ်ဘူး ထင်သည်။ ဒါပေမယ့် ဘုံ ထပ်မမေးတော့ပါ။

"အင်း .. ဟုတ်ပါပြီ၊ အခု ပြောစရာရှိလို့လား .."

"ထွေထွေထူးထူး မရှိပါဘူး၊ နံပါတ်ရလိုက်လို့ ဝမ်းသာပြီး ခေါ်ကြည့်တာ၊ မမ စိတ်မဆိုးဘူးမို့လားဟင်၊ ကျွန်တော် နောက်ဆို အကြောင်း မရှိဘဲ မဆက်ပါဘူး .."

"အင်းပါ .. ဒါပဲနော် .."

ဖုန်းပြောရင်း လမ်းလျှောက်နေတာမို့ အခန်းထဲရောက်တော့ တံခါးလှည့်ပိတ်သည်။ ပြီးတော့ နောက်ပြန်လှည့်လိုက်လျှင် ...

"ကိုကိုမောင် ကနေ ဇေယျ ဖြစ်သွားပြန်ပြီလား .."





"ဘာ!..."

"နေ့လယ်က ကိုကိုမောင့် ကို မြင်ပြီး ပြေးလိုက်သွားတယ်၊ အခု ဇေယျ ..၊ ဖွန်း .. ဒါတောင် ရင်ထိုးဟစ်ခုပဲ ရလိုက်သေးတာ .."

"သခင် .. မင်း ဘာပြောလိုက်တယ် .."

"သိနေဟာတွေ ပြောတာ၊ ကိုကိုမောင် ကျတော့ အကူအညီတွေ သနေလို့၊ အခု ဇေယျ က စိန်ရင်ထိုးလေ! အဲဒီလိုနည်းနဲ့ အဆင်ပြေတတ်ရင် ခင်ဗျားကို ကျွန်တော် အများကြီးပေးနိုင်တယ်၊ ပြော.. ဘာလိုချင်လဲ"

"မင်းကို ပါးရိုက်ချင်တယ် .."

ဘုံ အသားဆတ်ဆတ်တုန်ကာ လက်ကို တအားလွှဲပစ်လိုက်၏။ သခင် က လက်ကို ခပ်ကြမ်းကြမ်း ဖမ်းကိုင်ထားလိုက်ပြီး ...

"ကျွန်တော် ပါးစပ်နဲ့ပြောနေတာ ..၊ ထစ်ခနဲရှိ လက်ပါချင်တာ ဘယ်လိုအဆင့်အတန်းလဲ ခင်ဗျားပဲ ပြောတာနော် .."

"အေး .. ဟုတ်ဘယ် ပြောခဲ့တယ်၊ ဒါပေမယ့် တန်ရာတန်ရာပဲ၊ ဖယ်.. လက်ကို လွှတ်စမ်း .."

သခင် က လက်ကို ပြန်ဆောင့်လွှတ်လိုက်ကာ ...

"ခင်ဗျား ဘာဖြစ်လို့ ကျွန်တော်နဲ့ ငြိခဲ့တဲ့လူတွေကိုပဲ ချိန်နေတာလဲ ..၊ ဘာရည်ရွယ်ချက်နဲ့လဲ ..၊ အဲဒီရင်ထိုးကို ခင်ဗျားအိတ်ထဲမှာ မြင်ထတည်းက မကျေနပ်ခဲ့တဲ့ ဒီရင်ဘတ်ထဲမှာ ထုတ်မပြောပေမယ့် ခုထိ ရှိနေသေးတယ် .. ခင်ဗျား သိလား .."

"ဘာလို့ ထုတ်မပြောခဲ့တာလဲ ..၊ မင်း မေးလေ .. ငါမှာ ဖြေဖို့ အဆင်သင့်ရှိတယ် .."

"ကြိုတင်စဉ်းစားပြီး ဖြစ်မှာပေါ့၊ မဟုတ်တာလုပ်တဲ့သူတွေမှာ ဆင်ခြေတက်စရာတစ်ခုခု အမြဲတမ်းရှိတယ်၊ ခင်ဗျား ခုချိန်ထိ ကိုကို မောင် နဲ့ မပြတ်သားတာရော .."

"ဘာတွေ လာပြောနေတာလဲ..၊ ကိုကိုမောင် က ဘယ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပါလာတာလဲ …၊ နေ့လယ်တုန်းက ငါ ဓေယျ ကို မြင်လိုက်လို့ လိုက်သွားတာ..”

သခင် မျက်မှောင်ကုတ်သွားသည်။ သူမြင်လိုက်တာ ကိုကိုမောင်ဖြစ်နေလျက်နှင့် ဘုံ ကတော့ ဓေယျ ကို မြင်တာပါလို့ ပြောနေသည်။

ဒါ ဘယ်သူမှားတာလဲ …။

“မင်းပါးစပ်က ထွက်လာသမျှ ဘာတစ်ခုမှ အထင်ကြီးစရာ မရှိသေးဘူး သခင်၊ အဲဒါကြောင့် ငါ မင်းနဲ့စကားပြောပြီးတိုင်း စိတ်ပျက်တယ် …၊ ရန်ဖြစ်လိုက်ရတိုင်း စိတ်ကုန်တယ် ..”

“ခင်ဗျား .. ခင်ဗျား ဘာပြောလိုက်တယ် ..”

ဒေါသသည် နှလုံးသားကနေ ပြင်းထန်သည့် vibration လို သွေးတို့ ပွက်ပွက်ဆူကာ သူမပခုံးနှစ်ဖက်ကို ဖိဆုပ်ပစ်လိုက်သည့်လက်တွေပါ ဆတ်ဆတ်တုန်လျက် …

“ပြောစမ်းပါ ဒေါ်ဘုံမြင့်စံ …၊ နှစ်ထပ်ရှိတော့ မှတ်မိတာပေါ့”

“သိပ်ပြောတာပေါ့ .. မင်း ဘယ်ခြေလှမ်းတွေ လှမ်းနေနေ ဘာမှမပြောင်းလဲဘူးဆိုတာ မင်းပြောလိုက်တဲ့ စကားကို နားထောင်ကြည့်တာနဲ့ သိတယ်၊ အချိန်ပြည့် ရန်လိုနေတာ၊ ရန်လိုနေတဲ့အကြောင်းကလည်း ဟိုလူ ဒီလူ မကောင်းတဲ့အကြောင်းတွေနဲ့ အမြဲတမ်း ပုတ်ခတ်ပြီးတော့–”

“ဒါပဲလား ..”

“ဟုတ်တယ် .. ရှိသေးရင်လည်း မပြောချင်တော့ဘူး၊ တစ်ခုပဲရှိတယ်၊ မင်းယူထားတဲ့မိန်းမအကြောင်း မင်း မသိသေးရင် မှတ်ထား–မင်းရဲ့ဇနီးဖြစ်လာရတဲ့အတွက် အသွင်တူလို့ အိမ်သူဖြစ်တယ် မထင်နဲ့မင်းမှာရှိတဲ့ စိတ်ဓာတ်ခံယူချက်မျိုး ငါ့မှာ မရှိသလို .. ငါ့မှာရှိတဲ့ အယူအဆ ခံယူချက်မျိုး မင်းမှာ မရှိနိုင်ဘူး၊ ဘယ်တော့မှ အသွင်တူလာစရာမရှိတာ မင်းနဲ့ငါပဲ ..”

ဘုံ က အေးစက်သည့်မျက်နှာနှင့် ရင့်ရင့်သီးသီးပြောသည်။ ကိုင်ထား





သည့်လက်တွေကိုပါ အရင်လို ပုတ်ခတ်ဖယ်ချတာမလုပ်ဘဲ ထိုလက်တွေကို မျက်တောင်ဖျားတို့ စင်းချကြည့်၍ ရွံ့ရှာသလို ဖယ်ခိုင်းတာမျိုး …။

“တောက် ..”

သခင် က လက်တွေကို ဖယ်ချလိုက်ပြီး တက်ခေါက်၍ …

“မှတ်မိသွားပြီ ဘုံမြင့်စံ .. ကျုပ်က ခင်ဗျားအထင်ကြီးတဲ့ ယောက်ျားမျိုး ဖြစ်မလာနိုင်ဘူး၊ အင်း ..”

လက်တွေကို ဘောင်းဘီအိတ်ထဲထည့်၍ နောက်ဆုတ်ရပ်သည်။ ပြီးတော့ မီးရောင်အောက်မှာ ဝင်းဝင်းလက်လက်ဖြစ်နေသည့် ဘုံ့ မျက်နှာလေးတွေကို စိုက်ကြည့်ကာ …

“အဲဒီလောက် အထင်သေးစက်ဆုပ်နေတဲ့ကောင်ကို ခင်ဗျား မျိုးသိပ်ပေါင်းသင်းနေခဲ့ရတာကိုး .. ပြောပြပေးတာ ကျေးဇူးပဲ”

သူ ခေါင်းညိတ်ရင်း နောက်ကိုပဲ နောက်ပြန်ဆုတ်၍ …

“ဒါပေမယ့် တစ်ခုရှိတာက ခင်ဗျား အထင်မကြီးတဲ့ယောက်ျားနဲ့ ခင်ဗျား ရိုးမြေကျနေသွားရတော့မှာ …၊ ဘယ်လိုလုပ်မလဲ …၊ အဲဒီလောက်ထိ ရွံ့ရှာမုန်းတီးနေတဲ့ယောက်ျားက ခင်ဗျားကို ဘယ်တော့မှ လွှတ်လပ်ခွင့်ပေးမှာ မဟုတ်တဲ့သူ ဖြစ်နေတယ်”

ပြောပြီး ပခုံးတွန့်၍ မဲ့သည်။ ဘုံ့ မျက်ခုံးတန်းလေးတွေ အကျည်းတန်အောင် တွန့်ရှုံ့သွားတော့ ဟားတိုက်ရယ်၏။

“ခင်ဗျားကို လွှော့တွက်ခဲ့မိတာ ကျွန်တော် မှားသွားတာပေါ့၊ ဟွန်း.. သိုက်ပါတော့၊ ခုလို ပြဿနာမျိုး ခင်ဗျားနဲ့ကျွန်တော် ထပ်ဖြစ်စရာဘူးလို့ပဲ ထားလိုက်တော့၊ ခုချိန်ကစပြီး ခင်ဗျားနဲ့ ကျွန်တော်ကွက်ပြီနော်၊ ကျွန်တော်က ပြိုင်ဘက်ကို အနိုင်ရရုံနဲ့တင် အားရသွားမှာ မဟုတ်ဘူး၊ အလဲထိုးပြီး အပြတ်အသတ် အောင်ပွဲခံရမှာ”

ပြောရပါလျှင် သူ ကြွေးကြော်သွားတဲ့နေ့က စခဲ့တာ ဖြစ်သည်။ ယ်လောက် အစောကြီးနိုးနေနေ သူ့ကို တွေ့ရတယ်မရှိ…။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ပြန်လာတိုင်း သူ ပြန်မရောက်သေးတာပဲ အမြဲတမ်းရှိကာ ညတိုင်း သူ ပြန်ချိန်က ဆယ်နာရီကျော်မှ ..။

အရင်လို မေးထူးခေါ်ပြောအဆင့်လောက် မရှိတတ်တော့ဘဲ တစ်ပတ်ဆယ်ရက်လောက် ခရီးထွက်သွားတာတွေ ပါလာသည်။

ညပိုင်း စားပွဲတစ်လုံးစီ ကွန်ပျူတာကို ထိုင်နေကြပြီဆို စီးကရက်လက်ကြားညှပ်လျက် လုံးဝ တိတ်ဆိတ်နေကြ၏။

တစ်ခါတလေ ဖေယျ ဖုန်းလာတာရှိလို့ ပြန်ကိုင်လိုက်ရတာ ကြားရင်တောင် တစ်ချက်လေးမှ လှည့်မကြည့်ခဲ့ပေ ..၊ ဘုံ နည်းနည်းတော့ စိတ်ဝင်စားလာမိ၏။

ကိုယ့်အလုပ်ထဲမှာ အဖွဲ့အစည်းနဲ့ ခိုင်မာလာလေ စကားတွေပြောရလေ ဖြစ်လာခဲ့ပြီး သူ့ဘက်က လုံးဝ အေးဆေး ..၊

ဒက်ဒီအတွင်းရေးမှူးကို မသိမသာမေးကြည့်တော့လည်း ဒီကောင်လေး မဆိုးဘူးလို့ ပြောသည်။ ထို့ပြင် 'သူ့အဖေ အသက်အရွယ်မရောက်ခင် သူ့အဖေထက် ကြောသွားမှာ' ဆိုသည့်စကားကြောင့် တုန်လှုပ်မိသည်။

မနာလိုစိတ်တော့ မဟုတ်ပါ။ ဘုံ ထက် သူ အများကြီးသာတာက သခင် က မူလတန်းကျောင်းသားအရွယ်တည်းက ကွန်ပျူတာကို ကစားစရာလုပ်ခဲ့တာဖြစ်ကာ အလယ်တန်းကျောင်းသားလောက်မှာ ခက်ခဲသည့် ဆော့ဖ်ဝဲတွေ ရေးနိုင်တဲ့အထိ ဒက်ဒီက ပံ့ပိုးခဲ့တာလို့ သိရတာရှိသေးသည်။

ကွန်ပျူတာတစ်လုံးနဲ့ပဲ ကမ္ဘာကို ကိုင်လှုပ်ပစ်နိုင်သည်ဆိုလျှင် သူ ပြောခဲ့တာတွေက လက်တွေ့ အကောင်အထည်ပေါ်လာတော့မှာပါ။

သူမမှာတော့ ...၊

* * *





## အခန်း (၅၅)

"တင်ဒါတွေ မတက်ဘူးလား စန္ဒာ .."

"အီးစီတီသုံးမျိုးပဲ တက်လာတယ် မမစံ၊ မိုးမြင့်ကွန်စထရပ်ရှင်ကလည်း ဖုန်းဆက်ထားတာ တစ်ယောက်၊ မပို့ဘူးလို့ ဖြေတော့ တစ်ယောက် .."

"ဒီကိစ္စကို ကျုပ်တော့ သံသယရှိနေတာကြာပြီ ဒေါ်ဘုံမြင့်စံ"

ဒါရိုက်တာအဖွဲ့ဝင် ဦးဉာဏ်ကြည် က သူ့ဖိုင်ထဲက စာရွက်တစ်ရွက်ကို လှမ်းပေးကာ ...

"ကျုပ် သိရသလောက် တင်ဒါတက်လာနိုင်တဲ့ အဝယ်တော်တွေဘက်က တွက်ချထားတာ ဒီကုမ္ပဏီတွေ ရှိတယ်"

ဘုံ က လှမ်းယူလိုက်မှ ...

"အခု သူတို့ လုံးဝ တက်မလာဘူး၊ တကယ်က သူတို့တက်လာသမျှကို နိုက်ချွတ် သိမ်းပိုက်နေတဲ့ မလိုသူတစ်ဖွဲ့၊ ဒါမှမဟုတ် တစ်ယောက်ယောက် ရှိကိုရှိနေတယ် .."

"ကျွန်မ ကုမ္ပဏီအလုပ်တွေနဲ့ တစ်သက်လုံး မွေ့လျော်ခဲ့တာပါ၊ ဒီလိုလုပ်တယ်ဆိုတာ ရန်ငြိုးရန်စနဲ့ အတိုက်အခံဖြစ်ကြတဲ့ အချင်းချင်းတွေပဲ လုပ်ကြတာ ..၊ ရှိလည်း ရှိခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောလို့လည်း မရဘူး တူမကြီး .."

အတွေတွေမိန်နေဂျာ ဦးတက်လူ က ဘုံ့ ရဲ့ညာဘက်အဖျားကနေ ထိုင်နေလျက် ...

"ပြိုင်ဆိုင်တာမဟုတ်ဘဲ ကိုယ်လိုအပ်တဲ့ပစ္စည်း သူ ရမသွားအောင် ဖြတ်ခုတ်လိုက်တာမျိုးတွေလည်း ရှိတတ်တယ်.. လုယူတာပေါ့၊ မပေါက်ကြားနိုင်တဲ့ အတွင်းစကားဆိုတာလည်း မရှိဘူးလေ"

"ဟုတ်တယ် .. အခု လေလံတင်လို့ ပြေးသွားလိုက်တိုင်းလည်း ကိုယ့်ထက်ပိုပေးသွားတဲ့လူက အမြဲတမ်းရှိနေတာ ကြည့်..၊ ဒါရိုက်တာ ဦးဝင်းလွင်.. သူ့ရဲ့ရှယ်ယာကို လွှဲပြောင်း နုတ်ထွက်သွားတာပဲ ကြည့်..၊ သူ လုပ်သွားတဲ့အချိန်က တို့ကုမ္ပဏီမှာ ခုလောက်တောင် မပျာသေးပါဘူး၊ နောက်ပိုင်းမှာ ကုန်ကြမ်းတွေ လိုတာမရ၊ လိုက်တော့ သူများလုယူ၊ ဒါရိုက်တာအဖွဲ့ဝင်တွေ ကျတော့ .."

"ခဏနေပါဦး အန်ကယ်လ် .. ကျွန်မတို့ အခု စည်းဝေးကြတာ အဆင်မပြေခဲ့တဲ့အကြောင်းရင်းတွေချည်းပဲ တင်ပြကြဖို့ မဟုတ်ပါဘူး၊ ဒီလိုဖြစ်ခဲ့တယ် ..၊ ဘာလုပ်ကြမလို့လဲ ဆိုတာပေါ့ .."

"ဘာလုပ်ကြမယ်ဆိုတာ သိပ်ကိုကောင်းတဲ့ ပညာရှိစကားဝဲ ဒေါ်ဘုံမြင့်စံ၊ ဒါပေမယ့် အပျက်သိမှ ပြင်လို့ရမရ ချင့်ချိန်လို့ ရမှာကိုး၊ ဒါလည်း ရှိသေးတယ်လေ၊ ကျုပ်တို့က ဦးခင်ထွန်း ရဲ့လက်ရင်းတပည့် ဖြစ်တာရယ်၊ ကြိုးစားနေတဲ့လူငယ်တစ်ယောက်ဆိုတဲ့ အရည်အချင်းတွေပေါ်မှာ ယုံကြည်ပြီး လိုအပ်တဲ့ရှယ်ယာပမာဏကို ဝိုင်းဝန်း ထည့်ဝင်ခဲ့ကြတာ .."

"ဟုတ်ပါတယ် .. အရည်အချင်းရှိနေတိုင်းလည်း လုပ်ငန်းတစ်ဝ ပုန်းဒိုင်းဆို ထူထောင်လို့ မရပါဘူး၊ ဒီကုမ္ပဏီ တိုးတက်လာခဲ့တာ ဒါရိုက်တာတွေရဲ့ ပံ့ပိုးကြိုးစားမှုတွေကြောင့် အများကြီးပါ၊ ဒါပေမယ့် စီးပွားရေးလုပ်တာပဲဆိုပြီး အရှုံးအမြတ်ချည်းပဲ တွက်ကြည့်မနေဖို့တော့ ကျွန်မ





ပြောချင်ပါတယ်၊ ဖြစ်လာတဲ့အခက်အခဲကို ဝါသနာတွေ **အနစ်နာတွေ** ခဏမြှုပ်နှံပြီး ဆက်လက်နိုင်မာအောင် ကြိုးစားကြဖို့ လိုအပ်တယ်လေ၊ ဒီအခက်အခဲတွေကို မကြာခင် ဖြေရှင်းသွားနိုင်မယ်လို့ ယုံကြည်ပြီး.."

"တစ်ခုလောက် ပြောပါရစေ .."

ဘုံ နဲ့ သုံးယောက်ကျော်က ဦးကြွယ်ဝ က အားလုံးကို တစ်ပတ် ဝေ့ကြည့်ကာ ...

"ငါးဦးကနေ အခု ဒါရိုက်တာသုံးဦးပဲ ကျန်တော့တယ်"

ပြောလိုက်ပြီး စကားသံကို ခဏစောင့်၏။ ဘယ်သူမှ မပြောတော့ မှ ...

"အခု ကျွန်တော်ကလည်း မိသားစုအခြေအနေကြောင့် ရှယ်ယာကို လွှဲပြောင်း အပ်နှံရတော့မှာပါ"

"ဦးကြွယ်ဝ ဘယ်လိုပြောလိုက်တာလဲဟင် ..၊ ကျွန်မတို့သုံးယောက် ကတော့ စည်းလုံးခိုင်မာနေရမှာ မဟုတ်ဘူးလား"

ဘုံ့ မျက်နှာလေး ဟန်ဆောင်မရတော့အောင် ဖျက်ယွင်းလျက် အသံတွေပါ တုန်ချင်၏။ အားလုံး၏အကြည့်တွေကလည်း ဦးကြွယ်ဝ ဆီမှာပဲ စုပြုံနေကြသဖြင့် ဦးကြွယ်ဝ က ပင့်သက်ရှိုက်လိုက်ရင်း ...

"မတတ်သာလို့ပါ .."

"ကျွန်မ ဦးကြွယ်ဝ တို့ ရှယ်ယာတွေကို လက်ခံခဲ့တုန်းက မတတ်သာလို့ မဟုတ်ဘူးနော် ဦးကြွယ်ဝ၊ အစုစပ်ရှယ်ယာစနစ်နဲ့ လုပ်ကြရအောင်ပါလို့ ဝိုင်းဝန်းတင်ပြလာလို့ လက်ခံခဲ့တာ၊ အရင်းအနှီးနည်းတော့ လုပ်ငန်းသေးတယ်၊ အရင်းများမှ အမြတ်များမှာဆိုတာ တွက်ချက်ခဲ့တာလည်း မှန်တယ်၊ ဒါပေမယ့် ကျွန်မ တကယ်လိုအပ်ခဲ့တာ အင်အား.."

"အခုလည်း ရှယ်ယာလွှဲပြောင်းဝယ်သူက ကျုပ်တို့ထက် အင်အားအများကြီး သာပါတယ်၊ ဒေါ်ဘုံမြင့်စံ ဘက်က ငြိမ်သက်နေသလို သူ လည်း ဒီတိုင်း ထည့်ဝင်သွားမှာပဲမို့လို့ .."



www.burmeseclassic.com

"သူက ဘယ်သူလဲ .."

"စီးပွားရေးလုပ်ငန်းတွေကို စိတ်ဝင်စားတဲ့ လူငယ်တစ်ယောက်ပါပဲ"

"ဒါ စိတ်ဝင်စားရုံတင်တော့ မဟုတ်နိုင်ဘူးဗျ၊ ထဲထဲဝင်ဝင် နှံ့စပ်တဲ့လူပဲ ဖြစ်ရမယ် .."

ဦးတက်လူ က တွေးဆနေသည့်မျက်နှာနှင့် ဝေဖန်ချက်ပေးရင်း—

"နောက်ပြီး ခုအချိန်အတောအတွင်းမှာဖြစ်လာတဲ့ တောက်လျှောက် အခက်အခဲတွေကလည်း မရှိသားဘူး .."

သူတို့အားလုံးက ဘုံမြင့်စံ ဆိုသည့် မိန်းကလေးကို အထင်ကြီးယုံကြည်ခဲ့ကြသည်။ လုပ်ငန်းတစ်ခု ရှိနေပြီးသားကနေ ဘုံ့ လုပ်ငန်းကို နောက်ထပ် လက်တစ်ဖက်အဖြစ် ရှယ်ယာထည့်သွင်းခဲ့ကြတာလည်း ဖြစ်သည်။

ချောမွေ့နေခဲ့သည့်ကာလတစ်လျှောက် ဘယ်လိုနည်းနဲ့မှ ပြန်လည်ဆုတ်ယုတ်ဖို့ မရှိနိုင်ဘူးလို့ အားလုံးက တွက်ထားခဲ့ကြ၏။

ထို့ထက် ပိုအရေးကြီးတာက ဘုံမြင့်စံ ၏အရည်အချင်း၊ ရိုးသားမှုများနှင့်ပတ်သက်၍ သူ့သား ကိုယ့်သမီးတို့ကို စံပြ စည်းရုံးနိုင်ကြမည်။

နောက်များမှာ သားသမီးတွေကို အလုပ်လုပ်ချင်လာအောင် ဘုံမြင့်စံ ကိုသာ စံပြ လက်ညှိုးညွှန်ရမှာမို့ အနာဂတ်အတွက် အများကြီး မျှော်လင့်ခဲ့ကြတာ ဖြစ်သည်။

အချိန်တိုတိုလေးအတွင်းမှာ ပြောင်းလဲကုန်တာတွေက မယုံနိုင်စရာ ..၊

"တူမကြီးပဲ စဉ်းစားကြည့်လေ .."

ဦးတက်လူ က သူ့စကားကို ပြန်ဆက်၍ ...

"အခု ရှယ်ယာတွေ ပြန်ဝယ်နေတာသာ သူတစ်ဦးတည်းဆိုရင် ဒီကုမ္ပဏီတစ်ခုလုံးက .."





"အန်ကယ်လ်တို့ပဲ တောင့်ထားပေးပါ၊ ကျွန်မ ဒီမသမာမှုကို ဖော်ထုတ်မှာ .."

"လုပ်ရှားပုံက သေသပ်တယ်နော်၊ ကျုပ်တို့က ဥပဒေအကြောင်း အရလိုက်ရင် သူက ဈေးကွက်ထဲပြန်ဝင်မှာပဲ၊ မသမာမှုလို့ ယူဆပြီဆိုရင်တော့ ပိုပြီး မလွယ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တူမကြီးက မိန်းကလေးဖြစ်နေတယ်၊ ကျုပ်တို့မှာ အင်အားနည်းနေတဲ့အပြင် လူကြီးပိုင်းတွေ ဒီလိုနေရာမျိုးမှာ လူငယ်တွေလောက် ဦးနှောက်မပြေးနိုင်တာတော့ သေချာတယ်"

"ကွန်ပျူတာဦးနှောက်က လူကြီးတွေမှာ မရှိဘူးလေ၊ လူငယ်တွေပဲ တတ်နိုင်တာ၊ သူတို့က ကွန်ပျူတာရှေ့မှာထိုင်ပြီး တစ်ချက်မှ ထစရာမလိုဘဲ မောက်စ် ထိုင်ရွေ့နေတာ .."

ဘုံ မျက်လုံးထဲမှာ မျက်နှာတစ်ခုကို ဖျတ်ခနဲ မြင်သွားသည်။

သခင် ..၊

တွေးမိလိုက်သည့်ခဏမှာ မျက်လုံးထဲမှာ ပြုံးပြက်လက်သွားသလိုပင်။ ခေါင်းထဲမှာတော့ မိုးကြိုးပစ်ချခံလိုက်ရသည့်အတိုင်း ..၊

"ပြိုင်ဘက်ကို အနိုင်ရရုံနဲ့တင် ကျေနပ်သွားမှာမဟုတ်ဘူး .."

"အလဲထိုးပြီး အပြတ်အသတ် အောင်ပွဲခံရမှ .."

သူ့စကားတွေကို ခုထိ မှတ်မိနေတုန်း၊ ကွန်ပျူတာတစ်လုံးနှင့် ဒီးကရက်လက်ကြားညှပ်ပြီး ညနက်သန်းခေါင် ထိုင်နေတတ်သည့်ပုံစံ—

မင်း ဖြစ်နေရင်လည်း ငါ ခွင့်လွှတ်မှာမဟုတ်ဘူး သခင်၊

မခံချင်ဒေါသတို့ကြောင့် မျက်ဝန်းမှာ မျက်ရည်များပင် စို့လေသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၆)

"သခင် .."

ဘေးမှာ မတ်တတ်ရပ်လာတော့ စီးကရက်မီးခိုးတို့ကို မှုတ်ထုတ်ရင်း သခင် က ငဲ့ကြည့်သည်။ ဘုံ မျက်နှာဆီ အကြည့်မရောက်ခင်မှာ ကွန်ပျူတာဆီ ပြန်လှည့်သွား၏။ ဘုံ က လက်သီးလေး ဆုပ်၍ –

"မင်းနဲ့ စကားပြောချင်တယ် .."

"ကျွန်တော် မပြောချင်ဘူး"

ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားသည်။ သူမ အတန်ကြာရပ်နေကာမှ သခင် က လှည့်မကြည့်ဘဲ ...

"သူများအလုပ်လုပ်နေတာကို ဒီလိုလာရပ်ကြည့်ဖို့ မသင့်ဘူးနော်"

"သင့်တာမသင့်တာတွေ ကိုယ်က ရှောင်နေလည်း မရှောင်ထဲ့တွေကရှိတော့ စည်းကမ်းကို ဘေးချိတ်ထားလိုက် ရတယ်"

"ဟွန်း .."

သူက စီးကရက်တစ်ရှိုက် ရှုတ်ခမ်းမှာတပ်၍ ပခုံးတွန့်သည်။

"အခု မင်း ခဏထပေးမယ်ဆိုရင် ကျေးဇူးတင်တယ်"

"ဘာလုပ်ဖို့လဲ .."

"ဝင်ကြည့်ချင်လို့ .."





"ပေါ်တင်ကြီးပါလား ဒေါ်ဘုံမြင့်စံ၊ ခင်ဗျားအလုပ်စာရွက်တွေ ကျွန်တော် ခြေဦးတောင် မလှည့်ခဲ့ဘူး .."

"ငါကတော့ လှည့်ရလိမ့်မယ် သခင်၊ မင်းကို လုံးဝ မေ့ထားပြီး ငါ ဒေါင်ချာစိုင်းအောင် ရှုပ်ထွေးနေခဲ့ရသမျှ တရားခံက ..."

"ကျွန်တော်လား .."

"အဲဒါ အခု သိချင်တယ်"

"မရဘူး .."

ပြောပြီးတာနှင့် နေရာမှထရပ်လိုက်သည်။ စီးကရက်ကို စားပွဲစွန်းနဲ့ ဖိချေပစ်လိုက်ပြီး ...

"ခင်ဗျား ဘာတွေလုပ်လုပ် ကျွန်တော် စိတ်မဝင်စားဘူး၊ ကျွန်တော့်ကိုလည်း စိတ်မဝင်စားဘဲ နေလိုက်ပါ"

"နေခဲ့တာပဲလေ .. ဒါပေမယ့် တို့ ဒက်ဒီဆီက ငွေချေးထားတဲ့ ကဏ္ဍက စတော့တွေ ရှယ်ယာတွေနဲ့ ဘာမှမသက်ဆိုင်ဘူး၊ ဒီမှာ အခက်အခဲဖြစ်နေလို့ ဒက်ဒီဆီမှာ လှမ်းချိတ်တာ..၊ မင်း ဒီထိလိုက်ပါခဲ့တာ ကောင်းလား .."

"ကျွန်တော့်အတွက် ကောင်းတယ်၊ ခင်ဗျားက ဆရာမကြီးပဲ ဘုံ၊ ခင်ဗျားတောင် အခက်အခဲဖြစ်လာသေးရင် ကျွန်တော်က ခုမှ မြေစမ်းခရမ်းပျိုးရတုန်း .."

ဘုံ က နာကြည်းချက်တို့နှင့် မဲ့ပစ်သည်။

"မင်းမသိတာ ဘာမှမရှိဘူး သခင်၊ အရမ်းအောင်မြင်ကျော်ကြားနေတဲ့ မိဘလက်ထက် လုပ်ငန်းထဲကို လက်ဝင်လျှိုလိုက်ရတယ်၊ လူကြီးထက် လူငယ်တွေ လက်စောင်းထက်တော့ မင်း ကျွမ်းကျင်တဲ့ဘက်က လှစ်လှစ်ပါအောင် လှုပ်ရှားတယ်၊ မင်းအတွက် ငွေတွေ ကြိုက်သလို သုံးခွင့် ရှိနေတာပဲကွာ ..၊ မင်းလိုလူ ဘာမဆိုလုပ်နိုင်တာ မဆန်းပါဘူး"

"ဟား .. ဟား .. ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



သခင် က ခါးထောက်၍ ဟားတိုက်ရယ်သည်။ ဒီနှစ်ယောက် တည်းကို စောင့်ရှောက်ဖို့ တာဝန်ယူထားရသော ဒေါ်ဒေါ်နု က အခန်း တံခါးဟထားတဲ့ကြားရှေ့ထိ ပြေးရောက်လာသေးသည်။

ကြာကြာလည်း ရပ်မနေရဲသဖြင့် မီးရောင်အောက်မှာ မျက်နှာချင်း ဆိုင်ရပ်နေကြသည့်နှစ်ယောက်ကို ချောင်းကြည့်ပြီး ချက်ချင်း ပြန်လှည့် သွားရှာသည်။ သူတို့ကတော့ မသိပေ ...။

သခင် သည် အလုပ်ကပြန်ရောက်လာတဲ့အတိုင်း အနက်ရောင် ဝတ်စုံနဲ့ပဲဖြစ်ကာ ဘုံ က နီညိုရောင်ထဘီ၊ ပန်းနုရောင် ညဝတ်ပွပွ နှင့် ...၊ နှစ်ယောက်စလုံး အရင့်ရောင်တွေပဲဖြစ်သော်လည်း ဘုံ့ မျက်နှာ မှာ ညှိုးငယ်ရိပ်တွေ မသိမသာ ထင်ဟပ်နေကာ ...

"မင်း ရယ်လို့ပြီးရင် ပြော .."

"ဟား .. ဟား .. ဟား .. ဟား ..."

သခင် က ရယ်ပြီးရင် ရယ်နေကာ ရယ်လက်စနဲ့ပဲ ဘုံ့ ကို ငုံ ကြည့်ကာ ...

"ဒီလို ရယ်နိုင်ဖို့ပဲလေ .. ဒေါ်ဘုံမြင့်စံ ကို အဲဒီလို ပြက်ရယ်ပြုနိုင် ကြိုးစားခဲ့ရတာ၊ ဒီမှာ ဘုံ .. လုပ်ပြီဆိုရင် ကောင်းတာဖြစ်ဖြစ်၊ ဆိုး ဖြစ်ဖြစ် တစ်ဖက်ကမ်းခတ်တော်အောင် လုပ်နိုင်ရတယ်၊ အဲဒါ အ အချင်းပဲ၊ သုညကနေ မူးစု ပဲစုနဲ့ လုပ်ငန်းတစ်ခု ထူထောင်ပြနိုင်မှ တော်လူပါဟ်လား ...၊ လုံ့လဝီရိယစိုက် မကြိုးစားဘဲ တော်နေတဲ့လူ မရှိလို့လား .. အဲဒါ အခု ခင်ဗျား လက်တွေ့ သိရမယ် .."

"မင်းက မိန်းမတစ်ယောက်ကို တိုက်ခိုက် အနိုင်ယူဖို့ ကြိုးစား တာကို ဂုဏ်ယူနေတာလား .."

"အောက်ကရောက်နေကာမှ ရျာလက်နက် မဆွဲပါနဲ့၊ ယော ဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ပြိုင်ဘက်ဖြစ်လာရင် နိုင်အောင် တိုက်ရ ခင်ဗျားနဲ့ကျွန်တော် တာထွက်ပြီလို့ ပြောခဲ့သားပဲ ဘုံ ...၊ အဲဒီတည်း





ခင်ဗျားကိုယ်ခင်ဗျား အားနွဲ့သူလို့ သတ်မှတ်ရင် နုတ်ထွက်ခွင့်ရှိတယ်၊ အခု မရတော့ဘူး .. ဒက်ဒီဆီကလည်း ဘာမှမျှော်လင့်မနေနဲ့၊ ခင်ဗျား ထက် အများကြီး ပိုလိုအပ်နေတဲ့ ကျွန်တော့်ဘက်ကို အကုန်ရောက်မှာ

ဘုံ့ မျက်ဝန်းလေးတွေ ပို၍ အေးစက်မာကျောလာခဲ့လျက် ...

"နောက်ထပ်သိချင်တာ ရှိတယ်"

"ဖြေချင်မှ ဖြေမှာ .."

သခင် က ဂျစ်ကန်ကန်မျက်နှာနှင့်ပြောပြီး စီးကရက်တစ်လိပ် ထပ်ထုတ်နေသည်။

"ငါ့ဘက်က ရှယ်ယာတွေကို အောက်လမ်းနည်းတွေသုံးပြီး မရ ခကလိုက်ဝယ်နေတာ မင်းလား .."

"ခင်ဗျား ဘယ်လိုထင်လို့လဲ .."

"ငါမေးတာကိုပဲ ဖြေစမ်းပါ"

"ဖြေချင်မှ ဖြေမှာလို့ ပြောပြီးပြီလေ၊ ခင်ဗျားသိချင်ရင် စုံစမ်းပေါ့၊ ဒါမှမဟုတ် အဲဒီလူတွေ ဘာလုပ်ချင်တာလဲဆိုတာ သူတို့ဘာသာ လူလုံး ထွက်ပြပြီး တောင်းဆိုလာရင် သိရလိမ့်မယ် .."

"အဲဒီလူက မင်းဆိုရင် ဘယ်အချိန်ဖြစ်ဖြစ် ငါ လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူး .."

"ဟား ဟား ဟား ကြောက်စရာကြီးပါလား၊ ကြိမ်းဝါးနေမယ့် အစား မြန်မြန်ပေါ်အောင် ဖော်ပြီး လုပ်စရာရှိတာလုပ်လေ၊ ခင်ဗျား အဲဒါ တွေ အဖြေပေါ်ဖို့အတွက် ကျွန်တော့်ဗိုင်တွေထဲ ဝင်ကြည့်ဖို့ မလိုပါဘူး၊ ခင်ဗျားအလုပ်ကို လုံးဝ စိတ်မဝင်စားဘူးလို့ ပြောပြီးပြီပဲ"

နေလိုက်စမ်း သခင် ...၊ မင်းနဲ့ငါ ဒီနေရာနဲ့တင် ပြီးသွားမှာမဟုတ် ဘာဖြစ်လို့လဲဆိုတော့ ငါ သိနေတယ်၊ အဲဒီ မသမာသူက မင်း ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၇)

"ဟက်ကာတွေ အရမ်းတော်နေရင် ကြောက်ဖို့ကောင်းတယ်... တို့တော်တာက လူတွေကို အကျိုးပြုဖို့မဟုတ်ဘဲ အဖျက်သဘော... သွားရင် သွားပြီ"တဲ့။

အလုပ်စားပွဲမှာ လက်နှစ်ဖက်တင် မေးထောက်ကာ ရောက်... တည်းက ထိုင်ချလိုက်တာ ဘယ်လောက်ထိ ကြာသွားသည်မသိ ... မှာ သူ့အသံတွေပဲ ကြားနေသည်။ ဦးတက်လူ ပြောဖူးတာကို သတိ... ၏။ ပြီးတော့ မထိတထိ ခပ်ချဉ်ချဉ် လှောင်ပြုံးတွေနဲ့ မျက်နှာ...

"မမစံ ကော်ဖီ .."

"ဟင်!... အင်း .."

လန့်သလို ဆတ်ခနဲဖြစ်သွားပြီးမှ လက်ခုံပေါ် နဖူးလေးပြန်... ဒီတိုင်းပြန်ဖြစ်၏။

"မမစံ"

စန္ဒာခင် က ရှေ့မှာ ခုံဆွဲထိုင်လိုက်ကာ ...

"သိပ်စိတ်ညစ်မနေပါနဲ့ မမစံ ..၊ ရှုပ်နေရင် ရှင်းလို့ရမယ့်... တော့ ရှိမှာပါ၊ လောလောဆယ်တ ..."





"လိုအပ်တဲ့ကုန်ကြမ်းတွေ မရတာ ခက်နေတာ ... ဒါရိုက်တာတွေက ရောင်းမယ် ထွက်မယ် တကဲကဲနဲ့ .."

"များသောအားဖြင့် အကျိုးအမြတ်တွက်ကြတာပဲ မမရော် ... တို့ စိတ်ညစ်တာကို တောင့်ခံလိုက်ရင် ဖြေရှင်းဖို့နည်းကို တွေ့မှာပါ"

"အင်း .. စက်ရုံက လယ်ဂျာတွေ ရပြီလား .."

"ရပြီ မမစံ၊ ကုန်ကြမ်းရောက်ဖို့ပဲ လိုတာ၊ စက်ရုံမှာ ပြဿနာ မရှိဘူး"

စကားပြောနေကြတုန်း ဖုန်းဝင်လာသဖြင့် ရင်ထဲမှာ ဒိတ်ခနဲ ဆောင့်ခုန်သွားသည်။ စန္ဒာခင် က ဘုံ့ မျက်နှာကို တစ်ချက်ကြည့်၍ ... မပဲ ကောက်ကိုင်လိုက်၏။

"ဟလို"

"... ... ... ..."

"ရှင်!..."

"ဘာဖြစ်လို့လဲ စန္ဒာ .."

"မန်နေဂျာကြီး ကားတိုက်မှုဖြစ်လို့တဲ့ .."

"ဘာ!..."

ဦးတက်လူ ဆီကဖုန်းကို သူမ စောင့်နေတာဖြစ်သည်။ ကြားလိုက်ရသည့်သတင်းကတော့ အဆိုးရွားဆုံးပါလား။

"ဟုတ်ကဲ့ .. ဟုတ်ကဲ့ပါ၊ မမစံ ကို ပြောလိုက်ပါ့မယ် .."

စန္ဒာခင် က ဖုန်းချလိုက်ပြီး ဘုံ့ ကို လှမ်းကြည့်သည်။

"စန္ဒာ ပဲ သွားလိုက်မယ် မမ၊ မမက ပရိုမိုးရှင်းအတွက် တင်ပြထားတာတွေကို စစ်ရဦးမယ်မို့လား .."

"နေပါဦး .. ဘာတွေဖြစ်သွားတာလဲ၊ အခု ဖုန်းပြောနေတာက ဘယ်သူ့ဘက်က ဘယ်သူလဲ .."

"မန်နေဂျာကြီးပဲ မမ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို .."

စန္ဒာခင် က နောက်ထပ် စိတ်ညစ်စရာတွေ ထပ်မကြားစေချင်သည့်စေတနာနဲ့မှန်း ဘုံ နားလည်သည်။ ဒါပေမယ့် ပြဿနာရှိလာရင် ကိုယ်မရှင်းပဲ ပြီးမှာလား ..။

"မန်နေဂျာကြီးရဲ့ဒရိုင်ဘာက ပရာဒိုနောက်ပိုင်းကို ဝင်တိုက်တာတဲ့၊ အဲဒီအတိုက်က ဒရိုင်ဘာ တော်တော်ထိသွားတယ်တဲ့ မမ၊ ပြီးတော့ ရှစ်နှစ်ကလေးတစ်ယောက် ပါတယ်တဲ့၊ အကုန်လုံး ဒဏ်ရာရကုန်တာ မနည်းဘူးတဲ့၊ မမ ဒီကနေ ဖုန်းနဲ့ပဲ ညွှန်ကြားပါ၊ စန္ဒာ သွားလိုက်ပါ့မယ်"

"နေဦး .. နေဦး .."

ခေါင်းထဲမှာ ပူထူနေပြီမို့ စန္ဒာခင့် ကို လက်ကာတားရင် မျက်လုံးတွေ မှိတ်ထားမိသည်။ ပြီးမှ ဖျတ်ခနဲ မျက်လုံးပြန်ဖွင့်ကာ ...

"ပရာဒိုပိုင်ရှင် စုံစမ်းကြည့်စမ်း စန္ဒာ ..၊ ပြီးတော့ ..."

စန္ဒာခင့် ကို မှာပြီး သူမ အပေါ်အင်္ကျီကောက်ဝတ်ကာ ချက်ချင်းထွက်လာခဲ့သည်။ ကားပေါ်ရောက်မှ စန္ဒာ့ ဆီက ဖုန်းလာလျှင် ...

"အေး .. အဲဒါကို သိချင်တာ၊ ဒီကား အာမခံထားတဲ့ကား ဖြစ်နေတာ သေချာပြီဆိုတော့ တို့ လုပ်စရာရှိတာ လုပ်ရဦးမယ်၊ ညီမ ဖုန်းပဲစောင့်နေလိုက်၊ ဦးတက်လူ ဖုန်းဆက်လာလိမ့်မယ် .."

ဖုန်းချလိုက်ပြီး ကားကို ဇဟန်းလမ်းဘက် ချိုးဝင်လိုက်၏။ ပြီးမှ ဖုန်းထုတ်၍ တစ်နေရာကို လှမ်းခေါ်လိုက်ကာ ...

"ဧယျ လား"

"... ... ... ..."

"အာမခံထားတဲ့ကားတစ်စီးရဲ့အုံနာကို ရှာကြည့်ပေးပါလား"

"... ... ... ..."

"အင်း .. အင်း ဟုတ်ပြီ .. ချက်ချင်း ဖုန်းပြန်ခေါ်နော် .."

"... ... ... ..."





"မဟုတ်ပါဘူးကွာ .. အရှမ်းအရေးကြီးနေလို့ပါ .."

ဧယျ လည်း ခုနောက်ပိုင်းမှာ ဖုန်းတွေ သိပ်မဆက်တော့ပါ။ ယောကျ်ားရှိတယ်ဆိုတာကို မယုံဘူးလို့ပြောပြီး နာမည်နဲ့တကွ ပြောပြလိုက်တော့ ဘာဖြစ်သွားသည် မသိ ..။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ယောကျ်ားလေးတွေနဲ့ မိတ်ဖြစ်ဆွေဖြစ် စကားပြောဖို့အတွက် ကိုယ့်ဘက်မှာ အချိန်ပေးဖို့ မရှိ ..။

တစ်နေကုန် စီးပွားရေးအလုပ်တွေကို ပစ်ထားပြီး စုံစမ်းစရာတွေ၊ ဆေးကမ်းရက်ရောရမှာတွေ အများကြီး လှုပ်ရှားခဲ့ရသမျှ ညကျမှ အမောဆို့လေသည်။

"မန်နေဂျာကြီးက သူ့သား နယ်စပ်မှာ အမှုဖြစ်နေလို့တဲ့၊ ခုနကပဲ ဖုန်းဆက်တယ် မမှစ် .."

"သူက ဘာဖြစ်လို့ တို့ဆီကို တိုက်ရိုက်မဆက်တာလဲ"

"မမဖုန်းခေါ်တာ လိုင်းမအားလို့တဲ့ .."

"ဘာမှုဖြစ်တာလဲ .."

"အဲဒါ မသိဘူး မမ၊ ဒီက ကားတိုက်မှုကို စန္ဒာ တို့ကပဲ ဖြေရှင်းပေးမှာဆိုတော့ .. သူလည်း အကြီးအကျယ် ဒဏ်ရာရမထားတော့ ..."

"တော်ပြီ .. တော်ပြီ၊ တို့ ခဏနားချင်တယ် စန္ဒာ၊ နောက်ထပ် ဘာအကြောင်းပေါ်လာလာ ဖုန်းမဆက်နဲ့ဦးနော် .."

ဖုန်းချလိုက်တာနှင့် တကယ်ကို ခေါင်းထဲမှာ တဒိတ်ဒိတ်သွေးတိုးလာသည်။ နားထင်ကို ဖိထောက်လိုက်ကာမှ ပိုပြီး ကိုက်ခဲလာ၏။

ဒီအတိုင်းဆို အခြေအနေမကောင်းတာတွေ တန်းစီထောက်ပြပြီး ဘက်လူ လည်း သူ့ရှယ်ယာတွေကို ပြန်ရောင်းတော့မှာပဲ ထင်သည်။

ဒီအခြေအနေတွေကို ဘယ်လိုထိန်းရမလဲ ..၊

"ဖုန်းလာနေတာ မကိုင်ဘူးလား .."

အခန်းဝကနေ သခင့် အသံကို ကြားလိုက်ရသည်။ ဘုံ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေ နည်းနည်းလေးတောင် ကစားလို့မရဘဲ မျက်အိမ်တွေပါ ကိုက်ခဲနေတာ ဖြစ်သည်။ ဖုန်းမြည်သံကို ကြားနေသားနှင့် တမင်မကိုင်တာမို့ တမင်တကာ လာပြောတာကို စိတ်တိုသွားမိ၏။

"ဒီလောက်ဆူညံနေတာ ဘေးလူကိုလည်း အားနာပါဦး .."

"သခင် .."

တစ်ဖက်လှည့်သွားပြီးမှ သခင် က ပြန်ကြည့်သည်။ ဘုံ က ဖုန်းကို မကိုင်ဘဲ ဒီတိုင်း အသံဖျောက်ထားလိုက်ကာ ...

"မင်း ဘယ်လောက်ထိလုပ်ဖို့ ရည်ရွယ်ထားသလဲ .."

"ဘာလဲ .."

"မသိချင်ယောင် ဆောင်မနေပါနဲ့၊ ရှိုးရွမ်းက ကားတွေဝယ်ပြီး အာမခံထားပြီးမှ မင်း အဆုံးခံနိုင်လို့ လိုက်တိုက်လည်း ငါ့မှာ လူကုန်နေပြီ၊ အဲဒါကြောင့် ဘယ်လိုနည်းလမ်းတွေနဲ့ ဘာလုပ်ဖို့ရှိသေးလဲလို့ .."

သခင် က ဘုံ နဲ့ မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်လိုက်ပြီး ဘောင်းဘီခါးစပ်မှာ လက်မချိတ်ထားရင်း ...

"ကျွန်တော် ဘယ်ခြေလှမ်းနေနေ ခင်ဗျားသိဖို့ မလိုပါဘူး .."

"ငါ သိတယ် .."

"သိပေါ့ .. လူတိုင်း ကိုယ်လိုသလို ဆွဲတွေးပြီး လူတတ်ကြီး လုပ်နေကြတာပဲ"

"လူတတ်ကြီးလုပ်ဖို့ မလိုဘူး၊ မင်း လှုပ်ရှားနေတာတွေကို ထိုင်ကြည့်နေသလို ဖြစ်နေတာ၊ ဒါတွေဟာ စီးပွားဖက်တစ်ယောက်ယောက်ကြောင့် ဖြစ်နေတာဆိုရင် ကြားလို့ကောင်းသေးတယ်၊ အခု မင်းဖြစ်နေတော့ ..."

"ဘာဖြစ်လဲ ...၊ ခင်ဗျားယောကျ်ား ဖြစ်နေလို့လား .."

မျက်ခုံးပင့် မေးလိုက်ပြီး မချိုမချဉ်ဖြစ်သွားသည့်မျက်နှာက ဘုံ ပြောမယ့်စကားတို့ကို ဆွံ့အစေခဲ့လျက် ...





"အဲဒါဆိုရင်တော့ မေ့လိုက်လို့ ရတယ်နော်၊ သခင် ဆိုတဲ့ကောင် ...၊ မှန်းချိန်ဘိ လူပျို .. ရေမရောသေးဘူး .."

အေးဆေးလျှောက်ထွက်သွားသည့် ကျောပြင်ကျယ်ကို ကြည့်နေရင်း ဘုံ အံကြိတ်ထားမိသည်။ ထို့ပြင့် ခေါင်းစဉ်မဲ့သော မျက်ရည်စက်တွေ တပေါက်ပေါက် ဆင်းလာကြ၏။

နာကျင်ခြင်းတို့သည် စီးပွားရေးကြောင့်လား ...၊ ဂုဏ်သိက္ခာကြောင့်လား ...၊ အရာခပ်သိမ်းသော ဒုက္ခအပေါင်းတို့ဟာ သူ့မအတွက်သာ ဖြစ်ခဲ့ပြီဆိုလျှင် ...၊

♪... သနပ်ခါးကို ဘယ်ညာလိမ်း ...၊ ဆံထုံးလေးပါ ထုံး ...

... မြန်မာရင်ဖုံးလေးနဲ့ လိုက်ပါတယ် ...♪

မြည်လာသည့်ဖုန်းသံကြောင့် ဘုံ မျက်လုံးတွေ အသံလာရာဆီရောက်သွားသည်။ စန္ဒာ ဆီကတော့ မဖြစ်နိုင်တာ သိနေ၏။ ထို့ကြောင့်...

မျက်ရည်တွေကို မသုတ်ဖြစ်ဘဲ ဖုန်းရှိရာကို သွား၍ ...

"ဟလို .."

"ဘုံ လားဟင် .. ကိုယ်ပါ .."

"ကိုမောင် .. ဘုံ သိပ်နေမကောင်းလို့ .. ဆောရီးနော် .."

"ဟာ!.. နေပါဦး၊ ခုချိန်မှာ မင်း ဘယ်လိုလုပ် အဆင်ပြေမှာလဲ၊ ကိုယ် နားလည်ပါတယ်၊ ဖုန်းမချလိုက်ပါနဲ့ .. လိုရင်းပဲ ပြောမယ်ကွာ...၊ မင်းကုမ္ပဏီကသတင်းတွေ ပျံ့နေပြီ"

"ဟုတ်ပါတယ် ကိုမောင် ...၊ အဲဒါ အမှန်တွေပါ .."

"ဒါ မင်းလုပ်လို့ အရှုံးအမြတ်ထွက်တာ မဟုတ်ဘူး ဘုံ၊ လုပ်ကြံခံရတာ၊ ဘာဖြစ်ဖြစ် တောင့်ထားပါ .. မင်းဆီက နုတ်ထွက်မယ့်ရှယ်ယာတွေအတွက် ကိုယ် လုံးဝ ပြန်ဖြည့်ပေးမယ်၊ ငါးဦးရှယ်ယာကနေ မင်းကိုယ်ပိုင် ဖြစ်သွားမယ်၊ ကိုယ့်ဆီက ချေးငွေမှတ်တမ်းနဲ့ပေါ့၊ အလုပ်သဘောအရ ပြောတာနော် ...၊ ကိုယ် .."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကိုမောင် .. ဘုံ လောဘတက်သွားမိလို့ ဒီအဖြစ်တွေ ကြုံရတာပါ၊ ဒီတစ်ခါ တစ်နိုင်တစ်ပိုင်ပဲ ကျန်ပါစေ .. ရှယ်ယာတွေ လက်မခံတော့ဘူး၊ ဒါမှမဟုတ်ရင်လည်း .."

"ဘုံ .. ဟာ!... မဟုတ်တာကွာ ..၊ အဲဒီတရားခံကို ကိုယ်တို့ ဖော်လို့ ရတယ်လေ၊ ဒါ လုပ်ကြံခံရတာမှန်း ကိုယ်တို့ အသိုင်းအဝိုင်း အားလုံး သိကြတယ်၊ ဒီလူက မင်းဆီက ရှယ်ယာရှင်တွေ မဖြစ်မနေ ပြန်ရောင်း ချင်လာအောင် အဆမတန် ပိုပေးဝယ်တာ၊ မရောင်းချင်တဲ့သူကို ရောင်း ရတဲ့အဖြစ်ရောက်အောင် လုပ်နေတာ .."

ဘုံ့ မျက်ဝန်းထဲမှာ သခင့် မျက်နှာကိုပဲ မြင်နေခဲ့၏။ ဒါပေမယ့် သခင် ကိုယ်တိုင် အရိပ်မဲ့ လှုပ်ရှားနေတာလား ..၊ ဘုံ ဒီလိုအဖြစ်ရောက် သွားရင် ပြီးရောဆိုပြီး တစ်ယောက်ယောက်ကို ဖိအားပေးနေတာလား..၊

ဒီအချက်တစ်ခုကို ဆုပ်ကိုင်မိဖို့သာ လိုနေတာဖြစ်သည်။

နောက်တစ်ချက်က ဒီအဖြစ်မှာ သခင့် စက်ကွင်းနဲ့ မလွတ်နိုင်တာ သေချာတာမို့ တခြားသူ ဖော်ထုတ်သိရှိသွားမှာလည်း သူမ မလိုချင်..။

"ဘုံ ရယ်.. မင်းရဲ့အရည်အချင်း၊ မင်းရဲ့မာနကို ကိုယ်တို့ နားလည် ပါတယ်၊ တူထောင်ပြီးသားကိုတော့ ..."

"ကျွန်မ တူထောင်ထားတာတော့ ကျွန်မလက်ထဲမှာ ကျန်နေမှာပါ ကိုမောင်၊ မပါဝင်ချင်တဲ့သူ နုတ်ထွက်သွားတာ ရှိပါစေ၊ ကျွန်မရဲ့ လုပ် ငန်းသေးသေးလေးထဲမှာ အမှုအခင်းတွေနဲ့ ရှုပ်ပွေနေတာမျိုးလည်း မလုပ်ချင်ဘူး၊ အရင်းအနှီးနည်းသွားလို့ အမြတ်နည်းသွားတာလည်း သဘာဝကျပါတယ်"

"မဟုတ်သေးဘူး ဘုံ ..၊ မင်းရဲ့ချာတိတ် ဒီတိုင်းထိုင်ကြည့်နေတာ ကိုယ် အံ့သြနေတယ်၊ မင်းတို့ချင်း အဆင်မပြေကြဘူးဆိုတာလည်း ရင်းနှီးတဲ့လူတွေ အကဲခတ်မိကြပါတယ်၊ တကယ်ဆို သူ့အတွက် မင်းရဲ့ ကုမ္ပဏီက လက်တစ်ဆုပ်စာပါ"





ဒါကြောင့် ဖိဆုပ်ချေမှုပစ်ဖို့ ကြိုးစားနေတာပေါ့၊ ဘုံ့ နှုတ်ခမ်း[illegible] လေး မဲ့သွား၏။ သူမ မှားခဲ့ပါသည်။ ဒီလူကိုမှ ချိုးဖဲ့နှိမ့်ချ [illegible] မှားသွားခဲ့သည်။

ဒါပေမယ့် ပြန်ရလိုက်တာတွေကျတော့ အဆမတန်ပါလား ..

"အန်ကယ်လ်ဘွန်း အနားမှာရှိနေရင်လည်း မင်း ဒုက္ခရောက်မှာ မဟုတ်ဘူး၊ ကိုယ့်ဆီက မဟုတ်ရင်လည်း မင်းယောကျ်ားဆီ အကြောင်း ကြားကြည့်ပါလား ဘုံ ..၊ သူ ကျန်းမာရေး ကောင်းနေပြီပဲ"

ဘုံ အကူအညီတောင်းလိုက်တာကို သခင် ဘယ်လိုလှည့်ချိတ်ဝစ် လိုက်သလဲ ..၊ ဘယ်သူမှမသိသလို သူမလည်း မသိပါ။

နောက်ထပ် မသိတာ ဘုံ ကျူးခဲ့တဲ့စကားရပ်တို့အပေါ်မှာ သူ ဘယ်လောက်ထိ တုံ့ပြန်နှိပ်စက်ဖို့ လက်နက်တွေရှိသေးသလဲဆိုတာပင်..။

"ဘုံ .."

"ဟုတ်ကဲ့ .. ပြောပါ .."

"မင်း ငိုနေတာလား .."

"မဟုတ်ပါဘူး .. စိတ်ပင်ပန်းတာတော့ရှိတာပေါ့၊ အဲဒါကြောင့်.."

"ဟုတ်ပါပြီ .. ကိုယ်လည်း မင်းကို မပင်ပန်းစေချင်ပါဘူး၊ တစ်ခု တော့ မေးပါရစေ .."

"မေးလေ .."

"ဒီကိစ္စတွေကို တစ်ယောက်တည်းက လုပ်ကြံနေတာ မှန်ရင် ကုမ္ပဏီကို သိမ်းချင်တာလား ..၊ မင်းကို ဘဝပျက်စေချင်တာလား အဲဒါ ကို သိရရင် မင်း ဘယ်လိုဆုံးဖြတ်မလဲ ..၊ ကိုယ့်ကို မဖြေချင်ပေမယ့် မင်း ကြိုစဉ်းစားထားဖို့ သတိပေးတာပါ.."

ဖုန်းချလိုက်ရင်း ဘုံ တောင့်တောင့်လေး ရပ်နေမိ၏။

ကျေးဇူးတင်ပေမယ့် ရှင်သတိပေးတာ နောက်ကျသွားပြီ ကိုမောင်..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅၈)

မျက်နှာစုံညီရှိနေကြသည့် ခန်းမတစ်ခုလုံးကို ဝေ့ကြည့်ပြီးမှ ဘုံက ထိပ်ဆုံးမှာ ထိုင်သည်။ အပ်ကျသံတောင် မကြားရလောက်အောင် တိတ်ဆိတ်နေကြသော်လည်း ဘုံ ဝင်လာတည်းက မျက်လုံးချင်းစကားပြောနေကြတာက အားလုံး အသွေးတူ အရောင်တူ ..။

ညာဘက်ခုံတစ်လုံးက ဘာလို့ အလွတ်ချထားတာလဲ။

စူးခနဲ တစ်ချက်ကြည့်မိပေမယ့် ဘုံ မျက်လုံးတွေကို ပြန်ရွှေ့သည်။ ခဏကြာတော့ ဘုံ ကပဲ စ၍ စည်းဝေးဆွေးနွေးခြင်းကို ဖွင့်ပေးလိုက်ကာ...

"ဒီကုမ္ပဏီရဲ့ လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ဆွေးနွေးတင်ပြစရာတွေ ရှိကြမှာပါ၊ အခု စလို့ ရပါပြီ .."

"အဟမ်း .."

ချောင်းဟန့်သံ တစ်ချက်နှင့်အတူ ...

"ဒီကုမ္ပဏီမှာ ရှယ်ယာအများဆုံး ပိုင်ဆိုင်ထားတဲ့သူကို ဥက္ကဋ္ဌရာထူး လွှဲပြောင်းပေးရမှာဆိုတော့ အန်ကယ်လ်တို့က ဒီပွဲအတွက် အကဲဖြတ် အားပေးဖို့ တက်ရောက်ကြတာပါ"

"ဟုတ်ပါတယ်၊ ကျုပ်တို့ဆီက ရှယ်ယာရဲ့ လေးပုံသုံးပုံကို ရရှိသွားတဲ့အတွက် ကျုပ်တို့ထက်ရော ဒေါ်ဘုံမြင့်စံ ထက်ပါ ရှယ်ယာပိုင်ဆိုင်မှု များနေပြီဖြစ်တဲ့အတွက် ..."





"ခဏလေးပါရှင် .. ဒါဆိုရင် ရှယ်ယာတွေကို ရောင်း
ဒီလူကို ဥက္ကဋ္ဌရာထူး ပေးအပ်ချင်တဲ့အတွက် တညီတညွတ်တည်း
ဖြစ်ခဲ့ကြတာလား ..၊ ကျွန်မရဲ့အုပ်ချုပ်စီမံမှုအပေါ်မှာ ချို့ယွင်း
နေလို့ လွှဲပြောင်းပေးချင်တာမျိုးလား .."

"မဟုတ်ဘူး ဒေါ်ဘုံမြင့်စံ ..၊ ဖြစ်ပျက်သွားသမျှက ရောင်းလွှဲရေး
အခက်အခဲကိုယ်စီပါ၊ အခု ပြန်ပြီး ဖြစ်စေချင်တာကတော့ မိန်းမသား
ဖြစ်တဲ့ ဒေါ်ဘုံမြင့်စံ အပေါ်မှာ နောက်ထပ် ထိခိုက်ပျက်စီးမှု မရှိစေချင်
တဲ့အတွက် အကုန်လုံးကို ဥမကွဲသိုက်မပျက် စုစည်းရင်းနဲ့ ဒီတိုင်း ဆက်
သွားနိုင်ဖို့ပါ .."

"ဒါကို ထည့်စဉ်းစားကြည့်ပါ၊ သမီးဘုံ အတွက် အရမ်းခက်ခဲ
မယ်မှန်း သိပေမယ့် ..."

"စကားဖြတ်ပြောပါရစေ အန်ကယ်လ် .. ကျေးဇူးတင်ပါတယ်၊
အန်ကယ်လ်တို့အားလုံး ရောင်းခဲ့ကြတဲ့ ရှယ်ယာတွေကို တစ်ဦးတည်း
က ဝယ်နေတာပေါ့၊ သူ့ကို အန်ကယ်လ်တို့အားလုံး သိနေတယ်ဆိုရင်
ဒီမသမာမှုဟာ ဝယ်သူတစ်ယောက်တည်းနဲ့ သက်ဆိုင်နေတာမှ မဟုတ်
တော့ဘဲ .."

အားလုံး၏မျက်နှာတွေ ငုံ့တော့မလိုလို၊ လွှဲတော့မလိုလိုနှင့် မျက်
ယွင်းကုန်ကြ၏။

"ထားလိုက်ပါတော့ .. အခု ဒီအစည်းအဝေးမှာ အဲဒီလူ တက်
ရောက်လာမှာမို့လား ..၊ သူ အခု ဘယ်မှာလဲ .."

တံခါးချပ်က ညင်သာစွာ ပွင့်သွားသည်။ အထဲကို ချဉ်းနင်း ဝ
ရောက်လာသူက ပန်းရိုပ်သမ်းနေသော အဖြူဖွတ်ဖွတ် ရှပ်အင်္ကျီလက်
ရှည်၊ ဘောင်းဘီရှည်အဖြူနှင့် သခင် ..။

ဒီရက်ပိုင်းတွေမှာ ပခုံးကျော်အောင် ရှည်ကျနေပြီဖြစ်သည့် လိ
တွန့်ရေးရေးနှင့်ဆံပင်တွေက ပုံကျစွာ ဖြီးလှန်ထားသဖြင့် မွေးနုသင



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ထင်းနေသည်။ လှမ်းဝင်လာသမျှ ခြေလှမ်းတိုင်းမှာ မျက်လုံးတွေက ဘုံ့ မျက်နှာလေးဆီမှာ မခွာတမ်း စူးစိုက်လျက် ...

"ဟင်!... ဦးခင်ထွန်း ရဲ့သားပဲ .."

"ပန်းသခင် .."

လေးဦးစလုံး အံ့ဩသွားခြင်းက.. သခင် ဘယ်လိုလှပ်ရှားထားသည်ကို ဖော်ပြလိုက်သလိုပင် ..။

ထို့ပြင် ဘုံ တို့ ဇနီးမောင်နှံတွေမှန်း သိနေကြသဖြင့် ပွင့်ဟသွားသည့်နှုတ်ခမ်းတွေလည်း ပြန်မစေ့တော့အေး ဘို့သော် ...

အားလုံးသောမှုတို့နှင့် ဆန့်ကျင်ဘက်ဖြစ်နေသော သခင် နဲ့ ဘုံတို့ရဲ့ အစိမ်းရောင်သမ်းနေသော မျက်ဝန်းကို သည် ..။

"မင်း .."

"ပန်းသခင် ပါ .."

ဘုံ က တဖြည်းဖြည်း ဆရပ်ကာ သခင် က ခုံလွတ်မှာ မထိုင်ဘဲ သူမဘေးမှာ သွားရပ်သည်။ ကိုင်ထားသည့် ဖိုင်အထပ်ကို သူမရှေ့မှာ ချထားလိုက်ပြီး ...

"ကျွန်တော် ဒီမှာထိုင်ရမှာ ထင်တယ် .."

"မဟုတ်ဘူး သခင် .. မင်းအတွက် ဒီမှာ နေရာမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကုမ္ပဏီမှာ အင်အားနည်းရင် နည်းသွားလိမ့်မယ်၊ ဒါပေမယ့် ပြုတ်ထွက်သွားလောက်အောင် မဖြစ်သေးဘူး၊ ထွက်ချင်တဲ့လူကို မတားပေမယ့် ဝင်လာမယ့်သူက ငါ လက်ခံမှဖြစ်မှာ၊ ငါ့မှာ ခြေထောက် တစ်ဖက်ဟည်း ရှိနေလည်း အဲဒီခြေတစ်ဖက်နဲ့ပဲ ရပ်တည်သွားမယ်၊ ဒီတော့ မင်း ထိုင်စရာ တခြားမှာ သွားရှာပေတော့ .."

"ဟား .. ဟား .. ဟား ..."

သူက ဘောင်းဘီခါးစပ်မှာ လက်တစ်ဖက်ချိတ်၍ တစ်ဖက်က ဘုံ ထိုင်သည့်ကျောမှီမှာ တင်သည်။





ပြီးတော့ မျက်နှာချင်းနီးအောင် ရှေ့တိုး၍ ...

"ခင်ဗျားမှာ ခြေထောက်တစ်ဖက်မှ မရှိတော့ဘူး ဒေါ်ဘုံမြင့်စံ.."

ဘုံ မျက်ဝန်းတွေ စူးစူးရဲရဲဖြစ်သွားသည်။ ဒေါသ ထောင်းခနဲဖြစ်သွားသော်လည်း ကြိတ်မှိတ် ထိတ်လန့်သွားခြင်းက သူ တကယ်လုပ်ထားပြီဆိုတာ သိလိုက်၍ ဖြစ်၏။

"ခင်ဗျား ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းဖို့ကြိုးစားရင် တင်ထားတဲ့ကြွေးတွေကို .."

"မင်း .. မင်း .. တော်တော့ .."

"ပြောပြတာ .."

တိုးတိုးလေး ကပ်ပြောရာကနေ မျက်နှာ နောက်ပြန်ဆုတ်ပြီး ခတည်မပြုံးပြုံးဖြစ်ကာ ...

"အဲဒီငွေတွေလည်း ကျွန်တော်ပဲ ထုတ်ထားခဲ့တာ"

သူက အေးစက်စက် စိုက်ကြည့်ကာ ...

"ဆိုတော့ နေရာတော့လဲပေးမှ ဖြစ်မယ်၊ ခင်ဗျားကို ဘယ်ရာထူးနဲ့ ထားရမလဲဆိုတာကို .."

ရင်ထဲမှာ လှိုင်းထန်လာတာ ဘာတွေမှန်းမသိဘဲ မျက်လုံးထဲမှာပါ မှိုတ်ခနဲ ဖြစ်သွားသည်။ ပြီးတော့ ဘုံ့ ကိုယ်လေး ခွေခနဲ ..။

"ဘုံ .."

ပြုံမကျခင် ဖျတ်ခနဲ ပွေ့ယူလိုက်သည့် သခင့် လက်ပေါ်မှာ ဘုံ ခေါင်းလစ်နေပြီ ဖြစ်၏။

ထိုင်နေသူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြလျက် ..။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"အား!... ကျွတ် .. ကျွတ် .."

မျက်လုံးဖွင့်လိုက်ပြီးမှ ပြန်မှိတ်ရကာ ခေါင်းတွေ တရိပ်ရိပ် မူး တာကို မျက်လုံးမှိတ်ထားပေမယ့် ခံစားနေရ၏။

နေ့စဉ်ရက်ဆက် စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်ခဲ့သည့်ဒဏ်တွေ လူကို အပြင်းအထန် နှိပ်စက်ခဲ့တာ ဖြစ်သည်။ မျက်လုံးမှိတ်ထား ကိုယ့်အဖြစ်ကို သတိရလာစဉ် အစည်းအဝေးခန်းမထဲက အဖြစ်ဆီ ခနဲ ရောက်သွား၏။

ငါ ဘာဖြစ်သွားခဲ့သလဲ ..၊

စိတ်ထဲမှာ ဖျန်းခနဲ ပူထူသွားစဉ် ...

"နည်းနည်းပင်ပန်းသွားတာ မာမိ .. စိတ်မပူပါနဲ့ .. ဘာမှမဖြစ်

"... ... ... ..."

"သားတို့ အဆင်ပြေပါတယ်၊ ဟုတ်ကဲ့ .. လာကြိုမှာပေါ့

ကဲ့ပါ .."

ဘုံ ကိုယ့်အဖြစ်ကို တွေးမိကာ လှဲနေရာကနေ ဖျတ်ခနဲ ထ လိုက်မိ၏။ ခေါင်းမူးနေတာတွေလည်း သတိမရ၊ ဘာဖြစ်ခဲ့သလဲ ကိုပါ တွေးမိလိုက်ရင်း ...





"ဒါ ဘယ်နေရာလဲ .."

တစ်ယောက်တည်း မေးခွန်းထုတ်ရင်း အခန်းကျယ်ကြီးကို လှည့်ဝတ်ကြည့်မိသည်။

ထိုစဉ် အပြင်မှာ ဖုန်းပြောနေသည့် သခင် က ဘုံ သတိရနေတာကို လှည့်ကြည့်ပြီး ဖုန်းပြောရင်း အခန်းထဲ ပြန်ဝင်လာ၏။

သူ တံခါးပိတ်နေတုန်း ဘုံ က အနားရောက်လာကာ ...

"ဒါ ဘယ်နေရာလဲ သခင် .."

"ဟိုတယ်လ်လေ .."

"ဘာ!.. ပြောတယ် .."

ဘုံ စိတ်ရှိလက်ရှိအော်ကာ သူ့ရင်ဘတ်ကိုပါ တွန်းပစ်လိုက်ပြီး...

"မင်း ဘာလုပ်တာလဲ၊ ငါ့ကို ဘယ်လိုမိန်းမစား မှတ်နေလို့လဲဟင်"

"ကျွန်တော့်မိန်းမ .."

"မဟုတ်ဘူး .."

"ဘာလို့ မဟုတ်ရမှာလဲ၊ ခင်ဗျားကို ကုမ္ပဏီရော လူပါ သိမ်းထား လိုက်တာတောင် ခင်ဗျား ပြန်အမ်းရဖို့ ရှိသေးတယ် .."

"မင်း .. မင်းလောက် ညစ်ပတ်တာ ငါ မတွေ့ဖူးဘူး .."

"အခု တွေ့ဖူးသွားပြီလား ..၊ အဲဒါ ခင်ဗျား[illegible] ဟာကျွားပဲ"

ဖြစ်သွားပြန်ပြီ ယောကျ်ား..၊ ...ခစ်နေ့ကမှ သူပြောခဲ့တာ ဒီလို တာ။ ဘုံ သူ့ကို ဘာမှမပြောတော့ တံခါးရှေ့က သူ့ကိုယ်ကြီးကို ကိုက်ဖယ်ပစ်ကာ အပြင်ထွက်ဖို့ ကြိုးစား၏။

သခင် က အသာလေး ဆွဲဖက်ထားလိုက်ပြီး ...

"အဲဒီလိုလုပ်မှာတွေကို သိလို့ တမင် အိမ်မပြန်တာ .."

"မင်းနော် .. လွှတ်စမ်း .."

"စကားပြောမယ် .. ဒီည ဒီမှာပဲ အနားယူမယ်၊ ခေါင်းညိုက်မှ ...မှာ .."



www.burmeseclassic.com

www.burmeseclassic.com



"မညိတ်ဘူး .. မင်းကို ငါ သိပ်မုန်းတယ် သိလား၊ လူရမ်းကား.. လူညစ် ..''

"လိုချင်တာကို ရအောင်ယူပြလိုက်တာ လူရမ်းကား ဖြစ်သွားပြန်ပြီလား ..''

"ဟုတ်တယ် .. မင်းတတ်ထားတာတွေ အရည်အချင်းကောင်းတွေလို့ ထင်နေသလား ..''

"ကျွန်တော်လိုချင်တာ အရည်အချင်းတွေ မဟုတ်ဘူး .. ခင်ဖျားကိုပဲ ..''

"ဘယ်တော့မှ မရဘူးဆိုတာ မှတ်ထား ..''

"အဟွန်း ..''

သခင် က ရယ်လိုက်ပြီး အတင်းရုန်းနေသည့်လက်လေးတွေကိုပါ ဖိချုပ်ထားလိုက်ကာ ...

"ဘယ်လိုရင့်သီးတဲ့စကားတွေနဲ့ ငြင်းဦးမလဲ ဘုံ ..၊ ဟိုတစ်ချိန်က လွတ်မြောက်ခဲ့ပေမယ့် အခု မရတော့ဘူး၊ ဒီနေ့ ခင်ဖျားကို သိမ်းပိုက်နိုင်အောင် ကျွန်တော် ဘယ်လောက် အောင့်အည်း ကြိုးစားခဲ့ရသလဲ သိရဲ့လား ..''

"မလိုပါဘူး .. မင်း အသက်ထွက်အောင် ကြိုးစားလည်း ငါ အထင်ကြီးတာ ဒီလိုအရည်အချင်းမျိုးတွေ မဟုတ်ဘူး ..''

"ပြောပြပါဦး .. ဘယ်လိုအရည်အချင်းတွေလဲ၊ ခင်ဖျားကို အပြီးဆုံး အနိုင်ယူ သိမ်းပိုက်နိုင်ဖို့ ဘယ်လိုနည်းပဲသုံးသုံး အဲဒါ ကျွန်တော့်ရဲ့ ထူးချွန်ပြောင်မြောက်မှုပဲ၊ ခင်ဖျားနဲ့ပတ်သက်ပြီး ကျွန်တော် စွန့်လွှတ်ခဲ့တဲ့ ဝါသနာတွေ .. အမှုအကျင့်တွေ၊ ပြီးတော့ စိတ်မရှည်တတ်တဲ့ စောင့်ဆိုင်းလာခဲ့ရတဲ့အချိန်တွေ ..၊ အဲဒါတွေအတွက် ကျွန်တော် ဘာမှ ပြန်မရသင့်ဘူးလား ..''

သူ ဘုံ့ ပခုံးလေးနှစ်ဖက်ကို မချင့်မရဲ ဖိဆုပ်ထားမိကာ ...





"ဘုံ့ ကို ကျွန်တော် အရမ်းချစ်တယ် ..''

"ဟင့်အင်း ..''

သူ့မျက်နှာ ရှေ့တိုးလာတော့ ဘုံ ဘယ်လိုတိမ်းရှောင်ရမှန်း မသိ..

"ကျွန်တော်တို့ အကြင်လင်မယား ဖြစ်ခွင့် ရှိသေးတယ်မဟုတ်လား .. ကျွန်တော့်ကို လက်ခံမယ်ဆိုရင် .. ဘုံ့ ကို ကျွန်တော် ဘယ်လောက်ထိ မြတ်နိုးနေခဲ့သလဲ ဘုံ သိရမှာပါ၊ မနှိပ်စက်ပါနဲ့တော့ ဘုံ ရယ် .. ဒီ့ထက် ပိုခံစားရဦးမယ်ဆိုရင် ကျွန်တော် ရူးသွားနိုင်တယ် ..''

ဘုံ့ ကိုယ်လေးကို ထွေးပွေ့ထားရင်း မကြည်ဖြူပေမယ့် နမ်းချင်မိသည်။ ကြည်ဖြူဖို့ တောင်းပန်ရင်း အနမ်းတို့သည် တဖွဲဖွဲကနေ သည်းလာသည့် မိုးစက်တွေ လို ..၊ ပြီးတော့ ...

"ဒုက္ခပေးခဲ့တာတွေအတွက် 'မ' ကျေနပ်တဲ့အထိ ကျွန်တော် တောင်းပန်ပါတယ်၊ 'မ' ခံစားနေရတာတွေကို မကြည့်ရက် မမြင်ရက်ဘဲ ကွယ်ရာမှာ မောင် သက်ပြင်းတွေချည်း ချနေခဲ့ရတယ်၊ ရှိုက်ငိုနေတဲ့အချိန် ပြေးမချော့မိအောင် မမြင်ရ မကြားရတဲ့နေရာ ပြေးထွက်ပြီး လက်သီးဆုပ် မျိုသိပ်ထားရတယ် ..၊ အဲဒါ အမုန်းရန်ငြိုးတွေ ဘာမှမပါတဲ့ အချစ်သက်သက်နဲ့ပါ၊ 'မ' အထင်သေးတာကို မခံစားနိုင်လို့ ဒီအလုပ်တွေကို မလုပ်ချင်ပေမယ့် ပြီးဆုံးအောင် မောင် လုပ်ပစ်လိုက်တာ ..''

သူ့အခေါ်အဝေါ်တွေ ပြောင်းလဲသွားခဲ့သလို စကားသံနှင့် ပွေ့ပိုက်ထွေးယူခြင်းတွေပါ အားလုံး ပြောင်းလဲနေခဲ့ပြီး တောင်းပန်နေတာလည်း မပြီးဆုံးနိုင် ..။

အစတည်းက အမုန်းကြီး မုန်းနေခဲ့တဲ့သူတွေမှ မဟုတ်ဘဲ ..၊ မျက်ရည်တွေ မစဲချင်ပေမယ့် ဘုံ ခါးခါးသီးသီး ငြင်းဆန်နေခြင်းတွေတော့ အဆုံးသတ်သွားခဲ့၏။

သခင် က ဘုံ့ ဆံစလေးတွေကို ဖွပစ်လိုက် .. တယုတယ ပွေ့သိပ်ထားလိုက်နှင့် မြတ်နိုးမဝသလို နမ်းရှိုက်နေရင်း ...



www.burmeseclassic.com

"မောင့်စိတ်ခုတ်ဓာတ် အယူအဆတွေ အားလုံးကို 'မ' စိတ်ကြိုက် မောင် ပြုပြင်ပါ့မယ်၊ မောင့်ကြောင့် ငိုကြွေးရတာမျိုးလည်း နောက်ထပ် မရှိစေရဘူး၊ မောင့်အတွက် 'မ'ဆီက ပြန်ပေးရမှာ 'ချစ်တယ်'ဆိုတဲ့ စကားလေးပဲ .."

'မောင်'တွေချည်း တွင်တွင်သုံးကာ ပန်းသခင် ဆိုသည့် ဂျစ်ကန် ကန် ကောင်ဆိုးလေး၏ ကာရိုက်တာတွေပါ ပျောက်ဆုံးနေခဲ့၏။ ဒါ အမြဲတမ်းအတွက် ဖြစ်ပါ့မလား ..။

ဘုံ ကတော့ တိတ်ဆိတ်နေပေမယ့် ငွေးပူနေတုန်းပင် ..။ သူက ဘုံ့ မျက်နှာလေးကို လက်ဝါးနှစ်ဖက်ထဲမှာ တယုတယ မော့ယူလိုက်ပြီး—

"ပြန်ဖြေပေးပါ 'မ'ရယ် ..၊ 'မောင့်ကို ချစ်ဘယ်' လို့ .."

သူ ကြည့်နေကာမှ ဘုံ မျက်ဝန်းတွေကို မှိတ်ပစ်သည်။ မညာတတ် သည့်မျက်ဝန်းတွေထဲမှာ ဘုံ ကျေအေးချင်နေတာတွေကို သူ တွေ့သွား မှာ စိုးလို့ ..၊

ဒါပေမယ့် ဒေါသတွေပြယ်သည့်အခါ ရှက်စိတ်တွေ ဖြစ်လာခဲ့ လျက် ..၊ ဘုံ့ ရင်ခုန်သံတွေကလည်း အလိုက်မသိကြပေ ..။

သူ အနမ်းတွေကို ပန်းလိုခြွေချနေတာ ဒီက ကြည်ဖြူနေခဲ့ပြီးမှ ဘာလိုသေးလို့လဲ ..။

စက္ကန့်များစွာ တိတ်ကျသွားခဲ့သည့်အခန်းထဲမှာ ရင်ခုန်သံအကျယ် ဆုံးကို ရှာရခက်ပေမယ့် ကာယကံရှင်ကတော့ သိနေလိမ့်မည်။

"သိပ်ချစ်တယ် မောင်' လို့ ဖြေဖို့ကျတော့ ...၊

**ပရိသတ်အတွက်**

**ထာဝရ**



www.burmeseclassic.com